www.burmeseclassic.com

မဟိဒ္ဒိစာပေ

# ပြစ်မှု

မဂ္ဂဇင်း






Graphic; Soe Win Htun



စုပေါင်းတိုက်ဖျက်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်(စာမျက်နှာ - ၄၁)

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

# [illegible]

## မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ စန္ဒာညွန့် ပုံနှိပ်တိုက်၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၂၂၀)

### ကဗျာ ပြစ်မှု

နွဲ့ဦးမွန်(ကျုံ့ဒါး)၊ မောင်တည်တံ့(ယင်းတော်)၊ မောင်နီချို၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ ခိုင်လွန်း၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ မောင်လွမ်းရည်(ရွှေတောင်)၊ မောင်မိုးလှိုင်(သစ္စာမြေ)၊

### ကာတွန်း ပြစ်မှု

မြေဇာ၊ ရန်ကြီးအောင်၊ ဝမ်းစိုး(တောင်ငူ)၊ မိမန်းလေး(တောင်ငူ)၊ မြေရိုင်း၊ မြင့်သန်း(မင်္ဂလာဒုံ)၊ သခွတ်၊ စိုးလွင်အောင်။

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
[illegible] ———— ၂၃

### တစ်မျက်နှာ ပြစ်မှု

မောင်မိုးဦး၊ ငြိမ်းအောင်(သစ်လုပ်ငန်း)၊ ရှစ်ခွင်ကျော်(ဖောင်တော်သီ)၊ နှောင်းဟေမာန်(တောင်ငူ)။

### ဥပဒေ ပြစ်မှု

လူသတ်မှုနှင့် နစ်နာသူဟု ဆိုရာတွင်
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** ———— ၇၁

တရားဝင်လင်မယား ကွာရှင်းပြတ်ဆဲမှု ဆိုသည်မှာ
**ကေတီ-အောင်သိန်း၊** ———— ၁၆၇

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးအောလှိုင်** ———— ၁၃၈

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
**လေးဦးအောင်သိန်း** ———— ၂၆၈

BURMESE CLASSIC .com

### စာပေသုခုမ သတင်းလွှာ

သုခုမသတင်းလွှာ
**အမ်မက** ———— ၂၉

ပြစ်မှုစာအုပ်စင်
**ကာသစ်နီ** ———— ၂၈

www.burmeseclassic.com

www.burmeseclassic.com

26 NOV 2013

## ရသ ပြစ်မှု

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်
ကျော်မင်းနိုင် ———— ၄၈
အကြောင်းကံ မဆုံစည်းခဲ့သည်မို့
မြမြလှိုင် ———— ၅၆
ကိုဖိုးကြွားရဲ့ တစ်ခါတုန်းက ဆယ်လူလာ
ဝင်းသောင်(ရမည်းသင်း) ———— ၆၆
တစ်ခန်းရပ်ဇော်မြင့်
ဘာသက်ဆွေ ———— ၈၄
အဖေ(သို့မဟုတ်)လွတ်လပ်ရေး၏ ကြယ်တစ်ပွင့်
သားမြဝင် ———— ၁၀၄
ရှက်ဖျားခိုတဲ့ မိုးနှင်းစက်
သန်းထွန်း(ချောချော) ———— ၁၁၀
ရွှေဓမြော်
မောင်တော်ထိန် ———— ၁၆၀
ဒုရဲအုပ်ကျော်ဇောဟိန်းနှင့် ပန်းရန်ဆရာဇနီးသတ်မှု
သစ်ထူးအိမ် ———— ၁၇၀
မလိခမျက်ရည်
ခင်မောင်အေး(မန္တလေး) ———— ၁၉၈
မိစ္ဆာပြေးလမ်း
တာတေကြီး ———— ၂၀၆
အဖော်၏တန်ဖိုး
မိုးပန်းမွန်(ရာမည) ———— ၂၁၂
တစ္ဆေခြောက်တတ်သူနှင့် တစ္ဆေမကြောက်တတ်သူ
ဒါရိုက်တာမျိုးဇော်အောင် ———— ၂၂၀
မသိခြင်းဖြင့် ချစ်ခြင်းများစွာ
မောင်သာမာန်(ဧးကုန်း) ———— ၂၂၆
စိတ်ဆတ်ခက်ထန် ဒေါ်သမာန်
ဟန်သီဇင် ———— ၂၃၄
အချစ်ကြီးသူ၏ ကျိန်စာ
ခုံရှာအောင်စကြာ ———— ၂၃၈
ကျွန်တော့်လျှာလေး
ကောင်းစံဟိန်း(ဖန်နေဝန်း) ———— ၂၄၈
ဘဝဟောင်းက ရန်ကြွေး
ကျော်အေးရွှေ ———— ၂၅၆

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

မျက်မမြင်စာဆိုတော် ဟိုမား၏ ဟယ်လင်မိဖုရား ထရိုင်မြို့နှင့် လူ့ဘဝသရုပ်ဖော် ကဗျာရှည်နှစ်ပုဒ်
ညိုမင်းလွင်(မော်ကျွန်း) ———— ၈၃
မလေးရှား လူသတ်မှုကြီးတစ်မှု ဖော်ထုတ်ဖမ်းဆီး
ကေတီ-အောင်သိန်း ———— ၈၉
ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးတစ်ဦး
ပင်လယ်ရပ်ခြားတွင် ပြစ်မှုကျူးလွန်စဉ်
ကေတီ-အောင်သိန်း ———— ၁၀၉
မလေးရှားနိုင်ငံ နာမည်ကြီး ကားခိုးဂိုဏ်းကြီးဖော်ထုတ်
ကေတီ-အောင်သိန်း ———— ၁၂၇
ဝင်ရောက်ပစ်ခတ်မှု
မောင်ကောင်းယဉ် ———— ၁၂၇
နေ့ကျောင်းသား ညသူခိုး
ကေတီ-အောင်သိန်း ———— ၁၄၇
အမျိုးသားကြက်တောင်ရိုက် အားကစားသမားဟောင်းအား စိန်လက်စွပ်များ ခိုးမှုဖြင့် တရားစွဲ
လေးဝတီကျော် ———— ၁၈၂
နှစ်လေးဆယ်ကျော်အမှု ရောက်နှင်းနှစ်မြုပ်နေသည့်···
ဦးတိုး(တက္ကသိုလ) ———— ၁၈၄
၂၀၁၃၊ ဇန်နဝါရီမှ ဩဂုတ်လအထိ ရန်ကုန်မြို့ယာဉ်စည်းကမ်း
ကေတီ-အောင်သိန်း ———— ၁၈၇
ထူးထူးဆန်းဆန်း မလေးရှားနိုင်ငံမှ ပြန်ပေးဆွဲမှုတစ်ခု
ကေတီ-အောင်သိန်း ———— ၁၉၃
ကားမောင်းရင်း အိပ်ပျော်လို့ ရဲတပ်ဖွဲ့က ကူညီရ
မောင်ကောင်းယဉ် ———— ၂၆၆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


"SMS" ယာဉ်မောင်းတစ်ဦး ယာဉ်တိုက်မှုဖြစ်ပွား
**လေးဝတီကျော်** ——— ၂၁၇

မလေးရှား ရတနာသန်းကြွယ်သူဌေးသတ်မှု
**ကေတီ-အောင်သိန်း** ——— ၂၁၉

အိမ်ဖော်မလေးအား ညှဉ်းဆဲနှိပ်စက်မှုဖြင့် ထောင်ဒဏ် ၂၁ လ ကျခံခဲ့ရ
**ကေတီ-အောင်သိန်း** ——— ၂၂၃

ယူအက်စ်အေဂီတာလစ်၏ဇနီး လက်နက်မှုဖြင့် အရေးယူခံရဖွယ်ရှိ
**ညိုမင်းလွင်(မော်ကျွန်း)** ——— ၂၃၇

အကြမ်းဖက်သမားကို ငါးနှစ်ကြာမှဖမ်းမိ
**ဦးဦးသိန်း** ——— ၂၃၃

အဂတိလိုက်စားမှု ဥပဒေ
**ကေတီ-အောင်သိန်း** ——— ၂၄၁

အချို့မြို့ကြီးများတွင် သောင်းကျန်းနေသော မျောက်များနှင့် ကြွက်များ
**ဦးဦးသိန်း** ——— ၂၄၂

အမေရိကန် ပြည်တွင်းစစ်ပွဲမှ ရေကြောင်းတိုက်ပွဲ
**မောင်မောင်စန်းထွေး** ——— ၂၄၄


## နိုင်ငံရပ်ခြား ရသပြစ်မှု


အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
**လှမိုး(ပညာရေး)** ——— ၆၂



| | | |
|---|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - | စိုးဝင်းထွဏ်း |
| အတွင်းဖလင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - | တင်မိုးခိုင်။ |
| စာအုပ်ချုပ် | - | ရှုကီး(၁၁၄) လမ်း။ |
| အတွင်းပန်းချီ | - | ကေလတ်၊ KN၊ ပညတ်၊ အောင်နိုင်လတ်၊ သန့်ဇော်သစ်၊ ဖိုးအောင်၊ လှသစ်အောင်၊ စကျွဲ၊ စိုးလွင်အောင်။ |


## အခန်းဆက် ရသပြစ်မှု


ပလက်ဖောင်းမင်းသား(၁)
**ကျော်မြသန်း** ——— ၇၄

သွေးချောင်းကလျှံ(၅)
**မြဝတီ** ——— ၉၀

သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(၄)
**ဖိုးကျော** ——— ၁၁၈

အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၁)
**မောင်ရွှေစွန်** ——— ၁၂၈

ထောင်မှူးများ အလိုရှိသည်(၈၂)
**ဝဟိုစော** ——— ၁၄၀

အတိတ်အကြောင်း ဟောင်းသည်မရှိ(၇)
**မင်းဟိန်းထိပ်** ——— ၁၄၈

လူတိရစ္ဆာန်နဲ့ တိရစ္ဆာန်လူ(၁)
**ကျော်မင်းနိုင်** ——— ၁၈၈


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
**ဒေါက်တာ စောယုနွယ်** ——— ၂၈၂


## ဆောင်းပါး ပြစ်မှု


ပြစ်မှုဆိုင်ရာ ဆေးပညာ
**ဘသက်ဆွေ** ——— ၃၇

လွင့်ပျံလာခြင်းပုဒ်မ
**စိုးယဉ်ထွန်း** ——— ၃၉

အတတ်ပဟောဆရာဆိုတိုင်း ယုံသင့်မှယုံပါ
**ခင်မောင်ထွန်း(လမ်းမတော်)** ——— ၁၄၇


## မျက်နှာဖုံးဆောင်းပါး ပြစ်မှု


စုပေါင်းတိုက်ဖျက်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်
**ခံ့တော်မောင်ကောင်း** ——— ၄၁


www.burmeseclassic.com

www.burmeseclassic.com




"ဟာကွာ...
မင်းတို့ဟာက ပြောလေကဲလေ
ဒီဘူတာပဲ
ပြန်ဆိုက်တော့တာကိုး"
ကျော်မင်းနိုင် ------------ ၄၀



ဟား...ဟား...ဟုတ်ပါ့ဗျာ၊
မတူမတန်သလို ဆက်ဆံပြီး
ကျုပ်တို့ရဲ့ အချစ်ကို
လက်မခံတဲ့ မင်းကတော်လောင်းကြီးကို..."
မြမြလှိုင် ---------------- ၅၄



"သား...သားပါ မာမီ၊
မာမီက သားအသံတောင်
မမှတ်မိတော့ဘူးလားဗျာ၊
အဟင့်...အဟင့်...ဟင့်"
...အောင် (ရမည်းသင်း) ------------- ၆၆



...မြို့င်ရုံပြဇာတ်များကို
ပရိသတ်အကြိုက်တွေ့ပြီး
လက်ခံကြည့်ရှုလာသည့်အလျောက်
ပြဇာတ်ရုံတစ်ရုံ တိုးလာသည်။
...ပြုသန်း--------------- ၈၂


www.burmeseclassic.com

www.burmeseclassic.com





"တစ်ခါ သူ့အမေ လိုက်လာတယ်၊
အိမ်တံခါးဝက
ခြံစောင့်တွေကလည်း ဖွင့်မပေးဘူး။
ဗိုလ်ချုပ်အမေက..."
သားပြုံးဝင်း ------------- ၁၀၄






"ဘာဖြစ်လို့လဲ...
ဘာအစက်အခဲ ရှိလို့လဲ
အဆင်မပြေလို့လား
မပျော်လို့လား..."
သန်းထွန်း(ဂျေဂျေ) -------------- ၁၁၀


"ဘယ်ကမ္ဘာ့ရှမှာလဲဗျာ...
နည်းတောင် နည်းသေးတယ်။
ဒီအရက်မျိုး
နောက်တစ်လုံးလောက်မှ..."
မိုးကျော် ------------------ ၁၁၈


...စကားဆုံးသောအခါ
စားပွဲပေါ်တွင် တွေ့ရသော
ဓာတ်ငွေ့မီးခြစ်ကိုယူလျက်
အကျီအပေါ်အိတ်ထဲမှ...
မောင်ချေမွန် ------------------ ၁၂၈


www.burmeseclassic.com

www.burmeseclassic.com

“ကောင်းပြီ…
နောက်အပတ်ထဲမှာ
တောင်လေးလုံးစခန်းကနေ
ရဲဘက် ၁၀၀ ပို့ခိုင်းလိုက်မယ်”

**မဟိုဓော ------------------------ ၁၄၀**



“ယုမေက အခု
အပျိုဖြစ်နေပြီဆိုပေမဲ့
လင်ယူရမယ့်အရွယ်တော့
မဟုတ်သေးဘူး”

**မင်းယိန်းထိပ် ------------------------ ၁၄၈**



“ကဲ…ခု
အသုဘက သုံးရက်နဲ့တော့
ချလို့မရတော့ဘူး။
ဒီကျန်တဲ့နှစ်ရက်မှာ…”

**မောင်သာယိန် ------------------------ ၁၆၀**



“ယူဆတာဟာ ယူဆတာပဲ၊
အမှုမှန်ပေါ်ဖို့က
တို့ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်ပဲ၊
ဘယ့်နှယ်လဲ…ဖြစ်ပါ့မလား”

**ဆံထူးအိမ် ------------------------ ၁၇၀**



www.burmeseclassic.com

www.burmeseclassic.com



“ငထွန်းကြီးက
အရက်ဆိုင်လာပြီး
တစ်ပိုင်းတည်းနဲ့
နာမည်အပျက်ခံ မသောက်ဘူးကွ”

ကျော်မင်းနိုင် -------------- ၁၀၀



“အဖ...ထာဝရဘုရားသခင်
အစ်ကိုတစ်ယောက်
ဘေးမသီ ရန်မခဘဲ
အမြန်ကျန်းမာလာအောင်...”

ခင်မောင်အေး (မန္တလေး) ------------ ၁၄၈



“မလိုဘူး...အစ်ကို
ခေါင်းထဲ မထည့်ပါနဲ့။
အစ်ကိုလည်း နောက်တော့
နှင်းမှုတို့ကို မေ့သွားမှာပါ...”

တာတေကြီး---------------- ၂၀၆



“သူငယ်ချင်းတွေရဲ့
အိမ်ထောင်ရေးကိုကြည့်ပြီး
စိတ်ကုန်လွန်းလို့
တစ်ကိုယ်တည်း နေပါရစေ...”

မိုးပန်းမွှန် (ရှမည) ------------- ၂၁၂

www.burmeseclassic.com

www.burmeseclassic.com




- ကိုယ်ထင်ရာ ကိုယ်ပြော
ကိုယ်ပေါာတာ ကိုယ်အမှန်
ဝေဖန်လျှင် မကြိုက်ဘူး။
- ပညာရှိဘက်ကန်လို့
လက်မခံ သူ့အရှင်း
ပြင်းတဲ့ အရူး။



www.burmeseclassic.com

www.burmeseclassic.com

# လူသားထဲက လူသားငယ်တစ်ယောက်

ကြောက်တတ်ကြီး (မင်းဇော်)



- ဘဝကခါးတယ်
  အဖေ,အမေနဲ့ ခွဲခွာခဲ့ရတယ်
  ညီလေး,ညီမလေးတွေနဲ့ ကွဲကွာခဲ့ရတယ်
  စာသင်ကျောင်းခေါင်းလောင်းသံနဲ့ ကျောခိုင်းခဲ့ရတယ်
  ရွာဦးစေတီဆည်းလည်းသံနဲ့ ဝေးကွာခဲ့ရတယ်။
  စိုက်ခင်းရနံ့တွေနဲ့ စွန့်လွှတ်ခဲ့ရတယ်
  ကံကြမ္မာနတ်ဆိုးရဲ့စေညွှန်ရာ
  ကျွန်တော့်လျှောက်လမ်းတွေက မီးတောက်မီးလျှံ
  တကယ်ပါ
  မြေမြှုပ်မိုင်းနင်းမိခဲ့တဲ့ ခြေထောက်တွေလို
  လူသားဘဝက အစားထိုးလို့မရဘူး။

- ဒါ့ကြောင့်
  တောင်ဖြိုသူထဲလည်း မပါချင်
  တောပြုန်းစေသူထဲလည်း မပါချင်
  မြစ်တွေကောစေချင်သူထဲလည်း မပါချင်
  ကိုယ့်ဘဝပြည့်စုံဖို့အရေး
  လူတွေမျက်ရည်ချောင်းစီးရမယ့် လုပ်ရပ်မျိုးဆိုဝေးပေါ့။

- အသက်ရှင် ရှင်သန်ခြင်းတွေကို
  စမ်းချောင်းလေးတစ်ခုလို၊ တောအုပ်လေးတစ်ခုလို
  ငြိမ်းမြစွာစီးဆင်းအေးချမ်းချင်ပေမယ့်
  ကျွန်တော့်ရဲ့ဒီနေ့တွေဆိုတာ
  နလုံးသားကအမြှုထည် ကိုယ်ကအမြဲတမ်းသားကောင်
  လူယုတ်မာတစ်ယောက် မဖြစ်ချင်သလို
  သာမန်လူတစ်ယောက်ကိုလည်း
  ငွေတွေရှာမယ်၊ ထမင်းစားမယ်
  ပျော်မယ်ပါးမယ်၊ မေထုံမှီဝဲမယ်နဲ့ ဘဝကိုမညှာတာရက်ဘူး
  လူဆိုတာ
  သေသွားပြီးလို့ သမိုင်းကောင်းလေးမှ ကမ္ဘည်းမထိုးနိုင်ရင်
  သေခြင်းတရားဆိုတာကို စောင့်နေတာထက်
  ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်ရုံ။ ▪




www.burmeseclassic.com

www.burmeseclassic.com

# မျိုးချုပ်သူများ

ကျော်ကျွန်ဦး (ယင်းမှား)



- နေ့စဉ်ဘဝမှာ အများတွေကို
  မျိုချနေသူများ
  သူတစ်ပါးကို အများတွေနဲ့ဆက်ဆံ
  နံနက်မှလျှင် နေဝင်ချိန်တန်ပင်
  ကာယကံ ကိုယ်နဲ့ပြစ်မှား
  ဝစီကံ နှုတ်နဲ့ပြစ်မှား
  မနောကံ စိတ်နဲ့ပြစ်မှား
  ကိုယ့်အမှားကို မမြင်ကြ။

- နေ့စဉ်နဲ့အမျှ ရှသိုထို
  ကိုယ်အကြိုက်လိုက်လျောပို
  နှုတ်အကြိုက်လိုက်လျောပို
  စိတ်အကြိုက်လိုက်လျောပို
  ပြောဆိုဆက်ဆံ ကံဟာအလုပ်
  ကိုယ်နှုတ်နှလုံးသုံးပါး
  ကံအလုပ်များစွာနဲ့
  အများတွေနဲ့ နေထိုင်ရစ်
  မျိုချုပ်နေကြလူတွေ။ ∎



www.burmeseclassic.com

www.burmeseclassic.com

# နှုတ်ဆက်ပီတိ




- ယနေ့လား
မနက်ဖြန်လား
လား . . .
လားမှမသိ
သေမည့်ရက်တွေ။

- မြကွဲဗိန်စာရွက်များ
တလွှားလွှားကြွေသက်
ရက်
လ
နှစ်
အသစ်လွှင့်ကျန်
လောကခံများ
ရွှေလျှားဖြတ်သန်း
တို့လမ်းလျှောက်ဆဲ
အသက်တွေလည်း မငယ်တော့။

- အနိစ္စ
ဒုက္ခ
အနတ္တ
အတ္တလွဲမှား
တရားကတိ
ဘုရားသာ သိတော်မူပါသည်။

- ကံကြမ္မာအရိုက်အပုတ်
ကောက်သီးခြွေတုတ်ကို
နောက်ဆုတ်လို့ခံနိုင်ရိုးလား။

- ပီတိတစ်ခန်းရပ်
မျှဉ်းမတ်ဆွဲငင်
ပင်လယ်ထဲကရေ
မြေဆီမြေနှစ်
အချစ်သစ်သီး
မြည်းစမ်းနေကြ။

- ဘာတွေဖြစ်စေ
အပေါင်းကြွေကျ
အသစ်ဝေငှ
လောကစိမ်းစို
နှမျှိုလတ်ဆတ်
အနာဂတ်မှာ
ငါမြန်တဲ့အခါ
ကဗျာတစ်ပုဒ်
စာတစ်အုပ်နဲ့
နှုတ်ဆက်ပါရစေ
နှုတ်ဆက်ပါရစေတော့ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com




- ကားပေါ်မှာ
ရထားပေါ်မှာ
မှတ်တိုင်မှာ
ဘူတာရုံမှာ
လမ်းပေါ်မှာ
ဈေးထဲမှာ
လက်ဖက်ရည်ဆိုင်မှာ
—————မှာ
—————မှာ
—————မှာ။


- "ဟဲလို . . . ကြားလား
အေး . . . နှင်းအခုဘယ်မှာလဲ
ဝါလာခဲ့မယ်"
တိုင်းရေးပြည်ရေးကိစ္စ
စီးပွားရေး ကြီးပွားရေးကိစ္စ
သေရေးရှင်ရေးကိစ္စတွေထက်
အရေးကြီးတဲ့ ချေကြီးခွင်ကျယ်ကိစ္စ
လူကြားသူကြားမှာ
အမော်အကြွားတွေနဲ့
သူတို့အစား
အားနာလိုက်တာ ဟမ်းဖုန်းလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com


# စိတ်



- လူရဲ့
  ရှင်သန်နေဆဲကာလ
  အဟုတ်အမှန်
  ရုပ်နာမ်ပေါင်းခြုံ
  အာရုံနိမိတ်
  အဖြူရုပ်ကို
  "စိတ်"လို့ခေါ်တယ် မဟုတ်လား…။
- လူကို အကျဉ်းချုပ်ချုပ် အကျယ်ချုပ်ချုပ်
  (စိတ်ကိုတော့)
  မရဘူးကိုယ့်လူရေ…။
- စိတ်လေးနေဖို့ မလိုပါဘူး
  စိတ်တွေးနေဖို့ လိုအပ်တယ်…။
- နှိပ်ကွပ်ဖို့လည်း မရနိုင်
  စိတ်လွတ်လို့လည်း မလုနိုင်…။
- (အဲဒီ)စိတ်ထဲမှာ
  ယဉ်ကျေးတဲ့စရိုက်သာ
  အစဉ်တွေးထိုက်ပါရဲ့ကွယ်…။
- စိတ်ဆိုတာမျိုးက
  ကမ္ဘာလုံးကြီးလိုပဲလေ
  အမြဲတမ်း လည်နေပတ်နေ
  ရပ်တန့်နေတဲ့အရာမဟုတ်
  ဟိုနေရာ ဒီနေရာ ဟိုကိစ္စ ဒီကိစ္စ
  စကြဝဠာရွာအနှံ့
  (သူက) အကုန်ရောက်နိုင်တယ်…။
- ကဲ…လူမှာ
  စိတ်ကိုစိတ်နဲ့ ဆုံးမတတ်ရင်
  သိပ်ဝမ်းသာစရာကောင်း
  စိတ်ချမ်းသာစရာအကြောင်း
  (ထင်သာမြင်သာ)ရှိရှိ
  မင်္ဂလာအပေါင်းခညောင်းဖို့ရာ
  မျက်လုံးဝင်းပါရဲ့တိုက်ထဲမှာ
  နှလုံးသားရဲ့ဘဏ်တိုက်ထဲမှာ
  သိမ်းဆည်းသိုဝှက်ထားနိုင်စေ…။

www.burmeseclassic.com

# ဇာတ်ပေါင်းခန်း



- မီးရောင်ရွှေထင်၊ ကိုယ့်အမြင်ဖြင့်
လိုချင်မှုးမှုး။ ရသာထူးကို
ကြည်နူးတွယ်ဖက်၊ ဘယ်အတွက်ကြောင့်
တပ်မက်သူကို၊ အားကိုးလို့ကြ။

- ကိုယ့်ရွာဘုရား။ ကိုယ့်ရွာသားတို့
လေးစားမခင်၊ ဆွမ်းမတင်ဘဲ
ပန်းလျှင်ညိုးညို။ အနေမျိုးဖြင့်
မြတ်နိုးကင်းခဲ့၊ ကိုးကွယ်မဲ့ကြ။

- ရွာလွန်ရွက်တိုက်၊ ကျင့်စရိုက်ပျော်
ဒွေးတော်ခေါ်၍ အမေကျော်ကာ
လွမ်းမျှော်ဇာတ်ခင်း။ တသခြင်းဖြင့်
သိမ်ဖျင်းစိတ်ပုပ်၊ အကျင့်ယုတ်ကြ။

- သူခိုးလက်ထပ်၊ ဓားရိုးအပ်နှင့်
ထိုးဆပ်ပြီးကာ၊ ရည်ရွယ်ရာ၍
သေပါစိတ်ထား။ "ဝ" ကွက်ပြားကြောင့်
ပျက်ပြားမှုဟန်၊ အယူသန်ကြ။

- အားထားကိုးကွယ်၊ ကျင့်သွေဖည်၍
စိတ်ဝယ်မမှန်၊ တစ်ယူသန်နှင့်
မျိုးဟန်လွင့်ပျောက်၊ သစ္စာဖောက်သည့်
လောက်ထွက်အသား။ အဖြစ်ပြားဖို့
မှတ်သားသတိ၊ အစဉ်ရှိဟု
ငါ၏ဆုတောင်း။ ထပ်ကာလောင်းသည့်
ဇာတ်ပေါင်းခန်းလေး လှစေချင်။ ။



www.burmeseclassic.com

www.burmeseclassic.com




- နားက
  ကြားသမျှအလုပ်
  ခိုခြားစိတ်ခြာ သရုပ်ခွဲတယ်။

- ကမ္ဘာကြီးရဲ့အသံလှိုင်း
  လောကဝန်းကျင် တံတိုင်းအနှံ့
  လွှင့်ပျံ့လာသမျှ အသံဗလံ
  အမှန်အမှား
  တစ်နံတစ်လျား
  နားတံခါးဖွင့်ဝင်လာတယ်။

- နားမှန်သမျှ
  ကြားပြန်သမျှ
  မိုးလင်းကနေ မိုးချုပ်
  လူ့သရုပ်ဖော် ဘဝဂီတ
  သောတ,အာရုံ
  အသံစုံ ဗလံစုံ
  အလုံးစုံ သိုလှောင်ထားတဲ့နေရာ။

- တချို့အသံက မင်းသားဆန်တယ်။
  တချို့အသံက နင်းပြားဆန်တယ်။

- တချို့အသံက ဘုရှားဆန်တယ်။
  တချို့အသံက ဖြူပြာဆန်တယ်။

- တချို့အသံက မိုးမျှော်အသိဆန်တယ်။
  တချို့အသံက သူနိုးအဖော်ညှိဆန်တယ်။

- တချို့အသံက နဲ့သမားဆန်တယ်။
  တချို့အသံက ဖဲသမားဆန်တယ်။

- တချို့အသံက ပုဆိုးလှန်ဆန်တယ်။
  တချို့အသံက အဖိုးမတန်တာဆန်တယ်။

- တချို့အသံက ငါးခုံးမဆန်တယ်။
  တချို့အသံက ငတုံးငအဆန်တယ်။

- တချို့အသံက စိမ်းလန်းရေးဆန်တယ်။
  တချို့အသံက ငြိမ်းချမ်းဝေးဆန်တယ်။

- တချို့အသံက မလိုတမာဆိုးသွမ်းဆန်တယ်။
  တချို့အသံက အိုနာကျိုးကန်းဆန်တယ်။

- တချို့အသံက သူကောင်းမယားဆန်တယ်။
  တချို့အသံက သူတောင်းစားဆန်တယ်။

- တချို့အသံက ဓာတ်ပေးဓာတ်ယူဆန်တယ်။
  တချို့အသံက လာဘ်ပေးလာဘ်ယူဆန်တယ်။

- တချို့အသံက ကဗျာဆရာဆန်တယ်။
  တချို့အသံက အနာဂတ်ဆန်တယ်။

- နိဂုံးရုပ
  နားနဲ့အသံ
  အသံနဲ့နား
  ပြောသမျှစကားတွေ…
  လေလာအဖျားတွေ…
  မောဟာအမှားတွေ…
  ဒေါသဓားတွေ ပုတ်,တောင်းအပြည့်။

- တစ်ခါတစ်ရံများ
  လူတွေအကြား
  (ဖြစ်နိုင်ရင်လေ)
  ဆွံ့အ,နားမကြား နေချင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




ကာတွန်း ရှုံ့ကြီးအောင်..



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း မြေရိုင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## 'အရှေ့တောင်အာရှ သူ့ရဲ့ကောင်များ' တေးစီးရီးမိတ်ဆက်

ဆီးဂိမ်းဂုဏ်ဆောင်ရေး တေးသီချင်းတွေ ပေါင်းစည်းထားတဲ့ "အရှေ့တောင်အာရှ သူ့ရဲ့ကောင်းများ" တေးစီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲကို (၁၆ · ၉ · ၂၀၁၃)ရက်နေ့က Park Royal Hotel မှာ ကျင်းပခဲ့ပါတယ်။

အဲသည်တေးစီးရီးမှာ တေးသီချင်း ၁၅ ပုဒ်ပါဝင်ပြီး တေးသံရှင် ဇော်ဝင်းထွဋ်၊ စိုင်းစိုင်းခမ်းလှိုင်၊ နောနော်၊ ထွန်းထွန်း၊ ရဲလေး၊ သဒ္ဒါ၊ Snare၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ Nine-One၊ ဟက်ကက်၊ ကောင်းကောင်း၊ မြင့်မြတ်၊ သားသား၊ ရဲရင့်အောင်၊ သျှီး၊ ဇမ်နူး၊ စန္ဒီမြင့်လွင်၊ Jenny၊ အိမ့်ချစ်၊ သီရိဆွေ၊ Bobby Soxer၊ မိစန္ဒီ၊ အိုင်းရင်းဇင်မာမြင့်၊ မို့မို့လွင်၊ စချစ်ဇော်၊ နန်းသူဇာနဲ့ ဂီတမိတ်အဖွဲ့တို့ ပါဝင်သီဆိုထားကြပါတယ်။

## နန်းခင်ဇေယျာ သရုပ်ဆောင်လုပ်တော့မည်

မြန်မာအလှမယ် နန်းခင်ဇေယျာရဲ့ ပထမဆုံးပွဲဦးထွက် ဇာတ်ကားအဖြစ် ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူးမယ့် "အက်တိုးပစ် အပျိုစင်"ဇာတ်ကားမှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

အဲသည်ဇာတ်ကားဟာ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)ရဲ့ ဝတ္ထုဖြစ်ပြီး မင်းခိုက်စိုးစံက ဇာတ်ညွှန်းခွဲပေးထားပါတယ်။ အဓိကသရုပ်ဆောင်များအဖြစ် ခန့်စည်သူနဲ့ နန်းခင်ဇေယျာတို့က သရုပ်ဆောင်သွားကြမှာဖြစ်ပြီး တစ်ခုလပ်အမျိုးသမီးတွေရဲ့ဘဝကို အခြေခံထားတဲ့အကြောင်း သိရှိရပါတယ်။

## ကလေးမြို့မှာ တစ်ကိုယ်တော် ဖျော်ဖြေဦးမယ့် လားရှိုးသိန်းအောင်

အဆိုတော်ကြီး လားရှိုးသိန်းအောင်ရဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ချင်းပြည်နယ်၊ ကလေးမြို့မှာ စက်တင်ဘာလ လယ်ပိုင်းမှာ ကျင်းပပြုလုပ်ဖို့ စီစဉ်ထားတဲ့အကြောင်း သိရပါတယ်။

အဆိုတော်ကြီး လားရှိုးသိန်းအောင်ဟာ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိခဲ့ပြီးတဲ့နောက် ဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ ခုခါမှာတော့ ချင်းပြည်နယ်၊ ကလေးမြို့နဲ့ လားရှိုးမြို့တွေမှာ ဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ စီစဉ်ထားပါသတဲ့။ အဆိုတော်ကြီးဟာ မြန်မာနိုင်ငံကနေ နှစ်ပေါင်းလေးဆယ်ကျော် ထွက်ခွာသွားပြီးတဲ့နောက်မှာ မြန်မာနိုင်ငံကို ခေတ္တအလည်အပတ် ရောက်လာရာက သူ့ချစ်ဟဲ့ပရိသတ်ကြီးကို အနုပညာတွေနဲ့ အမှတ်တရ ဖြစ်စေခဲ့တာပါပဲ။

## သီတင်းကျွတ်လပြည့်နေ့နှင့် မေဆွိ၊ မေခလာ

တေးသံရှင် မေဆွိနဲ့ မေခလာတို့ရဲ့ ဖျော်ဖြေပွဲကို သီတင်းကျွတ်လပြည့်နေ့ ရောက်တဲ့အခါ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ကျင်းပြုလုပ်မယ်လို့ သိရှိရပါတယ်။

အဆိုပါ ဖျော်ဖြေပွဲမှာ အဆိုတော် မေဆွိနဲ့ မေခလာတို့ရဲ့ ထင်ရှားတဲ့ တေးသီချင်းတွေကို တစ်ဦးချင်း သီဆိုဖျော်ဖြေပေးသွားရုံမက ပွဲဖက်သီဆိုဖျော်ဖြေမှုတွေကို ပြုလုပ်သွားပါလိမ့်မယ်။ ဒါ့အပြင် အခြားအဆိုတော်တွေကလည်း ပါဝင်အားဖြည့်ပေးဦးမယ်လို့ သိရှိရပါတယ်။

## တေးသံရှင် ယုန်လေး 'လူဆိုးကြီးများနေ့' တေးစီးရီးမိတ်ဆက်

တေးသံရှင် ယုန်လေးရဲ့ "လူဆိုးကြီးများနေ့" တေးစီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲကို ၁၂ · ၉ · ၂၀၁၃ ရက်နေ့က စင်ထရယ်ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါပွဲမှာ တေးသံရှင်ယုန်လေး အပါအဝင် ဒါရိုက်တာ သီဟတင်နှင့် တေးသံရှင် ဘိုဘိုဟန်၊ စိန်ဝင်းထွန်း၊ ကိုဘိုစန်းတို့က အဆိုပါ တေးစီးရီးနဲ့ပတ်သက်ပြီး အမှတ်တရစကားတွေ ပြောကြား



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့ရုံမက စာနယ်ဇင်းတွေကိုပါ ပရိုဂျက်တာနဲ့ အကြီး MTV ကိုလည်း ပြသပေးခဲ့ပါတယ်။

ဒါ့အပြင် ဒေါ်စီးရီးထဲမှာ ယုန်လေးနဲ့အတူ ဘိုဘိုဟန်၊ စိန်ဝင်းထွန်း၊ Snare ၊ ရဲရက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ စေတန်၊ ဂျစ်တူး၊ ဒီဒီ၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ မိစန္ဒီတို့ ပါဝင်သီဆိုပေးထားတဲ့အကြောင်း သိရှိရပါတယ်။

---

## မြန်မာပြည်ရောက်လာဦးမည့် ထိုင်းနိုင်ငံက ဂီတအဖွဲ့

ထိုင်းနိုင်ငံက နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ Carabao နဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကို လာရောက်ပြီး ဖျော်ဖြေမယ်လို့ သိရပါတယ်။ Carabao အဖွဲ့ဟာ ADMA Media က စီစဉ်ကျင်းပမယ့် ဆီးဂိမ်းစ်အကြို လှူဒါန်းဖျော်ဖြေပွဲမှာ လာရောက်ဖျော်ဖြေကြမှာပါ။ အဆိုပါ ဖျော်ဖြေပွဲမှာ မြန်မာ့ရိုးရာ အားကစားနည်းတွေနဲ့ ရိုးရာတူရိယာတီးခတ်ဖျော်ဖြေမှုတွေကိုပါ ထည့်သွင်းတင်ဆက်သွားဖို့ စီစဉ်ထားပြီး စီးဂိမ်းစ်ပွဲတော်မှာ ပရိသတ်တွေ ပါဝင်အားပေးနိုင်တဲ့ ပုံစံတွေ အစီအစဉ်ကတင်ပြဖို့ အစီအစဉ်ရှိပါသတဲ့။

ထိုင်းနိုင်ငံရဲ့ နိုင်ငံကျော် Carabao အဖွဲ့ဟာ သူ့တို့ဂီတအဖွဲ့ ၁၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အဲသည်တုန်းက နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုတဲ့ တေးသီချင်း သီဆိုခဲ့တဲ့(၁၉၉၅ ခုနှစ်)အကြောင်း သိရှိရပါတယ်။

---

## မြန်မာအနုပညာရှင်လေးဦး ထိုင်းနိုင်ငံသို့ သွားရောက်ဖျော်ဖြေ

မြန်မာအနုပညာရှင် လေးဦးတို့သည် ထိုင်းနိုင်ငံရှိ Susawat 74 စာသင်ကျောင်း၌ ၅-၁၀-၂၀၁၃ တွင် သွားရောက်ဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ထိုင်းနိုင်ငံသို့ သွားရောက်ဖျော်ဖြေခဲ့ကြသော အနုပညာရှင်လေးဦးမှာ တေးသံရှင် R-ဇာနည်၊ ဗိုးကာ ဝိုင်းစုခိုင်သိန်းနှင့် ဖြူဖြူကျော်သိန်းတို့ ဖြစ်ကြသည်။ ၎င်းတို့သည် The Trees Band နှင့်အတူ သွားရောက်ဖျော်ဖြေကြခြင်းဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများအတွက် ရည်ရွယ်ကျင်းပသည့်ပွဲဖြစ်ကြောင်းလည်း သိရသည်။

---

## မျှော်စင်ကျွန်း၌ Iron Cross တီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲပြုလုပ်

ရန်ကုန်မြို့ မျှော်စင်ကျွန်း၌ Iron Cross တီးဝိုင်းအဖွဲ့မှ ၂၁-၉-၂၀၁၃ ရက်နေ့က ဖျော်ဖြေပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဖျော်ဖြေပွဲအတွက် လက်မှတ်များကို ကျပ် ၇၀၀၀/-နှုန်း သတ်မှတ်ထားပြီး ပင်တိုင်အဆိုတော်များဖြစ်ကြသည့် လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့၏ တစ်ဦးချင်းသီဆိုဖျော်ဖြေမှုများအပြင် အချင်းချင်း တွဲဖက်သီဆို ဖျော်ဖြေမှုများပါ ပါဝင်ကြောင်း သိရသည်။

---

## ပန်းချီဦးလွန်းကြွယ်၏ ရေဆေးပန်းချီအလှူပြပွဲ

ပန်းချီဦးလွန်းကြွယ်၏ စက်တင်ဘာလ ၇ ရက်မှ ၁၅ ရက်အထိ ပြုလုပ်ခဲ့သည့် ရေဆေးအလှူပန်းချီပြပွဲမှ ပန်းချီကားရောင်းရငွေ ကျပ် ၁၆၄ သိန်းကို ရန်ကုန် ကလေးဆေးရုံ၊ မြင်ဦးလွင် ကလေးပြုစုစောင့်ရှောက်ရေးဂေဟာနှင့် ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ ဦးလွန်းကြွယ်သည် ယမန်နှစ်ကလည်း ပန်းချီကားရောင်းရငွေများအား ရိပ်သာ၊ ဝိဝိတဒါန်သံ့ဃာဆေးရုံနှင့် ဆွံ့အနားမကြားကျောင်းများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။



■ အမဝေ (စုစည်းတင်ပြသည်)

www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်ခင်နှံ့ယဉ်း(နတ်မောက်)၏ မှုခင်းဖြစ်စဉ်များ(၂)

လူကြီး လူလတ်၊ လူငယ်များ သတိထားသင့်သော ဖြစ်ရပ်မှန်မှုခင်းဖြစ်စဉ်များကို စာရေးဆရာ မောင်မောင်ခင်နှံ့ယဉ်း(နတ်မောက်)သည် ဖြစ်မှုမှတ်တမ်း၊ မှုခင်းမှုအောင့်မှုခင်းနှင့် အခြားသော မှုခင်းဆိုင်ရာ စာနယ်ဇင်းများ၌ ရေးသားခဲ့ရာမှ စုစည်းထုတ်ဝေလိုက်သည်မှာ ယခုဆိုလျှင် အမှတ်(၂)သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အသွားသန့်ဖြင့် ကာလရောဂါ၊ ကိုယ်တွင်းနာ၏ ကုရာနတ္ထိဆေးမရှိပုံကို ဖော်ပြပေးရေးသားထားရာ လွန်စွာမှ ဆွဲဆောင်မှုရှိလှသည်။

ယခု ဤစာအုပ်၌ နှစ်သစ်ကူးရဲ့ ရှုသွပ်မှုဝေဒနာ၊ မင်းမင်းမြို့ မုန့်မုန့်ပြော၊ ဂုဏ်ယူပါတယ် မမြင့်၊ မာယာရှင်နှင့် ဂိုဏ်းစတား၊ မာယာဇကျုကွင်း၊ အလိုရမ္မက်ကြောင့် အနေမှုကင်းရတဲ့ သက်ကျားဖို၊ မဟုတ်သော်ရှိ ... ကို သိရှိရမည်ဖြစ်သည်၊ ... ပေါင်း ၁၆ ပုဒ်ပါဝင်သည်။ မှုခင်းသတင်းဖတ်သူများ ဖတ်လိုသူတို့အတွက် ပန်းနှီးသန့်စင်သစ်စာပေမှ ဖြန့်ချိပြီး တန်ဖိုး ၇၀၀/- ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ... ၏ ဆယ်ဘဝအမှန်

... ရှေမြက်တင်၏ ရှေ့သတ္တုကိုစုစည်းမှု ... ဤစာအုပ်နှင့်ပတ်သက်၍ ဆရာလယ်တွင်းသားတော် ... ကော်တော့ ... ၏ သဘာဝနှင့် ... ကိုလည်းကောင်း၊ မြို့ပြကိုး၏ သဘာဝနှင့် ... ၏ ခလောစရိုက်များကိုလည်းကောင်း ဆရာ ရဲမြက်တင်၏ ကျွမ်းကျင်စွာရေးဖွဲ့နိုင်သူဟု ဆိုကြ ... ဆရာပြင်မှုမောင်နိုင်မိုးကလည်း "ဤစာအုပ်၏ ...

တစ်ခုခုကို ကြိုက်သလိုလုပ်၍ ဖတ်ကြည့်လိုက်ပါ။ သင်ဖတ်ရှုလိုက်သောစာကြောင်းက သင့်ကို ထိုဝတ္ထုတစ်ပုဒ်လုံးပြီးဆုံးအောင် ဖတ်ရှုသွားချင်သည့်အထိ ဆွဲခေါ်သွားလိမ့်မည်ဟု ရေးသားထားသည်။

အဆိုပါ စာအုပ်တွင် ချိန်ခါမီရာသီပြောင်း၊ ဆယ်ဘဝအမှန်၊ ဘယ်မကြောက်ပြီမို့ တွေ့ပလေစေ၊ မှိုင်းမှုန်ပြာမို့ ချစ်သမ္မကို၊ ပယောဂဝေဒနာ၊ နောင်တသမား၊ ကြေလှည့်ငွေယိုင်၊ အဝိုး၊ မိုးမြည်သံ၊ ဦးကိုကြိုင် ပညာအပေးခံခြင်း၊ တိမ်လွှာဖုံးပါလို့ ... စသည့် ရသဝတ္ထုတို ၁၃ ပုဒ်ပါဝင်ပြီး ပန်းချီဆွေညီ၏ လက်ရာဖြင့် နိုင်ငံဂုဏ်ရည်စာပေတိုက်မှ တန်ဖိုး ၂၀၀၀/- ကျပ် သတ်မှတ်ကာ ထုတ်ဝေလိုက်သည်။

## ဆန်းထွန်း(စကု)၏ အရှက်နှင့် ကိုယ်ကျင့်သိက္ခာ

ဆရာသန်းထွန်း(စကု)၏ အတွေးအမြင်နှုသ ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်သည်။ လင်းယဉ်နှင့် ဗိုလ်အောင် ဆောင်းပါးမှအစပြု၍ အရှက်နှင့် ကိုယ်ကျင့်သိက္ခာအထိ ဆောင်းပါးပေါင်း ၂၇ ပုဒ်တိတိ ပါဝင်သည်။ အဆိုပါဆောင်းပါးများနှင့် ပတ်သက်၍ ဆရာ(ဦး)အောင်သင်းက "ဆောင်းပါးတွေအားလုံးကို ဖတ်ပြီးသောအခါတွင်မူကား စာချစ်ပေချစ်စိတ်ကြီးမားသော၊ တိုင်းချစ်ပြည်ချစ်စိတ်ကြီးမားသော သန်းထွန်း(စကု)အဖြစ် စာဖတ်ပရိသတ်၏ ရင်ဝယ် ကျန်ရစ်ခဲ့လိမ့်မည်။ ...ထို့ထက်မူကား စာပေသမား လူငယ်များအတွက် စာပေလောကတွင် အတုယူသင့်သော လူတစ်ယောက်"ဟူ၍ မိတ်ဆက်အမှာပါးထားပေသည်။

ဆရာသန်းထွန်း(စကု)သည် "မောင်ချစ်တီး ဒိုးစည်နှင့် စာပေဂီတဆောင်းပါးများ" စာအုပ်ကို ရေးသားထုတ်ဝေခဲ့ဖူးသည်။ ယခုစာအုပ်သည် အတွေးအမြင်အတွေးသစ်ကူးနယ်နှင့် ရှုရတာနာ စသည့် မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သည့် ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ ဆောင်းပါးတစ်ပုဒ်ချင်းဆိုသလိုပင် ... စာပေသမား လူငယ်လူရွယ်တို့အတွက် ... ကောင်းအောင် ဆွဲဆောင်နိုင်သည်။ စာရေးသူ၏ ...

www.burmeseclassic.com

နှစ်ပွဲ၊ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်စာပေ၏ ယဉ်ကျေးမှုတို့ကို မြတ်နိုးခြင်းများအား ဤစာအုပ်တွင် တွေ့ရှိရမည်ဖြစ်သည်။ နိုင်သစ်နီ၏ မျက်နှာဖုံးအပြင်အဆင်ဖြင့် ငွန်ပွင့်စာပေမှ တန်ဖိုး ၁၅၀၀ိ/- ကျပ်ဖြင့် ထုတ်ဝေလိုက်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

---

## လူရွှင်တော်ပိန်ပိန်၏ ရွှေအိုရောင် ပါဖောင်းမင့်များ

လူရွှင်တော်ပိန်ပိန်သည် တက္ကသိုလ်နယ်မြေအသိုင်းအဝိုင်းမှ ပေါက်ဖွားလာပြီး မိုးနတ်သူဇာအငြိမ့်တစ်ခေတ်ကို ထူထောင်သူများ၌ တစ်ဦးအပါအဝင်ဖြစ်သည်။ သရုပ်ဆောင်လောက၌ ဝင်ဆံ့သည်။ ဟာသမတ်ခံ ကြွယ်ဝသည်။ စာပေရေးသားခြင်းကို မွေ့လျော်သည်။ စာပေတည်းဖြတ်သည့် အယ်ဒီတာအလုပ်ကိုလည်း နားလည်သည်။ ထို့ကြောင့် စာတွေရေးခဲ့၏။ အယ်ဒီတာလည်း လုပ်ခဲ့၏။

သူသည် ဖြတ်သန်းမှုများစွာ ရှိခဲ့ရာ ထိုဖြတ်သန်းမှုများကို စာရေးခြင်းအတတ်ပညာဖြင့် ပီပြင်အောင် ဖော်ကျူးနိုင်ခဲ့၍ ယခုဆိုလျှင် သူ၏ "ရွှေအိုရောင် ပါဖောင်းမင့်"သည် စာဖတ်သူတို့ရှေ့မှောက်သို့ ရောက်လာခဲ့ပေပြီ။ ဤစာအုပ်တွင် သူဖြတ်သန်းရာ ကောက်ကြောင်းများကို ဆောင်းပါးသဖွယ်၊ ဝတ္ထုသဖွယ်၊ သရော်စာသဖွယ် ပုံစံဟည်ဆောက်ထားသည်မှာ ၁၇ ပုဒ်တိတိ ဖြစ်သည်။ တချို့ ပြုံးစရာ၊ တချို့ ဟားတိုက်ရယ်မောစရာ၊ တချို့ သံဝေဂရစရာ၊ တချို့ ဆင်ခြင်စရာတွေ…စသဖြင့် ကားချပ်တွေက စုံလှသည်။ အထူးသဖြင့် အရက်နှင့်၌ နစ်ခဲ့ဖူးသော သူ့ပုံရိပ်တို့ကို မညှာစတမ်းရေးခဲ့ခြင်းက နည်းနည်းနောနောသတ္တိမဟုတ်။ ချစ်သူတို့နှင့် လွဲခဲ့ရခြင်းများကလည်း ပြုံးစရာမှသည် ရင်နင့်စရာ။ မည်သို့ဆိုစေ…ဤစာအုပ်သည် ဆရာလူရွှင်တော်ပိန်ပိန်အတွက်တော့ မှတ်တိုင်ကောင်းတစ်ခုဟု ဆိုရမည်သာ ဖြစ်သည်။ ပန်းချီကိုကိုနိုင်၏ မျက်နှာဖုံးဖြင့် ဇင်ရတနာစာပေမှ တန်ဖိုး ၁၀၀၀ိ/- ကျပ် သတ်မှတ်ကာ ထုတ်ဝေခဲ့ပေပြီ။ ခံစားဖတ်ရှု နှိုက်မှုင်းလှည့်ပါကုန်။

## ဒေါက်တာခင်မောင်လတ်(ရွှေမြန်မာ)၏ မရိုးသားခြင်းအကြောင်း၏ ရိုးသားသော သစ္စာတရား

နိုင်ငံခြားစာရေးဆရာ Dan Ariely ၏ The (Honest) Truth about Dishonesty ကို မြန်မာမှုပြုထားခြင်းဖြစ်ပြီး အခန်း(၁၀)ခန်းဖြင့် ဖွဲ့စည်းထားသည်။

ဤစာအုပ်၌ မရိုးသားခြင်းက ဘာလို့သိပ်စိတ်ဝင်စားစရာ ကောင်းရတာလဲ၊ ဆင်ခြင်မှုပခာန ရာဇဝတ်မှုများ၏ ရိုးရှင်းသောပုံစံများကို စမ်းသပ်ခြင်း၊ အမှားပြင်ဖတ်တာဖြင့် ပျော်ရွှင်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ကိုယ့်အကြောင်းနှင့်ကိုယ် မသိမမြင်ကြခြင်း၊ ပင်ပန်းနေတဲ့အခါ ဘာလို့ ထင်ရာလုပ်ကြတာလဲ၊ ပစ္စည်းအတုတွေသုံးစွဲခြင်းဟာ ဘာကြောင့် ကျွန်တော်တို့တစ်တွေကို ပိုလိမ်ညာစေတာလဲ၊ ကိုယ့်ကိုယ်ကို လိမ်ညာကြခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် မရိုးသားမှု၊ လိမ်ညာခြင်း ကူးစက်ရောဂါ၊ ပူးပေါင်းလိမ်ညာမှုများ တစ်ကော်အကောင်းမြင်ခြင်း၏ နိဂုံး…စသည်တို့ ပါဝင်၏။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် မရိုးသားခြင်း၏ အကြောင်းရင်းခံများကိုလည်း ပြတ်ပြတ်ထင်ထင် သိမြင်လာနိုင်သကဲ့သို့ ရိုးသားသော သစ္စာတရားကိုလည်း သိသာလာလိမ့်မည်ဖြစ်သည်။ ဘာသာပြန်သူကလည်း သူ၏ အတတ်ပညာဖြင့် စာအုပ်အစမှ အဆုံးတိုင် ဆွဲခေါ်သွားပေလိမ့်မည်။ ဤစာအုပ်ကို မြတ်ပန်းရဂုံစာပေမှ တန်ဖိုး ၂၀၀၀ိ/- ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ကသစ်နီ

www.burmeseclassic.com




### ငယ်ကချစ်မို့ မမေ့သာ

ကဇော်သမား ဖိုးထောင်နှင့် သူကြီးသမီး အိတုံတို့ ...ည်းစား ဖြစ်နေကြပြီဆိုသော သတင်းက ကျုံကဒွတ် ...ရွာလုံးအတွက်တော့ ပြောမဆုံးပေါင်၊ တောသုံးထောင် ...ကြပေပြီ။

"အိတုံနှယ်အေး…ကြိုက်စရာရှာမှရှား တစ်ရွာလုံးက ...ကြလန့်နေရတဲ့ ကဇော်သမား ဖိုးထောင်ကိုမှ ကြိုက် ...သတို့"

"ဟုတ်ပါရဲ့။ အိတုံတို့များ တော်လှ၊ တော်လှနဲ့ ...မြင်းစီးထွက်တာပဲ"

"သူကြီးကတော်တော့ နှာနကို ပျားတုပ်ခံရတဲ့ကိန်းပဲ"

သည်လိုမျိုး မိန်းမသားဘက်က ကြိတ်မနိုင်ခဲမရ ...ကြသူတွေ ဆိုသည်မှာ တစ်ပုံတစ်ပင်။

ဆိုသို့ပင် ရွာစွန်ထန်းတောထဲမှာလည်း ကဇော်သမား ...ည်မှာ တီးတိုး တီးတိုး သဖန်းပိုးလုပ်နေကြခဲ့။

"တောက်…ဖိုးထောင်တို့များကွာ။ ကြက်ကန်းဆန်အိုး တိုးတဲ့ကိန်းပဲ"

"ဒါပေါ့ကွာ။ လုံထမ်းလာတာ မြင်ရ ကံထမ်းလာတာ မမြင်ရဆိုတာ"

"အားကျစရာကြီးပါလား ဖိုးထောင်ရာ"

+++ +++ +++

ထိုအချိန်မှာတော့ ကိုကာဋ္ဌ၏ ကောက်ရိုးပုံဝယ် ဖိုးထောင်နှင့် အိတုံတို့ ချိန်းတွေ့နေကြလေ၏။

"ကိုဖိုးထောင်…ထန်းရည်နဲ့ အိတုံ၊ အိတုံနဲ့ ထန်းရည် ဘယ်သူ့ကို ပိုချစ်လဲဟင်"

"ဟာ ··ဒါများ မေးနေစရာလိုသေးလို့လား အိတုံ ရယ်။ အိတုံကို ပိုပြီးချစ်တာပေါ့လို့"

"ဟုတ်ပြီ။ ဒါဆိုရင် ထန်းရည်ကို ဖြတ်လိုက်ပါနော် နော်လို့…"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ဒီလိုရှိတယ်လေ အိတ့်ရဲ့ ငယ်ကချစ် အနှစ် တစ်ရာ မမေ့သာဆိုတဲ့ စကားကို အိတ့်ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတာပေါ့။ အဲဒါ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အိတ့်ရယ်။ အိတ့်နဲ့ ကိုနီထောင်တို့က သမီးရည်းစားဖြစ်တာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်လေ။ ထန်းရည်ဆိုတာက ကိုဖိုးထောင် လူပျိုစဖြစ်ကတည်းက သောက်ခဲ့တာ မဟုတ်လား"

"အယ်..."

* * *

## ကြောက်တာကို ရှောက်ရှင်

တစ်ခါတုန်းက တောရွာတစ်ရွာရှိ ဘုန်းကြီးကျောင်းတွင် ဖြစ်၏။

တစ်နေ့သ၌ ကျောင်းသားတစ်ယောက်သည် အပြစ်တစ်ခု ကျူးလွန်မိသည့်အတွက် ဘုန်းတော်ကြီးက -

"ဟဲ့ကောင်...သာဆန်း။ မီကိုလာစမ်း။ မင်းလုပ်ထားတဲ့ အပြစ် မင်းသိတယ် မဟုတ်လား"

ဟု မေးလေ၏။

"သိ...သိပါတယ်ဘုရား"

"ဘာလဲ၊ မင်းက ငါ့ကိုမကြောက်လို့ လုပ်တာမဟုတ်လား"

"မ...မဟုတ်ရပါဘုရား"

"မင်းက ငါ့ကို မကြောက်ဘူးပေါ့။ ဟေ့ကောင်... သာအေး။ မင်း ငါ့ကို ကြောက်သလား။ မကြောက်ဘူးလား ပြောစမ်း"

"မကြောက်ပါဘူးဘုရား"

"ဟာ...ဒီကောင်ကွာ"

ပြောပြောဆိုဆိုနှင့် အပါးရှိ ကိုင်လုံး၌ ချိတ်ဆွဲထားသော ထားဝယ်ကြိမ်ကို လှမ်းလိုက်ရင်း...

"မင်းက ငါ့ကို မကြောက်ဘူးဆိုတော့ ဘယ်သူ့ကို ကြောက်လဲ...ပြော"

"တပည့်တော် ဒေါ်သာကြီးနဲ့ နှိက်နက်မယ့် လူမိုက်ကိုသာ ကြောက်တာပါဘုရား"

"ဟော..."

"ဘုန်းတော်ကြီးလည်း မိမိ လူမိုက်ဖြစ်တော့မည့် အရေးကို တွေးတောကာ ကြိမ်လုံးကို လှမ်းနေသည့်လက်အား ရုပ်လိုက်လေတော့သတည်း။

* * *

## ကိုယ့်စိတ်ကူးနဲ့ကိုယ်

အထက်တန်းကျကျ စားသောက်ဆိုင်၏ သီးသန့်အခန်း၌ မိတ်ဆွေသုံးယောက်တို့သည် ဝိုင်းဖွဲ့စားသောက်ရင်း ရောက်တတ်ရာရာ စကားစမြည် ပြောဆိုနေကြရာ အကြောင်းအရာတစ်ခုဆီသို့ ရောက်သွားလေ၏။ ထိုအကြောင်းအရာမှာ "အကယ်၍ ဆရာဝန်က ရင်းတို့အား နောက်ထပ် ခြောက်လ လောက်သာ အသက်ရှင်တော့မည်ဆိုပါက မည်သို့ပြုလုပ်ကြမည်နည်း" ဆိုခြင်းပင်။ ၎င်းတွင် ပထမလူက -

"ကျုပ်တော့ ကျုပ်ပိုင်ဆိုင်သမျှ ခြံတွေ၊ တိုက်တွေ၊ ကားတွေကို ရောင်းပစ်မယ်။ ရလာတဲ့ငွေတွေနဲ့ ခြောက်လ လောက်အတွင်း ကောင်းမေ့ဆိုတဲ့ ဟိုတယ်မှာတည်းမယ်။ ချောမေ့၊ လှမေ့ဆိုတဲ့ မိန်းမချောလေးတွေကို ချေးကြီးပေးခေါ်ပြီး အပြတ်ကို ကဲပစ်လိုက်မယ်ဗျာ"

ဟု ပြောလေ၏။ ၎င်းတွင် ဒုတိယလူက -

"ကျုပ်ကတော့ဗျာ။ နေရမယ့် ခြောက်လအတွင်းမှာ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမယ်။ ပြီးရင် ပိုင်ဆိုင်သမျှတွေကို အများအတွက် လှူဒါန်းပစ်ခဲ့မယ်ဗျာ"

ဟူ၍ပြောလေ၏။ ထိုအခါ နောက်ဆုံးတစ်ယောက်က

"ဆရာဝန်က ကျုပ်ကို နောက်ခြောက်လပဲ အသက်ရှင်ခွင့်ရှိတော့မယ်လို့ ပြောလာခဲ့ရင် ကျုပ် ခင်ဗျားတို့လို မလုပ်ဘူး။ ကျုပ်လုပ်မှာ ဘာလဲ သိရဲ့လား။ နောက်ဆရာဝန် တစ်ယောက်ကို ပြောင်းပြီး ဆေးကုသမှုခံယူမှာပေါ့"

ဟု ဆိုလိုက်လေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## နောက်ထပ်တစ်ခေါက် လာဦးမှာ

"ဘာဘူကြီးစိန်တိုက်"အတွင်းသို့ စုံတွဲတစ်တွဲ ဝင်ရောက်လာခဲ့သည်။

ထိုစုံတွဲသည် စိန်တိုက်အတွင်းရှိ မှန်ကေ့စ်များ၌ ခင်းကျင်းပြသထားသည့် အိုးတန် စိန်လည်ဆွဲ၊ စိန်လည်ဆွဲ၊ စိန်ဆံထိုး၊ စိန်လက်ကောက်၊ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်ဘယက်၊ စိန်သရဖူ အစရှိသည်တို့ကို လိုချင်တပ်မက်သော မျက်လုံးအစုံတို့ဖြင့် အငမ်းမရ ကြည့်ရှုနေကြလေ၏။ ထိုမြင်ကွင်းအား စိန်တိုက်ပိုင်ရှင် ဘာဘူကြီးသည် အကဲခတ်နေသည်။

စုံတွဲမှ အမျိုးသားသည် အဖော်အမျိုးသမီးအား တီးတိုးပြောဆိုကာ ၎င်းတွင်ပါလာသော သားရေအိတ်အား နှိုက်၍ တစ်စုံတစ်ခုကို ရှာဖွေလေသည်။ အတန်ကြာရှာဖွေပြီးနောက် စိတ်ပျက်သွားသောအသွင်ဖြင့် အဖော်အမျိုးသမီးအား ဖြည်းညင်းစွာ ခေါင်းကို ခါယမ်းပြလေ၏။ ဤတွင် အမျိုးသမီးသည် ဆိုင်ရှင်ဘာဘူကြီးအား အားတုံ့အားနာဟန်ဖြင့် ပြုံးပြလေသည်။ ဘာဘူကြီးလည်း…

"ကိစ္စမရှိပါဘူးဗျား၊ ခုတစ်ခေါက်အဆင်မပြေတော့လည်း နောက်တစ်ခေါက် အဆင်ပြေတော့ လာခဲ့ပေါ့။ ဟုတ်လား"

ဟု နှစ်သိမ့်စကားပြောလိုက်၏။ ဤတွင် အမျိုးသမီးလည်း -

"စိတ်ချပါ နောက်တစ်ခေါက် လာဖြစ်အောင် လာခဲ့ပါဦးမယ်။ ခုတစ်ခေါက် အဆင်မပြေတာက ကျွန်မအမျိုးသားရဲ့ ပစ္စတိုသေနတ် အိမ်မှာမေ့ကျန်ခဲ့လို့ပါ"

ဟု ဆိုလေရာ ဘာဘူကြီးလည်း မျက်လုံးပြူးသွားရလေသတည်း။

* * *

## သည်လိုဆိုတော့လည်း

ယာဉ်တိုက်မှုတစ်ခုအတွက် မျက်မြင်သက်သေတစ်ဦးဖြစ်သော ဦးဘာတူအား ရုံးတော်သို့ ဆင့်ခေါ်ခဲ့သည်။ ဦးဘာတူအား တရားလိုအကျိုးဆောင်ရှေ့နေက မေးခွန်းတစ်ခုကို စတင်မေးလေ၏။

"ဦးဘာတူရဲ့အသက်ဟာ ဘယ်လောက်ရှိပါပြီလဲ"

"ခုနစ်ဆယ့်ငါးနှစ် ရှိပါပြီ။ ဇာတာအရတော့ အသက်တစ်ရာ့နှစ်ဆယ်အထိ နေရလိမ့်ဦးမယ်"

အကျိုးဆောင်ရှေ့နေလည်း စိတ်ညစ်သွားလေ၏။ ထို့ကြောင့် အဆိုပါမေးခွန်းကိုပင် ထပ်မံ၍ မေးပြန်၏။ ဦးဘာတူကလည်း ကနဦးဖြေခဲ့သည့်အတိုင်းပင် ဖြေဆိုပြန်၏။ ထိုအခါ တရားသူကြီးလည်း မနေသာတော့။

"ဦးဘာတူ…သက်သေအနေနဲ့ မေးသလောက်ပဲကို ပဲ ဖြေပါ။ မလိုအပ်တာတွေ မဖြေပါနဲ့"

ဟူ၍ သတိပေးလေ၏။ ဦးဘာတူကား ကျေနပ်ဟန်မပြ။

ထိုအချက်ကို ရိပ်စားမိသော အကျိုးဆောင်ရှေ့နေလည်း တခ်ထုပ္ပတ္တိဉာဏ် ကြွယ်ဝစွာဖြင့် -

"ဇာတာအရ အသက်တစ်ရာ့နှစ်ဆယ်ထိအောင် နေရလိမ့်ဦးမယ့် ဦးဘာတူခင်ဗျား။ အခု ဦးဘာတူရဲ့အသက်ဟာ ဘယ်လောက်ရှိပါပြီလဲ"

ဟု မေးလိုက်ရာ သက်သေဦးဘာတူလည်း…

"ခုနစ်ဆယ့်ငါး"

ဟူ၍ တိုတိုတုတ်တုတ်ဖြင့် ဖြေဆိုလိုက်လေသတည်း။

* * *

## စဉ်းစားသာကြည့်ပါရော…

တရားရုံးသို့ အမှုတစ်မှု တက်လာ၏။

ထိုအမှုကား ယာဉ်တိုက်မှုဖြစ်၏။ လမ်းလျှောက်ထွက်လာသူတစ်ဦးအား ယာဉ်မောင်းက သူ၏ကားဖြင့် ပွတ်တိုက်သွားခြင်းဖြစ်ရာ ရုံးတော်၌ တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဖက်ရှေ့နေအကျိုးဆောင်များက လျှောက်လဲချက်ပေးကြလေ၏။

ဦးစွာ တရားခံယာဉ်မောင်း၏ရှေ့နေက လျှောက်လဲချက်ပေးလေ၏။

"တရားသူကြီးမင်းခင်ဗျား…အခုဖြစ်သွားခဲ့တဲ့ ယာဉ်တိုက်မှုမှာ တရားလိုဖြစ်တဲ့သူရဲ့ နမော်နမဲ့ လမ်းလျှောက်မှုကြောင့်သာ ဖြစ်သွားရခြင်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ အမှုသည်ဟာ ယာဉ်မောင်းလာတာ

www.burmeseclassic.com

ဖြင့် အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ ယာဉ်မောင်းအတွေ့အကြုံဟာ ကာလ ၂၀ ကျော် ကျော်ခဲ့ပြီမို့ သည်ယာဉ်တိုက်မှုမှာ ကျွန်တော့်အမှုသည်ရဲ့ ပေါ့ဆမှုကြောင့်ဆိုတာ လုံးဝမဟုတ်နိုင်ဘူးဆိုတာ တင်ပြလိုပါတယ်ခင်ဗျား"

ထိုသို့ တရားခံအကျိုးဆောင်ရှေ့နေက ရုံးတော်သို့ တင်ပြလျှောက်လဲပြီးသည့်နောက် တရားလိုအကျိုးဆောင် ရှေ့နေက -

"တရားသူကြီးမင်း . . . သည်လိုမျိုး နှစ်ကာလအရေအတွက်နဲ့ချိပြီး အတွေ့အကြုံတွေ ပြောကြစတမ်းသာဆိုရင် ကျွန်တော့်ရဲ့အမှုသည်ဟာ အခုဆိုရင် အသက် ၆၀ ရှိပါပြီ။ လမ်းလျှောက်သက်အနေနဲ့ဆိုရင် နှစ်ပေါင်း ၅၈ နှစ်တောင်ရှိခဲ့ပြီမို့ အခုလိုမျိုး ယာဉ်တိုက်မှုမှာ ဘယ်သူ့ရဲ့ပေါ့ဆမှုဖြစ်နိုင်တယ်ဆိုတာ စဉ်းစားပေးဖို့ရာ တင်ပြပါတယ်ခင်ဗျား"

ဟူ၍ ချေပလိုက်လေသတတ်။

* * *

## ဘာခက်တာမှတ်လို့

ကိုသီဟသည် စာဖတ်ဝါသနာထုံသူ ဖြစ်၏။

သည့်အတွက် စာအုပ်များစွာကို ဝယ်ယူဖတ်ရှုကာ စုဆောင်းထားသဖြင့် ကိုသီဟ၏ အိမ်ဂေဟာသည် စာကြည့်တိုက်ကလေးတစ်တိုက်နှင့်မခြား။ သည့်အတွက်လည်း သူကိုယ်သူ ဂုဏ်ယူလျက်ရှိပြီး စာမဖတ်သူပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်လိုစိတ်ဖြင့် သူ့ထံသို့ စာအုပ်စာတမ်းများ လာရောက်ငှားရမ်းပါက ကြည်ဖြူစွာ ငှားရမ်းလေ့ရှိ၏။

သို့ရာတွင် ငှားဖတ်သူတော်တော်များများသည် ငှားရမ်းသွားပြီးသည့်နောက် ပြန်လည်အပ်နှံခြင်းမပြုဘဲ အပျောက်ရိုက်သွားလေ့ရှိကြသည်။ ထိုအခါ အကြံဉာဏ်တစ်ခု ရလာပြီး သူ၏စာအုပ်တိုင်း၌ "ကိုသီဟ ပိုင်ဆိုင်သည်"ဟူသော စာတန်းအား ရာဘာတံဆိပ်လုပ်ကာ မင်ဖြင့် ထင်ရှားစွာရိုက်နှိပ်ထားလိုက်သည်။ သဘောကတော့ ဤစာအုပ်သည် ငှားသွားသူပိုင်သော စာအုပ်မဟုတ်။ ကာယကံရှင် ကိုသီဟသာ ပိုင်ဆိုသည့်သဘော။

သို့ပါသော်လည်း "ကိုသီဟ ပိုင်ဆိုင်သည်"ဆိုသော စာတန်းပါ စာအုပ်များအား ငှားရမ်းသွားသူတော်တော်များများပင် ပြန်လည်အပ်နှံခြင်းမပြုကြဘဲ အပျောက်ရိုက်သွားကြမြဲသာတည်။ သည့်အတွက် ရက်အတော်ကြာအောင် ခေါင်းခြောက်ခံစဉ်းစားရင်းမှ အကြံတစ်ခု ရလာကာ ထိုအကြံအတိုင်း အကောင်အထည်ဖော်ဆောင်လိုက်၏။

သူ့အကောင်အထည် ဖော်လိုက်သည်ကား "ကိုသီဟ ပိုင်ဆိုင်သည်"ဆိုသော စာတန်းကို ဖျက်လျက် စာတန်းအသစ်တစ်ခု ဖန်တီးလိုက်ခြင်းပင်။ ထိုသို့ အကောင်အထည်ဖော်လိုက်မှပင် စာအုပ်အပျောက်ရိုက်ခံရသည့်ဒဏ်မှ ကင်းလွတ်သွား၏။ ရိုက်နှိပ်ထားသော စာတန်းကား . . .

"ဤစာအုပ်သည် ပိုင်ရှင်ကိုသီဟထံမှ ခိုးယူထားခြင်းဖြစ်သည်"

ဟူသော စာတန်းကလေးပါတည်း။

* * *

## ကိုသာဆိုး

ကာလအတန်ကြာ မတွေ့ရသည်မှာ ကြာပြီဖြစ်သော မိတ်ဆွေနှစ်ယောက် မမျှော်လင့်ဘဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဆုံမိကြသည်။ သူတို့နှစ်ဦးစလုံးမှာ နိစ္စဓူဝ ရထားစီးကာ အလုပ်ခွင်ရှိရာ သွားလာနေကြသူများ ဖြစ်၏။

"ဘယ်လိုလဲ မိတ်ဆွေ၊ မတွေ့တာကြာပြီ။ အခြေအနေကောင်းရဲ့လား"

"ကံမကောင်းပါဘူးဗျာ။ ကံများ ဘယ်လောက်တောင်ဆိုးသလဲဆိုရင် သည်နေ့ လက်မှတ်မဝယ်ဘဲ ရထားစီးမိလို့ လက်မှတ်စစ်နဲ့တိုးပြီး ဒဏ်ငွေအရိုက်ခံလိုက်ရတယ်။ ခင်ဗျားကော"

"ကျွန်တော်က ခင်ဗျားထက် ကံဆိုးပါသော်ကော"

"ဟော ဗျာ . . . ကျွန်တော့်ထက်တောင် ကံဆိုးတယ်။ ဟုတ်စ။ ပြောစမ်းပါဦးဗျာ။ ဘယ်လိုများ ကံဆိုးသလဲဆိုတာ"


"ဘာဖြစ်လို့ဆို လက်မှတ်ဝယ်စီးကာမှ လက်မှတ်စစ်က တက်မလာဘူးဗျာ။ ဆိုးလိုက်တဲ့ကံ"

"ဩော် . . . ဖြစ်ရလေ"

မြို့မေတ္တာခံယူ၍

■ ကိုရွှေတောသား

www.burmeseclassic.com



# လက်ဖြောင့်သေနတ်သမား

မောင်မိုးဦး

အရက်သမား၊ လောင်းကစားသမား၊ ဆိုက်ကားသမား၊ ဘောလုံးသမား စသည်ဖြင့် အခေါ်အဝေါ်များ ရှိခဲ့သောကြောင့် ကျွန်တော့်ကိုလည်း အမည်တစ်ခုပေးမည်ဆိုလျှင် 'လက်ဖက်ရည်သမား' ဆိုသည့် အမည်နှင့်သာ လိုက်ဖက်ပေလိမ့်မည်။

ရေခဲမုန့်မကြိုက်၊ ဆိတ်သားမကြိုက်၊ ကြက်အသည်းအမြစ်မကြိုက်၊ ဘဲဥမကြိုက်၊ ထောပတ်မကြိုက်သော ကျွန်တော်သည် လက်ဖက်ရည်ကြိုက်သူတစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ယနေ့လည်း ကျွန်တော်ထိုင်နေကျဆိုင်တွင် ကျဆိမ့်တစ်ခွက်သောက်ရင်း ညကရေးထားသော ဝတ္ထုတိုလေးတစ်ပုဒ်ကို ပြန်ဖတ်နေစဉ် ကျွန်တော့်ညာဘက်ဘေးဝိုင်းမှ အသံတစ်သံက လမ်းပေါ်သို့ လွင့်စင်သွားခဲ့၏။

"ဟေ့ ... ကိုတင်ဦး ... လာ လက်ဖက်ရည်သောက်ရအောင်"

ကျွန်တော် သတိထားကြည့်လိုက်သောအခါ ကိုဝေဖင်နှင့် မနစ္စာတို့ လင်မယားနှစ်ယောက် ဖြစ်နေလေသည်။ မကြာခင် ကိုတင်ဦးဆိုသူက ဆိုင်အတွင်း ဝင်ရောက်လာသဖြင့် ကိုဝေဖင်က လက်ဖက်ရည်တစ်ခွက် ထပ်မှာလိုက်လေသည်။

သည်လိုနှင့် ၁၅ မိနစ်လောက်အကြာတွင် ကိုတင်ဦးဆိုသူက စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ပြီး အိတ်ထဲမှ ၁၀၀၀ တန်တစ်ရွက်ကို ထုတ်လိုက်၏။

"နေပါစေ ... ကိုတင်ဦး ကျွန်တော်ပေးပါ့မယ်"

"ရပါတယ် ... ကိုဝေဖင် ဒီက ပေးလိုက်ပါ့မယ်"

သူပေးမည် ကိုယ်ပေးမည်ဟု စကားဆိုရင်း ဖာတ်ပေါင်းသောအခါ ကိုတင်ဦးလက်ထဲက ၁၀၀၀တန်လေးက စားပွဲထိုးလက်ထဲသို့ ရောက်သွားလေတော့သည်။ ထို့အတူ ကိုဝေဖင်ကလည်း သူ့တစ်ထောင်တန်လေးကို အိတ်ထဲသို့ ပြန်ထည့်လိုက်၏။

ထို့နောက် ကိုတင်ဦးက ဆိုင်ထဲမှ ပြန်ထွက်သွားခဲ့၏။

ကျွန်တော် ထိုမြင်ကွင်းကိုကြည့်ပြီး မိမိနှင့်ဘာမျှမဆိုင်သော်လည်း စိတ်မသက်မသာ ဖြစ်သွားမိ၏။ "လက်ဖက်ရည်သောက်ပါ" ဟု အခေါ်ခံရသည့်လူက လက်ဖက်ရည်ဖိုး ရှင်းလိုက်ရသည်ကတော့ မဖြစ်သင့်ပေ။ လူတွေကိုလည်း ကျွန်တော်နားမလည်နိုင်အောင် ဖြစ်သွားမိသည်။


မကြာခင် ကိုဝေဖင်ဆိုသူက စားပွဲထိုးလေးကို လှမ်းခေါ်ပြီး စကားတစ်ခွန်း ပြောလိုက်လေသည်။

"ဟေ့ကောင် ... ချိတူး၊ ငါတို့လင်မယားနှစ်ယောက်ရဲ့ လက်ဖက်ရည်ဖိုးက ရှင်းပြီးသားနော်။ အခု ငါ့မိတ်ဆွေက သုံးခွက်စာ ရှင်းသွားတဲ့အတွက် မင်းတို့အပေါ်မှာ နှစ်ခွက်ဖိုး စွန်းသွားပြီ။ ညကျမှ တို့လင်မယားနှစ်ယောက် လာသောက်မယ်"

ကျွန်တော့်ရင်မှာ ပို၍နာကျင်ရပြန်သည်။ အဘယ်ကြောင့်မူ လက်ဖက်ရည်ဖိုးရှင်းသွားသော ကိုတင်ဦးမှာ ဆိုက်ကားသမားတစ်ယောက်ဖြစ်ပြီး ကိုဝေဖင်တို့လင်မယားမှာ စတိုးဆိုင်ပိုင်ရှင်များ ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

မောင်မိုးဦး

www.burmeseclassic.com



# သူနဲ့ကျွန်တော်

ငြိမ်းအောင်(သစ်လုပ်ငန်း)

စက်ရုံပြောင်းတော့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနှင့် ခွဲခွာသွားရသည်။ နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြသူများမို့ အလွန်သတိရ အောက်မေ့နေမိသည်။ ထိုအထဲတွင် ကျွန်တော် သတိအရဆုံး မိတ်ဆွေမှာ ကိုသန်းတင်ဆိုသူပင် ဖြစ်သည်။ သူနှင့်ကျွန်တော်မှာ စိတ်တူကိုယ်တူ ဝါသနာတူများ ဖြစ်ကြသည်။ ကျွန်တော်က စာရေးခြင်းကို ဝါသနာပါပြီး၊ သူက စာဖတ်ခြင်းကို ဝါသနာထုံသူမို့ ရေနှင့်ကြာပမာ အစဉ်လန်းဖြာ၍ နေလေသည်။ စက်ရုံတွင်း ဌာနချင်းမတူသော်လည်း နေ့လယ်ထမင်းစားချိန်ရောက်တိုင်း သူ့ရုံးခန်းသို့ ကျွန်တော် ထမင်းလာစားသည်။ သူချက်လာသော ဟင်းနှင့် ကျွန်တော်ဝယ်လာသော ဟင်းတို့ မျှဝေစားရသည့် အရသာကို ကျွန်တော့်တစ်သက် မေ့လို့မရပါ။

ငါးရှဉ့်ဆီပြန်ဟင်း အကြိုက်ချင်းတူ၍ ငါးရှဉ့်မြင်တိုင်း ကျွန်တော် သူ့ကို အမှတ်ရနေမိသည်။ သူသည် မြစ်ဝကျွန်းပေါ်သား ကရင်တိုင်းရင်းသား ဖြစ်သည်။ ရိုးသားပြီး ပွင့်လင်းသည်။ ကလေးဘဝက ချောင်းထဲတွင် ငါးရှဉ့်ဖမ်းခဲ့ပုံများကို အလွမ်းပြေ ပြန်ပြောတတ်၏။

နေ့လယ် ထမင်းစားချိန်ရောက်တော့ ကျွန်တော် ထမင်းဟင်းဝယ်ပြီး သူ့ရုံးခန်းသို့ လာခဲ့သည်။ ထုံးစံအတိုင်း သူ့စားပွဲပေါ်တွင် နှစ်ယောက်သား အားပါးတရ စားကြသည်။ မှတ်မှတ်ရရ ထိုနေ့က သူချက်လာသောဟင်းမှာ ငါးရှဉ့်ဆီပြန်ဟင်း ဖြစ်၏။

မဆလာနံ့သင်းသည့် ငါးရှဉ့်ဆီပြန်ဟင်း စပ်စပ်မှာ ဘူးညွန့်ဟင်းခါးလေးနှင့် လိုက်ဖက်လွန်းလှပါသည်။ ထမင်းကုန်ခါနီးပြီမို့ ဟင်းခွက်ထဲတွင် ကျန်ရှိသည့် ငါးရှဉ့်ဆီပြန်ဟင်း တစ်တုံးခပ်ပြီး အားရပါးရ ဝါးချလိုက်မိသည်။ ငါးရှဉ့်သား မဟုတ်ဘဲ ငါးရှဉ့်ခေါင်းဖြစ်၍နေသည်။ ငါးရှဉ့်ခေါင်းကို အရသာရှိရှိ ဖိမိခံဝါးနေစဉ် မာကျောချွန်မြသည့် အရာဝတ္ထုတစ်ခုကြောင့် ကမန်းကတန်း ထုတ်ကြည့်လိုက်တော့ ငါးမျှားချိတ်တစ်ချောင်း ဖြစ်၍နေသည်။

"ရော့ ... ရော့ ... ခနုဖြူသားကြီး ကိုသန်းတင်ရေ၊ ခင်ဗျား ငါးရှဉ့်ဟင်းထဲက ငါးမျှားချိတ်ကြီး"

"ဟင် ..."

ကိုသန်းတင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကျွန်တော့်အား အထိတ်တလန့် ကြည့်သည်။ ငါးမျှားချိတ်ကို စက္ကူလေးနှင့်လိပ်ကာ အံဆွဲထဲ သိမ်းထားလိုက်သည်။ မည်သို့ပင် ဖြစ်လင့်ကစား ကျွန်တော် သူနှင့် နေ့စဉ် ထမင်းအစား မပျက်ပါ။

◆

ကျွန်တော် သန်လျင်အမှတ်(၁၀) သစ်စက်ရောက်တော့ ကိုသန်းတင်နှင့် ဖုန်းအဆက်အသွယ် အမြဲလုပ်သည်။ လများကြာလာတော့ ဖုန်းဆက်တိုင်း သူ ဖုန်းမကိုင်တော့။ သူ့သားနှင့် သမီးများသာ ဖုန်းကိုင်သည်။ ကျွန်တော်မှုတိုင်း သူ့ထံ ဖုန်းဆက်မိသည့်အဖြစ်ကြောင့် အလိုလို အားနာနေမိသည်။

သံယောဇဉ်ကြီးလွန်းသည့် မိတ်ဆွေမို့ ကျွန်တော် သူ့ဆီ ဖုန်းအဆက် မပြတ်ပါ။

"ဟဲလို ... အစ်ကိုကြီး ကိုသန်းတင်လား"

"မဟုတ်ပါဘူး။ သူ့သား ဖိုးအောင်ပါ"

"ဪ ... အေး။ ဖိုးအောင်လေး မင်းအဖေ နေကောင်းလား"

"ဒီမှာဦးလေး ... အဖေ့ဆီ ဖုန်းခဏခဏ မဆက်နဲ့တော့။ အဖေ ကျန်းမာရေးမကောင်းလို့ ဖုန်းရောင်းလိုက်ရပြီ"

ကျွန်တော့်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ သူ့ခမျာ ကျန်းမာရေး မကောင်းလို့ ဖုန်းရောင်းပြီး ရောဂါကုနေပုံရသည်။

"နေ .. နေပါဦးကွယ်။ ဘာရောဂါလဲ သားရယ်"

"ဦးလေးကလည်း စပ်စုလိုက်တာဗျာ။ ဦးလေး ဖုန်းဆက်လည်း အလကားပဲ။ အဖေ ပြီးခဲ့တဲ့လကစပြီး နားမကြားတော့ဘူးခင်ဗျ ..."

"ဟိုက် ..."

လက်ထဲမှ ဟမ်းဖုန်းကို ကျွန်တော် ကမန်းကတန်း ပိတ်ပစ်လိုက်မိသည်။ ခုချိန်မှာတော့ သူနှင့်ကျွန်တော် ဖုန်းပင် အဆက်အသွယ် လုပ်လို့မရတော့သည့် အဖြစ်ကြောင့် ကျွန်တော် ယူကျုံးမရ ဝမ်းနည်းသွားမိသည်။

ငြိမ်းအောင်(သစ်လုပ်ငန်း)

www.burmeseclassic.com



# ငှက်ကလေ

ရှစ်ခွင်ကျော်-ဖောင်တော်သီ

''ငါ့အိမ်ငါ မသတ်နဲ့ပဲရေးရေး၊ နသတ်နဲ့ပဲရေးရေး ဘယ်ကောင်မှ မီး ကင်းလို့ မဖတ်ဘူး''

မြန်မာစာကို အဲလိုပေါ့ပျက်ပျက်နဲ့ ပြောတတ်တဲ့ ကတ်တီးကတ်ဖဲ့ လူမျိုးနဲ့ များတွေ့ရင် ကျုပ် လည်ပင်းညှစ်သတ် ချင်ပါတယ်။ အဲလောက်ကို အမြင်ကပ် တာပါ။ ကျုပ်မမြင်မတွေ့ချင်ပါဘူးဆို တဲ့ လူနဲ့မှ ထိပ်တိုက်တိုးတော့တာဗျို့။

ရယက ခေတ်ကပေါ့ဗျာ။

ကျုပ်အရင်နေတာက ဆိပ်ကြီး ခနောင်တိုမြို့နယ်ထဲမှာပါ။ နောက် ပြောင်းသွားတာက မှော်ဘီမြို့နယ်။ ပုံစံ (၁၀)ကတော့ မပြောင်းရသေးဘူး။ တစ် ခေါက်နဲ့လည်းမရ၊ နှစ်ခေါက်နဲ့လည်း အဆင်မပြေ။ သွားရလာရတာလည်း တကူးတကကြီးဆိုတော့ မသွားဖြစ်တော့ ဘူး။ ဒါပေမယ့် ... ကျုပ်မိသားစု သန်းခေါင်စာရင်းကတော့ ဆိပ်ကြီး ခနောင်တိုမှာပါပဲ။

အခု ကျုပ်သား အလုပ်ထောက် ခံစာက မူလနေခဲ့တဲ့နေရာမှာ လုပ်ရမှာ။ သန်းခေါင်စာရင်းက အဲဒီဆိပ်ကြီး ခနောင်တိုမြို့နယ်ထဲမှာပဲ ဖြစ်နေလို့ပါ။

ကျုပ်ထောက်ခံစာသွားလုပ်တဲ့ အချိန်မှာ ကျုပ်နဲ့ရင်းနှီးတဲ့ဥက္ကဋ္ဌ မဟုတ် တော့ဘူး။ နောက်တစ်ယောက်။ နာမည် က ဦးမောင်ဆွေတဲ့။ အရင်က အရပ်ထဲ အလုပ်မရှိ အကိုင်မရှိတဲ့ တစ်ရော့ကိုး တစ်ရော့တစ်ဆယ်လူ။

''ဘယ်ရပ်ကွက် ဘယ်လမ်းက လဲ''လို့ စမေးတယ်။ ကျုပ်ကလည်း အမှန်အတိုင်းပဲ ပြောလိုက်ပါတယ်။

''ကိုယ်နေတဲ့ မြို့နယ်၊ ကိုယ်နေ တဲ့ ရပ်ကွက်မှာ ပြန်လုပ်''

ကျုပ်စကားနဲ့ ကျုပ်ပြန်ချည်လို့ သန်းခေါင်စာရင်း မူရင်းထုတ်ပြလိုက် တယ်။ ရုံးမှာ မိတ္တူရှိနေတဲ့အကြောင်း လည်း ပြောပြလိုက်တယ်။ ဗိုင်တွေလှန် ရှာတယ်။ မတွေ့ဘူး။ အရင်လူ မလွှဲ သွားလို့ နေမှာပေါ့။

''ခင်ဗျား ကျုပ်ကို ဘာကောင် ထင်လဲ''

အဲဗျို့ အဲလို အစချီပြီး ရစ်တော့ တာ။ မြို့နယ်က ခန့်တာ၊ ဥက္ကဋ္ဌဆိုတာ တော်ရုံအရည်အချင်းနဲ့ လုပ်လို့ရတာ မဟုတ်ဘူး။ လာပြီးတော့ မလိမ်နဲ့၊ မပတ်နဲ့ဆိုလို့ ကျုပ်ထောင်းခနဲဒေါသ ထွက်သွားတယ်။ ပြန်အော်ပစ်ချင်တာ။ သူ့ဘက်က ''လာစော်ကားတာလား၊ အာဏာဖီဆန်တာလား''ဆိုရင် သေ ရော။ မလုပ်ဘူးမထင်နဲ့။ သူ့ဥက္ကဋ္ဌ ရာထူးလောက်ကို တိုင်းခရိုင် အာဏာ ပိုင်အကြီးအကဲတစ်ယောက်လို ထင် နေတဲ့လူ။

ကျုပ် သည်းခံလိုက်ပါတယ်။ အဓိက ထောက်ခံစာရဖို့ပဲမဟုတ်လား။ ညှော်စာရင်းတိုင်ရင် တစ်လသုံးကြိမ်။ တစ်ကြိမ်နှစ်ရာ။ ထောက်ခံစာ တစ် စောင် ငါးရာ။ ကျုပ် နားလည်ပါတယ်။ စကားမပြောချင်လို့ တစ်ထောင် သူ့ရှေ့ ချပေးလိုက်တယ်။

''ဘာလဲ ... ပိုက်ဆံပေးတိုင်း လက်ခံတဲ့ကောင် ထင်လား''

ကျုပ် နောက်တစ်ထောင် ချပေး လိုက်တယ်။

''ကျုပ် လက်မှတ်တစ်ချက်ကို တစ်ထောင်နှစ်ထောင်နဲ့ တန်ဖိုးဖြတ်တဲ့ ကောင် မဟုတ်ဘူး။ ခင်ဗျားလာရတဲ့ ခရီး အားနာလို့''

ဆိုတဲ့ပြီး ကမှန်းမသိ၊ ယမှန်း မသိတဲ့ ဆွဲခန့်စာရေးကို မေးငေါ့ပြ လိုက်တယ်။ ငနဲသားက ထောက်ခံ ကြောင်း ပဲပင်ပေါက်လို စာလုံးတွေနဲ့ ရေးချွတ်ပြီး ဥက္ကဋ္ဌကို လက်မှတ်ထိုးဖို့ ပေးလိုက်တယ်။

ပုံ ... မောင်ဆွေ

အဲဗျ ... ကိုယ့်အကြောင်းကိုယ် သိရင်လည်း ၃၂-လမ်းမှာ တံဆိပ်တုံး ဆိုင်တွေမှာ အောတိုက်လို့ လုပ်ထားပါ တော့လား။ ခုတော့ သူ့လက်ရေးနဲ့ မောင်ဆွေးတဲ့။ အင်း ... ရွေးကောက် ပွဲပြီးရင် ဆွေးရုံမဟုတ်ဘူး ပြတ်ကျမှာ။

ဥက္ကဋ္ဌ

ဟော ... လုပ်ချလိုက်ပြန်ပြီ၊ ဥက္ကဋ္ဌဆိုတာ တော်ရုံအရည်အချင်းနဲ့ လုပ်လို့မရဘူးဆိုတဲ့ စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးက အက္ခရာ 'ဥ' မှန်းမသိ 'ဌ' ဝမ်းဘဲမှန်းမသိ ဆော်ထည့်လိုက်ပြီ။


ညှော်စာရင်းမှာ၊ ထောက်ခံစာတွေ မှာ ငှက်တွေဘယ်နှကောင် ပျံထုတ်ပြီလဲ မသိ။

ရှစ်ခွင်ကျော်-ဖောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com



# စတုတ္ထမဏ္ဍိုင်

■ နှောင်းဟေမာန်(တောင်ငူ)

"နင် ငါ့ကို အထင်သေးသလို ဘာလိုလို မလုပ်နဲ့ မိန်းမ။ ငါတို့ရဲ့ မဏ္ဍိုင်က စတုတ္ထမဏ္ဍိုင်ကွ။ စတုတ္ထ မဏ္ဍိုင်သမားဖြစ်တဲ့ ငါ့ကိုလည်း လေး လေးစားစား ဆက်ဆံကွ"

စာရေးဆရာ ကိုဖောရှော ဇနီးဖြစ်တဲ့ မဒမ်ဖောရှောအရှေ့ လက်မထောင်ရင်း ပြောလိုက်တယ်။ ဒီမိန်းမက စာရေးဆရာရဲ့ မိန်းမသာ ပြောရတယ်။ စာပေနဲ့ပတ်သက်ရင် တကယ့် နလပိန်းတုံး မိန်းမ။ စာရေး ဆရာဖြစ်တဲ့ ကိုယ့်ယောကျ်ားကို တောင် အထင်မကြီးတဲ့ မိန်းမ။ ကိုယ် က သူ့လုပ်စာ ထိုင်စားနေရလို့သာ သည်းခံနေရတယ်။ နို့မဟုတ်လို့က နားရင်းတွေ ဘာတွေ ဘယ်ပြန်ညာ ပြန်ရိုက်ချလိုက်တယ်။

ဘာတဲ့ ဒီမိန်းမ ပြောပြောနေ တာ ...။

"ဝတ္ထုလေးတစ်ပုဒ်ပါဖို့ နှစ် ပေါက်အောင် စောင့်ရတာ။ ရတဲ့စာမူ ခက နှစ်ထောင်–သုံးထောင်။ ရှင့် စာရေးတဲ့ စာမူခသာ မျှော်ကိုးပြီး စားရလို့ကတော့လေ ... ကျုပ်ဖြင့် သေတာ ကြာလှပေါ့"

တဲ့။ ဒါ ... မဒမ်ဖောရှောရဲ့ အလွတ်ကျက်ထားတဲ့ လက်သုံး စကား။ ဘယ်လောက်ထိ အလွတ်ရ သလဲဆိုရင် အိပ်ရင်းနဲ့ ယောင်ရင် တောင် အဲဒါတွေပဲ ယောင်တတ်တဲ့ မိန်းမမျိုး။

"ဟ ... ငါတို့က ရေးခွင့်မရလို့ ကွ။ အခုကြည့် ... စာနယ်ဇင်းလွတ် လပ်ခွင့်ရသွားပြီ။ စာပေစိစစ်ရေးဆို တာလည်း မရှိတော့ဘူး။ ဒါတွေ နင်နားမလည်ပါဘူး မိန်းမရာ။ တိုင်း ပြည်တစ်ပြည်မှာ မဏ္ဍိုင်လေးခု ရှိတဲ့ အနက် ငါတို့ရဲ့မဏ္ဍိုင်က စတုတ္ထ မဏ္ဍိုင်ကွ"

မိန်းမကို စတုတ္ထမဏ္ဍိုင် တွင် တွင်ကြီးပြောနေရတာ အရသာရှိလိုက် တဲ့ ဖြစ်ခြင်း။ စာရေးဆရာဖြစ်လာတဲ့ နှစ်ပေါင်းနှစ်ဆယ်နီးပါး ဒီလိုစကား တွေ ပြောခွင့်မှ မကြုံခဲ့ရဘဲ။

မဒမ်ဖောရှော ဘာမှမပြောဘဲ မျက်စောင်းတခဲခဲလုပ်ရင်း မီးဖိုချောင် ထဲဝင်သွားတယ်။ စာရေးဆရာက တော့ အောင့်သက်သက်နဲ့ပေါ့ ...။ စတုတ္ထမဏ္ဍိုင်ဆိုတဲ့အကြောင်း အရ သာခံပြီး ပြောချင်သေးတာ။

"မိန်းမ ... နင် စတုတ္ထမဏ္ဍိုင် သားတစ်ယောက်ရဲ့ မိန်းမဖြစ်ခွင့်ရတာ အတိတ်ဘဝက ကုသိုလ်ကံကောင်းခဲ့ လို့ကွ"


မဒမ်ဖောရှော မီးဖိုချောင်ထဲ ကနေ ရေနွေးအိုးယူလာပြီး ကိုဖော ရှောထိုင်နေတဲ့ စားပွဲပေါ် ဆောင့်ချ လိုက်တယ်။

"စတုတ္ထမဏ္ဍိုင် ... စတုတ္ထ မဏ္ဍိုင်နဲ့ မပြောစမ်းပါနဲ့။ နားခါး လွန်းလို့။ တခြား မဏ္ဍိုင်သုံးခုလုံး ကျောထောက်နောက်ခံ ရှိတယ်။ မဏ္ဍိုင်သားတွေလည်း လစာရကြ တယ်။ ရှင်တို့ မဏ္ဍိုင်က ဘာကျော ထောက်နောက်ခံ ရှိလို့လဲ။ ကဲ ... ဘာလစာများရကြလို့လဲ ပြော"

မဒမ်ဖောရှော ခပ်ဆောင့်ဆောင့် ပြောလိုက်တဲ့ စကားကြောင့် ကိုဖော ရှော ဘာပြောရမှန်း ရုတ်တရက် မသိ တော့ ...။

နှောင်းဟေမာန်(တောင်ငူ)

www.burmeseclassic.com



# ပြစ်မှုဆိုင်ရာ ဆေးပညာ

ဘသက်ခွေ

ပြစ်မှုဆိုင်ရာ ဆေးပညာ (သို့ မဟုတ်) ဆေးသိပ္ပံဆိုင်ရာ ဥပဒေသိမှု ပညာသည် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးရာကဏ္ဍအတွက် ဆေးပညာရပ်ကို လက်တွေ့အသုံးချ ထုတ်ဖော်ပြသည့် သိပ္ပံပညာရပ်ဖြစ်သည်ဟု နားလည်လာကြသည်။ မျက်မှောက်ခေတ် တရားဥပဒေပညာရှင်များသည် မှုခင်းတစ်ရပ်၏ အမှန်တရားရှာဖွေမှုတွင်လည်းကောင်း မှုခင်းများကို ကြိုတင်ကာကွယ်တားဆီးရန်လည်းကောင်း ဆေးပညာရပ်ကို လေ့လာကြပေသည်။

ကနဦးက မှုခင်းတစ်ရပ်ပေါ် ဥပဒေနှင့် ဆေးပညာပေါင်းစည်းလေ့လာပြီး သမိုင်းကိုဖော်ထုတ်သူမှာ ဟစ်ပိုကရေးတစ် (ဘီစီ ၄၆၀) ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ဆေးပညာနှင့် ဥပဒေ ဆက်နွယ်မှုသဘောတရားကို တရားဝင်အသိအမှတ်ပြုခဲ့သော ပထမဆုံးသက်တမ်းမှာ (အေဒီ ၅၂၉) ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည်။ ယူစတေးနီး ယန်းကိုဒဥပဒေထဲတွင် ဆေးဘက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ များစွာပါဝင်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များတွင် ပါဝင်သော အချို့အချက်များမှာ ယနေ့ထိ ခိုင်မာ တည်မြဲလျက်ရှိသည်။ ဥပမာ–မှုခင်းတစ်ရပ်တွင် တရားသူကြီးတစ်ဦးက စီရင်ဆုံးဖြတ်ချက်ချမည်ဆိုလျှင် သက်ဆိုင်ရာ ဆေးပညာရှင်၏ နှုတ်ဖြင့် သက်သေခံချက်၊ ဆေးပညာအရတွေ့ရှိချက် အစီရင်ခံစာများကို ထည့်သွင်းစဉ်းစားရမည်ဆိုသော အချက်သည် ထိုကိုဒမှတစ်ဆင့် ဆင်းသက်လာသည်ဟု ဆိုနိုင်သည်။

၁၃၅၂ ခုနှစ်တွင် ဂျာမဏီ ကေရာ၆ ပဥ္စမမြောက် ချားလ်သည် အလားတူ ကိုဒဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ တရားစီရင်ရာတွင် ဆေးဘက်ဆိုင်ရာပညာရှင်များ၏ သက်သေခံချက်များကို ထည့်သွင်းစဉ်းစားမည်ဟု ဥပဒေဖြင့် ထုတ်ပြန်ခဲ့သည်။

၁၅၉၈ ခုနှစ်တွင် မိဒေလစ်ဆိုသော ပညာရှင်က ပထမဦးဆုံး စနစ်တကျပြုစုထားသည့် ဆေးသိပ္ပံဆိုင်ရာ ဥပဒေသိမှု ပညာစာအုပ်ကို အတွဲလေးတွဲဖြင့် ရေးသားထုတ်ပြန်ခဲ့သည်။ ဤစာအုပ်ကိုပင် အခြေခံ၍ ၁၆၂၀ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဒသမမြောက် အင်နိုးဆင့်၏ သားတော် ပေါ်လိုတာရှီးယက အတွဲငါးတွဲဖြင့် ပြင်ဆင်ဖြည့်စွက် ရေးသားခဲ့သည်။

၁၆၆၀ ပြည့်နှစ်တွင် ဂျာမဏီ လိုက်ပ်ဇစ်တက္ကသိုလ်တွင် ဒေါက်တာ မိုက်ကယ်လစ်က ပထမဆုံး စနစ်တကျ သင်ရိုးတစ်ရပ်ရေးဆွဲ၍ မှုခင်းဆိုင်ရာ ဆေးပညာဘာသာရပ်ကို ပို့ချခဲ့သည်။ ဤသို့ဖြင့် ၁၇ နှစ်ရာစုအတွင်း ဂျာမဏီတွင် မှုခင်းဆိုင်ရာ ဆေးပညာဌာနများ ပေါ်ပေါက်လာခဲ့ပြီး ယင်းဘာသာရပ်ဆိုင်ရာ စာပေများ ထုတ်ဝေကြတော့သည်။

ပြင်သစ်ပြည်တွင် ၁၇၆၉ ခုနှစ်၌ မိုဒီရေဆိုသော ပညာရှင်က ဂန္ထဝင်မြောက် မှုခင်းဆေးပညာစာအုပ်ကို ထုတ်ဝေရေးသားပြုစု၍ ပြင်သစ်တက္ကသိုလ်များတွင် ဘာသာတစ်ရပ်အဖြစ် ထည့်သွင်းပို့ချသော မဟာဌာနများ ပေါ်ပေါက်ခဲ့သည်။

အင်္ဂလန်တွင် ၁၈၁၆ ခုနှစ်၌ အီဒင်ဘာရာ ဆေးသိပ္ပံပါမောက္ခ ဒေါက်တာအင်ဒရူးကင်၏ ပို့ချချက်များကို ကိုးကား၍ ဒေါက်တာမောလ်သည် မှုခင်းဆေးပညာစာအုပ်ကို ရေးသားပြုစုထုတ်ဝေခဲ့ရာ ထိုစာအုပ်သည် ပထမဆုံး အင်္ဂလိပ်ဘာသာမှုရင်းစာအုပ် ဖြစ်လာသည်။ အင်္ဂလန် မှုခင်းဆေးသိပ္ပံဘာသာရပ်တွင် ဒေါက်တာဒန်းကင်း၏ ပို့ချချက်များသည် သမိုင်းဝင်ဖြစ်ပြီး အဓိကအခန်းက ပါဝင်ခဲ့သည်။ ဒေါက်တာကင်း၏ စမ်းဆောင်ချက်များကြောင့် ၁၈၈၇တွင်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်ဘုရင် တတိယမြောက် ဂျော့သည် တက္ကသိုလ်တွင် မွေးဖွားခြင်းဆိုင်ရာ ဆေးပညာ မဟာဌာနတစ်ခုဖွင့်စေ၍ ဒေါက်တာဒန်းကင်းအား ပညာရှင် ပါမောက္ခအဖြစ် ခန့်အပ်ထားခဲ့ပါသည်။

၁၈၃၁ ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ တော်ဝင်အသင်းကြီးက ဆေးသိပ္ပံနောက်ဆုံးနှစ် စာမေးပွဲကြီးများ တွင် မွေးခြင်းဆိုင်ရာ ဆေးပညာရပ်ကို သင်ရိုးတစ်ရပ်အဖြစ် ထည့်သွင်းဖြေဆိုခဲ့သည်။ ထို့ကြောင့် မွေးခြင်းဆိုင်ရာ ဆေးပညာသည် တရားစီရင်ရေးလောကတွင် အဓိက နေရာမှ ပါဝင်လာခဲ့တော့သည်။ မွေးခြင်းဆိုင်ရာဆေးပညာသည် မွေးခြင်းပြစ်မှု တစ်ရပ်ကို စစ်ဆေးစီရင်ရာတွင် အမှန်ဆုံးဖြတ်နိုင်ရေးအတွက် ပံ့ပိုးထောက်ကူပြုသော ဘာသာရပ်လည်း ဖြစ်သည်။ တရားဥပဒေနယ်ပယ်တွင် ဆေးပညာ၏ ထောက်ပံ့မှုသည် ကြီးမားသကဲ့သို့ ဆေးပညာနယ်ပယ်တွင်လည်း တရားဥပဒေသည် တစ်နည်းတစ်လမ်းအားဖြင့် ဆက်စပ်ပါဝင်နေရပြန်သည်။ တရားဥပဒေနှင့် ဆေးပညာကို ဆက်စပ်လေ့လာသောအခါ တွေ့ရှိရမည့် အပြန်အလှန်သဘောတရားကို မျက်မှောက်ခေတ်နယ်ပယ်တွင် ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။

ကမ္ဘာသိ ကျော်ကြားသော တရားဥပဒေပညာရှင် အော်လစ်ဗာဝန်အဲလ်ဟုမ်းက "ဥပဒေဆိုတာ လူသားတွေအတွက်သာမက လူ့လောကထဲမရောက်သေးတဲ့ လူသားတွေအတွက်လည်း ဖြစ်တယ်။ ဥပဒေနှင့် ဆေးပညာတွင် လူ့ယဉ်ကျေးမှုကို ပံ့သွင်းရာမှာ တစ်မျိုးစီအင်အားရှိတဲ့ စွမ်းအင်တွေဖြစ်တယ်။ တရားဥပဒေဟာ လူသားရဲ့စိတ်နဲ့ နီတိတရားကို လွှမ်းမိုးခြယ်လှယ်ပြီး ဆေးပညာကတော့ လူသားရဲ့ခန္ဓာကိုယ်နဲ့ ရုပ်ဖောက်ပြန်မှုကို ပြုပြင်ပေးတဲ့ စွမ်းအင်သာဖြစ်တယ်" ဟူ၍ ဖော်ပြခဲ့ပါသည်။

တရားဥပဒေသည် ဆေးပညာနှင့်တွဲဖက်၍ အမှန်တရားကို ဖိုင်းရှာပေးရုံမျှမက ဆေးပညာကြောင့် အမှုအခင်းအမှန်ပေါ်ပေါက်နိုင်သော သာဓကများလည်း ရှိခဲ့ပါသည်။ ရှေးဦးကာလများက တရားဥပဒေသည် ဆေးပညာကို လျစ်လျူရှုထားခဲ့ကြသော်လည်း ဆေးပညာ၏ တရားဥပဒေနယ်ပယ်၌ရှိသော အခန်းကဏ္ဍကိုမူ ခွဲခြားမထားပါ။

ဆေးပညာနှင့်ပတ်သက်၍ တရားဥပဒေပြဋ္ဌာန်းမှုသဘော်ကို အဦးအစ တွေ့ရသည့် အထောက်အထားမှာ ဘေဘီလုံးနီယန်းဘုရင် ဟာမူရာဘီ၏ နာမည်ကျော် 'ဟာမူရာဘီ ကိုဓဥပဒေကြီး'၌ ဖြစ်ပါသည်။ ဘီစီ၂၀၈၀ ခန့်က ပေါ်ပေါက်လာသော ယင်းကိုဓဥပဒေကြီး၌ ဆေးပညာနှင့်ပတ်သက်၍ တရားဥပဒေတစ်ရပ် ဤသို့ပြဋ္ဌာန်းပါရှိသည်။ "မည်သူမဆို ဆေးပညာရပ်ကို အသုံးပြု၍ အသက်ဝမ်းကျောင်းပြုနေသည် ဆိုငြားအံ့။ မိမိတာဝန်ယူ ကုသရသည့် လူနာ၏ အဆင့်အတန်းကိုလိုက်၍ ဆေးကုသငွေတောင်းခံရမည်။ မှားယွင်းကုသမှုကြောင့် နစ်နာသောလူနာအတွက် မိမိခန္ဓာကိုယ်ကို ပြန်လည်ပေးလျော်ခြင်းပြုရမည်" ဟူ၍ ဖော်ပြထားသည်။

ဆေးပညာရပ်ကိုအသုံးပြု၍ ကုသနိုင်ရန်အတွက် ခွင့်ပြုချက်အရ(လိုင်စင်ရ) သမားတော်များ အရည်အချင်းကို သတ်မှတ်ထားသေးသည်။ ဤသည်နှင့် ပတ်သက်သော တရားသဘောဆန်ဆန် ပြဋ္ဌာန်းချက်များကို ပါဆီး၏ အက်ဖစတာ တော်ဝင်မြင့်မြတ်သောကျမ်းတွင် ကနဦး တွေ့ရပါသည်။ ယင်းကျမ်းများအရ ဆေးပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် ရှေးဟောင်းပါရှန်နတ်တစ်ပါးဖြစ်သည့် မာဇဒါကို ကောင်းစွာ ကိုးကွယ်ရမည် ဖြစ်သည်ဟူ၍ ကန့်သတ်ထားသည်။ မာဇဒါသည် ဆေးပညာရပ်ဆိုင်ရာ နတ်တစ်ပါးဖြစ်ပြီး သူ့ကိုးကွယ်သော ပညာရှင်သည် လူအများရှေ့တွင် အခြားပြိုင်ဘက်များကို ကိုးကွယ်သော (သို့မဟုတ်) မကောင်းဆိုးဝါးနတ်ဝင်နေသောလူနာကို ခွဲစိတ်ကုသခြင်းဖြင့် သူ၏ဆေးကုသနိုင်မှု အတတ်ပညာစွမ်းရည်ကို ပြပါသည်။

ခရစ်ယာန်တို့၏ ဓမ္မဟောင်းကျမ်းတွင် တရားဥပဒေနှင့် ဆေးပညာတို့သည် ကျောချင်းကပ် အနေအထားရှိကြောင်း ဖော်ပြထားလေသည်။ ခရစ်စင်လင်တိက္ကကျမ်းတွင် သန့်ရှင်းမှုနှင့် မသန့်ရှင်းမှု၊ ကောင်းသော အစားအစာနှင့် မကောင်းသော အစားအစာ၊ ဓမ္မတာနှင့် ကလေးမွေးဖွားခြင်းကိစ္စ၊ ကူးစက်ရောဂါများ ကာကွယ်ရေး သဘာဝမကျသော လိင်ဆက်ဆံမှုအတွက် ပြစ်ဒဏ်များကို တရားဥပဒေသဖွယ် စည်းကမ်းချက်များဖြင့် ထိန်းသိမ်းရန် ဖော်ပြထားပါသည်။

ဟိန္ဒူတို့၏ ရှေးဟောင်း မနုဓမ္မသတ်ကျမ်းတွင်လည်း ကျမ်းမာရေးနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များကို တွေ့ရပါသည်။ စားရမည့် အစားအစာ အချိုးအစားများ၊ အမျိုးသမီးများ ဓမ္မတာလစဉ် တစ်ကိုယ်ရေသန့်ရှင်းအောင် ဆောင်ရွက်ရမည့်အချက်များ၊ ကလေးမွေးဖွားခြင်းကိစ္စများ စသည့် ဆေးဘက်ဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဖော်ပြထားပါသည်။


ဤသို့လျှင် ပြစ်မှုဆိုင်ရာ ဆေးပညာကဏ္ဍသည် လူ့သမိုင်းအစကတည်းက ဥပဒေတစ်ရပ်ပမာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါ၏။

ဘာသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



# လွင့်ပျံလာခြင်းပုဒ်မ

▲ စိုးယဉ်ထွန်း

"ကဲ···ကိုစာရေးဆရာ၊ ဘယ့်နယ်ရှိစ၊ ပြော···"

"ဘာအကြောင်းရှိလို့ မင်းက ငါ့ကို ဝိုသေသတပ်ပြီး ခေါ်လိုက်တာလဲ။ အခါတိုင်းလို ကိုရေ ယောက်ျားရေလို့ လုပ်ပါကွာ။ မင်းနဲ့ တန်းတူမြတ်နိုးတဲ့ စာရေးခြင်းကိစ္စကို မှန်တိုင်းအရိုပ်နိမိတ်နဲ့ ရေပြေးလေနီကြမ်းလာသလိုမျိုး မသုံးပါနဲ့"

ကျွန်တော့်မယားသီ (မဂ္ဂဇင်းမဟုတ်ပါ) မြင့်မြင့်ကြည်ကိုကြည့်ပြီး ရှေ့ပစ်ခတ်မှုများ ဖြစ်လာမည့် စကားလုံးများကို ကြိုတင်ကာကွယ်ရင်း စာရေးစားပွဲထိုင်ပြီး ရေးစရာအကြောင်းအရာတစ်ခုခုများ ရလေမလားလို့ တွေတွေငေးငေးနှင့် စဉ်းစား(ရှာနံ့သွင်း)နေရာမှ ထရပ်လိုက်သည်။

"ဝှစ်···"

"ရှင့်ကို စာအုပ်နဲ့ပေါက်တာ သိရဲ့လား"

ရင်ဘတ်ကို ထိ၍ မြည်အောင် မှန်လိုက်သည့် စာအုပ်ကို အောက်မကျမီ ဖမ်းယူလိုက်ပြီး···

"ပွင့်လင်းမြင်သာတော့ ရှိနေပါပြီကွာ။ ညွှန်းဆိုထုတ်ပြန်မှုကို မသိရဘူးလား"

ကျွန်တော့်ကို ခါးတစ်ဖက်ထောက်ပြီးပြောလိုက်သည့် ဟန်က ငယ်ငယ်တုန်းက ရည်းစားစကား လိုက်ပြောခါစမှာ ရန်တွေ့သည့်ဟန်မျိုးလေး ဖြစ်နေတော့ ကျွန်တော်၏ ခပ်ကျဲကျဲသွားတန်းကို အကုန်ပေါ်အောင် မျက်နှာကို ပြုံးထားလိုက်သည်။

"ရှင်က ငါစာရေးဆရာပဲဆိုပြီး ရှင့်စာရေးစားပွဲဘေးမှာရော၊ အိမ်ရဲ့ ဝါးထရံတွေမှာပါ စာရေးပြီးကပ်ထားတဲ့ စာမဖတ်သူ ပပျောက်ရေး၊ စာဖတ်သူ စာဖတ်ရမည်ဆိုတဲ့ဟာကို လိုက်နာကျင့်သုံးပြီး ကျုပ်ရော၊ တစ်အိမ်သားလုံးကပါ ရှင်ကိုယ်တိုင်ရေး စာရော၊ တခြားစာရေးဆရာတွေရေးတာကိုပါ ဖတ်တယ်လေ"

"အဟား···ကျေးဇူးတင်တာပေါ့ကွာ။ ငါ့မိန်းမက ငါ့ရဲ့ အမာခံစာဖတ်ပရိသတ်ပဲ။ အေး···စာပေဆိုတာ အဲဒီလို မခွဲခြားဘဲ ပုဂ္ဂိုလ်အနေအရင့်မရွေး ဖတ်ရမှာကွ။ စာတစ်လုံး၊ စာတစ်ကြောင်း၊ စာတစ်အုပ်ဖြစ်ဖို့ ရေးရတာလွယ်တာမဟုတ်ဘူး"

ကျွန်တော် ပြောလိုက်တာကိုများ စာရေးဆရာတွေ၊ စာရေးဆရာမတွေ၊ ရေးဖော်ရေးဘက်တွေ ကြားလျှင် လက်ဖက်ရည်တိုက်ကြပြီး၊ စီးကရက်တိုက်ကြမှာ။ ရပ်ကွက်ထဲက လူကြီးတစ်ပိုင်းဖြစ်တဲ့ ဦးပန်းလှတော့ မကြားစေချင်ဘူး။ သူ့ရောဂါနဲ့ စာပေနဲ့ မတည့်လို့ သေမှာစိုးလို့ပါ။

"ရှင်က အဟား၊ အဟက်လို့ မလုပ်ပါနဲ့။ ကျုပ်က စာရေးဆရာ ရှင့်ရဲ့ မိန်းမပါ။ ကျုပ်သိသင့်သလောက်သိပါတယ်။ အခု ခြေရင်းအိမ်က မြီးသီတာအေးမြမွှေးက ဝတ္ထုစာအုပ်ငှားပါဆိုလို့ ရှင်ယူလာတဲ့ စာရေးဆရာမ အသစ်ကလေးရေးတဲ့ ဝတ္ထုစာအုပ်ကို ပေးလိုက်တာ···"

ကျွန်တော့်မိန်းမ ပြောစကားကြောင့် ကိုင်ထားသည့် ဝတ္ထုစာအုပ်ကို ပြန်ကြည့်လိုက်တော့ စာရေးဆရာမရဲ့ ကလောင်အမည်က လှလှလေး။ ဒီပေ

www.burmeseclassic.com

www.burmeseclassic.com

မယ့် ငယ်ငယ်လား၊ ကြီးကြီးလား(ရှဲ့ဦး) တော့ မသိပါ။ ---စာပေမှ စင်တင် ကလောင်ရှင်၊ ---အုပ်မြောက်၊ ဝတ္ထု သစ်တဲ့။

"အေးလေကွာ။ ဒီစာရေးဆရာမ လေးရေးတာ ဇာတ်ရော၊ စကားလုံးရော အရေးအသားကောင်းလို့ ထွက်ပြီးတဲ့ စာအုပ်တောင် တော်တော်လေး များနေ ပြီပဲ"

"ဩော်...ဟုတ်လား။ ကျုပ်ကို ဖြိုးသီတာအေးမြွေးက ဆရာကတော် တဲ့၊ အမေက ဒီစာမျိုးရော၊ ဂျာနယ်တွေ ကိုပါ မဖတ်ရဘူးတဲ့။ ပြန်ပေးလိုက်ဆို လို့ ငိုပြီးလာပေးသွားလို့လေ။ အဲဒါရှင်"

"ဟေ..."

ကျွန်တော့်မိန်းမကိုယ်တိုင် ပြော လို့သာ၊ ဖြိုးသီတာအေးမြွေးက စာ အလွန်ဖတ်သည်။ ဒါပေမယ့် ခေတ်လွန် လိုက်တာ၊ အကုန်ဖော် မိန်းကလေးမျိုး ဖြစ်သည်။ ကျွန်တော်က သူ့ကို စာဖတ် သည့်အတွက်ကိုတော့ သဘောကျသည်။ သူ့အမေက စာမဖတ်ရဘူးဟုပြောသည့် အကြောင်းကိုတော့ သိရမှုဖြစ်မည်။

"အဲ...အဲဒါကို မိန်းမ၊ မင်း ဘယ်လိုသဘောပေါက်လဲကွာ"

"ကျုပ်သိသလောက် သဘော ပေါက်သလိုပြောရင် ရှင်က စာရေးဆရာ တွေထဲမှာ ဖွဦးမယ်၊ ဟုတ်တယ်ဟုတ်"

"ဟ...မိန်းမရဲ့ ငါက စာရေး ဆရာပါကွာ။ ဆယ်ကျော်သက် စွဲခန့် ဂျာနယ်သမားမှ မဟုတ်ဘဲ။ ဘာလို့ ဖွရမှာလဲ။ မင်းပြောတဲ့အဖြေကို နား ထောင်ပြီး စာရေးဆရာအချင်းချင်းတော့ ဆွေးနွေးရမှာပေါ့"

ကျွန်တော့်အပြောကို ရှင်းရှင်း လင်းလင်း သဘောမပေါက်မှန်းကို သိ လိုက်သည်။ ဒါကြောင့်...

"ကဲ...မိန်းမရေ၊ တို့လင်မယား စားပွဲမှာထိုင် ဆွေးနွေးရအောင်။ ညွှန် ကြားချက်အမိန့် တစ်စုံတစ်ရာ မပါဘူး နော်။ အလွတ်သဘောပေ့။ ဟုတ်လား"

မြင့်မြင့်ကြည်က ခေါင်းညိတ်ပြပြီး ကုလားထိုင်နဲ့နဲ့လေးကို ဆွဲပြီး ထိုင် လိုက်သည်။

"ရှင်က အဲဒီမှာပဲထိုင်။ ကျုပ်သိ သလိုနဲ့ သဘောပေါက်သလိုပဲ ပြော မယ်။ စကားလုံးမှားတာ၊ လွန်ကျွံတာ တွေပါရင် အင်တာနက်မတင်နဲ့နော်"

"ဟ...မိန်းမရယ်။ တို့က အိမ် တွင်းဆွေးနွေးမှုပါကွ။ ရဲရဲသာပြော"

"အင်း...ဒီလို ကိုရဲ့၊ ဒါတွေက ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာကို တော့ ကျွန်မ မပြောချင်ဘူး ယောကျ်ား ရေ..."

ကျွန်တော့်မိန်းမရဲ့ မှုရင်းလက်ကိုင် ကိုရေ၊ ယောကျ်ားရေလို့ စကားထဲမှာ ပြန်ပါလာတော့ အခြေအနေ ကောင်း ၏ပေ့။

"ဖြိုးသီတာအေးမြွေးက စားသုံး လေးတန်းပဲ တတ်တာ။ သူ့အမေ ဒေါ်တုတ်က စာမတတ်။ သားအမိနှစ် ယောက် ဈေးထဲမှာ ကုန်စိမ်းရောင်းပြီး သူများအိမ်ဘေးမှာ အဖီဆွဲနေရတာ။ စာတွေဖတ်ဖတ်ပြီး မိဆူးက ဇာတာ မစစ်၊ နေ့နံကိုက်မကိုက် မလိုဘဲ ဖြိုး သီတာအေးမြွေး ဖြစ်သွားတာရယ်၊ ဖြိုး...အဲ...မိဆူးဝတ်စားပုံတွေ ပြောင်းတာရယ်ကို ဒေါ်တုတ်က စာတွေ ဒီလောက်ဖတ်ပြီး ဖြစ်ရမလား။ စာအုပ် ထဲပါတာ ပြောစမ်းဆိုတော့ အဖေ့ကို ဒယ်ဒီ(ဒယ်)၊ အမေ့ကို မာမီ(မီ)လို့ ခေါ် တာ၊ မိန်းကလေးတွေ ဘီယာသောက် တာ၊ ဝတ္ထုထဲမှာ အင်္ဂလိပ်စာလုံးတွေ ညှပ်ရေးလို့ အဓိပ္ပာယ်မသိတာတွေကို ပြောပြတော့ ဒါဆိုရင် ဝတ္ထုမဖတ်နဲ့၊ ဂျာနယ်ပဲဖတ်၊ သတင်းတို့၊ အသိပေး တာတို့ ပါတယ်ပေ့"

"ဩော်...ဟုတ်လား။ အဲ... မိဆူး...ဟို ဖြိုးသီတာအေးမြွေးက ဆံပင်အရောင်ဆိုးတာ၊ အဝတ်အစား မလုံမလဲဖြစ်လာတော့ ဒေါ်တုတ်က ဟဲ့...နင်အရှက်မရှိဘူးလား။ အဆို တော်တွေ၊ သရုပ်ဆောင်တွေ၊ မော်ဒယ် တွေ မြန်မာလိုဝတ်စားထားတာယူခဲ့ဆို တော့ ဂျာနယ်တွေထဲမှာ မြန်မာဆိုတဲ့ မိန်းကလေးတွေ ပါတယ်။ ဒါပေမယ့် အဝတ်အစားတွေက ပေါ်ပေါ်ထင်ထင်၊ တိုတိုနံ့နံ့တွေဆိုတော့ ဒေါ်တုတ်က မိဆူးကို နင်ဒါတွေကြည့်ပြီး အတုယူ တာလား။ အဲဒါဆိုရင် ဒီနေ့ကစပြီး ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်တွေ မဖတ်ရဘူး ဆိုပြီး ရိုက်လို့ စာအုပ်ကို လာပြန်ပေး သွားတာနဲ့တူတယ်"

"ဟင်..."

ကျွန်တော် စာရေးဆရာပါ။ ဒေါ်တုတ်နဲ့ မိဆူး(ဖြိုးသီတာအေးမြ မွေး)တို့ သားအမိ ဖြစ်တဲ့ကိစ္စကို ဘယ် လိုဖြေရှင်းပေးရမှန်း မသိလို့ ကျွန်တော် စာရေးစားပွဲမှာကပ်ထားတဲ့ စာနဲ့ တဲ (အိမ်)ဝါးထရံမှာ ကပ်ထားတဲ့ စာတွေ ကို ဖြုတ်လိုက်ပါသည်။

**စိုးယဉ်ထွန်း**

www.burmeseclassic.com

# စုပေါင်းတိုက်ဖျက်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်

ခံတော်မောင်ကောင်း

ယနေ့ ကမ္ဘာပေါ်၌ လူသားတစ်မျိုးနွယ်လုံးကို ခြိမ်းခြောက်နေသည်မှာ အဘယ်အရာနည်း။

အချို့က နျူကလီးယား အပါအဝင် အဏုမြူလက်နက်များ၊ ဓာတုလက်နက်များ ကျယ်ပြန့်စွာ ထုတ်လုပ်နေခြင်းကို အကြောင်းပြသည်။ ဒါလည်း ငြင်းဆိုဖွယ်ရာ မရှိပါ။ ထို့ထက် ရှေ့တန်းရောက်နေသည်ကား မူးယစ်ဆေးဝါးပင် ဖြစ်ပါသည်။ ကမ္ဘာ့သမိုင်းကြောင်းကို လေ့လာကြည့်လျှင် မူးယစ်ဆေးဝါးသည် ခေတ်အဆက်ဆက်၌ တိုင်းပြည်နှင့် လူမျိုးတို့အပေါ် ဆိုးကျိုးနှင့် အနိဋ္ဌာရုံများကိုသာ ပေးခဲ့ကြောင်း ထင်ရှားစွာ မြင်နိုင်ပေသည်။

သာဓကအားဖြင့် လူဦးရေ များပြားပြီး စည်းလုံးညီညွတ်စွာဖြင့် စီးပွားရေး တိုးတက်ဖွံ့ဖြိုးခဲ့သော ရှေးခေတ်တရုတ်ပြည်အား နယ်ချဲ့အင်္ဂလိပ်တို့သည် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းကို နိုင်ငံ၏ စည်းရုံးမှု ဖြိုခွဲရေးလက်နက်အဖြစ် အသုံးချခဲ့သည်။ ဘိန်းစစ်ပွဲများဖြင့် တရုတ်လူမျိုးတို့၏ စာရိတ္တကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှုအားမာန်ကို ယိုယွင်းပျက်စီးစေခဲ့သည် မဟုတ်ပါလား။

မိမိတို့ မြန်မာနိုင်ငံကိုလည်း ပြန်လည်တိမ်းငဲ့ကြည့်ပါဦး။

တောင်ငူခေတ်တွင် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ထင်ရှားခဲ့သော တပင်ရွှေထီးမင်းသည် မူးယစ်ဆေးဝါးဖြစ်သော အရက်သေစာကို စွဲမက်ခဲ့သောကြောင့် အသက်ဆုံးရှုံးခဲ့ရသည်အထိ ဘဝဆိုးကျိုးကို တွေ့ကြုံခံစားခဲ့ရသည်။ ရှေးမြန်မာဘုရင်များလက်ထက်ကပင် မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် အနိဋ္ဌာရုံများကို နားလည်သိရှိသဘောပေါက်ခဲ့သောကြောင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အမိန့်တော်များကို ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြသည်။ ကျူးလွန်ဖောက်ဖျက်သူတို့ကိုလည်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှောင်း မန္တလေး(ရတနာပုံ)ခေတ်၊ မင်းတုန်းမင်းကြီးလက်ထက်တွင် ခရစ်နှစ် ၁၈၆၉ ခုနှစ်၌ 'ဘိန်းဘင်း၊ ကဇော်၊ လျှော်စာ၊ အရက်သေစာ'တို့ကို သောက်စားမူးယစ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန် ရှောင်ကြဉ်ရမည့် အမိန့်တော်' ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အမိန့်တော်တွင် . . .

"ပြည်သူပြည်သားတို့သည် ဘိန်းဘင်း၊ ကဇော်၊ လျှော်စာ၊ အရက်သေစာများကို သောက်စားမူးယစ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း မပြုလုပ်ရ။ အထူးသဖြင့် လူငယ်များသည် မူးယစ်ဆေးဝါးများ သုံးစွဲခြင်း လုံးဝမပြုလုပ်ရ။ ယင်းဥပဒေကို မလိုက်နာ ကျူးလွန်လျှင် ကြိမ်ဒဏ်နှင့် ထောင်ဒဏ်ကျရမည်"

ဟူ၍ သတ်မှတ်တားမြစ်ခဲ့သည်။

မှန်ပေသည်။ နိုင်ငံတော်၏ အင်အားစုတွင် လူငယ်တို့၏ အင်အားစုမှာ သုံးပုံ တစ်ပုံ ရှိနေပါသည်။ ထိုကဲ့သို့သော အင်အားစုကြီးဖြစ်သည့် ယနေ့လူငယ်အင်အားစုသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏ တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ရမည့် သွေးသစ်အင်အားစုလည်း ဖြစ်သည်။ ထိုသို့သော အရည်အသွေး

www.burmeseclassic.com

ရှိသည့် လူငယ်တို့တွင် ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စာရိတ္တ ကြံ့ခိုင်ရေးစွမ်းအား၊ စိတ်ဓာတ်စွမ်းအား စသည်တို့ ပြည့်စုံရန် လိုအပ်ပေသည်။

လူငယ်တို့၏ သဘောသဘာဝကား နိုးကြားတက်ကြွလွယ်၏။ အတုမြင် အတတ်သင်၏။ အတုယူလွယ်၏။ အရာရာကို သိချင်စိတ်ဖြင့် လေ့လာစူးစမ်းတတ်၏။ တိမ်းလွယ် ယိမ်းလွယ်၏။ သူငယ်ချင်း အပေါင်းအသင်းကို တွယ်တာတတ်၏။ ၎င်းတို့စိတ်ထဲ၌ Hero ဖြစ်နေသူကို အားကျနေတတ်၏။ Hero ၏ အမူအကျင့်တို့ကို အတုခိုးတတ်၏။ ပမာအားဖြင့် ရှင်သန်တက်ကြွနိုးထနေသော ရွက်သစ်၊ ရွက်နု၊ ပုရစ်ဖူးများအသွင် ရှိနေကြပေသည်။

မျက်မှောက်ခေတ်ကာလ၌ နိုင်ငံတော်မှ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါး အန္တရာယ်များကို ကာကွယ်တိုက်ဖျက် နှိမ်နင်းရေးကို ဝါယမစိုက်ကာ လုပ်ဆောင်လျက်ရှိ၏။ အထူးသဖြင့် လူငယ်ထုအတွင်းသို့ ဘိန်းဖြူနှင့် စိတ်ကြွဆေး စသော မူးယစ်ဆေးဝါး သုံးစွဲမှုများ စိမ့်ဝင်ပျံ့နှံ့နေမှု အန္တရာယ်သည် မျက်မှောက်ခေတ် လူငယ်လောက၏ အကြီးမားဆုံးသော အန္တရာယ်ဆိုးကြီးပင် ဖြစ်လေသည်။ နိုးကြားရှင်သန်တက်ကြွလျက်ရှိသော လူငယ်တို့သည် မျက်မှောက်ခေတ်၏ အန္တရာယ်ဆိုးတစ်ရပ်ဖြစ်သော မူးယစ်ဆေးဝါးကို ရှောင်ရှားကြရပေမည်။ မူးယစ်ဆေးဝါးသည် ကောင်းကျိုးပေးသည် မရှိ။ ဆိုးကျိုးကိုသာ ပေးမြဲဖြစ်၏။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှု ယိုယွင်းလာခဲ့၏။ ကာယစွမ်းအားများ ဆုတ်ယုတ်လာခဲ့၏။ ဉာဏစွမ်းအားများ လျော့ပါးခန်းခြောက်လာကြ၏။ လုံ့လဝီရိယဇွဲများ ဆိတ်သုဉ်းလာကြ၏။ လန်းဆန်းတက်ကြွရမည့်အစား တွေဝေမှိန်းမောလာခဲ့၏။

ထိုသို့ ဆိုးကျိုးအထွေထွေကိုသာ ပေးတတ်သည့်အတွက် မူးယစ်ဆေးဝါး မသုံးစွဲမိရန်အတွက်လည်းကောင်း၊ မသုံးစွဲကြရန်အတွက်လည်းကောင်း နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်စည်းရုံး ဆောင်ရွက်လျက်ရှိပေသည်။ မူးယစ်ဆေးဝါးကို လူသားအားလုံး၊ လူငယ်ထုအားလုံး ရှောင်ရှားကြစေရန် 'ရှောင်လေဝေးဝေး မူးယစ်ဆေး' ဟူ၍လည်းကောင်း၊ 'မူးယစ်ဆေးဝါး တို့ရှောင်ရှား' ဟူ၍လည်းကောင်း ဆောင်ပုဒ်များဖြင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူငယ်တို့ ကွင်းရှောင်နိုင်ရေး၊ ကင်းဝေးစေရန် လှုံ့ဆော်ပညာပေး စည်းရုံးဆောင်ရွက်လျက် ရှိပေသည်။ လူငယ်ထုနယ်ပယ်များဖြစ်သော အမြို့မြို့ အနယ်နယ်ရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး အဖွဲ့များ ဖွဲ့စည်း၍ ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်နေကြသည်။ ဥပဒေဖြင့်လည်း အရေးယူ ဆောင်ရွက်နေပေသည်။

ဤ၌(၁-၉-၂၀၁၃)ရက်နေ့ထုတ် Daily Eleven သတင်းစာပါ သတင်းတစ်ပုဒ်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ် စီမံကိန်း မအောင်မြင်သဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် တားဆီးမည်" ဟု ခေါင်းစဉ်တပ်ထားသည်။

သတင်းကို ဖတ်ရှုကြည့်လိုက်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး ၁၅ နှစ် စီမံကိန်းချပြီး တားဆီးနှိမ်နင်း ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်သည့် နောက်ထပ် ငါးနှစ်စီမံချက်ဖြင့် တားဆီးနှိမ်နင်းမှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန် အနောက် မူးယစ်(အထူး)ဖွဲ့၏ ကြီးကြပ်သူအရာရှိ ဒုရဲမှူးခင်မောင်သိန်းက ဆိုသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သည့် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်ကာ တားဆီးနှိမ်နင်းမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စီမံကိန်းကာလ ပြည့်မည်ဖြစ်သော်လည်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအပိုင်းတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သိရသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ၁၅ နှစ် စီမံကိန်းချကာ ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်သည့်အတွက် လက်ရှိတွင် ပြည်သူလူထု ပူးပေါင်းပါဝင်သည့်

www.burmeseclassic.com

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံချက်များဖြင့် နောက်ထပ်စီမံကိန်းကာလ ငါးနှစ်ထပ်တိုးကာ တားဆီးနှိမ်နင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးမှာ သတင်းရရှိဖို့က အသက်ပင် ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ပြုလုပ်နေတဲ့ သတင်းရရှိမှ တားဆီးနှိမ်နင်းမှုက အောင်မြင်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေပါတဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ၁၅ နှစ် စီမံကိန်းက မအောင်မြင်ခဲ့ဘူး။ မူးယစ်ဆေးဝါး သတင်းတွေကို အနီးကပ် ရရှိနိုင်တာကတော့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ ပြည်သူလူထုက ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်"

ဟု ရန်ကုန် အနောက်မူးယစ်(အထူး)အဖွဲ့၏ ကြီးကြပ်မှု အရာရှိ ဒုရဲမှူး ခင်မောင်သိန်းက ဆိုသည်။

မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ် စီမံကိန်းတွင် တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် မှုခင်းများ လျှော့ချရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။ ပြီးခဲ့သော ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုထက် ယခု ၂၀၁၃ ခုနှစ် ဖမ်းဆီးရရှိမှုမှာ နှစ်ဆကျော် ပိုများကြောင်း သိရသည်ဟု ရေးသားထားပါပေသည်။

ယနေ့မျက်မှောက်ကာလ၌ ထုတ်ဝေလျက်ရှိသော နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာများကို ဖတ်ရှုလျှင်လည်း မူးယစ်ဆေးဝါးသတင်းများကို ဖန်ခါမလပ် ဖတ်ရှုနေကြရရာ လွန်စွာမှပင် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောင်းမွန်နေပါတော့သည်။ ဤတွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ဖမ်းဆီးရမိသည့် သတင်းများကို ကောက်နုတ်တင်ပြလိုပါသည်။

**စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၁၀ ရက်နေ့ ည ၁၀ နာရီခွဲတွင် မန္တလေး မြောက်ပိုင်းမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချော ပူးပေါင်းစစ်ဆေးရေး စခန်းတွင် လားရှိုးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် မှန်လုံခရီးသည်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၁၆-၈-၂၀၁၃)*

**ငွေကျပ် ၃၁ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး)အဖွဲ့သည် နယ်မြေခံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၈ နာရီတွင် လားရှိုးမြို့နယ်၊ သံလွင်လမ်း ရပ်ကွက်(၂)၊ နမ့်ပေါင်ကျေးရွာရှိ နေအိမ်တစ်အိမ်အား ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၁၇-၈-၂၀၁၃)*

**နောင်ချိုတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိ**

ဩဂုတ်လ ၁၅ ရက်နေ့တွင် လားရှိုး(မူးယစ်) နောင်ချို လှုပ်ရှားမှုအဖွဲ့သည် နမ့်လန်မှ မန္တလေးသို့ မောင်းနှင်လာသော မှန်လုံကားကို စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၁၇-၈-၂၀၁၃)*

**လားရှိုးမြို့၌ ဘိန်းဖြူများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၁၈ ရက်နေ့ နံနက် ၄ နာရီခွဲတွင် ရှမ်းပြည်နယ်၊ လားရှိုး(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် လားရှိုးဘူတာအဝင် လမ်းမပေါ်၌ လမ်းလျှောက်လာသူ အမျိုးသမီးနှစ်ဦးအား ရှာဖွေခဲ့ရာ ဘိန်းဖြူများ ထည့်ထားသည့် ဆပ်ပြာခွက်များကို သိမ်းဆည်းရမိခဲ့သည်။

ဩဂုတ်လ ၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့-ကားလေးကွင်းအနီး၌ မူဆယ်မြို့ စယ်လန့်အုပ်စု ဆိုင်ကောက်ကျေးရွာရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ ထည့်ထားသည့် ဆပ်ပြာခွက်များကို သိမ်းဆည်းရမိခဲ့သည်။ *(၁၉-၈-၂၀၁၃)*

**ဘားအံမြို့၊ မူဆယ်မြို့နှင့် ကလောမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၁၈ ရက်နေ့ ညနေပိုင်းတွင် ဘားအံ(မူးယစ်)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် သာမည



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ်လ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင်လည်း မူဆယ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ နမ့်ကတ်ကျေးရွာအုပ်စု မိုင်းဆပ်ကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ်လ ၁၉ ရက်နေ့ ညပိုင်းတွင် တောင်ကြီး(မူးယစ်)မှ တပ်ဖွဲ့ဝင်များနှင့် ကလောမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကလောမြို့အထွက်တွင် ခရီးသည်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၀-၈-၂၀၁၃)

**ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါး(ဘိန်းဖြူ) ရောင်းချသူများကို ဖမ်းဆီးရမိ**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မ စခန်းမှူးဦးစီးသည့်အဖွဲ့သည် ဩဂုတ်လ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ရွှေကူရဲစခန်း အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ ရွှေကူ-ဗန်းမော် မဟာဗျူဟာကားလမ်းအနီးရှိ တောလမ်းအတွင်း ဆိုင်ကယ်နှစ်စီးနှင့် မူးယစ်ဆေးဝါးရောင်းချနေသူများအား သွားရောက်ဖမ်းဆီးခဲ့သည်။ (၂၀-၉-၂၀၁၃)

**တာချီလိတ်-ကျိုင်းတုံသွား ကားလမ်းမပေါ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်တွင် တာချီလိတ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဟွေခိုက်ရွာအနီး တာချီလိတ်-ကျိုင်းတုံသွားကားလမ်းမပေါ် မောင်းနှင်လာသော မော်တော်ယာဉ်အား သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၁-၉-၂၀၁၃)

**တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အက်ဖီတမင်း ၁၀၀ ကီလိုနှင့် မျောက်တံဆိပ် အနံ့ဆေးရည် ၂၀၀ လီတာ ဖမ်းဆီးရမိ**

ဩဂုတ်လ ၂၀ ရက်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် တာချီလိတ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ မိုင်းဆတ်သို့ မောင်းနှင်လာသော ယာဉ်အား သတင်းအရ စစ်ဆေးရှာဖွေရာ အက်ဖီတမင်းနှင့် စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် မျောက်တံဆိပ် အနံ့ဆေးရည်ပုလင်းများကို ဖမ်းဆီးရမိခဲ့သည်။(၂၁-၉-၂၀၁၃)

**ရမည်းသင်းမြို့အဝင် တိုးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၈ ရက်နေ့တွင် မန္တလေးတောင်ပိုင်း မူးယစ်(အထူး)အဖွဲ့နှင့် ရမည်းသင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေး ဌာနအဖွဲ့သည် ရမည်းသင်းမြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)မြို့ဝင် တိုးဂိတ်တွင် စောင့်ဆိုင်းနေစဉ် တပ်ကုန်းမြို့ဘက်မှ ရမည်းသင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၂-၉-၂၀၁၃)

**တန့်ယန်းမြို့နယ် နောင်ဖာကျေးရွာ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြာများ သိမ်းဆည်းရမိ**

ရှမ်းပြည်နယ် တန့်ယန်း(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ ၂၃ ရက်နေ့ နံနက် ၇ နာရီတွင် တန့်ယန်းမြို့နယ်၊ နောင်ဖာကျေးရွာရှိ နေအိမ်တစ်အိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၅-၉-၂၀၁၃)

**တမူး-ကလေး ကားလမ်းပေါ်တွင် ဘိန်းဖြူအလေးချိန် ၇၆ ဒသမ ၇ ဂရမ်အား သိမ်းဆည်းရမိ**

စစ်ကိုင်းတိုင်းဒေသကြီး တမူး(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ ၂၂ ရက်နေ့ ည ၁၁ နာရီခွဲခန့်တွင် ခမ်းပါတ်မြို့နယ်ခွဲ တမူး-ကလေး ကားလမ်းပေါ်တွင်

www.burmeseclassic.com

ဟုမ္ဘလင်းမြို့နယ် မြင်သာကျေးရွာအုပ်စု၊ ငိုးပင်းကျေးရွာမှ မောင်းနှင်လာသော ဆိုင်ကယ်ကို ဖမ်းဆီးရှာဖွေရာ ဘိန်းဖြူများ ထည့်ထားသည့် ဆပ်ပြာခွက်များ ဖမ်းဆီးရမိခဲ့သည်။

(၂၅-၉-၂၀၁၃)

ဆူဒိုအက်ဖီဒရင်းဆေးပြား ၁ ဒသမ ၅ သန်း ကလေးမြို့နယ်၌ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဩဂုတ်လ ၂၄ ရက်နေ့က ကလေးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကလေးမူးယစ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကလေးမြို့နယ် အင်ဒိုင်းကြီးတန်ပိုစစ်ဆေးရေးဂိတ်၌ တမူးမြို့မှ ကလေးမြို့သို့ မောင်းနှင်လာသော ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်ရှိ ဆီပီပါခွံအတွင်းမှ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁ ဒသမ ၅ သန်း ဖမ်းဆီးရမိခဲ့သည်။

(၂၆-၈-၂၀၁၃)

ဘိန်းဖြူများ ဖမ်းဆီးရမိ

ဩဂုတ်လ ၂၅ ရက်နေ့ ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကလေးခရိုင် ရဲတပ်ဖွဲ့မှ ရွှေတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ ဖောင်ကူးတံတားဆိပ်၌ တမူးမြို့မှ ကလေးမြို့သို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေစစ်ဆေးခဲ့ရာ ဆိုင်ကယ်ဒူးကာအတွင်းမှ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့သည်။

ဩဂုတ်လ ၂၄ ရက်နေ့ ညပိုင်းတွင် ရှမ်းပြည်နယ် မူဆယ် မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲလမ်းမတွင် တက္ကနိုင်းရွာမှ ကွတ်ခိုင်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေခဲ့ရာ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့သည်။

(၂၆-၈-၂၀၁၃)

မူဆယ်နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ဩဂုတ်လ ၂၆ ရက်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် မူဆယ် မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်စန်ကျေးရွာရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင်ပင် တာချီလိတ် မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ ဧဒင်ကျေးရွာရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၈-၈-၂၀၁၃)

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ဩဂုတ်လ ၂၈ ရက်နေ့က လားရှိုးမူးယစ်(နောင်ချိုလှုပ်ရှား)မှ အဖွဲ့သည် နောင်ချိုအဝင်တွင် မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မူဆယ်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော မှန်လုံယာဉ်အား ရှာဖွေရာ ခရီးသည်တစ်ဦး၏ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စောင်အိတ်အတွင်းမှ ဘိန်းဖြူမှုန့်များ ထည့်ထားသည့် ဆပ်ပြာခွက်များ ဖမ်းဆီးရမိခဲ့သည်။

ကွတ်ခိုင်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ယာဉ်အား ရှာဖွေစစ်ဆေးရာတွင်လည်း ယာဉ်ပေါ်ရှိ ခရီးသည်၏ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ (၂၉-၈-၂၀၁၃)

စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ဩဂုတ်လ ၂၉ ရက်နေ့ ည ၈ နာရီက မူဆယ်မြို့ ကောင်းမှုတုံ့ရပ်ကွက် ကြာဖြူလမ်းပေါ်တွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ပြည်ထောင်စုလမ်းမကြီးမှ ကြာဖြူလမ်းသို့ မူဆယ်မြို့ နမ့်တောင်းအုပ်စု ကုန်ဂျုံးရွာနှင့် မူဆယ်မြို့ မိုင်းယုကျေးရွာမှ စီးနင်းလာ



www.burmeseclassic.com

www.burmeseclassic.com

သည့် ယာဉ်အား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၁-၉-၂၀၁၃)*

**ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် လားရှိုးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့ နတ်စင်လမ်းနေ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၃ နာရီခွဲတွင် တာချီလိတ် မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဝမ်တုံကျေးရွာမှ မောင်းနှင်လာသည့်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၁-၉-၂၀၁၃)*

**ဘိန်းမျိုးစေ့၊ ဘိန်းစိမ်း၊ ဘိန်းရှူကိရိယာနှင့် တူမီးသေနတ်များ ဖမ်းဆီးရမိ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၌ ဩဂုတ်လ ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နယ်မြေခံ တပ်ရင်းမှူးဦးစီး စစ်ကြောင်းကဲရေးတပ်စိတ် တစ်စိတ်သည် မယ်ကြူတ်ပြည်သူ့စစ် ၁၀ ဦးဖြင့် စစ်ဆင်ရေးနယ်မြေအတွင်း နယ်မြေဖြန့်ခွဲ ရှင်းလင်းရာတွင် ထိုင်းနိုင်ငံသားတစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် ရှာဖွေရာ ဘိန်းမျိုးစေ့၊ ဘိန်းစိမ်း၊ ဘိန်းရှူကိရိယာများနှင့် တူမီးသေနတ်တို့ကို သိမ်းဆည်းရမိခဲ့သည်။ *(၁-၉-၂၀၁၃)*

**ကသာတွင် ကျပ်သိန်း ၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ**

ဩဂုတ်လ ၂၈ ရက်နေ့ ၆ နာရီခွဲတွင် မုံရွာ မူးယစ်(အထူး)မှ တပ်ဖွဲ့ဝင်များသည် ကသာမြို့မအဖွဲ့နှင့် ပူးပေါင်းကာ မသင်္ကာသူတစ်ဦးအား ရှာဖွေစစ်ဆေးရာ ကျပ်သိန်း ၇၀၀ ကျော် တန်ဖိုးခန့်ရှိသည့် ဘိန်းစိမ်းများ ဖမ်းဆီးရမိခဲ့သည်။ *(၃၁-၈-၂၀၁၃)*

**ကျပ်သိန်းနှစ်သောင်းနီးပါးတန်ဖိုးရှိ စိတ်ကြွဆေးပြားများ တာချီလိတ် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်စစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်(မူးယစ်)၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့၊ ပြည်နယ်လုံခြုံရေးတပ်စုအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းရရှိသဖြင့် တာချီလိတ်ဘက်မှ ပါခုတ်စစ်ဆေးရေးဂိတ်သို့ မောင်းနှင်လာသည့်ယာဉ်အား စစ်ဆေးခဲ့ရာ ကျပ်သိန်းနှစ်သောင်းနီးပါးတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ *(၃၁-၈-၂၀၁၃)*

ဤကား ဩဂုတ်လတစ်လအတွင်း ဖမ်းဆီးရမိခဲ့သော သတင်းဖြစ်ပေသည်။ မဖော်ပြဖြစ်ခဲ့သော သတင်းများလည်း ရှိနေနိုင်ပါသည်။ ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး အရေအတွက်၊ အမျိုးအစား၊ တန်ဖိုးတို့မှာ ကြောက်ဖွယ်လိလိ။ ထိုနည်းတူ ဖမ်းဆီးမိခြင်း မခံရဘဲ လွတ်မြောက်သွားပါက လူသားအပေါင်းတို့၏ အသက်အန္တရာယ်မှာ မည်မျှကြီးမားလှလေသနည်း။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖမ်းဆီးရမိခဲ့သည်များ ရှိသလို လွတ်ထွက်ခြင်းများလည်း ရှိကောင်း ရှိပေမည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် တိုင်းပြည်နှင့် လူမျိုး၏ အကြီးမားဆုံးနှင့် အဓိကအန္တရာယ်တစ်ရပ် ဟူ၍လည်း ဆိုရပေမည်။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်၍ ရာဇဝတ်မှုများ ထူပြောလာမည်မှာ အသေအချာ။ ပြည်သူလူထုတစ်ရပ်လုံး၏ အသက်အိုးအိမ် စည်းစိမ်တို့မှာလည်း လုံခြုံမှု မရနိုင်။ မူးယစ်ဆေးဝါး အန္တရာယ်သည် ဘဝအတွက် အနုတ်လက္ခဏာသာ ဖြစ်၏။ ဆိုးကျိုးကိုသာ ပေးတတ်သော မူးယစ်ဆေးဝါးကို ရှောင်ရှားရုံမျှမက အမြစ်ပြတ် ချေမှုန်းနိုင်ရန်လည်း တာဝန်ရှိသူတို့နှင့် ပူးပေါင်းလျက် ကူညီဆောင်ရွက်သင့်ကြပေသည်။

**ခုံတော်မောင်ကောင်း**



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီ၄ပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂
၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၈၅


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရည်းစားတစ်ထောင်

# လင်ကောင်တစ်ယောက်

ကျော်မင်းနိုင်

သာယာဝတီနယ်တွင် ● အလံတောင်ဟုဆိုလျှင် တောင်သူလယ်သမား သူပုန်ခေါင်းဆောင် ဆရာစံနှင့် အတူ တွဲလျက် ထင်ရှားသော အဓိကတောင်ဟု သိထားကြသည်။

အလံတောင်နယ်မြေမှာ ပဲခူးရိုးမကြီး၏ အနောက်ခြမ်းမှာရှိပြီး ပဲခူးရိုးမပေါ်တွင် ရေဝေရေလဲကြောခံကာ စီးဆင်းနေသော တောင်ကျချောင်းများတွင် ရေပြာချောင်းသည်လည်း အထင်ကရ ချောင်းကြီးတစ်ချောင်းပင်။

သောက်ရေ၊ သုံးရေအတွက်သာမက မိုးရာသီတွင် သစ်ဝါးမျှောချရန် အသုံးဝင်သော ချောင်းကြီးစာရင်းတွင် ရေပြာချောင်းသည်လည်း အပါအဝင်။

ပဲခူးရိုးမနောက်ဘက် တောင်ကြောမှ မြစ်ဖျားခံကာ စီးဆင်းလာသော ရေပြာချောင်းသည် မြစ်မခမြစ်ထဲ စီးဝင်၍ ထိုမြစ်မခမြစ်သည် လှိုင်မြစ်နှင့် ပေါင်းဆုံသွားကာ ရှေးခေတ်အခါကပင် သစ်ဖောင်၊ ဝါးဖောင်များ ရန်ကုန်အရောက် လျှောချရန် သစ်ဆိပ်ဖြစ်နေ၏။

ချောင်းဖျားသည် တောတောင် ချောက်ကမ်းပါး ထူထပ်ပြီး ချောင်းရေသည် ကျောက်ကြိုကျောက်ကြား၊ မြောင်ကြိုမြောင်ကြားများမှ ဖြတ်၍ အနောက်ဘက်သို့ စီးသည်။ ကျောက်ဆောင်၊ ကျောက်ချပ်၊ ကျောက်တုံး၊ ကျောက်ကမ်းပါးများကို ဖြတ်သန်းစီးဆင်းလာခဲ့ရသဖြင့် ချောင်းထဲတွင် လိပ်သဲကျောက်၊ သင်ပုန်းကျောက်၊ ကျောက်စရစ်၊ ကျောက်ပလာများ ပေါများသည်။

ထိုကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ချပ်များကြားတွင် ကျောက်ပုစွန်၊ ကျောက်ကဏန်း၊ ခရုဖင်လိမ်နှင့် ငါးလူး၊ ငါးမြွေထိုး၊ ငါးသလဲထိုး၊ ငါးဖျင်းသလက်တို့ ခိုအောင်းနေတတ်သည်။

တောင်ခြေအဆင်း တောအစပ်သို့ ရောက်သောအခါ ချောင်းမှာ အပြန့်ကျယ်သွားပြီး သစ်ဝါးမျှောရန် သစ်လုံးစုရာ သဲသောင်ပြင်တွေ ပေါ်လာ၏။

တောင်ပေါ်မှ ရေစီးအားနှင့် တိုက်စားပဲ့ကျလာသော ကျောက်တုံးကျောက်ခဲများ သေးငယ်သွားရာမှ ရေပြန့်ချောင်းပြင်အရောက် သဲကြွမ်းများ ဖြစ်လာကြသည်။

ကားလမ်းနှင့်နီးပြီး ကားဝင်၍ရသော တောစပ်ချောင်းကမ်း၌ ချောင်းထဲမှ သဲကြွမ်းများကို ဂေါ်နှင့် ကော်တင်ပြီး စုပုံကြသည်။ သဲလိုအပ်သော ဆောက်လုပ်ရေးသမားများကို ရောင်းချကြသည်။ ဆောက်လုပ်ရေးသမားများ ကားများဖြင့် လာသယ်ကြသည်။

ပထမတော့ ရွာနီးချုပ်စပ်မှ တစ်ဦးစ၊ နှစ်ဦးစ လုပ်ကိုင်ကြရာမှ လုပ်ငန်းမှာ ကျယ်ပြန့်လာရာ ပုဂ္ဂလိက ပိုင်းကြီးချုပ်စနစ်ဖြစ်သွားကာ မြို့ပေါ်မှာ လုပ်ကွက်လိုင်စင် လျှောက်နိုင်အောင် ပေါက်ရောက်သောသူလက်ထဲ ရောက်သွား၏။

သဲကြွမ်းများက သဘာဝအမိမြေက ပေးသော သဲကြွမ်း။ သဘာဝအမိမြေ၏ သားသမီးများဖြစ်သော ရွာသူရွာသားတွေ အများဆိုင်ဖြစ်၏။ ဒါတို့မြေ ဒါတို့ပြည် မဟုတ်လား။ ဒီမြေမှာမွေး၊ ဒီမြေမှာကြီး၊ ဒီမြေမှာနေသူတွေ လုပ်ကိုင်စားသောက်နေနိုင်ရပေမည်။

ခုတော့ မြို့ပေါ်တက် အဆက်အသွယ်ကောင်းရှာ၊ ဟိုပေးဒီကမ်းနိုင်သူ တစ်ဦးတည်းပိုင် လိုင်စင်ခံသူလက်ထဲ ရောက်သွား၏။

သူက ရေပြာချောင်းကမ်းပါးအနီး အင်းကောက်ရွာမှ ဝါးကုန်သည် ဦးဘဇံ။ ဦးဘဇံ သဲကြွမ်းလိုင်စင်ရလုပ်ကွက်မှာ အင်းကောက်ရွာကမ်းစပ် အလယ်ထား၍ ရေပြာချောင်းရိုး၏ အရှေ့ဘက် ငါးမိုင်၊ အနောက်ဘက် ငါးမိုင်။

အင်းကောက်ရွာနှင့်နီးစပ်သော



www.burmeseclassic.com

www.burmeseclassic.com

စမ်းတွင်း၊ ရေတိုက်ရွာ၊ ရေပြာချောင်းသောင်ခုံမှ သဲကြမ်းများကိုပါ ဝါးကုန်သည်ဦးဘဇံ လက်ဝါးကြီးအုပ်ထားလိုက်နိုင်သည်။

အစက ဝါးများကို ဖောင်ဖွဲ့၍ မြစ်မခမြစ်အတွင်း မျှောချနေသော ဦးဘဇံသည် အရင်းအနည်းငယ်(လိုင်စင်ဆောင်၊ အလုပ်သမားခပေး)မျှဖြင့် ကုန်ကြမ်းအဖြစ် သဲကြမ်းမှရရှိသော အမြတ်ငွေနှင့် ချမ်းသာသွားခဲ့ပြီ။

သဲသယ် ကုန်တင်ကားကြီး လေးစင်းဝယ်ထားကာ နှစ်စီးအသွားအပြန် ဆောက်လုပ်ရေးခွင်အရောက် ပို့နိုင်သဖြင့် လုပ်ငန်းတွင်ကျယ်လာသည်။

သူကိုယ်တိုင်လည်း မော်တော်ဆိုင်ကယ်တစ်စီးနှင့် မြို့ပေါ်အသွားအလာ များလာသည်။ အင်းကောက်ရွာသား ဦးဘဇံသည် အမြင်တွေကလည်း ကျယ်လာလေပြီ။ သူ့အမြင်ကျယ်မှုက စီးပွားရေးသက်သက်၊ တစ်ကိုယ်တော်ကောင်းစားရေး။

ထို့ကြောင့် ပြင်ပဗဟုသုတနည်းပါးသော ဦးဘဇံ၏ အမြင်ကျယ်မှုက ဝါးလုံးခေါင်းထဲ လသာသလိုမျှသာ။ ဤသည်မှာ ဦးဘဇံသည် စာပေသင်ကြားလေ့လာမှုတွင် ညံ့ဖျင်းခဲ့၍ သတင်းစာ၊ ဂျာနယ်မဖတ်တာလည်းပါမည်။ ဦးဘဇံ၏အစွဲမှာ သူ့လက်ထဲမှာ အမြတ်မဲ့ဝတ်ဆင်ထားသော ဆင်မြီးလက်စွပ်က ဝိယသိဒ္ဓိမြောက်သည်ဟု ယုံကြည်၏။

ထိုညံ့ဖျင်းမှုများက သူ၏ ပင်ကိုစရိုက်ဆိုးညာဉ်နှင့် ပေါင်းလိုက်သောအခါ သူသည် နာမည်ဆိုးထွက်လာလေတော့သည်။

"ဘဇံကြီး မိန်းမများပုံကတော့ မင်းမျိုးမင်းနွယ်လား အောက်မေ့ရတယ်"

သူနှင့်ရွယ်တူ ဘုန်းကြီးကျောင်းနေဘက် သူငယ်ချင်းတွေကြားမှာ ထိုသို့ပင် ပြောယူရလောက်အောင် ဦးဘဇံမှာ မိန်းမတွေ များလှသည်။

"မင်းကလည်း သူကျွေးနိုင်၊ ဆင်နိုင်၊ ပေးနိုင်လို့ ယူတာ ယူပါစေ။ ယောက်ျားကောင်း မောင်းမတစ်ထောင်ပေါ့ကွာ။ ဘာလို့ အာညောင်းခံပြီး ပြောနေတော့မလဲ"

"သူလုပ်ပုံက လွန်လို့ပြောနေတာ။ သူအခုယူလိုက်တဲ့ ကောင်မလေးက အသက် ၁၈ နှစ်လောက်ပဲရှိတဲ့ စမ်းတွင်းရွာက ငမွှေသမီး စံပယ်တင်ဆိုတဲ့ ကောင်မလေးနဲ့ကွ"

"အဲဒါ ငါသိသားပဲ။ ဒီကောင်မလေးက ပါးမှာ စံပယ်တင်မှဲ့ကလေး ပါလို့ မှဲ့စံပယ်တင်လို့ တို့ရွာတင်မကဘူး တို့ရွာကိုတောင်ကျော်ပြီး တခြားရွာဝန်းကျင်တွေအထိ အချောအလှအရာမှာ ကျော်ကြားတဲ့ ကောင်မလေးပဲ"

"အေး...အချောအလှမှာ ကျော်ကြားသလို ရည်စားသနာကလည်း များပါ့ကွာ"

"ရည်းစားများတော့ ဘာဖြစ်သလဲကွာ။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသလိုမို့လား။ လင်ကောင်ကတော့ တစ်ယောက်ပဲ၊ ခု ဘဇံကြီးနဲ့ ညားသွားတာပဲ မဟုတ်လား"

ဦးဘဇံ၏ သူငယ်ချင်းများဖြစ်သော ဘိုးမှန်၊ ဦးတင်တို့ စကားဝိုင်းမှာ ရှိနေသော ဦးသာမြတ် တစ်ချိန်လုံး ငြိမ်နေရာက -

"အင်း...ဘဇံကြီးက ယောက်ျားကောင်း မောင်းမတစ်ထောင်၊ ငမွှေသမီးစံပယ်တင်က ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် တွေ့ကြပြီပေါ့ကွာ။ ဒီပွဲတော်တော်ကြည့်ကောင်းမယ့်ပွဲ"

"အို...ပရမတ်သာမြတ်ဆိုတဲ့ နာမည်တစ်လုံးနဲ့ လူအကြည်ညိုခံနေရတဲ့ မင်းက မဆီမဆိုင် ဘာတွေ လျှောက်ပြောနေတာလဲ"

"ငါဘာတွေ လျှောက်ပြောနေရမှာလဲ။ ပညတ်နဲ့ ပရမတ်ဆိုတာ တရားသဘောနဲ့ခွဲတာပဲ။ ခုလည်း တရားသဘောနဲ့ ဆင်ခြင်တွေးတောပြီး ပြောရတာကွ။ မင်းတို့က ငမွှေသမီးကို မှဲ့စံပယ်တင်လို့ လူတွေခေါ်ခေါ်နေလို့ စံပယ်တင်မှဲ့ပါရင် ချစ်သူခင်သူပေါ်များမယ်၊ အရပ်စကားနဲ့ပြောမယ်ဆိုရင် စွံတတ်တယ်။ ချစ်သူများမယ်ပေါ့ကွာ။ ကြာရင် ဒီဇာတ်လမ်းကတော့ ရှုပ်မှာအမှန်ပဲ"

"ရှုပ်ရှုပ် မရှုပ်ရှုပ်ကွာ။ တို့အဘိုးကြီးတွေ အနေသာကြီးပါ။ တို့အဘိုးကြီးတွေနဲ့ တန်တဲ့စကား ပြောကြရအောင်"

"ဘဇံကြီးအကြောင်း ပြောတာ အဘိုးကြီးအကြောင်း ပြောတာပါပဲကွာ။ အဘိုးကြီးတွေနဲ့ပတ်သက်လို့ ပြောရရင် အဘိုးကြီးဆိုတာ ဖွဲလက်တစ်ဆုပ်နိုင်သေးရင် စွမ်းနိုင်သတဲ့"

"ဒါတင်လား။ နွားပျို့သန်လှ နွားအိုပေါင်ကျိုးသလောက်ပဲ ရှိတယ်တဲ့"

"ဟာကွာ...မင်းတို့ဟာက ပြောလေကဲလေ။ ဒီဘူတာပဲ ပြန်ဆိုက်တော့တာကိုး"

"ဘဇံကြီးအကြောင်းပြောရင် ဒီဘူတာဆိုက်ရမှာပေါ့။ မဟုတ်ဘူးလား ဘိုးမှန်ရာ"

"ဟုတ်တာပေါ့ တော်ရယ်။ ပရမတ်

www.burmeseclassic.com

သာမြတ်ကတော့ ဘယ်လိုများပြောချင်သေးသလဲ"

"ဘဝကြီးဟာ ငါတို့သူငယ်ချင်းပဲကွာ။ ပြီးတော့ ကိုယ့်ရွာသားဆိုတော့ မပြောတာ အကောင်းဆုံးပါပဲကွာ"

အဘိုးကြီးသူငယ်ချင်းဝိုင်းမှာ ဦးဘဝကြီးအကြောင်း ထိုသို့ပြောဆိုနေရပြီဆိုတော့ ရွာကာလသားတွေ ပါးစပ်မှာလည်း ဘယ်လွတ်ပါ့မလဲ။

စမ်းတွင်းရွာ အောင်မောင်း၏ ချက်အရက်ဟဲတွင် ငမျိုး၊ ချစ်တီး၊ ပေသီးတို့ သုံးယောက်သား ချက်အရက်သောက်လျက် ရှိနေကြသည်။

သူတို့သုံးယောက်မှာ စမ်းတွင်းရွာသားများဖြစ်၍ သူတို့ပိုးပန်းနေသောရွာမှ ကွမ်းတောင်ကိုင် မှဲ့စံပယ်တင် အချောအလှအား သက်ကျားအို တခြားရွာသား ဘဝကြီးက အပိုင်သိမ်းပိုက်သွားသည့်အတွက် နှမြောနေကြသည်။

အရက်က ထန်းလျက်ချက်အရက်။ အမြည်းက ချောင်းဖျားမှ ငါးမြွေထိုးမီးသင်းဖြစ်၍ သူတို့မှာ အကြိုက်တွေ့လျက် တစ်လုံးပြီးတစ်လုံး သောက်လျက်ရှိသည်။

သဲကြမ်းဂေါ်အလုပ်သမားများ ဖြစ်၍ သဲကြမ်းတင်ပြီးလျှင် ငွေရမည်မို့ အကြွေးသောက်နေကြခြင်းလည်းဖြစ်၏။

"မနက်ဖြန် သဲတင်ပြီးရင် ပိုက်ဆံပေးမယ်ဗျာ"

"ငါးမြွေထိုးမီးသင်းတစ်ကောင် ထပ်ပေးပါဦး"

ငါးမြွေထိုးမှာ တောတောင်ရေမြေကြောင့် ကြီးချင်တိုင်းကြီး၊ ဆူဖြိုးချင်တိုင်းဆူဖြိုးနေ၍ မီးသင်းထားရုံသင်းထားသည်ပင် အဆီတဝင်းဝင်းရှိလှသည်။

သူတို့ အရက်သောက်နေစဉ် အရက်ဟဲအတွင်းသို့ လူငယ်တစ်ယောက် ဝင်လာသည်။ ထိုလူငယ်မှာ စောစောကတည်းက သောက်ထားဟန်ရှိ၏။

"ဟင်...ထွန်းမောင်၊ မင်းနောက်တစ်ခေါက်ပြန်လာပြန်ပြီလား"

အောင်မောင်းက လှမ်းမေးသည်။ မေးသာမေးရသည်။ စောစောကလာစဉ်ကပင် ထွန်းမောင်သည် သူ့ဆိုင်မှ အမြည်းကို ဟုတ်တိပတ်တိ ဝယ်စားသည်မဟုတ်။

"ကျုပ်အဖို့ အရက်မူးအောင်သောက်နေတာ အကောင်းဆုံးပဲမဟုတ်လား ကိုအောင်မောင်းရ။ ထပ်ပြီးပေးစမ်းဗျာ တစ်လုံး"

"မနက်စောစောကတင် မင်းသောက်သွားတာ တစ်လုံးဆိုတော့ ခုနှစ်လုံးဖြစ်သွားမှာမို့ မင်းအတွက် စိုးရိမ်လို့ပြောတာပါကွာ"

အရက်ဆိုင်ပိုင်ရှင် အောင်မောင်းက ဝါးကွပ်ပျစ်ပေါ် အရက်တစ်လုံးချပေးသည်။

"အမြည်းကော ယူဦးမလား ထွန်းမောင်"

"မယူတော့ဘူးဗျာ။ ကျုပ်မှာ ဆီးဖြူသီးတွေပါတယ်"

သူ့ခါးပိုက်ဆောင်ထဲက ဆီးဖြူသီးငါးလုံးကို ထုတ်၍မြည်းသည်။ အရက်ကို ခွက်အပြည့်ထည့်ပြီး ရေမရောဘဲမော့သည်။

တစ်ခွက်ကုန်လျှင် ဆီးဖြူသီးတစ်လုံး ပါးစပ်သဲပစ်ထည့်ပြီး ထောက်ခနဲကိုက်ဝါးသည်။

ထွန်းမောင်မှာ စောစောကတည်းက အမူးရှိန်တက်နေ၍ သူနှင့်တစ်ရွာတည်းသားများဖြစ်ကြသော ငမျိုး၊ ချစ်တီး၊ ပေသီးတို့ သုံးယောက်ကိုပင် ထွန်းမောင် သတိထားမိခြင်း မရှိ။

အောင်မောင်း၏ဆိုင်မှာ တဲတန်းရှည်ဖြစ်သည်။ တောဖက် စလူရွက်များကို ခေါင်းတံလိုသီ၍ မိုးထားသည်။ မြေစိုက်၊ ဝါးကပ်ကာ ဖြစ်သလိုဆောက်ထားသည်။ အောင်မောင်းတို့ ဆိုင်ရှင်များအိပ်သည့်နေရာ သုံးပုံတစ်ပုံခန့်ကိုသာ ဝါးကြမ်းခင်းပြီး နေသာအောင် အခန်းဖွဲ့ထားသည်။ သောက်သုံးသူတွေအတွက် စားပွဲခုံကိုလည်း ဝါးခြမ်းပြားအနားကွပ်ခင်းထားပြီး ထိုင်ခုံမှာ ဝါးလုံးတန်းသုံးလုံး တန်းထိုးထားသော ထိုင်ခုံ။ တစ်ဝိုင်းတွင် မျက်နှာချင်းဆိုင် လူလေးယောက်ပဲ တစ်ဖက်နှစ်ယောက် ထိုင်နိုင်သည်။

ချစ်တီးတို့ သုံးယောက်သားမှာ စောစောပိုင်းရောက်၍ အတွင်းကျနေသဖြင့် ထွန်းမောင်က သတိမထားမိ၊ လှမ်းမမြင်ခြင်းပဲဖြစ်၏။

အရက်ဖန်ခွက်နှင့် သုံးခွက်မော့အပြီး ဆီးဖြူသီးငါးလုံးခန့် ထောက်ခနဲ ထောက်ခနဲ ဝါးစားပြီးနောက် အရက်တစ်လုံးအကုန် ထွန်းမောင် ဆိုင်ရှင်အောင်မောင်းကြီးကိုပင် အကြွေးမှတ်ဘာညာမပြောနိုင်တော့ဘဲ ဒယီးဒယိုင်နှင့် ဆိုင်ထဲမှ အပြင်ထွက်သွားသည်။

ထွန်းမောင် ဆိုင်ထဲက ထွက်သွားမှ ချစ်တီးက ငမျိုးနှင့် ပေသီးကို လှမ်းပြောသည်။

"သူ့ရည်းစား မှဲ့စံပယ်တင်ကို သက်ကျားအိုဦးဘဝကြီး သိမ်းပိုက်သွားတော့ သူ့ခမျာ ခံစားရမှာပေါ့လေ"

"မှဲ့စံပယ်တင်ရဲ့ ရည်းစားဟဲမှာ

www.burmeseclassic.com

ထွန်းမောင်က နံပါတ်ဘယ်လောက် ပြောက်လဲ"

"ရည်းစားနံပါတ်တွေက အများသားပဲကွ။ ဒီအထဲမှာ မင်းလည်းပါတာပဲ မဟုတ်လား ငမျိုး။ မင်းကိုပစ်ပြီးတော့မှ ကြားထဲမှာ မြို့ကစာလာသင်တဲ့ ကျောင်းဆရာလေး ရှိလိုက်သေးတယ်"

"ဟော့ကောင်···ဒီလိုပြောစတမ်းဆိုရင် ဟိုတမြန်နှစ်လောက်က နေသွားတဲ့ ကျန်းမာရေးမှူးလေးနဲ့တောင် စံပယ်တင်တို့က ဖြစ်လိုက်သေးတာပဲ"

"အေး···ဘယ်သူတွေနဲ့ ဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ကြိုက်ခဲ့ကြိုက်ခဲ့ ထွန်းမောင်ဟာ မှဲ့စံပယ်တင်အတွက် လက်ရှိချစ်ကြိုက်နေတဲ့ ချစ်သူတွေပဲ။ သူတို့နှစ်ယောက် သက်တူရွယ်တူချင်း ယူတော့မယ့်ဆဲဆဲ ငွေရေးကြေးရေး အဆင်မပြေလို့ မှဲ့စံပယ်တင်အဖေကြီး ဦးမှဲ့က ရက်ကို ဟိုရွှေ့ ဒီရွှေ့နဲ့မို့ ဦးဘဝံကြီးစနက်မိပြီး ဦးဘဝံကြီးက သိမ်းပိုက်သွားတာပဲကွ"

"ဦးဘဝံကြီး စနက်က တော်တော်ရယ်၊ မင်း မှဲ့စံပယ်တင်ကလည်း ဝတ်ချင်စားချင်၊ မော်ချင်ကြွားချင်တော့ ဦးဘဝံကြီးကို ချူစားနေတာ ကြာလှပြီဟာပဲ"

"အေးကွာ···ငါတို့တော့ အတော်ကို အံ့သြတယ်။ သူ့လက်ရှိ မိန်းမတွေကလည်း ဘာမှမပြောကြဘူး"

သူတို့သုံးယောက်သား အမနာပနှင့် အမူးစကားတွေ ပြော၍မျှ သိပ်မကြာ၊ နွားကျောင်းသားလေး ငခွေး အပြေးရောက်လာကာ အရက်ဆိုင်ရှင် အောင်မောင်းကို အရေးတကြီး ပြောတော့သည်။

"ဦးအောင်မောင်း···ဦးအောင်မောင်း။ မြန်မြန်လုပ်ပါဦး။ ဟိုတောစပ်က တောင်ပိန့်ပင်မှာ ကိုထွန်းမောင်ရယ်···သူ့လည်ပင်းသူ ပုဆိုးနဲ့ ကြိုးဆွဲချနေလို့"

"ဟေ···ဟုတ်လား။ ဒီကောင် မူးမူးရူးရူးနဲ့ကွာ"

ကိုအောင်မောင်း ပြူးပြူးပျာပျာ ပြောရာက ချစ်တီးတို့၊ ငမျိုးတို့ အရက်ဝိုင်းအား လှမ်း၍အကြောင်းကြားရင်း ရှေ့မှပြေးထွက်သွားသည်။

"ဒီမယားတရူးကြောင့် ခက်ပါတယ်။ ချစ်တီးတို့၊ ငမျိုးတို့ ငါနဲ့မြန်မြန် လိုက်ခဲ့ကြစမ်းကွာ။ သူ့အတွက် ကယ်လို့ ရလိုရငြား"

အရက်ဆိုင်ထဲမှ သူတို့အပြေး ထွက်ခဲ့ကြသည်။ အရက်ဆိုင်နှင့် တောစပ်က တောင်ပိန့်ပင်ရှိရာမှာ တစ်ခေါ်သာသာဝေး၍ မကြာခင် ရောက်သွားကြ၏။

သို့သော်···

သူတို့အဖို့ နောက်ကျသွားချေပြီ။

ထွန်းမောင်သည် တိုက်ကဲ့သို့ သတ်သေရန် ရေးမဆွကတည်းက စိတ်ကူးထားပုံရသည်။ အောက်ခံအောင်းဘီ ဝတ်လာသည်။

သူဝတ်လာသောပုဆိုးကို တောင်ပိန့်ပင်မှာ ချည်လျက် လည်ပင်းကို ဆွဲကြိုးချသေနှင့်နေလေပြီ။ ထွန်းမောင်၏ ကြိုးဆွဲချသေမှုသေခင်းကြောင့် အပိုင်ရဲစခန်းမှ ဆင်းလာပြီး သွားရောက်စစ်ဆေးကြရလေသည်။

ထွန်းမောင်မှာ မျက်မြင်သက်သေ နွားကျောင်းသားလေး ငခွေး၏ ထွက်ဆိုချက်အရနှင့်ပင် သူ့ဘာသာသူ ကြိုးဆွဲချသေခဲ့ခြင်းမှာ ထင်ရှားလေပြီ။ နွားကျောင်းသားလေးမှာ အသက်အားဖြင့် ဆယ့်သုံးနှစ်သာသာ ကလေးငယ်တစ်ဦး ဖြစ်နေ၍ လူလုံးလူကောင်ထွားသော ထွန်းမောင်ကို ဘယ်လိုမျှ တားဆီးနိုင်စွမ်း ရှိမည်မဟုတ်။

ပြီးတော့ အရက်ဆိုင်မှ အပြေးလိုက်လာသော အရက်ဆိုင်ရှင် အောင်မောင်း၊ အရက်သောက်သုံးသူ ချစ်တီး၊ ငမျိုးနှင့် ပေသီးတို့၏ ထွက်ဆိုချက်များကလည်း လုံလောက်နေလေပြီ။

ထိုအမှုအတွက် ထူးဆန်းနေသည်မှာ ထွန်းမောင်အသုဘချသည့်နေ့အထိ ဦးဘဝံအား ရွာမှာကော၊ လုပ်ငန်းခွင်မှာပါ မတွေ့ကြရခြင်းပင်။

"မျက်နှာပူလို့ ရှောင်နေကြမှာပေါ့လေ"

သူတို့အကြောင်းတွေ သိနေကြသော စမ်းတွင်း၊ အင်းကောက်၊ ရေတိုက်ရွာသားတွေကြားမှာ ဤသို့သော ထင်ကြေးလောက်နှင့် ပြီးဆုံးသွားခဲ့လေသည်။ မှဲ့စံပယ်တင်မှာမူ သူ့အိမ်ရှိရာ စမ်းတွင်းရွာမှာပင် နေလျက်ရှိ၏။

ဦးဘဝံနှင့် မှဲ့စံပယ်တင် ကြီးလင်ငယ်မယားနှစ်ယောက် မည်သို့ပင်ဖြစ်နေစေကာမူ အင်းကောက်ရွာနေ သားကြီး သမီးကြီးတွေထဲမှ ဦးဘဝံ၏ လုပ်ငန်းဆက်လက်လည်ပတ်ရန် လုပ်ဆောင်ကြရတော့သည်။

ထိုသို့ မလှုပ်ရှားကြ၍လည်း မဖြစ်။ ဦးဘဝံလုပ်ထားသော အလုပ်များမှာ စာချုပ်စာတမ်းများနှင့် အချိန်မီ ပေးသွင်းရမည့်အလုပ်တွေ ဖြစ်နေ၏။

ဝါးဆိုလျှင်လည်း ရန်ကုန်မြို့မှ ဝါးကုန်သည်များကို ဝါးဖောင်အပ်နှံ

www.burmeseclassic.com

ဖောင်း လုံးနေမည်မျှ ဘယ်ရာသီအတွင်း အပြည့်အဝ ပေးပို့ရမည်။ သဲကြမ်းဆိုလျှင်လည်း စာချုပ်ထားသော ဆောက်လုပ်ရေးကုမ္ပဏီများကို သဲကျင်းပေါင်း ဘယ်နှကျင်းမျှ အပြီးပေးပို့ရမည် စသည်ဖြင့် စာချုပ်စာတမ်းတွေနှင့် အခိုင်အမာ။

ယင်းကြောင့်ပင် . . . လုပ်ငန်း၏ သဘောကိုသိနေသော ဦးဘဝံ၏ သားကြီး၊ သမီးကြီးတွေထဲက သားကြီးဖြစ်သူ ဧယျာက ဦးစီးကာ ဦးဘဝံသမီးကြီး၏ယောက်ျား ရွှေအောင်က မန်နေဂျာအဖြစ် နှစ်ဦးနှစ်ဖက် ပူးတွဲလုပ်ဆောင်ကြရလေသည်။

ပထမတော့ ဦးဘဝံကြီးပျောက်နေခြင်းမှာ သူ့အကြောင်းနှင့်သူ ရက်ပြီးရောင်နေသည်ဟု ရိုးရိုးတွေးကြသော်လည်း လတွေကြာလာတော့ ကာယကံရှင် သားကြီး၊ မယားကြီးတွေပင် သံသယဝင်လာခဲ့သည်။ ဆင်မြီးလက်စွပ်အားကိုးသော ဝီယသိဒ္ဓအဆောင်နှင့် ဦးဘဝံ နောက်တစ်ယောက် စွံသွားလေပြီလား။

ဦးဘဝံ၏ နောက်ဆုံးမယားလေး မုံ့စံပယ်တင်ထံ လှမ်းစုံစမ်းတော့ ရေရေရာရာမရှိ။ ဒါကလည်း ဦးဘဝံ၏ စရိုက်မို့ မုံ့စံပယ်တင်အား မသင်္ကာမဖြစ်။

ထွန်းမောင်မသေခင် တစ်ရက်အလိုမှာ ရန်ကုန်ရှိ သစ်ဝါးကုန်သည်ကြီးများထံ စာချုပ်များချုပ်ရန် သွားမည်ဟုပြောပြီး ထွက်သွားကြောင်းလောက်ပဲ သတင်းပြန်ကြားရတော့သည်။

ကျန်ရစ်ခဲ့သော သားကြီး၊ မယားကြီးတွေက လုပ်ငန်းလည်ပတ်မှုမပြတ်စေရန် ကြိုးစားလုပ်ဆောင်နေကြစဉ်မှာ လုပ်ငန်းကြီးသည် ဦးဘဝံရှိစဉ်ကလိုပင် အောင်မြင်ဖြစ်ထွန်းလာပြန်သည်။

သို့နှင့် ဝါးခုတ်၊ ဝါးဖောင်မျော တစ်ရာသီ ကုန်ဆုံးသွား၏။

ရန်ကုန်မြို့ရှိ ဝါးကုန်သည်ကြီးတွေထံ ဦးဘဝံအကြောင်း သူ့သားကြီး ဧယျာ သွားစုံစမ်းတော့လည်း အခြေအနေက မထူး။

"ဦးဘဝံ ငါတို့ဆီကို ရောက်မလာဘူးကွ။ သူနဲ့ အများအားဖြင့် တို့က တယ်လီဖုန်းနဲ့ ဆက်သွယ်ကြတာ။ ပြီးတော့ နီးရာဘဏ်မှာ ငွေချေငွေလွှဲ လုပ်ကြတာပဲ။ သိပ်အရေးကြီးလို့ စာချုပ်စာတမ်းတွေ လက်မှတ်ထိုးစရာရှိမှ သူရန်ကုန်ကို ဆင်းလာတာမျိုး"

ယင်းသို့ဖြင့် သူ့အဖေ ဦးဘဝံ ခရီးခုလတ်တွင် ဟိုမရောက်၊ ဒီမရောက် ပျောက်ဆုံးနေပြီဖြစ်ကြောင်း အတွေးဝင်လာရတော့သည်။

ဦးဘဝံ၏ဇနီးအကြီး၊ အလတ်၊ အငယ်တို့မှာ မရိုင်းစိုင်းတတ်သူများပီပီ ဦးဘဝံ၏ မယားကလေး မုံ့စံပယ်တင်ကို လုပ်ငန်းမှရရှိနေသော အကျိုးအမြတ်အရ အချိုးကျ ခံစားသင့်ခံစားထိုက်သော ငွေကြေးကို မနစ်နာစေရအောင် ပေးကမ်းထောက်ပံ့နေခြင်းဖြင့် သဘောထားကြီးကြောင်း ပြသလျက်ရှိကြသည်။

မုံ့စံပယ်တင်တို့ဘက်ကလည်း ဦးဘဝံနှင့်ပတ်သက်၍ မည်ရွေ့မည်မျှ အကျိုးခံစားလိုသည်၊ ရယူလိုပါသည်ဟု စောဒကမတက်သည့်အပြင် ဆိုမြည်သံပင် မကြားကြရ။

သဲကြမ်းလုပ်ကွက်မှာ ဝါးဖောင်လုပ်ငန်းကို ရာသီတစ်ရာသီ၊ နှစ်ရာသီခြားပြီး နားကြရသည်မဟုတ်ဘဲ တစ်နှစ်ပတ်လုံး လုပ်ကွက်တွေရှိနေတတ်သည်။ မိုးရာသီ တောင်ကျချောင်းများ ရေလျှံလျှင်သာ ရေကျချိန်၊ ရေကျော့ချိန် ရက်ပိုင်းခန့်သာ နားရလေ့ရှိတတ်သည်။

တောင်ကျချောင်းရေကျလျှင် သဲသောင်များ ကမ်းစပ်တွင်လည်းကောင်း၊ ချောင်းကွေ့များတွင်လည်းကောင်း ချက်ချင်းပေါ်လာတတ်ပြန်၏။

ထိုသို့ပေါ်လာသော သဲကြမ်းများကို သဲကြမ်းလုပ်ကွက်လုပ်သားများက ဂေါ်ပြားဖြင့် ထိုးစိုက်ကာ ရေစစ်အောင် စုပုံပေးထားကြရသည်။ သို့ဖြင့် ချောင်းချောင်းရိုးတစ်လျှောက်မှာ သဲကြမ်းဆယ်လုပ်ငန်းမှာ အဆက်မပြတ်ရှိနေလေသည်။

ဆောက်လုပ်ရေး လုပ်ငန်းရှင်များကလည်း ရန်ကုန်မြစ်ဝ၊ မြစ်ဝကျွန်းပေါ်တို့မှ သဲနုများထက် တောင်ကျချောင်းစခန်းမှ သဲကြမ်းများကို ပိုကြိုက်ကြသဖြင့် တောင်ကျရေ သဲကြမ်းလုပ်ကွက်သည် တွင်ကျယ်လျက်ရှိ၏။

စမ်းတွင်းရွာသားများဖြစ်သော ချစ်တီး၊ မျိုးနှင့် ပေသီးတို့မှာ အတွဲမပျက် ခုတိုင် ဦးဘဝံ၏ သဲကြမ်းလုပ်ကွက်မှာ အလုပ်သမားများအဖြစ် ဆက်လက်လုပ်ကိုင်နေတုန်း။ ပြီးတော့ အတွဲမပျက် အောင်မောင်းကြီးချက်အရက်ဆိုင်မှာ တပူးတွဲတွဲ သောက်စား၍နေကြတုန်း။

သဲကြမ်းလုပ်ကွက်သို့ မဆင်းခင် အချမ်းပြေ ချက်အရက်တစ်လုံးကို ငါးသလဲထိုးကြော်နှင့် မြည်းစမ်းစားသောက်နေကြရင်း ထိုနေ့မှ သူတို့နှင့် လုပ်ဖော်ကိုင်ဖက် စမ်းတွင်းရွာသား ထွန်းမောင်ကို သတိရပြီး ချစ်တီးက စကားစသည်။ ဒါကလည်း အကြောင်းရှိနေ၍ ဖြစ်၏။

www.burmeseclassic.com

"ငါတို့အထဲမှာ တစ်ယောက်ယောက်တော့ ထွန်းမောင်လို အသေဆိုးနဲ့ သေမလား၊ ဦးဘစံကြီးလို အရှင်လတ်လတ် ပျောက်သွားမလားဆိုတာကို စိုးရိမ်ပြီး စိတ်ပူနေရတယ်ကွာ"

ချစ်တီးက အရက်အကူတူ တွဲသောက်နေသော မောင်မျိုးကိုကြည့်၍ ပြောနေမှန်း ပေသီးတို့ သိပြီးသားဖြစ်နေ၏။

"ငါတော့ အဲဒီထဲ မပါတာ အမှန်ပဲဟေ့။ ငါက မှဲ့စံပယ်တင်နဲ့ အရင်က ပတ်သက်ဖူးတာလည်းမဟုတ်ဘူး၊ ခုလည်းမပတ်သက်ဘူး"

"ဒါဆို တို့ဝိုင်းမှာ ပတ်သက်ဖူးတဲ့လူဆိုလို့..."

"ခွေးမသား ချစ်တီး။ မင်း ငါ့ကိုသက်သက်မဲ့ပြောနေတာ ငါသိပါတယ်။ မှဲ့စံပယ်တင်က လှတယ်၊ ချောတယ်၊ သူ့အနားကို မင်းတို့ကပ်လို့မရဘူး။ ဒါကြောင့် ကပ်လို့ရတဲ့ ငါ့ကို မင်းတို့ မနာလိုကြဘူးပေါ့လေ။ ပွင့်ပွင့်လင်းလင်းသာ ပြောကြစမ်းပါကွာ"

"အေး...အဲဒါအမှန်ပဲ မျိုး။ မင်း ဒုသနသောဆိုတဲ့ ငရဲအပြစ်ဒဏ်ကြီးကို မကြောက်ဘူးလား။ သူများသားမယားကို ကာမပိုင်ရှိပါလျက် ကျူးလွန်စော်ကားတဲ့ အပြစ်လေ"

"ငါက ဘာလို့ ဒုသနသော ဖြစ်ရမှာလဲ။ မှဲ့စံပယ်တင်နဲ့ ငါက အရင်ကြိုက်ခဲ့တာပဲ။ ငါ့လက်ထဲကနေ သူက ငါ့အကြောင်းမသိလို့ ခုန်ထွက်သွားတာပဲ။ ထွန်းမောင်နဲ့ ဦးဘစံကြီးတို့က ငါ့နောက်မှ သူ့ကိုကြံကြတာ။ မူလလက်ဦး ပိုင်ရှင်က ငါပဲဟာ။ ခု ငါ့ဆီကို ပြန်ကပ်တဲ့ဟာ ငါ့မှာ အပြစ်မရှိဘူးကွ"

"မင်းတို့ချင်း တိတ်တိတ်ကလေး ပြန်ဆက်ကြ၊ အဝင်အထွက် ညလူခြေတိတ်လုပ်ကြတဲ့သတင်းတွေ ထွက်နေတယ်နော် မျိုး။ မင်းဒုက္ခရောက်လိမ့်မယ်။ ဆင်ခြင်ကွာ"

"ဟာ...ဘာဆင်ခြင်ရမှာလဲ။ သူကလည်း ယောက်ျားရှိပြီး လဝိုင်းလောက်မှာ သူ့ယောက်ျားကြီးသေသွား။ ငါကလည်း လူပျိုလူလွတ်ဘဝမှာ ကျန်နေလို့ တို့သမီးရည်းစားဟောင်းချင်း ပြန်ဆက်မိကြတာပဲဟာ။ ခုဆိုရင် သူက မုဆိုးမ၊ ချောချောအရွယ်ငယ်ငယ် သူဌေးမကလေး။ သူနဲ့ငါနဲ့ ညားရင် ငါ့အတွက် ဘယ်လောက်ဟန်ကျလိုက်သလဲ"

"မညားဘဲ သူ့ယောက်ျားကြီး ပေါ်လာပြီး မင်းကို မယားခိုးမှုနဲ့ တရားစွဲမှဖြင့်ကွာ။ မင်းထောင်နန်းစံနေရမှာ မြင်ယောင်မိသေးရဲ့"

"အို...ဘာလို့ သူ့ယောက်ျားကြီးက ပြန်ပေါ်လာရမှာလဲ။ သေသွားပြီပဲဟာ"

မျိုးက အပ်ကျမပ်ကျ ပြောလိုက်သဖြင့် အတူတူသောက်နေသော ချစ်တီးနှင့် ပေသီးတို့ပင် မျိုးမျက်နှာကို အံ့အားသင့်ဟန်နှင့် လှမ်း၍ကြည့်ဖြစ်ကြသည်။ မျိုးကိုလည်း မသင်္ကာတော့၊ သံသယစိတ်တွေ ဝင်သွားကြသည်။

နောက်မှ ချစ်တီးသည် သူ့စကားကို ဖြေလျှော့ချလေဟန်ဖြင့် ဖျောင်းဖျပြောဆိုရလေတော့သည်။

"အေးပါကွာ။ တို့က မှဲ့စံပယ်တင်နဲ့ ပတ်သက်တဲ့ ယောက်ျားမှန်သမျှ ဒုက္ခတွေ့ရလွန်းလို့ မင်းအတွက် စိုးရိမ်ပြီး ပြောရတာပါကွာ"

"လူချင်းတူပေမယ့် ဘုန်းကံချင်း မတူကြဘူးကွ။ ခုဟာက မှဲ့ကလေးက အရင်လို ဆင်းဆင်းရဲရဲထဲက မဟုတ်ဘူး။ ချမ်းသာနေတဲ့ သူဌေးမကလေး။ အဆီတဝင်းဝင်းနဲ့ ငါးကြင်းကြီးကွ... အဟဲ...ဟဲ...ဟဲ"

သူတို့ သူငယ်ချင်းသုံးယောက် စကားအချေအတင် ပြောနေရာမှ လုပ်ငန်းခွင်ဝင်ရန် သဲကြမ်းသောင်နံသို့ ဆင်းလာခဲ့ကြသည်။ သဲလုပ်ကွက် ရေပြောချောင်းအတွင်း ရောက်တော့ သဲကြမ်းများကို ဂေါ်ပြားနှင့် ကော်တင်ကာ သဲကြမ်းရကြရသည်။

ဝတားသော သဲကြမ်းများ ရေစစ်သွားလျှင် ရောက်လာသော သဲကားပေါ်သို့ တင်ပေးကြရသည်။ သဲကား ရောက်မလာခင် သဲကြမ်းများများ စုမိအောင် အတွင်ကော်ကြရသည်။

သဲကြမ်းချည်းပဲဆိုလျှင် အားစိုက်၍ ကော်စရာမလို။ အလိုက်သင့်ကော်ရုံပင်။ သို့သော် ချစ်တီး၏ ဂေါ်ပြား သဲပြင်အတွင်း နစ်သွင်းလိုက်သည်နှင့် အသံပြင်းပြင်းတစ်ချက် ကြားလိုက်ရသည်။

"ဒုတ်..."

အောက်မှာ အမာခံတစ်ခုနှင့် သွားဆောင့်သဖြင့် ချစ်တီးအရှိန်လျော့သွားသည်။ ဂေါ်ပြားကို ပြန်နုတ်ပြီး နောက်တစ်ချက် သဲပြင်ကို နေရာအနည်းငယ်ခြားပြီး ထိုးစိုက်သွင်းလိုက်မိပြန်သည်။

"ဒုတ်..."

"ဟာ...ဒီတစ်ခါတော့ သေချာပြီ။ သဲအောက်မှာ တောင်ကျရေနဲ့ တိုက်စားပြီးပါလာတဲ့ သစ်ပင်သစ်တုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့ တွေ့နေပြီနဲ့တူတယ်"

"သစ်တုံးမဟုတ်ဘဲ ရွှေအိုးကြီး ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ပေသီးက ပြောရင်း ထိုနေရာကို ပင် သူ့လက်ထဲမှ ဂေါ်ပြားနှင့် အားစိုက် တူးလိုက်သည်။

"ဒုတ်…"

ပေသီး သဲတွေကို ဂေါ်ပြားဖြင့် ကော်၍အဟင် သဲကြမ်းပြင်အောက်မှ အောက်ခံအဖွေးသား လှမ်းမြင်လိုက်ရ သည်။

"ဟာ..ဖြူဖြူကြီး ဘာကြီးလဲဟ"

ပေသီး ဆက်၍အတူး အကောင် အထည် ပီပြင်လာ၏။

"ဟာ…အရိုးစုကြီး"

"တိရစ္ဆာန်အသေကောင် တစ် ကောင်ကောင်များလား"

"အို..မဟုတ်ဘူး။ လူ့အရိုးစု ကြီး"

ပေသီး ကြောက်လန့်တကြား အော်ပြီး ရေပြာချောင်းကမ်းပါးပေါ် တက်ပြေးသည်။ မောင်မျိုးသည်ပင် ထို မြင်ကွင်းကြောင့် အံ့အားသင့်သွားရ လေသည်။

သဲကြမ်းလုပ်ကွက်မှာ ထိုသတင်း တစ်မဟုတ်ချင်း ပျံ့နှံ့သွားရာ ရေပြာ ချောင်း။ အင်းကောက်ရွာမှ လက်စ မသိမ်းသော ပြစ်မှုကို စုံစမ်းလျက်ရှိ နေသော ရဲက သတင်းကြားသွားသည်။

ကားလမ်းပေါက်နေသော အရပ် ဖြစ်၍ ရဲကား မကြာမီအတောအတွင်း ရောက်လာသည်။ အရိုးစုကို အကုန်လုံး ပေါ်အောင် ဖော်ပြီး ဓာတ်ပုံရိုက်၊ ပုံစံ ရေး၊ စစ်ဆေးကြသည်။

အရိုးစုမှာ ယောက်ျားတစ်ယောက် ၏ အရိုးစုပင် ဖြစ်၏။

ပတ္တမြားမိုးကာဖျင်အိတ်ထဲ ထည့် ထားရာက မိုးကာဖျင်ဆွေးပြီး အရိုးစု ပေါ်လာခြင်းပင်။ အရိုးစုဘေးမှ သဲ အတွင်း မိုးကာဖျင်စ အဆွေးအမြည့် အပိုင်းအစများကို တွေ့မြင်၍ တစ်စ မကျန်အောင် ညှပ်နှင့်ဆွဲယူပြီး စုဆောင်း သိမ်းဆည်းယူရသည်။ အရိုးစု၏ လက် သူ့ကြွယ်မှာ ဦးဘဇံ၏ အဆောင်အဖြစ် ဝတ်လေ့ရှိသော ဆင်မြီးလက်စွပ်။

တာဝန်ကျ ရဲအုပ်ကြီး စောဝင်း မှာ အမှုလိုက်အတွေ့အကြုံရှိသူပီပီ ဘာကိုမျှ ဖွင့်မပြောသေးဘဲ စိတ်ထဲမှ ကြံဆတွေးဖြင့် အမှုဖြစ်နိုင်ခြေကို ခန့် မှန်းနေလိုက်သည်။ မည်သူသည် တရား ခံမှန်းမသိသေးဘဲ ကြံဆအတွေးကို ဖွင့် ပြော၍မဖြစ်။

အလောင်းကာယကံရှင်မှာ တစ် နေရာတွင် အသတ်ခံရပြီး ပတ္တမြားမိုးကာ ဖျင်အိတ်နှင့်ထည့်ကာ ချောင်းအထက် တစ်နေရာတွင် မြှုပ်နှံထားလိုက်မည်။ မြှုပ်နှံထားသောနေရာမှ တောင်ကျ ချောင်းရေ ထိုးဆောင့်မှုအရ ချောင်းရေ စီးအတိုင်း သဲကြမ်းများနှင့်အတူ မျော ပါလာပြီး ဤအင်းကောက်သဲသောင် ပြင်အောက်မှာ လာရောက်မြုပ်ကျ ကျန် နေခြင်းဖြစ်ပေသည်။

ရေပြာချောင်းအထက်မှာ စမ်း တွင်းရွာရှိသည်။ စမ်းတွင်းရွာမှာ ဦးဘဇံ ၏ နောက်ဆုံးမယားလေး မှဲ့စံပယ်တင် နေသည်။ ဒီကောင်မလေးက ချောမော လှပသလောက် ချစ်သူအများသား။

အင်းကောက်ရွာမှာ စမ်းတွင်းရွာ ၏ အောက်ဘက်မှာရှိ၏။ စမ်းတွင်းရွာ မှာအသတ်ခံရပြီး ရေပြာချောင်းအထက် သောင်ခုံမှာ အလောင်းဖျောက်ခံရသော ဦးဘဇံ တောင်ကျရေနှင့် သူ့ရွာသို့ အစွဲ အလမ်းမပျောက်ဘဲ အမှုပေါ်အောင် ပြန်လာခြင်းလည်း ဖြစ်နိုင်သည်။

အတွေ့အကြုံနှင့် လုပ်သက်ရင့် နေသော ရဲအုပ်ကြီးစောဝင်း၏ တွက်ဆ ချက်တွေမှာ အမှုကို စုံစမ်းစစ်ဆေးနေ စဉ် အတွင်းမှာပင် မူလအဖြေထုတ်ခဲ့ သည့်အတိုင်း ဖြစ်သွားသည်။

မှဲ့စံပယ်တင်ကိုလည်း ဖမ်းသည်။ အချောအလှမှာ ယစ်မူးပြီး ပူးပေါင်း ကြံစည်သည့် သဲကြမ်းကျင်းတူးသမား မှဲ့စံပယ်တင်၏ ချစ်သူဟောင်း မျိုးကို လည်း ဖမ်းသည်။ ဦးဘဇံကို သတ်ရ ခြင်းမှာ ချစ်သူထွန်းမောင် ဆွဲကြိုးချ သေခြင်းအတွက် စိတ်နာ၍ဖြစ်သည်။

ထိုအမှုနှင့် စပ်ဆက်၍ အသတ်ခံ ရသူ ဦးဘဇံ၏ ငယ်သူငယ်ချင်းများ ဖြစ်ကြသော ဘိုးမှန်၊ ဦးတင်၊ ပရမတ် ဦးသာမြတ်တို့၏ လူကြီးစကားဝိုင်းမှာ ပရမတ်ဦးသာမြတ်၏ အသံကြီးက လွှမ်းလျက်…

"မင်းတို့ကို ငါစောစောက ပြော မလို့ အကြောင်းပြမခိုင်လုံမှာ စိုးလို့ကွ။ မှဲ့စံပယ်တင်ရဲ့ စံပယ်တင်မှဲ့ ပါးပြင်ပေါ် မှာပဲ ရှိရမှာ ခုဒီကောင်မလေးမှဲ့က မှဲ့စံပယ်တင်မှဲ့အစစ် မဟုတ်ဘူး။ ပါးပြင် အစပ် မျက်ရည်စီးကြောင်းနဲ့ မလွတ် တဲ့နေရာမှာ ကျနေတဲ့ မှဲ့ကွ။ စံပယ်တင် မှဲ့ ဆိုတာထက် မျက်ရည်ခံမှဲ့လို့ခေါ်ရင် ပိုမှန်မယ်။ အဲဒီ မျက်ရည်ခံမှဲ့ဟာ သူတို့ နဲ့ပတ်သက်တဲ့ ယောက်ျားတွေကို သေ စေ၊ ဒုက္ခရောက်စေတယ်ကွ"

ကျော်မင်းနိုင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အကြောင်းကံ

# မဆုံစည်းခဲ့သည့်မို့

မြမြလှိုင်

တစ္ဆေ၊ သရဲ တကယ်ရှိတယ်၊ မရှိဘူး ဆိုတာကိုတော့ ကျုပ် မပြောလိုဘူး။ ကျုပ်က စာဖတ်ဝါသနာပါတဲ့သူ။ နောက်ပြီး အဲဒီလို ဆန်းဆန်းပြားပြား ဇာတ်လမ်းတွေပါတဲ့ စာအုပ်ဆိုရင် ပိုပြီး စိတ်ဝင်စားတယ်။ စာထဲမှာ ဖတ်လို့ကောင်းအောင် စာရေးတဲ့သူက စိတ်ဝင်စားဖွယ်တွေ ရေးပြတယ်။ ကျုပ်တို့လို စာဖတ်တဲ့သူကလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ စွဲစွဲလမ်းလမ်းကို ဖတ်တယ်။ ဒါတွေကို စာထဲမှာပဲ ကျုပ်ဖတ်ခဲ့ရတာ။ ဟောခုတော့ ကျုပ်ရဲ့ဘဝမှာ မမျှော်လင့်ဘဲ ကြုံစရာ၊ ဆုံစရာတွေက ဖြစ်လာပြီ။ ကျုပ်မှာ ချစ်ရတဲ့ လေးနှစ်အရွယ်သားလေးရယ်၊ ကျုပ်မျက်စိထဲမှာ အမြဲတမ်း လှပကျက်သရေရှိနေတဲ့ ဇနီးချော 'မြဟေမာ'နဲ့ဆို ဘဝမှာ ပြီးပြည့်စုံပြီလို့ ထင်လိုက်တယ်။ ကျုပ်နဲ့ ကျုပ်ဇနီးက သုံးဆယ်ကျော်–လေးဆယ်တွင်းရှိတဲ့ သက်တူရွယ်တူ ငယ်လင်၊ ငယ်မယားတွေ။ နှစ်ဦးသား ချစ်ကြိုက်ပြီး ရိုးရှင်းတဲ့ လက်မှတ်ရေးထိုးပြီး ဘဝကိုတည်ဆောက်ခဲ့ကြတာ ဖြစ်တယ်။ မြို့သစ်တစ်ခုရဲ့ စည်ကားတဲ့ ရပ်ကွက်။ အဲဒီရပ်ကွက်ရဲ့ လမ်းမတန်းမှာ နှစ်ထပ်တိုက်ကြီး၊ ပေလေးဆယ် × ပေခြောက်ဆယ် အပြည့်ဆောက်ပြီး နေထိုင်ကြတယ်။

အောက်ထပ်မှာ ခန်းလုံးပြည့် စတိုးဆိုင်ကြီး ဖွင့်ထားပြီး အလှပြင်ပစ္စည်း၊ မီးဖိုချောင်သုံး၊ ကုန်မာပစ္စည်းကအစ ဝယ်သူလာမေးသမျှ ရောင်းနိုင်အောင် ထည့်ထားတယ်။ အိမ်မှာ ကျုပ်ရဲ့မိဘတွေပဲရှိတယ်။ မြဟေမာက မိဘမရှိတော့တဲ့ တစ်ကောင်ကြွက်လေးပေါ့။ ဒီတော့ ကျုပ်ရဲ့ မိဘတွေကိုလည်း သူ့ရဲ့မိဘတွေလိုပဲ သဘောထားပြီး ကြင်ကြင်နာနာနဲ့ ပြုစုစောင့်ရှောက်တယ်။ ကျုပ်မိန်းမကို သိပ်ကျေးဇူးတင်ပါတယ်။ ကျုပ်က ဆိုင်အတွက် လိုတဲ့ပစ္စည်းတွေဝယ်ဖို့ မကြာခဏ ခရီးထွက်ရတာ။ ဒီတော့ အိမ်မှာ သူနဲ့ ကျုပ်ရဲ့မိဘတွေပဲ ကျန်ခဲ့တာ။

အိမ်အောက်ထပ်မှာ ဖွင့်ထားတဲ့ ဆိုင်ကိုတော့ အိမ်အလုပ်ပြီးတာနဲ့ မြဟေမာက ဆင်းတယ်။ အရောင်းကိစ္စအတွက် ကလေးမလေးနှစ်ယောက်ကို အလုပ်ခန့်ထားတော့ အရောင်းအဝယ်အတွက် တာဝန်မရှိဘဲ အေးအေးနေလို့ရတယ်။

"အစ်ကို ... ခရီးထွက်ရဦးမယ်ပေါ့"

"ဟုတ်တယ် ... မာလေး။ အခုတစ်ခါ နယ်စပ်အထိ သွားရမှာ။ ပစ္စည်းတွေက ဖန်စီလေးတွေရောလက်ကိုင်အိတ်တွေပါ ဝယ်ရမှာ။ မာလေးက ဘာမှာချင်လို့လဲ ..."

"ဟင့်အင်း ... ဘာမှ မမှာချင်ပါဘူး။ အမေတို့အတွက်ပဲ လိုအပ်တာလေးတွေ ဝယ်လာပေးပါ"

နားလည်ခွင့်လွှတ် သည်းခံ

တတ်လှသော မာလေး၏ သဘော ထားမှာ ကျုပ်ရင်ထဲ ပီတိတွေ ဖုံးလွှမ်းသွားသလိုပင်။ သည်လိုနဲ့ ကျုပ်ခရီး ထွက်လာခဲ့တယ်။ ကျုပ်ရဲ့ကားက ခရီးကြမ်းကို သုံးလို့ကောင်းတဲ့ ကားဖြစ်တယ်။ မြို့ထဲလမ်းကနေ မောင်းလာခဲ့တာ မြို့ပြင်ရဲ့ အမြန်လမ်းမကြီးပေါ်မှာ ရောက်လို့လာပြီ။ သည်တစ်ခါ ထွက်လာခဲ့တဲ့ ခရီးက ကျုပ်ရဲ့စီးပွားရေးကို ဈေးကွက်သစ်ရှာဖို့အတွက် ဖြစ်တယ်။ နယ်မြေအသစ်အတွက် ခရီးထွက်ခဲ့တယ်ပေါ့ဗျာ။ တဖြည်းဖြည်းနဲ့ ကားကို အေးအေးဆေးဆေး မောင်းလာခဲ့တာပါ။ လမ်းပေါ်မှာကလည်း ကားရှင်း၊ မိုးကလည်း တစိမ့်စိမ့်။ တစ်ခါတလေ သည်းလိုက်၊ တစ်ခါတလေ စဲလိုက်ပေါ့။ ရာသီဥတုက ချမ်းစိမ့်စိမ့် အေးလာတယ်။ တဖြည်းဖြည်း အလင်းရောင်က မှိန်လာပြီး ညနေစောင်းလို့ နေဝင်ခါနီးပြီ။ အဝေးပြေးလမ်းမကြီး အတိုင်း မောင်းလာခဲ့တယ်။ သစ်ချုပ်ကုန်းဆိုတဲ့ မြို့လေးကိုတောင် နီးလာပြီ။ အဲဒီမှာ ဆောက်လုပ်နေထိုင်တဲ့ အိမ်တွေက သစ်သားတစ်ဝက်၊ ကျောက်တုံးကျောက်သားတွေနဲ့ တွဲပြီး ဆောက်ထားကြတဲ့ အိမ်တွေဖြစ်တယ်။ တဖြည်းဖြည်း သစ်ချုပ်ကုန်းမှ ကြိုဆိုပါသည်ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်လေးကို ဖြတ်ပြီး မြို့လေးထဲကို ဝင်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံး ကားမောင်းလာရတဲ့အတွက် ကျုပ်ရဲ့ ဝမ်းဗိုက်က အသံစုံမြည်ပြနေပြီ။

'စိန်နဂါး'ဆိုတဲ့ အမည်နဲ့ စားသောက်ဆိုင်လေးတစ်ခုကို ကားရှေ့မီးရောင်ကနေ လှမ်းမြင်လိုက်တယ်။ ဆိုင်အတွင်းမှာ ထွန်းထားတဲ့ မီးရောင်ကတော့ ခပ်မှိန်မှိန်ရယ်။

"လာပါ ... လာပါ ... ချက်ထားတဲ့ ဟင်းလျာများထဲမှ ကြိုက်ရာကို မှာစားလို့ ရပါတယ်။ ဒါမှမဟုတ် နားနားနေနေ အနားယူပြီး အဖျော်ယမကာအေးအေးလည်း သုံးဆောင်နိုင်ပါတယ်"

ဆိုင်ထဲ ဝင်ထိုင်လိုက်တယ်။ စားနေတဲ့သူတွေကတော့ သုံးလေးယောက်လောက်ပဲ ရှိကြတယ်။

"ငါးခေါင်းဟင်းချို ပူပူလေးရယ်၊ ကြက်ဥမကျက်တကျက်ကြော် တစ်ပွဲပေးပါ ..."

"ရပါတယ် ဆရာ ... ခဏလေး စောင့်ပေးပါ ..."

မိနစ်နှစ်ဆယ်လောက် အကြာတွင် စားပွဲထိုးအမျိုးသမီးလေး တစ်ဦးက မှာထားသည့် စားစရာများကို လာချပေးသည်။

"ဟာ ... ကျေးဇူးပါပဲဗျာ။ ဆာနေတာနဲ့ အတော်ပဲ။ နေ ... နေပါဦး။ ဒါက .. ဒါက .. ဘယ်လိုဖြစ်တာလဲ"

ကြက်ဥ မကျက်တကျက်ကြော်ထားတဲ့ အကာသားဘေးနားမှာ လက်မပုံသဏ္ဍာန်ရှိတဲ့ သစ်ရွက်ဖတ်တစ်ဖတ် ကပ်ပါလာတာတွေ့ရတယ်။

"ဘာလဲ ဆရာ။ ဟောဗျာ ... ဟိုမိန်းမလုပ်ချလိုက်ပြန်ပြီနဲ့ တူတယ် ခက်တော့တာဘဲ"

"ဟော့သူငယ် .. ဘယ်က မိန်းမလဲ။ မင်းတို့က ဟင်းပွဲကို သေသေချာချာ ဂရုမစိုက်ဘူးလား။ ဒီလိုပဲ ဟင်းပန်းကန်တွေထဲ အမှိုက်တွေဘာတွေ ထည့်တာ ကြည့်နေရသလား"

"မဟုတ်ဘူး ဆရာ ... မဟုတ်ဘူး။ ဒီဖြူဖြူမိန်းမကြီးက လစ်ရင် လစ်သလို လုပ်တာ ..."

"အဲဒီ ဖြူဖြူမိန်းမကြီးကို မလုပ်အောင်တားပေါ့ သူငယ်ရဲ့ ..."

စားပွဲထိုးလေးက စိတ်ရှုပ်စွာဖြင့် ခေါင်းရမ်းကုတ်လိုက်ပြီး ...

"သူ့ကို တားလို့မရဘူး ..."

"ဟော့ ... ခက်တော့တာပဲ။ စားစရာတွေကို လာလုပ်တာ တွေ့မှ တော့ တားရမှာပေါ့ကွ ..."

ကျုပ်က စိတ်ဆိုးလာ၍ ခပ်ဆတ်ဆတ်ပင် စားပွဲထိုးအား ပြောလိုက်သည်။

"အဲဒီဖြူဖြူမိန်းမက မီးဖိုချောင်ထဲမှာ ရှိနေတာ။ သူက ဒီလိုပဲ မထင်ရင် မထင်သလို လုပ်တာ ..."

"ဒီမှာ မောင်ရင်လေး ... ကျုပ်မေးတာလဲ ဖြေပါဦး။ ဘယ်ကမိန်းမလဲ။ မီးဖိုချောင်ထဲမှာနေပြီး သူအဲဒီလိုလုပ်တာကို မင်းတို့က မမြင်ကြဘူးလား။ မတားကြဘူးလား ..."

"ဆရာရယ် ... မြင်မှတော့ တားမှာပေါ့။ ဒါပေမယ့် မြင်လည်း မကြည့်ရဲပါဘူး။ သူက သရဲဗျ ... သရဲ ... သရဲမကြီး။ ခဏခဏ မီးဖိုချောင်မှာ လာလာခြောက်နေကျလေ"

"ဘယ်လို သရဲဖြစ်သွားတာလဲ"

"ဆရာသိချင်ရင် ဆိုင်ပိုင်ရှင်ဘကြီးကို တွေ့ပြီး မေးကြည့်ပေါ့"

ကျုပ်လည်း ကြက်ဥကြော်ကို မစားတော့ဘဲ ထမင်းနဲ့ ငါးခေါင်းဟင်းကို စားလိုက်တယ်။ စားပြီးတာနဲ့ ဆိုင်ပိုင်ရှင်ရှိတဲ့ အခန်းထဲကို ခွင့်တောင်းပြီး ဝင်လိုက်တယ်။ ဒီဆိုင်မှာပဲ ညအိပ်ပြီးမှ နောက်နေ့မှာ ခရီးဆက်ဖို့ စဉ်းစားတယ်။

www.burmeseclassic.com

"ဩော် ... လာပါ ... လာပါ နောင်ကြီး။ ကျွန်တော်က ဒီဆိုင်ပိုင်ရှင်ပါ။ ဘာကိစ္စများရှိပါသလဲ"

မျက်နှာက အသားရောင် နီစပ်စပ် ကြမ်းတမ်းတဲ့ အသားအရေ။ ခက်ထန်တဲ့ အသွင်အပြင်ရှိတဲ့ ပိုင်ရှင်က ခင်မင်စွာဖြင့် စကားဆိုလာပါတယ်။ ကျုပ်က အခုလိုကြုံတွေ့ရတာကို ပြောပြလိုက်တယ်။ ဆိုင်ရှင်ရဲ့ မျက်နှာက ညိုးသွားပြီး မချိပြုံးနဲ့ ပြုံးတယ်။

"အဲဒီအမျိုးသမီးလည်း ဒုက္ခပါပဲ။ သနားစရာပါဗျာ။ တစ်ခါတလေမှ အဲဒီလို လုပ်တတ်တာပါ။ ကျွန်တော်တောင်း ပန်ပါတယ် ..."

သူက စကားကို ခဏရပ်ပြီး ဖွာလက်စဆေးပေါ့လိပ်ကို ဆက်သောက်လိုက်တယ်။

"အင်း ... ခက်တယ် ဆရာရယ်။ သူ့ကိုလည်း ဘယ်လိုအကာအကွယ် လုပ်ရမယ်ဆိုတာကို မစဉ်းစားတတ်တော့ဘူး။ တကယ်တော့ သူ့အဖြစ်ကိုကြားရတာ ရင်နာစရာကောင်းလှပါတယ်။ တော်တော်လေး ဆင်းဆင်းရဲရဲနဲ့ ဘဝကို ရုန်းကန်ပြီး ဒီရွာက မြေဖြူလိုဏ်ခေါင်းထဲမှာ အသေဆိုးနဲ့ သေရရှာတာ။ သူ့အဖို့ ကြမ္မာဆိုး ကြုံရတာပေါ့။ ဆရာကြီး ပိုပြီး ပြည့်ပြည့်စုံစုံသိချင်ရင်တော့ ကျွန်တော် လမ်းညွှန်ပါ့မယ် ..."

မိုးလင်းတာနဲ့ အလုပ်ကိစ္စကို ခဏထားလိုက်ပြီး ဆိုင်ရှင် ညွှန်ပြတဲ့အတိုင်း ရွာထဲမှာ ကုလားထိုင်လုပ်ပြီး ရောင်းတဲ့ အသက်အရွယ်ကြီးကြီး အဘိုးအဘွား လင်မယားထံ ကျုပ်လာခဲ့တယ်။

"မောင်ရင်က စိန်နဂါးဆိုင်က မောင်ထွန်း လွှတ်လိုက်တာကိုး။ ဟောဟိုမှာ တစ်ခေါင်းလုံး ဆံပင်တွေဖွေးပြီး မျက်လုံးမှေးမှေးနဲ့ ပုဆစ်တုပ်ပြီး ထိုင်နေတာ အဘိုးရဲ့ ဇနီးပဲ။ သူက အကုန်သိတယ်။ သူစကားပြောတာ တိုးတော့ မောင်ရင် မနည်းကို အားစိုက်ပြီး နားထောင်ရလိမ့်မယ်။ သူက အခုဖြစ်ခဲ့တဲ့ သစ်ချပ်ကုန်းရဲ့ ရင်နာစရာကို ကြားသိခဲ့တဲ့ ဆွေမျိုးလေးငါးဆက်မြောက်ပေါ့ ..."

ကျုပ်လည်း အဘိုးကြီးရဲ့ အနားကထွက်လာပြီး အဘွားဒေါ်ကြာမုံ အနားမှာ သွားထိုင်လိုက်တယ်။ အဘွားဒေါ်ကြာမုံကို သူ့ရဲ့နားအနားကို ကပ်ပြီး ကျုပ်သိချင်တာလေးကို မေးလိုက်တယ်။

"ဩော် .. မောင်ရင်က ရွှေမဥ္ဇူရဲ့အကြောင်းကို သိချင်တာကိုး ...။ သနားစရာကောင်းလွန်းလို့ပါကွယ်။ အဘွားရဲ့ ဘွားအေကြီးက ဒီရွှေမဥ္ဇူနဲ့ အလုပ်အတူတူ လုပ်ခဲ့တာ။ ပြောရရင် နှစ်ပေါင်းတစ်ရာလောက် ရှိမယ်။ သူ အဲဒီစိန်နဂါးဆိုတဲ့ စားသောက်ဆိုင် စဖွင့်တဲ့အချိန်မှာ အလုပ်ဝင်တော့ အသက်က ၁၆ နှစ်လောက်ပဲ ရှိသေးတယ်။ ဘွားအေကြီးနဲ့ အသက်မတိမ်းမယိမ်းပေါ့။ အဲဒီဆိုင်မှာ ရွှေမဥ္ဇူအပါအဝင် မိန်းကလေးအလုပ်သမားက ငါးယောက်–ခြောက်ယောက်လောက် ရှိတယ်။ ကြည့်ပျော်ရှိတဲ့ မိန်းကလေးတွေထဲမှာ ရွှေမဥ္ဇူက အလှဆုံးတဲ့"

"ဟုတ်ကဲ့ ပြောပါအမေ။ ကျွန်တော် နားထောင်နေပါတယ် ..."

"ရွှေမဥ္ဇူလှတာက ထူးထူးခြားခြားကို လှတာတဲ့။ ဒါပေမယ့်ကွယ် ထမင်းဆိုင် စားသောက်ဆိုင်ဆိုတော့ တစ်နေကုန် အလုပ်လုပ်ရတာ သိပ်ပင်ပန်းတယ်။ နေရတာလည်း ဆင်းရဲတယ်။ အခန်းကျဉ်းကျဉ်းလေးထဲမှာ သူ့လိုအလုပ်သမား မိန်းကလေးနှစ်ယောက်နဲ့ မျှနေရတာ။ အနေအထိုင် စကားပြောတာကအစ သိမ်မွေ့တယ်။ သူများတွေလို စကားများများပြောပြီး ဟော့ဟော့ရမ်းရမ်း မနေတတ်တော့ တချို့ မနာလိုတဲ့သူတွေက ဘဝင်မြင့်တယ်၊ မာနကြီးတယ်ဆိုပြီး မင်းကတော်စိတ် ပေါက်နေတယ်လို့ ပြောကြတယ်။ ကွယ်ရာမှာလည်း မင်းကတော်ဆိုပြီး လှောင်ပြောင်ခေါ်ကြတယ် ..."

မလှပသော ရွှေမဥ္ဇူ၏ ဘဝကို အမယ်အိုက ဆက်၍ပြောပြနေသည်။ လှလှသော်လည်း ဘဝက မလှ။ တစ်ကောင်ကြွက် မျက်နှာငယ်သူဖြစ်၍ ခိုနားစရာ၊ ဘဝ၏လုံခြုံမှုအတွက် အားကိုးအားထားစရာကိုတော့ ရွှေမဥ္ဇူ မျှော်လင့်မိသည်။ တချို့ကလည်း ရွှေမဥ္ဇူ၏ အချစ်ပန်းကို ဆင်မြန်းလိုကြသည်၊ သို့သော် တစ်သက်တာအတွက် စဉ်းစားကြသူတွေမဟုတ်ဟု ရွှေမဥ္ဇူက ထင်သည်။ တစ်ခဏတာဘဝလေးတွင် တဏှာအာဟာရ အရသာကို ခေတ္တခဏ သောက်သုံး မြည်းချင်ကြသူတွေသာ များသည်။ ထို့ကြောင့် ရွှေမဥ္ဇူက မည်သူ့ကိုမှ လက်တွဲဖော်အဖြစ် မရွေးချယ်နိုင်၍ ခပ်မှန်မှန်သာ ဆက်ဆံသည်။ ဒါကိုပင် တချို့က မကျေနပ်။ မနာလိုသူတွေကလည်း အတင်းစကားကို ထမင်းစားရေသောက် သဖွယ် ပြောကြသည်။

ရွှေမဥ္ဇူက အလှနှင့် ဘဝကို မာန မချ။ ဖူးစာမှန်ရင် ရောက်လာ

www.burmeseclassic.com

လိမ့်မည်ဟု ယုံကြည်မျှော်လင့်သည်။ ကံကြမ္မာသည် ရွှေမဥ္ဇူအတွက် ဖန်လာပေးသည်။ မည်သို့မျှ မမျှော်လင့်သော အနေအထားနှင့် ရောက်လာသည်။

တစ်နေ့ ... ထိုတစ်နေ့သည် ရွှေမဥ္ဇူအတွက် ဘဝကို ပြောင်းလဲလိုက်သော နေ့ဖြစ်သည်။ မိုးရွာသည်မှာ သုံးလေးရက်ရှိပြီ။ တစ်နေကုန် ရွာချသော မိုးဖြစ်သည်။ ခပ်ဖွဲဖွဲ မဟုတ်။ ခပ်သဲသဲရွာသောမိုး။ တစ်ခါတစ်ရံ အလင်းရောင် ပျောက်လုပျောက်ခင် မိုးမှောင်ကြီးကျလာသည်။ ယခုလည်း တစ်နေကုန် မတိတ်သော မိုးက သဲသဲမဲမဲ ရွာနေသည်။ လာ၍ စားသောက်သော ဧည့်သည်က မရှိတော့ပေ။ မိုးရွာသဖြင့် ဧည့်လာကနည်းလေသည်။

"ဆိုင်ရှင်တို့ ... ဆိုင်ရှင်တို့"

အသံနှင့်အတူ ဝင်လာသော သူတစ်ယောက်။ ဆိုင်ပိတ်တော့မည် ဖြစ်၍ တံခါးကို တစ်ချက်လောက်သာ အနည်းငယ် ဟထားသည်။ ထိုသူသည် မြင်းကို ကြိုးဆွဲပြီး ဆိုင်အတွင်းသို့ ဝင်လာခြင်း ဖြစ်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ လူက ခန့်ခန့်ချောချောပင်။ မြင်းပေါ်မှ ဆင်းလာစဉ်ကပင် ဆိုင်ထဲသို့ မျက်လုံးအစုံနှင့် ဝေ့ကာဝိုက်ကာ ကြည့်လာသည်။ ထိုလူစိမ်း၏ ခန္ဓာကိုယ်တစ်ကိုယ်လုံး မိုးရေနှင့် ရွှံ့စက်တို့က ရွဲရွဲစိုနေသည်။

"ဆိုင်ရှင်တို့ ... ညစာ ထမင်းစားချင်လို့ ... ထမင်းဟင်းတွေများ ကျန်သေးလားဗျာ"

သူ့အသံကြောင့် အထဲတွင် သန့်ရှင်းရေးလုပ်ကာ လုံးကျင်းနေသော ရွှေမဥ္ဇူက ထွက်လာသည်။ လှသော၊ ချောသော၊ ယဉ်သော ရွှေမဥ္ဇူ၏အလှကို တစ်ခဏ မိန်းမူးသွားသည်။

"မောင်ကြီး ထမင်းစားချင်လို့ပါ။ အချိန်က တော်တော်လေး လင့်နေပြီဆိုတာ သိပါတယ်။ အားလည်းနာပါတယ်။ ဒါပေမယ့် ခရီးလမ်းက အဝေးကြီးက လာရတဲ့အပြင် လမ်းခရီး တစ်လျှောက်လုံးမှာလည်း စားသောက်ဆိုင်ကမရှိတော့ ဒီရောက်မှပဲ စားဖို့စီစဉ်ရတာပါ"

လူစိမ်းက ထမင်းဆိုင်တွင်းရှိ လူအားလုံးသိစေရန် ရှင်းပြနေသည်။

"ထမင်းကတော့ ရှိပါတယ်။ ဟင်းကိုတော့ ကြက်ဥမကျက်တကျက် ကြော်ပေးပါ့မယ် ..."

"ဘာနဲ့ စားရစားရ စားပါ့မယ်"

သို့နှင့်ပင် လူစိမ်းအား ရွှေမဥ္ဇူက ထမင်းပွဲ ပြင်ပေးလိုက်သည်။ ဟင်းပွဲဖြစ်သည့် ကြက်ဥမကျက်တကျက်တွင် ရွှေမဥ္ဇူ ပန်ထားသည့် နှင်းဆီပန်းပွင့်မှ အရွက်တစ်ရွက်က ကြက်ဥကြော် ပန်းကန်ထဲသို့ ကျသွားသည်။

"အို ... အားနာလိုက်တာ"

"ရပါတယ် ... အားနာစရာ မလိုပါဘူး ... အမှတ်တရပေါ့"

ရွှေမဥ္ဇူအား ထိုလူစိမ်းက ရယ်ရယ်မောမောနှင့် ပြန်ပြောလိုက်သည်။ နောက်နေ့ နောက်နေ့ ညတွေကစပြီး ထိုလူစိမ်းတစ်ယောက် ရွှေမဥ္ဇူတို့ စားသောက်ဆိုင်သို့ ခြေဦးပေါက်မတတ် ရောက်လာသည်။ လာတိုင်းလည်း ရွှေမဥ္ဇူကိုသာမေးပြီး ထမင်းနှင့် ကြက်ဥကြော်ကို မပျက်မကွက် စားသည်။ ရက်ကြာလာသည်နှင့်အမျှ 'ရွှေမဥ္ဇူတစ်ယောက် ကိုလူစိမ်းအပေါ်တွင် တွယ်တာလာသည်။ ဘယ်ကလာ၍ ဘယ်မှာနေပြီး ဘယ်ကိုသွားမည် ဆိုသည်ကို မသိသော်လည်း ထိုလူ၏ သွင်ပြင်မှုဟန်လက္ခဏာ ဝတ်စားဆင်ယင်မှုတို့မှာ မင်းစိုးရာဇာ အသိုင်းအဝိုင်းထဲက ဖြစ်မည်ဟု ခန့်မှန်းပြော ဆိုကြသည်။ ကိုလူစိမ်းကတော့ သူ့ဘဝ သူ့အကြောင်းကို တစ်ခွန်းမှ မပြော။ နာမည်ကိုပင် မပြောဘဲ သူ့ကိုယ်သူ မောင်ကြီးလို့သာ နာမ်စားထည့်ပြောသည်။ တစ်ခါတစ်ရံ လူစိမ်းလာလျှင် ရွှေမဥ္ဇူအတွက် အဝတ်အထည်၊ ဖန်ပုတီးလက်ကောက် စသည်တို့ ပါလာသည်။

ထိုလူစိမ်း မလာသည်မှာ လေးငါးရက် ရှိပြီ။ ရွှေမဥ္ဇူ မျှော်ရသည်။ လွမ်းရသည်။ တမ်းတရ၊ သတိရလွန်းလို့လည်း ရင်မှာပူလောင်လှပြီ။

"အဲဒီအချိန်မှာပေါ့ မောင်ရင်ရယ် ရွှေမဥ္ဇူကို မနာလိုကြတဲ့ သူတွေ တစ်ဖက်သတ် ကြိုက်နေကြတဲ့သူတွေက ပူးပေါင်းပြီး မကောင်းတဲ့ အကြံအစည်တွေ ကြံကြတယ်လေ။ သူနဲ့အတူနေ အခန်းဖော်က ယုတ္တိရှိရှိနဲ့ ဖန်တီးပြောလာတာ။ ဟိုလူစိမ်းက ရွှေမဥ္ဇူနဲ့ လက်ထပ်ဖို့အရေး ဆွေးနွေးချင်တယ်။ မြေဖြူလိုဏ်ခေါင်း ရှိရာကို လာခဲ့ပါ။ ညဆယ်နာရီမှာ လာပါ။ မည်သူ့ကိုမှ အဖော်မခေါ်ခဲ့ပါနဲ့ဆိုပြီး ယုံလောက်အောင်ပြောတော့ ရွှေမဥ္ဇူလည်း သွားတာပေါ့"

ရွှေမဥ္ဇူသည် သူ့ဘဝ၏အပြောင်းအလဲတစ်ခုအတွက် လွန်စွာမှ ပျော်နေသည်။ ထို့ကြောင့် မြေဖြူလိုဏ်ခေါင်းသို့ သူတစ်ယောက်တည်း ထွက်လာခဲ့သည်။

www.burmeseclassic.com

"မောင်ကြီး ... မောင်ကြီး ... မောင်ကြီး ဘယ်မှာလဲဟင်။ ရွှေမဥ္ဇူ လာပြီလေ ..."

မြေဖြူလိုဏ်ခေါင်းထဲသို့ ခြေလှမ်းတစ်လှမ်းချင်း လှမ်းကာ ဝင်လာရင်း ပါးစပ်မှလည်း တကြော်ကြော် ခေါ်လျက် ပြန်လည်ထူးသံ မကြားရ၍ စိုးရိမ်စိတ်ဝင်လာသည်။

"မောင်ကြီးရေ ... မောင်ကြီး"

"ဟား ... ဟား ... ဟား ... ဘယ်လိုလဲ မင်းကတော်လောင်းကြီးရဲ့။ လာပါ ... လာပါ။ ကျုပ်တို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေပါတယ် ခင်ဗျာ ..."

အရက်မူးကာ ရမ္မက်ခိုးဝေနေသူတွေရဲ့ ကြောက်ရွံ့ထိတ်လန့်စရာ အသံကို မှောင်ထဲမှာကြားလိုက်ရတယ်။

"ဟင် ... ရှင် ... ရှင်တို့ ... ရှင်တို့ ..."

"ဟား ... ဟား ... ဟုတ်ပါ့ ဗျာ။ မတူမတန်လို ဆက်ဆံပြီး ကျုပ်တို့ရဲ့အချစ်ကိုလက်မခံတဲ့ မင်းကတော်လောင်းကြီးကို ကျုပ်တို့က ကောင်းကောင်းညှော်ဝတ်ပြုကြမလို့ပါ"

မူးမူးရူးရူး ရိုင်းစိုင်းတဲ့ အပြုအမူတွေနဲ့ လူသုံးယောက်ထွက်လာတယ်။

"တိုတိုပြောကြပါစို့ကွယ်။ အဲဒီလူသုံးယောက်က ရွှေမဥ္ဇူရဲ့ ဘဝလေးကို စိတ်ကြမ်း၊ စိတ်ရမ်းတွေနဲ့ မိုက်ရိုင်းစော်ကားပြီး လိုဏ်ဂူနံရံနဲ့ထိလို့ ခေါင်းကွဲပြီး မေ့သွားတဲ့ ရွှေမဥ္ဇူကို လူတွေမသိခင်မှာ သူနေတဲ့အခန်းထဲမှာ ပြန်ပို့ထားလိုက်တယ်။ အခန်းဖော်တွေကလည်း သူ့ကို မနာလိုကြတဲ့သူတွေဖြစ်တော့ ဘယ်လိုမှ အကူအညီ မရဘူးပေါ့။ မနက်ကျတော့ အေးစက်တောင့်တင်းနေတဲ့ ရွှေမဥ္ဇူအလောင်းကိုပဲ တွေ့ကြရတယ်။ ရပ်ရွာက အားလုံးသိကြတာကတော့ ချစ်သူနဲ့ သွားတွေ့ပြီး မြင်းပေါ်ကလိမ့်ကျလို့ သေတာလို့ သတ်မှတ်ကြတယ်"

"အဖြစ်ကလည်း ကြေကွဲစရာကောင်းလိုက်တာ ..."

"ဟုတ်တယ်ကွယ် ... ဟုတ်တယ်။ စားသောက်ဆိုင်မှာလည်း ရွှေမဥ္ဇူလည်း မရှိရော ထမင်းလာစားတဲ့ လူစိမ်းလည်း မလာတော့ဘူး။ အဲဒီတော့ ရွှေမဥ္ဇူရည်းစားနဲ့သွားတွေ့ပြီး အပြန်မှာ မြင်းပေါ်က လိမ့်ကျလို့ သူ့ရည်းစားမလာတော့ဘူးလို့ ပြောကြတာ မှန်သွားတာပေါ့"

"ဒါဆို သူ့ကို စော်ကားတဲ့ သူတွေကရော ..."

"အဲဒီလူတွေက စားသောက်ဆိုင်မှာ မကြာခဏ လာစားကြတယ်။ ဘယ်သူကမှလည်း အရေးအရာလုပ်ပြီး ရွာကလူကြီးတွေကို တိုင်တာမရှိတော့ သူတို့က မျက်နှာတောင် တစ်ချက်မပျက်ဘူး။ အဲ ... ဒါပေမယ့်"

"ဒါပေမယ့် ... ဘာဖြစ်လဲဟင် ဘာဖြစ်လဲ ..."

"ဆန်းတော့ တော်တော်လေးဆန်းတယ်။ ရွှေမဥ္ဇူသေပြီး သိပ်မကြာဘူး။ ညနေစောင်းပြီဆို ဘယ်အရပ် ဘယ်နေရာက မသိဘဲ မြင်းဟီသံနဲ့ မြင်းခွာသံ ကြားရတယ်။ အဲဒီအသံတွေလည်း ကြားပြီးရော ရွှေမဥ္ဇူကို သတ်ခဲ့တဲ့သူတွေဟာ အကောင်အထည်မမြင်ရဘဲ မြင်းအကန်ခံရသလို ဝေဒနာကို မသက်မသာ ခံစားရပြီး ပါးစပ်က သွေးအန်ပြီး တစ်ကိုယ်လုံး အညိုအမည်းစွဲပြီး သေကြရတယ်။ အဲဒါ သုံးယောက်စလုံး တစ်ပြိုင်တည်း မဟုတ်ဘူး။ တစ်နေ့တစ်ယောက်ဆီ သေတာ။ ရွှေမဥ္ဇူနေခဲ့တဲ့အခန်းမှာလည်း ဝတ်ရုံဖြူဖြူကြီး ခြောက်တယ်ဆိုပြီး အခန်းဖော်တွေလည်း ပြောင်းပြေးကြရော ..."

အမေအို့ပြောပြသည့် ဇာတ်လမ်းကို နားထောင်ပြီး ကျုပ်ရဲ့ရင်ထဲမှာ ဝေဒနာကျန်ရစ်ခဲ့တယ်။ အချစ်ကြောင့် ဘဝကို ပေးဆပ်သွားရသူ ရွှေမဥ္ဇူကို သနားမိတယ်။ သူ့ရဲ့အကြောင်းစုံကို ကြားရပြီး ကျုပ်လည်း ရွာထဲကနေ ထမင်းဆိုင်ရှိရာသို့ ပြန်လာခဲ့တယ်။ ကျုပ်ရဲ့နားထဲမှာ ခပ်ဝေးဝေးဆီက မြင်းခွာသံလိုလို သဲ့သဲ့ ကြားမိတယ်။ လဆုတ်ညလေးဖြစ်တဲ့အတွက် လရဲ့အရောင်က ညမှောင်မှောင်ကို မကာကွယ်နိုင်တဲ့အတွက် လရိပ်လရောင် ကျိုးကျဲကျဲကြားက ကျုပ်လျှောက်လာခဲ့တယ် ...။

"ဟော ..."

ကျုပ်ရဲ့ပါးစပ်က မမျှော်လင့်ဘဲ အာမေဋိတ်ထွက်သွားတယ်။ စိတ်ကပဲ ထင်လို့လား ဖဝေဖဝါအတွေးနဲ့။ ကျုပ်ရဲ့အနားက လေတစ်ချက်တိုးလိုက်သလို ခံစားရပြီး ခေါင်းငဲ့ကြည့်လိုက်တော့ သစ် ပင်တို့ရဲ့ အမှောင်ရိပ်အလင်းရောင်ပိုးတဝါးမှာ ဝတ်ရုံဖြူဖြူကလေးများ လွင့်သွားသလိုပဲ။ ကြက်သီးထသလို တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်သွားတယ်။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# အတိုက်

# ဖြစ်ရပ်မှန်မှုခင်းများ

## လှမိုး(ပညာရေး)

ရှားလော့ဟုမ်းသည် ကရီအိုဆုတ်သစ်ဆီ လူးထားသော လက်ကိုင်ပဝါကို သူငှားရမ်းလာသော ခွေးကလေး တိုဘီ၏ နှာခေါင်းနားတွင် ကပ်လိုက်သည်။ တိုဘီသည် ခြေထောက်များကိုကား၍ ဦးခေါင်းကလေးကို မော့ကာ မော့ကာ နှင့် အနံ့ခံသည်။ တိုဘီကိုကြည့်ရသည်မှာ စားသောက်ပွဲကြီး တစ်ခုတွင် စပျစ်ရည်ကောင်းမကောင်း လေ့လာအနံ့ခံကြည့် လျက်ရှိသော အဖျော်ယမကာကျွမ်းကျင်သူတစ်ယောက်၏ ဟန်ပန်ကိုဆောင်နေသည်ဟု ကျွန်တော် (ဒေါက်တာဝပ်ဆင်) ထင်မိသည်။

ထို့နောက် ကျွန်တော့်မိတ်ဆွေကြီး ရှားလော့ဟုမ်းသည် လက်ကိုင်ပဝါလေးကို အဝေးသို့ လွှင့်ပစ်၍ ခွေး၏ လည်ပတ်၌ ချိုင်ခံ့သော ကြိုးတစ်ချောင်း တပ်ဆင်လိုက်ပြီး လျှင် စည်ပိုင်းခြေရင်းအရောက် ခေါ်သွားသည်။ ခွေးကလေး တိုတီသည် စိတ်အားတက်ကြွလာကာ အဆက်မပြတ် တအင် အင်အော်မြည်လျက် မြေပြင်ကို နှာခေါင်းဖြင့်ကပ်၍ အနံ့ခံ ကြည့်ပြန်သည်။ သူ၏အမြီးမှာ အပေါ်သို့ ထောင်နေလေ တော့၏။ ထို့နောက် ကရီအိုဆုတ်သစ်ဆီအနံ့ရသော လမ်း ကြောင်းတစ်လျှောက် လျင်မြန်စွာ လျှောက်သွားရာ ကျွန် တော်နှင့် ရှားလော့ဟုမ်းတို့သည် တိုဘီနောက်သို့ ကြိုးစား လိုက်ကြရလေသတည်း။

အထက်ဖော်ပြပါ စာပိုဒ်သည် ကမ္ဘာကျော်စာရေး ဆရာကြီး ဆာအာသာကိုနင်ဒွိုင်း ရေးသားသော "The Sign of Four" လေးပွင့်ဆိုင် အမည်ရှိသော ဇာတ်ဆောင် အလွတ် စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တို့ ပါဝင်သော ဝတ္ထုမှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာ ပြန်ဆိုဖော်ပြထားခြင်း ဖြစ်ပါသည်။ [ယင်းဝတ္ထုကို ကွယ်လွန် သူစာရေးဆရာကြီး ရွှေဥဒေါင်းက စုံထောက်ကြီး ဦးစံရှား ဇာတ်ဆောင်အဖြစ်ပါဝင်သော 'လေးပွင့်ဆိုင်'အမည်ဖြင့် မှီငြမ်း ရေးသားခဲ့ပြီး ထိုဝတ္ထုကိုပင် ဆရာစိုးမြိုင်က 'လေးပွင့်ဆိုင်နှင့် သိုက်မာယာ'အမည်ဖြင့် တိုက်ရိုက်မြန်မာပြန်ဆို ထုတ်ဝေပြီး ဖြစ်ပါသည်။]

မှန်ပါသည်။ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း သည် ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် တရင်းတနှီး သိကျွမ်း ထားသော စာရေးဆရာကြီး ဖြစ်ပါသည်။ သူရေးခဲ့သော ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေကြီး ဒေါက်တာဝပ်ဆင်တို့ပါဝင် သော စုံထောက်ဝတ္ထုများကို ကျွန်တော်တို့ မြန်မာစာဖတ် ပရိသတ်ဖတ်ရှုခဲ့ကြသည်မှာ နှစ်ကာလအားဖြင့် တွက်ဆ ကြည့်မည်ဆိုလျှင် နှစ်ပေါင်း ၉၀ ကျော်ခန့် ရှိခဲ့ပြီး ဖြစ်သည်။


စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် အလွတ် စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တို့ ဇာတ်ဆောင်ပါဝင်ခဲ့သော ဝတ္ထုတို ၅၆ ပုဒ်နှင့် ဝတ္ထုရှည် ၄ ပုဒ်၊ စုစုပေါင်း အပုဒ် ၆၀ ရေးသားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ထိုရှားလော့ဟုမ်းဝတ္ထုများကို မြန်မာဘာသာ တိုက်ရိုက်ပြန်ဆိုခြင်းမရှိခဲ့။ သို့သော် အထက် ဖော်ပြပါ ဝတ္ထုတိုများထဲမှ The Boscombe Valley Mysery ဝတ္ထုကို ကျွန်တော်တို့ မြန်မာနိုင်ငံမှ ကွယ်လွန်သူ စာရေး ဆရာကြီး ရွှေဥဒေါင်းက ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ် သူရိယ မဂ္ဂဇင်းတွင် "ကြိုးကြာကန်ရွာလူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ"အမည်ဖြင့် မှီငြမ်းရေးသားခဲ့၏။

ကွယ်လွန်သူ ဆရာကြီးရွှေဥဒေါင်းသည် ဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုအားလုံးနီးပါးကို စုံထောက်မောင်စံရှားအဖြစ် မှီငြမ်းရေးသားခဲ့၏။ ကွယ်လွန်သူ စာရေးဆရာကြီးဒဂုန်ရွှေမျှားကလည်း ဆာအာသာကိုနင်ဒွိုင်း ၏ ရှားလော့ဟုမ်းဇာတ်ဆောင်အဖြစ်ပါဝင်သော စုံထောက်



www.burmeseclassic.com

www.burmeseclassic.com




ဝတ္ထုအချို့ကို စုံထောက်ဦးထင်ကျော် အမည်ဖြင့် မှီငြမ်းရေးသားခဲ့ပါသည်။ [ယခုအခါ ရှားလော့ဟုမ်း၏ ဝတ္ထုတို ၅၆ ပုဒ်ကို ကွယ်လွန်သူစာရေးဆရာကြီး မြသန်းတင့်က တိုက်ရိုက်မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဝတ္ထုရှည် ၄ ပုဒ်ကိုမူ စာရေးဆရာကြီးစိုးမြိုင်က တိုက်ရိုက်မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။]

ကမ္ဘာကျော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် သူ့အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေ ဒေါက်တာဝပ်ဆင်တို့အား ဖန်တီး၍ ဝတ္ထုအားလုံးအား စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးခဲ့သည်ဟု ဆိုရမည်ဖြစ်သော်လည်း သူ့ဝတ္ထုများသည် ယနေ့ နောက်ဆုံးပေါ် စုံထောက်ဝတ္ထုများထက် သည်းထိတ်ရင်ဖိုဖွယ်ကောင်းသော ဇာတ်လမ်း၊ သိပ္ပံနည်းကျသော စုံစမ်းထောက်လှမ်းမှုများ ပါဝင်ခဲ့သဖြင့် ယနေ့ထိ စာဖတ်ပရိသတ်သည် တသသဖြစ်ခဲ့ရကား အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းမှာ အသက်ဝင်လျက်ရှိနေသည်။

မှန်ပါသည်။ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် သိပ္ပံနည်းကျသော ဓာတ်ခွဲခန်းတည်ထောင်ရေးနှင့် မှုခင်းဒေသနများအား သူ့ဝတ္ထုများတွင် ထည့်သွင်းရေးသားခဲ့သည်သာမက ယနေ့သတင်းမီဒီယာများက 'ခြေလေးချောင်းစုံထောက်များ'ဟု ကင်ပွန်းတပ်ထားသော ခွေးများအား စနစ်တကျ လေ့ကျင့်၍ ဒုစရိုက်ရာဇဝတ်သားများအား ဖမ်းဆီးနိုင်မှုများကို ရေးသားဖော်ပြခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာမှ စုံထောက်အဖွဲ့ကြီးများ ဖြစ်သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ်စုံထောက်အဖွဲ့၊ ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့၊ အမေရိကန်ပြည်ထောင်စုမှ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၊ အီတလီနိုင်ငံမှ စုံထောက်အဖွဲ့အပါအဝင် အခြားဥရောပတိုက်မှ စုံထောက်အဖွဲ့ဝင်များသည် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဇာတ်ဆောင်အဖြစ်ပါဝင်သော စုံထောက်ဝတ္ထုများမှ အကြံပေးတင်ပြချက်များကို လက်ခံခဲ့ကြပြီး ဓာတ်ခွဲခန်းများကို တည်ထောင်ခဲ့ကြသည်။ ခွေးများကိုလည်း စနစ်တကျလေ့ကျင့်၍ ရာဇဝတ်မှုကျူးလွန်သူ ဒုစရိုက်သမားများနောက်သို့လိုက်စေသည်။ အီဂျစ်နိုင်ငံကမူ ရှားလော့ဟုမ်းဝတ္ထုများအားလုံးကို စုံထောက်အတတ်သင် သိပ္ပံများ၊ ရဲအတတ်သင်သိပ္ပံများတွင် သင်တန်းသူ၊ သင်တန်းသားများအား ဖတ်ရှုစေရန် ပြဋ္ဌာန်းထားသည်ဟု သိရ၏။

လူများမွေးမြူထားကြသော အိမ်မွေးတိရစ္ဆာန်များ ဖြစ်သည့် မြင်း၊ နွား၊ ကျွဲ၊ ကြောင်၊ ခွေး စသော သတ္တဝါများအနက် ခွေးသည် လူများနှင့် အနီးစပ်ဆုံးနှင့် လူများအပေါ် သစ္စာအရှိဆုံး အိမ်မွေးတိရစ္ဆာန်ဖြစ်ရာ ခွေးအား ဒုစရိုက်သမားများ ရှာဖွေရန်အတွက် အထူးအသုံးဝင်ပုံကို ဆာအာသာကိုနင်ဒွိုင်းက သူ့ရှားလော့ဟုမ်းဝတ္ထုတွင် စတင်ရေးသားဖော်ပြခဲ့၏။ မှန်ပါသည်။ ဤလောကတွင် လူတို့သာ အသိဉာဏ်ပညာ ကြွယ်သည်၊ အစစအရာရာကို တတ်သိနားလည်နိုင်သည်ဟု အစဉ်အလာအားဖြင့် လက်ခံထားကြသည်။ သို့သော် လူမဟုတ်သော ခြေလေးချောင်း သတ္တဝါတစ်ကောင်က လူသားတို့ မလုပ်နိုင်သော၊ မသိသော၊ မဖော်ထုတ်နိုင်သော ကိစ္စများ၌ ပေးနိုင်ပါ့မလားဟု သံသယရှိခဲ့ကြသည်။ သို့သော် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဇာတ်ဆောင်အဖြစ်ပါဝင်သော 'လေးပွင့်ဆိုင်'ဝတ္ထုမှ အနံ့ခံကောင်းသော ခွေးကလေး တိုဘီသည် ဒုစရိုက်ရာဇဝတ်သား လူသတ်သမားအား ဖမ်းဆီးပေးနိုင်ကြောင်း ဖော်ပြခဲ့ရာ နိုင်ငံတကာမှ ရဲအဖွဲ့ဝင်များသည် ခွေးများကို စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com

သင်ကြားပြသ ၍ စုံစမ်းထောက်လှမ်းရာတွင် အသုံးချနိုင်ခြင်းဖြင့် ပြစ်မှုများကို တားဆီးကာကွယ်နိုင်ကြောင်း သိရှိလာကြသည်။

ဤသို့ စနစ်တကျသင်ကြားထားသော ခွေးများသည် သာမန်ခွေးများထက် ထူးခြားသော အရည်အချင်းများ ရှိလာသည်။ နားများပို၍ပါလာသည်။ မျက်စိအထူးလျင်၍ အနံ့ခံပို၍ကောင်းမွန်လာပြီး အခုန်၊ အပြေးအလွှားတွင် ကျွမ်းကျင်လာသဖြင့် ခြေလေးချောင်း စုံထောက်ကြီးများဖြစ်လာသည်။

ဤသို့ အဘက်ဘက်က ကျွမ်းကျင်သော ခွေးများအား နိုင်ငံတကာရှိ စုံထောက်ဌာနများ၊ ဥပဒေဘက်တော်သားများသာကမ စစ်ဘက်၌လည်းကောင်း သက်ဆိုင်ရာမှ တာဝန်ပေးခဲ့ကြသည်။ ယခုအခါ မူးယစ်ဆေးဝါးမှောင်ခို ရှာဖွေရေးတွင်လည်းကောင်း၊ မြေမြှုပ်ဗုံးများရှာဖွေရေး လုပ်ငန်းများတွင်လည်း ခြေလေးချောင်းစုံထောက်ခွေးများသည် တာဝန်ယူကြရရှာသည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ကမ္ဘာကျော် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းရေးသော 'လေးပွင့်ဆိုင်'ဝတ္ထုပါ အနံ့ခံကောင်းသော 'တိုဘီ'ကဲ့သို့ ခွေးမျိုးရှိနိုင်ပါမည်လားဟု စာဖတ်သူများက မေးမြန်းလျှင် ရှိပါသည်ဟု ဖြေရတော့မည် ဖြစ်ပါသည်။ မှန်ပါသည်။ အနံ့ခံ ခြေလေးချောင်းစုံထောက် ခွေးများအနက် ဟိုးဟိုးကျော်ထင်ရှားသော ရဲခွေးတစ်မှာ အီတလီနိုင်ငံရဲအဖွဲ့မှ 'ဒေါက်(စ်)'ဟူသော ခွေးဖြစ်သည်။

'ဒေါက်(စ်)'မှာ အယ်(လ်)ဖေးရှင်းခွေးအမျိုးအစား ခွေးတစ်ကောင်ဖြစ်၏။ သူ၏အဓိကတာဝန်မှာ သူ့အား အစစအရာရာ သင်ကြားပေးသော ရဲတပ်ကြပ်ကြီး မိုမိုနီနှင့်အတူ အီတလီနိုင်ငံ၊ တူရင်မြို့ရှိ အရက်ဆိုင်များ၊ ကပွဲရုံများ၊ စားသောက်ခန်းများသို့ သွားလာ၍ နေ့စဉ် စုံစမ်းစစ်ဆေးလေ့ရှိသည်။ ဤသို့ဖြင့် အနံ့ခံ ခြေလေးချောင်းစုံထောက်ကြီး 'ဒေါက်(စ်)' သည် ခြောက်နှစ်တိတိ တူရင်မြို့ ရဲအဖွဲ့ဝင် ဥပဒေဘက်တော်သား စုံထောက်ကြီး'ဒေါက်(စ်)'အဖြစ် လူသိများခဲ့သည်။

'ဒေါက်(စ်)'၏အရောင်မှာ အညိုရောင်ဖြစ်သည်။ သူ့သခင်နှင့် သူသည် တူရင်မြို့ မြေအောက်လောကမှ ဒုစရိုက်သားကောင်များကို ဖမ်းဆီးရာတွင် ထာဝစဉ်ပါလေ့ရှိရာ သူ့အမည်ကို ကြားသည်နှင့်ပင် ဒုစရိုက်သားရဲတွင်းများတွင် ခိုအောင်းနေသော သားကောင်များသည် လက်နက်ချ



အရှုံးပေးလေ့ရှိသည်ဟု သိရ၏။ သို့ဖြစ်၍ 'ဒေါက်(စ်)'၏ ရဲစွမ်းသတ္တိ၊ အနံ့ခံကောင်းမှု၊ လုပ်ငန်းတာဝန် ကျေပွန်မှုတို့ကြောင့် သူ့ဂုဏ်သတင်းမှာ ဝေးနီးကျော်ကြားလှပေသည်။ အီတလီနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကလည်း 'ဒေါက်(စ်)'အကြောင်း အသေးစိတ် ဖော်ပြခဲ့သည်သာမက ရုပ်သံလွှင့်အစီအစဉ်များကပါ ထုတ်လွှင့်ပေးခဲ့သဖြင့် ကမ္ဘာ့နိုင်ငံတကာရဲအဖွဲ့ကပင် သူ့အား အထူးလေးစားသည်ဟု သိရသည်။

ရောမမြို့တော် ရဲအဖွဲ့ကလည်း ထင်ပေါ်လာသော 'ဒေါက်(စ်)'အား မျက်စိကျလာသဖြင့် သူနှင့် သူ့သခင် ရဲတပ်ကြပ်ကြီး မိုမိုနီနှင့်အတူ ရောမမြို့တော် ရဲအဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ခေါ်ယူခဲ့ရာ 'ဒေါက်(စ်)'မှာ ထင်ပေါ်သဖြင့် စင်တော်က ကောက်ခံရခြင်းဖြစ်သည်။ သူနှင့် သူ့သခင် ရောမမြို့တော်သို့ ရောက်လာသည်ဟု သတင်းပျံ့နှံ့လာသည်နှင့် ရောမမြို့တော်မှ ဒုစရိုက်သားကောင်များမှာ ချောက်ချားလာသည်ဟု ဆိုသည်။

'ဒေါက်(စ်)'၏ စွမ်းရည်မှာလည်း အံ့မခန်းဖြစ်သည်။ သူသည် ပစ္စတိုသေနတ်ကို ကျည်ဆန်မထွက်အောင် ထုတ်ယူနိုင်ခြင်း၊ ကျည်ကပ်ဖြုတ်ယူနိုင်ခြင်း၊ သေနတ်ခလုတ်အား လက်သည်းဖြင့် မောင်းဖြုတ်နိုင်ခြင်းတို့ကြောင့် ဒုစရိုက်သမား



www.burmeseclassic.com

www.burmeseclassic.com

များက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြခြင်းဖြစ်သည်။ 'ဒေါက်(စ်)'သည် တိရစ္ဆာန်တစ်ကောင်ပင် ဖြစ်သော်လည်း လူတို့ကဲ့သို့ပင် မြေအောက်ဒုစရိုက်လောကသားများ နှိမ်နင်းရေးတွင် အထူးအားထားရသူ ဖြစ်သည်။ စုံထောက်ဉာဏ်စွမ်းရည် ထက်သူဟု ဆိုရမည်ဖြစ်၏။

ရောမမြို့တော် ရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိကြီးတစ်ဦးကမူ သတင်းမီဒီယာများကို အောက်ပါအတိုင်း ပြောပြခဲ့သည်ဟု သိရသည်။ "'ဒေါက်(စ်)'ကို တာဝန်ပေးတဲ့ အမှုမှန်သမျှ အားလုံးအပြေမှန်ရတာပဲ။ မည်သူ့အမှုမှ မပြေရှင်းနိုင်သောအမှု Unsolved မရှိခဲ့ဘူး။ အလွန်ထူးခြားတဲ့ ဉာဏ်ရည်ဉာဏ်သွေးထက်တဲ့ ခွေးတစ်ကောင်ပါပဲ။ အမှန်တကယ်တော့ သူဟာ စုံထောက်တစ်ယောက်ပါပဲဗျာ"

မှန်ပါသည်။ သို့ဖြစ်၍ အီတလီနိုင်ငံ ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့ဝင်များအားလုံးက သူ့အား ရဲတော်ရဲဘက် စုံထောက်တစ်ဦးကဲ့သို့ ဆက်ဆံသည်ဟု သိရ၏။ သူ၏ အနံ့ခံ စုံထောက်စွမ်းအင်မှာ ထူးခြားလှသည်။ မှုခင်းတစ်မှု ဖြစ်ပွားရာနေရာမှ ပြစ်မှုကျူးလွန်သူ၏ ခြေရာကိုသော်လည်းကောင်း။ သို့မဟုတ် ထိုသူကိုင်ဆောင်ထားသော ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ၎င်းပြစ်မှုကျူးလွန်သူ၏ ဒဏ်ရာမှ ရရှိထားသော သွေးကွက်များကိုသော်လည်းကောင်း အနံ့ခံနိုင်သည်



ဟုဆို၏။ ဤသို့ အနံ့ခံနိုင်ခြင်းဖြင့် ပတ်ဝန်းကျင် ၁၂ မိုင်ကို ပိုက်စိပ်တိုက်ရှာဖွေနိုင်ရာ ဥပဒေကျူးလွန်သူအများမှာ တရားခွင်သို့ရောက်ခဲ့ရပြီး တရားဥပဒေအတိုင်း အရေးယူခြင်း ခံရသည်ဟု ရောမမြို့သတင်းမီဒီယာလောကမှ ထိပ်တန်း မှုခင်းသတင်းထောက်ကြီးတစ်ယောက်က ထုတ်ဖော်ပြောပြခဲ့သည်။

'ဒေါက်(စ်)'၏ ထူးခြားသောအစွမ်းကြောင့် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ရဲတပ်ဖွဲ့ခွေးများ ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခုနှင့် ငွေတံဆိပ် ၂၇ ခု ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံတကာရဲအဖွဲ့မှ ကြီးမှူးကျင်းပသော ခြေလေးချောင်းစုံထောက်ပြိုင်ပွဲတွင် 'ဒေါက်(စ်)'မှာ တံခွန်စိုက်ဒိုင်းဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

ထိုစဉ်က 'ဒေါက်(စ်)'နှင့် ပြိုင်ဘက်စုံထောက်ခွေးများမှာလည်း နာမည်ကျော် ခြေလေးချောင်းစုံထောက်ခွေးများ ဖြစ်၏။ သာဓကအားဖြင့် ယင်းပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော ခွေးမှာ အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေဟု ကင်ပွန်းတပ်ခံရသော စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ 'ရက်(စ်)'ခေါ် အယ်(လ်)ဇေးရှင်း အမျိုးအစား ဖြစ်သည်။ ထိုပြိုင်ပွဲမှာပင် တတိယရရှိသော ခွေးမှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့မှ 'ဇီရို'ခေါ် ခွေးဖြစ်သည်ဟု သိရ၏။

မှန်ပါသည်။ အထက်ဖော်ပြပါ ခြေလေးချောင်း ခွေးစုံထောက်များသည် စနစ်တကျ လေ့ကျင့်သင်ကြားပေးမှုကြောင့် မွေးရာပါ ဗီဇညာဉ်ဖြစ်သော အနံ့ခံမှုတွင် ခြေရာခံမှု အတတ်ပညာကိုပါ တတ်ကျွမ်းလာကြသည်။ သူတို့၏ ခြေရာခံမှုသည်လည်း စိတ်ချရသောအနေအထားရှိသဖြင့် စုံထောက်နှင့် ရဲတို့အဖို့ ခွေးများနောက်မှ လိုက်သွားရုံဖြင့် ပြစ်မှုကျူးလွန်သော ဒုစရိုက်သမားကို ဖမ်းဆီးနိုင်ပေသည်။ ဒုစရိုက်သမားများအနေဖြင့်လည်း ခွေးများ၏ သည်းထိတ်ရင်ဖိုဖွယ် ပုံပန်းသဏ္ဍာန် မာန်ဖီ၍ ဟိန်းသောအသံ၊ ခြေသည်းတို့ဖြင့် ကုတ်ခြစ်ဟန်တို့ကြောင့် စိတ်ချောက်ချား၍ အဖမ်းခံခြင်းလည်း ဖြစ်နိုင်သည်ဟု ဆိုကြပါကြောင်း။

**လှမိုး[ပညာရေး]**

ကျမ်းကိုး


(၁) Shelock Holmes-By A.C. Doyle

(၂) Inside Scotlandyard



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုဖိုးကြွား ရဲ့ တစ်ခါတုန်းက စယ်လူလာ

ဝင်းသောင်(ရမည်းသင်း)

နိုင်ငံတော်အစိုးရက လက်ကိုင်ဖုန်း လူတန်းစားမရွေးသုံးနိုင်အောင် ဈေးသက်သာစွာနဲ့ ရောင်းချပေးတော့ မြို့ပြကျေးလက်မကျန် သုံးစွဲနိုင်ကြဖို့ ဝမ်းသာကြတယ်။ နောင်ဆို အကန့်အသတ်မရှိ ရောင်းချပေးတော့မယ်ဆိုတာ သိရပြန်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့။

ဖုန်းသုံးစွဲကြမယ့်သူများဘက်ကလည်း နိုင်ငံတော်ရဲ့ စေတနာကို ဝေဒနာမဖြစ်ရအောင် သူနေရာနဲ့သူ သုံးစွဲတတ်ဖို့ လိုပါတယ်။ ဖုန်းကိုင်ရပြီဆိုတာနဲ့ တခြားလူ စိတ်အနှောင့်အယှက်ဖြစ်အောင်၊ တမင်သက်သက်စိတ်ငြိုငြင်အောင် မတော်မတည့်စကားလုံးတွေနဲ့ နားမခံသာအောင် နမချင်းမစာ ပြောတာဆိုတာတို့ တစ်ဖက်လူ နစ်နာစေလိုတဲ့စိတ်နဲ့ တာဝန်ရှိသူများနဲ့ ရဲစခန်းမီးသတ်စတဲ့ ဌာနတွေကို မမှန်သတင်းပေးတာတို့ ရှောင်ရပါမယ်။ ကိုယ်စည်းကမ်းမဲ့ ပရမ်းပတာ ပြောဆိုနေတာ တစ်ဖက်က မသိဘူးမထင်နဲ့။ ကွဲခနဲမိသွားမယ်။ ဒီခေတ်က အိုင်တီခေတ်ဆိုတာ မမေ့နဲ့။ ပြောနေတဲ့ ဖုန်းနံပါတ်ဟာ လက်ခံဖုန်းထဲ တစ်ပြိုင်တည်းဝင်သွားပြီဆိုတော့ ဘယ်ကဆက်တာလဲဆိုတာ စုံစမ်းဖို့ လွယ်လွယ်လေး။ ဒီခေတ်လို အိုင်တီမထွန်းကားမီ လက်ကိုင်ဖုန်းခေတ်ဦးကာလလောက်က အကယ်ဒမီမင်းသမီးတစ်ယောက်ဆီ မတော်မလျော်တဲ့စကားနဲ့ ဖုန်းဆက်ပြီး ဖုန်းသရဲလုပ်တာ သက်ဆိုင်ရာတိုင်တော့ ကွဲခနဲမိသွားတဲ့အကြောင်း သတင်းစာထဲမှာ ဖတ်ဖူးတယ်၊ ရှက်စရာကြီး။

ဖုန်းသုံးစွဲမယ့်သူများ မလွှဲမသွေသိထားသင့်တာကတော့ လူထုထုမှာ ဖုန်းဆက်အိုက်တင်ပေးပြီး ကြွားမနေနဲ့။ ဒီနေ့ ပန်းရန်ဆရာ၊ ဆိုက်ကားဆရာ၊ ကွမ်းယာသည်အဆုံး လက်ကိုင်ဖုန်းသုံးနိုင်တဲ့ အခြေအနေရောက်နေပြီ။ ရှီးပြနေလည်း ဟိုတုန်းကလို ဘယ်သူမှ အထင်မကြီးဘူး။ ဘတ်(စ်)ကားလွတ်သွားတာပဲရှိမယ်။ အထူးသတိပြုရမယ့်အချက်တွေကတော့ -

ယာဉ်မောင်းရင် လက်ကိုင်ဖုန်းမပြောနဲ့၊ ယာဉ်တိုက်မှုဖြစ်တတ်တယ်။

ဓာတ်ဆီပန့်မှာ ဆီဖြည့်ရင်း လက်ကိုင်ဖုန်းမပြောနဲ့၊ ပေါက်ကွဲမီးလောင်တတ်တယ်။

ဖုန်းကို အားသွင်းထားရင်း အသုံးမပြုနဲ့၊ ဦးနှောက်သွေးကြောပြတ်ပြီး လဲသေတတ်တယ်။

လက်ကိုင်ဖုန်း ၁၀ နှစ်အောက်ကလေး ပေးမသုံးနဲ့၊ အာရုံကြော ထိခိုက်တတ်တယ်။

အင်း…လက်ကိုင်ဖုန်းအကြောင်းပြောရင်း ၁၉၉၆/၉၇ လောက်က လက်ကိုင်ဖုန်းကို ရူးသွပ်တဲ့ လူငယ်တစ်ယောက်အကြောင်း သတိရမိတယ်။ ဖြစ်စဉ်က မဆန်းပေမယ့် ဖုန်းနဲ့ပတ်သက်လို့ သင်ခန်းစာပေးချင်တာနဲ့ အဲဒီတုန်းက မဂ္ဂဇင်းတစ်ခုရဲ့ စာမျက်နှာပေါ်မှာ "စယ်လူလာသမား ကိုဖိုးကြွား" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတစ်ပုဒ် ရေးသားတင်ပြခဲ့ဖူးပါတယ်။ အဲဒီဝတ္ထုက ဒီလိုပါ။

"ကလင်…"

www.burmeseclassic.com

"ကလင်..."

"အချိန်မတော် ဘယ်ကဖုန်းပါလိမ့်။ ည ၁၂ နာရီတောင် ထိုးနေပြီ။ ဘုရား...လွဲပါစေ၊ ဖယ်ပါစေ"

ရွှေတောင်ကြားလမ်းရှိ ခေတ်မီတိုက်ကြီးတစ်တိုက်၏ အိပ်ခန်းအတွင်းမှ တယ်လီဖုန်းသံ အဆက်မပြတ် မြည်လာရာ နှစ်ယောက်အိပ် မယော်ဂနီရောင် ခုတင်ကြီးပေါ်တွင် အပူအပင်ကင်းကင်းနဲ့ နှစ်ခြိုက်စွာ အိပ်မောကျနေသည့် အိမ်ကြီးရှင်သခင်မ ဒေါ်မိုးမြင့်သူဇာ အိပ်ရာက နိုးသွားသည်။

ဒေါ်မိုးမြင့်သူဇာသည် အိပ်ရေးကောင်း ဒိန်းဒေါင်းဖျက်သလို ဖုန်းသံမြည်လာခြင်းအတွက် အလိုမကျသလိုဖြစ်သွားပြီး နှုတ်က ဗျစ်တောက် ဗျစ်တောက် ပြောဆိုကာ အိပ်ရာက လူးလဲထလိုက်သည်။

ခင်ပွန်းဖြစ်သော ရွှေတောင်ထိပ်ကုန်တိုက်ကြီးများနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် ဦးမြင့်မြတ်ခိုင် စင်္ကာပူသို့ ပြီးခဲ့တဲ့ တနင်္လာနေ့က သွားနေသည်ဖြစ်ရာ ဇနီးနဲ့ သားသမီးများထံ နေ့စဉ် ဖုန်းဆက်လေ့ရှိသည်။ ဒီနေ့လည်း ညနေ ၄ နာရီလောက်က ဖုန်းပြောဖြစ်သေးသဖြင့် တနင်္ဂနွေနေ့ စင်္ကာပူ-ရန်ကုန် ဖလိုက်နှင့် ပြန်လာမယ့်အကြောင်း သိပြီးဖြစ်သည်။

သား မြင့်မြတ်ထွတ်ခေါင်နှင့် သမီး မြင့်မြတ်ရွှေရည်ဖူးတို့ မှာလိုက်သော ပစ္စည်းတွေလည်း ဝယ်ထားပြီးကြောင်း သတင်းရထားပြီးဖြစ်ရာ ညဉ့်သန်းခေါင်သန်းလွဲ ခင်ပွန်းဖြစ်သူ ဦးမြင့်မြတ်ခိုင်ထံမှ ဖုန်းမဖြစ်နိုင်ကြောင်း ဒေါ်မိုးမြင့်သူဇာ တွက်မိသည်။

ဒေါ်မိုးမြင့်သူဇာ၏ မိခင်ကြီးမှာ ကိုးမိုင်ရှိ ပတ္တမြားရိပ်မြုံ ခြံကြီး၌ ဒေါ်မိုးမြင့်သူဇာ၏ညီမ ရွှေတောင်ထိပ် ကုန်တိုက်ကြီးများ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်မိုးမြင့်သီတာမိသားစုနှင့်အတူနေပြီး လွန်ခဲ့သည့်နှစ်ရက်က နေထိုင်မကောင်းကြောင်း ညီမဖြစ်သူ၏ ဖုန်းဆက်အကြောင်းကြားချက်အရ သိထားခဲ့သည်။ ခင်ပွန်းသည် နိုင်ငံခြားသွားနေတာကြောင့်တစ်ကြောင်း၊ သမီးမြင့်မြတ်ရွှေရည်ဖူးမှာလည်း သူငယ်ချင်းများနဲ့ ပေလီသွား အပန်းဖြေနေသဖြင့် မိခင်ကြီးနေထိုင်မကောင်း ဖြစ်နေတာကို သွားမကြည့်ဖြစ်သေးပေ။ ယခုကြားနေရတဲ့ တယ်လီဖုန်းခေါ်သံသည် မိခင်ကြီးရဲ့ ကျန်းမာရေးအခြေအနေများလား တွေးမိကာ ဘုရား...ဘုရားတရင်း ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို...ရွှေတောင်ထိပ် စံအိမ်ကပါ"

"ဟဲလို...မာမီ...မာမီလား...အား..."

"ဘယ်သူလဲ...မကြားရဘူး။ ကျယ်ကျယ်ပြောပါ"

"သား...သားပါ မာမီ။ မာမီက သားအသံတောင် မမှတ်မိတော့ဘူးလားဗျာ...အဟင့်...ဟင့်"

ဒေါ်မိုးမြင့်သူဇာသည် ဖုန်းထဲက စကားသံ မသဲကွဲသဖြင့် နားမရှင်းသည့်အတွက် ပြန်မေးလိုက်ရာ မြင့်မြတ်ထွတ်ခေါင်ဘက်က ဝမ်းနည်းသံကြီးနှင့် ပြန်ပြောလိုက်သည်။

"ဩော်...သားလေးပဲ။ မာမီက နားမရှင်းလို့ပါကွယ်။ သားလေး ဘယ်က ဆက်နေတာလဲဟင်"

"ယောယုဝ...ယောယုဝဆိုတဲ့ ငရဲက ဆက်နေတာပါ မာမီ"

"သားလေးပြောတာ မာမီ နားမရှင်းဘူး။ ပီပီသသနဲ့ ကျယ်ကျယ်ပြောစမ်းပါကွယ်"

"သား ဒီထက်ပီပီသသပြောလို့ မရတော့ဘူး မာမီ။ သားရဲ့ နှာခေါင်းနဲ့ ပါးစပ်တွေက သွေးတွေ ယိုစီးကျနေတယ်။ ပြီးတော့ နံရိုးတွေ၊ လက်တွေ၊ ခြေတွေလည်း ကျိုးကုန်ပြီ။ သားရောက်နေတဲ့နေရာကတော့ ဆေးရုံကြီးအရေးပေါ်ဌာနက သူနာတင်လှည်းပေါ်မှာပါ။ သားကံဆိုးတယ် မာမီ။ အရေးပေါ်ကို သားရောက်ရောက်ချင်း တာဝန်ကျဆရာဝန်၊ ဆရာမတွေက ကြိုးစားပမ်းစားနဲ့ ကုပေးကြပါတယ်။ ဒါပေမယ့် သူတို့ သားကို မကယ်နိုင်ဘူးဆိုတာ သိလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ထဲက ခေါင်းဆောင်ဆရာဝန်က ခေါင်းရမ်းပြီး သူနာတင်လှည်းဘေးက ထွက်သွားတာ မြင်လိုက်တယ်"

"ချက်ချင်းပဲ မာမီရေ...ဆေးရုံလုပ်သားတွေက သားကိုယ်ပေါ် ပိတ်ဖြူကြီးတွေလွှမ်းတယ်။ ပြီးတော့ တရှောင်းရှောင်းနဲ့ သူနာတင်လှည်းပေါ် တင်တွန်းပြီး အခန်းတစ်ခန်းထဲမှာ ထားခဲ့တယ်။ သားအိပ်ကောင်းကောင်းနဲ့ အိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားမှန်း မသိဘူး။ အိပ်နေတာကနိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အပါးပါး...သားလိုအလောင်းကောင်တွေ အများကြီးပဲ။ အခန်းကြီးကလည်း သားအိပ်ခန်းထက်



www.burmeseclassic.com

www.burmeseclassic.com

တောင် ကျယ်ပြီး အေးလိုက်တာမှ သား အိပ်ခန်းက အဲယားကွန်းထက်တောင် အေးတယ် မာမီ"

"ဟဲ့···ဟဲ့···သားလေး၊ မဦး မချွတ် ဘာတွေလျှောက်ပြောနေတာ လဲ။ မပြောကောင်းမဆိုကောင်း နိမိတ် မရှိ၊ နမာမရှိတွေ သားရယ်။ ညဉ့်နက် လှပြီ၊ အိမ်ပြန်ခဲ့တော့"

"မာမီနဲ့သားက ဘဝခြားနေပြီ။ သားအိမ်ပြန်လို့မရတော့ဘူး။ ယမမင်း ကြီးက သားကို အင်တာဗျူးလုပ်နေ တယ်။

မင်းဟာ လူ့ဘဝမှာတုန်းက လူ မလိုင်မိသားစုမှာ ဖြစ်တည်ခဲ့တယ်။ ဟိုနားလတ်လျားလတ်လျား၊ ဒီနား လတ်လျားလတ်လျားနဲ့ စယ်လူလာဖုန်း ခါးမှာထား၊ သောက်ကြွားတွေပိုခဲ့တာ မှန်သလားတဲ့ မာမီ။ နောက်မေးခွန်းက တော့···

လူ့ပြည်မှာနေ မင်းတို့တစ်တွေ လူခေါ်ထိုက်တဲ့ လူ့မှုတာဝန် ဘယ် လောက်ကျေခဲ့သလဲတဲ့။ ယမမင်းက အမြင်ကတ်စရာ ခွကြီးပဲ မာမီ၊ အမြင် ကတ်ကတ်နဲ့ သားကလည်း တစ်ခု မကျန် ခွတိုက်ဖြေပစ်လိုက်တယ်။ ရက်(စ်)တောရင့် တစ်ခုပြီးတစ်ခုပြောင်း၊ အပေါင်းအသင်းတွေစုပြီး ဘီယာ သောက်တဲ့အကြောင်း၊ နိုက်ပလပ်တွေ ညစဉ်တက်၊ အေမီ၊ မော်လီ၊ စူစီတို့နဲ့ တွဲကခဲ့တဲ့အကြောင်း အဲဒီလို ခွတိုက် ပြောပစ်လိုက်တော့မှ ငရဲမင်းကြီး ငြိမ် သွားတယ်"

"ကဲ···ကဲ···သားလေး၊ သိပ် မူးနေတယ် ထင်တယ်။ သူငယ်ချင်း တစ်ယောက်ကို အကူအညီတောင်းပြီး အိမ်ပြန်ပို့ခိုင်းလိုက်။ ဒါမှမဟုတ် မာမီ ကားနဲ့ ဒရိုင်ဘာလွှတ်ပြီး ခေါ်ခိုင်းလိုက် မယ်။ သားကား အဲဒီရက်(စ်)တောရင့် ဘေးမှာပဲ ထားခဲ့ပြီးတော့ စံဗြေးကိုလွှတ် ပြီး ယူခိုင်းလိုက်မယ်"

. "ခက်တော့တာပဲ မာမီရယ်။ ယမ မင်းဆီမှာ အမေးအဖြေတွေ လုပ်နေရ ပါတယ်ဆိုမှ သားအိမ်ကို ဘယ်လိုပြန် လာလို့ရတော့မှာလဲ မာမီရယ်···။ ဒီလောက်တောင် ဖြစ်လှတာ မာမီ နားလည်အောင် သားနုတ်သံနှောပြော လိုက်တော့မယ်··နော်···မာမီနော်"

"ဖြစ်ကြောင်းကုန်စင် ဒီနေ့ညနေ ၃ နာရီလောက်တွင် ကုက္ကိုင်းမီးပွိုင့် အနီး ဘီယာဘားကြီးတစ်ခုတွင် သူငယ် ချင်းအပေါင်း မြင်မကောင်းအောင် သောက်ရင်းကဲကြပါတယ်။ ထိုမှတစ်ဖန် ညနေ ၅ နာရီထိုးပြန်တော့ စားလို့ လည်းဝ၊ သောက်လို့လည်း အေးမြမြနဲ့ လူစုခွဲ ချိန်ကျပြီမို့ သားတို့အပေါင်း အသင်းများ လမ်းခွဲခဲ့ကြပါတယ်"

"သားရဲ့ကားလေး ကမ္ဘာအေး ဘုရားလမ်းအတိုင်း မြို့ထဲဘက် ဦးတည် မောင်းခဲ့ပါတယ်။ ကပ်ရှောင်၊ ဖြတ်ရှောင်၊ မီးနီဖြတ်၊ တရစပ် မောင်းချင်တိုင်း မောင်းပေမယ့် ကံကောင်းလို့ ဘေးကင်း ခဲ့တယ်။ ဘယ်ကားကိုမှ ဝင်မအောင်းခဲ့ ဘူး မာမီ"

"ရွှေဂုံတိုင်မီးပွိုင့်မှာတော့ မီးနီ လည်းမိ၊ ရှေ့ကကားလည်း ရှိတာမို့ ဖြတ်ကျော်ဖို့ မတတ်သာဘဲ ကျွန်တော့် ကားလေးရပ်လိုက်ရတယ် မာမီရဲ့"

"ထိုစဉ်အခိုက် သားရဲ့ ဘဝင်ခိုက် အောင် ဖန်လာတာကတော့ သားကား နံဘေး ယှဉ်ကာရပ်ထားတဲ့ ကားကလေး ပေါ်မှာ အပါးပါး သိပ်လှတဲ့ ကောင်မ လေးတွေပဲ မာမီ"

"ဘယ်ကောင်မလေးမှ သားကို တစ်ချက်ကလေး လှည့်မကြည့်ဘူးမာမီ။ ဒါမျိုးတော့ မရဘူးလေ။ သားက မာမီ့ သားပဲ။ ခါးမှာချိတ်ထားတဲ့ သားရဲ့ စယ်လူလာ လက်ကိုင်ဖုန်းကို ဖြုတ်ပြီး မချောလေးတွေ မြင်သာအောင် ကား တံခါးဘောင်မှာ လက်တင်ပြီး သူငယ် ချင်း ဒေးဗစ်လှအောင်ဆီ အကြောင်း မရှိအကြောင်းရှာ အသံငါးနဲ့ ဖုန်းဆက် ပစ်လိုက်တယ်။ အကြောင်းမသိတဲ့ ဒေးဗစ်က ဟာကောင် တိုးတိုးပြောစမ်း ပါ။ ငါနားမပင်းဘူးတဲ့။ တော်တော်ရယ် စရာကောင်းတဲ့ ဒေးဗစ်ပဲနော် မာမီ။ ဒီလောက် ဖိုသံပေးနေတာတောင် မချောလေးတွေက သားဘက်ကို တစ် ချက်လေး လှည့်မကြည့်ဘူး"

"အဲဒီအချိန်မှာပဲ မီးစိမ်းအချက်ပြ တယ်။ လက်တစ်ဖက်က စတီယာရင် ကိုင်၊ တစ်ဖက်ကတော့ ကျွန်တော့် အချစ်တော် စယ်လူလာလက်ကိုင်ဖုန်း လေးကိုင်ရင်း မိန်းမချောလေးများစီး လာတဲ့ ကားလေးနဲ့ နီးနိုင်သမျှနီးအောင် လမ်းကြောကပ်မောင်းလိုက်တယ်"

"မချောလေးတွေရဲ့ ဒရိုင်ဘာကြီး က သားကိုမကြည့်ဘူးထင်ပါရဲ့ မာမီ ရယ်။ ဘုကြည့်ကြည့်ပြီး လီဗာတင်မောင်း သွားတာ သားကားလေး ကျန်ခဲ့တယ်"

ဒီလိုတော့ ဘယ်ရမလဲ မာမီရာ။ သားက မာမီ့သားပဲ။ လီဗာကို နှစ်ဆ ဖိနင်းပြီး အဘိုးကြီးကားကို ကျော်တယ်



www.burmeseclassic.com

www.burmeseclassic.com

ပြလိုက်တယ်။ သားကို ဂရုမစိုက်၊ လှည့်မကြည့်တဲ့ ကောင်မလေးတွေ သားကို လှည့်မကြည့်ဘဲ မနေနိုင်တော့ဘူး။ အိုဟယ်···သေပြီလားမသိဘူး။ သနားပါတယ်ဆိုတဲ့ မိန်းမချောလေးတို့အသံလေးတွေ ကြားလိုက်မိတယ်။ အလကားကောင်···စယ်လူလာသမား ကိုဖိုးကြွား သေမှကောင်းတယ်ဆိုတဲ့ အသံလည်း ကြားမိတယ်"

"အဖြစ်က ဒီလို။ လက်တစ်ဖက်က စယ်လူလာ လက်ကိုင်ဖုန်း၊ တစ်ဖက်က ကားမောင်းဆိုတော့ ရှေ့က လမ်းမှန်အတိုင်း မောင်းလာတဲ့ ဟိုင်းလတ်ကားကို ဘွားခနဲအတွေ့ မရှောင်သာတော့ဘဲ ဂျိုင်းခနဲ ဝင်အောင်းမိတာ ဖြစ်တဲ့နေရာက ဗဟန်းစခန်းရှေ့ အကွေ့မှာဆိုတော့ စခန်းရဲတပ်ဖွဲ့ဝင်တွေက သားကို ကားထဲက ဆွဲထုတ်ပြီး ဆေးရုံပို့ပေးကြတာပါ"

"အဆိုးထဲက အကောင်းပဲ သဘောထားတော့ မာမီ။ ကားတိုက်စဉ်က သားရဲ့ အရိုးတွေ ကျိုးကြေသေဆုံးသွားပေမယ့် သားအချစ်တော် စယ်လူလာ လက်ကိုင်ဖုန်းလေးကတော့ ·· အကောင်းအတိုင်းပဲ။ ယမမင်းကြီး အလစ်မှာ ဖြစ်ကြောင်းကုန်စင် မာမီကို ပြောပြချင်လွန်းလို့ ခိုးဆက်လိုက်တာ။ အင်း··အင်း···အား···သားရင်ထဲက အောင့်လာပြီ။ အသက်ရှူမဝတော့ဘူး။ ကယ်ပါဦး မာမီရယ်၊··· ကယ်ပါဦး"

အို··ဘုရား ဘုရား။ ငါအိပ်မက်မက်နေတာပါလား။ တော်ပါသေးရဲ့ တော်ပါသေးရဲ့ ငါ့သားလေး ဘေးကင်းပါစေ၊ ငါ့မေမေ ဘေးကင်းပါစေ၊ ငါ့သမီးလေး ဘေးကင်းပါစေ၊ ငါ့ချစ်ခင်ပွန်း ဘေးကင်းပါစေ။

"တီ···"

"တီ···တီ"

"အပြင်က ဘဲ(လ်)နှိပ်နေပြန်ပြီ။ ဘာများလဲ"

ဒေါ်မိုးမြင့်သူဇာသည် အိပ်မက်မက်နေရာက လန့်နိုးပြီး ပြန်အိပ်မည်အလုပ် အိမ်ပြင်မှ ဘဲ(လ်)သံကြား၍ လှမ်းမေးလိုက်သည်။

"ကျွန်တော် ဖိုးစိန်ပါ မမ။ ရပ်ကွက်လူကြီးများနဲ့ ရဲအရာရှိများ လာလို့ပါခင်ဗျ"

ရွှေတောင်ထိပ် ခြံကြီး၏ ခြံစောင့် ကိုဖိုးစိန်သည် တိုက်ထဲမှ မေးလိုက်သည့် သူဌေးကတော်၏အသံ ကြားသဖြင့် ဘဲ(လ်)နှိပ်ရခြင်းအကြောင်း ရှင်းပြလိုက်ရာ ချက်ချင်း တိုက်တံခါးဖွင့်၍ အိမ်ကြီး၏ ဧည့်ခန်းမီးများ လင်းထိန်သွားသည်။

"လာပါ··လာကြပါရှင်။ ထိုင်ကြပါ။ လာရင်းကိစ္စ သိပါရစေ"

ဒေါ်မိုးမြင့်သူဇာသည် ပြုတ်နေသည့် ညဝတ်အင်္ကျီ ကြယ်သီးများကို မသိမသာတပ်ရင်း ဧည့်သည်များကို ကြိုဆိုကာ လာရင်းကိစ္စ မေးကြည့်လိုက်သည်။

"ဒီလိုပါ အမကြီး။ ဟောဒီက ဦးသိန်းနဲ့ ဦးလှအောင်တို့ဟာ အမကြီးတို့ ရပ်ကွက်က ရပ်ကွက်လူကြီးတွေဆိုတာ အမကြီးသိပါလိမ့်မယ်။ ကျွန်တော်ကတော့ ရဲစခန်းက တာဝန်ကျအရာရှိပါ"

"ဟုတ်ကဲ့ရှင့်၊ အမိန့်ရှိပါ"

"အမကြီးရဲ့သား ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံပို့ထားတဲ့အကြောင်း လာပြောတာပါ"

"ဘုရား··ဘုရား··သားလေး။ သားလေး···ဘာဖြစ်သွားသေးလဲရှင်"

"နည်းနည်းပါးပါး ဒဏ်ရာရတယ်။ စိုးရိမ်စရာမရှိဘူးလို့ ဆရာဝန်က ပြောပါတယ်"

"အမလေး··တော်ပါသေးရဲ့ လူပဲတိုက်တိုက်၊ ကားချင်းပဲတိုက်တိုက် ငွေလျော်လို့ ကိစ္စပြီးတယ်ဆိုရင် ကိစ္စမရှိဘူး။ ခုအချိန်က စီမံချက်နဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းနေတဲ့အချိန် တရားစွဲ၊ ထောင်ဒဏ်အပြစ်ပေးနေတဲ့ကာလမို့ သားရယ် ကားဖြည်းဖြည်းမောင်းပါလို့ သတိပေးနေတဲ့ကြားက ဒီလိုဖြစ်တာ ပြည်ပက သူ့အဖေသာသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

ဒေါ်မိုးမြင့်သူဇာသည် ငွေရှင်ကြေးရှင်ပီပီ သူ့တစ်ပါးဘာဖြစ်ဖြစ် ငွေနဲ့ရှင်းလို့ရလျှင် အရေးမကြီးဟု ပြောလိုက်သဖြင့် ရပ်ကွက်လူကြီးများနှင့် ရဲအရာရှိတို့မှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြသည်။ ဘာစကားမှတော့ မပြောဖြစ်ကြပါ။

"ကဲ···ကဲ···လူကြီးမင်းများ အကြောင်းကြားတာ ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ ဆေးရုံလိုက်ဦးမှ။ သားလေး အားငယ်နေရှာရော့မယ်။ ဟဲ့···ဖိုးစိန်၊ ဘာငေးနေတာလဲ။ စံဌေးကို ကားထုတ်ခိုင်းလိုက်"

ဝင်းဆောင်(ရမည်းသင်း)

www.burmeseclassic.com

# လူသတ်မှု နှင့် နှစ်နာသူဟု ဆိုရာတွင်

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

၁၇. ၇. ၂၀၁၃ ရက်နေ့ထုတ် ရွှေနိုင်သစ် သတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကြည်တန်းကျေးရွာ၌ အမျိုးသမီးကို ခေါင်းဖြတ်သတ်သည့်သတင်း ဖတ်လိုက်ရသည်။ နယ်မြေရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၀၂ ဖြင့် အမှုဖွင့်ထားပြီး တိုင်းဒေသကြီး ခရိုင်အထူးအဖွဲ့များဖြင့် ပူးပေါင်းစုံစမ်းလျက်ရှိကြောင်း ဖတ်လိုက်ရသည်။ ဘယ်အငြိုးနှင့် သတ်လေသနည်း။ လူ့ဘဝ တစ်ခု ရခဲလှသည်။ သေဆုံးသူ အမျိုးသမီး ဤလူ့ဘဝကို ဘယ်လိုရခဲ့လေသနည်း။ အပြန်ခရီးကား ကြမ်းတမ်းလှသည်။ သတင်းစာဖတ်ရင်းမှ ကျွန်တော် တွေးမိတွေးရာ တွေးမိခဲ့ခြင်းဖြစ်ပေသည်။

၁၆. ၇. ၂၀၁၃ ရက်နေ့ကလည်း ရွှေနိုင်ငံသစ်သတင်းစာ၌ပင် အသက် ၈၃ နှစ်အရွယ် အမျိုးသားကြီးတစ်ဦး ကြိုးဆွဲချသေဆုံးမှုသတင်းကို ဖတ်ခဲ့ရသေးသည်။ ထိုသတင်း ဖတ်မိစဉ်ကလည်း ဤမျှ အသက်ရှည်ရှည် နေခဲ့ရပြီးမှ အဘိုးအိုကြီး ဘာတွေများ စိတ်သောကရောက်ခဲ့လေသနည်းဟု တွေးမိခဲ့သည်။

၁၈. ၇. ၂၀၁၃ ရက်နေ့ထုတ် ရွှေနိုင်ငံသစ်သတင်းစာ၌ပင် ဖတ်ခွင့်ရသည့်သတင်းသည် ကျွန်တော်၏ရင်ကို ဖိုထိတ်စေ၏။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ဖြစ်ခဲ့ခြင်း ဖြစ်ပေသည်။ ကျောင်းထိုင်ဆရာတော်၏ သားက ကျောင်းနေသံဃာကို သတ်မှုဖြစ်ပေသည်။ ပျံလွန်တော်မူသည့် သံဃာသည် ဝါတော် ၂၅ ဝါရှိပြီး သက်တော် ၄၅ နှစ်ရှိကြောင်းလည်း ဖော်ပြပါရှိသည်။ သက်တော်၊ ဝါတော်များကို ချင့်ချိန်ပြီး ငယ်ဖြူကိုယ်တော်ဖြစ်မည်၊ စာပေပရိယတ္တိလည်း တော်တော် သင်ကြားပြီးဖြစ်မည်ဟု ခန့်မှန်းမိပေ၏။ ဘာကြောင့် အသတ်ခံရလေသနည်း။ ဘာကြောင့် သတ်လေသနည်း။

ကျွန်တော်ဖတ်ရှုမိသော သတင်းစာများထဲမှ သေဆုံးခြင်းနှင့် အသတ်ခံရခြင်း သတင်းသုံးပုဒ်ကို အကျဉ်းချုပ်တင်ပြခဲ့ပါသည်။ ဘာသာရေးရှုထောင့်မှ တွေးလိုကလည်း တွေးနိုင်ပါသည်။ လူမှုရေးအမြင်ဖြင့်လည်း သုံးသပ်နိုင်ပါသည်။ သတင်းအတိအကျသိလိုပါကလည်း စုံစမ်းထောက်လှမ်းနိုင်ပါသည်။ စာရှုသူတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များ ဖြစ်ပေသည်။ ကျွန်တော့်အမြင်အတွေး တင်ပြရလျှင် ဥပဒေရှုထောင့်မှသာ မြင်ပေမည်။

ပြစ်မှုဆိုင်ရာဥပဒေ အခန်း–၁၆ တွင် လူ့ကိုယ်ကိုထိခိုက်သော ပြစ်မှုများကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ–၂၉၉ မှ ၃၇၇ အထိ ကဏ္ဍများခွဲခြား၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ လူသတ်မှုအတွက် ပြစ်ဒဏ်ကို ပုဒ်မ–၃၀၂ တွင် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၀၂ တွင် အပိုင်းနှစ်ပိုင်း ခွဲထား၏။ တင်ကူး ကြံရွယ်ချက်ကား အလွန်အရေးပါ၏။ ထုတစ်ဦးအား သတ်သင့်မသတ်သင့် အချိန်ယူစဉ်းစားပြီး သတ်မည်ဟု ဆုံးဖြတ်ကာ ယင်းဆုံးဖြတ်ချက်အတိုင်းသတ်လျှင် တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုကျူးလွန်ရာရောက်ပေသည်။ လူသတ်မှုတစ်ခုတွင် တင်ကူးကြံရွယ်ချက် ရှိ/မရှိသည် အကြောင်းခြင်းရာပေါ်လိုက်၍ ပ

www.burmeseclassic.com

ဝန်းကျင် အခြေအနေများဖြင့် စဉ်းစားရ၏။

တင်ကူးကြံရွယ်ချက်မရှိဘဲ စိတ်လိုက်မာန်ပါကျူးလွန်မိကြသော လူသတ်မှုများလည်း ရှိပေသည်။

တစ်ခါတစ်ရံ၌ ပြစ်မှုဆိုင်ရာ ဥပဒေအရ ထောင်ဒဏ် ၇ နှစ်အထိ ထောင်ချမှတ်ခြင်း ခံထိုက်သည့် ပြစ်မှုတစ်ခု ကျူးလွန်နေစဉ်အတွင်း လူသတ်မှုကို ကျူးလွန်မိကြသည်လည်း ရှိပေသည်။ မည်သို့ဆိုစေ လူသတ်မှုကျူးလွန်လျှင်ကား သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ခံရနိုင်ပေသည်။

ကျွန်တော့်အထင်တွင် တင်ပြခဲ့သည့် လူသတ်မှုနှစ်မျိုးသည် ခေါင်းဖြတ်သတ်မှုနှင့် ဓားနှင့်ထိုးသတ်မှုဖြစ်ရာ စာရှုသူတို့ စဉ်းစားခန်းဝင်နိုင်ကြအံ့ထင်သည်။ ဘာကြောင့်သတ်သည်ဆိုခြင်းကား သက်ဆိုင်ရာတရားခွင်၌ သိမြင်နိုင်ပေမည်။ ရပ်ထဲရွာထဲ ဆိုစကားတို့ကား အတည်မဟုတ်ပေ။

လူသေမှု၊ လူတစ်ယောက် မိမိကိုယ်မိမိ သတ်သေလိုက်ရုံဖြင့် ရုပ်ဝတ္ထုက သေသွားတာမှန်သော်လည်း ကိစ္စကား မပြီးသေးပေ။ ကြိုးဆွဲချသေခြင်း၊ ရေနစ်သေခြင်း၊ ရထားတိုက်ခံသေခြင်း စသော သေနည်းမျိုးစုံ အဖုံဖုံကို ဆေးရုံတင်စစ်ရ၏။ ရဲစခန်း၌ သေမှုသေခင်းဖွင့်ရ၏။ ရေနစ်သေဆုံးခြင်း မရှိမီက အခြားနည်းဖြင့် သေဆုံးခြင်းကို ရေနစ်သေဆုံးဟန် ပြုခြင်းလား ဆိုသည်ကိုလည်းစစ်ရ၏။ ဆေးပညာရှင်တို့ အနေဖြင့် ဘာကြောင့်သေဆုံးသည်ကို အတည်ပြုပေးရသည်။ စာရှုသူတို့ သတင်းစာ၌ ဖတ်ရှုရသည့်အခါ သက်ဆိုင်ရာရဲစခန်းမှ သေမှုသေခင်း အမှုဖွင့်ခြင်းကို ဖတ်ရှုမိခြင်းအား သတိပြုမိကြပေလိမ့်မည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ၁၈၆၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ပြီး ကျင့်သုံးဆဲ ပြစ်မှုဆိုင်ရာဥပဒေတွင် လူသတ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ လူသေမှုကျူးလွန်ရန် အားထုတ်ခြင်း၊ မိမိကိုယ်ကိုသတ်ရန်အားထုတ်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားပေသည်။ ပုဒ်မပေါင်း ၅၀၀ ကျော်ဖြင့် အကွက်စေ့လှ၏။

လူ့လောကကြီးတွင် ယောက်ျားမိန်းမ အိမ်ထောင်ကျသောအခါ အနီးဆုံးသော ဆွေမျိုးဟုဆိုလျှင် ရနိုင်အံ့ထင်သည်။ တချို့ကလည်း လင်မယားသည် အနီးဆုံးရန်သူဟု ဖွင့်ဆိုကြ၏။ မှန်ပါသည်။ ‘ဆွေမျိုး’ဟု တစ်သမတ်တည်း ဖွင့်ဆိုပါက လင်နှင့်မယား လူသတ်မှုဖြစ်ရန် အကြောင်းမရှိနိုင်ပေ။ စာရှုသူတို့အား ထုံးဖွဲ့ခဲ့သည့် စီရင်ထုံးတစ်ရပ်ဖြင့် သက်သေသာဓကပြုလို၏။

၁၉၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်ပွားပြီးနောက် နိုင်ငံတော်အစိုးရမှ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်သည်။ မှုခင်းတော်တော်များများ လွတ်မြောက်သွားကြ၏။ ထိုသို့ ပိတ်သိမ်းကြသော မှုခင်းများအနက် နစ်နာသည်ဟု အဆိုရှိသူတို့က တရားခံအပေါ် အမှုပြန်ဖွင့်ပေးရန် လျှောက်ထားကြသည်။ ထိုသို့လျှောက်ထားကြသူများထဲတွင် ဖခင်အသတ်ခံရမှုအတွက် သားသမီးများဖြစ်ကြသည့် မတင်တင်မော်၊ မောင်အောင်ဆန်းဦး၊ မသန္တာအောင်တို့လည်း ပါဝင်ကြသည်။ ထိုအမှုကား ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက သတ်သည့် မှုခင်းဖြစ်ပေသည်။

ဒေါ်အုံးရီအပေါ် ခင်ပွန်းဖြစ်သူ ဦးအောင်ရွှေအား သတ်မှုဖြင့် ဒုရဲအုပ်ဦးကြည်မောင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၀၂ အရ တရားစွဲသည်။ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၌ ပြစ်မှုကြီးမှုအမှတ် ၃၉၀၊ ၁၉၈၉ ဖြင့် ကြားနာစစ်ဆေးဆဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အမိန့်အမှတ် ၄/၈၉ ထုတ်ခဲ့သည်။ ထိုအမိန့်သည် တရားရုံး၌ ပြစ်မှုဖြင့် စစ်ဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ထုတ်ပေးခြင်းဖြစ်ပေသည်။

အမိန့်အမှတ် ၄/၈၉ အရ ဒေါ်အုံးရီ လွတ်ငြိမ်းခွင့်ရသည်။ ဦးအောင်ရွှေ၏ သားသမီးများက မကျေနပ်ကြ။ အမှုပြန်ဖွင့်ပေးရန် တရားရုံးသို့လျှောက်ထားကြသည်။ အမိန့်အမှတ် ၄/၈၉၏ အပိုဒ်(၆)တွင် ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူ၏တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာဆိုသည်”ဟုပြဋ္ဌာန်းထားသည်။ ဦးအောင်ရွှေ၏သားသမီးတို့က လျှောက်ထား၍ တိုင်းတရားရုံးကလည်း ဒေါ်အုံးရီအမှုကို ပြန်လည်ဖွင့်လှစ်၍ အမိန့်ချသည်။

ဒေါ်အုံးရီက တိုင်းတရားရုံးက ၎င်းအပေါ် အမှုပြန်ဖွင့်ခြင်းအား မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းသည်။ အရေးနိမ့်သည်။ ဒေါ်အုံးရီက အထူးအယူခံမှု ဖွင့်လှစ်ကြားနာပေးရန် တရားရုံးချုပ်၌ ဆက်လျှောက်သည်။ တရားရုံးချုပ်က အထူး



www.burmeseclassic.com

www.burmeseclassic.com

အယူခံရုံး အမိန့်အမှတ် ၄/၈၉ ၏ ပိုဒ်(၆)ပါ စကားရပ်၌ သားသမီးဆိုရာတွင် အရွယ်မရောက်သေးသူ သားသမီးများ အကျုံးဝင်ခြင်း ရှိ/မရှိနှင့် ပတ်သက်ပြီး ကြားနာရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာကို ခွင့်ပြု ကြားနာခဲ့ပေသည်။ သို့သော် အထူး အယူခံအဖွဲ့က သားသမီးဆိုရာတွင် အရွယ်မရောက်သေးသူလည်း ပါဝင်ကြောင်း ဆုံးဖြတ်ပေးခဲ့ပေသည်။ ဤစီရင်ထုံးမှ ကျွန်တော်ထုတ်ပြလိုခြင်းသည် လူသတ်မှု၏ အတိမ်အနက်သာ ဖြစ်ပေသည်။ ဖခင်သေဆုံးရမှုအတွက် အရွယ်မရောက်သေးသူ သားသမီးများ၏ မကျေနပ်မှုကြောင့် အမှုပြန်ဖွင့် ကြားနာပေးရသော ထုံးကို သိမြင်စေလိုခြင်းသာ ဖြစ်ပေသည်။

လူသတ်မှုများတွင် တိုက်ရိုက်မျက်မြင်သက်သေ အထောက်အထားမရှိစေကာမူ ခိုင်လုံသော ပတ်ဝန်းကျင်သက်သေခံချက်ရှိပါက တရားခံအား ပြစ်ဒဏ်စီရင်နိုင်ပေသည်။ သို့သော် သေသူအား သတ်သူမှာ တရားခံပင် ဖြစ်ရမည်ဟု တရားရုံးတော်မှ တစ်ထစ်ချဆုံးဖြတ်နိုင်သည့် ခိုင်လုံသော သက်သေခံချက်ရှိရန် လိုပေသည်။ ကျွန်တော်တို့ ဥပဒေစကားနှင့် ဆိုရလျှင် တရားခံအပြစ်ရှိကြောင်း ကွင်းဆက်မပြတ် သက်သေခံချက်ရှိရန် လိုပေသည်။ မသင်္ကာစရာ အချက်ဖြင့်လည်း အပြစ်ပေး၍ မရပေ။ မသင်္ကာစရာအချက်ဖြင့် တရားခံအား အပြစ်ပေးလျှင် ထင်ကြေးဖြင့် အပြစ်ပေးရာရောက်ပေသည်။

ကျွန်တော်သည် ဤစာစုတွင် လူသတ်မှု၏ အတိမ်အနက်နှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးသော်လည်း လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ ခြွင်းချက်အရ ကျူးလွန်သည့် လူသတ်မှုမှ မလွတ်မြောက်နိုင်ပုံကို ဥပဒေပညာ သင်ခန်းစာ မျှဝေလိုခြင်းသာ ဖြစ်ပါသည်။

စာရှုသူတို့အား စာရေးသူက တစ်နေရာတွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက သတ်သည့် မှုခင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ တစ်ဖန် သေဆုံးသူ၏ သားသမီးများက အမှုပြန်ဖွင့်ပေးရန် လျှောက်ထားသည်ဟု ဆိုခဲ့၏။ စာရှုသူတို့က သတ်သူနှင့် အသတ်ခံရသူ လင်မယားဖြစ်ကြောင်းကို ရှင်းလင်းစွာသိခဲ့ရပြီးသော်လည်း၊ အမှုပြန်ဖွင့်ပေးရန် လျှောက်ထားကြသည့် သားသမီးဆိုသူများမှာ ထိုလင်မယားမှ ပေါက်ဖွားကြသူလား၊ လင်ပါသမီးများလား စသဖြင့် တွေးကြပေလိမ့်မည်။ စာရေးသူလည်း တွေးဆဲဖြစ်ပါသည်။ စီရင်ထုံးထဲတွင် အသတ်ခံရသူ၏ သားသမီးများဆိုခြင်းနှင့် ပတ်သက်၍ ရှာပါ၏။ သတင်းအချက်အလက်ပြည့်စုံစွာ တင်ပြလို၍ ဖြစ်ပါသည်။

စီရင်ထုံး၏ တစ်နေရာတွင် အသတ်ခံရသူ ဦးအောင်ရွှေ၏ သားသမီးများဖြစ်ကြသည်။ "မတင်တင်မော်နှင့် မောင်အောင်ဆန်းဦးတို့မှာ ၁၉၈၈ ခုနှစ်အတွင်းက စတုတ္ထတန်းတွင် ပညာသင်ကြားလျက်ရှိကြသူများဖြစ်၍"ဟု တွေ့ရသည်။ ကျွန်တော်ရသမျှ သဲလွန်စမှာ ထိုမျှသာဖြစ်ပေသည်။ ထိုသားသမီးတို့ အသက်နှင့်ချင့်တွက်၍ လူသတ်တရားခံသည် မိခင်ရင်းလား၊ မိထွေးလား ဆိုခြင်းကို အနီးစပ်ဆုံး ကောက်ချက်ဆွဲနိုင်အံ့ထင်သည်။

အကုသိုလ်ကား ကြောက်ဖွယ်ကောင်းလှ၏။ ဗုဒ္ဓတရား၌လည်း 'ဝဋ်မှာအမြဲ'ဟု ဆိုသည်။ ဝဋ်ရှိလျှင် ပြန်လည်ပေးဆပ်ရမြဲဖြစ်ကြောင်း ညွှန်ပြခြင်း ဖြစ်ပေသည်။ လူတိုင်းသည် ပုထုဇဉ်လူသားများပီပီ လောဘ၊ ဒေါသ၊ မာနတရားများဖြင့် မကင်းကြပေ။ ထိုမကင်းတရားများအား နည်းပါးအောင် ကျင့်ကြံနေထိုင်နိုင်မှသာ မိမိနှင့်တကွ ဝန်းကျင်တစ်ခုလုံး သာယာချမ်းမြေ့နိုင်ပေသည်။

ကျွန်တော်၏ အယူအဆကို အနည်းငယ်မျှဝေရလျှင် နေ့စဉ်နှင့်အမျှ တွေ့ကြုံကြရသည်မှာ အားဆန်းစစ်ခြင်း အလုပ်တစ်ခု ကိုယ်တိုင်ပြုစေချင်ပေသည်။ စာပေဖတ်ရှုခြင်းဖြင့်လည်း ဝေဖန်ဆန်းစစ်သင့်သည်။ ကောင်းမှု၊ မကောင်းမှု ဆန်းစစ်မှသာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရာ၌ အကောင်းဘက်သို့ ရှေ့ရှုနိုင်မည်ဖြစ်သည်ဟု ယူဆမိသောကြောင့် ဖြစ်ပေသည်။

ဥပဒေရေးရာ မှုခင်းသတင်းဆောင်းပါး ဝတ္ထုများအား ဖတ်ရှုခြင်းဖြင့်လည်း စာရှုသူအပေါင်း ဥပဒေအသိပညာ တိုးတက်စည်ပင်ကြပါစေသတည်း။

**ဦးဝင်းလှိုင်(ဟရားရုံးချုပ်ရှေ့နေ)**

<u>ကိုးကား</u>

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ရွှေနိုင်ငံသတင်းစာ (၁၆-၁၇-၁၈/၇/၂၀၁၃)
- သက်သေခံဥပဒေ
- ဒေါ်အုံးရီနှင့် နိုင်ငံတော်ပါ၂မိ(၄)
- ၁၉၉၀-မတစ-၁၀၄(အထူး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပလက်ဖောင်းမင်းသား

ကျော်မြသန်း

|တစ်|

မြန်မာပြည်တစ်ဝှမ်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းမှာ ရန်ကုန်မြို့၌ စတင်ပေါ်ပေါက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ မြန်မာပြည်တစ်ဝှမ်းလုံး၏ စီးပွားရေးလုပ်ငန်းကြီးများကို ချုပ်ကိုင်ထားသူမှာ ကုလားသူဌေးကြီးများ ဖြစ်၏။

နောက်ဖေးကြုံးသည့် လုပ်ငန်းကြီးကအစ စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်လုပ်ငန်းအလယ်၊ စိန်ရွှေအရောင်းအဝယ်နှင့် သွင်းကုန်,ထုတ်ကုန်လုပ်ငန်းအဆုံး အချက်အချာ စီးပွားရေးလုပ်ငန်းကြီးအားလုံးမှာ ကုလားသူဌေးကြီးများ၏ လက်ဝယ်တွင်ရှိသည်။

ဟိုတယ်လုပ်ငန်း၊ အရက်၊ ဘိန်းနှင့် လောင်းကစားလုပ်ငန်းကြီးများကိုတော့ တရားဝင်စီးပွားရေးလုပ်ငန်းရှင်ကြီးများက ချုပ်ကိုင်ထားသည်။

သုံးလေးဦးသော မြန်မာသူဌေးအမည်ခံရသူတွေက လယ်ပိုင်ရှင်၊ မြေပိုင်ရှင်ကြီးများအဖြစ် ရပ်တည်၍ လက်ဝေခံ ဆန်စပါးအရောင်းအဝယ်လုပ်ငန်းတွင်သာ ကျင်လည်နေရသည်။

ဖျော်ဖြေရေးလုပ်ငန်းဖြစ်သည့် အငြိမ့်၊ ဇာတ်သဘင်လုပ်ငန်းမှာ မြန်မာလူမျိုးတို့လက်ထဲတွင်ရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း နောက်ကွယ်မှ ငွေကြေးနှင့် ချုပ်ကိုင်ထားသူများမှာ လူရည်လည်သော တရုတ်များဖြစ်၏။

နောင် လူထုအသည်းစွဲ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို စိတ်ကူးဉာဏ်ရှင်သည့် ဂျူးလူမျိုးလုပ်ငန်းသမားများက စတင်လိုက်ခြင်းဖြစ်၏။

ရုပ်ရှင်ရုံအမည်မှာ...

"အယ်ဒီဆင်"ရုပ်ရှင်ရုံ။

လမ်းမတော်၊ ကျုံးကြီးလမ်းထောင့်တွင် ရွက်ထည်ရုံထိုး၍ အင်္ဂလိပ်ဇာတ်ကားများ စတင်ပြသသည်။

ခွေးချင်းကိုက်တာကိုပင် လူစုလူဝေးနှင့် ကြည့်လေ့ကြည့်ထရှိသည့် မြန်မာလူမျိုးတို့ စရိုက်အတိုင်း ပထမဆုံးပေါ်လာသည့် ရွက်ထည်ရုပ်ရှင်မှာလည်း လူစည်သည်။

ဘာရယ်ညာရယ် မဟုတ်။

အထူးအဆန်းဟု သဘောမူ၍ ဝင်ကြည့်ကြသည်။

ထိုမှ ကျုံးကြီးလမ်းထက် ပို၍ မြို့လယ်ကျသည့် ယခု ဗိုလ်ချုပ်ဈေးနေရာတွင် ဒုတိယရုပ်ရှင်ရုံ ပေါ်လာသည်။

"စီနီမာ ဒီပဲရစ်"

စီနီမာဇာ၊ ရုပ်ရှင်၊ ဒီပဲရစ်ဇာ၊ ဂျူးသူဌေးနာမည်။

သွပ်မိုး၊ သွပ်ကာ ဂိုဒေါင်ပုံစံ။

ယနေ့ခေတ် ရုပ်ရှင်ရုံများလို အပြင်အမြင်ရော၊ အတွင်းအပြင်အဆင်ပါ မထည်ဝါ။

မူလရှိနေသည့် အဆောက်အအုံဟောင်းကြီးကို ရုပ်ရှင်ပြ၍ဖြစ်နိုင်ရုံ အဖြစ်သဘော ဖန်တီးထားသည့် ရုပ်ရှင်ရုံ။

ရန်ကုန်တစ်မြို့လုံးမှာမှ တစ်ရုံတည်းသာရှိသော ရုပ်ရှင်ရုံ...။

မူးတန်း မတ်တန်း၊ ငါးမူးတန်းဟူ၍ တန်းသုံးတန်း ခွဲထားသည်။ မူးတန်းနှင့် မတ်တန်းတွင် ပန်ကာမရှိ။ ငါးမူးတန်းတွင်သာ ပန်ကာတပ်ထားသည်။

မူးတန်း၊ မတ်တန်း၊ ငါးမူးတန်းဟူ၍ သတ်မှတ်ထားသော်လည်း ရုပ်ရှင်ရုံဖွင့်စ ပထမပတ်တွင် တစ်ဝက်နှုန်းဖြင့် စဖွင့်သည်။ တစ်ပဲ၊ တစ်မူးနှင့် တစ်မတ်။

ရုပ်ရှင်နှင့် မကျွမ်းဝင်သေးသူ ပရိသတ်ကို မြူဆွယ်လိုက်ခြင်းဖြစ်၏။ ငါးပြား၊ ဆယ်ပြားနှင့် နှစ်ဆယ့်ငါးပြားတန်းဟု ဆိုနိုင်ပါသည်။

စီနီမာ ဒီပဲရစ်မှာ အယ်ဒီဆင်ရုံထက် ပို၍ အကွက်အကွင်းကျသောကြောင့် ရုပ်ရှင်ကြည့်ပရိသတ် စည်ကားလာသည်။

စီနီမာကို မြို့သားတွေခေါ်သည့် နောက်တစ်မျိုးအခေါ်မှာ ဘိုင်စကုတ်။

နောက်ပိုင်း မြို့နယ်အတော်များ



www.burmeseclassic.com

www.burmeseclassic.com

များသို့ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ပျံ့နှံ့သွားသောအခါ အခေါ်အဝေါ် အသုံးအနှုန်းတစ်မျိုး ပေါ်လာသည်။ ဓာတ်ရှင်။ ဓာတ်ရှင်သွားကြည့်ရအောင်ဆိုသော အပြောဖြင့် အဖော်ညှိကြသည်။

နယ်တွေမှာ လူကိုယ်တိုင် ကပြ အသုံးတော်ခံသည့် အငြိမ့်။ ဇာတ်သဘင်လောက် အငြိမ့်ပွဲကို စိတ်မဝင်စားကြ။ စီနီမာ ဒီပဲရစ် ရုပ်ရှင်ရုံက ပရိသတ်ကို အတော်ကြီး ဆွဲဆောင်မှု လုပ်ခဲ့ရသည်။

ရုံပြင်မှာ ရှစ်သီရစ်သီ စဝေးလာအောင် တူညီဝတ်စုံဝတ် ဘင်ခရာအဖွဲ့ဖြင့် ဖျော်ဖြေလေသည်။ ခေတ်က အင်္ဂလန်က ဘင်သံခေတ်။

ဆူဆူညံညံ စည်စည်ဝေဝေရှိသည့် ဘင်ခရာအဖွဲ့၏ တီးမှုတ်သံများကြောင့် လမ်းသွားလမ်းလာများမှာ စီနီမာ ဒီပဲရစ် ဂိုဒေါင်ရုပ်ရှင်ရုံကြီးကို စောင်းငဲ့မကြည့်ရှုဘဲ မဖြတ်သန်းနိုင် ဖြစ်ကြရသည်။

ဘင်သံရပ်သွားသည်နှင့် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် မြန်မာလူမျိုးတစ်ယောက်က ရုပ်ရှင်အကြောင်းနှင့် ပြသနေသော ဇာတ်ကားအကြောင်းကို ဟုတ်တာရော၊ မဟုတ်တာရော ရောစွက်ပြီး အာဝဇ္ဇန်းရွှင်ရွှင်နှင့် စိတ်ပါဝင်စားမှုရှိအောင် ပြောပြနေသည်။

သူ၏ ဟန်ပန်နှင့် ပြောလုံးက စိတ်ဝင်စားစရာ။ စီနီမာခေါ် ရုပ်ရှင်။ ဘယ်လိုပါလိမ့်။ စုံစမ်းချင်း၊ စူးစမ်းချင်စိတ် ဖြစ်ကြရသည်။

ဒါပေသိ တစ်မတ်၊ တစ်မူးကလည်း သူ့အထွာနှင့်သူ တန်ဖိုးရှိသောခေတ်မို့ ရုပ်ရှင်ရုံထဲကို ပေါ့ပေါ့လွယ်လွယ် မဝင်နိုင်ကြ။

ပိုက်ဆံတစ်မူးနှင့် ပုစွန်ကြော်အကြီး ငါးဆယ်သားဝယ်လို့ရသည်။ ရေခဲမုန့်စားမလား၊ ဖာလူဒါသောက်မလား တစ်မူးမကုန်။ သို့တစေ ကြည့်သူကတော့ အထိုက်အလျောက်ရှိသည်။

မြန်မာလူမျိုးများမှာ အပျော်အပါးနှင့် ကြည့်မွေ့သည့်စရိုက် ရှိကြသည့်အတိုင်း ကြည့်ရှုသူ တော်တော်လေးများသောကြောင့် ဝင်ငွေအကောင်းကြီး မဟုတ်စေကာမူ အကျိုးအမြတ် ထွက်သားကိုက်သော ဝင်ငွေရသည်။

ဒါကြောင့်လည်း စီနီမာ ဒီပဲရစ် ရုံသက်တန်းရှည်ကြာ၍ တည်တံ့ခဲ့သည်။

ရုံ၏ ဟိန်းဟန်မထည်ဝါပေမယ့် တူညီဝတ်စုံနှင့် ရုံဝင်ပေါက်စောင့်သူများ၏ အပြုံးကမ်းလင့် ကြိုဆိုပုံမှာ ပျူပျူငှာငှာ ငြိမ့်ငြိမ့်ထွေးထွေးရှိသည်။

ရုံထဲမရောက်သေးသည့် ရုပ်ရှင်ကြည့်ရန် လာသူများ၏ရင်ကို အေးသက်စေခဲ့သည်။ အနောက်တိုင်း ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် မန်နေဂျာကြီးကလည်း အခန့်သားမနေ။ ရုံအပြင်ဘက်တွင် လူးလာခေါက်တုံ့ လျှောက်ရင်းမှ ရွှေပွဲလာပရိသတ်ကို အပြုံးတဝေဝေနှင့် ခေါင်းလေးညိတ်ကာ ညိတ်ကာဖြင့် နွေးထွေးစွာကြိုဆိုနေသည်။

တကယ် စီးပွားရှာသူများမှာ ထိုသို့သော အထာများဖြင့် သူတစ်ပါးအိတ်ကပ်ထဲက ငွေကို ကိုယ့်အိတ်ကပ်ထဲ ရောက်အောင် လုပ်စွမ်းသည့် ပရိယာယ်ကြွယ်သည်။

ထိုစဉ်က ရုပ်ရှင်ပြစက်မှာ တစ်လုံးတည်းသာ ရှိသောကြောင့် တစ်ဆက်တည်း ပြလို့မရ၊ တစ်ပိုင်းပြီးလျှင် တစ်ခါ နားရသည်။

ထိုသို့ ရပ်နားသွားချိန်ကလေးတွင် ပရိသတ် ပျင်းရိငြီးငွေ့မှုမရှိအောင် တီးဝိုင်းအဖွဲ့က တီးပေးသည်။ မြန်မာပရိသတ်ကြိုက် သီချင်းဓာတ်ပြားများကိုလည်း အော်လံဓာတ် စက်ကြီးနှင့် ဖွင့်ပေးသည်။

ရုပ်ရှင်ဇာတ်ကားကို တစ်ဆက်တည်း မကြည့်ရဘဲ ပြတ်တောင်း ပြတ်တောင်း ဆတ်တငံ့ငံ့ ကြည့်ရစေကာမူ ရုပ်ရှင်ကြည့်ပရိသတ်က အော်တာဟစ်တာမျိုးမလုပ်။

ရုပ်ရှင်ကို ထိုသို့လျှင် ကြည့်ရသည်ဟု သဘောပေါက်ထားကြသည်။ ထိုစဉ် ရုပ်ရှင်ကားကို အာရုံမပြတ် တစ်ဆက်တည်း ကြည့်ရှုရမှန်း မသိကြသေး။

ပိတ်ကားကြီးပေါ်မှာ နောက်တစ်ပိုင်း ရုပ်သံများ ပေါ်လာသည်အထိ အေးအေးလူလူပင် စောင့်ဆိုင်းကြည့်ရှုကြသည်။ ကွာစေ့၊ နေကြာစေ့၊ ဆီးထုပ်၊ မရန်းထုပ် စားပြီး အမှိုက်ပွရှုပ်အောင် လုပ်တာမျိုးလည်း မရှိ။

ဆေးလိပ်ကိုတော့ လွတ်လွတ်လပ်လပ် မီးခိုးငွေ့ အလုံးလိုက်တက်အောင် သောက်ကြသည်။ ထို့ကြောင့် ရုပ်ရှင်ပြစက်မှ ထိုးလာသည့် ကာပွန်၊ ကာပွန်ဆလိုက် အလင်းရောင်တန်းနှင့် ဆေးလိပ်မီးခိုးများမှာ လုံးထွေးနေစမြဲရှိသည်။

ငွေကြေးတတ်နိုင်သူများကမူ ရုံအတွင်းမှာ လှည့်ရောင်းသည့် ချောကလက်၊ ပန်းသီး၊ လိမ္မော်သီး စားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘိလပ်ရည် သောက်ကြသည်။ အဲဒီအချိန်က ခေတ်စားသည့် ဘိလပ်ရည်မှာ ကျောက်စိမ်းရောင် ကရင်ဆိုဒါ။

ရုံတွင်းမှာ ခုခေတ်လို အမှိုက်မရှုပ်၊ ရှင်းသည်။ သန့်သည်။ ကြမ်းပိုးတို့၊ ကြွက်တို့လည်း မရှိ။ ရုပ်ရှင်ကြည့်ပရိသတ်ကလည်း သန့်သန့်ပြန့်ပြန့် အေးအေးဆေးဆေး စည်းကမ်းရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရန်ကုန်မြို့မှာ ရုပ်ရှင်စတင်ပေါ်လာသည်။ စီးပွားရေးလာဘ်မြင်သည့် ဂျူးလူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက စတင်လိုက်ခြင်းဖြစ်၏။

စီးပွားရေးလုပ်ငန်းတွင် အရှုံးထက် အမြတ်က ဦးတည်နိုင်ပြီး ရေရှည် ပုံမှန်ဝင်ငွေရသည့် လုပ်ငန်းအဖြစ် လာဘ်မြင်၍ မျက်စိပွင့်လာသူများမှာ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်သူ ကုလားသူဌေး လုပ်ငန်းရှင်များ ဖြစ်ကြ၏။

ထိုသို့ ကာလက ကုလားသူဌေးများမှာ အလွယ်တကူ ပတ္တာခံ၍ရသည့် ရန်ကုန်မြို့လယ်မှ ဂရန်မြေများကိုရယူ၍ အခန်းပေါင်းများစွာပါသည့် လူနေတိုက်တန်းကြီးများ ဆောက်၍ လခဖြင့် ငှားစားကြသည်။ ရင်းနှီးငွေမှ ပုံမှန်ဝင်ငွေရသည့် လုပ်ငန်းအဖြစ် ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်၏။

သူတို့က ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို မျက်စိကျလာသည်။ တိုက်ဆောက်ပြီး အခန်းငှားစားသည့် ဝင်ငွေထက် သာလွန်သော ဝင်ငွေရနိုင်ကြောင်း တွက်ချက်မိလာကြသည်။

ကုလားလူမျိုးတွေ အများဆုံးနေထိုင်သည့် ရန်ကုန်မြို့လယ်မှာ ရုပ်ရှင်ရုံဆောက်ပြီး ကုလားကားနှင့် အင်္ဂလိပ်ကား ပြသခြင်းမှ ရနိုင်မည့်ဝင်ငွေကို ဖယောချကြည့်ကြသည်။

ထိုလုပ်ငန်းအပေါ် စိတ်ပါဝင်စားမှုရှိလာပြီး အာရုံစိုက်လာသည်နှင့်အညီ ယခု ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် အိုဒီအုန်း(ယခုရဲရင့်) ရုပ်ရှင်ရုံကို စတင်တည်ဆောက်ခဲ့၏။

စီနီမာဒီရဲပစ်လို သွပ်မိုး၊ သွပ်ကာ ကိုဒေါင်ရုံမျိုးမဟုတ်။ ကုလားပြည်မှ ရုပ်ရှင်ရုံပုံစံ အုတ်ပတ်ကားအခိုင်အခံ့ အဆောက်အအုံရုပ်ရှင်ရုံ ပေါ်လာသည်။

ထိုမှနောက် လူစည်ကားရာ ဆူးလေဘုရားလမ်းကို ဗဟိုပြု၍ ရုပ်ရှင်ရုံတွေ အလျှိုလျှိုပေါ်လာသည်။

အဆောက်အအုံအပေါင်းကို ရုပ်ရှင်ရုံအသွင် ပြန်လည်ပြုပြင် တည်ဆောက်သလို အသစ်ဆောက်သည့်ရုံများလည်း ပေါ်လာသည်။ ထိုစဉ်အချိန်က အသပ်ရပ်ဆုံးနှင့် အဆင့်အတန်းအမြင့်ဆုံး၊ အကောင်းဆုံး ရုပ်ရှင်ရုံမှာ ဂလုပ်ရုံ (ယခု ဂုဏ်ရုံ)ဖြစ်၏။

မြန်မာနှင့် တရုတ် လုပ်ငန်းရှင်သူဌေးများမှာ ရုပ်ရှင်ရုံလုပ်ငန်းကို စိတ်မဝင်စားသလို ထိုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်ကြ။ ရေရှည်အကျိုး ဖြစ်ထွန်းလိမ့်မည်ဟု မတွက်ကြ။

ရှားရှားပါးပါး မြန်မာစစ်စစ်ပိုင်ဟူ၍ ပြောရမည့် ရုပ်ရှင်ရုံတစ်ရုံ ပေါ်လာသည်။ သွင်ရုပ်ရှင်ရုံ။

ဗြိတိသျှဘားမား သူဌေးဦးညွန့်က သူကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများ ပြသရန် ရုံငှားသည့်အခါ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ ကိုယ်လိုချင်သော ပြသရက်မရသည့်အပြင် ပြသလိုသော ရုံကိုလည်း ငှားမရ။

အဲဒီလို အခက်အခဲများ ဖြေရှင်းဖို့အတွက် အခြားနည်းလမ်းမရှိ။ ကိုယ်ပိုင်ရုပ်ရှင်ရုံ ဆောက်မှဖြစ်မည်ဟု ဆုံးဖြတ်ပြီး ဆောက်ခဲ့ရာမှ စစ်မဖြစ်မီကာလ မြန်မာစစ်စစ်ပိုင် ရုပ်ရှင်ရုံတစ်ရုံ ပေါ်လာခြင်းဖြစ်၏။

စတားရုံ၊ အိုလံပီယာရုံ၊ ကင်းရုံ၊ အက်စယ်စီယာရုံ၊ အိုဒီအိုးရီးဂျင့်၊ ဂလုတ် စသည့် ရုံများမှာ ကုလားသူဌေးများ ပိုင်ဆိုင်ခဲ့ကြသည်။ ပလာဒီယံရုံမှာ ဂျူးကပြားပိုင်ရုံ ဖြစ်၏။

နောက်တိုးရုံမှာ ကာလတန်(ယုဇန)နှင့် ရှိုင်ရယ်(တော်ဝင်)ရုံ။ ထိုစဉ်ကာလက အင်္ဂလိပ်ဇာတ်ကားနှင့် ကုလားဇာတ်ကားများကို အိန္ဒိယကိုယ်စားလှယ်များထံမှတစ်ဆင့် ငှားရမ်းပြသကြရသည်။

ဇာတ်ကားငှားရမ်းခက ဈေးနှုန်းအလွန်သက်သာသည်။ ဈေးချိုသည်။ အိန္ဒိယရှိ ကိုယ်စားလှယ်ကြီးများက မြန်မာပြည်သို့ ဇာတ်ကားငှားရမ်းခြင်းကို ဈေးကွက်သဘောမထား။ အပိုဝင်ငွေသဘောထားပြီး အမှန်တကယ်ဈေးနှုန်းထက် လျှော့ပေါ့ငှားရမ်းသည်။

ရုပ်ရှင်ရုံပိုင်ရှင်များ၏ ဝင်ငွေမှာ မျှော်မှန်းသည်ထက် မြင့်တက်လာသည်။ ရုပ်ရှင်ရုံနှင့် ရုပ်ရှင်ဇာတ်ကားပြသသည့် လုပ်ငန်းဖြင့် ကုလားသူဌေးများ စီးပွားဖြစ်ခဲ့ကြသည်။

မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပြည် စသော မြို့ကြီးများသို့အထိ တိုးခဲ့



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ အရှုံးဆိုတာ ချိန်နဲ့လားဟုမေး ရမည့် စီးပွားရေးလုပ်ငန်းဖြစ်လာသည်။

ပထမဆုံးရိုက်ကူးသည့် မြန်မာ ရုပ်ရှင်ဇာတ်ကားမှာ မေတ္တာနှင့်သူရာ။ ရုပ်ရှင်အတတ်ပညာကို စာတွေ့သာ လေ့လာဖူးသည့် ဝါသနာရှင် လန်ဒန် အတတ် ဦးအုန်းမောင်က ဒီ၊ အေ၊ အဟူ ဂျာမှာ ရုပ်ရှင်ရိုက်မည့် ကင်မရာဟောင်း တစ်လုံးကို ဝယ်ယူလိုက်သည်။ အဆိုပါ ကင်မရာမှာ သူတစ်လုံးတည်း အသုံးပြု ၍ရသော ကင်မရာမဟုတ်။

ရှာဖွေရရှိထားသည့် အခြားကင်မရာဟောင်းတစ်လုံးနှင့် ပေါင်းစပ်ပြီး ရုပ်ရှင်ဇာတ်ကား ရိုက်နိုင်သည့်အဖြစ် ကင်မရာတစ်လုံးကို ရုပ်ရှင်ရိုက်နိုင်သည့် ကင်မရာဖြစ်လာအောင် တီထွင်ကြိုးပမ်း ခဲ့ရ၏။

ထိုထိုကာလ ဖြစ်တည်ရှိနေသော အခြေအနေအနေအထားအရ အတတ် ပညာပိုင်းဆိုင်ရာ ရှုထောင့်မှကြည့်လျှင် ဖြစ်နိုင်ဖွယ်မရှိဟု ဆိုရမည်ဖြစ်သော အတတ်ပညာကိရိယာတစ်ခုကို တကယ် လုပ်အံဟုတ်ဖြစ်အောင် လုပ်ပြခဲ့သူမှာ ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတတ် ဦးအုန်း မောင် ဖြစ်၏။

ဦးအုန်းမောင် တီထွင်ကြိုးပမ်းခဲ့ ရသော ကြိုးပမ်းမှုမှာ ဖြစ်တည်ဖြစ်ရှိ လာသည့် ကင်မရာမှာ သူတို့ဆီက မူရင်းကင်မရာနှင့် နှိုင်းယှဉ်ကြည့်လျှင် တီထွင်ကြိုးပမ်းခဲ့သူ ဦးအုန်းမောင်အား မတန်မရာ စိတ်ရှုးပေါက်ရန်ကောဟု ဆိုကောင်းဆိုနိုင်ရာအောင်ပင် ကွာခြား သည်။ ထိုစိတ်ရှုးပေါက်ရန်ကောဆို သည့် ကင်မရာလေးကနေ မေတ္တာ သူရာ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကား ကို ဖွားမြောက်နိုင်၏။

မေတ္တာနှင့်သူရာ မြန်မာ့ပထမဆုံး ရုပ်ရှင်ကားကို မြန်မာ့ပထမရုပ်ရှင်ရုံဖြစ် သည့် စီနီမာဒီပဲရစ်ရုံတွင် ပြသခဲ့သည်။ ပရိသတ်အားပေးမှုကို အောင်အောင် မြင်မြင် ရရှိလိုက်သည်။ ထိုမှနောက် မြန်မာ့အသံတိတ် ရုပ်ရှင်ခေတ် ထွန်း ပေါက်လာသည်။

မြန်မာ့ရုပ်ရှင်ကားများ ထုတ်လုပ် ဖြန့်ချိရာတွင် ထင်ရှားသော ကုမ္ပဏီကြီး နှစ်ခုမှာ ဗြိတိသျှဘားမားနှင့် အေဝမ်း။ ကုမ္ပဏီကြီးနှစ်ခုမှာ အပြိုင်အဆိုင် မဟုတ်သော်လည်း နောက်ပိုင်းတွင် လည်း အပြိုင်အဆိုင်သဘော ဆောင် လာကြသည်။

ဗြိတိသျှဘားမားက အလုပ်သွက် သလို အေဝမ်းကလည်း အလုပ်ကျဲ သည်။ ဗြိတိသျှဘားမားက ရုပ်ရှင်ရုံပိုင် ရှိသည်။ အေဝမ်းက ကုမ္ပဏီဇာတ်ကား တွေကို အင်နှင့်အားနှင့် ကြော်ငြာဖို့ မဂ္ဂဇင်းပင်ရှိသည်။

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ၏ ပထမအဆင့်မှာ အသံတိတ်။ အစဦး ပိုင်းတွင် ကြည်လင်မှုအားနည်းသလို၊ တည်ငြိမ်မှုပိုင်းတွင်လည်း အားနည်း သည်။ ထို့ကြောင့် "သုန်ခြင်း၊ မှုန်ခြင်း သည်းခံပါ"ဆိုသော စကားဦးစာတန်း လေးများပင် ထိုးပြရသည်။

စာတန်းထိုးဇာတ်ကားများကို ပရိသတ်ပို၍ စိတ်ဝင်စားမှုရှိအောင် စန္ဒရားတီးဝိုင်းဖြင့် ထောက်ကူပေးရ သည်။ အဆိုအတီးသာမဟုတ်၊ အပြော လည်း ပါသည်။

ဇာတ်လမ်း၏ ဇာတ်ဝင်သီချင်း များကို ဂီတပညာရှင်များက သူနေရာ နှင့်သူ အံဝင်ခွင်ကျဖြစ်အောင် သီဆို တီးမှုတ်ပေးရသည်။ စကားပြော စာ တန်းကို အသံထွက်ဖတ်သူများလည်း ပါသောကြောင့် အသံပလံများ စီစီဝေ ဝေရှိသည်။ ရုပ်ရှင်ကြည့်ပရိသတ် အတွက် သိပ်အနှောင့်အယှက်မဖြစ်။

သူ့ခေတ် သူ့အချိန်အခါ သူ့ အထာနှင့်သူတော့ ခံစားရမှုတစ်မျိုး အဖြစ် ရှိစေသည်။ မဖတ်တတ်ဖတ် တတ် ဖတ်သူများ၏အသံနှင့် လွဲမှား သည်များကြောင့် ရယ်မောရသည်။ အဲဒီ လို အော်ကြီးဟစ်ကျယ် မဖတ်နဲ့ဟု တားမြစ်သည်မျိုးလည်းမရှိ။

ရုပ်ရှင်ကြည့် ပရိသတ်အချင်းချင်း လွတ်လပ်မှုကို ပေးကြသည်။ တစ်ခါ တစ်ရံ ရုပ်ရှင်ထဲမှ ဇာတ်ကောင်များ ပြောသည့် စကားလုံးထက် ပို၍ စိတ် ဝင်စားစရာကောင်းသည့် ပြောလုံးဆိုလုံး များကို တီးဝိုင်းသမားက ဖြည့်ပေးသည်။

သူတို့မှာ အဆိုအတီးသာမဟုတ်၊ အပြောလည်းပါရသည်။ အပြောလည်း ပိုင်ရသည်။ ဟာသကွက်များ ဝင်ရသည် မှာ မလွယ်။ ဒါပေသိ ဇာတ်ကောင်ပြော သော ဟာသထက် သူတို့ဟာသက ပို၍ပြောင်မြောက်သောကြောင့် ရုပ်ရှင် ကြည့်ပရိသတ်၏ ရယ်သံမှာ ဝေဝေလွင် လွင် ထွက်ရသည်။

မည်သို့ပင်ရှိစေ...

ဇာတ်လမ်းအားကောင်းသည့် ထိုး ခန်းကြိတ်ခန်း၊ ဖိုက်တင်ခန်းတွေ၊ ပီပြင် သည့် လက်ခေါက်မှုတ်သံ တရှိုရှိုထွက် လာစေသည့် ဗိုင်ဖင်ခန်းတွေကပြီး



www.burmeseclassic.com

www.burmeseclassic.com

မိသည့် မြန်မာအသံတိတ်ဇာတ်ကားများကို ရုပ်ရှင်ကြည့်ပရိသတ် ကြိုက်နှစ်သက်ကြသည်။

ဖိုက်တင်၊ ဒိုင်ဗင်နှင့် စွန့်စားခန်းအမျိုးမျိုးကို မင်းသားတွေက ခုခေတ်လို လူစားထိုးပြီး မလုပ်ကြ။ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ကြသည်။

ဖိုက်တင်ခန်းများ ပီပြင်သည်ဆိုရာမှာ ခုခေတ်လို ဟန်ထိုးဟန်ကန်မဟုတ်။ အထိထိုးပြီး အထိကန်ကြသည်အထိ အနာခံကြသည်။

နောက်တစ်ဆင့် တက်လာတာက သံစုံသွင်းဇာတ်ကား။ အသံတိတ်လည်းမဟုတ်။ အသံထွက်လည်းမဟုတ်သော အသံတိတ်တစ်ပိုင်း၊ အသံထွက်တစ်ပိုင်း၊ ကြားပေါင်းကူးဇာတ်ကား။

သံစုံသွင်းမှာ အသံထွက်ခေတ်ကို ကူးပြောင်းဖို့အတွက် ဆက်စပ်ပေးသော ပေါင်းကူးတံတားဟူ၍လည်း ဆိုနိုင်၏။ သံစုံသွင်းပြီးတော့မှ အသံထွက်ခေတ်သို့ ကူးပြောင်းခဲ့ရသည်။

အစပထမပိုင်းတွင် မပီဝိုးတဝါး အသံများ ရောစွက်ပါဝင်ခဲ့သေးသည်။ အောဝမ်းကုမ္ပဏီက အသံပိုင်းဆိုင်ရာ ဂျပန်ပညာရှင်ကိုပင် ငှားရမ်းခဲ့သည်။ ဗြိတိသျှဘားမားကလည်း အိန္ဒိယလူမျိုးကျွမ်းကျင်သူ၏ အကူအညီကို ရယူခဲ့သည်။

အသံထွက်ခေတ် ရောက်တော့မှပဲ ရုပ်ရှင်ကြည့်ပရိသတ်လည်း နားအေးပါးအေးနှင့် ဇိမ်ရှိရှိ ရုပ်ရှင်ကြည့်ကြရသည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီ မြန်မာဇာတ်ကား အများဆုံးပြသသည့်ရုံ သုံးရုံရှိသည်။

စတားရုံ(နောင် ဝင်းဝင်းရုံ)၊ အော်လံပီယာရုံ (ယခု ရွှေဂုံမြို့မနေရာ)၊ သွင်ရုံ(ယခုလက်ရှိ မူလနေရာ)။ အဲဒီအချိန်က ရုပ်ရှင်မှောင်ခိုလက်မှတ်တို့မရှိ။ ကြိုတင်လက်မှတ်ရောင်းစနစ်လည်းမရှိ။

တစ်မတ်တန်း၊ ငါးမူးတန်းမှာတော့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အစွမ်းအစနှင့်ကိုယ် တိုးရသည်။ လက်မှတ်ရောင်းသည့် စနစ်က တစ်ယောက်တစ်စောင်မဟုတ်။ ကြိုက်သလောက်ဝယ်လို့ရသည်။ လေးငါးစောင်ဝယ်မလား၊ ဆယ်စောင်ဝယ်မလား။ ရသည်။

ရုပ်ရှင်ကား ကောင်းပြီဆိုရင်တော့ အင်္ကျီချွေးကို ရေစိမ်ပြီးညှစ်သလို ညှစ်ရအောင် တိုးရခွေ့ရသည်။ ကိုယ်လုံးနှင့်တိုးရသည်။ ခေါင်းနှင့် ခွေ့ရသည်။ ခုန်ပျံပျော်လွှားရသည်။ တံတောင်တို့၊ ဒူးတို့ ပေးတတ်ရသည်။

တိုးနေသူ လူအုပ်အပေါ် ဝမ်းလျားထိုးမှောက်ပြီး စတန့်ထိုး တိုးတတ်ရသည်။ အဲဒီလို မတိုးနိုင်လို့ကတော့ တစ်မတ်တန်း၊ ငါးမူးတန်း ကြည့်ဖို့ စိတ်မကူးလေနဲ့။

ကံကောင်းလို့ လက်မှတ်ကျန်လေး ရရင်တောင် ခေါင်းမော့ထားပြီး ကြည့်ရသည့် ရှေ့ဆုံးတန်းခုံမှာပဲ နေရာရမည်။ ရုပ်ရှင်လက်မှတ် အတိုးကျွမ်းရင် အရပ်ထဲမှာ ဟီးရိုးဖြစ်ပြီ။ မျက်နှာချိုသေါးသူ အပျိုအကြီးအသေးတို့ ဝိုင်းဝိုင်းလည်ပြီ။ ဟိုကခေါ်ချင်၊ သည်ကခေါ်ချင် မျက်နှာပွင့်သူ ဖြစ်ပြီပေါ့။

ဟိုတုန်းက ညာသံပေးပြီး အဲဒီလို တိုးကြ၊ ခုန်ပျံကျော်လွှားပြီး ဝမ်းလျားထိုးဒိုင်ဗင်ထိုးလုပ်ကြသည်ကို ရုပ်ရှင်ရုံပိုင်းဆိုင်ရာက အပြောအဆို အတားအမြစ်မရှိသလို ပုလိပ်တို့တာတို့ကလည်း ရှင်းလား၊ ဝင်ဆွဲလား၊ တွန်းလားထိုးလား မလုပ်။ ရုပ်ရှင်ကို အဲဒီလိုမျိုး တိုးကြည့်ရတာကိုက ပျော်စရာ။

ရုပ်ရှင်ပြီး အိမ်အပြန်ခရီးမှာ ဘယ်သို့ဘယ်ပုံ တိုးရသည်ကိုလည်းကောင်း၊ တံတောင်တို့၊ ဒူးတို့ ဘယ်လိုပေးလိုက်ရပုံကိုလည်းကောင်း၊ တိုက်ချိတ်ကြီးနဲ့ ပင့်ထိုးလိုက်လို့ ဘယ့်နှယ်ခံလိုက်ရပုံကိုလည်းကောင်း စားမြုံ့ပြန်ရသည်မှာလည်း လျှာတွေ့ အာတွေ့ရှိဘိ၏။

ဟိုတုန်းက ခုလို ခုံနံပါတ်တွေဘာတွေမရှိ။ မူးတန်း၊ မတ်တန်းမှာ တန်းလျားခုံတန်းရှည်များ ဖြစ်၏။ လက်မှတ်ရဖို့ တိုးဝှေ့ရုန်းနှင့်မပြီးသေး။ နောက်တန်းကျသည့် ခုံများရဖို့အတွက်ကိုလည်း ရုံဝင်ပေါက်မှာ တိုးရသည်။လက်မှတ်ပေါက်မှာလောက် အတိုးရမကြမ်းပေမယ့် ရုံဝင်ပေါက်မှာလည်း ခွန်အားကို အသုံးပြုရသည်။

ကိုယ့်လူတစ်ယောက် အထဲရောက်သွားဖို့က အဓိက။ တစ်ယောက်တည်းရောက်သွားရင် နောက်ပါကိုယ့်အသိုင်းအဝိုင်းအတွက် ခုံတန်းရှည်ပေါ်မှာ လုံအိပ်ပြီး နေရာဦးထားလို့ရသည်။ လူဘယ်နှယောက်ပါ၍ နေရာဘယ်လောက်ကျယ်အောင် ယူထားရတာလဲလို့ မေးမည့်၊ ပြောမည့်သူမရှိ။

တင်ဌေး၊ တင်ဖေ၊ တင်ခွေး၊ ချစ်ရွှေ၊ ကျော်ညွန့်တို့ပါသည့် ဇာတ်ကားဆိုရင် မတိုးနိုင်လို့ကတော့ တစ်ပတ်လောက် ရုံနားမကပ်လေနဲ့။

ဟိုတုန်းက ရန်ကုန်နေလူဦးရေ

www.burmeseclassic.com

နည်းသည်။ ဒုတိယပတ်လောက် လူ ချောင်သွားတတ်သည်။ အဲဒီအခါကျ တော့ အင်္ကျီခါးကြိုးမကျိုး အတွန့် အကြေမမြင်ဘဲ အေးအေးသက်သာ လက်မှတ်ဝယ်ကြည့်လို့ရသည်။

မင်းသားဦးတင်မောင်၊ ခင်မောင် ရင်၊ မောင်မောင်အေး၊ ဘတင့်၊ ဘမြင့် တို့ပါဝင်သည့် ဇာတ်ကားများမှာ အများ အားဖြင့် ဇာတ်နဇာတ်အေးများ ဖြစ် သည့်အလျောက် စတန့်မင်းသားတွေ ကားလောက် လူမတိုး။

သိုက်သမိုင်းကား၊ စုန်းကဝေကား၊ နတ်ကားတွေကျတော့ ဆေးလိပ်ခုံ အမျိုးသမီးပရိသတ် အတိုးအဝှေ့ပွဲ။ သူတို့ကြားထဲများ ဝင်သွားဖို့ စိတ်မကူး လေနဲ့၊ သွေးစိမ်းရှင်ရှင်ထွက်အောင် တိုက်ခိုက်မိသွားမည်။

စစ်ကြိုခေတ်ကာ အကျော်ကြား ဆုံးနှင့် လူကြိုက်အများဆုံး၊ ဝင်ငွေ စံချိန်တင်သည့် မြန်မာဇာတ်ကားမှာ သွင်ရုံတွင် ပြခဲ့သည့် ဗိုလ်အောင်ဒင်။

မြန်မာအမျိုးသမီးများ၏ မျက်ရည် ကို ဆွဲထုတ်နိုင်ပြီး ဝင်ငွေစံချိန်တင်သွား သည့် အကျော်အေယျ ကုလားကားမှာ ခါဆန်ချီ။

ရန်ကုန်မြို့ကြီးကို ဂျပန်များ ဗုံး စတင်ကြဲသည့်နေ့အထိ အော်လံပီယာ ရုံမှာ "ခါဆန်ချီ" ကား ပြသနေဆဲ။

မောင်ခိုလက်မှတ်အစ ဗိုလ် အောင်ဒင်နှင့် ခါဆန်ချီက။ မောင်ခို လက်မှတ်လို့တော့ အမည်နာမ အတိ အကျ သတ်မှတ်လို့မရ။ ထိုခေတ်အခါ နှင့်ကတော့ ဘေးထွက်လက်မှတ်။ သဘောချင်းတော့ ဆင်သည်။

ရုပ်ရှင်လက်မှတ် ရောင်းသူများက ရုံရှေ့တွင် ဈေးရောင်းသူများကို လက် မှတ်ပေးထား၊ တစ်ပဲ၊ တစ်မူး၊ အမြတ် တင်၍ ရောင်းခိုင်းခြင်းဖြစ်၏။

ရုပ်ရှင်ရုံအလုပ်သမားများနှင့် ပတ်ဝန်းကျင်မှာ ဈေးရောင်းသူတွေဆို တာက မကင်းရာမကင်းကြောင်း ပတ် သက်ဆက်နွယ်မှုရှိကြသည်။

ဈေးရောင်းသူတွေထဲမှာ သူတို့ သားမယားတွေ၊ ဆွေမျိုးတွေ၊ မကင်းရာ မကင်းကြောင်း အသိအကျွမ်းတွေ ပါ သည်။ ဗိုလ်အောင်ဒင်နှင့် ခါဆန်ချီမှာ ပွဲတိုင်းလိုပင် ရုံပြည့်ကြည့်ကြသော ကြောင့် လက်မှတ်ရောင်းအား ကောင်း သည့်အလျောက် ဘေးထွက်လက်မှတ် ပေါ်လာသည်။

လက်မှတ်ရောင်းသူ ဈေးသည် တွေက ခုခေတ်မှောင်ခိုလက်မှတ်ရောင်း သူများလို လူသိရှင်ကြား အော်ဟစ် မရောင်း။ တိုးတိုးတိတ်တိတ် ကျိတ် ရောင်းကြသည်။ ရုပ်ရှင်ရုံအလုပ်သမား တွေ လက်ဖက်ရည်ဖိုး ရကြခြင်းသာ ဖြစ်၏။

ဘေးထွက်လက်မှတ် (ဝါ) မှောင် ခိုလက်မှတ်အစ ဗိုလ်အောင်ဒင်နှင့် ခါဆန်ချီကဟု သတ်မှတ်ရမည်ပါ။

ဒါက ··· စစ်ကြိုခေတ်ကာလ အင်္ဂလိပ်လက်ထက် ရုပ်ရှင်ရုံများနှင့် ရုပ်ရှင်ကြည့်ပရိသတ်တို့၏ ဖြစ်တည်ရှိ ခဲ့သော အခြေအနေအကြမ်းဖျင်းဖြစ်၏။

***

|နှစ်|

ဂျပန်ခေတ်တွင် ရုပ်ရှင်မရိုက်ရ သောကြောင့် ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ၊ ဇာတ်ပို့ဇာတ်ရန် များ၊ စက်မှုဘက်ဆိုင်ရာ အလုပ်သမား များမှာ ကသီလင်တ ဖြစ်ကုန်ကြသည်။

ကျပန်းအလုပ်များကို လုပ်ကိုင် စားသောက်ကြရသည်။ အင်္ဂလိပ်ခေတ် က ဇာတ်ပို့ဇာတ်ရန်များ ထားဘိလို့ မင်းသား၊ မင်းသမီးများပင် စုမိဆောင်း မိ ဝင်ငွေမျိုးမရရှိကြ။ လခစား မင်းသား၊ မင်းသမီးက များသည်။

လခဆိုတာကလည်း ပြောစမှတ် ပြုရလောက်အောင်ရသော လခမျိုး မဟုတ်။ ဖောဖောသီသီလေး စားဝတ် နေစရိတ် ကာမိရုံသည့် လခ။ ရုပ်ရှင် လောကသားတွေက သောက်သောက် စားစား၊ လောင်းကစား မိတ်ဖွဲ့ထားကြ သူက များသည်။ သို့မို့ကြောင့်လည်း သူတို့မှာ ဝင်ငွေနှင့် ထွက်ငွေ မမျှတကြ။

ရုပ်ရှင်ကားတွေ မရိုက်ရဘူးလည်း ဆိုရော သူတို့လည်း ဒုက္ခရောက်ကုန် ကြပါလေရော။ ဇာတ်ကားထုတ်ပိုင်ရှင်၊ ထုတ်လုပ်ဖြန့်ချိသူ ငွေရှင်ကြေးရှင်တွေ ကတော့ အငြိမ့်သားပေါ့။ သိမ်းဆည်း ထားသည့် ဇာတ်ကားဟောင်းများကို မြို့လယ် ရုပ်ရှင်ရုံတချို့တွင် ပြန်လည် ပြသခြင်းဖြင့် ဝင်ငွေရှာဖွေကြသည်။

အင်္ဂလိပ်ဇာတ်ကားကောင်း လက် ဝယ်ရှိသူများမှာမူ ဂျပန်ဟေ့ဆိုသည်နှင့် လက်ဝယ်ရှိ ကားထုပ်များကို ပြာအဖြစ် သို့ ပြောင်းလဲပစ်လိုက်ရသည်။ မိသွား လို့များတော့လား အစစ်အဆေးအမေး အမြန်းမရှိ၊ ကိုယ့်ကျွင်းကိုယ်တူးရုံသာ။

စစ်ဘေးစစ်ဒဏ်ကြောင့် ပြေး ဟယ်လွှားဟယ်၊ ရှောင်ဟယ်တိမ်းဟယ်



www.burmeseclassic.com

www.burmeseclassic.com

အနိဋ္ဌာရုံသံသရာတွင် မျောပါနေသူ မြန်မာလူမျိုးများမှာ အပျော်အပါးပေါ့ ဆိုသည်နှင့် နောက်ကြောင်းတွေ မေ့ကုန်ကြသည်။ အထိတ်တလန့် ကြားထဲကနေ ရုပ်ရှင်ရုံများသို့ ခြေဦးတည်ခဲ့ကြသည်။

ပြန်လည်ပြသသည့် မြန်မာဇာတ်ကားပောင်းများမှာ ငွေမြီးမြီးမြက်မြက် ရရှိကြသည်။

ရုပ်ရှင်ကို ရင်တမမနှင့် အထိတ်တလန့်ကြည့်ရသည်မှာ ဂျပန်ခေတ်။ ရုပ်ရှင်ကြည့်နေရင်း ဥသြသံကြားရင် ဝရုန်းသုန်းကား ထပြေးရသည်။ ဒါပေသိ ဘေးရန်ကင်းရှင်းကြောင်း ဥသြပြန်မှုတ်ရင်တော့ ရုံထဲသို့ ပြန်ရောက်ကြသည်သာ။

မြန်မာလူမျိုးတို့၏ အထာက အပျော်အပါးနှင့် ပတ်သက်လာလျှင် သည်သို့ပင် ရှိကြသည်။

မြို့လယ်ကောင်မှာ ရုပ်ရှင်ပြသည့် လုပ်ငန်းမှာ ကြာရှည်မခံလိုက်။ မြို့ထဲမှာနေထိုင်သူ နည်းပါးသည့်အပြင် ပန်းဆိုးတန်းနှင့် ဆူးလေဘုရားလမ်းမှာ အသွားအလာကျဲသောကြောင့် တဖြည်းဖြည်း ရုပ်ရှင်ကြည့်ပရိသတ် ပါးလာသည်။ ဝင်ငွေတွက်သား သိပ်မကိုက်သောကြောင့် ရုပ်ရှင်ပြသခြင်း ရပ်စဲသွားသည်။

ဂျပန်ခေတ် အစည်ကားဆုံးနေရာမှာ ဗဟန်း။ အင်္ဂလိပ်ခေတ်က ရန်ကုန်မြို့လယ်မှာ လူစည်ကားပြီး အရောင်းအဝယ်လုပ်ငန်းပေါင်းစုံ၏ အချက်အချာနေရာဖြစ်သလို၊ ဂျပန်ခေတ်မှာ ဗဟန်းနယ်မြေသည် လူအစည်ကားဆုံးနှင့် စီးပွားရေးလုပ်ငန်းသမားတို့၏ ဗဟိုချက်မ ဖြစ်လာသည်။

မြို့စွန်ကြီးလည်းမကျ၊ မြို့လယ်လည်း မကျသည့်အပြင် သစ်ကြီးဝါးကြီး အရိပ်အာဝါသကောင်း၍ နားခိုစရာနှင့် လေကြောင်းရန်အတွက် ပုန်းအောင်းစရာ နေရာကောင်းသောကြောင့် ရန်ကုန်မြို့လယ်မှာ ခြောက်ကပ်သလောက် ဗဟန်းမှာ စိုပြည်စည်ဝေသည်။

ဗုံးရန်ကြောက်၍ ရန်ကုန်မြို့လယ်ကောင်မှာ ရှောင်တိမ်းပြောင်းရွှေ့ နေထိုင်ကြသူများမှာ ဗဟန်း၊ တာမွေ၊ ကျောက်မြောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်စသည့် မြို့စွန်ကျသည့် ရပ်ကွက်များသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ဂျပန်ခေတ်က အစိုးရရုံးများသည်ပင် ဗဟန်းနယ်မြေနှင့် ကုက္ကိုင်းနယ်မြေ တစ်ဝိုက်တွင် ရုံးစိုက်၍ လုပ်ငန်းလုပ်ကြရသည်။

စာအုပ်၊ ဆေးဝါးနှင့် အခြားလူသုံးကုန်ပစ္စည်းများ ဝယ်ယူရရှိနိုင်သည့်နေရာမှာ ဗဟန်း။ ရွှေရောင်းချင်သလား၊ စိန်ရောင်းချင်သလား၊ ရွှေဝယ်ချင်သလား၊ စိန်ဝယ်ချင်သလား၊ တခြားနေရာကို သွားလို့တော့ အလုပ်မဖြစ်။ ကျိန်းသေပေါက် အလုပ်ဖြစ်သည့်နေရာမှာ ဗဟန်း။ ရောင်းချင်တာ အလွယ်တကူ ရောင်းလို့ရသည်။ ဝယ်ချင်တာကိုလည်း အလွယ်တကူဝယ်လို့ရသည်။

သကြားအစစ်နှင့်ဖျော်သည့် လက်ဖက်ရည်ကောင်းကောင်း ရှယ်လက်ဖက်ရည် သောက်ချင်သလား။ ဟိုတယ်အချက်အပြုတ် အစားအစာတွေ စားချင်သလား။ ဗဟန်းကိုသာ ခြေဦးတည်ရသည်။

ကားအသုံးမရှိသည့် ဂျပန်ခေတ်က မြင်းလှည်းလမ်းပေါက်သည့်နေရာမှာ ဗဟန်း။ "ဗဟန်းကို…ဗဟန်းကို၊ တစ်ယောက်လို၊ နှစ်ယောက်လို" ဆိုသည့် မြင်းလှည်းသမားတို့ မိုးလင်းကမိုးချုပ် နေ့စဉ်နှင့်အမျှ အော်သံစွဲမြဲသောကြောင့် ဗဟန်း၏ အချက်အချာကျပုံမှာ ပို၍ ထင်ပေါ်သည်။

ဗဟန်းက အချက်အချာသလို၊ မြင်းလှည်းကလည်း အဓိကကျသည်။ ဗဟန်းကို အမြန်ဆုံးရောက်ဖို့က မြင်းလှည်းနှင့်ဗျာ။ မြင်းလှည်းသမားတွေ မျက်နှာပွင့်သည်။ ဝင်ငွေရွှင်ကြသည်။ မြင်းလှည်းထောင်သည်တွေ ငြိမ့်သည်။

မြင်းလှည်းစီးသည့်အခါ ချောင်ချိ၍ သက်သောင့်သက်သာ စီးရသည့်နေရာမှာ မြင်းလှည်းမောင်းသူနှင့် ယှဉ်၍စီးရသည့် မြင်းလှည်းမောင်းသူ၏ ဘေးနေရာ။ ခြေထောက်ကို လွတ်လွတ်ကျွတ်ကျွတ် ချထားလို့ရသည်။

လေဆန်မှ တိုက်လာသည့်လေကို လွတ်လွတ်လပ်လပ် ခံစားလို့ရသည်။ ရှေ့မြင်ကွင်းကို အပြည့်အဝမြင်ရသည်။ နောက်ပိုင်းနေရာတွေက အထိုင်မလွတ်လပ်သလို ချောင်ချောင်ချိချိ မရှိ။ မြင်ကွင်းတွေကို လွတ်လွတ်လပ်လပ် ကြည့်လို့မရ။

ရှေ့ထိုင်နေရာက တောင့်သော၊ ဖြောင့်သော၊ လှသော၊ ချောသော အမျိုးသမီးများ ပါလာရင် မြင်းလှည်းဆရာ၏ မျက်နှာမှာ မိုးရသည့်မျက်နှာသို့နှယ် ရှိဘိ၏။ မစားရတစ္ဆူ၊ စားရတစ္ဆူ မျက်နှာမျိုး မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး၏ ကိုယ်သင်းရနံ့သည် ယောက်ျားသားတို့၏ နှလုံးသားကို အေးသက်စေ၏။ ထန်မာသောစရိုက်ကို ပျော့သွယ်စေ၏ဟု အဆိုရှိသည်မဟုတ်ပါလား။

ထိုစဉ်က မြင်းလှည်းသမားများမှာ အနီးကပ်ရှိနေသူကိုမပြောနှင့်၊ လမ်းဘေးမှလျှောက်သွားသည့် ရွှယ်ရွှယ်လတ်လတ် အမျိုးသမီးများတွေ့လျှင်

"ဟဲ့ . . . ကောင်မလေး၊ ဟင်းနော် . . . ငါတယ်"

ဟု မြင်းကို ပြောသလိုလိုနှင့် ပါးစပ်သရေထိုးကျင့် ရှိကြသည်။ မြင်းမလေးကို အဲဒီလို ပြောပြီးရိုတာမျိုးထက် ဒေါက်အထောင်းပေမီ မြင်းထီးကြီးကို မောင်းနေပါလျက်ကလည်း "ဟဲ့ . . . ကောင်မလေး၊ ဟင်းနော်၊ ငါတယ်"ဟု လုပ်တတ်ကြသေးသည်။

ဂျပန်ခေတ်မှာ ဂါလီဝါးလားခေါ် မြင်းလှည်းဆရာတို့ခေတ်။ ကျိုတ်ကျိုတ်တိုးမျှ စည်ကားလျက်ရှိသော ဗဟန်းတွင် ရုပ်ရှင်ရုံတစ်ရုံလည်း ပေါ်လာသည်။ ကန်တော်မိတ်ရုပ်ရှင်ရုံ။

ရုပ်ရှင်ရုံနာမည်ပေးထားပုံက သင်းသည်။ ကန်တော်ကြီးရေစပ်ဘေးတွင် ဆောက်လိုက်သည့် ရုပ်ရှင်ရုံကို "ကန်တော်မိတ်"ဟု နာမည်ပေးလိုက်သည်။

စီးပွားရေးသမားဆိုတာက ကိုယ့်အိတ်ထဲ ငွေဝင်လာဖို့ အလွန်အမင်း ရှင်သန်ကြသူတွေပါ။ ကန်တော်မိတ်ရုံမှာ ခုံခုံထည်ထည် ရုပ်ရှင်ရုံတော့မဟုတ်။ သွပ်မိုး၊ သွပ်ကာ အဖြစ်ဆောက်ထားသည့် ရုပ်ရှင်ရုံ။

သွပ်အသစ်မရနိုင်သော ခေတ်သမယမို့ မီးလောင်သွပ်များနှင့် သွပ်အဟောင်းများကို ရောစပ်၍ မိုးထား၊ ဆောက်ထားသည့်ရုံ။

ရေမသစ်ပင်ကြီးများ၏ ဝေဆာနေသော အခက်အလက်အရွက်များ ဖုံးအုပ်နေသောကြောင့် ကန်တော်မိတ်ရုံကို လေယာဉ်ပေါ်မှ မြင်ရဖို့မလွယ်။ ဖုံးဘေးရန် အရေးဟယ်၊ အကြောင်းဟယ် ရှိလာလျှင်လည်း ရုံတစ်ဖက်ပေါက်ကနေထွက်ပြီး ကန်တော်ကြီးရေပြင်ထဲ ခုချလိုက်ရုံသာ။

ဗဟန်းမှာ စည်ကားသလို ကန်တော်မိတ်ရုံမှာလည်း ရုပ်ရှင်ကြည့် ပရိသတ်တွေ အားကောင်းသည်။ ရန်ကုန်ရုပ်ရှင်မှ ကန်တော်မိတ်ရုံကို ကန်ထရိုက်အပ်၍ ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့ရာ ဂျပန် ထောင်မလဲ သဲကော်တွေ သဲ့ယူသလို ရသည်။

လက်မှတ်တွေဘာတွေ လုပ်မနေ။ ငွေပေးဝင်စနစ်ဖြင့် ပြသည်။ ရုံဝင်ပေါက်စောင့်သူများမှာ ခါးပုံစကြီးကြီးလုပ်ပြီး ဂျပန်ငွေစက္ကူတွေကို လက်မနားရအောင် တရစပ်ထည့်နေရသည်။

ကန်တော်မိတ်ရုံနှင့် မရှေးမနှောင်း ပေါ်လာသည်မှာ နေသူရိန်ရုံ။ သစ်ကြီး၊ ဝါးကြီးများနှင့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်လိုက်သည့်ရုံ။

နေသူရိန်မှာလည်း ရုပ်ရှင်ပြသည်။ ဒါပေသိ ကန်တော်မိတ်ရုံလောက် လမိုင်းမကာပ်။ ဒါပေသိ နေသူရိန်ရုံအမည်မှာ သမိုင်းမှတ်တမ်းဝင်သွားသည်။

ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်သည့် နိုင်ငံရေးအစည်းအဝေးကြီးလုပ်ခဲ့သည်။ "နေသူရိန်ဆုံးဖြတ်ချက်"ဟူ၍ ထင်ရှားသော နိုင်ငံရေးသမိုင်းမှတ်တမ်းကမှည်းတင်စရာရှိခဲ့ကြောင်း နေသူရိန်အမည်မှာ ထင်ပေါ်ကျော်ကြားခဲ့သည်။

ကန်တော်မိတ်ရုံနှင့် နေသူရိန်ရုံမှာ နီးသည်။ နောက်ထပ်ပေါ်လာသည်က မြိုင်ရုံ၊ မြိုင်ရုံက ရုပ်ရှင်မပြ၊ ပြဇာတ်ကသည်။

မြိုင်ရုံမှာ ပြဇာတ်များ တင်ဆက်ကပြသောကြောင့် ရုပ်ရှင်မရိုက်ရသော ရုပ်ရှင်ပညာသည်များ၏ စားဝတ်နေရေးကို အထိုက်အလျောက် ပြေလည်စေခဲ့သည်။ အရိပ်ကိုသာကြည့်ရသည့် ရုပ်ရှင်နှင့်မတူသော လူကိုယ်တိုင်သရုပ်ဆောင်ပြသည့် ပြဇာတ်မှာ ပရိသတ်အတွက် အမြင်ဆန်းသစ်သလို အကြိုက်လည်း တွေ့သွားသည်။

ပြဇာတ်ခေတ် တစ်ခေတ် ဆန်းသစ်ခဲ့သည်မှာ ဂျပန်ခေတ်။ ဂျပန်ခေတ်မှ စတင်ဆန်းသစ်ခဲ့သော ပြဇာတ်မှာ ဒုတိယကမ္ဘာစစ်ပြီးခဲ့သည့် နောက်ပိုင်းခေတ်အထိ ထွန်းပေါက်ခဲ့သည်။

မြိုင်ရုံပြဇာတ်များကို ပရိသတ်အကြိုက်တွေ့ပြီး လက်ခံကြည့်ရှုလာသည့်အလျောက် နောက်တိုး ပြဇာတ်ရုံတစ်ရုံ တိုးလာပြန်သည်။ လွင်လွင်ရုံ။

လွင်လွင်ရုံက ရွှေဂုံတိုင်မှာ။ မြိုင်ရုံတွင် မင်းသား ကျော်ဝင်း နာမည်ကြီးခဲ့သလို လွင်လွင်ရုံမှာ မင်းသားကျော်အေး နာမည်ကြီးခဲ့သည်။

မင်းသားချော ကျော်အေး ပါဝင်သရုပ်ဆောင်သည့် "တစ်ဝါတွင်း" ပြဇာတ်မှာ ဟိုးဟိုးကျော်သွားသည်။

(ဆက်လက်ဖော်ပြပါမည်)


ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

## မျက်မမြင် စာဆိုတော် ဟိုးမား၏ ဟယ်လင်မိဖုရား၊ ထရိုင်မြို့နှင့် လူ့ဘဝသရုပ်ဖော် ကဗျာရှည်နှစ်ပုဒ်



လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်က ဂရိမြို့ပြနိုင်ငံသည် စာပေ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ စံတင်လောက်သည့် အဆိုအမိန့် ဒဿနိကပညာရှင်များ ပေါ်ထွန်းခဲ့သည်။ ယင်းတို့အနက် မျက်စိလုံးဝမမြင်ရှာသော "ဟိုးမား"အမည်ရှိ ကဗျာစာရေးဆရာကြီး တစ်ဦး ပေါ်ထွန်းခဲ့သည်။ သူကြံစည်ရေးသားခဲ့သော ကဗျာလင်္ကာ၊ အဆိုအမိန့် စသည်များအနက် မျက်မှောက်ခေတ် အနုပညာရှင်များက ဂန္ထဝင်မြောက် ဥရောပကဗျာ၊ နိုင်ငံတကာကဗျာအဖြစ် တင်စားထားသော ဖြစ်ရပ်မှန် အီလီယက်(Illiat) ကဗျာရှည်နှင့် အောဒီစီ (Odessey) ကဗျာရှည် နှစ်ပုဒ်ကို စပ်ဆိုခဲ့သည်။

ဂရိတွင် ဘုရင်မင်နီလော့ စိုးစံစဉ် ဟယ်လင်အမည်ရှိ ကမ္ဘာပေါ်တွင် အလှဆုံးဟု တင်စားထားသော မိဖုရားငယ်တစ်ပါး ရှိခဲ့သည်။ ရောမမှ ဂရိတွင် ပညာလာသင်နေသော မင်းသားပါရီသည် ဟယ်လင်ကို ချစ်မြတ်နိုးလွန်းသဖြင့် သူမအချစ်ကို ရအောင်ယူပြီး ခိုးယူကာ သူ့ဒေသ ထရိုင်မြို့ပြနိုင်ငံတွင် ဘုရင်အဖြစ် စိုးစံပြီး ဟယ်လင်ကို မိဖုရားမြှောက်ခဲ့သည်။ မိဖုရားအလှခံရသော မင်နီလော့သည် အသည်းဆတ်ဆတ်နာကြည်းပြီး ဟယ်လင်ပြန်ရရေးအတွက် ၁၀ နှစ်တိုင်တိုင် စစ်ပြုလုပ်ကြံသော်လည်း မအောင်မြင်ခဲ့ပေ။ နောက်ဆုံး ဂရိတို့သည် စစ်ပြန်ဆုတ်လေဟန်ပြုကာ ကြီးမားသော အခေါင်းပွ သစ်သားမြင်းရုပ်ကြီး ထုလုပ်ကာ မြင်းရုပ်ဝမ်းဗိုက်ထဲတွင် ဂရိသူရဲကောင်း ၉၃ ဦး တိတ်တဆိတ်သည့်ထားပြီး စစ်လှေများ ထရိုင်မြို့ ကမ်းမှ ခွာကြသည်။ ထရိုင်သားတို့က ဂရိတွေတော့ စစ်ဆုတ်ချေပြီဟု ဝမ်းသာအားရစွာဖြင့် ဂရိတို့ထားခဲ့သော မြင်းရုပ်ကြီးကို စစ်နိုင်ပစ္စည်းအဖြစ် ထရိုင်မြို့တွင်း သယ်သွင်းကာ ညလုံးပေါက် အောင်ပွဲခံ စားသောက်မူးယစ် ပျော်ပါးကသည်။ ထိုညမှာပင် မြင်းရုပ်အောက်ဘက် ဗိုက်ရှိ တံခါးပွင့်ပြီး သူရဲကောင်းတို့ ထွက်လာကာ မြို့တံခါးများ ဖွင့်ထားကြသည်။ အချိန်းအချက်ပြုထားသော ဂရိစစ်လှေတို့ကလည်း အချိန်ကိုက် ထရိုင်ကမ်းခြေကို ပြန်လှည့်ကပ်လာပြီး အတွင်းအပြင် စစ်ပြုလုပ်ကြံသဖြင့် ထရိုင်မြို့ပျက်စီး၊ ဟယ်လင်ကို ဂရိတို့ ပြန်ယူသွားခဲ့ကြသည်။ ဤဖြစ်ရပ်တစ်ခုလုံးကို မျက်မြင်တစ်ဦးကဲ့သို့ ထင်ဟပ်စေသော ထရိုင်မြို့အောင်နိုင်ရေးအားထုတ်မှုကာလအဖြစ် အီလီယက်ကဗျာရှည်ကြီးကို ဟိုးမား ဖွဲ့ဆိုခဲ့သည်။ ဟယ်လင်ကို ပြန်သိမ်းပြီး ပြည်တော်ပြန်ကာလကို အောဒီဆီကဗျာရှည်ဖြင့် ဟိုးမားဖွဲ့ဆိုခဲ့သည်။ ၎င်းကဗျာတို့သည် လူ့ဘောင်ကိစ္စအမှား/အမှန်၊ အဆိုး/အကောင်း ပေါင်းစုံ ရင်ဆိုင်ရသဖြင့် တုံ့ပြန်ဖြစ်ပေါ်လာတတ်သော ဘုရင်၊ မိဘ၊ သားသမီး၊ အဆွေခင်ပွန်း၊ ရဲဘော်ကောင်း စသည်တို့၏ (ကာယကံ/ဝစီကံ မနောကံ)ဖြစ်ပေါ်မှု အမှုအရာတို့ကို နှစ်သက်ဖွယ်ဖြစ်အောင် လင်္ကာပိုဒ် ခြောက်ပိုဒ်ပါ (ခြောက်ပါဒပါ အင်္ဂလိပ်ကဗျာ) ကဗျာရှည်ကြီးများ ဖြစ်ကြသည်။

ညီမြင်းလွင်(မော်ကျွန်း)

*Ref:- Internet News, 15.8.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... ကိုမြရေ ... ကိုမြ"

အိပ်ခန်းတွင်းမှ ဇနီးဖြစ်သူ၏ ခေါ်သံကြောင့် ခင်ပွန်းသည် ကိုမြက စိတ်မရှည်စွာ အော်မေးလိုက်သည်။

"ဟာကွာ ... ဘာလဲ မလေးနိုင်။ မင်းမှာလည်း အလန့်တကြား"

ခပ်အေးအေးပင် လှမ်း၍ပြောလိုက်သည်။

"အင်း ... ရှင့်မှာလည်း အလန့်တကြားလုပ်နေ။ ဒီမှာ ကုန်ပြီရှင့် ... ကုန်ပြီ"

ခရီးရောက်မဆိုက်ပင် ထိုင်၍ အနားယူရန် ဟန်ပြင်နေသော ကိုမြမှာ အယောင်ယောင်အမှားမှား ဖြစ်သွားရသည်။

"ကုန်ပြီ ဟုတ်လား။ ဘာကုန်တာလဲ မလေးနိုင်ရဲ့"

ပြောပြောဆိုဆိုပင် ကိုမြ အနီးရောက်လာသည်။

မလေးနိုင်က ဟီးချ၍ငိုရင်း –

"အခုမှ ပိုင်ရှင်အစစ် ပေါ်သွားတာတော့။ ကျွန်မရဲ့ဆွဲကြိုး မရှိတော့ဘူး ကိုမြရဲ့"

"ဟင် ... ဟုတ်ရဲ့လား။ [illegible] သေချာချာလည်း ကြည့်ပါဦး"

ကိုမြက လေအေးအေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အကြံပြုသည်။

"မလေးခိုင်ရယ် ... မင်းများ မေ့လို့လား။ ဘယ်သူများ ငှားမိသေးလဲ စဉ်းစားပါဦးကွာ"

မလေးခိုင်သည် တစ်ချက်ရှိုက်လိုက်ပြီးနောက် ...

"ကျုပ်သိတယ် ကိုမြ၊ ကျုပ်သိတယ်။ သူပဲဖြစ်ရမယ်"

ဒေါသထွက်လာသော လေသံဖြင့် ပြောသည်။

"ဘယ်သူလဲ မလေးခိုင်ရဲ့"

"ဟိုအကောင်လေ ... တစ်ရာ့တစ်ဆယ်ပေါ့"

"ဥစ္စာပျောက် ငရဲရောက်ဆိုသလိုလည်း ဖြစ်နေပါဦးမယ်ကွာ"

ကိုမြက နှစ်သိမ့်စကား ဆိုပြန်သည်။ မလေးခိုင်၏ လေသံသည် ပို၍ ကျယ်လာသည်။

"နေပါဦး ကိုမြရဲ့။ ရှင်ဟာ သူ့ဘက်ကကာကွယ်နေရအောင် သူဟာ ဘယ်လောက်ချမ်းသာတဲ့ အကောင်မို့လဲ။ အမေက မုန့်ခိုးမ ပဲပြုတ်သည်၊ ဝင်ငွေကလေးဟာ ဘယ်လောက်ရှိမှာတုံး။ ဒီမှာ ... ကိုမြ၊ ဆင်းရဲရင် ငရဲမကြောက်တဲ့ .. ရှင့်၊ သူတော်ကောင်းကြီးရဲ့"

"ကိုယ့်ဘက်ကြီး ကိုယ်မယက်နဲ့ဦး မလေးခိုင်ရေ။ တစ်ဖက်သားအနေနဲ့လည်း စဉ်းစားဦးမှပေါ့။ ဆင်းရဲလေလေ သံဝေဂရတဲ့စကားလည်း ရှိသေးတယ် မဟုတ်လား"

"တော်ပြီ ... ကိုမြ၊ တော်ပြီ။ ရှင်နဲ့ပြောရတာ အလုပ်မဖြစ်ဘူး။ ကိုင်း ... လာ၊ သွားကြမယ်။ ရဲစခန်းမှာအမှုသွားဖွင့်ကြမယ်။ ရှင်ပါလိုက်ခဲ့"

(၂)

ရဲစခန်းမှူးသည် ပြောလက်စစကားအဆုံးတွင် တယ်လီဖုန်းကို ခုံပေါ်သို့ တင်လိုက်သည်။ ရှေ့တွင် မတ်တတ်ရပ်နေကြသော ကိုမြနှင့် မလေးခိုင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် မေးသည်။

"ဘာများ အကူအညီပေးရမလဲ ပြောကြပါ"

ကိုမြသည် ရှေ့သို့ ခပ်ရို့ရို့ကလေး တိုးလိုက်ပြီးနောက် ပြောပြရှာသည်။

"ဒီလိုပါ အန်ကယ်ကြီးရယ်။ အယ် ... အစ်ကိုကြီးရယ်"

မလေးခိုင်သည် ကိုမြ၏နံဘေးကို တံတောင်ဖြင့် တွတ်လိုက်သည့်အတွက် စကားများ တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွား၏။

စခန်းမှူးသည် မလေးခိုင်ကို ကြည့်လိုက်သည်။ ထို့နောက် စားပွဲပေါ်ရှိ ပေတံကလေးကို ကောက်ကိုင်လိုက်ပြီး သူတို့နှစ်ယောက်အား ထိုင်ခိုင်းလိုက်သည်။

"ကဲ ... ထိုင်ကြ ... ထိုင်ကြ"

ဟု နေရာပေးလိုက်သည်။ စခန်းမှူးက -

"ဟောဒီက ညီမနဲ့ ဒီကညီလေး ဘယ်လို ..."

"သူက ကျွန်တော့်ဇနီး မလေးခိုင်ပါ။ ကျွန်တော်က သူ့ရဲ့ခင်ပွန်းပါ။ နာမည်ကတော့ မောင်မြလို့ ခေါ်ပါတယ်ခင်ဗျာ"

"ဩော် ... လာရင်းကိစ္စကော ဆိုပါဦး"

မလေးခိုင်က ကိုမြကို ငဲ့စောင်းကြည့်လိုက်ပြီး စကားကို စပြောသည်။

"ဒီလိုပါ ဆရာ။ အိမ်ဖောက်ခံရလို့၊ ကျွန်မတို့နှစ်ယောက်တည်း နေပါတယ်။ အပြင်ကိုသွားနေခိုက် ဖြစ်တာပါပဲ။ ကျွန်မရဲ့ ရွှေဆွဲကြိုးနှစ်ကုံး ပါသွားပါတယ်။ သုံးကျပ်သားလောက်ရှိပါလိမ့်မယ်။ ဧည့်သည်အဝင်အထွက် မရှိခဲ့ပါဘူး။ အနီးပတ်ဝန်းကျင်ကတော့ လူကောင်းတွေပါပဲ။ သာရေးနာရေး လက်ရည်တစ်ပြင်တည်းပါပဲရှင်"

"ဒါဖြင့် သံသယဖြစ်တဲ့လူကော ရှိသလား"

"ရှိတော့ ရှိပါတယ်။ ဒါပေမယ့်"

"ဒါပေမယ့် ဆိုတာက ဘာသဘောလဲဗျ"

"ဒီလိုပါ။ အခုဖြစ်တာက ညဘက်မဟုတ်ဘူး။ နေ့ခင်းကြောင်တောင်ကြီးရယ်"

"အေးလေ ... စောင့်ကြည့်ဖို့တော့ ကောင်းပါတယ်။ လက်ရာခြေရာ သိရအောင်လည်း အခုပဲ လိုက်ခဲ့မယ်။ သွားနှင့်ကြတော့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

(၃)

ရဲစခန်းမှ တာဝန်ပေးအပ်ခြင်းခံရသော နယ်ထိန်းခေါင်းဆောင် အိုင်အိုချစ်ကောင်းနှင့် ရပ်ကွက်လူကြီးများသည် မှုခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကြသည်။

ကိုမြနှင့် မလေးခိုင်တို့က ခရီးဦးကြို၍ အိမ်အတွင်းသို့ ဝင်ကြသည်။ လက်စလက်န သဲလွန်စများကို အတန်ငယ် ရှာဖွေကြည့်ကြပြီးနောက် နယ်ထိန်းခေါင်းဆောင် အိုင်အိုချစ်ကောင်းက သူ၏ယူဆချက်ကို ပြောပြသည်။

www.burmeseclassic.com

"ကျွမ်းကျင်တဲ့ ဖောက်ထွင်းသမားတော့ မဖြစ်နိုင်ဘူး။ အုပ်စုနဲ့ ကျူးလွန်တတ်တဲ့ အခြေအနေနဲ့ အချိန်အခါမျိုးလည်း မဟုတ်ဘူး။ ကြို တင်တွက်ဆမှုမရှိဘဲ အချိန်အနည်း ငယ်အတွင်းမှာ အခြေအနေကိုမူတည် ပြီး ဖြစ်သွားတဲ့ သဘောလက္ခဏာမျိုး ပဲ တွေ့ရပါတယ်"

"စဉ်းစားကြည့်လေ ...။ နေ့ခင်းကြောင်တောင်ကြီး၊ ပြီးတော့ ရပ်ကွက်အတွင်းမှာ အိမ်ထဲဝင်ပုံက အရှင်းသားပဲ"

"ခြံစည်းရိုးပေါ်တက်တယ်၊ မီးဖို ခန်း လေဝင်ပေါက်မှန်ကို ခွဲတယ်။ တွယ်တက်ပြီး ဝင်တယ်။ အခန်းတံခါး မရှိဘူး။ ညှော်ခန်းဘက်မှာသာ လိုက် ကာရှိတယ်။ အံဆွဲကလည်း သော့ခတ် မထားဘူး။ ဒီတော့ သူ့အဖို့ အလွယ် တကူ အကွက်ဝင်သွားနိုင်တာပေါ့"

သည်တွင် မလေးခိုင်က သူမ၏ ထင်မြင်ချက်ကို ဝင်စွက်တော့သည်။

"ကျွန်မသံသယရှိတဲ့သူတော့ မဖြစ်နိုင်ဘူးလားဆရာ"

သူမက အကြောင်းစုံကို အတို ချုပ် ပြောပြလိုက်သည်။

"အင်း ... သူ့အသက်က ဆိုပါဦး"

"အသက် ၃၀ လောက် ရှိမယ် ထင်ပါတယ် ဆရာ"

"အရပ်အမောင်းနဲ့ ကိုယ်လုံးက ရော ..."

"ထွားထွားကျိုင်းကျိုင်းပါပဲ ဆရာ"

"အင်းလေ ... စဉ်းစားရသေးတာပေါ့"

ရပ်ကွက်လူကြီး ဦးမောင်ငွေက အားနာပါးနာနှင့် ဝင်ပြောသည်။

"ဆရာတို့လုပ်ရတဲ့ အလုပ်က လည်း သိပ်မလွယ်လှပါဘူးဗျာ"

အိုင်အိုချစ်ကောင်းက မချိပြုံးဖြင့် သက်ပြင်းရှိုက်ဖြစ်သွားသည်။

(၄)

အမှုကိစ္စမှာ တရားခံကို လက်ရဖမ်းဆီးမိရေးနှင့် သက်သေခံ ပစ္စည်းများ ပြန်လည်သိမ်းဆည်းမိရေး ပင် ဖြစ်သည်။

အိုင်အိုချစ်ကောင်းသည် မိမိ၏ မှန်းဆချက်အရ ရွှေအရောင်းဆိုင်များ နှင့် ရွှေပန်းထိမ်များသို့ ရောက်ရှိခဲ့ သော်လည်း အကြောင်းကား မထူး ခြားလှပေ။

အလုပ်ကိစ္စများကို ခေါင်းအေး အေးထားပြီး စဉ်းစားဆောင်ရွက်တတ် သော အိုင်အိုချစ်ကောင်းသည် ရှေး ဟောင်းနှောင်းဖြစ်များကို ပြန်လည် စဉ်းစားမိရာတွင် ၁၉၉၉ ခုနှစ်တွင် မိမိအမှုလိုက်၍ ဖော်ထုတ်ပေးခဲ့ရသော ဖောက်ထွင်းမှုတစ်ခုကို ပြန်လည် သတိရမိလိုက်သည်။

နောက်ဆုံးတွင် မိမိရေးထားပြီးခဲ့ သော မှတ်စုဟောင်း ဒိုင်ယာရီမှတ်စု စာအုပ်ကို ဖွင့်၍ရှာကြည့်ရတော့သည်။

"ဟောဒီမှာ ... သူများ ဖြစ်နေ မလား"

တစ်ယောက်တည်း တီးတိုးရေ ရွတ်လိုက်မိ၏။

အမည်-ဇော်မြင့်၊ အဘ- ဦးအေး လှ၊ အမိ-ဒေါ်မမ၊ အသက် ၁၄ နှစ်၊ အမှတ်အသား-ညာဘက်လက်မှာ သိန်းငှက်ရုပ်ရှိ၊ ထောင်နှစ်နှစ် ကျခံ ပြီး လူငယ်သင်တန်းကျောင်း ရန်ကုန် သို့ပို့။

အတန်ငယ် စဉ်းစားပြီးနောက် အိုင်အိုချစ်ကောင်း စာတစ်စောင်ရေး ၍ ဆက်သွယ်စုံစမ်းလိုက်လေသည်။

သို့

ကျောင်းအုပ်ဆရာကြီး

လူငယ်သင်တန်းကျောင်း

ရန်ကုန်မြို့။

အကြောင်းအရာ ။ ။ မှုခင်းကိစ္စ

လူပုံသဏ္ဌာန်နှင့် ကိုယ်ရေးမှတ် တမ်း တောင်းခံခြင်း။

အထက်ပါအတွဲဖော်ပြပါ မှတ်ချက် များအရ ဇော်မြင့်သည် ၁၉၉၉ ခုနှစ် တွင် လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပါသည်။

ယခု ကျွန်တော့်မြို့နယ်တွင် အိမ်ဖောက်ထွင်းမှု မှုခင်းတစ်ခုတွင် ယင်းနှင့်ပတ်သက်၍ စဉ်းစားဖွယ်ရာ

"နေပါဦး ကိုမြရဲ့၊ ရှင်ဟာ သူ့ဘက်ကကာကွယ်နေရ အောင် သူဟာ ဘယ်လောက်ချမ်းသာတဲ့ အကောင်မို့လဲ။ အမေက မုဆိုးမ ပဲပြုတ်သည်၊ ဝင်ငွေကလေးဟာ ဘယ်လောက်ရှိမှာတုံး။ ဒီမှာ ... ကိုမြ ဆင်းရဲရင် ငရဲမကြောက်တဲ့ရှင့်။ သူတော်ကောင်းကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ရှိနေပါသဖြင့် ဇော်မြင့်သည် လူငယ်သင်တန်းကျောင်းတွင် ယခု ရှိ/မရှိနှင့် ကိုယ်ရေးမှတ်တမ်းများကိုပါ ရယူရန် တောင်းခံအပ်ပါသည်။

လေးစားစွာဖြင့်
နယ်ထိန်းချစ်ကောင်း
မြို့မရဲစခန်း၊ ရန်ကုန်မြို့။

(၅)

"ပြဿနာက ကျောင်းတော်က စတာပါပဲ"

"အင်း ... အခုမှပဲ ဇာတ်သိမ်း ရတော့မှာပေါ့"

သူတစ်ယောက်တည်း စဉ်းစားမိ၏။ ထို့နောက် နယ်ထိန်းခေါင်းဆောင် အိုင်အိုချစ်ကောင်းသည် စခန်းမှူးရှေ့သို့အရောက် ခြေစုံရပ်ကာ သတိအနေအထားဖြင့် အလေးပြုလိုက်လေသည်။

"ကိုင်း ... ဘာသတင်းထူးလဲ အိုင်အို ... ဆိုစမ်းပါဦး"

"ထူးပါတယ် ဆရာ။ ဒီကနေ့ပဲ လူငယ်သင်တန်းကျောင်းက ဇော်မြင့်ရဲ့ ကိုယ်ရေးမှတ်တမ်းနဲ့ လိုအပ်တာတွေအားလုံး ရပါတယ်"

ပြောပြောဆိုဆိုပင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ဦးထုပ်ချွတ်ကာ စားပွဲပေါ်သို့ တင်လိုက်သည်။

စခန်းမှူးက မေးတော့သည်။

"ဒါနဲ့ ဇော်မြင့်နေတာကရော"

"အတည်တကျမရှိပါဘူး ဆရာရယ်။ စုံစမ်းရသလောက်ကတော့ စားတော့ ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင်ပါပဲ"

"အဲ ... ဆက်စမ်းပါဦး"

"သူက တစ်ကိုယ်တော်သမား။ အပေါင်းအသင်းမထားဘူး။ ခြေရာကောက်လို့ မရအောင် ထင်ပါရဲ့။ အိပ်တော့ နေ့အခါမှာ ဘုန်းကြီးကျောင်းနဲ့ ရုပ်ရှင်ရုံတွေထဲမှာ ဆရာရဲ့"

"ညဘက်ကျတော့ ဘယ်မှာ"

"ဆယ့်နှစ်နာရီ မထိုးခင်မှာ ဘူတာရုံပလက်ဖောင်းနဲ့ ဇာတ်ပွဲရှိတဲ့အခါမှာ ဇာတ်ပွဲအနီးအနားမှာပဲ အိပ်တတ်တယ်ဆရာ"

စခန်းမှူးက တစ်ဖက်သို့လှည့်ကာ ပြောလိုက်သည်။

"ကိုလှထွန်းတို့ရဲ့ လှည့်ကင်းအဖွဲ့တွေနဲ့ ပူးတွဲပြီး တာဝန်ယူကြည့်ပါလား။ ဘာပြောစရာရှိသေးလဲ"

"ဟုတ်ကဲ့ ... ဒါပါပဲ ဆရာ"

ဟုပြောပြီး သတိအနေအထားဖြင့် ရပ်ကာ အလေးပြုလိုက်သည်။

အိုင်အိုချစ်ကောင်းနှင့် အဖွဲ့သည် အစီအစဉ်ပြုလုပ်၍ တာဝန်ခွဲဝေကြ၏။

ဇော်မြင့်သည် နေ့အခါ ရပ်ကွက်ထဲတွင် မရှိတတ်ဘဲ သန်းခေါင်ကျော်မှ လူနေရပ်ကွက်များအတွင်း ဝင်ရောက်ပြီး ဖောက်ထွင်းလေ့ရှိသည်။

အခုတစ်ကြိမ်လည်း အာရုံစူးစိုက်သူတို့အား လမ်းကြောင်းပြောင်းလဲခြင်းပင် ဖြစ်သည်ဟု နယ်ထိန်းချစ်ကောင်းတို့အဖွဲ့က ယူဆသည်။ ဤသို့ဆိုလျှင် ဖောက်ထွင်းသမား ဇော်မြင့်၏ ဇာတ်လမ်းကား မကြာမီ ဇာတ်သိမ်းရပေတော့မည်။

(၆)

တစ်ည ...။

အချိန်ကား နံနက်(၃)နာရီ သာသာခန့် ရှိသည်။

မှောင်မိုက်သောည။ ညမီးပြတ်နေသော အခါသမယလည်း ဖြစ်နေသည်။ ဇော်မြင့်သည် ကံကြမ္မာ၏ စီမံရာကို ခံရလေပြီလားမသိ။ ကျားရှေ့တွင် မှောက်လျက်လဲရချေပြီ။

"ဟော့ ... ရပ်လိုက်"

အသံလာရာဘက်သို့ ဇော်မြင့် လှည့်ကြည့်မိသည်။ အခုမှ ကင်းပုန်းဝပ်နေမှန်း ဇော်မြင့်သိလိုက်သည်။ အချိန်ကား နောက်ကျသွားလေပြီ။

အေးခန့်သောအတွေ့ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် ဇော်မြင့်လက်တွင် လက်ထိတ်ခတ်ထားပြီး ဖြစ်နေလေတော့သည်။

မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးထားသဖြင့် ရှောင်လွှဲနေရပေ၏။

"မင်း .. ဇော်မြင့် မဟုတ်လား"

"မဟုတ်ပါဘူး ... ဖိုးခွေးပါ"

"အေး ... ဖိုးခွေးဆိုလည်း ခဏလိုက်ခဲ့ဦးကွာ။ စခန်းကျမှ ရှင်းကြတာပေါ့ ... ဟုတ်လား ဇော်မြင့်"

စခန်းတွင် ဇော်မြင့်က သူ၏ အပြစ်ကို ဝန်ခံသည်။ သူ့လွယ်အိတ်အတွင်းမှ ခြောက်လက်မခန့်ရှည်သော ဓားမြှောင်တစ်ချောင်း၊ ဝက်အူလှည့်တစ်ခု၊ သံဖြတ်လွှတစ်ခု၊ ရဲခင်း အသေးစား သံရိုးတပ် (တစ်မတ်လုံး) တစ်ခုနှင့် ငွေစက္ကူသုံးသောင်းကျော်ကိုပါ သိမ်းဆည်းရမိလိုက်သည်။

ဤတွင် တစ်ကိုယ်တော်ဖောက်ထွင်းသမားဇော်မြင့် တစ်ခန်းရပ်ချေပြီ။

ဘာသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

# မလေးရှား လူသတ်မှုကြီးတစ်မှု ဖော်ထုတ်ဖမ်းဆီး



မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လွန်ခဲ့သော ၂၉·၇·၂၀၁၃ ရက်၊ တနင်္လာနေ့ညက Sri Petaling အမည်ရှိ ကဖီး(ကော်ဖီ)ဆိုင်တွင် ကဖီးသောက်လျက် အနားယူနေသော လူသတ်မှုကြီးတစ်မှု ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ပတ်သက်ဆက်နွယ်နေသည့် လူသတ်မှုကြံရာပါ တက္ကစီယာဉ်မောင်းသမား တစ်ဦးကို လက်ရဖမ်းဆီးမိခဲ့၏။ ၎င်း၏ အစစ်ခံထွက်ဆိုချက်အရ ၎င်းအချင်းဖြစ်သည့်နေ့ ဖြစ်သော ၂၉·၇·၂၀၁၃ ရက်၊ တနင်္လာနေ့လယ်တွင်ပင် ယင်းတက္ကစီယာဉ်မောင်းသည် လူသတ်သမား မစ္စတာကောင်းရွှေကွမ် (Mr Kong Swee Kwan) အသက် ၄၄ နှစ်(ငယ်မည် မစ္စတာ Sei Ngan Chai)အား အခင်းဖြစ်သည့်ရက်နေ့ နေ့လယ် ၁း၃၀ နာရီအချိန်တွင် ကွာလာလမ်ပူမြို့ရှိ ဘဏ်တိုက်တစ်တိုက်၏သူဌေး မစ္စတာဟူစိန်(Mr Hussain) အသက် ၇၅ နှစ်ရှိ နေအိမ်သို့ မောင်းပို့ပေးခဲ့သည်ဟု သိရသည်။ ယင်းအချိန်တွင် ဘဏ်တိုက်သူဌေးကြီး မစ္စတာဟူစိန်သည် အပစ်သတ်ခံခဲ့ရပြီး ၎င်း၏အနီး မစ္စ(စ) Chong Mei Kuen အသက် ၄၉ နှစ်သည်လည်း ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့၏။ ၎င်းဘဏ်တိုက်သူဌေးကြီး မစ္စတာဟူစိန်ကတော့ ရင်ဘတ်တွင် ကျည်ဆန်ဒဏ်ရာ တစ်ချက်၊ နံရိုးတွင် ကျည်ဆန်ဒဏ်ရာ တစ်ချက် အသီးသီးရရှိကာ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် နိုင်လုံသော သဲလွန်စ၊ သက်သေခံ အထောက်အထားများအရ တရားခံ မစ္စတာ Kong Swee Kwan ၄၄ နှစ် (Sei Ngan Chai) အား လက်ပူးလက်ကြပ် လက်ရဖမ်းဆီးထားမိပြီဖြစ်သည် ဆိုပါသည်။ ယင်းလူသတ်တရားခံမှာ ရာဇဝတ်မှတ်တမ်းဝင် လူဆိုးကြီးတစ်ဦးဖြစ်ပြီး အမြဲတစေ ခိုးဆိုးတိုက်ခိုက်၊ ခြိမ်းခြောက်ငွေညှစ်သူ ဒုစရိုက်သမားတစ်ဦး ဖြစ်သည်ဟု ရဲမှတ်တမ်းအရ သိရ၏။ ယခုလောလောဆယ် အချိန်တွင် ယင်းဘဏ်တိုက်သူဌေးကြီး၏ ဇနီးဖြစ်သူ မစ္စ Chong Mei Kuen အသက် ၄၉ နှစ်မှာ လူသတ်သမား၏ လက်ချက်ဖြင့် လက်များနှင့် ပေါင်တံတွင်း ကျည်ဆန်ထိမှန်ခဲ့ရာ အသက်ရှင်လျက်ရှိပြီး ပြင်းထန်သောဒဏ်ရာများဖြင့် ဆေးရုံသို့ တင်ပို့ထား၏။ ၎င်းအမှုကို မလေးရှားရဲဘက်မှ ဆက်လက်စုံစမ်းစစ်ဆေးပြီး ရုံးတော်သို့ တင်သွင်းကြားနာ စစ်ဆေးနိုင်ရန် အလို့ငှာ စီစဉ်ဆောင်ရွက်လျက်ရှိသည် ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: New Straits Times (Malaysia), (Aug 7, 2013) Page(6)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သွေးချောင်းက လှို

## ဖြူဝါဦး

(အခန်းဆက် ဝတ္ထုရှည်)

ယခင်လမှအဆက်

အောင်မြင့်က သူ မြင်ရသည်ကို ပြောလိုက်သည်မှာ အမှန်ပင်ဖြစ်သည်။

အလုပ်သမားအချို့တွင် ထိုကဲ့သို့ အနာရောဂါများ စွဲလျက်ရှိသည်။ ထို အနာမှာ ကျောက်ခဲ၊ သစ်ကိုင်း၊ ဆူး စသည်ဖြင့် တစ်ခုခု ထိခိုက်၍ အနည်းငယ် အနာရပါက ၃-၄ ရက်အတွင်း ထိုအနာ ကြီးထွားလာခြင်းဖြစ်၏။

များသောအားဖြင့် မြန်မာများက ဖက်ခွက်နာ ဟူ၍ခေါ်သည်။ ကျွန်တော် သိရသလောက် ဆိုပါသော် ထိုအနာ သည် ဝဲပေါက်လာ၍ ထိုဝဲကို အမြန်ဆုံး မကုစားနိုင်သော် ဝဲမှတစ်ဆင့် ဖက်ခွက် နာဖြစ်လာတတ်ခြင်းပင် ဖြစ်သည်။

"ဒါတွေဟာ ယမ်းခိုး ယမ်းငွေ့တွေကြောင့် ဖက်ခွက်နာကြီးတွေ ဖြစ်ရတယ်လို့ ကျွန်တော်ကြားဖူးတာပဲ။ ကျွန်တော်တို့ မမြင်နိုင်တဲ့ ယမ်းခိုးအဆိပ်ငွေ့ မြူမှုန်တွေဟာ လေဟာပြင်ထဲမှာ ရှိနေကြတယ်။ ဒဏ်ရာတစ်ခုခုဖြစ်တာနဲ့ ဒီအဆိပ်ယမ်းတွေဟာ အနာထဲကိုဝင်ပြီး ဒုက္ခပေးတယ်လို့ ကျွန်တော်ကြားဖူးတယ်"

ဤသို့ ကျွန်တော်က ရေချိုးရန် ပြင်ဆင်နေစဉ် ပြောလိုက်ရသည်။

အနန်းကွင်းချောင်းတွင် ရေချိုးနေသော အလုပ်သမားများမှာ အတော်များလှသည်။ ချောင်းအကျယ်မှာ ပေ ၁၀၀ ခန့်ရှိသည်။ ချောင်းတစ်ဖက်တွင် စိမ်းမြမြသစ်တော ဝါးရုံတောများနှင့် မှိုင်းမြသည့် တောင်တန်းကို လှပစွာ တွေ့ရ၏။

ရေချိုးပြီး ပြန်လာချိန်တွင် ကျွန်တော်တို့ တပ်စိတ်မှ ထမင်းသွားယူရန်ပြင်ဆင်ရသည်။ ထမင်းစားသူများ စားနေကြလေပြီ။

သည်တစ်ခါတော့မှ ဟင်းမှာ ကျွန်တော်တို့အတွက် ဘယ်လိုမှ ကောင်းနိုင်မည့် ဟင်း မဟုတ်ပါချေ။ ကျွန်တော့်ကိုမူ အဘ ဦးထွန်းရုံတို့က တာဝန်ယူထားသောကြောင့်သာ သင့်မြတ်သော ဟင်းကောင်းနှင့် စားရမည် ဖြစ်ချေသည်။

မနက်ပိုင်းတွင် အနည်းအကျဉ်း ရေပေါ်ဆီ တွေ့ရလင့်ကစား ညနေပိုင်း ဟင်းမှာ ပြာနှမ်းနှမ်းဖြင့် ငန်ကြွက်ကြွက်ရှိသော ရေလုံပြုတ်ဟင်းပေတည်း။

မှန်သည်။ သံဒယ်အိုးများဖြင့် ချက်သော ဟင်းဖြစ်၍လား မသိ။ အရောင်မှာ မရမ်းရင့်ရောင် ပေါက်နေသည်။ ဟင်းသီးဟင်းရွက်မှာ မျောက်ဥဟင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မျောက်ဥများကို အခွံသင်၍ထား ကာ ရေဆေးထားသည်။ ရေဆေးသည် ဆိုသော်လည်း စင်အောင် မဆေးကြော ပေ။ သံဒယ်အိုးကိုလည်း ဤနည်း အတိုင်း ဖြစ်သည်။

ကျွန်တော်တို့ ရောက်သွားမှ ဟင်း ချက်နေသူများသည် မလုံလောက်သော ကြောင့် ထပ်မံချက်နေရခြင်းဖြစ်သည်။

ဒယ်အိုးထဲသို့ ရေအပြည့်ထည့်ကာ ဆားခတ်၍ ရေနွေးဆူလာသောအခါဝယ် မျောက်ဥများထည့်ကာ ပြုတ်ခြင်းသာ ဖြစ်၏။ ထို့နောက် ဟင်းဟုဆိုရရုံဖြင့် ငရုတ်သီးအတောင့်အား အညှာမခြွေ ရေမဆေးဘဲ ပစ်ထည့်ကာ နနွင်းမှုန့် ဖြူးလိုက်ခြင်းဖြင့် ဟင်း ဖြစ်လာတော့ သည်။

ထိုဟင်းကို အလုပ်သမားများသည် ခွေးစားခွက်နှင့်တူသော ဝါးခွက်တွင် ထည့်ကာ စားသောက်ကြရသည်။

အချို့ စားသောက်ပြီးသော အလုပ် သမားတစ်ဦး နှစ်ဦးက သူတို့စားပြီး သော ဝါးခွက်ကို တုတ်တစ်ချောင်းဖြင့် ကုလားတက်လုပ်ကာ တဒေါင်ဒေါင် ခေါက်လိုက်သဖြင့် "လေယာဉ်ပျံဟေ့ လေယာဉ်ပျံ" ဟု အော်လိုက်သေး၏။

ထိုအသံကို ကြားသဖြင့် ခပ်ဝေး ဝေးတွင်ရှိနေသော အလုပ်သမားအချို့ မှာ တကယ်ပင် လေယာဉ်ပျံ လာပြီ ထင်ကာ ထွက်ပြေးသည်ကို ကြည့်၍ တဟားဟား ရယ်သူကလည်း ရယ်ကြ သေးသည်။

ကျွန်တော့်မှာ အဘ ဦးထွန်းရဲ့ တို့က သူတို့နှင့်အတူခေါ်၍ ကျွေးမွေး သောကြောင့် အတော်အသင့် ကောင်း မွန်စွာဖြင့် စားသောက်ရပါသေး၏။

ထမင်းစားသောက်ပြီးချိန်တွင် ကျွန်တော်သည် အဘဦးထွန်းရဲ့အား စခန်းမှူးရုံးသို့ သွားရန်အတွက် ခပ်တိုး တိုးပြောကြားကာ ကိုလှဖေကိုခေါ်၍ ထွက်လာခဲ့၏။

အချိန်မှာ မှောင်ရိပ်များ အတော် အတန် လွှမ်းမိုးစ ပြုလေပြီ။

* * *

ဤစခန်းတွင် ရှိသော အလုပ် သမား တန်းလျားကြီးများကို ဗမာ လက်ရုံးတပ် အမှတ် ၁၊ ၂၊ ၃ ဟုရေး ထိုးထားလင့်ကစား ယခုအခါတွင် ဗမာ လက်ရုံးတပ်ဟူသော အမည်ပျောက် ကာ စခန်းအမှတ် ၁၊ ၂၊ ၃ သာ ရှိနေပါတော့သည်။

အလုပ်သမား တန်းလျားဆောင် များသည် ကျွန်တော်တို့ နေထိုင်သော အဆောင်မှလွဲပြီး အခြားသော အလုပ် သမားဆောင်များမှာ ၂ ထပ် ဖြစ်ပါ လေသည်။

အဝတ်သစ်နှင့် စောင်သစ်များ ရသော ကျွန်တော်တို့ အလုပ်သမားများ ထဲမှ ဂျပန်ငွေစက္ကူများ ကိုင်တွယ်ကာ လိုက်လံ ဝယ်နေသော အချို့ အလုပ် သမားများကိုလည်း တွေ့ရသည်။

မည်သို့ဖြစ်စေ ကိုလှဖေက "ကျုပ် တော့ ဒီည ဖဲရိုက်ဦးမယ်ဗျာ၊ ဝိုင်း ကောင်းတယ်ဗျ" ဟု ပြောလိုက်ပါသည်။

အမှန်တော့ ကိုလှဖေအား ကျွန် တော်ခေါ်လာခဲ့ခြင်းမှာ အကြောင်းထူးရှိ နေပါသည်။ ကိုလှဖေက သူ ထိထား သောကိစ္စများ ရှိနေသည်။ အမှန်တော့ ကျွန်တော်နှင့် သက်ဆိုင်သောကိစ္စ ဖြစ်ပေမည်ဟု ကျွန်တော်က ယုံကြည် သည်။

ထိုစကားသို့မရောက်မီ ကိုလှဖေက သူ ဖဲရိုက်မည့်အကြောင်းကို ပြောနေ သောကြောင့် -

"ခင်ဗျားတို့မှာ ဖဲရိုက်ဖို့ ဖဲမှမရှိ တော့တာပဲဟာ၊ ဘာနဲ့ ရိုက်မှာတုန်း"

"ဟဲ…ဟဲ လွယ်ပါတယ်ဗျ၊ ဒီမှာ ကြည့်စမ်း၊ ဒီဖဲချပ်ဟာ ဘယ်လောက် ခေတ်မီသလဲ၊ တွေ့လား"

ကိုလှဖေ ထုတ်ပြသဖြင့် ကြည့် လိုက်ရာ ဖဲချပ်မှာ ဝါးကို ဖြတ်၍ ခပ်ပါး ပါးဖြင့် ၂ လက်မ အနံ အလျား ၃ လက်မဖြစ်၍ ပြုလုပ်ထားခြင်းဖြစ်၏။ ထိုဝါးပြားအား ခပ်ချောချောပြုလုပ်ကာ မင်ဖြင့် ရေးထားခြင်းဖြစ်၏။

"ဒီ ဝါးဖဲထုပ် တစ်ထုပ်ကို ငွေ ၅ ကျပ်တောင် ပေးရတယ်ဗျ။ ဟဲ… ဟဲ"

"ခင်ဗျားတို့ ကြည့်လည်း ရိုက်ဗျာ၊ အခု ဖဲရိုက်ရင် သေဒဏ်တောင် ပေး မယ်လို့ အမိန့်ထုတ်ထားတာ၊ တစ်ည လုံးအိပ်ရေးပျက်ပြီး မနက်ကျတော့ လည်း အလုပ်လုပ်ကြရဦးမယ် မဟုတ် လားဗျ"

"ဟဲ‥ဟဲ ည ဆယ်နာရီလောက် ဆိုရင်တော်ပြီဗျာ။ကျုပ်လည်းသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဗိုလ်ကြီးခင်က ပြောလိုက်သောကြောင့် ကျွန်တော်သည် အလေးပြုကာ ခပ်သုတ်သုတ် ထွက်ခဲ့ရသည်။

ရုံးအပြင်တွင် လက်နက်ကိုင် ဂျပန်စစ်သားနှစ်ယောက် စောင့်နေသည်ကို တွေ့ရလေသည်။

မည်ကဲ့သို့သော အကြောင်းများကြောင့် ကျွန်တော့် တိုင်ပင်ရန်ခေါ်သည်ကိုမူ ကျွန်တော် မခန့်မှန်းနိုင်ပါချေ။

ထိုနေ့ညတွင် ကျွန်တော်၏ တဲတန်းလျားကြီးအတွင်းသို့ ပြန်လာခဲ့သည်။ ဤသို့ ဖြစ်လာစဉ်တွင် အလုပ်သမားဟောင်းများ နေထိုင်သော ၂ ထပ် တန်းလျားကြီးများ၏ အောက်ထပ်အခန်းများဝယ် အလုပ်သမားများ ဖဲရိုက်လျက် ရှိနေသည်ကို တွေ့ရ၏။

အမှန်တော့ သူတို့အားလုံးသည် ခိုးရိုက်ခြင်း ဖြစ်လေရာ ဂျပန်များက ခန့်ထားသော လက်ရုံးတပ်သားထဲမှ ပုလိပ်ဆိုသူများသည်ပင် ဖဲဝိုင်းတွင် ဝင်ရောက်ပါကာ ရိုက်နေကြောင်း ကျွန်တော်သိရသည်။

တန်းလျားကြီးသို့ ပြန်ရောက်စဉ်မှာပင် ကျွန်တော်တို့အား လူစစ်ဆေးရန်အတွက် ဝါးကုလားတက်များ ခေါက်၍ အမိန့်ပေးသည်။

အလုပ်သမားများအား ည ၇ နာရီအတွင်း စစ်ဆေးခြင်းမှာ အချို့အလုပ်သမားများ ထွက်ပြေးခြင်းကြောင့် ဖြစ်သည်။

ထိုညတွင် ကျွန်တော်တို့ အညာမှ အလုပ်သမားများတွင်းဝယ် လျှို့ဝှက်သော ဖဲဝိုင်းများ ကူးစက်နေခြင်းနှင့် ပေးထားသော လုံချည်နှင့် စောင်များကိုပင် အရောင်းအဝယ် ပြုလုပ်လျက် ရှိနေသည်ကို ကြားရလေသည်။

အဘ ဦးထွန်းရုံတို့ အခန်းတွင် ဘရုတ်ကပြား စိန်ကြည်တို့ ရောက်ရှိနေပြီး လက်ဖက်ရည်ကြမ်းများ သောက်စားလျက်ရှိနေသည်။

“ကျုပ်တို့ရဲ့ အဝတ်အထည်တွေဟာ အတော် ကာသိုလ်ကံကောင်းလို့ ရတာ။ အချို့ တပ်တွေဆိုရင် မရဘူး။ ဒီအဝတ်တွေကို အလုပ်သမားတွေ ပေးဖို့ဆိုပြီး ဒေါက်တာဘမော် အစိုးရအဖွဲ့ကို သူဌေးတစ်ဦးက လှူလိုက်တဲ့အတွက် ကျုပ်တို့ ရတာပဲ။ ဒီဝတ်စုံတွေ အခြားစခန်းမှာရှိတဲ့ အလုပ်သမားတွေ မရဘူးဗျ။ ကျုပ်တို့တောင် ကာသိုလ်ကောင်းပြီး တိုက်ဆိုင်လို့ ရကြတာ။ ဒါလည်း ဂျပန်စစ်ဗိုလ်က ကျုပ်တို့အညာက တပ်ကို ဦးစားပေးပြီး ထုတ်ပေးခဲ့တာပဲ။ ပိုလျှံမှ တခြားအလုပ်သမားတပ်တွေ ရတယ်”

ထိုသို့ ပြောကာ တရုတ်ကပြား စိန်ကြည်သည် လက်ဖက်ရည်တစ်ခွက်ကို သောက်နေပြန်သည်။

“မောင်အောင်နိုင် လာဟေ့”

အဘ ဦးထွန်းရုံက ခေါ်လိုက်သောကြောင့် ကျွန်တော်သည် အဘဦးထွန်းရုံတို့ ဝိုင်းသို့ လှမ်းသွားရ၏။

“လုံမလေးရေ ပြောင်းဖူးစေ့ပြုတ်တွေ ထည့်ပေးပါဦးကွယ်”

အဘ ဦးထွန်းရုံက ပြောလိုက်စဉ် မခင်မွေးက ပြောင်းဖူးစေ့ပြုတ်များ ထည့်ထားသော ပန်းကန်တစ်ချပ်ကို လာ၍ချသည်။

တရုတ်ကပြား စိန်ကြည်က ကျွန်တော့်ကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

“သူလား ဂျပန်စကား တတ်တာ”

“ဟုတ်တယ်ကွယ့်၊ သူက ဂျပန်စကား အတော်အသင့် တတ်တယ်”

အဘ ဦးထွန်းရုံက ပြောလိုက်သောကြောင့် တရုတ်ကပြား စိန်ကြည်က ခေါင်းညိတ်လျက်-

“ဒါထက် ခင်ဗျားကို မော်လမြိုင်က ဖမ်းလာတာ မဟုတ်လား”

“ဟုတ်တာပေါ့ ခင်ဗျာ၊ ဒီကောင်တွေ ဆော်လိုက်တာ တော်တော်ခံလိုက်ရတာပေါ့”

အောင်သန်းက ဝင်၍ပြောလိုက်သောကြောင့် ကျွန်တော်က ခေါင်းညိတ်ကာ ရယ်မောနေမိလိုက်ပါသည်။

“ဘယ့်နှယ်လဲ ဆရာလေး၊ ဒီမောင်မဲကတော့ ကျုပ်အပေါ် နိုပ်စက်နေဦးမှာပဲ။ ကျုပ်တို့ဟာ အမြဲတမ်း စိတ်ကောင်းရှိတဲ့ လူတွေပါကွယ်။ အလုပ်လုပ်တုန်းက ကျုပ်တို့တွေကို အတင်း အလုပ်လုပ်ခိုင်းတယ်။ ပြီးတော့ ရိုက်တယ်။ အဲဒီလောက် ရက်စက်တဲ့လူပါကွယ်။ ကျုပ်တို့ကိုတခြားခေါင်းဆောင်လက်အောက် ပြောင်းပေးပါ။ သူနဲ့တွဲနေရရင်တော့ မသက်သာဘူးကွယ်”

www.burmeseclassic.com

"စိတ်ချပါ၊ ကျွန်တော် ကြည့်ပြီး လုပ်ပေးပါမယ်။ ဒီလူဟာ ဒီလောက်ဆိုး လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ပါဘူး။ အေးဗျာ ခင်ဗျားတို့ကို ကျွန်တော်တတ်နိုင်သလောက် ကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာလေးရယ်"

အဘ ဦးထွန်းရှံက ကျေးဇူးတင်စကား ပြောလိုက်စဉ်မှာပင် လူနှစ်ယောက် ရောက်လာလေသည်။ သူတို့ကား ဘွန်တိုက်ချို တစ်ယောက်နှင့် ဦးမောင်တို့ ဖြစ်သည်။

"ဘာလဲဗျို့"

စိန်ကြည်က လှမ်း၍ မေးလိုက်သည်။

"ဗိုလ်ကြီး ကျုပ်တို့ တပ်ခွဲက လူ ၂ ယောက် တော်တော်လေး ဖျားနေတယ်။ ခဏလိုက်ခဲ့ပါဦး ဗိုလ်ကြီး"

"ကောင်းပြီလေ၊ ကျွန်တော် လိုက်ပါမယ်"

တရုတ်ကပြား စိန်ကြည်သည် ထိုင်ရာမှ ထ လိုက်လေသည်။ ပြီး ဦးထွန်းရှံတို့ဘက် လှည့်လိုက်ပြီးနောက်-

"ဦးထွန်းရှံ ကျွန်တော် ကြည့်ပြီး စီမံပါ့မယ်လေ။ ဒီလောက်လည်း တွေးပြီး စိတ်မညစ်ပါနဲ့။ ကျွန်တော်လည်း ဒီလူကြီးအကြောင်း အတော်သိထားပါတယ်"

ထိုသို့ ပြောကာ တရုတ်ကပြား စိန်ကြည်သည် လာ၍ ခေါ်သော အလုပ်သမား ခေါင်းဆောင်များနှင့်အတူ ထွက်သွား၏။

"အဖေကလည်း ဘာပြုလို့ ပြောလိုက်တာလဲ၊ ဦးမဲကြီးကို သူက သိပ်မြှောက်စားထားတာ မဟုတ်လား"

မခင်မွှေးက စိုးရိမ်သံကလေးဖြင့် ပြောရင်း ကျွန်တော့်ဘက်သို့ မျက်လုံးကလေးရွှေ့ကာ ကြည့်ရင်းက ပြောလိုက်၏။

ကျွန်တော်ကမူ အဘ ဦးထွန်းရှံက တပ်ရင်းမှူး တစ်ဦးကဲ့သို့ အုပ်ချုပ်နေသော စိန်ကြည်အား ဦးမဲ၏အကြောင်း တိုင်တန်းလိုက်သည်မှာ မှန်ကန်သည်ဟုယုံကြည်မိလေသည်။

"ဒီကိစ္စတော့ တိုင်တာ မမှားဘူး မခင်မွှေး၊ စိန်ကြည်က မြှောက်စားတာတော့ မဟုတ်ဘူး။ ဦးမဲကို ခိုင်းကောင်းတာနဲ့ တခြား ဘွန်တိုက်ချိုတွေထက် အခွင့်အရေး ပေးထားတာ ဖြစ်ပါလိမ့်မယ်"

"ကျွန်မက စိုးရိမ်လို့ ပြောတာပေါ့ ကိုအောင်နိုင်ရယ်"

မခင်မွှေးသည် ထိုသို့ပြောကာ "စားလေ ကိုအောင်နိုင်၊ ကျွန်မတို့ အညာက ပါလာတဲ့ ပြောင်းစေ့ကလေး ပြုတ်ကျွေးရတာ။ ဆီမပါတော့ အားမရဘူးရှင်"ဟု ပြောလိုက်ရာ ပြောင်းဖူးပြုတ်ပန်းကန်ကို ကျွန်တော့်ဘက်သို့ ရွှေ့ပေးသည်။

"ဟုတ်တယ်ဗျ၊ ကျုပ်လည်း အညာမှာဆို ဆီပြန် ပြုတ်ကျော် စားတယ်။ ပေါင်းစားရတာမို့သိပ်ကောင်းပါ့ဗျာ။ ခင်ဗျားတို့ အောက်သားတွေဆိုတော့ ဆီမပါတော့ ကြိုက်မှ ကြိုက်ပါ့မလား မသိဘူး"

ကိုအောင်သန်းက ရယ်မောပြောရင်း ဒန်ဖြင့် ပြုလုပ်ထားသော ဇွန်းကြီး အပြည့်အမောက် ပလုတ်ပလောင်း ပါးစပ်ထဲသို့ သွင်းလိုက်သည်။

ကျွန်တော်ကမူ ခပ်ထေ့ထေ့ ပြောလိုက်သော ကိုအောင်သန်း၏ စကားကိုရော၊ ပလုတ်ပလောင်းနှင့် မျက်လုံးပြူးတူးပြတဲ စားသည်ကိုပါ ကြည့်၍ ရယ်မောကာ ပြောင်းဖူးစေ့ပြုတ်များကို တစ်ဇွန်း ကော်စားလိုက်သည်။

ဆီ မပါလင့်ကစား ပြောင်းစေ့ပြုတ်မှာ ပျော့ပျော့ပျောင်းပျောင်းဖြင့် ဆားအပွင့်ကလေးများ ဖက်ကာ စားကောင်းသည်။

"ကောင်းပါတယ်ဗျာ၊ ဆီပါတော့ တစ်မျိုးကောင်းပြီး ဆီမပါတော့လည်း ရိုးရိုးကလေးနဲ့ သဘာဝအတိုင်း စားရတာမို့ ထင်ပါတယ်၊ ပိုပြီး ကောင်းပါတယ်"

ကျွန်တော်၏ ပြောစကားများသည် မခင်မွှေးအတွက်များ ရည်ရွယ်၍ ပြောလိုက်လေမိသလား မသိပါချေ။ သူမ၏ မျက်နက်ဝန်းကလေးသည် ထောင့်သို့ ကပ်သွားလျက် ပြုံးထေ့ထေ့ဖြင့် ကျွန်တော့်ကို ကြည့်လိုက်သည်မှာ ကျွန်တော်၏ အသည်းနှလုံးကို တုန်လှုပ်သွားစေသည်ဟု ထင်မိပါချေသည်။

ပြောင်းဖူးစေ့မှာ အညာမှ ယူလာရသောကြောင့် အခွံများ မာကျေကာ



www.burmeseclassic.com

www.burmeseclassic.com

ခြောက်နေလေသည်။ ထို ခြောက်နေသော အခွံကို ထောင်း၍ အခွံခွာပစ်လိုက်သည်။ ထို့ကြောင့် ပထမ ပြောင်းစေ့အခွံမှာ ကွာ၍ ထွက်သွားသဖြင့် အတွင်းမှ နသော အခွံလွှာ ကျန်ရစ်ခဲ့သည်။

တစ်ဖန် ပြောင်းစေ့ အခွံခွာပြီးသည်ကို ပြုတ်၍ ကြက်သွန်ပါးပါးကို ဆီဖြင့်ကြော်ကာ ပြုတ်ပြီးသော ပြောင်းစေ့ကို ထည့်ရသည်။ စားရသည်မှာ အလွန်အရသာရှိသည်။

တစ်ဖန် ပြောင်းကို ပေါင်းခြင်းမှာ ရေနွေးအိုး တည်ကာ ရေနွေးဆူသော အခါတွင် ပြောင်းစေ့ကို ထည့်၍ အနည်းဆုံး ၅ မိနစ်မျှ ကြာသောအခါ၌ ရေနွေးအိုးမှ ချရသည်။

သို့တစေ ပြောင်းစေ့ကို ဆယ်၍ မပစ်ဘဲ ရေနွေး အေးသည်အထိ တစ်ညသိပ်ရသည်။ နံနက်မှ ရေနွေးဖြင့်စိမ်သော ညနေ ၄ နာရီ ထောင်းရသည်။ ညနေ ၅ နာရီမှစ၍ ပြောင်းစေ့ကို ရေနွေးတွင် ထည့်သော် နံနက် ၄ နာရီတွင် လည်းကောင်း၊ နံနက် ၅ နာရီတွင် လည်းကောင်း၊ တစ်ခါ ပြောင်းစေ့ကို ဆုံဖြင့် ထောင်းကာပြားပစ်ရသည်။ ပြီးမှ ပြောင်းမှုန့်ကို ကောက်ညှင်းပေါင်းသကဲ့သို့ ပေါင်းရခြင်းဖြစ်သည်။

အညာဒေသ၏ နံနက်စာကို ပြောင်းပေါင်းဖြင့်သာ တစ်နပ်စာ ပြီးရသလို ပြုတ်၍လည်း တစ်နပ်စာ ပြီးကြရသည်။

သူတို့ဒေသသည် မိုးခေါင်ရေရှားရပ်ဝန်းဖြစ်သည့်အားလျော်စွာ လယ်လုပ်ခြင်း နည်းပါးသည်။ ယာသမားများသာ အများဆုံး လူဦးရေ ဖြစ်လျက် ပြောင်း နှမ်း ပဲ စသော အမျိုးသုံးပါးသာလုပ်ကိုင်နိုင်ကြသည်။

ကျွန်တော်တို့ စားသောက်ပြီး၍ ကိုယ့်အိပ်ရာ ကိုယ်ပြန်အိပ်ရန် စီစဉ်နေခိုက် လူတစ်ယောက် ဖြန်းခနဲ ရောက်ရှိလာကာ "အောင်နိုင် ဒီမှာရှိသလား" ဟု မေးလိုက်၏။

"ကျွန်တော် အောင်နိုင်ပဲ"

ကျွန်တော်က ထိုလူအား အကဲခတ်ရင်းက ပြောရင်း တစ်ဆက်တည်း "ဘာကိစ္စများပါလဲ မိတ်ဆွေ"ဟု မေးလိုက်လေသည်။

"ဒီမှာ ခင်ဗျားကို ဗိုလ်ကြီးက တွေ့ချင်လို့"

"ကျွန်တော် လိုက်ရမှာလား"

"ဟာ‥ဒီလူနှယ် မြန်မြန်လုပ်ဗျာ၊ အချိန်မရှိတော့ဘူး"

ကျွန်တော်သည် ရတ်တရက် မြန်ဆန်လှသော ကိစ္စကြောင့်လည်းကောင်း၊ ဗိုလ်ကြီးခင် ဆို၍လည်း ခပ်စောစောက ဗိုလ်ကြီးခင်သည် ကျွန်တော့်အား တိုင်ပင်ရန်ကိစ္စရှိနေလင့်ကစား ဂျပန်များ ရောက်လာသောကြောင့် အစီအစဉ် ပြောင်းသွားရခြင်းကြောင့် အခေါ်လွှတ်ကြောင်း စဉ်းစားမိကာ ခပ်သုတ်သုတ် ထ၍ လိုက်ခဲ့ရသည်။

ဗိုလ်ကြီးခင်၏ အခန်းသို့ ရောက်သောအခါတွင် မီးကို ခပ်မှိန်မှိန်ကလေး ထွန်းထားလေသည်။

"ကဲ‥‥မောင်ဘထိုက်၊ မောင်စံမြနဲ့ အပြင်မှာ သွားစောင့်ချည်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ဘထိုက် ဆိုသူသည် ဖျတ်လတ်စွာ အပြင်ဘက်သို့ ထွက်၍ သွားပေ၏။

"မင်းကို ငါ ရိုက်လိုက်တာ တော်တော်နာမှာပဲ"

ဗိုလ်ကြီးခင်က ရယ်မောကာ ပြောလိုက်၏။

"ဟာ‥‥မနာဘဲ နေပါ့မလား ဗိုလ်ကြီး၊ မျက်လုံးထဲမှာ သီတင်းကျွတ် မီးထွန်းပွဲလား ထင်ရတယ်"

"ဟဲ‥‥ဟဲ တော်လှန်ရေး ရဲဘော်တစ်ဦး ဖြစ်လာမယ့် လူဟာ ဖွဲ့သတ္တိရှိရမှာပေါ့ကွာ"

"ကျွန်တော့်ကို ခေါ်တာ"

"အေး‥‥ မင်းရဲ့ သတ္တိကို ငါ သိပ်သဘောကျတယ်။ ပြီးတော့ မင်းဟာ ဗမာ့လွတ်လပ်ရေး ရဲဘော်ဟောင်းတစ်ဦးဖြစ်လို့လည်း မင်းကို ခေါ်လိုက်တာပဲ။ အရေးကြီးတာက တို့တစ်တွေဟာ ဒီမှာ ရောက်နေပေမယ့် အစွမ်းကုန်ပြောရရင် အထက်က အမိန့်ရောက်လာရင် တို့တစ်တွေဟာ အသင့်ရှိနေရမယ့် ရဲဘော်တွေဖြစ်တယ်။ ဒါကြောင့် မင်းကို ရွေးထုတ်ခေါ်လိုက်ရတာပဲ။ မင်းဟာ တစ်နေ့မှာ ဂျပန်တွေကို ပြန်ပြီး တော်လှန်တိုက်



www.burmeseclassic.com

www.burmeseclassic.com

ခိုက်ရမယ့် တော်လှန်ရေး တိုက်ပွဲမှာ မပါချင်ဘူးလား"

"အို . . . ကျွန်တော့်အတွက်တော့ အချိန်မရွေးပါပဲ ဗိုလ်ကြီး။ ကျွန်တော်ဟာ ဗိုလ်ကြီးတို့ပေးတဲ့ တာဝန်ကို အမြဲတမ်း အသက်နဲ့လဲပြီး ဆောင်ရွက်ပါ့မယ်။ ဂျပန်တွေကိုသာ တော်လှန်ရမယ်ဆိုရင် အချိန်မရွေး နေရာမရွေး ကျွန်တော် မကြောက်ပါဘူး"

"အေး . . . ဒီစိတ်ဓာတ်မျိုးရှိတာ အများကြီး ဝမ်းသာတယ်။ တို့ရဲ့ အလုပ်သမားတွေထဲက တကယ်တမ်း ဂျပန်တော်လှန်ရေးစိတ်ဓာတ်ရှိတဲ့ လူငယ်တွေ အများကြီးလိုတယ်။ ဒီလူငယ်တွေကို တို့ရဲ့ လျှို့ဝှက်စခန်းကို ပို့ရမယ်"

ဤသို့ ဗိုလ်ကြီးခင်က ပြောရင်း ကျွန်တော့်အား တနင်္ဂနွေနေ့တွင် လျှို့ဝှက်သော စခန်းကြီးသို့ ခေါ်သွားမည်ဟု ပြောခဲ့ပါသည်။

"ဒီအချိန်က စပြီးတော့ ရန်သူဂျပန်တွေရဲ့ တန်ပြန်သူလျှိုတွေကို သိထားရမယ်။ တို့အထဲမှာ ဂျပန်စပိုင်တွေ ပါလာမှာကိုလည်း မောင်အောင်နိုင် အထူးသတိထားပြီးတော့ လူငယ်တွေ စည်းရုံးရမယ်။ တို့ရဲ့ လုပ်ငန်းမှာ အမြဲ သတိရှိရမယ်။ နည်းနည်းကလေး ပေါ့လျော့လို့ ပေါက်ကြားသွားတာနဲ့ ဒုက္ခဖြစ်နိုင်တယ်။ တို့တစ်တွေဟာ အချိန်မရောက်ခင် စပ်ကြားမှာ ဒီအလုပ်သမားတပ်ထဲမှာ ဂျပန်တွေရဲ့ အဖိနှိပ်ခံ အညှဉ်းဆဲခံတွေကို ကတ်နိုင်သလောက် ကယ်တင်ကြရမယ် မောင်အောင်နိုင်"

"ကျွန်တော် နားလည်ပါပြီ ဗိုလ်ကြီး။ လောလောဆယ် ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

"တို့ အလုပ်သမားတွေထဲက လူငယ်တွေကို စုပြီး လျှို့ဝှက်စခန်းကို ပို့ရမယ်။ ပြီးတော့ တို့အဖွဲ့ရဲ့ ကိုယ်ပိုင်အမှတ်အသားတွေကို ထုတ်ပေးထားမယ်။ နောက်ပိုင်းက တို့ ရဲဘော်တွေကို တတ်နိုင်သလောက် စောင့်ရှောက်သွားမယ်။ မင်းကတော့ လောလောဆယ် ဒီတပ်ထဲမှာ လျှို့ဝှက်တဲ့ စည်းရုံးရေးတာဝန်ကို ယူရမယ်။ ဒါဟာ မောင်အောင်နိုင်ကို ယုံကြည်တဲ့အတွက်ပဲ။ မောင်အောင်နိုင်ရဲ့ အကြောင်းကို တို့က တတ်နိုင်သလောက်လည်း စုံစမ်းပြီးပြီ"

ထိုသို့ပြောကာ ဗိုလ်ကြီးခင်က ကျွန်တော် ချွေးတပ်ထဲသို့ ရောက်ရှိခဲ့ရပုံ ကိုယ်ရေးရာဇဝင်များပါသည့် မှတ်တမ်းစာအုပ် ဖိုင်တွဲကို ထုတ်၍ အဖတ်ခိုင်းလိုက်ပါသည်။

ဗိုလ်ကြီးခင်သည် ကျွန်တော့်အား အရှမ်းမဲ့ အလောတကြီးဖြင့် လျှို့ဝှက်သော ဂျပန်တော်လှန်ရေးတပ်ဖွဲ့ တနင်္သာရီတိုင်းအတွင်းသို့ သွင်းခဲ့ခြင်း မဟုတ်ဘဲ သူ၏ လက်အောက်ရှိ လျှို့ဝှက်သော ဂျပန်တော်လှန်ရေး အဖွဲ့ဝင်များက အဆင့်ဆင့် အစီရင်ခံသော အစီရင်ခံစာများအရ ဂျပန်တော်လှန်ရေးတပ်ဖွဲ့အတွင်း ထည့်သွင်းခြင်းကို မှတ်တမ်းများ၊ မှတ်ချက်များက ပေါ်လွင်လှပါချေသည်။

ကျွန်တော့်ကို ဂျပန်များက မော်လမြိုင်မှ အတင်းဆွဲလာခြင်းနှင့် ကျွန်တော့်အား ဂျပန်များက ရက်စက်ပုံများ။ ကျွန်တော်က ဦးထွန်းရှုံတို့မိသားစုအား ကူညီခဲ့ပုံများနှင့် တစ်ဖန် ဂျပန်က ပါးအရိုက်ခံရပုံများ၊ ကျွန်တော် ဂျပန်ကို အကြီးအကျယ် မုန်းတီးခြင်းများပါ စနစ်တကျ အစီရင်ခံထားသော အစီရင်ခံစာကို တွေ့ရ၏။

အောက်တွင် လက်မှတ်ရေးထိုးထားသောသူမှာ သန်း။ အဖွဲ့ဝင်အမှတ် (၃၀၁)။ မြင်းခြံမှာ ပါရှိသောကြောင့် မည်သူများ ဖြစ်ပါလိမ့်မည်နည်း။ ကျွန်တော်နေထိုင်သော တပ်စိတ်မှ သန်းပါသော အမည်များရှိလေရာ အောင်သန်းနှင့် စိန်သန်းတို့ ဖြစ်ကြလေသည်။

သူတို့နှစ်ဦးသည်ပင် လျှို့ဝှက်သော ဂျပန်တော်လှန်ရေး တပ်ဖွဲ့ဝင်များ ဖြစ်လေသလောဟု တွေးတောလာမိပါချေသည်။

"တော်တော်ကလေး ပြည့်စုံရဲ့လား မောင်အောင်နိုင်"

"သိပ်ပြည့်စုံတာပါပဲ ဗိုလ်ကြီး။ ကျွန်တော့်ကို အစီရင်ခံခဲ့တဲ့ လူဟာ ကျွန်တော်တို့ တပ်စိတ်ထဲကပဲလို့ ကျွန်တော် ထင်တာပဲ"

"အင်း . . . မောင်အောင်နိုင် ထင်တာနဲ့တော့ မလွဲပါဘူး။ မကြာမီ လာပါလိမ့်မယ်။ ခဏကလေး စောင့်နေ၊ နောက်ကို အလုပ်အတူ လုပ်ကြရမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးခင် ပြောသကဲ့သို့ပင် ၅ မိနစ်ခန့်ရှိသောအခါတွင် လူတစ်ယောက် အတွင်းခန်းထဲသို့ ဝင်လာသည်။ မီးရောင်မှာ အနည်းငယ် မှိန်နေသဖြင့် ထိုလူ၏ မျက်နှာမှာ အတော်အတန် ဝါးနေချေသည်။

"ထိုင်လေ မောင်အောင်သန်း"

"ဟာ...ကိုအောင်သန်း"

ကျွန်တော်က အံ့အားသင့်စွာဖြင့် ပြောလိုက်ရသည်။ ကိုအောင်သန်းသည် ကျွန်တော်၏ ပခုံးကို ကိုင်၍ထိုင်လိုက်၏။ သူက ကျွန်တော်၏ ပခုံးကိုင်ရာမှ ခပ်အုပ်အုပ်ဖြင့်ရယ်ကာ "ခင်ဗျား သိပ် အံ့အားသင့်သွားမှာပဲ။ ကျွန်တော်က အချိန်အခါ မဟုတ်သေးလို့ ထုတ်မပြောရတာ။ ခင်ဗျားကိုတော့ ကျွန်တော် ပြောခဲ့ပါသေးတယ်။ ကျွန်တော်က အာရှလူငယ် အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အကြောင်းလေ"ဟု ကိုအောင်သန်းက ပြောလိုက်၏။

"အဲဒီတုန်းက ခင်ဗျားပြောတာကို ကျွန်တော်ကတော့ သာမန်စကားလောက်ပဲ အမှတ်ထားခဲ့တာပဲဗျ"

"အာရှလူငယ်တွေအဖို့ အခုနေအခါမှာ လျှို့ဝှက် ဂျပန်တော်လှန်ရေး အသင်းသားတွေ ဖြစ်နေတယ်ဆိုတာ ခင်ဗျား မလေ့လာခဲ့ဖူးလို့ပဲ။ ပြီးတော့ အာရှလူငယ်တွေကို ဂျပန်ကင်ပေတွေက သားကောင် ရှာဖွေနေတဲ့ မုဆိုးတွေလို လိုက်နေတာ တော်တော်ကြာပြီ ကိုအောင်နိုင်၊ ကျွန်တော် ဒီတပ်ထဲဝင်ပြီးလာကတည်းက ကျွန်တော်တို့ဆီက လျှို့ဝှက်အဖွဲ့ကနေပြီး ဒီမှာ ကိုင်နေတဲ့ ဗိုလ်ကြီးခင်တို့ဆီကို လျှို့ဝှက်တဲ့ စာတစ်စောင် ပေးလိုက်တယ်။ အကြောင်းကတော့ ကျွန်တော်ဟာ တနင်္သာရီတိုင်းဘက်မှာ တော်လှန်ရေး ဆောင်ရွက်ဖို့ပဲ။ ဒီနောက်တော့ ဗိုလ်ကြီးခင်က တော်လှန်ရေး ရဲဘော်တွေ စုဆောင်းဖို့အတွက် တာဝန်ပေးတော့ ပထမဆုံး ခင်ဗျားကို ကျွန်တော်တို့ အစီရင်ခံစာရေးပြီး တင်ရတာပဲ။ အထူးသဖြင့်တော့ ကျွန်တော်တို့အထဲမှာ အဘ ဦးထွန်းရဲ့ရော ကျွန်တော်တို့ ရဲဘော်တွေအားလုံး တော်လှန်ရေးထဲ ပါလာဖို့ သေချာတယ်"

"ဒီမှာ မောင်အောင်သန်း၊ သန်ဘက်ခါမှ လျှို့ဝှက်တဲ့ စခန်းကိုသွားကြရမယ်။ အထူးသဖြင့်တော့ မင်းတို့အားလုံးကို တပ်ခွဲအသီးသီးမှာ ဖြန့်ပြီးထည့်ပေးမယ်။ အဲဒီကနေပြီး တို့ဆီက ဘာလုပ်ရမယ်ဆိုတာ အမြဲတမ်းညွှန်ကြားပေးမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ဒါထက် ကျွန်တော်တို့ ဘာလုပ်ပေးရဦးမှာလဲ"

"အေးကွာ၊ ပထမဆုံး အောင်နိုင့်ကို တော်လှန်ရေး မော်သွင်းရမှာပဲ။ ဒီနေ့ည ရိက္ခာတွေ ပို့ကြရမယ်။ ဒီနေ့ည ၁၂ နာရီတိတိ တို့ရဲဘော်တွေ အဆင်သင့် လက်ဆင့်ကမ်း ယူကြရမယ်"

ထိုသို့ပြောကာ ကျွန်တော်တို့တစ်တွေအား အင်္ဂလိပ် ရိုင်ဖယ် အတိုနှစ်လက်နှင့် လက်ပစ်ဗုံး ၂ လုံးကို ဝေ၍ပေးလိုက်သည်။

"လျှို့ဝှက်စခန်းမှာရှိတဲ့ တို့ရဲဘော်တွေအတွက် ရိက္ခာတွေကို ထုတ်ရမှာပဲ။ ဂျပန်အစောင့်နဲ့ တွေ့ရင် အစောင့်ကို အသံမကြားတဲ့ ဖြောင်နည်းနဲ့ ဖြောင်ပစ်ကြရမယ်။ သိပ်ပြီး ရင်ဆိုင်ကြရရင်တော့ ဒီလက်နက်ကို သုံးကြရမှာပေါ့ကွာ"

ဗိုလ်ကြီးခင်သည် ပြုံးပြုံးကြီး အားရပါးရ ပြောလိုက်သည်။ ပြီး... ကျွန်တော်တို့အား ကိုဝါး စီးကရက် တစ်လိပ်စီကို ထုတ်၍ပေးသည်။

"မင်း သေနတ်ကောင်းကောင်း ပစ်တတ်တယ် မဟုတ်လား"

"ဘီအိုင်အေမှာ ကောင်းကောင်း လေ့ကျင့်ခဲ့ဖူးပါတယ် ဗိုလ်ကြီး"

"အေး...ဝါယာကြိုး အသုံးပြုနည်းရော"

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်"

ထိုသို့ ပြောလိုက်သဖြင့် ကျွန်တော့်အား ဝါယာကြိုးခွေ တစ်ခွေ ထုတ်ပေးပါသည်။

"ဒီကြိုးက ကျည်ဆန်တစ်တောင့်မှ မကုန်ဘူးကွ၊ အင်မတန် စိတ်ချရတယ်။ ခွေးမသားတွေ အလောင်းကိုချောက်ထဲ ပစ်ချလိုက်ရုံပဲ"

ကျွန်တော့်အား ပြောကာ ဗိုလ်ကြီးခင်သည် အဝတ်အစားများ လဲနေသည်။ သူသည် ဂျပန် ရှက်ဖျင်ဖိနပ် တစ်ရန်ကို ဝတ်ကာ အနွေးထည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော သိုးမွေးနှင့်ချည် ရောကာ ပြုလုပ်ထားသည့် အပေါ်စစ်အင်္ကျီ အညိုရောင်ကိုထပ်၍ ဝတ်သည်။ ပြီး··ဘေးတွင် ချထားသော ခါးပတ်ကို ကောက်၍ ပတ်သည်။ ခါးပတ်တွင် စစ်သုံးခြောက်လုံးပြူးအိတ်က တွဲ၍ပါနေသည်။

ထိုသို့ စကားပြောနေခိုက်ဝယ် လူတစ်ယောက် ဝင်လာသည်။

"မောင်စံလား ဟေ့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"တို့ ရဲဘော်တွေရောက်ကြပြီလား"

"ရောက်ပါပြီ ဗိုလ်ကြီး"

"ဒါဖြင့် အသင့်ပြင်ထား"

မောင်စံသည် ခေါင်းငုံ့က ထွက်သွား၏။ ပြီးတော့ ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ နှစ်ဦးအား ခပ်တိုးတိုး ပြောလိုက်သည်။

"တို့ လုပ်နေတဲ့ အလုပ်ဟာ အင်မတန် ဘေးအန္တရာယ်များတဲ့အကြောင်း ရဲဘော်တို့ သိထားကြပြီ။ အတိမ်းအစောင်း မခံဘူး။ နည်းနည်းကလေး တိမ်းတာနဲ့ ဒုက္ခဖြစ်သွားနိုင်တယ် ရဲဘော်အောင်နိုင်"

ထိုသို့ပြောရင်း ဗိုလ်ကြီးခင်သည် လက်ထဲမှ လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။

"သွားမယ်ဟေ့"

ဗိုလ်ကြီးခင်သည် ဖျတ်လတ်စွာ ထ၍ သွားသည်။ သူ စီးထားသော ဖိနပ်မှာ ကင်းပတ်(စ)ဖိနပ်ဖြစ်၍ ကြမ်းပြင်တွင် ခြေသံ မကြားရ။

ကျွန်တော်တို့ စီးထားသော ဖိနပ်များမှာ ကျွန်တော် တစ်ဦးတည်း ရှူးဖိနပ်အဟောင်းကြီးတစ်ရန် စီးထားကာ ကိုအောင်သန်း ဆိုလျှင် ညှပ်ဖိနပ်ကို စီးထားသည်။

သေနတ်ကို ဒုတိယအကြိမ် ပြန်လည် ကိုင်တွယ်ရသည်မို့ အတော်ကလေး လန့်နေသည်ဟု ထင်မိ၏။ သေနတ်ထဲတွင် ကျည်ဆန် (၁၀) တောင့်တိတိ ရှိနေသည်ကို စစ်ဆေးတွေ့ရလေသည်။

ရုံးခန်းအပြင်သို့ ရောက်လျှင် လူ ၇ ယောက်ကို တွေ့ရသည်။ အမှောင်ရိပ်ဖုံးလွှမ်းထားသောကြောင့် မည်သူတွေဟု ကျွန်တော် အတပ်မသိနိုင်ချေ။

"ဘထိုက်"

"ဟိုက်··ဗိုလ်ကြီး"

"ကျော်မြ၊ မင်း ရဲဘော်တွေ စုံရဲ့နော်"

"စုံပါတယ် ဗိုလ်ကြီး"

"ကဲ··လူခွဲပြီး သွားမယ်"

"ဘထိုက်နဲ့ ကျော်မြက ရဲဘော် ၃ ယောက်နဲ့သွား။ တို့နဲ့ ရဲဘော်နှစ်ယောက် လိုက်ခဲ့၊ မောင်စံ ရုံးစောင့်၊ လိုင်းတွေ လိုက်စစ် နေတယ်လို့ ပြောလိုက်။

"ဟုတ်ကဲ့ ဗိုလ်ကြီး"

မောင်စံ ဆိုသူက ခပ်အုပ်အုပ် ဖြေကြားလိုက်လေ၏။

ကျွန်တော်နှင့် ဗိုလ်ကြီးခင်၊ ကိုအောင်သန်း၊ ရဲဘော်နှစ်ဦးတို့သည် ရုံးခန်းမှ ကွေ့၍ ရိက္ခာရုံခေါ် ထမင်းချက်ရုံဘက်သို့ ထွက်လာသည်။

ကောင်းကင်ပြင်ဝယ် မိုးသားများ အလိပ်လိပ် တက်လာလေသည်။

အခန်း [၆]

## ခွေးဘီလူးကြီး ရမ်းနေပြီ

ကျွန်တော်တို့ ရယူမည့် ရိက္ခာများမှာ ဂျပန်စစ်တပ်မှ လျှို့ဝှက်စွာ သိမ်းဆည်းထားသည့် မြေအောက် ဂိုဒေါင်များမှ ရိက္ခာများဖြစ်သည်။ ထိုဂိုဒေါင်များတွင် အစောင့်ဟူ၍ ဂျပန်ကင်းတပ်စိတ်ကလေး တစ်စိတ်သာ ချထားသည်။

အနန်းကွင်းနှင့် ဝသန်ချောင်း ဆိုသော နေရာတွင်လည်းကောင်း၊ ခနစ်ထွေ စခန်းတွင်လည်းကောင်း မြေအောက်လိုဏ်ဂူ ဂိုဒေါင်များ ပြုလုပ်ကာ ရိက္ခာ၊ ကားပစ္စည်း၊ ရထားပစ္စည်းများနှင့် လက်နက်များကို အများဆုံး သိုလှောင်ထားကြသည့် အကြောင်းကို ကျွန်တော်က သိရှိထား၏။

ဤသို့ ပစ္စည်းမျိုးစုံ သိုလှောင်ထားကြခြင်းမှာလည်း ရန်သူ လေယာဉ်ပျံများဘေးနှင့် အဖျက်သမား သူလျှိုများ၏ ဘေးမှ လွတ်ကင်းရန်လည်းကောင်း၊ အကယ်၍ ဂျပန်စစ်တပ်များအတွက် အထူးတလည် ရိက္ခာလိုသေးသော အခါမျိုးတွင် လျင်မြန်စွာဖြင့် ထုတ်ပေးနိုင်ရန်လည်းကောင်း၊ ဤကဲ့သို့ မြေ



www.burmeseclassic.com

www.burmeseclassic.com

အောက်လိုက်ဂူ ဂိုဒေါင်များဖြင့် စီမံထားပုံရလေသည်။

မကြာမီ ကျွန်တော်တို့သည် ထမင်းချက် မီးဖိုများကို ဖြတ်သန်းလာခဲ့ပြီးနောက် သစ်ပင်ဝါးပင်များ ပေါက်နေသည့်နေရာ ရောက်လာ၏။ ထိုနေရာသည် အလုပ်သမားများ တာဝန်ခွဲပေးသော ကွင်းပြင်နှင့် ပေ ၅၀ လောက်ကွာသည်။

ပြီး‥ဂျပန်စစ်သားများ နေထိုင်သော တန်းလျားနှင့် ကိုက် ၁၅၀ ခန့်ကွာသည်။ ဂျပန်စစ်သားများ နေထိုင်သော ဝါးတဲတန်းလျားမှာ တောင်ကုန်းကလေးပေါ်တွင် တည်ဆောက်ထားသည်။

ဂျပန်ဝါးတဲ၏ အမိုးမှာ သွပ်မိုးဖြစ်လင့်ကစား သွပ်မိုးပေါ်မှ တစ်ဆင့် ဝါးလုံးများ တန်းပစ်၍ ဓနိပျစ်များ ထပ်မံတင်ထားသည်။ ပြီး‥တောင်ကုန်းဘေးတွင် ပေါက်နေသော ဝါးပင်များ၊ သစ်ပင်များကို ခုတ်ဖြတ် မပစ်ချေ။ ထို့ကြောင့် ဂျပန်စစ်သား တန်းလျားကို ရန်သူ လေယာဉ်ပျံတို့က မြင်နိုင်ကြမည် မဟုတ်ပါချေ။

မကြာမီ ကျွန်တော်တို့အားလုံးသည် တောင်ကုန်း သုံးကုန်းကို ဖြတ်ကျော်လာခဲ့၏။ တောင်ကုန်းများတွင် ဝါးရုံများ ပေါက်နေသည်။ မည်သည့် ဝါးပင်များ ပေါက်နေသည်ဟု မှောင်လွန်းသောကြောင့် မမြင်ရ၊ တောင်တန်းနှင့် တရွေ့ရွေ့ နီးလာကာ မီးရထားသံလမ်းသစ်များပေါ်မှ ဖြတ်ကျော်လာခဲ့ရသည်။

ဗိုလ်ကြီးခင်သည် တစ်နေရာသို့အရောက်တွင် ခပ်တိုးတိုး အသံဖြင့် "ဝပ်လိုက်"ဟု အမိန့်ပေးလိုက်၏။ ကျွန်တော်တို့အားလုံး မြေပြင်တွင် ရုတ်တရက် ဝမ်းလျားတိုး ဝပ်လိုက်ကြသည်။

ခပ်တိုးတိုး စကားပြောသံကြားရ၏။

တရွေ့ရွေ့ မည်းမည်း အရိပ်နှစ်ရိပ်ကို တွေ့လာရသည်။ မှောင်မည်းထဲ ကျင့်သားရသော မျက်လုံးများကြောင့် လူနှစ်ဦး၏ သဏ္ဌာန်ကို မြင်ရခြင်းဖြစ်သည်။

အံ့ဩစရာ ကောင်းသည်ကား ထိုလူနှစ်ဦး ကားပြောသံသည် ဂျပန်စစ်သားများ၏ စကားပြောသံ မဟုတ်ဘဲ အင်္ဂလိပ်စကားကို ခပ်တိုးတိုး ပြောလာကြခြင်းဖြစ်သည်။

ထိုလူနှစ်ဦးသည် ကျွန်တော်တို့ဆီသို့ တည့်တည့်လာနေကြခြင်းမဟုတ်၊ သူတို့နှင့် ကျွန်တော်တို့ ညာဘက် မားလွယ်ခုတ်ဖြစ်နေ၏။ လူနှစ်ဦးသည် စကားပြောလိုက်၊ ပြီးတော့ ရပ်လိုက်နှင့် သူ့အဖော်အား ခပ်တိုးတိုး သင်ပြနေသည်ကိုလည်း တွေ့ရ၏။

"စောယုရှူး"

အနီးသို့ တဖြည်းဖြည်းရောက်လာသည်နှင့် တစ်ပြိုင်တည်း ဗိုလ်ကြီးခင်က ခပ်အုပ်အုပ် အသံပေးလိုက်၏။

လူနှစ်ယောက်သည် ခပ်သုတ်သုတ် ခရီးဆက်နေရာမှ ဖြုန်းခနဲ ရပ်လိုက်ကြ၏။ ခြေလှမ်းများ မြန်မြန်လှမ်းရခိုက် ရပ်လိုက်ရသဖြင့် ရှဲခနဲ မြေပြင်ပေါ်သို့ ခြေချော်သွားသံနှင့် အတော်ပင် တုန်လှုပ် ချောက်ချားသွားပုံကို ကျွန်တော်တို့ မြင်ကြရ၏။

"ဖရင့်(ဒ)စောယုရှူး"

ထိုသို့ ဗိုလ်ကြီးခင်က ပြောလိုက်ပြီး မတ်တတ်ရပ်လိုက်၏။

"အိုး‥‥ကပ္ပတိန်"

မှောင်မိုက်ထဲဝယ် မားမားကြီး ရပ်နေသော လူနှစ်ဦးအနက် တစ်ဦးက ပြောလိုက်ခြင်း ဖြစ်၏။

ပြီး‥ စောယုရှူး ဆိုသူနှင့် ဗိုလ်ကြီးခင်တို့သည် မှောင်ရိပ်တွင်းဝယ် တစ်ဦးနှင့်တစ်ဦး လက်ဆွဲကာ ခပ်တိုးတိုး ပြောနေကြ၏။

ကျွန်တော်တို့ကို ဝပ်သောနေရာမှ ထကြရန် ဗိုလ်ကြီးခင်ကပင် အမိန့်ပေးလိုက်၏။ စောယုရှူး ဆိုသူက ကျွန်တော်တို့ဘက်သို့ လှည့်ကာ ကြည့်လိုက်သည်။

"ဒါ ကျုပ်တပည့်တွေလေ၊ တကယ် စိတ်ချရတဲ့ လူတွေချည်းပါပဲ"

ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ဘက်သို့ လှည့်ကာ ခပ်တိုးတိုး ပြောလိုက်၏။

"ခင်ဗျားတို့နဲ့ပဲ ဆုံရတော့ပလေဗျာ"

"ဟုတ်တယ်၊ အခု ရိက္ခာတွေ သွားထုတ်မယ်လို့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…မြန်မြန်သွား၊ ကျုပ်လူတွေ တော်တော်ကြာ ရောက်လာမယ်။ သူတို့က လက်နက်တိုက်ကို မိုင်းခွဲကြမယ်။ မိုင်းခွဲရင် ခင်ဗျားတို့ရဲ့ ရိက္ခာဂိုဒေါင်ပါ ပါသွားလိမ့်မယ်"

စောယုရှုးက ခပ်သွက်သွက် ပြောလိုက်လေသည်။

"ဟာ…ဒီလိုဆို မြန်မြန်သွားမှပဲ။ ဒါထက် ဘယ်အချိန်လဲ"

"ထုံးစံအတိုင်းပေါ့၊ လေယာဉ်ပျံလာတာနဲ့ တစ်ခါတည်း ခွဲလိုက်မှာပဲ။ ခင်ဗျားတို့ကိစ္စသာ မြန်မြန်လုပ်ကြ"

ထိုကဲ့သို့ ပြောကာ စောယုရှုးနှင့် အဖော်သည် ထွက်သွားကြ၏။ စောယုရှုးအကြောင်းနှင့်ပတ်သက်၍ကျွန်တော် ဘာမှမသိရသေး။ စောယုရှုးသည် မည်သူ၏ သြဇာခံပါနည်းဟူသော အချက်ကို သိချင်လာ၏။

သို့နှင့် ကျွန်တော်တို့သည် ဝါးရုံနှင့် သစ်စိမ်းတောကလေးအတွင်းသို့ တရွေ့ရွေ့ တိုးဝင်ခဲ့ကြ၏။ ထိုနေရာတွင် ပို၍ မှောင်နေသည်ဟု ထင်ရ၏။

ပြီး… တောတန်းနှင့် တဖြည်းဖြည်း နီးလာလေသည်။ ထိုအချိန်တွင် ဗိုလ်ကြီးခင်သည် နှုတ်မှ ငှက်အော်သံကဲ့သို့ အော်လိုက်လေသည်။ ငှက်အော်သံမှာ တကယ့် ငှက်သံနှင့် မခြားလုချေ။ အမှန်တော့ ညဥ့်အခါတွင် ငှက်အော်သံများမှာ ယခုလိုပင် ကြားတတ်သည်က များချေသည်။

အခြားတစ်ဖက်မှလည်း ငှက်တစ်ကောင်၏ အော်သံနှင့် ပြန်လည်အော်သံကြားရ၏။ ခဏအကြာ ဝင်းခနဲ မီးရောင်လက်သွား၏။ ဗိုလ်ကြီးခင်ကလည်း ပါသော လက်နှိပ်ဓာတ်မီး အသေးစားကလေးဖြင့် အချက်ပြလိုက်၏။

"လာဟေ့"ဟု ကျွန်တော်တို့ကို ဗိုလ်ကြီးခင်က ရှေ့ဆောင်ခေါ်၍သာ လိုက်ကြရ၏။

မကြာမီ ကွက်လပ်တစ်ခုသို့ ရောက်လာကြသည်။ ထိုနေရာတွင် စုဝေးနေသော လူပေါင်း ၂၀ ခန့် တွေ့ရပြီးလျှင် အင်္ဂလိပ် ရိုင်ဖယ်နှင့် တော်မီဂန်းအချို့ကို ကိုင်ထားလေသည်။

ပြီး…ဆင် ၂ ကောင်လည်း တွေ့ရသည်။ ထို ဆင် ၂ ကောင်သည် ရိက္ခာပစ္စည်းများကို သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုကြမည် ဖြစ်၏။

"ဝင်းမောင် မင်းရဲ့ရဲဘော် စုံရဲ့လားဟေ့"

"စုံပါတယ် ဗိုလ်ကြီး"

"တောင်ခြေကို ကင်းလွှတ်ထားသေးလား"

"ထားပါတယ် ဗိုလ်ကြီး

"ဆက်သား မလာသေးဘူးလား"

"မလာသေးဘူး ဗိုလ်ကြီး"

ထိုသို့ ပြောနေခိုက်ဝယ် ချိုးကူသံ သဲ့သဲ့ ပေါ်ထွက်လာ၏။ ချိုးကူသံကြားရလျှင် ဝင်းမောင် ဆိုသူက ချိုးကူသံ ပြန်ပေးလိုက်၏။

ခဏအကြာတွင် တောချုံများကို တိုး၍ လာနေသော အသံတစ်သံကို ကြားရ၏။ မကြာမီ လူနှစ်ယောက် ကွက်လပ်အတွင်းသို့ ဝင်ရောက်လာသည်။ ထို လူနှစ်ယောက်၏ နောက်မှ လူတစ်ယောက် ခပ်ခွာခွာ လိုက်ပါလာ၏။

"ဘယ်လိုလဲ ထွန်းမောင်"

"အဆင်ပြေပါတယ် ဗိုလ်လေး၊ ကျွန်တော်တို့ သံဆူးကြိုးတွေတောင် ဖြတ်လာခဲ့ပြီ"

လူသုံးယောက်အနက် လူတစ်ယောက်က ကိုဝင်းမောင် ဆိုသူထံ သတင်းပို့လိုက်ခြင်း ဖြစ်၏။

သည်နောက်တွင်မူ ကျွန်တော်တို့သည် ကွက်လပ်အတွင်းမှ ညင်ညင်သာသာဖြင့် တန်းစီကာ ထွက်ကြ၏။ လမ်းသိသူများက ရှေ့ဆောင်ကာ သွားရလေသည်။

ကိုဝင်းမောင် ဆိုသူမှာလည်း ဗိုလ်ကြီးခင်၏ လက်အောက်မှတော်လှန်ရေး ပြောက်ကျားခေါင်းဆောင် ဗိုလ်ကလေးတစ်ဦးဖြစ်၏။

ဆင်များကိုပါ တစ်ပါတည်း ခေါ်လာခြင်းဖြင့် မည်မျှ ရဲတင်းလုကြောင်း သိသာနိုင်ပါ၏။ ဗိုလ်ကြီးက အစောင့်ဂျပန်များအကြောင်းကို ဆက်သားခေါင်းဆောင် ထွန်းမောင်အား မေးမြန်းခဲ့သည်။

ဂျပန်များမှာ ရိက္ခာဂိုဒေါင်နှင့် ကိုက် ၅၀ ခန့်ကွာသော တောင်ကုန်းကလေးပေါ်တွင် ရှိနေကာ အားလုံးပင် အေးအေးဆေးဆေး အိပ်နေကြောင်းကို အစီရင်ခံခဲ့သည်။

သည်နောက်တွင်မူ ကျွန်တော်တို့သည် စမ်းချောင်းကလေး တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ဖြတ်ကျော်ရ၏။ "သတိထားပေါ့" ဟု ခပ်တိုးတိုးဖြင့် ဗိုလ်ကြီးခင်က သတိပေးသည်။

စမ်းချောင်းကလေးသို့ ဖြတ်ကူးလာခိုက် ကောင်းကင်ပြင်တွင် မိုးသားများ မှောင်သည်ထက် မှောင်လာကာ ရုတ်တရက် သဲသဲမဲမဲ ရွာလာ၏။

"မိုးရွာတာ ကောင်းတယ်"

ကိုအောင်သန်းက ခပ်တိုးတိုး ပြောလိုက်၏။ မှန်သည်၊ လျှို့ဝှက်လုပ်ကြံရသော ကိစ္စများတွင် မိုးသဲသဲရွာသဖြင့် ခြေသံကို ရန်သူများ ကြားနိုင်မည်မဟုတ်ချေ။ ပြီး··ကျွန်တော်တို့ ခြေရာများကိုလည်း မိုးရေက ဖျက်ပစ်လိုက်မည်မှာ သေချာသည်။

မည်းမှောင်သော တောင်တန်းကြီး၏ ခြေရင်းသို့ တရွေ့ရွေ့ နီးကပ်လာစဉ် လျှပ်ပန်းများ ဖျတ်ခနဲ ဝင်းသွား၏။ ထို့ကြောင့် တောင်ကို ဖောက်ထွင်းကာ လိုဏ်ဂူ ဂိုဒေါင်များ ပြုလုပ်ထားသည့် နေရာသို့ နီးလာကြောင်းတွေ့လိုက်ရ၏။

ကျွန်တော်တို့သည် မကြာမီ သံဆူးကြိုးများ ဝိုင်းကာထားသော နေရာသို့ နီးလာစဉ် ဆင်ဦးစီးများအား ဝါးရုံကြီးများအောက်တွင် စောင့်နေရန် ပြောကြားလိုက်ပေ၏။

"ဂျပန်တွေတော့ အိပ်ကောင်းနေတာပဲ ဗိုလ်ကြီး၊ အားလုံး လှုပ်ရှားတာကို မတွေ့ရဘူး"

"ကဲ···ရဲဘော်နှစ်ဦးကို ဂျပန်အစောင့်ကင်းတဲဆီ လွှတ်ထား၊ အရေးအကြောင်း ကြုံတာနဲ့ လက်ပစ်ဗုံး အသုံးပြုလိုက်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ကိုဝင်းမောင်အား ဗိုလ်ကြီးခင်က အထက်ပါအတိုင်း အမိန့်ပေးလိုက်သောကြောင့် ကိုဝင်းမောင်က ရဲဘော်နှစ်ဦးကို ရွေးချယ်ကာ ဂျပန်ကင်းတဲဆီသို့ စေလွှတ်လိုက်၏။

ထိုရဲဘော်နှစ်ဦးတွင် တစ်ဦးမှာ တော်မီဂန်းကလေးတစ်လက် ပါသွားခဲ့ပေ၏။

"ဒါထက် တို့နဲ့ ဆက်ထားတဲ့ စောယုရှူးတို့ အဖွဲ့က မြောက်ဘက်လက်နက်ဂိုဒေါင်တွေမှာ ဝိုင်းခဲ့လိမ့်မယ်။ မြန်မြန်လုပ်ကြမှ တော်မယ်"

"ကောင်းပါပြီ ဗိုလ်ကြီး"

ထိုသို့ပြောလျှက် ပေါက်နေသော ခြံစည်းရိုးမှ နေပြီးလျှင် တစ်ဦးချင်း ခါးတစ်ဝက် ကုန်းပြီး ဂိုဒေါင်ဆီသို့ သွားရန် ကိုဝင်းမောင်က အမိန့်ပေးလိုက်၏။

ဂိုဒေါင်၏ အတွင်းသို့ ဝင်နိုင်သော မီးရထားသံလမ်းကလေးကို တွေ့ရ၏။ ပြီး·· ကျောက်ခဲပုံများနှင့် သံစည်ပေပါကြီးများ ထောင်ထားသည့်ကိုလည်း တွေ့ရသည်။

ရိက္ခာနှင့် ပစ္စည်းမျိုးစုံထားသော တောင်အောက်လိုဏ် ဂိုဒေါင်များသည် ဤနေရာတစ်ဝိုက်တွင် တော်တော်များများ ရှိနေပေ၏။ အထူးသဖြင့် ရိက္ခာဂိုဒေါင်ကြီးများသို့ ပစ္စည်းများသွင်းရန် အတွက် ရထားလမ်းများလည်း ဖောက်လုပ်ထားလေသည်။

ကျွန်တော်တို့တွင် ကျရောက်လာမည့် ဘေးအန္တရာယ်အား အကာအကွယ်ပေးနေသည်မှာ တဝေါဝေါ ရွာနေသောမိုးတည်း။

မိုးပေါက်များနှင့်အတူ လေကလည်း ခပ်ရမ်းရမ်းကြမ်းကြမ်း တိုက်နေ၏။ မိုးနှင့် လေတို့က ကျွန်တော်တို့ကို ပိုမို အကာအကွယ် ပေးနေသဖြင့်လည်း ဂျပန်၏ ဘေးရန်မှ ပူပန်ရခြင်းသည် အတော်အသင့် သက်သာရာ ရနေ၏။

ကျွန်တော့်မှာ တကယ်တော့ ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ခေတ်တွင် တိုက်ပွဲဝင်ခဲ့သည့်အတွက် ဂျပန်များ၏ အကြောင်းကို ကျွန်တော် သိထားပြီးဖြစ်သည်။

ဂျပန်များကား စစ်သားပီပီစစ်သားနှင့်တူသူများ ဖြစ်၏။ အခံဆင်းရဲ အပင်ပန်းခံနိုင်စွမ်းသောသူများ ဖြစ်၏။ သူတို့ ရထားသော ယူနီဖောင်းများသည် အတော်ဟောင်းနွမ်း စုတ်ပြဲသော်လည်း အပ်နှင့် အပ်ချည်ကို အသုံးပြုကာ ချုပ်ဖာထေး ဝတ်ကြ၏။ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်ကာ မိုင်ပေါင်း များစွာကို မညည်းမညူ ခြေကျင် ချီတက်နိုင်ကြ၏။ အထက်မှ ပေးအပ်သော အမိန့်နှင့် တာဝန်ကို မိမိအသက်စွန့်ကာ အသေခံဝံ့သောစိတ်ဓာတ်သည် ဂျပန်စစ်သားတိုင်းလိုလိုပင် ရှိကြ၏။

ရှေ့လဆက်ဖတ်ပါရန်···

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သားမြဝတီ

ကျွန်တော်၏ ဖခင်ဖြစ်သူမှာ လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက် အစအဆုံး ပါဝင်ခဲ့သူဖြစ်ပြီး၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့် ချီးမြှင့်ခံခဲ့ရပါသည်။

စာပေဘက်တွင်လည်း ဘဝကို နှစ်မြှုပ်ကာ 'မြဝတီ'ဆိုသော ကလောင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် အမျိုးသားစာပေဆုကို ရရှိခဲ့ပါသည်။

ဖခင်ကြီးသည် အလွန်ရိုးသားဖြောင့်မတ်သူဖြစ်ပြီး အမြဲကိုယ်ကျိုးစွန့်လျက် အများအကျိုးကိုသာဆောင်ရွက်တတ်ခဲ့ပါသည်။

စုံထောက်မဂ္ဂဇင်း၊ လျှို့ဝှက်သည်းဖို စသော စာအုပ်တိုက်များသို့ ကျွန်တော်ငယ်စဉ်ကတည်းက ရောက်ခဲ့ဖူးပါသည်။

စာရေးဆရာများဖြစ်သော မိုးဝေ၊ တင့်ဆန်း စသည်ဖြင့် နာမည်ကြီး စာရေးဆရာကြီး အတော်များများကို စုံထောက်မဂ္ဂဇင်းတိုက်တွင် မကြာခဏ တွေ့ရဖူးပါသည်။

ပြည်သူ့ကြယ်ဂျာနယ်ကို ဖခင်ကြီးသည် စစ်မှုထမ်းဟောင်း ဗိုလ်မှူးကြီးများဖြင့် ဦးစီးလျက် စတင်ကာ တစ်နှစ်တစ်ကြိမ် ထုတ်ဝေခဲ့ပါသည်။

ထိုအချိန်က နာယကကြီးများမှာ



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးအေးငွေ ကလောင်အမည် (ဒဂုန်မြတ်လေးနွယ်) ဂျပန်နိုင်ငံဆိုင်ရာ စစ်သံမှူးကြီးဟောင်းဖြစ်လျက် နောက်တစ်ဦးမှာ ဗိုလ်သိန်းအောင် ကလောင်အမည်(ယောနင်းသိန်းအောင်) ဖြစ်ပါသည်။

ပြည်သူ့ကြယ်ဂျာနယ်သည် နောင်တစ်ချိန်တွင် စစ်ပြန်မဂ္ဂဇင်းကြီး တစ်စောင်အဖြစ် ပြောင်းလဲရပ်တည်လာနိုင်ခဲ့ပါသည်။

အဖေသည် လူငယ်တက်လမ်း ကလောင်စွမ်းအဖွဲ့ကို စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး၊ ဗိုလ်ချုပ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် လုပ်ဆောင်ခဲ့ကြောင်း အဖေက မကြာခဏ ပြောပြဖူးပါသည်။

အဖေသည် စစ်မြင်းတပ်တွင်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးတပ်(ခေါ်)ပြန်လည်ဝန်ထမ်းတပ်တွင် အမျိုးမျိုး တပ်မတော်တာဝန်များ ပြောင်းလဲထမ်းဆောင်ခဲ့ရပါသည်။

စာရေးစဉ် အဖေ၏ ကလောင်အမည်များမှာ မြဝတီ၊ ဗိုလ်စိန်တင်၊ ခင်လင်း စသော ကလောင်အမည် အမျိုးမျိုးဖြင့် ရေးသားခဲ့ပါသည်။

အဖေသည် စုံထောက်ဝတ္ထုများ၊ တောလိုက်မုဆိုးဝတ္ထုများ၊ စွန့်စားခန်းနှင့် သိပ္ပံဆိုင်ရာ စွန့်စားခန်းဝတ္ထုရှည်ကြီးများ အများအပြား ရေးသားခဲ့ပါသည်။

နှစ်ပေါင်းသုံးထောင်၊ သမီးနန္ဒီ၊ စိတ်ပြောင်းကိုယ်ခွာ စသော ဝတ္ထုများမှာ လူကြိုက်များခဲ့ပါသည်။

ပျူစစ်သည်ဝတ္ထုကို ရေးရာတွင် အဖေသည် ပြည်မြို့သို့သွားရောက်ကာ သမိုင်းအချက်အလက်များ , စုဆောင်းခဲ့ပါသည်။

တော်လှန်ရေးနောက်ခံ ဝတ္ထုများဖြစ်သော သွေးချောင်းကလျှံ၊ တော်လှန်ရေးဆက်သား ဝတ္ထုများ ရေးသားခဲ့ပါသည်။ သွေးချောင်းကလျှံ ဝတ္ထုမှာ ၁၉၆၄ ခုနှစ်က အမျိုးသားစာပေဆု ရရှိခဲ့ပါသည်။

'တော်လှန်ရေးဆက်သား' ဝတ္ထုထုတ်ဝေပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တွဲဖက်အထွေထွေ အတွင်းရေးမှူးကြီး ဦးသောင်းကြည်က အဖေ့ကို ပါတီရုံးချုပ်၌ ခေါ်ယူတွေ့ဆုံကာ ချီးကျူးစကား ပြောကြားခဲ့ပါသည်။

ဂျပန်တော်လှန်ရေး တိုက်ပွဲအတွင်း အဖေနှင့် ဦးသောင်းကြည်တို့သည် ဂျပန်ဘက်မှပစ်ခတ်သော ကျည်ဆန်များအကြား ရှေ့သို့ နောက်မဆုတ်တမ်းတိုက်ပွဲဝင်ခဲ့သောအကြောင်း ပါခဲ့ပါသည်။

ကျွန်တော်တို့အိမ်မှာ ပထမတွင် ကြည့်မြင်တိုင်၊ ကန်စွန်းခင်းရပ်ကွက်တွင် ဖြစ်ပါသည်။ ထိုနေရာကို ဆင်မလိုက်သင်္ဘောကျင်းကြီး တည်ဆောက်မည်ဆို၍ ကျွန်တော်တို့ အိမ်ရော၊ ရပ်ကွက်ပါ အဖျက်ခံရပြီး မြောက်ဥက္ကလာမြို့သစ်သို့ ပြောင်းရွှေ့ရပါသည်။

မြောက်ဥက္ကလာမှာ ကျွန်တော်တို့ ပြောင်းရွှေ့ခါစက လယ်ကွက်များသာ ဖြစ်ပါသည်။ ဒုက္ခအတော်ကလေးရောက်ခဲ့ရပါသည်။ ကျွန်တော်တို့ရသော မြေကွက်မှာ ငမိုးရိပ်ချောင်းနံဘေး၊ သန္တာ(၁၄)လမ်း ဖြစ်ပါသည်။

မြောက်ဥက္ကလာပမြို့တွင် စာပေဝါသနာရှင် အမြောက်အများနှင့် တွေ့ဆုံခဲ့ရပါသည်။ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ အတော်စုံလင်ပါသည်။

ဆရာနတ်နွယ်က နွယ်နီလမ်းတွင် နေထိုင်ပြီး၊ ကျွန်တော်တို့ မကြာခဏရောက်တတ်ပါသည်။ ကာတွန်းတင်ဦးလေးမှာ ကျွန်တော်တို့ သန္တာလမ်းမှာပင် နေထိုင်ပါသည်။

ကျွန်တော်တို့အိမ်မှာ မိုးလင်းမိုးချုပ် စာရေးဆရာများ၊ ကဗျာဆရာများနှင့် စည်ကားပြည့်နှက်နေတတ်ပါသည်။

အဖေက စစ်မှုထမ်းဟောင်းဖြစ်၍ တစ်ဖက်က စစ်မှုထမ်းဟောင်းအဖွဲ့၏ မြို့နယ်တာဝန်များလည်း ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်နေ့ ညစာစားပွဲအကြိုနေ့ကို မြောက်ဥက္ကလာပတွင် နှစ်တိုင်းကျင်းပခဲ့ပါသည်။

ကျွန်တော်သိထားမိသည်မှာ အဖေက ဆေးလိပ်မသောက်ပါ။ ညအိပ်ခါနီးမှ ဆေးပေါ့လိပ်ကို တစ်ဖွာနှစ်ဖွာ သောက်တတ်ပါသည်။ အလှူအတန်းသွား၍ စီးကရက်ပါလာလျှင် ကျွန်တော့်ကိုပေးပါသည်။ ကျွန်တော့်ကို အသက်နှစ်ဆယ်အထိ ဆေးလိပ်သောက်ခွင့် မပေးခဲ့ပါ။

အဖေက စာရေးဝါသနာပါသလို စာဖတ်လည်း ဝါသနာပါသူ ဖြစ်ပါသည်။ ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်များသို့ ရောက်လျှင် အဖေက သူကြိုက်နှစ်သက်သည်များကို ဝယ်ယူလေ့ရှိပါသည်။

အဖေ မကြာခဏပြောတတ်သည်မှာ "စာရေးဆရာဆိုတာ လူသာသေမယ်၊ နာမည်ဘယ်တော့မှ မသေဘူးကွ"ဆိုတာ ဖြစ်ပါသည်။ အဖေ



www.burmeseclassic.com

www.burmeseclassic.com

ပြောတာ မှန်ပါသည်။ အခု အဖေသေသည်မှာ ကြာပြီဖြစ်သော်လည်း အဖေ၏နာမည်မှာ မသေသေးဘဲ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် မကြာခဏ ဖော်ပြခံနေရတာတပ်ပါသည်။

အဖေတို့ခေတ်တုန်းက မြဝတီမဂ္ဂဇင်းတွင် ဝတ္ထုတိုတစ်ပုဒ် စာမူခမှာ တစ်ရာ့ငါးဆယ်ကျပ်သာ ဖြစ်ပါသည်။ တစ်ခါတွင် ထိုစာမူခ တစ်ရာ့ငါးဆယ်ကျပ်ကို 'ချက်'လက်မှတ်ဖြင့်ပေး၍ အဖေက ကျွန်တော့်ကို "ဟာကွာ၊ ပိုက်ဆံတစ်ရာ့ငါးဆယ်ကို ဘဏ်မှာ သွားထုတ်ရမှာ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းသလဲ"ဟု ညည်းညူခဲ့ပါသည်။

သို့သော် မြဝတီမဂ္ဂဇင်း အဖေ၏ စာမူများကို လစဉ်လိုလို ထည့်ပေးခဲ့ပါသည်။

သွေးသောက်မဂ္ဂဇင်းတိုက်မှ ဆရာဦးပြည့်စုံဆိုလျှင် အဖေ့ကို အလွန်ခင်မင်လေးစားသူတစ်ဦး ဖြစ်ပါသည်။ ဦးပြည့်စုံက ကျွန်တော်နှင့်တွေ့တိုင်း

"ဟာ ... မင်းအဖေကွာ၊ တယ်ရီးတာပဲ။ ဦးနေဝင်းက မင်းအဖေကို တွေ့တော့ 'ဟေ့ .. မင်း မြင်းစိန်လေး မဟုတ်လား။ မင်းအခု ဘာလိုသလဲ လို့မေးတော့ မင်းအဖေက ကျွန်တော် ဘာမှမလိုချင်ပါဘူး။ စာပဲရေးနေချင်ပါတယ်လို့ ပြန်ဖြေတယ်လေ။ မင်းအဖေက တော်တော်ဆင်းရဲချင်တာပဲလို့ ဦးပြည့်စုံက ကျွန်တော့်ကို ကရုဏာဒေါသောဖြင့် အမြဲပြောပြလေ့ရှိပါတယ်၊

စပယ်ဦးစာအုပ်တိုက်က ဦးတင်စိုးဆိုလျှင်လည်း အဖေ့ကို ခင်မင်လေးစားပါတယ်။ စာမူတွေ အမြဲထည့်ပေးတယ်၊ ဆန်တွေ၊ ဆီတွေကအစ ပေးတတ်ပါတယ်။

အဖေ နေမကောင်းဖြစ်စဉ်က မြောက်ဥက္ကလာပက အိမ်ကို ဦးမောင်မောင်မြင့်အေးကိုယ်တိုင် ရောက်လာပြီး ကျန်းမာရေးစရိတ် အလှူငွေထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ကျွန်တော် မှတ်မှတ်ရရ အိမ်ကို ထောက်ပံ့ငွေပေးခဲ့တာ ဆရာဦးမောင်မောင်မြင့်အေးရယ်၊ ဆရာဦးစောညိုတို့ရယ် နှစ်ယောက်ဖြစ်ပါတယ်။

ဦးမောင်မောင်မြင့်အေးက ခုရောင်ပြန်မဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းကို ထုတ်ဝေနေပါတယ်။ အဖေ့ရဲ့ စာမူအဟောင်းတစ်ပုဒ်ကို ဦးမောင်မောင်မြင့်အေးက မဂ္ဂဇင်းမှာဖော်ပြပေးတော့ ကျွန်တော်က စာမူခသွားထုတ်ရင်း "ဆရာ .. ကျွန်တော့်အဖေအကြောင်းကို မသေခင်မှာ ရေးသွားချင်တယ်" လို့ ပြောတော့ ဦးမောင်မောင်မြင့်အေးက "ဟာ ... ကောင်းတာပေါ့၊ ရေးလေ .. ထည့်ပေးမယ်"လို့ ပြောပါတယ်။ ကျွန်တော်လည်း အားတက်သွားပြီး အခုလို ရေးဖြစ်တာပဲဖြစ်ပါတယ်။ ဆရာဦးမောင်မောင်မြင့်အေးရေ ... ကျေးဇူးပဲနော်။

အခုလည်း ဦးမောင်မောင်မြင့်အေးက သူ့ရဲ့ ပြစ်မှုမဂ္ဂဇင်းမှာ အဖေရေးခဲ့တဲ့ 'သွေးချောင်းကလျှံ' ဝတ္ထုရှည်ကို အခန်းဆက်ထည့်ပေးနေပါသေးတယ်။ စာပေသမားတွေရဲ့ ကိုယ်ချင်းစာတရားဆိုရင်လည်း မမှားပါဘူး။

အဖေက ဗိုလ်ချုပ်အောင်ဆန်းတပ်ကဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး အကြောင်းအရာအတော်များများကို မကြာခဏ ပြောပြတတ်ပါတယ်။ "ဗိုလ်ချုပ်က လာရင်သူ့ကားအမည်းလေးနဲ့ပေါ့ကွာ။ တရားဟော စင်မြင့်တွေ ဘာတွေ မလိုပါဘူး။ သူ့ကားခေါင်မိုးပေါ်တက်ပြီး တရားဟောတော့တာပဲ"တဲ့။ နောက်တစ်ခါ ...

"တစ်ခါ သူ့အမေလိုက်လာတယ်။ အိမ်တံခါးဝက ခြံစောင့်ရဲဘော်တွေကလည်း ဖွင့်မပေးဘူး။ ဗိုလ်ချုပ်အမေက "ငါက ဗိုလ်ချုပ်ရဲ့ အမေပါ။ ဗိုလ်ချုပ်နဲ့ တွေ့ချင်လို့ပါ"လို့ အတန်တန်ပြောတယ်။ နောက်ဆုံး ရဲဘော်တွေက ဗိုလ်ချုပ်ဆီသွားပြီး "ဗိုလ်ချုပ်ရေ၊ ခြံဝမှာ အဘွားကြီးတစ်ယောက် ဗိုလ်ချုပ်နဲ့ တွေ့ချင်လို့ပါတဲ့။ နောက်ပြီး ဗိုလ်ချုပ်အမေလို့ ပြောနေတယ်"ဆိုတော့ ဗိုလ်ချုပ်လည်း ကမန်းကတန်း ပြေးကြည့်တော့ သူ့အမေဖြစ်နေတယ်။ "အို ... အမေ၊ အမေ .. လာ ... လာ"ဆိုပြီး အိမ်ထဲဆွဲခေါ်သွားတယ်။ ဒါပေမယ့် ဗိုလ်ချုပ်က ရဲဘော်တွေကို မဆူဘူးတဲ့။ အဲဒါ အဖေက ကျွန်တော့်ကို ငယ်ငယ်လေးကတည်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဓာတ်ကောင်းကို ပြောပြတတ်ပါတယ်။

ဗိုလ်ချုပ်က ရဲဘော်တွေအပေါ်မှာ ညှာတာတတ်တဲ့အကြောင်း၊ စိတ်ဓာတ်ကောင်းကောင်း ထားတတ်တဲ့ အကြောင်းကိုလည်း မကြာခဏ ပြောပြတတ်ပါတယ်။ ကျွန်တော့်နာမည်ကိုလည်း 'ဆန်း'ပါအောင် 'ဆန်းထွန်း' လို့ မှည့်ခဲ့ပါတယ်။

အဖေက စစ်ပွဲကြီးတွေ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။ "ငါကွာ မသေလို့သာပေါ့။ ကျည်ဆန်တွေက မိုးရွာသလို ပစ်ခတ်နေတာပဲ။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်၊ ဒီကပစ်လိုက်နဲ့။ တစ်ခါ အရေးကြီးတဲ့ စာတစ်စောင်ကို ဆက်သားအဖြစ်နဲ့ သွားပို့ရတယ်။ လှေနဲ့ သွားရတာပေါ့။ ဂျပန်တွေက ဒီဘက်ကပစ်၊ မဟာမိတ်နဲ့ တော်လှန်ရေးရဲဘော်တွေကလည်း ငါ့ကို ရန်သူမှတ်ပြီး ဝိုင်းပစ်တာ။ နှစ်ဖက်ညှပ်ပြီး ဝိုင်းပစ်ကြတာ ငါသေတော့မလို့။ လှေထဲဝပ်နေရတယ်။ နောက်မှ ငါက "ဆက်သားဟေ့ ဆက်သား"ဆိုမှ တစ်ဖက်က အပစ်ရပ်သွားတယ်။ ကံကောင်းလို့ မသေတာ"လို့ အဖေက ပြောပြခဲ့ပါတယ်။

ဂျပန်ခေတ် စစ်မြင်းတပ်တွင် အဖေတို့ မြန်မာမြင်းတပ်နှင့် ဂျပန်စစ်မြင်းတပ်တို့ ပူးတွဲထမ်းဆောင်ရပါသည်။ တစ်ခါတွင် ဂျပန်စစ်တပ်က မြန်မာမြင်းတပ်မှ စစ်မြင်းတစ်ကောင်ကို ခိုးယူကာ ချက်ပြုတ်စားသောက်ပါသည်။ ထို့ပြင် မြင်းသားကိုလည်း မြန်မာတပ်တက်သို့ ပို့လိုက်ပါသေးသည်။

ထိုအကြောင်းကို သိရပြီးနောက် အဖေတို့ မြန်မာစစ်မြင်းတပ်မှ စစ်သားများသည် ဂျပန်စစ်မြင်းတပ်မှ စစ်မြင်းတစ်ကောင်ကို ခိုးသတ်ပြီး ချက်ပြုတ်စားသောက်ရုံမက ဂျပန်စစ်တပ်ထံသို့ သူတို့လုပ်သလို မြင်းသားများ ပို့ပေးလိုက်ပါသည်။

အဖေက သူ့ရဲ့စစ်မြင်းတပ်အကြောင်းတွေ၊ စွန့်စားခန်းတွေကို အမြဲလိုလို ပြောပြတတ်ပါတယ်။ တစ်ခါ အဖေတို့ရဲ့ စစ်မြင်းတပ်က မြင်းတစ်ကောင် သေသွားတယ်။ အဲဒါ ရဲဘော်တွေက ချက်ပြုတ်စားသောက်ကြတယ်။ အဲဒီအကြောင်းကို တပ်ခွဲမှူးကသိသွားတော့ ရဲဘော်တွေကို တန်းစီခိုင်းပြီး ပါးရိုက်တော့တာပဲ။ ပြောသေးတယ်။ ဒီစစ်မြင်းဆိုတာ ရဲဘော်တစ်ယောက်ပဲ။ တိုင်းပြည်တာဝန် ထမ်းဆောင်နေတဲ့ မြင်း။ သူသေရင် ရဲဘော်တစ်ယောက်လို ကောင်းကောင်းမွန်မွန် မြှုပ်နှံသင်္ဂြိုဟ်ရမယ်။ ဒါကိုမင်းတို့မသိဘူးလား။ အခုအဖြစ်အပျက်က ကိုယ့်ရဲဘော်အသား ကိုယ်စားတာနဲ့ အတူတူပဲ"လို့ ဆူပူပြောဆိုတဲ့အပြင် ပါးတစ်ယောက်တစ်ချက် အချခံလိုက်ရပါသေးတယ်လို့ အဖေက ပြောပြခဲ့ပါတယ်။

နောက် ဒီအကြောင်းကို အဖေက ပြည်သူ့ကြယ်ဂျာနယ်မှာ 'ရဲဘော်သားစားခဲ့စဉ်က'ဆိုတဲ့ နာမည်နဲ့ ဆောင်းပါးတိုလေး ရေးခဲ့ပါတယ်။ လူကြီးပိုင်းတွေ အတော်သဘောကျခဲ့တယ်လို့ သိရပါတယ်။ ဒါတင်မက အဲဒီအချိန်က တောခိုသွားတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီက လူကြီးတွေက ဒီဆောင်းပါးကလေးကို တောထဲမှာဖတ်ရလို့ သဘောကျ ရယ်မောခဲ့တဲ့အကြောင်း တောကပြန်လာတဲ့ ရဲဘော်တစ်ယောက်က အဖေ့ကို ပြောပြခဲ့ပါသေးတယ်။

အဖေက တောလိုက်မုဆိုးဝတ္ထုတွေ အရေးများပါတယ်။ ကျွန်တော်က အဖေရေးသမျှ မလွတ်တမ်းဖတ်ပါတယ်။ အဖေက ပြောပါတယ်။ သားကောင်ဆိုတာ တွေ့တိုင်းပစ်ရတာ မဟုတ်ဘူး။ ပစ်သင့်မှ ပစ်ရတာ။ ဥပမာ လူတွေကို အန္တရာယ်ပေးတဲ့ ကျားဆိုးတွေ၊ ဆင်ဆိုးတွေ စသည်ဖြင့်ပေါ့ကွာ။ မျောက်မတွေ၊ ကလေးကိုယ်ဝန်ဆောင်ထားတဲ့ တိရစ္ဆာန်တွေ၊ ရှားပါးတဲ့တိရစ္ဆာန်တွေ လုံးဝမပစ်ရဘူး။

ကျွန်တော် သတိထားမိသည်မှာ အဖေက ဆင်ပစ်ရာတွင် မျက်လုံးနှင့် နားရွက်ကြားကို ပစ်ခတ်သည်ဟု အမြဲရေးလေ့ရှိပါသည်။

ကျွန်တော်စဉ်းစားမိသည်မှာ ထိုမျက်လုံးနှင့် နားရွက်ကြားဆိုသည်မှာ 'နားထင်'နေရာ ဖြစ်ပါသည်။ အဖေက 'နားထင်'ဟု မရေးချင်၍ မျက်စိနှင့် နားရွက်ကြားဟုသာ ရေးသားခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ညှာတာစိတ်နှင့် ရေးသားခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ သို့သော် ဘာပဲပြောပြော နားထင်ကတော့ နားထင်ပဲ ဖြစ်ပါသည်။

အဖေ့အကြောင်း ရေးရလျှင် ဆုံးမည်မထင်ပါ။ ကျွန်တော်လည်း အတော်လက်ညောင်းသွားပြီ ဖြစ်ပါသည်။ အဖေ့ကို ကန်တော့သည့်အနေဖြင့် ဤစာစုကို အလေးအနက်ထား ရေးသားလိုက်ရပါကြောင်း။

ဆရာဦးမောင်မောင်မြင့်အေးကို အထူးကျေးဇူးတင်လျက်၊ လေးစားလျက် ...။

**သားမြဝတီ**





www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးတစ်ဦး ပင်လယ်ရပ်ခြားတွင် ပြစ်မှုကျူးလွန်



နိုင်ငံမဖော်လိုသူ ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးတစ်ဦးဖြစ်သူ မစ္စ(စ) Dalelv အသက် ၂၄ နှစ်သည် အာရပ်နိုင်ငံ၊ ဒူဘိုင်းမြို့သို့ အလည်အပတ်ရောက်ရှိစဉ် သူဌေးတစ်ဦးနှင့် (သူမမှာ လင်ယောကျာ်း(ကာမပိုင်)ရှိလျက် လိင်ဖောက်ပြန်မှု ဖြစ်ပွားခဲ့ရာ အာရပ်နိုင်ငံဥပဒေအရ နိုင်ငံခြားသား/သူတစ်ဦးသည် ပင်လယ်ရပ်ခြားတွင် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လျှင် အပြစ်ရှိ၏။ သူမသည် ယင်းပြစ်မှုဖြင့် ဒူဘိုင်းမြို့တော် တရားရုံးမှ ထောင်ဒဏ် ၁၆ လ ကျခံခဲ့ရ၏။ ယခုအခါ သူမသည် မွတ်စလင်နိုင်ငံ၏ လွှတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သဖြင့် ပတ်(စ)ပို့နှင့် ပစ္စည်းများ ပြန်လည်ရရှိ၍ ပြည်တော်ပြန်ခွင့် ရရှိခဲ့သည် ဆိုသည်။

ရုပ်ပုံ - မှန်လုံကားထဲ၌ လက်ဝဲဘက် လက်ဝှေ့ယမ်းပြနေသူမှာ မစ္စ(စ) Dalelv အသက် ၂၄ နှစ်ဖြစ်ပြီး လက်ယာဘက် ပုဂ္ဂိုလ်ကတော့ သူမ၏ ရှေ့နေ (အကျိုးဆောင်)ဖြစ်ပါသည်။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

***Ref:* *The Star - 23 July, 2013. Page(30)***

---

## ကမ္ဘာ့အကြမ်းဖက်ခေါင်းဆောင်၊ ဘာသာရေးအစွန်းရောက်သူတစ်ဦးအား လက်ရဖမ်းဆီး၊ ကြားနာစစ်ဆေးပြီး သေဒဏ်ချမှတ်ခဲ့



၁၅-၇-၂၀၁၃ ဒါကာ(Dhaka) သတင်းဖော်ပြချက်အရ ကမ္ဘာ့အကြမ်းဖက် ထိပ်သီးခေါင်းဆောင် ဘာသာရေးအစွန်းရောက်သူ (Islamist-Jamaate Islami Party) မစ္စတာ Ghulam Azam အား လက်ရဖမ်းဆီးမိခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အထူးရာဇဝတ်ခုံရုံးတွင် ကြားနာစစ်ဆေးခဲ့၍ ပြစ်မှုထင်ရှားတွေ့ရှိခဲ့သည်ဆိုကာ ယမန်နေ့က (၁၅-၇-၂၀၁၃)ရက်နေ့က သေဒဏ်ချမှတ်ခဲ့ရာ ယင်းရုံးတော်မှ တစ်ဖန် စဉ်းစားသုံးသပ်ခဲ့ပြီး အသက်အရွယ်ကြီးရင့်နေသည်ကို ထောက်ထားညှာတာလျက် သက်သာခွင့် ပေးသည့်အနေဖြင့် ၎င်းသေဒဏ်အစား ထောင်ဒဏ်နှစ် ၉၀ ချမှတ်ခဲ့သည် ဆိုသည်။

**ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)**

***Ref:* *New Straits - Times (Malaysia), 16.7.2013 Page (28)***

www.burmeseclassic.com



www.burmeseclassic.com



# ရွက်ဖျားခိုတဲ့ ဖိုးနှင်းစက်

■ သန်းထွန်း(ဂျေဂျေ)

အိမ်ကလေးက ခနိမိုး ခနိကာ၊ ဝါးကြမ်းခင်း ဝါးတိုင်နဲ့ ချောင်းနံဘေးမှာ အဲဒီ တံငါသည်မိသားစုအိမ်။

"သီတာ…ငါ့ကို ဇက်ကြောနှိပ်ပေးစမ်း"

ပထွေးဆိုပေမဲ့ ကျွန်မရဲ့အဖေအရင်းလို ရှိသေပါတယ်။ ဒါပေမဲ့ သူက အရက်အမြဲမူးနေပြီး အမေငါးသွားရောင်းပြီဆိုရင် အဲဒီလိုပဲ၊ အမေအိမ်မှာရှိရင်တော့ ကျွန်မကို လှည့်တောင်မကြည့်ဘူး။ အမေကလည်း ကျွန်မကို သူ့သားသမီးလို ကိုယ်ချင်းစာစေဖို့…

"သမီးရေ…သမီးအဖေကို ထမင်းခူးကျွေးလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

အမေအိမ်မှာရှိနေရင်တော့ ကျွန်မကို မီးခြစ်တောင် မယူနိုင်ဘူး။ တကယ့်ကို ဂုဏ်သိက္ခာကြီးမားတဲ့ သမာဓိတွေနဲ့ ရင့်ကျက်ပြည့်စုံလှတဲ့ တရားဓမ္မပုဂ္ဂိုလ်ကြီးလိုပါပဲ။ တစ်နေ့ အိမ်မှာ အမေမရှိခိုက် ထုံးစံအတိုင်းပေါ့။

"ဩော်…သမီး မတော်လို့နော်။ ထ…ထ ဘယ်နာသွားလဲ"

ကျွန်မရေချိုးပြီး အဝတ်လဲတော့ တမင်တကာ ဝင်တိုက်ပါတယ်။ ကျွန်မ လဲကျတော့ လက်ကိုဆွဲထူတာ မလွှတ်တော့ဘူး။ သူ့မျက်လုံးက ကျွတ်ကျမတတ်။ ရွာထဲမှာ တခြားပထွေးတွေကို မြင်ဖူးတယ်။ အဲဒီလိုမဟုတ်ပါဘူး။ ဒီလိုနဲ့ ကြာလာတော့ အမေ ငါးရောင်းသွားရင် ကျွန်မ အိမ်မှာသိပ်မနေတော့ဘူး။ အမေက ရိပ်မိတယ်လေ။

"ကိုယ်ကမိန်းကလေးနော်။ သတိထားသမီး"

"ဟုတ်ကဲ့ပါ အမေ"

အမေကလည်း သူ့ယောက်ျား

www.burmeseclassic.com

အကြောင်း သူသိတယ်မဟုတ်လား။ အမေ့ကိုလည်း မပြောတော့ဘူး။ ဒီအတိုင်းဆို ကျွန်မအပေါ် အရွှရာယ်ကျ ရောက်တော့မှာဝို့ စဉ်းစားပြီး . . .

“အမေ . . . ကျွန်မ ဘုရားမှာ ဈေး သွားရောင်းချင်တယ်”

“ဘာရောင်းမှာလဲဟဲ့။ မြန်မြန်ပြောပါဦးလား။ ဖွံ့ကို ... ချာချာပြောပါဦး။ ဘယ်လို ရောင်းမှာလဲ”

“ဘုရားစောင်းတန်းနဲ့ ကားဂိတ်မှာ မုန့်ရောင်းမလို့၊ ခေါက်ဆွဲကြီးမြတို့လည်း အဖော်ရှိတယ်။ ရောင်းပြီးမှ ပိုက်ဆံပေး ရမှာတဲ့။ မကုန်ရင်လည်း ပြန်သွင်းလို့ရ တယ်တဲ့”

“အေး . . . ရောင်းချင်ရောင်း။ ငါ လိုက်ပြောပေးမယ်။ ကိုယ်က မိန်းကလေး နော်၊ သတိထား . . . ကြားလား”

“ဟုတ်ကဲ့ပါ”

မြေပဲယို၊ နှမ်းယှစ်၊ ဖရိုယိုထုပ်တွေ ကို ... ဘာတဲ့ ကားတွေ၊ ဘုရားရှေ့ မှာရပ်တဲ့ ...တွေနဲ့ စောင်းတန်းထဲဝင် မယ့် ဘုရားဖူးတွေကို ရွက်ပြီးလိုက်ရောင်း တယ်။ ဘုရားရှေ့က ကားဂိတ်၊ မြင်းလှည်း ဂိတ်ဆိုတော့ လူစည်ကားပါတယ်။ ကျွန်မ ရဲ့ ကိုယ်လုံးကိုယ်ပေါက်က နှလွှားကြီး။ ဈေးသည်တွေထဲမှာ တစ်မူထူးခြားနေ တော့ ဈေးရောင်းဖော်တွေရော၊ အနီး အနားမှာရှိတဲ့ ဆိုင်တွေကလူတွေရော အမြန်ဆုံး ခင်မင်သိကျွမ်းလာတယ်။ ကျွန်မလည်း လူရည်လည်လာတယ်။ ဒီတော့ . . .

“သိတာ . . . ညည်းက အစောကြီး ကုန်တယ်။ ငါတို့ကျတော့ . . . ရောင်း မကောင်းဘူး”

“ငါလည်း ဒီလိုပဲ ရောင်းတာပဲအေ့”

ဈေးရောင်းပြီး သူငယ်ချင်းအိမ်မှာ ရေချိုး ဖြီးလိမ်းပြီးမှ အိမ်ပြန်တယ်။ အမြတ်ကို အမေ့ကိုပေးတယ်လေ။

“မြေပဲယို၊ နှမ်းယှစ်၊ ဖရုံယို အိမ်ပြန် လက်ဆောင် ဝယ်သွားကြဦးမလားရှို့”

ကျွန်မဈေးရောင်းတာ နည်းနည်း ကြာလာတော့ ဘုရားကားဂိတ်မှာ တွေ့ တွေ့နေတဲ့ ယာဉ်နောက်လိုက်အစ်ကိုလေး က . . .

“မသိတာကို အစ်ကိုချစ်တယ်။ ဘဝလက်တွဲဖော်အဖြစ် တကယ်လက် ထပ်မှာပါ”

ကျွန်မ တစ်ခါမှ မချစ်ဖူးသေးပါဘူး။ ယောက်ျားလေးတွေက ကျွန်မကိုတွေ့ရင် ဘာဖြစ်လို့ ကြည့်တာလည်းဆိုတာ အခုမှ နားလည်ပါတယ်။ ချစ်တယ်ဆိုတဲ့စကား ကို ကျွန်မ ဒါ ပထမဦးဆုံးကြားဖူးတာပဲ။ တလှပ်လှပ်နဲ့ ရင်ခုန်နေတာ အချစ်ဖြစ် မှာပါ။ အဲဒီအချစ်ကို ကျွန်မ ခုခံတိုက် ထုတ်လို့မရတော့။ နောက်တစ်ခါ ကျွန်မ ကို အဲဒီချစ်တယ်လို့ပြောတဲ့ အစ်ကိုလေး ကို ဣန္ဒြေမဆည်၊ ရှက်မနေတော့ဘဲ အဖြေပေးချလိုက်ပါတယ်။ သူက ကျွန်မ လက်ကလေးကိုကိုင်တော့ ပျော်လိုက် တာ။ ဘယ်လိုမှန်းလည်းမသိဘူး။ ပြီး တော့ စိတ်ကူးတွေလည်း ယဉ်လိုက်ရ တာ။ လောကကြီးက ပိုကျယ်သွား သလားလို့ထင်ရတယ်၊ ကျွန်မကိုယ် ကျွန်မလည်း ပိုပြီး လှအောင်ပြင်တယ်၊ ဝတ်တယ်။

“သမီး . . . အကျီတွေ၊ လုံချည်တွေ ဝယ်လုချည်လား”

“အကျီက အမေ့ဖို့၊ လုံချည်က မောင်လေးဖို့၊ ဒါက သမီးဖို့။ နေ့သွင်းနဲ့ ဝယ်တာ။ မသိသာပါဘူး အမေရယ်”

ဈေးကလည်းရောင်းကောင်း၊ ချစ် သူကလည်းရှိပြီမို့ ကျွန်မ အမေ့အတွက် ရော၊ မောင်လေးအတွက်ရော စိတ်ချမ်း သာသလို၊ ချစ်သူနဲ့လည်း ဘုရားဖူးကြွ သစ္စာဆိုကြ၊ ကတိတွေပြုကြနဲ့ အိမ်က ပတွေ့အန္တရာယ်ကလည်း လွတ်ကင်းမြင် ပြီလို့ ပျော်နေတုန်းမှာ ပြဿနာကစပြန် ပါပြီ။

“မသိတာဆိုတာ သမီးလား”

“ဟုတ်ကဲ့ပါ ဘဘ”

“ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ သမီးနဲ့ကြိုက်နေတဲ့ ကောင်လေးက ဘဘ ကားမှာလိုက်နေတာ။ တူဝရီလည်းတော် တယ်။ သူမှာ အိမ်ထောင်ရှိတယ်။ ကလေးတစ်ယောက်နဲ့ လက်ရှိ သူမိန်းမ မှာလည်း ကိုယ်ဝန်ကြီးနဲ့၊ အဲဒါ မသိဘူး လား”

“တကယ်မသိပါဘူး ဘဘ”

“ဒီကောင့်ကိုလည်း ဘဘပြောပြီး ပြီ။ သူများ သားမို့ သမီးမို့ကို နကွ မပေးနဲ့လို့။ ဘဘမှာလည်း သမီးတွေရှိ တယ်။ ကိုယ်ချင်းစာသလို ဝတ္တရားလည်း ရှိလို့ သမီးကိုပြောတာ။ အဲဒါ ကိုယ့်ဟာ ကိုယ် ဆင်ခြင်ပေါ့”

“ဟုတ်ကဲ့ပါ ဘဘ၊ ကျေးဇူးတင်ပါ တယ်”

ကျွန်မ အစ်ကိုလေးနဲ့ မတွေ့ဘဲ ခပ်ခွာခွာနေရင်း ဈေးရောင်းနေတုန်း တစ်နေ့ စကားပြောစရာရှိလို့ ခဏပါဆို ပြီး မြင်းလှည်းနဲ့ ခေါ်တယ်။ သူက သူ့ မိန်းမနဲ့မပေါင်းဘူးတဲ့၊ ကျွန်မနဲ့ပေါင်းမယ် လို့ ပြောတယ်။ ဒါနဲ့ ရွာတစ်ရွာရောက် တော့ ကျွန်မကို မြင်းလှည်းပေါ်ကဆင်း ခိုင်းတယ်။ ကျွန်မလည်း မြင်းလှည်းပေါ်က ဆင်းတာနဲ့ နီးစပ်ရာ အိမ်တစ်အိမ်ထဲ ဝင်ပြေးကာ အိမ်ရှင်ကို အကူအညီ တောင်းတော့ ရွာလူကြီးတွေကတစ်ဆင့် ဒူးနဲ့မျက်ရည်မသုတ်ရဘဲ အိမ်ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့တယ်။ အမေကပြောတယ်။ ကိုယ်ကမိန်းကလေးနော်၊ သတိထားတဲ့။ ပြီးတော့ . . .

"သမီး . . . ဘုရားမှာ ဈေးသွားမရောင်းနဲ့တော့နော်။ အန္တရာယ်ရှိတယ်"

"ဟုတ်ကဲ့ . . . အမေ"

ဒီလိုဆိုပြန်တော့လည်း အိမ်မှာလည်း အန္တရာယ်ရှိတာကြောင့် အန်တီကြီးဆီ ဖုန်းဆက်ပါတယ်။ ကျွန်မ ဈေးစရောင်းခါစက အန်တီကြီးတို့မိသားစု ဘုရားဖူးလာတော့ လက်ကိုင်အိတ်ကျခဲ့တာကို ကျွန်မက လိုက်ပြီး သွားပြန်ပေးတဲ့အခါ ကျေးဇူးတင်လို့တဲ့။ အိတ်ထဲမှာ စိန်လက်ကောက်ပါတယ်။ အဲဒါကြောင့် ကျွန်မကို အလုပ်လိုရင် ဖုန်းဆက်လိုက်တဲ့။ ဆက်လိုက်တော့ . . .

"အန်တီတို့အိမ်မှာတော့ လူမလိုဘူး။ ဒါပေမဲ့ အန်တီတို့အမျိုးအိမ်မှာ ထားပေးမယ်၊ လာခဲ့။ အဲဒီကြီးကြီးကလည်း လူရှာနိုင်းထားလို့"

"ဟုတ်ကဲ့၊ မနက်ဖြန်လာခဲ့ပါ့မယ်။ ကျေးဇူးတင်ပါတယ် အန်တီကြီး"

ကျွန်မ ကြီးကြီးတို့အိမ်မှာ အိမ်ဖော်လုပ်ရပါတယ်။ အိမ်ဖော်ဆိုတော့ သိတဲ့အတိုင်းပဲ။ ဘယ်လောက်လုပ်လုပ် အလုပ်မပြီးတာက အိမ်ဖော်ပဲ။ ဘဝမှာ ကျေးဇူးတင်ပါတယ်လို့ အပြောမခံရတာ အိမ်ဖော်ပဲ။ ကျွန်မကလည်း အန္တရာယ်နဲ့ ဝေးတဲ့နေရာမှာ နေချင်တော့ ခံနိုင်ရည်ရှိရှိနဲ့ အခေါင်ပြေအောင် နားလည်သည်းခံရပါတယ်။ တစ်ခုရှိတာက အဲဒီအိမ်မှာ ကားမောင်းတဲ့သူက သူနဲ့ ကျွန်မ နှစ်ယောက်တည်းတွေ့တဲ့အခါကျရင် တစ်ခုမဟုတ်တစ်ခု အကြောင်းရှာပါတယ်။

"မသိတာ . . . ကားမောင်းမတတ်ချင်ဘူးလား"

"မောင်းတတ်ချင်တာပေါ့ ဦးလေးရဲ့"

အိမ်ကလူတွေ အနားယူတဲ့အချိန်ကျရင် ရပ်ထားတဲ့ကားပေါ်မှာ ကျွန်မကို ယာဉ်မောင်းနေရာမှာ ထိုင်ခိုင်းပြီး စက်မနှိုးဘဲ ကားမောင်းသင်ပေးတယ်။ အခေါ်အဝေါ်တွေ ပြောပြတယ်။ ခြေတွေ၊ လက်တွေကိုင်ပြီး သင်ပေးပါတယ်။ ကျွန်မကလည်း ကားမောင်းတတ်ချင်တော့ ငြိမ်နေရင်းက တစ်နေ့ ကျွန်မကိုဖက်ပြီး သူနဲ့ လက်ထပ်ဖို့ပြောတယ်။ အကြိမ်ကြိမ်ပြောလာတော့ ကြာတဲ့အခါ ရှောင်မှရတော့မယ်လို့ ဆုံးဖြတ်ပြီး . . .

"ကျွန်မ အလုပ်ကထွက်ပါရစေ ကြီးကြီး"

"ဘာဖြစ်လို့လဲ၊ ဘာအခက်အခဲရှိလို့လဲ၊ အဆင်မပြေလို့လား။ မပျော်လို့လား"

ကျွန်မ ဘာမှမပြောပါဘူး။ အကြိမ်ကြိမ်မေးလာတော့ ပြောပြလိုက်တဲ့အခါ နဂိုကလည်း အဲဒီယာဉ်မောင်းကို သိပ်သဘောမကျတော့ အလုပ်က ထုတ်လိုက်ပါတယ်။ ယာဉ်မောင်း... ပိုက်... မကျေနပ်တဲ့ပုံပါပဲ။ ဒါနဲ့ မေ့မေ့ပျောက်ပျောက်ရှိတဲ့အခါ တစ်နေ့ ကျွန်မအိမ်အပြင်ထွက် အမှိုက်ပစ်တော့ တစ်ခါမှ မမြင်ဖူးတဲ့ အဒေါ်ကြီးတစ်ယောက်က ကျွန်မအနားကိုလာပြီး . . .

"ဟဲ့ . . . ကလေးမ၊ ဒီမှာ စာပေးခိုင်းလို့ . . . ရော့"

ကျွန်မဖတ်ကြည့်တော့ အမေ ဆေးရုံတင်ထားရတယ်တဲ့။ ဒါနဲ့ အိမ်ရှင်ကြီးကြီးကိုပြောပြတော့ သူတို့က အိမ်ကကားနဲ့ ဆေးရုံကို လိုက်ပို့ပေးတယ်။ ပိုက်ဆံလည်းထုတ်ပေးတယ်။ ဆေးရုံလည်းရောက်ရော အဲဒီစာလာပေးတဲ့ မိန်းမကြီးလည်း မတွေ့တော့ဘူး။ ရှောင်ပြေးသွားပါတယ်။ အမေလည်း ဆေးရုံမှာမရှိဘူး။ ဒါနဲ့ အိမ်ပြန်လာခဲ့ပါတယ်။ နောက်တော့ သေချာလေ့လာတဲ့အခါ အလုပ်ကထုတ်လိုက်တဲ့ ယာဉ်မောင်းက ညာခေါ်ခိုင်းတာကို သိရပါတယ်။ ဒါနဲ့ အိမ်ရှင်ကြီးကြီးက စိုးရိမ်လို့ အန်တီကြီးဆီ ကျွန်မကို ပြန်ပို့ပါတယ်။

"ပွင့်ပွင့်လင်းလင်းပဲပြောမယ်။
သမီးနဲ့ကြိုက်နေတဲ့ကောင်လေးက
ဘာဘ ကားမှာလိုက်နေတာ။ တူဝရီးလည်း
တော်တယ်။ သူ့မှာ အိမ်ထောင်ရှိတယ်။
ကလေးတစ်ယောက်နဲ့၊
လက်ရှိ သူ့မိန်းမမှာလည်း ကိုယ်ဝန်ကြီးနဲ့၊
အဲဒါ မသိဘူးလား"

www.burmeseclassic.com

"ကဲ...ဒီလောက်အန္တရာယ်တွေ ရှုပ်နေလိုက်တာ ငါ့မောင်အိမ်မှာသွားနေ"

အန်တီကြီးရဲ့မောင် ဦးငယ်အိမ် ရောက်တော့ ဦးငယ်က မုဆိုးဖို။ သူ့သား ရယ်၊ သမီးရယ်က ဘွဲ့ရခါစတွေ။ ဦးငယ် က ပလတ်စတစ်စက်ရုံကိုင်ရှင်၊ နလုံး ရောဂါသည်။ နေ့စဉ် နံနက်စောစောဆိုရင် သူ့ကို့သားအဖတွေ လမ်းလျှောက်ကြ တယ်။ ကြာတော့ ဦးငယ်က သူ့ရောဂါ ကြောင့် လမ်းမလျှောက်တော့ဘူး။ ကျွန်မ ဦးငယ်ရဲ့ သားနဲ့ သမီးနဲ့ပဲ လမ်းလျှောက် လိုက်ရတယ်။ ကျွန်မကို သူတို့က သပ် သပ်ရပ်ရပ်ဖြစ်အောင် အဝတ်အစားတွေ ဝယ်ပေးတယ်။ ဂျင်းဘောင်းဘီနဲ့ တီရှပ် တွေ ဝတ်ခိုင်းတယ်။ ကျွန်မက အချိုး အဆစ်လှလှနဲ့ နဂိုရှိတော့ နဂိုင်းထွက် တာပေါ့။ သူတို့ထက် ပေါ်လွင်တယ်။ အဲဒါ ကြောင့် သူတို့သူငယ်ချင်းတွေကလည်း နှုတ်ဆက်ကြတယ်။ ဘာတော်လဲတဲ့၊ မိတ်ဆက်ကြတယ်။ ဒီတော့ ဦးငယ်ရဲ့ သား ကိုကိုလေးက...

"ငါတို့ ဝမ်းကွဲတွေကွ။ အိမ်မှာ အဖော်နေပေးတာ"

ဒီတော့ ဦးငယ်ရဲ့သမီး ချိုချိုလေး ကလည်း...

"သူက တို့အစ်မဝမ်းကွဲတော် တယ်။ နယ်ကလာနေတာ၊ မသီတာတဲ့"

အဲဒီလို သူတို့က ကျွန်မကို အိမ် ဖော်လို့ မပြောမဆိုရက်ဘဲ သူတို့လူနေမှု နဲ့ ညှိပြီး ပြောပေးတယ်။ အဝတ်အစား တွေ ဝယ်ပေးလည်း မယူလို့မရဘူး။ သူ တို့အပေါင်းအသင်းတွေ အိမ်ကိုလာရင် ကျွန်မက အပူ၊ အအေး ညှိခံပေးရ တယ်။ ခဏခဏလာတော့ ရင်းနှီးလာ တာပေါ့။ ဒါကို ကိုကိုလေးက မကြိုက် ဘူး။ ကျွန်မကိုလည်း အမြဲတစေ နိုးနိုး ကြည့်တယ်။ ဘာဆိုင်လို့လဲ။ ကျွန်မက သူတို့အိမ်က အိမ်ဖော်ပဲဟာ။ တစ်နေ့ ကိုကိုလေးက ဘာသဘောလဲတော့မသိ ဘူး။

"သီတာရေ...ညနေ ရှိုးပွဲသွား မယ်။ နင်နဲ့ ချိုချိုလေးလည်း လိုက်ခဲ့"

ဒီတော့ ချိုချိုလေးက လိုက်ချင် တာမို့...

"သီတာရေ..တို့လိုက်ကြည့်မယ်"

"ဟုတ်ကဲ့...မမ"

ကျွန်မကလည်း အိမ်ရှင်ကလိုက် ဆို လိုက်ရမှာပေါ့။

ရှိုးပွဲကြည့်ရင်း ကိုကိုလေးရဲ့ သူငယ် ချင်းက ကျွန်မရဲ့ ဂျင်းဘောင်းဘီအိတ်ထဲ ကို ရည်းစားစာ ထည့်ပေးတယ်။ ကျွန်မ လည်း ဘယ့်နယ်မှ မတတ်နိုင်ဘူး။ အဲဒါ ကို ကိုကိုလေးက မြင်သွားတယ်။ အိမ်ကျ တော့ ကျွန်မဆီက တောင်းလို့ ပေးလိုက် တယ်။ ဒီတော့ ကိုကိုလေးက ကျွန်မကို ဆုံးမသလိုလို၊ သဝန်တိုသလိုလိုနဲ့...

"နင် ဘယ်သူ့ကိုမှ မချစ်ရဘူး။ သိလား"

"ဟုတ်ကဲ့ပါ ကိုကိုလေး"

ကျွန်မကအိမ်ဖော်ဆိုတော့ အလိုက် သင့်ပေါ့။ ဒါပေမဲ့ သူနဲ့ ဘာမှမဆိုင်ပါဘူး။ နောက်တစ်နေ့ကျတော့ ကျွန်မကို ရည်း စားစာပေးတဲ့ ကိုဖိုးကျော်နဲ့ ကိုကိုလေး တို့ စကားများတယ် ကြားပါတယ်။ တကယ်လည်း ကျွန်မ ဘယ်သူ့ကိုမှ မချစ်ပါဘူး။ ဘဝချင်းလည်း မတူကြပါ ဘူး။ သူတို့က မသိကြလို့ပါ။ တစ်နေ့တော့ ဦးငယ်က အကူအညီလိုတယ်ထင်ရဲ့။

"သီတာ...ဦးနဲ့ စက်ရုံကို နေ့စဉ် လိုက်ရမယ်"

"ဟုတ်ကဲ့...ဦးငယ်"

ဦးငယ်နဲ့ မနက်ထမင်းချိုင့်ထည့်၊ အတူတူသွားပြီး အတူတူပြန်ပါတယ်။ ကျွန်မက ကားနောက်ခန်းမှာ။ ဦးငယ်က ကားမောင်းတယ်။ စက်ရုံ ရုံးခန်းမှာ ကျွန်မက တယ်လီဖုန်းကိုင်တယ်။ သန့် ရှင်းရေးလုပ်တယ်။ ဦးငယ်ကို ထမင်းပြင် ပေးတယ်။ နလုံးရောဂါသမားဆိုတော့ အချိန်မှန် ဆေးတိုက်ရတယ်။ အလုပ်ပါး ရင် ဇက်ကြောဆွဲပေးရတယ်။ ဘီယာ သောက်ရင် အမြည်းလုပ်ပေးတယ်။ ကြာ လာတော့ အနေနီးလို့လား မသိဘူး။

"သီတာ...ဦးငယ်ကို လက်ထပ် ပါလား။ ဦးငယ် သီတာ့ကိုချစ်တယ်။ သီတာနဲ့လက်ထပ်ရရင် ဦးငယ် ပျော်ရွှင် ရသလို အသက်ရှည်မယ်ထင်တယ်။ သီတာ့မိသားစုဘဝကိုလည်း ပြည့်စုံ အောင် တာဝန်ယူပါ့မယ် သီတာရယ်"

ကျွန်မ ဘာမှပြန်မပြောဘဲ နား ထောင်နေတော့ ဦးငယ် ကျွန်မလက်ကို ဆွဲကိုင်ပါတယ်။ ပြီးတော့ သူ့ရင်ခွင်ထဲကို ကျွန်မတစ်ကိုယ်လုံး ဆွဲယူပွေ့ဖက်ထားပါ တော့တယ်။ ကျွန်မက အင်းလည်းမအင်း ဘူး။ ငြင်းလည်းမငြင်းဘူးပေါ့။ အမှန်တော့ ကျွန်မအလုပ်ရှင်မို့ ချက်ချင်းမတုံ့ပြန်ရဲ သလို ငြင်းရင်လည်း သူ့နလုံးရောဂါ ဖောက်မှာ ကျွန်မအသိဆုံး။ အင်းရင် လည်း ကျွန်မရောဂါထမှာမို့ ဒီတော့ ဦးငယ်က...

"အေးပေါ့လေ။ မိန်းကလေးဆို တော့လည်း စဉ်းစားရမှာပေါ့"

ကျွန်မကို သူ့ရင်ခွင်ထဲကလွှတ်ပေး ပြီး လွှတ်ငြိမ်းချမ်းသာခွင့်ပေးပါတယ်။ ဒီလိုနဲ့ တစ်ပတ်ခန့်ကြာတဲ့အခါ ဦးငယ် ဆေးရုံတက်ရပါတယ်။ ပုဂ္ဂလိကဆေးရုံမှာ သူနာပြုငှားထားပေးပေမဲ့လည်း...

"သီတာ...ဦးငယ်ဆေးရုံက မဆင်း မချင်း သီတာလည်း မပြန်နဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com

"နေမှာပေါ့ ဦးငယ်ကလည်း။ ဦးငယ်မပြောလည်း သီတာက ဦးငယ်နားမှာနေပေးရမှာပေါ့"

"ဒါနဲ့ ဦးငယ်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"ဦးငယ်ရောဂါက သက်သာရုံပဲ ရှိသေးတယ်လေ။ ဦးငယ်ရဲ့အနားမှာ သီတာအမြဲရှိနေတဲ့ဟာ။ စက်ရုံရောက်မှ ပြောကြမယ်လေ"

"အမိန့်တော်မြတ်အတိုင်းပါ"

ဦးငယ် ဆေးရုံပေါ်မှာပျော်ရွှင်နေတာ ကျွန်မမျက်မြင်မို့ စိတ်ချမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်မ သူ့ကို လက်ထပ်ဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဦးငယ်ကတော့ သေချာပေါက် အပိုင်မျှော်လင့်ထားသူဆိုတာ ကျွန်မသိပါတယ်။ ငွေကြေးချမ်းသာပြည့်စုံမှုကိုတော့ ပုထုဇဉ်ကျွန်မအနေနဲ့ မက်မောမိတာ ဝန်ခံပါတယ်။

• • • • • • • • • • • • • • • • •

အဲဒီနေ့ စက်ရုံက
အိမ်ကိုပြန်ရောက်တော့
ကျွန်မ ဦးငယ်နဲ့
မျက်နှာချင်းမဆိုင်ရဲပါဘူး။
ညတိုင်းနိုပ်ပေးနေကျ။
သူကလည်း နှိပ်ပေးရင်း
ကျွန်မကို
လက်ကလေးကိုင်ကာ
အနမ်းကျည်ဆန်တွေ
ပစ်လွှတ်နေကျ။
ကျွန်မက ရှောင်လို့မရတဲ့
တည်ငြိမ်ပစ်မှတ်ပါ။

• • • • • • • • • • • • • • • • •

သူတို့မိသားစုအသိုင်းအဝိုင်းက ဘယ်လိုမှ သဘောတူမှာမဟုတ်သလို၊ ကျွန်မစိတ်ဆင်းရဲခံစားမှုတွေနဲ့ ရေရှည်မှာ ပွဲသိမ်းမလှ ဖြစ်ပါလိမ့်မယ်။ ဒီအရွယ်နဲ့ ဒီအရွယ်၊ သူ့ဘဝနဲ့ကိုယ့်ဘဝ၊ သူ့ပတ်ဝန်းကျင်နဲ့ ကိုယ့်ပတ်ဝန်းကျင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရယ်လို့ ပြောလိုက်ချင်ပေမဲ့ သူက နှလုံးရောဂါသမား။ ဆေးရုံတက်ရတာလည်း ကျွန်မနဲ့ပတ်သက်ပါတယ်။ ဘဝချင်းယှဉ်လာရင်တော့ ကိုယ့်ဘဝကိုယ်ဖန်တီးရမှာမို့ ဆေးရုံကဆင်းတော့ ဖေးဖေးမမနဲ့ မယုတ်မလွန်လေးပဲ• • •

"ဦးငယ်• • •ကျွန်မ ရွာကိုခဏပြန်ချင်တယ်"

"ဘာကိစ္စရှိလို့လဲ၊ အရေးကြီးလို့လား"

"အမေက နေကောင်းတာမဟုတ်ဘူး။ မရောက်တာလည်း ကြာတော့ အခြေအနေလည်း သိရအောင်ပါ"

"ပြန်ရမှာပေါ့• • •ပြန်ပြန်။ အခြေအနေကောင်းရင် မြန်မြန်ပြန်လာခဲ့နော်"

လခနဲ့မဆိုင်တဲ့ ငွေနှစ်သိန်းထုတ်ပေးတယ်။ လက်တွေ၊ ခြေတွေတောင် တုန်တယ်။ ကျွန်မအနေနဲ့ ဒီလောက်ငွေ မကိုင်ဖူးပါဘူး။ မယူလို့လည်း မရပါဘူး။ ကျေးဇူးတုံ့တင် ဝန်ပိသွားတာကတော့ အမှန်ပါပဲ။

"ငါ့သမီးက အခုမှ မြို့ကြီးသူစစ်စစ် ဖြစ်တော့တာပဲ။ လှလာလိုက်တာ သမီးရယ်"

ရွာရောက်တော့လည်း အိမ်မှာတွေ့ရမြင်ရ၊ ကြားရတာတွေက စိတ်မချမ်းသာလှပါဘူး။ အမေက အသက်ကြီးမှ ဗိုက်ကြီးက တကားကားနဲ့ ခေါင်းပေါ်မှာလည်း ငါးဇလုံကြီးရွက်လို့ ဈေးရောင်းပြီးပြန်လာတာ တွေ့ရပါတယ်။ ပထွေးကမူးပြီးအိပ်နေပါတယ်။ မောင်လေးက ချောင်းထဲမှာ လှေငယ်လေးနဲ့ ပိုက်ချနေပါတယ်။ ကြားရတာက ပထွေးက အလုပ်မလုပ်တော့ဘဲ အိမ်ကနေ အမေ့ကို ဈေးမထွက်ခင်နဲ့ ဈေးရောင်းပြီးအပြန်မှာ အရက်ဝယ်ခိုင်းတယ်တဲ့။ အမေက ဗိုက်ကြီးတကားကားနဲ့ မလှုပ်တလှုပ်နဲ့ အရက်သွားဝယ်ပေးရတယ်တဲ့။ ကျွန်မ ရွာမှာနေဖို့ပြန်လာတာပါ။ ဒီပုံစံကိုမြင်ရတော့ မစဉ်းစားတတ်တော့ပါဘူး။ ရွာထဲက ခင်မင်သူတွေကလည်း• • •

"သီတာရယ် • • •ငါတို့ကိုလည်း နင့်လို မြို့မှာအလုပ်ရှာပေးပါလား"

ဒီကြားထဲမှာ လူတွေက ကျွန်မကို စွတ်ပြီးအထင်ကြီးနေပါတယ်။ ကျွန်မရဲ့ ဝတ်ပုံစားပုံ၊ ပြောပုံ အမူအရာက မြို့ဆိုတော့ ဒီဇိုင်းက ဂေါ်လီမဟုတ်ပေမဲ့ နည်းနည်းတော့ ဟော့နေတယ်လေ။ ဒါကြောင့်မို့ အထင်ကြီးနေကြတာ။ ကျွန်မ မြို့မှာ ဘာတွေဖြစ်ပြီး ဘဝကို ဘယ်လို ရုန်းကန်လှုပ်ရှား ရှောင်တိမ်းပတ်ပြေးနေရတယ်ဆိုတာ သူတို့မသိကြပါဘူး။ ပြောရင်လည်း ယုံမှာမဟုတ်ပါဘူး။ ဒီလိုနဲ့ ရွာမှာ နှစ်ပတ်လောက်ကြာတော့ နေ့လယ်ဘက်မှာ ကားလေးတစ်စီး ကမ်းနားလမ်းအတိုင်း ရွာထဲကို မောင်းလာပါတယ်။ ကားနောက်မှာ ဖုန်တထောင်းထောင်းနဲ့ ကလေးတွေရော၊ ခွေးတွေရော ကားနောက်က ပြေးလိုက်လာကြလေရဲ့။ ကားကလေးက ဟိုရပ်မေး ဒီရပ်မေးနဲ့ ရွာပြင်က ကျွန်မတို့အိမ်ကိုရောက်တော့ ဦးငယ်ရဲ့ကား ဖြစ်နေတယ်။

"ဦးငယ်• • •ဘာလို့ အပင်ပန်းခံပြီး လိုက်လာရတာလဲ။ ကျွန်မ ပြန်လာမှာပေါ့။ ဦးငယ်က နေကောင်းတာလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာနေရတာ ပျင်းလို့။ စက်ရုံ အလုပ်ကိုလည်း ကိုကိုလေးကို လွှဲပေး လိုက်ပြီ။ အလုပ်မရှိရင် မနေတတ်တာနဲ့ ဒီကိုရောက်လာတာ။ ပြန်လိုက်မယ် မဟုတ်လား"

"ဦးငယ်လာခေါ်မှတော့ လိုက်ရမှာ ပေါ့"

ကျွန်မ ပြန်မလိုက်ရင် ဦးငယ် ခေါင်းပြန်ထမှာ သေချာပါတယ်။ တစ်ရွာ လုံး ကလေးတွေရော၊ လူကြီးတွေပါ အပြန်မှာ အိမ်ထဲက ထွက်ကြည့်ကြ တယ်။ ကားလမ်းပေါ်ရောက်တော့ ထင် တဲ့အတိုင်း…

"ဦးငယ်ကို လက်ထပ်ဖို့ စဉ်းစား နေတာထားဦးကွာ။ ဦးငယ်ကို ချစ်တယ် မဟုတ်လား"

"ဦးငယ် အခုထိ မသိသေးဘူး လား"

"ကြားမှ မကြားရသေးတာ"

"မေးမှ မမေးတာ"

"ကဲ…အခုမေးပြီလေ"

"ဘယ်မှာလဲ"

"ဦးငယ်ကိုချစ်လားလို့"

"ချစ်တယ်တဲ့…ကဲ"

ကုက္ကိုပင်ကြီးတစ်ပင်အောက်မှာ ကားကိုဘေးချရပ်လိုက်ပြီး သူ့အကြင်နာ တွေကို မနိုင်မနင်း အများကြီးလက်ခံခဲ့ ရပါတယ်။ သူကျေနပ်လို့ ရပ်လိုက်တဲ့အခါ မှပဲ အသက်ရှူရတော့တယ်။ အိမ်ရောက် တော့ ဦးငယ်နားမှာ ကျွန်မပြုစုရင်း အရက်နှစ်ဆယ်ခန့် ကြာတဲ့အခါ ကိုကို လေးက သူ့အဖေကို ရုတ်တရက်…

"အဖေ…ကျွန်တော် သီတာ့ကို စက်ရုံခေါ်သွားချင်တယ်။ အဖေ့တုန်းကလို ပေါ့။ အလုပ်သမားတွေကို ခေါ်မခိုင်းချင် ဘူး"

ဦးငယ် ခေါင်းငုံ့လျက် ကျွန်မကို သူ့အနားက မခွာစေလိုပေမဲ့လည်း သား ဖြစ်သူရဲ့ အလုပ်သဘောကို လိုက်လျော လိုက်ရပါတယ်။

"သားလိုအပ်ရင် ခေါ်ခိုင်းပေါ့ကွာ"

ဦးငယ်နဲ့ စက်ရုံမှာနေတုန်းကလိုပဲ ကိုကိုလေးကို ပြုစုရပါတယ်။ ကိုကိုလေး ကလည်း ပျော်နေတဲ့ပုံပါပဲ။ ကျွန်မကို ခိုင်းစရာရှိလို့ ခေါ်ရင် လူကိုကြည့်နေ လိုက်တာ အကြာကြီးပဲ။ ဒီတော့ ကျွန်မ က ရှက်လာပြီး သတိပေးမှ သတိရတဲ့ အနေအထားပါ။ တစ်နေ့ ကျွန်မထင် သလိုပါပဲ၊ သူ့အဖေလိုပဲ နီးနီးကပ်ကပ် ပြုစုပေးရာက…

"နင့်ကို ငါချစ်တယ် သီတာရယ်။ တကယ်လက်ထပ်မှာပါ။ တက္ကသိုလ် တက်တုန်းက နင့်လောက်လှတာ မတွေ့ ခဲ့ရဘူး။ နင့်ရဲ့စိတ်သဘောထားနဲ့ နင့်ရဲ့ ပြုစုမှုတွေပေါင်းလိုက်ရင် နင်က လက် ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက်"

ရုံးခန်းထဲမှာ နှစ်ယောက်တည်း ကျွန်မနှုတ်က ဘာမှပြန်မပြောတတ်ပါ ဘူး။ ထွက်သွားလို့လည်း မရပါဘူး။ သူ ကတော့ အတင်းအဖြေပဲ တောင်းတယ်။ ကျွန်မက ဘာမှပြန်မပြောတော့ လက်ခံ တယ်ပဲ ထင်မှာပေါ့။ အဲဒီတော့ သူ ကျွန်မကို ပွေ့ဖက်ယုယကာ အကြင်နာ တွေ မုန်တိုင်းထန်ပါတော့တယ်။ ဒီထက် မုန်တိုင်းမထန်ဖို့ ကျွန်မသတိထားနေစဉ် မှာ တယ်လီဖုန်းက ကယ်တင်လိုက်ပါ တယ်။ နောက်တစ်ရက်မှာတော့ ကိုကို လေးက…

"သီတာရေ…ထမင်းချိုင့်ထဲက ထမင်းတွေ၊ ဟင်းတွေ စက်ရုံထဲက တစ် ယောက်ယောက်ကို သွားပေးလိုက်ကွာ။ တို့အပြင်ထွက်စားရအောင်"

"ဟုတ်ကဲ့…"

ဒီလိုပဲ နေ့စဉ် ထမင်းထွက်စားရင်း ကျွန်မနဲ့ ကုန်တိုက်ဝင်တယ်။ ဟိုဟာဝယ် ပေး၊ ဒီဟာဝယ်ပေးနဲ့ အတင်းဝယ်ပေး တာ မနည်းတော့ပါဘူး။ ပြီးတော့ ဟိုဟာ လိုက်ကျွေး၊ ဒီဟာလိုက်ကျွေးနဲ့။ ကျွန်မ နဲ့လည်ချင်တဲ့သဘောပါ။ ကျွန်မက ပွပွ နွေးနွေး မဖြစ်နိုင်လို့ မချစ်နိုင်ဘူးဆိုခဲ့ရင်၊ ချက်ချင်းပြန်ပြောရင် ပြောသူ့ရဲ့အမှား မဟုတ်ပါလား။ ဖအေကလည်း လက် ထပ်မယ်တဲ့၊ သားကလည်း လက်ထပ်ဦး မယ်တဲ့။ ကျွန်မကလည်း ဘာသားနဲ့ ထု ထားတာမှတ်လို့၊ ချစ်တတ်တဲ့နှလုံးသားနဲ့ ပါ။ ကြာလာတော့ ကိုကိုလေးက…

"သီတာရေ…လက်ထပ်လက်စွပ် သွားလုပ်ရအောင်"

"စောပါသေးတယ် ကိုကိုလေး ရယ်"

"အကြာကြီးတော့ မရဘူးနော်"

"ဟုတ်ကဲ့ပါ"

ကျွန်မ အိမ်ကထွက်လာတဲ့ လေး နှစ်ဆိုတဲ့ ကာလမှာ ဘဝခရီးက ကြမ်း လှပါတယ်။ တချို့က ကျွန်မကို တောသူ မို့ အထင်သေးတာလား၊ အိမ်ဖော်မို့လို့ လူရာမသွင်းတာလား၊ တစ်မျိုးစီပါ။ အခု လည်း ကျွန်မ ကိုကိုလေးကို လက်ထပ် ရင် ခွင့်ပြုကြတယ်ထားဦး၊ အိမ်ဖော်ကို ပြန်ယူထားပါတယ်ဆိုတဲ့ မှတ်ချက်စကား ကို ငွေကြေးချမ်းသာသူ လုပ်ငန်းရှင်တစ် ယောက်အနေနဲ့ ဘယ်အတိုင်းအတာ အထိ ခံနိုင်မှာလဲ။ ကျွန်မကို ရာသက်ပန် ပုံမှန် တစ်သမတ်တည်း ဆက်ဆံမှာလား။ ဦးငယ်ကို လက်ထပ်ရင် ပိုဆိုးပါလိမ့်မယ်။ ကျွန်မ ဝေခွဲမရဘဲ ဒီအိမ်က တိတ်တ ဆိတ်ထွက်သွားဖို့ ဆုံးဖြတ်ချက်ချလိုက် တဲ့အခါ…

www.burmeseclassic.com

"သီတာရေ…အစ်ကိုတို့ လက်ထပ်ဖို့ အဘွားကိုရော၊ အဖေ့ကိုရော ဖွင့်ပြောလိုက်ပြီ။ အဘွားကတော့ နင်တို့ သဘောတဲ့၊ အဖေကတော့ ခေါင်းပဲညိတ်တယ်"

"ဘုရားရေ…ဗုဒ္ဓတော့ဖြစ်ကုန်ပြီ"

ကျွန်မ အတော်ကလေး တုန်လှုပ်ချောက်ချားမိပါတယ်။ ဦးငယ်ရဲ့ရောဂါက ဒီစကားနဲ့ လုံးဝမတည့်ပါဘူး။ ဒါကို ကျွန်မကလွဲလို့ ဘယ်သူမှ မသိပါဘူး။ ဒီစကားကြောင့် ဦးငယ် ဘာမှမဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းရပါတယ်။ စက်ရုံရောက်ရင် သားက လက်ထပ်မယ်ချည်းပဲငွတ်။ အိမ်ရောက်တော့ သူ့အဖေကို အိပ်ခါနီး နှိပ်ပေးရင်း ဘယ်သူ့ကိုမှ မချစ်ရဘူးဆိုပြီး ကတိပေးခိုင်းကာ လူကို အားပါးတရနမ်းတာက တစ်မျိုး။ အဲဒီလို တွေဝေနေချိန်မှာဖြင့် ကိုကိုလေးက အလန့်တကြား…

"သီတာ…ဘာဖြစ်နေတာလဲ"

"အမေ့ကိုမှ မပြောရသေးတာ"

"သွားပြောမယ်လေ။ ကိုယ်လည်းလိုက်မှာပေါ့"

"သီတာ အရင်သွားပြောပြီးမှ နောက်တစ်ခေါက် အတူတူသွားတာပေါ့"

အဲဒီနေ့ စက်ရုံက အိမ်ကိုပြန်ရောက်တော့ ကျွန်မ ဦးငယ်နဲ့ မျက်နှာချင်းမဆိုင်ရဲပါဘူး။ ညတိုင်းနှိပ်ပေးနေကျ။ သူကလည်း နှိပ်ပေးရင်း ကျွန်မကို လက်ကလေးကိုင်ကာ အနမ်းကျည်ဆန်တွေ ပစ်လွှတ်နေကျ။ ကျွန်မက ရှောင်လို့မရတဲ့ တည်ငြိမ်ပစ်မှတ်ပါ။

"သီတာ…ဘာဖြစ်နေတာလဲ"

"အမေ့ကိုမှ ဘာမှမပြောရသေးတာ"

"သွားပြောပေါ့။ ကိုယ်လည်းလိုက်မယ်"

"သီတာ အရင်သွားပြောပါ့မယ်။ ပြီးမှ အတူတူသွားကြတာပေါ့"

ကျွန်မ စက်ရုံက နေအိမ်ကိုရောက်တော့ ဦးငယ်နဲ့ မျက်နှာချင်းမဆိုင်ရဲပါဘူး။ ညတိုင်းနှိပ်ပေးနေကျ။ မသိမသာ ကျွန်မ လက်ကလေးကိုကိုင်ပြီး ကြည်နူးနေကျ။ ကျွန်မ သူ့အခန်းထဲမသွားရဲပါဘူး။ ဒီလိုနဲ့ နောက်တစ်မနက် မိုးလင်းတော့ ဦးငယ် အခန်းထဲက ထွက်မလာပါဘူး။ သည်အချိန်မှာ ကျွန်မကို ကော်ဖီသောက်ဖို့ ခေါ်ခိုင်းပါတယ်။

"ဦးငယ်က ကော်ဖီသောက်မယ်တဲ့"

"သောက်နှင့်ကြလို့ ပြောလိုက်"

ကျွန်မ မျက်နှာချင်းမဆိုင်ရဲပါဘူး။ ကျွန်မမှာ အပြစ်မရှိပေမဲ့ ကျွန်မက အပြစ်မကျူးလွန်တဲ့ တရားခံပါ။ ဒီလိုနဲ့ စက်ရုံရောက်ပြီးမကြာခင် ကိုကိုလေးက

"သီတာရေ…အဖေဆေးရုံတင်ရမယ်တဲ့။ ကိုယ်သွားမယ်။ ကိုယ်ပြန်မလာရင်၊ ဖုန်းမဆက်ရင် ညနေကျ ကားငှားပြီးပြန်ခဲ့။ ကုန်သည်တွေဆီက ဖုန်းဆက်ရင် မန်နေဂျာနဲ့ ချိတ်ပေးလိုက်"

"ဟုတ်ကဲ့ ကိုကိုလေး"

သိက္ခာနဲ့ သားအတွက် ပါးစပ်က ဘာတစ်ခွန်းမှ ဘယ်သူ့ကိုမှ ပြောပြလို့မရသလို ဘာကြောင့်၊ ဘာဖြစ်လို့ လောလောလတ်လတ် ဦးငယ်တစ်ယောက် ကွယ်လွန်သွားရတယ်ဆိုတာ ကျွန်မတစ်ယောက်တည်း သိပါတယ်။ အများကတော့ နှလုံးရောဂါနဲ့ ကွယ်လွန်တာပဲ သိကြမှာပါ။ ဒီကိစ္စ ဒီအကြောင်းတွေကို ကျွန်မ ဘယ်သူ့ကို ပြောပြရမှာလဲ။ ကျွန်မရဲ့ မရင့်ကျက် မပြတ်သားတဲ့ အချစ်ကြောင့်ပါ။ အချစ်က ကျွန်မတစ်ယောက်တည်းကိုပဲ လှည့်စားရက်ပါပေတယ်။ ဦးငယ်ကွယ်လွန်လို့ ရက်လည်ပြီးတော့

"ကိုကိုလေး…သီတာရွာကိုပြန်ဦးမယ်"

"သွားလေ သီတာ၊ ဘယ်တော့လဲ"

"ဒီမနက်ပဲ ပြန်မယ်"

"လမ်းစရိတ်ယူသွားဦး။ အိမ်အတွက်လည်း ဝယ်စရာရှိတာ ဝယ်သွားဦး"

"လစာပဲ ထုတ်ပေးလိုက်ပါ"

"လခစားလည်း မဟုတ်တော့တဲ့နဲ့။ စက်ရုံပိုင်ကတော်ကများ။ သုံးသိန်းယူသွား။ အိမ်မှာပေးခဲ့"

"ဟုတ်ကဲ့…"

"အဖေ့ကိစ္စက အခုမှ ရက်လည်တာဆိုတော့ လက်ထပ်ဖို့က ဒီနှစ်ထဲမှာ မဖြစ်တော့ဘူး သီတာရေ။ သီတာ့အမေကိုလည်း ပြောထားခဲ့တော့နော်။ ပြောပြီး ကိုယ်နဲ့ သွားကန်တော့မယ်။ မြန်မြန်ပြန်လာနော်။ ကိုယ်တစ်ယောက်တည်း မနေတတ်တော့ဘူး။ မျှော်နေမယ်နော်"

"ဟုတ်ကဲ့ပါ။ ဒီလောက်တောင်ပဲလား"

ကျွန်မရင်ထဲမှာတော့ မချိတင်ကဲ ခံစားရပါတယ်။ ကြိုတင်ပြောသွားချင်ပေမဲ့ "ဟုတ်ကဲ့ပါ ဒကာကြီး" လို့ဆိုတဲ့ စကားကို နောက်တစ်ခါတွေ့တဲ့အခါကျ ပြောရမှာမို့ အဲဒီအခါကျရင် ကိုကိုလေး ကြားတဲ့အခါ ရင်ဆိုင်နိုင်တဲ့ စွမ်းအားရှိပါစေလို့ ဆုတောင်းလိုက်ပါရဲ့။

ဟုတ်တယ်လေ။ အခုတစ်ခေါက် အပြန်မှာ ရာသက်ပန်သီလရှင်ဝတ်မှာ။

---


သန်းထွန်း(ဧချေ)

---



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကိုအာခံ ဝေယံကာတိုက်ပွဲ

(ဖြစ်ရပ်မှန်အခန်းဆက်ဝတ္ထုရှည်)

ဖိုးကျော့

**(ယခင်လမှအဆက်)**

မင်္ဂလာဒုံ လေဆိပ်သို့ အရှုဏ်ကျင်းစ လင်းလုလုအချိန်တွင် သူတို့ သုံးယောက် ရောက်သွားကြသည်။ ခရီးသည်များအတွက် ထားရှိသော တန်းလျားခုံရှည်ပေါ်၌ သူတို့သုံးဦး အစီအစဉ်အရပင် လူခွဲ၍ ထိုင်ကြရသည်။ လေယာဉ်အမှုထမ်းများ၊ အကောက်အရာရှိ ယစ်မျိုး၊ ရဲ လူဝန်မှုကြီးကြပ်ရေး စသည့် အစိုးရအမှုထမ်းများသည် သူတို့အလုပ် သူတို့ လုပ်နေကြသည်။ ထို့ကြောင့် လေဆိပ်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ရှိနေ၏။

ခရီးသည်များမှာလည်း မင်္ဂလာဒုံလေဆိပ်မှ မြန်မာပြည်မြို့ကြီးများသို့ လေကြောင်းဖြင့်သွားလာရန် အသီးသီး စောင့်ဆိုင်းလျက် ရှိနေကြသည်။ ဤသို့ စည်ကားသိုက်မြိုက် ရှုပ်ယှက်ခတ်နေကြပုံ၊ ပစ္စည်းများစစ်ဆေးပုံ စသည်တို့ကို အကဲခတ်ကာ သူတို့အချင်းချင်းလည်း တစ်ယောက်ကိုတစ်ယောက် သတိထားရန် မကြာမကြာ သတိပေးအကြည့်နှင့် ကြည့်ကြသည်။ ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့မှာ အမြဲသတိအနေအထားတွင် ရှိကြသော်လည်း စောအငြိမ်းကမူ ဟိုကြည့်သည်ကြည့်နှင့် ပေါကြောင်ကြောင်အသွင်ပင် ရှိနေသေးသည်။

၆ နာရီထိုးပြီ။ သူတို့ရင်ဆိုင်ကြရမည့် အလုပ်တာဝန်ကြီးအတွက် အချိန်သည် နီး၍နီး၍ လာနေချေပြီ။ ဗိုလ်သိန်းကျော်သည် ထိုင်ခုံမှထကာ လေယာဉ်ကွင်းဘက် တံခါးပေါက်ကြီးဆီသို့ မတ်တတ်ရပ်ပြီး လေယာဉ်ကွင်းရှုခင်းကို လှမ်းကြည့်လိုက်သည်။

ကောင်းကင်တစ်ခွင် တစ်ပြင်လုံး၏ ရာသီဥတုမှာ အုံ့ဆိုင်းမှိုင်းမှုန်လျက် ရှိသည်။ အရှေ့စူးစူးသို့ လှမ်းကြည့်လိုက်ရာ နေမင်းကြီးသည် ထိန်လင်းလှသော ရောင်ခြည်များကိုလွှတ်လျက် အုံ့ဆိုင်းမှိုင်းမှုန်နေသော စကြဝဠာကြီးကို အလင်းရောင်ပေးရန် ထွက်ပြူလာလေပြီ။

မကြာမီ နေမင်း၏အလင်းရောင်ကြောင့် လင်းလက်လာသည်။ နေရောင်ခြည်သည် လေယာဉ်ကွင်းကြီး တစ်ခုလုံးကို ဖြာဆင်းဖြန့်ကြက်လာသည်။ သာယာလာသော ရာသီဥတုက ဗိုလ်သိန်းကျော်တို့လူသိုက်အား "ချသာချ အောင်ရမည်" ဟု အားပေးနေသလိုပင်။ ဗိုလ်သိန်းကျော်မှာ ကောင်းကင်ကိုကြည့်လိုက် နေမင်းကြီးကိုကြည့်လိုက်၊ လေယာဉ်ကွင်းဝန်းကျင်ကို လှမ်းကြည့်လိုက်နှင့် တိုက်ပွဲဝင်ရမည့် အစီအစဉ်တွေကို စဉ်းစားတွေးတောနေသည်။

ထိုအချိန်တွင် ဗိုလ်ကျော်အေးသည် ထရှိဖီအရက်ထည့်လာသော ဓာတ်ဘူးကိုဖွင့်ပြီး အရက်တစ်ခွက် သောက်လိုက်သည်ကို မြင်လိုက်ရသည်။ ဗိုလ်သိန်းကျော်ဘက်ကိုလည်း အချက်ပြလိုက်သဖြင့် ဗိုလ်သိန်းကျော် ဗိုလ်ကျော်အေးအနားရောက်သွားသည်။

"စောအငြိမ်းကို လွှတ်လိုက်မယ်။ အချိန်သိပ်နီးနေပြီ။ နည်းနည်းသောက်ထားပါစေ။ ခင်ဗျားလည်း နည်းနည်းတော့ချထား။ လေယာဉ်ပေါ်ရောက်သွားရင် ပိုအေးလိမ့်မယ်"

ဟုပြောပြီး အရက်ဓာတ်ဘူး ဗိုလ်သိန်းကျော်အား ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကျော်အေးက စောအငြိမ်းကို ဗိုလ်သိန်းကျော်နား လွှတ်လိုက်၏။ ဗိုလ်သိန်းကျော်လည်း တစ်ခွက်သောက်ကာ ခွက်ကို စောအငြိမ်းကိုပေးပြီး ဗိုလ်သိန်းကျော်နား ပြန်လာသည်။ ပြီးတော့ စောအငြိမ်းအခြေအနေကို သူတို့နှစ်ယောက် ကြည့်နေ

ကြည့်နေကြရင်းက စောအငြိမ်းဖောက်လာပြန်သည်။ သူတို့နှစ်ယောက် သောက်ကြစဉ်က ရေတိုင်ကီနားသွားပြီး ရေသောက်သလိုလို ဘာလိုလိုနှင့် အမှတ်တမဲ့ အရက်ကိုငှဲ့သောက်ထားပြီး ခွက်ထဲသို့ ရေထည့်ကာ ခပ်မြန်မြန် သောက်ချလိုက်ကြသည်။ ယခု စောအငြိမ်းကား ထိုသို့မဟုတ်။ ရေတိုင်ကီနားမှာ အရက်ကိုငှဲ့ပြီး ဘေးနားတွင်လာ၍ ရေသောက်နေသူနှစ်ဦးအား တကယ့်ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများအလား ဝေဿန္တရာလက်သစ်လုပ်ကာ အရက်အတင်း လိုက်တိုက်နေ၏။ ခရီးသည်နှစ်ဦးကလည်း ခပ်တည်တည်ပင် မသောက်ချင်ကြောင်းငြင်းဆန်နေကြ၏။

စောအငြိမ်းက ...

"ဒါ ... အကောင်းစား တရုတ်ဖီ အရက်ပါဗျ။ သိပ်ကောင်းတယ်။ မမူးပါဘူး။ နည်းနည်းစီသောက်ပါ"

ဟု ခွက်ထိုး၍ လောကဝတ် ပြုနေ၏။

စောအငြိမ်း၏ အပြုအမူကို ကြည့်ကာ နှစ်ယောက်သားမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားကြသည်။ နောက်တော့ ဗိုလ်သိန်းကျော်က စိတ်ဆိုးအံကြိတ်ပြီး ဆတ်ခနဲထသွားကာ စောအငြိမ်းဆီက ခွက်ကိုဆွဲယူပြီး ဗိုလ်ကျော်အေးအနားတွင် လာထိုင်သည်။ ဗိုလ်သိန်းကျော်က "ဒီကောင်နဲ့တော့"ဟူသော စကားမဆုံးမီမှာပင်

"စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲသွားမည့် ခရီးသည်များခင်ဗျား ပစ္စည်းစစ်ဆေးရန်နေရာသို့ ကြွကြပါ"

ဟူသော အသံချဲ့စက်နှင့် ခေါ်သံကို ကြားလိုက်ကြရသဖြင့် သုံးယောက်စလုံး ပစ္စည်းစစ်ဆေးသော စားပွဲပေါ်သို့ လက်ဆွဲအိတ်ကလေးများကို တင်ပေးလိုက်ကြရသည်။ ရှေ့က လူများ အိတ်ကိုဖွင့်ပြကြသလို သူတို့သုံးယောက်လည်း ဖွင့်ပြကြသည်။

စစ်ဆေးရေး အရာရှိများသည် တစ်ယောက်စီ နာမည်ခေါ်ကာ အိတ်ထဲပါသော ပစ္စည်းများကို ထုတ်စစ်ကြသည်။ ရန်ကုန်-စစ်တွေ ခရီးသည်များ၏ ကိုယ်ပေါ်ကိုတော့ မည်သူ့ကိုမျှ မရှာကြ။ သူတို့မှာ တောင်ကြီး၊ လားရှိုး၊ ဟဲဟိုး၊ ကျိုင်းတုံနှင့် ယိုးဒယားနယ်စပ် မော်လမြိုင်လိုင်းမှ လူများကိုရှာသလို ကိုယ်ပေါ်ကိုပါ ရှာလေမလားဟု ရင်တထိတ်ထိတ်ဖြစ်နေကြရာ ယခင်လေ့လာထားကြသည့်အတိုင်းပင် သူတို့ကိုယ်ပေါ်ကို မရှာကြပေ။ ထို့ကြောင့်လည်း ကိုယ်ပေါ် ကိုယ်စီပါလာကြသော သူတို့ပစ္စည်းများ ဘေးကင်းရန်ကင်းဖြစ်သွားကြခြင်းဖြစ်သည်။

လူတစ်ယောက်စီကို ထိုသို့စစ်ဆေးပြီး ပြန်ထိုင်ခွင့်ပေးကာသာ ရှိသေးသည်။ ရင်ထိတ်စရာ အသံတစ်ခုက အသံချဲ့စက်မှ ပေါ်လာပြန်သည်။

"စစ်တွေသွားမည့် ဗိုလ်ကြီးကျော်သာ ရောက်ပါပလားခင်ဗျား။ ရောက်ရှိပါက ပစ္စည်းစစ်ဆေးရန် နေရာသို့ကြွပါ"

ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ ထိုဗိုလ်ကြီးကျော်သာဟူသော အသံကြောင့် ဘုရားသခင်ကိုတမိလိုက်ကြသည်။ သူတို့ လေ့လာထားသမျှတွင် လက်နက်ပါသူဆို၍ တစ်ယောက်မှ မတွေ့ရ။ ယခုဗိုလ်ကြီးဆိုလျှင် လက်နက် ပါချင်ပါလာမည်။ ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကဲခတ်နေကြရာ ထိုဗိုလ်ကြီးကျော်သာဆိုသူ ရောက်လာသည်ကို မတွေ့ရသေး။ လမ်းမှာ ကားပျက်နေ၍လား။ ကားပျက်ပါစေဟုပင် ဆုတောင်းမိကြသည်။ သူသာ လေယာဉ်ပေါ်ပါလာလျှင် ပြဿနာက တစ်ခုပိုမည်။

သို့သော် ဗိုလ်သိန်းကျော်တို့ ဆုတောင်းမပြည့်ခဲ့။ ဗိုလ်ကြီးကျော်သာဆိုသူသည် အတန်ကြာတော့မှ ရောက်လာသည်။ ဂရုထား၍ ကြည့်မိကြရာ သူ့ကိုယ်ပေါ်တွင် လက်နက်တော့ ပါမလာပေ။ ယူနီဖောင်းကို အကျအနဝတ်ဆင်ထားသည်ကို တွေ့ကြတော့မှ စိတ်အေးသွားကြသည်။

လက်နက်ကလည်း အမိမခံရ။ ဗိုလ်ကျော်သာမှာလည်း ဘာလက်နက်မှ ပါမလာသဖြင့် သူတို့လုပ်ငန်းတစ်ဝက် အောင်မြင်ပြီဟု ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့က အကြည့်ချင်းဆုံ၍ အဓိပ္ပာယ်ဖော်လိုက်ကြသည်။

ဗိုလ်သိန်းကျော်က နာရီကို ကြည့်လိုက်သည်။ ၆ နာရီ ၁၅ မိနစ်။

ဗိုလ်ကျော်သာ ရောက်လာသည်နှင့် အသံချဲ့စက်နှင့် အော်ပြန်သည်။

"သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေသွားမည့် ခရီးသည်များခင်ဗျား ... လေယာဉ်ပေါ်ကိုသွားရန် နံပတ်-၄



www.burmeseclassic.com

www.burmeseclassic.com

တံခါးပေါက်သို့ ကြွကြပါခင်ဗျား''

ထိုနေရာမှာလည်း ကံခါးစောင့်များက စာရွက်ကိုင်၍ လူစုံမစုံ နာမည်တစ်ခါထပ်ခေါ် ၍ တစ်ယောက်စီ လေယာဉ်ကွင်းသို့ ထုတ်သည်။ ခရီးသည်များအားလုံး ကားပေါ်တက်ကြရန် လေယာဉ်ဝန်ထမ်းတစ်ဦးက ညွှန်ကြားသည်။ လူစုံသောအခါ နံပတ်-၄ အပေါက်ရှေ့၌ရပ်ထားသော မော်တော်ကားသည် ဒါကိုတာ လေယာဉ် အမှတ် (အိပ်တ်စ်၊ ဖအေ၊ စီ)ဆီသို့ မောင်းထွက်သွားသည်။

ဗိုလ်သိန်းကျော်တို့မှာ ကားပေါ်၌ပင် မိမိတို့လုပ်ငန်းများအား အောင်မြင်စေရန် ခရစ်တော်၌ဆုတောင်း၍ ပါလာကြသည်။

လေယာဉ်ပျံအနီးသို့ ရောက်၍ ကားရပ်လိုက်သောအခါ ကားပေါ်ပါသူတို့မှာ မိမိပစ္စည်းမိမိ လွယ်သိုင်းဆွဲကိုင်၍ ကားပေါ်ကဆင်းကြသည်၊ လေယာဉ်ပေါ်တက်ရန် လှေကားအနီး၌ တစ်ယောက်စီ၏နာမည်ကို တစ်ခါထပ်ခေါ်၍ လေယာဉ်ပျံပေါ် တက်ခိုင်းသည်။

ကြိုတင်တိုင်ပင်ထားကြသည့်အတိုင်း လေယာဉ်ပေါ် ရောက်သည်နှင့် နောက်ဆုံးနေရာသို့ မသိမသာ ပြေး၍ နေရာယူကြရ၏။ နောက်ဆုံးနေရာ နှစ်ယောက်ထိုင်ခုံတွင် ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ ထိုင်ကြသည်။ ဗိုလ်ကျော်အေးက သူတို့နှစ်ယောက်ရှေ့က ထိုင်ခုံတွင် ထိုင်သည်။

တိုသို့ နောက်ဆုံးခုံကို အရယူကြရခြင်းမှာ လေယာဉ်ကို ပြန်ပေးဆွဲတိုက်ခိုက်ရန်အတွက် လက်နက်များကို ထုတ်ယူခြင်း၊ အချင်းချင်း အချက်ပေးခြင်းများကို နောက်၌ခုံမရှိ၍ မည်သူမျှ မမြင်မရိပ်မိစေရန် ကြိုတင်စီမံထားခြင်းဖြစ်သည်။ အကယ်၍ ရှေ့ခုံများ၌သာ ထိုင်ကြရပါက သူတို့၏ လှုပ်ရှားနေကြမှုကို နောက်ခုံကလူများ မြင်သွားပြီး အစီအစဉ်ပျက်သွားနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် စိတ်ကြိုက်လက်နက်ထုတ်၍ အချက်ပေးမရအောင် နောက်ဆုံးခုံကို အရယူထားကြခြင်း ဖြစ်သည်။

လေယာဉ်ပေါ်ရှိ ခုံများတွင် ထိုင်ပြီးကြသည်နှင့် ခေါင်းဆောင်တိုက်ခိုက်မည့် ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့က လေယာဉ်တစ်စင်းလုံး၏ အခြေအနေကို အကဲခတ် သတိထားကြည့်ကြရသည်။ ရှေ့က ပိုင်းလော့ အခန်းထဲကို တံခါးမပိတ်သေးသဖြင့် အင်္ဂလိပ်လူမျိုး ဆံပင်နီနီတစ်ယောက်နှင့် မြန်မာလူမျိုးတစ်ယောက်တို့ လေယာဉ်မောင်းပိုင်းလော့ ယူနီဖောင်းဝတ်စုံကိုဝတ်ကာ ထိုင်နေကြသည်ကို လှမ်းမြင်နေရသည်။ ဤလေယာဉ်ပျံ၏ ထူးခြားချက်မှာ ခရီးသည်များဆို၍ လူတစ်ဆယ်ကျော်သာပါသည်။ သူတို့ယခင်က တွက်ဆထားကြသလို ၂၀/၃၀ ခရီးသည်မပါ။ သူတို့အနေမှာ ခရီးသည်နည်းလေ ကောင်းလေပင်။

နောက်တစ်ခု ထူးခြားနေပြန်သည်မှာ ခရီးသည်များအတွက်ဆို၍ ထိုင်ခုံများ တစ်ဖက်တည်း၊ တစ်ခြမ်းတည်းသာပါသည်။ တစ်ဖက်သော ခရီးသည်များနေရာတွင် ထိုင်ခုံတစ်လုံးမှ မရှိဘဲ ၃၀၃ ယမ်းသီးထည့်သည့် သေတ္တာပုံးများ ၁၃ လုံးနှင့် ထင်းရှူးသေတ္တာ လေးငါးလုံးခန့်ကို ခရီးသည်များနေရာတွင် အစီအရီချထားသည်ကို တွေ့ရသည်။

ဤသည်မှာ သူတို့အတွက် စားရကံကြုံ၍ မှတ်ဆိတ်ပျားစွဲမည့်ကိန်း၊ မရှယ်ဘဲ စော်ကဲမင်းဖြစ်မည့်ကိန်းဆိုက်သည်ကိုတော့ နောက်မှ သိကြရလေသည်။ လေယာဉ်ပေါ်တွင် တစ်ဖက်က ခရီးသည်များ။ တစ်ဖက်ခြမ်းက သေတ္တာများနှင့် ပြည့်နေသည်။

မကြာမီမှာပင် လေယာဉ်မှူး ယူနီဖောင်းအဝတ်ကို ဝတ်ဆင်ထားသော ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းနှင့် လူတစ်ယောက် လေယာဉ်ပျံပေါ် တက်လာပြန်သည်။ သူသည် အင်္ဂလိပ်ကြီးတို့ရှိရာ ရှေ့ပိုင်းစက်ခန်းထဲ ခဏဝင်သွားပြီး ပြန်ထွက်လာကာ လေယာဉ်အဆင်းတံခါး ပိတ်လိုက်ပြီး ဗိုလ်သိန်းကျော်တို့ နောက်ဆုံးထိုင်ခုံ၏ နောက်ဘက်ရှိ ထင်းရှူးသေတ္တာပေါ်ထိုင်နေ၏။

ဗိုလ်သိန်းကျော် အတွေးထဲမှာ

"အင်း . . . ရန်သူတစ်ယောက်တော့ တိုးလာပြန်ပြီ။ စစ်ဗိုလ်တစ်ယောက်ကလည်း ရှိနေတယ်။ ရှေ့စက်ခန်းမှာ ပိုင်းလော့က နှစ်ယောက်၊ ရေဒီယိုအရာရှိ တစ်ယောက်၊ ပေါင်း သုံးယောက် ကျိန်းသေရှိမယ်၊ ဒီတော့ ရန်သူဘက်က ငါးယောက်။ တို့က သုံးယောက်။ ဒါပေမယ့် သူတို့မှာ လက်နက်မတွေ့ရဘူး။ ရှေ့က စက်ခန်းမှာများ ရှိနေဦးမလား။ တို့မှာ လက်နက်နဲ့ပဲ။ လက်နက်က သုံးလက်တောင်။ လက်နက်ပါလာရင်တောင် တို့က လက်ဦးထားရင် သူတို့ အသေခံရဲကြမှာ မဟုတ်ပါဘူး။ ခရီးသည်တွေကတော့ တို့ခိုင်းရင် တို့ကိုကြောက်ပြီး ခိုင်းတဲ့အတိုင်း နေကြမှာပဲ"

ဗိုလ်သိန်းကျော်ခေါင်းထဲ လုပ်

www.burmeseclassic.com

ငန်းနှင့် ပတ်သက်၍ အတွေးပလုံစီလာသည်။ ဘယ်အခြေဆိုလျှင် ဘယ်လိုလုပ်ရမည် စိုးရိမ်ပူပန်စိတ်နှင့် ဗိုလ်ကျော်အေးကို ကြည့်မိသည်။ ဗိုလ်ကျော်အေးကမူ စိတ်ကို ယတိပြတ်ဆုံးဖြတ်ထားပုံရ၏။ သူ့မျက်နှာတွင် စိုးရိမ်ပူပန်မှုများစွာကို မတွေ့ရသဖြင့် စိတ်နည်းနည်း သက်သာရာရသွားသည်။

အမှန်က ယခုစိုးရိမ်လို့သာ စိုးရိမ်နေမိသည်။ ယခင်က လေယာဉ်ပျံပေါ်တွင် သူတို့ရင်ဆိုင်ကြရမည်ဟု တွက်ဆထားသော ရန်သူများကား မနည်းလှ။ ခရီးသည်ချည်းသက်သက် ၂၀/၃၀ ပါမည်။ စစ်တပ်၊ ရဲအဖွဲ့၊ ကိုယ်ပိုင်လိုင်စင်နှင့် ကိုင်ခွင့်ရသူ သူဌေးသူကြွယ်။ အနည်းဆုံး လက်နက်သုံးလေးလက်တော့ ပါမည်ဟု ကြိုတင်တွက်ဆခဲ့ကြသည်။ ယခုမူ လေယာဉ်ပျံပေါ် ထိုင်နေကြပြီးဖြစ်သည်အထိ လက်နက်ပါသူဆို၍ တစ်ယောက်မျှ မတွေ့ရသေး။ ထို့ကြောင့်လည်း ခေါင်းဆောင်တိုက်ခိုက်မည့်သူ ကွန်မန်ဒါ ဗိုလ်ကျော်အေးက အီးဖီးပဲ ဟူသော သဘောနှင့် ဒူးနှံနေခြင်းလားဟု ဗိုလ်ကျော်အေး၏ အရိပ်အခြေကိုလည်း ကြည့်ရသည်။

ပြီးတော့ တစ်ချိန်လုံး ပေါ်ကြောင်ကြောင်နိုင်လှသော စောအငြိမ်းကိုလည်း သူ့ကိုယ်လုံးနှင့် မသိမသာ တိုက်ကြည့်၍ ဒီကောင် ကြောက်နေသလား။ တုန်နေသလားဟု သတိထားကြည့်သည်။ နကမွတ်။ ဘာဆိုဘာမှ ကြောက်ရွံ့နေပုံမရ၊ တုန်လှုပ်နေပုံ မရ။ ယခင်က သူကြိမ်းဝါးခဲ့သည့်အတိုင်း ချမ့်ပဲဟုသာ သဘောရလေသည်။ ဗိုလ်သိန်းကျော်မှာ ဘုရားသခင်ထံ ထပ်၍ ဆုတောင်းမိပြန်၏။ ဤသည်မှာလည်း သေဖို့ကြောက်၍ မဟုတ်။ လုပ်ငန်းအောင်မြင်ရေးအတွက်သာ ဆိုသည်ကိုတော့ သူ့ကိုယ်သူ သိနေသည်။

စက်နှစ်လုံးတပ် ဒါကိုတာ လေယာဉ်ပျံကြီးသည် ခရီးသည်များအား အသင့်တင်ထားပြီး ဖြစ်သောကြောင့် သူ့ခရီးစဉ်ကို စတင်ပျံသန်းရန်အတွက် ထုံးစံအတိုင်း အင်ဂျင်များ ချွတ်ယွင်းမှု ရှိမရှိ စိတ်ချရအောင် ပထမ လက်ျာဘက်စက်တစ်လုံးကို စတင်နှိုးလိုက်သည်။ ငါးမိနစ်နီးပါးမျှ စမ်းသပ်ပြီးသော် ဒုတိယ လက်ဝဲဘက်က ကျန်စက်တစ်လုံးကို စမ်းသပ်နှိုးလိုက်ပြန်သည်။

စက်နှစ်လုံး၏ မြည်ဟည်းလာသံများမှာ လေယာဉ်ကွင်းတစ်ခုလုံး ဟိန်းသွားသည်။ ဗိုလ်သိန်းကျော်တို့၏ ရင်ထဲမှာလည်း ဒါကိုတာ စက်နှစ်လုံးနှင့်အတူ ဟိန်းဟိန်းမြည်နေသည်။ နှစ်ဖက်သော အတောင်ပံမှ ပန်ကာရွက်ကြီးများမှာလည်း မွှတ်နေအောင် လည်ကာ စက်ဝိုင်းပမာသာ မြင်ရတော့သည်။

ဆယ်မိနစ်ခန့် စက်စမ်းပြီးသောအခါ လေယာဉ်ကြီးသည် ပထမရပ်ထားသောနေရာမှ မြေပြင်ပေါ်တွင် တဖြည်းဖြည်း ရွေ့ကာရွေ့ကာ စတင်ထွက်လာတော့သည်။ ထို့နောက် အရှိန်ယူပျံသန်းရမည့် လေယာဉ်လမ်းကြောင်း ပြေးလမ်းရှိရာ လေယာဉ်ကွင်း၏ အရှေ့စူးစူးသို့ မော်တော်ကားပမာ ပြေးလမ်းတွင် ပြေးသွားနေသည်။ လေယာဉ်ပြေးလမ်း၏ စတင်ထွက်မည့်နေရာသို့ ရောက်သောအခါ လေယာဉ်ကြီးသည် အနောက်ဘက်သို့ လှည့်ကွေ့လာပြန်သည်။ ထိုနေရာမှာပင် လေယာဉ်စက်ခေါင်းများ ကောင်းမကောင်း၊ စိတ်ချရမှု ရှိမရှိကို ငါးမိနစ်နီးပါးခန့် ထပ်မံ၍ စမ်းသပ်စစ်ဆေးနေပြန်သည်။

စက်များ ကောင်းမွန်စိတ်ချရပြီ ဆိုသည်နှင့် လေယာဉ်ကြီးသည် ရှေ့သို့ တိုး၍ တိုး၍လာရင်း အရှိန်ယူကာ ပြေးလမ်းအတိုင်း မြေပြင်တွင် မောင်းပြေးလာသည်။ မြေပြင်ပေါ်၌ ပြေးနေသော ဒါကိုတာ လေယာဉ်ကြီးသည် ပို၍ပို၍ မြန်လာပြီး လေဆိပ်ရုံး၏ ရှေ့တည့်တည့်ခန့်အရောက်တွင် မြေပြင်ပြေးလမ်းက မြောက်တက်သွားကာ အတွယ်အတာမဲ့ အာကာသထဲသို့ ရောက်သွားတော့သည်။

ဗိုလ်သိန်းကျော်သည် သူ့ရှေ့က နေရာယူထိုင်နေသော ဗိုလ်ကျော်အေးကို အကဲခတ်ကြည့်ရင်း နာရီကိုကြည့်လိုက်ရာ ၆ နာရီ ၃၅ မိနစ်ကို သူ့လက်ပတ်နာရီလက်တံက ပြနေသည်။ ဗိုလ်ကျော်အေးက သူ၏ဦးထုပ်ကို ခေါင်းပေါ်က ချွတ်ချလိုက်၏။ ဤသည်မှာ ကြိုတင်မှာထားသည့်အတိုင်း လျှို့ဝှက်ထားသော နေရာများက လက်နက်များကို သတိဝီရိယနှင့် တခြားခရီးသည်များ မမြင်အောင် ထုတ်ကြရန် အချက်ပေးကြခြင်း ဖြစ်လေသည်။

ဗိုလ်သိန်းကျော်သည် လေယာဉ်ကွင်းမှာကတည်းက သူတို့နောက်နားရှိ သေတ္တာပေါ်၌ ထိုင်ပါလာသော လေယာဉ်အမှုထမ်းကို အကဲခတ်ကြည့်လိုက်ရာ သူ၏ဦးခေါင်းကို မမြင်ရဘဲ သတင်းစာ ဖြန့်ကြည့်နေသည်

www.burmeseclassic.com

ကိုသာ မြင်ရသည်။ ထို့ကြောင့် စိတ်ချမ်းပြီဟူသော အနေနှင့် စောအငြိမ်းကို သက်နက်ထုတ်ကြရန် နားနားကပ်ပြောလိုက်သည်။

အဇ္ဈာ အာကာသထဲကို ပျံ့ဝဲတက်လာသော ဒါကိုတာ လေယာဉ်ငှက်ကြီးမှာ မြင့်သထက်မြင့်၍ သူ့ခရီးစဉ်အတိုင်း ပျံသန်းနေလေပြီ။ ထိုအချိန်တွင် သူတို့မှာ လေယာဉ်အောက်ကို လုံးဝ မကြည့်အားကြတော့။ လက်နက်များ ချည်နှောင်ထားသော ကြိုးများကို လူများမမြင်ရအောင် အသင့်ယူဆောင်လာသော ဓားပါးလေးများနှင့် ဖြတ်လိုက်၊ ဖြေလိုက်နှင့် ရင်တထိတ်ထိတ်၊ အသည်းတဖိုဖို အလုပ်များနေကြသည်။

ခဏအကြာမှာပင် ရှေ့တွင်ထိုင်နေသော ကိုမောင်မောင်(ဗိုလ်ကျော်အေး)က ကိုဘကျော်နှင့် စောအငြိမ်းတို့ဘက်လှည့်ကြည့်ပြီး "တီးလီးရာ" ဟု ကရင်စကားနှင့် "ပြီးပလား"ဟု ခပ်တိုးတိုး မေးလိုက်သည်။ ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ကလည်း "ပြီးပြီအသင့်" ဖြစ်ကြောင်း အမူအရာနှင့် ပြလိုက်ကြသည်။

ထိုအချိန်တွင် ဗိုလ်ကျော်အေးက ဘာစိတ်ကူးပေါက်သည် မသိ။

"ကိုဘကျော် ဓာတ်ဘူးပေးစမ်းပါ။ နည်းနည်းအေးတယ်၊ နည်းနည်းသောက်မယ်" ဟု ဆိုလာသည်။

"မရှိတော့ဘူး ကုန်သွားပြီ"

ဗိုလ်သိန်းကျော်က "အရေးထဲ" ဟူသော သဘောနှင့် တိုတိုပင် ပြောလိုက်သည်။ ဗိုလ်ကျော်အေးက အံ့ဩသွားသလိုနှင့် တူယှဉ်ထိုင်နေကြသော သူတို့နှစ်ယောက်၏ မျက်နှာကို တစ်လှည့်စီကြည့်ကာ ...

"ဘယ်ရောက်ကုန်လဲ"

ဟု မေးနေပြန်၏။

"ကျွန်တော်သောက်ပစ်လို့ ကုန်ပြီ"

ဗိုလ်သိန်းကျော်က ဓာတ်ဘူးပါ မှောက်ပြလိုက်သည်။

ထိုအခါ ဗိုလ်သိန်းကျော် မျက်နှာကို ဗိုလ်ကျော်အေးက စိုးရိမ်တကြီး ကြည့်ပြီး ...

"ခင်ဗျား သိပ်မူးနေပြီထင်တယ်။ အချိန်နည်းနည်းပဲ လိုတော့တယ်။ သတိထားနော်၊ လုံးဝ အမှား မခံနိုင်ဘူး"

သူက မျက်နှာထိမျက်နှာထား နှင့် တည်တည်ပြောလာသဖြင့် ဗိုလ်သိန်းကျော်ကလည်း ခပ်တည်တည်နှင့် ...

"ဘယ်ကလာ မူးရမလဲဗျာ ... နည်းတောင်နည်းသေးတယ်။ ဒီအရက်မျိုး နောက်တစ်လုံးလောက်မှ ရေချိန်ကိုက်ရုံရှိမှာ"

ဟု ရယ်ပြီးပြောလိုက်သည်။

စောအငြိမ်းကမူ သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်နေရာက ဗိုလ်သိန်းကျော် ရယ်လိုက်သည်ကို မြင်တော့မှ ငါးရူပြုံး ပြုံးပြသည်။

နောက်မှ သိရသည်မှာ ဗိုလ်ကျော်အေးသည် အချိန်လိုသေးသဖြင့် ရဲဆေးသွင်းရန် အရက်တောင်းရင်း အချိန်ကို စောင့်နေခြင်းဖြစ်သည်။

လေယာဉ်ပျံကြီးကား သူ့လမ်းကြောင်းအတိုင်း တဝေါဝေါ မြည်ဟည်းကာ အာကာသထဲ၌ ပျံသန်းနေသည်။ မိုးတွင်းဖြစ်သဖြင့် တိမ်အသင့်အတင့်ရှိရာ တစ်ခါတစ်ခါတွင် လေယာဉ်ကြီးသည် "ဝီ ... ဝီ"ဟု မြည်ကာ ဓာတ်လှေကားဖြုတ်ချလိုက်သလို အောက်ကို တည့်တည့်မတ်မတ် ကျသွားသလို ခံစားရသည်။ အမှန်က တည့်တည့်မတ်မတ်ကြီး ပြုတ်ကျခြင်းမဟုတ်။ မိုးပေါ်ရှိ လေလှိုင်းကြောင့် ရှေ့ကိုပျံနေရင်း ထိုးကျသွားခြင်းသာ။ သို့သော် မကြာပါချေ။ စက်သံ တဝီဝီ မြည်ဟည်းကာ လေလှိုင်းစီး၍ အပေါ်သို့ ပြန်တက်လာပြန်သည်။ ဒီလိုနှင့် ဒါကိုတာကြီးသည် နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်နှင့် ပျံသန်းလာ၏။

ဗိုလ်ကျော်အေးက ခါးကိုမတ်ပြီး ရှေ့လေယာဉ်စက်ခန်းကို စိုက်ကြည့်နေသည်။ ဗိုလ်သိန်းကျော် ချက်ချင်း ရိပ်မိ လိုက်၏။

ယခင်ကဆိုလျှင် လေယာဉ်စက်ခေါင်းရှိရာ ပိုင်းလော့များအခန်းမှာ တံခါးပိတ်ထား၏။ သူတို့အဝင်အထွက်လုပ်မှ တံခါးကိုဖွင့်၍ ထွက်ကြဝင်ကြသည်။ ယခုကား ထိုသို့မဟုတ်။ စက်ခန်းတံခါးကို စေ့ရုံသာ စေ့ထားသဖြင့် လေယာဉ်ပျံ အနိမ့်အမြင့် အတိမ်းအစောင်းဖြစ်တိုင်း စက်ခေါင်းတံခါးရွက်သည် တလှုပ်လှုပ်နှင့် တစ်ထွာတစ်မိုက် ပွင့်သွားလိုက်၊ ပြန်စေ့လိုက် ဖြစ်နေသည်။ သို့သော် လုံးဝ ဟာလာဟင်းလင်းကြီးတော့ ပွင့်မသွား။ ထို့ကြောင့် အသေပိတ်မထားကြောင်း သေချာသည်။ အကယ်၍ အသေပိတ်ထားပါက သူတို့သည် ထိုစက်ခန်းထဲက ပိုင်းလော့များရှိရာကို အတင်းဝင်ရန် ထုရိုက်အော်ခေါ်၍ တံခါးဖွင့်ခိုင်းရမည်။ ယခုကား သူတို့အတွက် အလွန်ကံကောင်းနေ၏။ ပိုင်းလော့များရှိရာကို အလွယ်တကူပင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်သော အခွင့်အရေးပင်။ ထို့ကြောင့် ဗိုလ်သိန်းကျော်က ...

"ဟေ့လူ အချိန်မကျသေးဘူးလား။ ချမယ်လေ"

ရှေ့ကထိုင်ခုံရှိ ဗိုလ်ကျော်အေးကို ပခုံးပုတ်ပြီး တိုးတိုး သတိပေးပြောလိုက်ရ၏။

ဗိုလ်ကျော်အေး မသိမသာ နာရီကို မြှောက်ပြပြီး ...

"နည်းနည်းလိုသေးတယ်။ လေယာဉ်ပျံတက်ပြီး ၁၅မိနစ်"

ဟု နောက်လှည့်ပြီး တိုးတိုးပြန်ပြောသည်။

ထို့နောက် ဗိုလ်ကျော်အေးသည် အပေါ်တိုက်ပုံအင်္ကျီကို ချွတ်လိုက်သည်။ ရှပ်အင်္ကျီကိုလည်း တံတောင်ဆစ်ထိ ကျကျနန လိပ်တင်ခေါက်သည်။ တိုက်ပုံနှင့် ရှပ်အင်္ကျီတို့မှာ အလုပ်လုပ်ရာ၌ ဖိုးရိုးဖားရား ရှုပ်နေမည် ဖြစ်သောကြောင့်ပင်။

ဤသည်မှာ သူတို့လုပ်ငန်းစကြတော့မည်ဖြစ်ကြောင်း သိသဖြင့် ဗိုလ်သိန်းကျော်က စောအငြိမ်းကို လက်ကုတ်၍ သတိပေးလိုက်သည်။ ထင်သည့်အတိုင်းပင် ဗိုလ်ကျော်အေးသည် သူ့ရှေ့ကထိုင်နေသော ဗိုလ်ကျော်သာကို ဆတ်ခနဲထပြီး ခါးကိုလည်း ခြောက်လုံးပြူးနှင့် ထိုးချိန်ကာ

"ဒီမှာ ... ဒီမှာ ဗိုလ်ကြီး၊ ကျုပ်ပြောမယ် သေသေချာချာ နားထောင်ပါ။ ခု ဒီလေယာဉ်ပျံပေါ်မှာ ကျွန်တော်တို့ စားပြတိုက်နေပြီ။ အဲဒါ ဒီမှာရှိတဲ့ ခရီးသည်အားလုံးဟာ တစ်ယောက်မှ ကျွန်တော်တို့ရန်သူမဟုတ်ဘူး။ ရန်သူနဲ့တူတာဆိုလို့ ခင်ဗျားတစ်ယောက်တည်းပဲပါတယ်။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော်တို့က ရန်သူရယ်လို့ သဘောမထားပါဘူး။ ကျုပ်တို့လည်း အထက်အမိန့်အရ တာဝန်နဲ့ ခုလို လာလုပ်ကြရတာ။ ခင်ဗျားလည်း ခင်ဗျားတာဝန်ဝတ္တရားနဲ့ ခရီးသွားတာမို့ ခင်ဗျားနဲ့ ကျုပ်တို့နဲ့ ဒီလေယာဉ်ပေါ်မှာ ရန်သူချင်း ချိန်းပြီးတိုက်ကြတာလည်း မဟုတ်ဘူး။ ဒါဟာ စစ်မြေပြင်လည်း မဟုတ်ဘူး။ ကျွန်တော်တို့က ခုလို သဘောထားသလို ခင်ဗျားကလည်း ဒီအတိုင်းပဲ ပြန်ပြီးသဘောထားပါ။ ဒီလိုမှ သဘောမထားဘဲ ခုခံရင်တော့ ခင်ဗျားတင်မကဘူး၊ လေယာဉ်တစ်စင်းလုံးပါ မီးလောင်သွားမှာပဲ။ ခင်ဗျားကို ကျုပ်တို့ ဘာမှမလုပ်ဘူး။ ခင်ဗျား ငြိမ်ငြိမ်သာ ခရီးသည်တစ်ဦးအဖြစ် နေပါ။ လှုပ်ရှားမှု လုံးဝမလုပ်ပါနဲ့။ လှုပ်ရင် ကျုပ်က လက်ဦးထားပြီ ဒီမှာကြည့်ပါ။ ဖြုတ်ထည့်လိုက်ရုံပဲ။ ကျုပ်တို့က သေပြီးသားလူအဖြစ်နဲ့ လေယာဉ်စားပြလာတိုက်တာ။ ခင်ဗျားသာ မဟုတ်ဘူး၊ ဒီလေယာဉ်ပေါ်မှာ ဘယ်သူ့ကိုမှ လှုပ်ရှားခွင့် မပေးဘူး။ ဒါကို ခရီးသည်အားလုံး မှတ်ထားကြပါ"

ဟု ကြိမ်းဝါးကာ ဗိုလ်ကြီးကျော်သာနှင့်အတူ အားလုံးကို ဗိုလ်ကျော်အေးက သတိပေးလိုက်သည်။

ဗိုလ်ကြီးကျော်သာကား တော်တော်ကြီးကို အံ့ဩသွားပုံရသည်။ သူ့အား ရန်သူက လက်ဦးထားပြီး ဖြစ်သည့်အပြင် အကယ်၍ သူ့မှာလက်နက်ပါ၍ ခုခံလျှင်လည်း ခရီးသည်အားလုံးပါ သေကုန်မည်ကို သူသိသည်။ ထို့ကြောင့်လည်း သူ့ခါးကို လာထောက်ထားသော ဗိုလ်ကျော်အေး၏ ခြောက်လုံးပြူးကို တစ်ချက်သာငုံ့ကြည့်ပြီး၍ မလှုပ်မရှားဘဲ အေးအေးဆေးဆေးပင် သူ့နေရာမှာထိုင်နေသည်။

ဗိုလ်ကျော်သာ ငြိမ်သွားသည်နှင့် ဗိုလ်ကျော်အေးက ဗိုလ်သိန်းကျော်အား ...

"ကဲ ... ချမယ်ဟေ့။ အချိန်စေ့ပြီ။ မင်း ကြောက်သလား"

ဟု ကရင်စကားနှင့် အော်ပြောလိုက်ရာ "ကြောက်သလား" ဆိုစကားကို ဗိုလ်သိန်းကျော်က ကျွဲမြီးတိုချင်သလို ဖြစ်သွားသည်။ မကြောက်၍သာ သူနှင့်အတူချရန် လိုက်လာခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ကာ ကြိုတင်စီစဉ်ထားကြသည့်အတိုင်း အလျင်အမြန်ပင် ရှေ့သို့ လျှောက်သွားလိုက်သည်။ ဗိုလ်သိန်းကျော်ထလိုက်သည်နှင့် စောအငြိမ်းလည်း ချက်ချင်းပင် ထလိုက်လာသည်။

ထိုအချိန်မှာပင် ဗိုလ်ကျော်အေးက ...

"ကျုပ်ရှေ့ကိုသွားပေမယ့် ခင်ဗျားမလှုပ်နဲ့နော်။ ဒီအတိုင်းပဲနေပါ။ လှုပ်ရင်တော့ ခင်ဗျားဒုက္ခ ခင်ဗျားရှာတာပဲ မှတ်ပါ။ ရန်သူနဲ့တူတာဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ပါတယ်ဆိုတာ ပြောပြီးပြီ။ ဒီတော့ ခရီးသည်မိတ်ဆွေအဖြစ် နေချင်လား၊ ရန်သူအဖြစ် သေချင်သလား ဒါပဲ"

ဟု ဗိုလ်ကျော်သာကို ဆက်လက်ခြိမ်းခြောက်ကာ စောအငြိမ်းအား ဗိုလ်ကျော်သာကို ထိန်းထားရန်ပြောပြီး ဗိုလ်သိန်းကျော်တို့နောက်တွင် သတင်းစာကိုကိုင်လျက် ကြက်သေသေနေသော လေယာဉ်အမှုထမ်းကို သေနတ်နှင့်ချိန်ကာ လေယာဉ်နောက် အိမ်သာ



www.burmeseclassic.com

www.burmeseclassic.com

ခန်းထဲ ဆွဲသွင်းထားခဲ့ပြီး မိုလ်ကျော်အေးက တံခါးပိတ်ထားလိုက်သည်။

မိုလ်ကျော်သာက မိုလ်ကျော်အေး နှစ်ခါထပ်ပြော ကြိမ်းမောင်းသော်လည်း "ဟုတ်ကဲ့ပါ၊ ကျွန်တော်ခင်ဗျားတို့ကို ဘာမှ မခုခံပါဘူး"ဟု တစ်ခွန်းမျှ ပြန်မပြော။ ဤသည်ကိုတော့ မိုလ်သိန်းကျော်က အသည်းယားနေသည်။ ထိုအချိန်မှာ မိုလ်သိန်းကျော်က စက်ခန်းနှင့် ခရီးသည်များကြားထဲ ကြိုတင်အစီအစဉ်အရ တာဝန်ယူထားရ၍သာ ဤသူ သက်သာသွားသည်။ အနီးအနား၌သာ ရှိနေလျှင်တော့ "ဟေ့ကောင် ... ပြောနေတာ မကြားဘူးလားကွ။ မင်း သေချင်လို့လား"ဟု ခြောက်လုံးပြူးဒင်နှင့် တစ်ချက်နှစ်ချက် ရိုက်မိလိုက်မည်မှာ မုချပင်။ ယခုတော့ မိုလ်သိန်းကျော်မှာ တာဝန်အရ စောအငြိမ်းနှင့် မိုလ်ကျော်သာတို့ အပါအဝင် ခရီးသည်များကိုလည်း မည်သူ မည်သို့ လှုပ်ရှားလာမည်ကို သတိကြီးစွာနှင့် စောင့်ကြည့်၍သာ နေနေရသည်။

စောအငြိမ်းကမူ ခဏသာ မတ်တတ်ထရပ်ပြီး ထိုင်လျက်က မိုလ်ကျော်သာကို ခြောက်လုံးပြူးနှင့် ချိန်ကာ မည်သို့ အမိပွာယ်ကောက်ရမှန်း မသိသော မျက်နှာနှင့် ရှိနေ၏။

မိုလ်သိန်းကျော်က သူနှင့်အနီးဆုံး ရှေ့တန်းတွင်ရှိနေသော ခရီးသည်များကို စိတ်ထဲ မလုံမလဲ ဖြစ်မိသဖြင့်

"ရှေ့ဆုံးထိုင်ခုံက ခရီးသည်လေဦး နောက်ထိုင်ခုံမှာ သွားထိုင်ကြပါ။ ဒါ ခင်ဗျားတို့အတွက် ပြောတာ"

ဟု အော်လိုက်သဖြင့် ရှေ့ဆုံးခုံမှ ခရီးသည်လေးယောက် ကုပ်ကုပ်ကလေး ထသွားကြပြီး နောက်ဆုံး သူတို့စောစောက ထိုင်ခဲ့ကြသော ခုံကို ပြောင်းထိုင်ကြသည်။ သူတို့မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်နေကြသည်ကို သိသာလှ၏။ မိုလ်သိန်းကျော်တို့ကိုလည်း မည်သည့် ဓားပြ၊ မည်သူ့ သူပုန်များဟု သိကြပုံမရကြသေး။

ထိုအချိန်မှာပင် မိုလ်ကျော်အေးက "မိုလ်သိန်းကျော်"ဟု အသံပေးလိုက်ပြီး စောအငြိမ်းဘက်ကို စိတ်မချသည့်ပုံစံနှင့် သေနတ်ယမ်းပြပြီး စောအငြိမ်းကိုလည်း သတိထားရန်မှာကာ စက်ခန်းဘက်လှည့်သွားသည်။

မိုလ်ကျော်အေး ပထမ စဉ်းစားထားသည်မှာ စက်ခန်းတံခါးကို ဖွင့်မရအောင် ပိတ်ထားပါက အတင်းအော်ခေါ် ခြိမ်းခြောက်၍ ဖွင့်ခိုင်းရမည်ဟု။ ယခုမူ တံခါးက စေ့ရုံသာ စေ့ထားသဖြင့် လေယာဉ်အတိမ်းအစောင်း အနိမ့်အမြင့်ပျံတိုင်း တံခါးက နည်းနည်းပွင့်လာလိုက်၊ ပြန်စေ့သွားလိုက် ဖြစ်နေသဖြင့် တံခါးကို ရှူးဖိနပ်နှင့် ခပ်ဆတ်ဆတ်ကလေး ကန်ဖွင့်လိုက်သည်။ "ဂျိုင်း"ခနဲ မြည်သံနှင့်အတူ စက်ခန်းတံခါး ပွင့်သွား၏။ တံခါးပွင့်သွားသည်နှင့် ညာလက်က ခြောက်လုံးပြူး၊ ဘယ်ဖက်လက်က လက်ပစ်ဗုံးကိုင်ထားသော မိုလ်ကျော်အေးသည် စက်ခန်းထဲကို တဟုန်ထိုးဝင်လိုက်သည်။ ရေဒီယိုအရာရှိက နားကြပ်တပ်ကာ ဆက်သွယ်ရေး လုပ်နေသည်ကို တွေ့လျှင်တွေ့ချင်း လူချင်းပူးကာ သေနတ်နှင့် ချိန်လိုက်သည်။ ပြီး သူ့နားတွင်တပ်ထားသော နားကြပ်ကို အတင်းဆွဲဖြုတ်လိုက်ကာ ကြမ်းခင်းပေါ် ကိုင်ပေါက်ပစ်လိုက်သည်။

"ဒါတွေ ပြန်မကိုင်နဲ့။ အခန်းထဲက ထွက်စမ်း အပြင်ကိုထွက်"

ဟုပြောပြီး ဆွဲခေါ်လာကာ မိုလ်သိန်းကျော်ဆီ မိုလ်ကျော်အေးက အပ်ထားလိုက်သည်။ ထို့နောက် ချက်ချင်း ပြန်လှည့်လိုက်ပြီး စက်ခန်းထဲရှိ ပိုင်းလော့နှစ်ယောက်ကို ခြောက်လုံးပြူးနှင့် ချိန်ရွယ်ကာ ...

"ဟေ့ ... မထနဲ့။ မလှုပ်နဲ့။ လှုပ်တာနဲ့ သေသွားမယ်"

ဟု အမိန့်ပေးလိုက်သည်။

ပိုင်းလော့နှစ်ယောက်မှာ မကြုံစဖူး အထူးအဆန်းလို ဖြစ်နေသဖြင့် ဘာမှန်းမသိဘဲ မိုလ်ကျော်အေးကို ကြောင်ကြည့်နေကြသည်။

"ဒီမှာ ကျုပ်ပြောမယ် သေသေချာချာ နားထောင်ကြ။ ခု ဒီလေယာဉ်ပျံကို ကျုပ်တို့ ဓားပြတိုက်နေတယ်။ ကျုပ်မောင်းခိုင်းတဲ့နေရာကို မောင်းရမယ်။ ကွေ့ကွေ့ကောက်ကောက် လုပ်မယ်မကြံနဲ့။ အကုန်သေကုန်မယ် သိလား။ တို့က အသေခံတွေ။ သေဖို့မကြောက်လို့ အခုလိုလုပ်တာ နားလည်လား။ တို့က ဓားပြသူခိုး အသေးစားမျိုးတွေ မဟုတ်ဘူး။ အသေခံတော်လှန်ရေးသမားတွေ။ ကော်သူလေးတွေကွ။ ခုချက်ချင်း နောက်တည့်တည့်ကို လမ်းကြောင်းပြောင်းမောင်းပါ"

ကျယ်လောင်သော ဒါကိုတာ စက်နှစ်လုံးတပ် လေယာဉ်သံကြောင့် အသံကိုမြှင့်ပြီး မိုလ်ကျော်အေးက အော်ပြောလိုက်၏။

မိုလ်ကျော်အေး၏ ခြိမ်းခြောက်သံကို ကြားတော့မှ ပိုင်းလော့နှစ်ယောက်မှာ သူတို့လေယာဉ်ကို ဓားပြ



www.burmeseclassic.com

www.burmeseclassic.com

တိုက်နေကြောင်း အတတ်သိသွားကြသည်။ ထိုအခါမှ သူတို့နှစ်ယောက်၏ မျက်နှာပေါ်က အပြောင်းအလဲကို မြင်လိုက်ရသည်။ သို့သော် လေယာဉ်မှာ ဗိုလ်ကျော်အေး မောင်းနိုင်းသလို အနောက်စူးစူးသို့ မမောင်းဘဲ ခရီးစဉ်အတိုင်း အနောက်မြောက်ထောင့် အကြား၌သာ အိမ်မြှောင်က ပြနေသည်။ လေယာဉ်ကိုလည်း ပိုပြီး အရှိန်ပြင်းပြင်း မောင်းလာတော့သည်။ ပိုင်းလော့နှစ်ယောက်စလုံးပင် ဗိုလ်ကျော်အေးကို ဘာစကားမှ ပြန်မပြောကြဘဲ ရှေ့ကိုသာ စိုက်ကြည့်၍ မောင်းနှင်နေကြ၏။ ဤသည်မှာ သူ့ကို မထီလေးပါး အသွင်ဆောင်နေသဖြင့် ဗိုလ်ကျော်အေးက ...

"ဟေ့ ... ဒီမှာ၊ ကျုပ်ခိုင်းတာ ခင်ဗျားမလုပ်ဘူးလား။ အနောက်တည့်တည့်ကို မောင်းပါ။ ပြောနေတယ် နားမလည်ဘူးလား။ ခင်ဗျားတို့ သေရဲတယ်ဆိုတဲ့ လူတွေလား။ ဟုတ်လား။ ကောင်းပြီ။ ကျုပ်တို့နဲ့အတူ သေကြတာပေါ့ ဟုတ်လား။ သုံးမိနစ်အတွင်း သေရစေ့မယ် စိတ်ချ။ ဘာလဲ ခင်ဗျားတို့က လေယာဉ်အကြောင်း နည်းမလည်ဘူးထင်လို့လား။ စမ်းတဲ့ သဘောလား။ ကဲ ... ဒါနောက်ဆုံး ခိုင်းမယ်။ ဟောဒီမြေပုံအတိုင်းမောင်း။ ဒီစာလည်းဖတ်ကြည့်။ ကျုပ်ဒီလိုပြောလျက်နဲ့ အူကြောင်ကြောင် လုပ်လို့ကတော့ ခင်ဗျားတို့လေယာဉ်တစ်စင်းလုံး ပေါက်ကွဲမီးလောင်ပြီသာမှတ်။ တို့က သေမထူး နေမထူးကောင်တွေ ဘာမှတ်လဲ ဒီမှာကြည့်စမ်း"

ဗိုလ်ကျော်အေးသည် ပြောပြောဆိုဆိုနှင့်ပင် ဗိုလ်ကြီးမောင်မောင်ဝေ ရေးပေးလိုက်သော စာရွက်နှင့် မြေပုံကို အိတ်ထဲက နှိုက်ထုတ်နေစဉ် ...

"ဘာလဲ ... ဘာကောင်လဲ"

ဟု ဗိုလ်ကျော်အေးရှိရာ နောက်ကျောကို တစ်ချက်လှည့်ကြည့်ပြီး အရေးမစိုက်သည့်ဟန် မခိုးမခန့်နှင့် အင်္ဂလိပ်ကြီးက မေးသလို ပြောလိုက်သည်။

"ဩော် ... ဘာကောင်လဲ ဟုတ်လား။ ရော့ ... ဒီမြေပုံအတိုင်း၊ ဒီစာအတိုင်း လုပ်ရင်လုပ်။ မလုပ်ရင် မင်းကိုသတ်မယ့်အကောင်လို့ မှတ်"

ဗိုလ်ကျော်အေး ပစ်ပေးလိုက်သော မြေပုံနှင့်စာကို အင်္ဂလိပ်ကြီး ပိုင်းလော့က ဖတ်ကြည့်ပြီး မြန်မာလက်ထောက် ပိုင်းလော့ဆီ စိတ်မပါသလို ဘာမှအရေးမကြီးဟန် ကမ်းပေးလိုက်သည်။

ဗိုလ်ကျော်အေးသည် သူတို့အချင်းချင်း၏ အမူအရာကို အကဲခတ် အရိပ်ကြည့်လိုက်သည်။ သူတို့ကို ကြည့်ရသည်မှာ များစွာ ထူးခြားမှုမရှိလှ။ ယခုထိ ဗိုလ်ကျော်အေး ခိုင်းစေသည့်အတိုင်းကိုလည်း လိုက်နာရန် မလိုဟန်သော သဘောကို ဆောင်နေသည်။ သို့သော် လေယာဉ်ကိုတော့ အရှိန်ပြင်းသထက်ပြင်းအောင် မောင်းလာသည်ကို သတိထားမိလိုက်သည်။

ဗိုလ်ကျော်အေး စိတ်ထဲမှာတော့ ဒုက္ခပဲ ဒီကောင်တွေ ငါထင်ထားတာထက်တောင် ခေါင်းမာလှပါလား။ ပထမ ဒုတိယ၊ တတိယဟု အဆင့်သုံးဆင့်ကို သူ့ခေါင်းထဲ ကြိုတင်စီစဉ်လာရာ ပထမနည်းကား ယခု ဘာမှ မထူးခြား။ သည်တော့ ဒုတိယနည်း သုံးရတော့မှာပဲဟု တွေးလိုက်သည်နှင့်

"ဟေ့ ... လူတွေ။ ခင်ဗျားတို့ ကျုပ်ခိုင်းတာ မလုပ်ဘူးပေါ့ ဟုတ် လား။ မင်းတို့ကို အလကားပြောနေ တယ် ထင်လား။ ဒါ ကလေးကစား နေတာ မဟုတ်ဘူးကွ။ မင်းတို့ထက် မိုက်လို့ သေရဲလို့ ဒီလိုလုပ်တယ်ဆိုတာ မှတ်ထား။ ဟေ့ ... ဒီမှာကြည့်"

ဗိုလ်ကျော်အေးသည် ပြောရင်း က နဂိုဖြုတ်လုဆဲဆဲ ချွတ်ထားသော လက်ပစ်ဗုံး(ပင်)လေးကို ဆွဲဖြုတ်လိုက် ပြီး သူတို့နှစ်ယောက်ကြားရှိ လေယာဉ် သီး နှစ်လုံးကြားသို့ ပစ်ချလိုက်၏ ထို့နောက် ခြောက်လုံးပြူး (စထရိုက် တာ) မောင်းတံကိုပါ ဆွဲတင်လိုက်ပြီး အင်္ဂလိပ်ပိုင်းလော့ကြီး၏ နားထင်ကို တေ့လိုက်ကာ ...

"ကဲ ... အနောက်စူးစူးကို ခ ချက်ချင်း လှည့်မောင်းစမ်း။ မမောင်း ရင် အကုန်မသာဖြစ်ပြီသာ မှတ်တော့ ဒါ ငါမင်းတို့ကို နောက်ဆုံးပေးတဲ့ အမိန့်ပဲ"

ဟု ကြမ်းကြမ်းရမ်းရမ်း အမူ အရာဖြင့် ဆဲဆိုကြိမ်းမောင်း၍ ခိုင်း လိုက်တော့မှ နောက်သို့ ပြန်ကွေ့ မောင်းသည်။

အရှေ့အနောက်ပြသော ကွန်ပါ ခွက်မှ မြားကလေးသည် အနောက် မြောက်မှ အနောက်၊ အနောက်မှ တောင်၊ တောင်မှ အရှေ့ဘက်ကိုပင် ပြန်ပြနေပြန်တော့သည်။

(ဆက်လက်ဖော်ပြပါမည်)

**ဖိုးကျော့**



www.burmeseclassic.com

www.burmeseclassic.com

## မလေးရှားနိုင်ငံ နာမည်ကြီးကားခိုးဂိုဏ်းကြီး ဖော်ထုတ်ဖမ်းဆီး ဖြိုခွင်းခဲ့



မလေးရှားနိုင်ငံ၊ Serdang မြို့မှ ရဲတပ်ဖွဲ့(အထူး)က ကြိုးပမ်းစုံစမ်းထောက်လှမ်းချက်အရ ပူးတွဲပါ ရုပ်ပုံတွင် တွေ့ရှိရသည့်အတိုင်း ကာလတန်ဖိုး မလေးရှားငွေ ရင်းဂစ်(ရင်းဂျစ်) ၁.၅ သန်းတန် ကိုယ်ပိုင်စီးမှန်လုံ ဇိမ်ခံကားများနှင့်အတူ ကားခိုးဂိုဏ်းဝင်(အဖွဲ့ဝင်)များ တရားခံ(၃)ဦးအနက် မိန်းမနှစ်ဦးအပါအဝင်တို့ကို လက်ရဖမ်းဆီးမိခဲ့ပြီး တရားခံများအား တရားရုံးတော်သို့ အမှုတင်သွင်း(တင်ပို့)နိုင်ရန်အတွက် ရဲတပ်ဖွဲ့မှ အပူတပြင်း ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိ၏။ ယင်းသို့ ကားများကို ယခုလောလောဆယ်အားဖြင့် ကားခိုးဂိုဏ်းမှ ရောင်းချထားသော သူနိုးလက်ခံပစ္စည်းဝယ်ယူသူ ကားပိုင်ရှင်ထံမှ ပြန်လည်သိမ်းလိုက်ပြီး ဖြစ်သည်။ ကားပိုင်ရှင်အစစ် ပေါ်ပေါက်လာနိုင်ရန်နှင့် မူလကားပိုင်ရှင်အစစ်များအား ဥပဒေအရ ပြန်ပေးနိုင်ဖို့ အမှုကို ဆက်လက်ကြားနာ စစ်ဆေးသွားမည်ဖြစ်၏။

ယင်းသည့်နောက် ယခုအခါ လွန်ခဲ့သော (၃)ရက်ခန့်ကလည်း မလေးရှားအထူးရဲတပ်ဖွဲ့မှ မသင်္ကာဖွယ်ရာ ကားခိုးဂိုဏ်းခေါင်းဆောင်ဟု ယုံကြည်ထင်မြင် ယူဆရသော လူ(အမျိုးသားကြီး) ၉ ဦးတို့ကိုလည်း ဖမ်းဆီးစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: The Nation (23, July 2013) Page(16)*

---

## အမေရိကန်ရေတပ်စခန်းတွင် သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှု



အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ အခြေစိုက်ရေတပ်စခန်းအတွင်းသို့ သေနတ်သမားတစ်ဦး အရမ်းမဲ့ ဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ၁၂ ဦးသေဆုံးခဲ့ရသည်။ သေနတ်သမားကို ရဲတပ်ဖွဲ့ က ပြန်လည်ပစ်ခတ်မှုကြောင့် ၎င်းလည်း သေဆုံးခဲ့သည်။ အသက် ၃၄ နှစ်အရွယ် အလက်ဇီ ဆိုသူ သေနတ်သမားသည် ရေတပ်တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အမှုထမ်းခဲ့သူ ဖြစ်သည်။

အရမ်းမဲ့ပစ်ခတ်မှုကြောင့် ၁၄ ဦး ဒဏ်ရာရခဲ့သေးသည်။ ၎င်းသည် ရေတပ်တွင်အမှုမထမ်းမီ ကွန်ပျူတာလုပ်ငန်းကြီးတစ်ခု၌ ကန်ထရိုက်ငယ်တာဝန် ထမ်းရွက်ခဲ့ဖူးသေးသည်။ ရေတပ်စခန်းတွင်းသို့ စည်းကမ်းတကျဝင်လာခဲ့ကြောင်း၊ စစ်စခန်းမှာ လွတ်တော်နှင့် နှစ်မိုင်သာကွာဝေးကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ၎င်း၏ဓာတ်ပုံကို ထုတ်ပြန်ကာ မည်သည့်အတွက်ကြောင့် ပစ်ခတ်သည်ကို အချက်အလက်များသိရှိပါက အကြောင်းကြားရန် ထုတ်ပြန်ထားသည်။




**Ref: N.S.T. (17.9.2013)**

မောင်ကောင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရှင် ငရဲအထိလိုက်မယ်

### မောင်ရွှေစိန်

(၁)

ပင်မ တံခါးဝကြီးတွင် ခတ်ထားသော သော့ခလောက်ကြီးကို သော့တံဖြင့် ကလန့်၍ဖွင့်လိုက်လေသည်။ အပြင်ဖက်မှ နေခြည်နုထွေးထွေးသည် အတွင်းမှအပြင်သို့ ရောက်လိုစိတ် ပြင်းပြနေသော ကောင်းအား နှုတ်ဆက်လာသည်။

ထောင်တံခါးမကြီးကို ဖွင့်ပေးလာသော တာဝန်ကျ ထောင်အမှုထမ်းကြီးကိုကြည့်လျက် ကောင်း မချိတရိ ပြုံးပြလိုက်သည်။

သည်တခါတော့ဖြင့် ကောင်း အပြင်လောကသို့ ပြန်ရောက် ရပြန်လေပြီ။

ထောင်အမှုထမ်းကြီးက အပြင်သို့ ငုံ့လျှိုးထွက်ရန် ပြင်ဆင်နေသော ကောင်း၏ ပခုံးကို ဆတ်ကနဲ လှမ်းပုတ်လာသည်။ ကောင်းသည် သူ့ ပခုံးကို လှမ်းပုတ်လာသူအား ပြန်၍ ငေးကြည့်ရင်း သူ၏ အပြင်သို့ လှမ်းတော့မည့် ခြေလှမ်းများကို ခပ်ဆိုင်းဆိုင်း ရပ်တန့်ထားလိုက်လေသည်။

"နောက်တစ်ခါ ပြန်မရောက်အောင် ကြိုးစားပါ ငါ့ညီရယ်"

ကောင်းသည် ထောင်အမှုထမ်း၏ ရင်ထဲ ဝမ်းထဲက ရိုက်ခတ်ပြီး ပေါ်ထွက်လာသော စကားသံကို ကြားလိုက်ရသောအခါ ထိုအမှုထမ်းကြီးအား တချက်မျှ ငေးစိုက်ကြည့်နေလိုက်သည်။

"ကျွန်တော်လဲ ပြန်မလာချင်ပါဘူး အစ်ကိုရာ၊ ဒါပေမဲ့…ထမင်းအတွက်ဘဲဖြစ်ဖြစ်၊ ဘဝရပ်တည်မှုကြောင့်ဘဲဖြစ်ဖြစ်၊ နာကျည်းစရာကောင်းတဲ့ကိစ္စနဲ့ဘဲဖြစ်ဖြစ် ကျွန်တော် ပြန်တော့ရောက်လာလိမ့်မယ်လို့ ထင်နေတယ်"

ကောင်းထံမှ စကားကို ကြားလိုက်ရသောအခါ ကောင်းစကားကို သေသေချာချာ စဉ်းစားနေသေး၏။ ပြီးမှ သူ၏ ခေါင်းကို ခပ်လေးလေး ရမ်းပြလျက်။

"ထမင်း အတွက်တော့ မရောက်စေချင်ပါဘူး ငါ့ညီ။ ဘဝရပ်တည်မှုအတွက်ဆိုတာတော့ အစ်ကိုလဲ ရှေ့မှာဘာဖြစ်မယ်ဆိုတာ ကြိုတင်မတွက်ဆတတ်တော့ မပြောတတ်ဘူး။ ဒါပေမဲ့လေ…ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ငါ့ညီကို အစ်ကို နောက်တစ်ကြိမ် တံခါးဖွင့် မပေးပါရစေနဲ့ကွာ"

"ကျွန်တော်လဲ အတတ်နိုင်ဆုံး ပြန်မရောက်အောင်တော့ ကြိုးစားပါ့မယ် အစ်ကို"

ကောင်းသည် စကားအဆက်ပြတ်သွားရန် ပြောလိုက်ရ၏။ သူ့ဘဝကို သူမှတပါး ဘယ်သူမှ မသိ။ ဒါကို ကောင်း နားလည်သည်။

အပြင်ဖက်မှ အလင်းရောင်သည် ကောင်းအား ပျူငှာစွာ ကြိုဆိုနေသည်

www.burmeseclassic.com

အတွက် အပြင်သို့ ရောက်လိုသော ဆန္ဒမှတပါး ကောင်းအဘို့ ဘာဆို ဘာမျှ မစဉ်းစား။

ထောင်ထဲတွင်ရှိသူ အတော်များများသည် ထောင်၏ စည်းကမ်းများကို တိတွေ့ခံစားကြရသောအခါတွင် မျှော်လင့်ချက် တခုခုနှင့် နောင်တ ရတတ်ကြသည်။

"အပြင်ရောက်ရင် ဘာအလုပ်ဖြစ်ဖြစ် ရှာလုပ်တော့မယ်"၊ "မကောင်းတဲ့ လူတွေနဲ့ ဆက်ပြီးအပေါင်းအသင်း မလုပ်တော့ဘူး"၊ "စိတ်လိုက်မာန်ပါ မလုပ်တော့ဘူး ဘာဖြစ်ဖြစ် စဉ်းစဉ်းစားစား လုပ်တော့မယ်" ဟူသော အတွေးမျိုးစုံဖြင့် မျှော်မှန်းရသော၊ တမ်းတ လွမ်းမောရသော အပြင်လောကအတွက် အတွေးသစ်၊ စိတ်ကူးသစ်၊ နောင်တသစ်တွေ တလှေတမကြီးနှင့် ကြိုတင် တွေးဆ ထားကြစမြဲဖြစ်သည်။

ထို လူများစုထဲတွင် ကောင်း မပါချေ။

ကောင်းသည် နက်ဖြန်အတွက် သူ ဘာလုပ်မယ်ဟူ၍ စိတ်ကူးပင် ထည့်ထားသူ မဟုတ်။

စိတ်ကူးထားရအောင်လည်း ကောင်းသည် နက်ဖြန်ဟူသော အချိန်အတွက် သူ့အဖို့ ဘာမှ ဘဝ အာမခံချက် ရေရေရာရာမရှိ။ နက်ဖြန် ဆိုသည်ကိုပင် သူ့အတွက် မမျှော်မှန်းရဲသော အခြေအနေ။

ယနေ့ ရပ်တည်နေရသော အခြေအနေနှင့် နက်ဖြန် ရပ်တည်ရမည့်ကာလကို သူ မနှိုင်းယှဉ်ပံ့။ နက်ဖြန်ဆိုသည်ကို သူ မပိုင်ဟု ကောင်း ယူဆထားခဲ့၏။

နက်ဖြန်ပေါင်းများစွာ စုစည်းထားသော အနာဂတ်ကာလအတွက်မူ ကောင်းသည် ယောင်လို့ပင် အိပ်မက်မမက်ခဲ့ဘူးချေ။

ယခုလည်း ထောင်မှူးဝ တံခါးမကြီး ဖွင့်ပေးပြီး အပြင်သို့ ခြေလှမ်းချလိုက်မိသည်နှင့် ကောင်းသည် သူ၏ခြေလှမ်းတို့အား တနေရာဆီသို့ အသေအချာ တွေးတွေးဆဆ သွားစရာဟူ၍ မရှိ။ သိလည်း မသိ။ ရှိလည်း မရှိ။

အပြင် ဩကာသ လောကကြီးသည် ပြေးလွှားလှုပ်ရှားမှုများဖြင့် အဝတိ ပြီးနေ၏။

ငြိမ်ငြိမ်သက်သက်ဟူသော နေရာဟူ၍ မရှိ။

ကားတွေကလည်း ဥဒဟို ဟိုမှသည် သည်မှဟိုသို့ ဖြတ်သန်းသွားလာနေကြ၏။

လူတွေကလည်း လူတွေမို့လို့ ရုံးစုရုံးစုနှင့် သွားလိုက်ကြ၊ လာလိုက်ကြ၊ လှုပ်ရှားနေ၏။

လူတွေသာမကသေး၊ တိရစ္ဆာန်များပင်လျှင် လှုပ်လှုပ်ရှားရှားတွေ တွေ့နေရသည်။

ကောင်းသည် ပတ်ဝန်းကျင်ကို တချက်မျှ ငေးမောကြည့်ရင်း သူ၏ ခြေလှမ်းများကို ပြန်၍ လှမ်းလိုက်သည်။ သူ၏ ခြေလှမ်းများပင် စောစောက မသယ်ချင် သယ်ချင် လှမ်းလာသော ခြေလှမ်းများ မဟုတ်။ သွက်လက်လာသည်။ မြန်ဆန်လာသည်။

ဘဝအတွက် ခြေလှမ်းများသာ မှန်ကန် သွက်လက် ဖျတ်လတ်မှုရှိလျှင် ကောင်းအဘို့ ကောင်းလိုက်မည့်ဖြစ်ခြင်း။ ဒါပေမဲ့ ကောင်း ဘာဆို ဘာမှ ဝမ်းနည်းတွေးတောမနေ။

သည်ဘဝမျိုးကို ရောက်ရခြင်းအတွက်လည်း သူ ဝမ်းမနည်း။

သူ့အဖို့ ကံကို ယုံကြည်လွန်းလို့ မဟုတ်။ ကုသိုလ်ကံ အကျိုးပေး နည်းခဲ့လို့ဟု ပြောသာသလို ပြောသည်။

သူ ဘာကြောင့် ဒီလို ဖြစ်ခဲ့ရသည်ကိုတော့ သူ အဖြေရှာကြည့်ခဲ့ဘူးသည်။ အဖြေကိုလည်း သူတွေ့ရသည်။ ဒါပေမဲ့ အဲဒီအဖြေကိုတော့ သူ့ရင်ထဲမှာသာ သူ သိမ်းဆည်း ထားလိုက်မိသည်။

သူ ဘယ်သူ့ကိုမှလည်း ဖွင့်ဟ မပြောမိ။

သူလို လူတွေအများကြီး ရှိနေသည်။ ဒါကို သူ အဖြေထုတ်စဉ်က တွေးမိ၏။ သူ တွေးမိသည်နှင့် သူလိုအပ်သောအဖြေကို ဒက်ကနဲ ရှာလို့ တွေ့ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

သူသည် လောကတခုအတွက် သားကောင် ဖြစ်နေခဲ့လျှင်။သားကောင် ပမာ မိမိ၏အသက်နှင့် ခန္ဓာကိုယ် တည်မြဲနေနိုင်အောင် သူ့အတွက် ပေးလာသော အခွင့်အရေး လုပ်ခွင့်လုပ်ရာများနှင့် လှုပ်ရှား၍ နေရပေဦးမည်။

သားကောင်ဖြစ်သော ဘဝအတွက် သူ၏ အသက်အန္တရာယ်ကို မှောင်စတေး မခံနိုင်သောကာလ၌ သူသည် ပြေးလွှားရှောင်တိမ်းရမည်။

သူ့ဘဝတလျှောက်တွင် မုဆိုး၏ ထောင်ချောက်အတွင်းသို့ သက်ဆင်းမိသည်မှာလည်း အကြိမ်ကြိမ်အခါခါပင် ရှိခဲ့လေပြီ။ ဒါပေသည့် ယနေ့ထိ အသက်နှင့်ခန္ဓာကိုယ် အိုးစားမကွဲခဲ့သေး။

သူရပ်တည် လှုပ်ရှားရသော ဘဝသည် လမ်းပေါ်က လမ်းပျော်ဘဝ။

လမ်းမှာ မပျော်၍ မဖြစ်။

လမ်းမပေါ်မှာ ထမင်းရသည်။

လမ်းပေါ်မှာ အဝတ်အထည် ရသည်။

အဲဒါတွေအားလုံးကို ချုပ်သိမ်းဖန်တီးတတ်သော စွမ်းအားမှာ ငွေ။

လမ်းမပေါ်မှရသော ငွေကြောင့် သူသည် အချုပ်ခန်းနှင့် ထောင်နှုတ်ခမ်းပေါ်ဝယ် ကြိုးတန်းပေါ်တွင် လမ်းလျှောက်သလို စွန့်စားခဲ့ရပေါင်းလည်း များလှပေပြီ။

ယခုတခေါက် ရောက်သည်ကတော့ လုယက်မှုလည်း မဟုတ်။ ခါးပိုက်နှိုက်မှုလည်းမဟုတ်။ ပန်းတိမ်မတတ်ခင် ရွှေနီးသင်သကဲ့သို့ သော့တူဖွင့်မှု ကိစ္စပင်။

သူ့ကို အထာပြသူက ပြခဲ့သည်။ ဒါပေသည့် ပညာဆိုတာ လူတိုင်းကို ကုန်အောင်စင်အောင် ပြလို့ကမဖြစ်။ သည်တော့ ပညာပေးသူက ဆရာစား နဲနဲချန်သွားသည်။ ဟင်းစားသာ ပေးလျက် ကွန်ချက် မပြခဲ့။

ကောင်းသည်・・・ထိုရွှေ ထိုမျှထိ မတွေး။ သူ့ကို ပေးသွားသော ပညာကိုပင် သူ့အတွက် ဖူလုံပြီထင်ကာ သူ၏ ပါးစပ်ပေါက်နှင့် ဝမ်းဗိုက် ဖြည့်တင်းရေးအတွက် လှုပ်ရှားကြည့်သည်။ မတတ်ကျွမ်း မလိမ်မာတော့・・・သူ အမိခံလိုက်ရသည်။

မပြည့်ဝသေးသော သူ့အတွက် ထောင်ထဲတွင် ဆည်းပူးလေ့လာခွင့်နှင့် ပညာသင်ခွင့်ရခဲ့လေသည်။

ရွှေသော့ ဘမိုး။

ကီး မောင်ပိန်။

ဖောက်ထွင်းဝိဇ္ဇာ ပါရဂူ။

ချိုင်းနားမိတ် ကပ္ပလီတည်းဟူသော ဆရာကောင်း သမားကောင်း လေးဦးထံတွင် ကောင်း ပညာရင်နို့ သောက်စို့ကာ "သော့" ပညာရပ်ပေါင်းများစွာကို ကျွမ်းကျွမ်းကျင်ကျင် သင်ယူခွင့် နာကြားခွင့် ရခဲ့သည်။

ရွှေသော့ ဘမိုးဆိုလျှင် မည်သည့် ပုံစံနှင့်မှမတူသော ကိုယ်ပိုင်ရွှေသော့ကိုပင် ခတ်ထားစေဦး၊ ဘမိုး ကြိုးစားလိုက်လျှင် တခဏနှင့် ပွင့်သွားစေရမည်ဟု အာမခံရဲခဲ့ကာ သော့ဝိဇ္ဇာသာမကတော့ ရွှေသော့ဟူသော ဘွဲ့သညာ တလုံးနှင့် ပညာရှင်တစ်ဦးပင်။

နောက်တစ်ယောက်ကား ကီး မောင်ပိန်။

တကယ်ဆိုတော့ သော့မောင်ပိန် ပင်ဖြစ်သည်။ သို့သော် သော့ဟူသော စကားကို အင်္ဂလိပ်စကားဖြင့် ရောညှပ်သုံးစွဲထားသူဖြစ်သည်။ ကီးမောင်ပိန်၏ အစွမ်းကား သော့ကို ကြည့်လျက်နှင့်ပင် သော့ဘယ်နှစ်ချက် ခတ်ထားသည်။ နှစ်ချက်ခတ်သော၊ သုံးချက်ခတ်သော့များကို ကြည့်လျက် ငါးမိနစ်အတွင်း အလွယ်တကူ ဖွင့်နိုင်စွမ်းရှိသူဖြစ်သည်။ ကီးမောင်ပိန် လက်လျှော့ရသော သော့ဟူ၍ မရှိပါဆိုသော အသုံးအနှုန်းကို နာမည်ခံယူလျက် သူ၏ တတ်ကျွမ်းအပ်သော သော့ပညာများကို ပညာနုသေးသော ကောင်းအား ပို့ချသင်ကြားပေးခဲ့၏။

ဖောက်ထွင်းဝိဇ္ဇာပါရဂူ။ သူ၏ အမည်မှာ မောင်ဒွေး ဖြစ်သည်။ သို့သော် ဘယ်သူကမှ မောင်ဒွေးဟု မခေါ်ကြ။ ပါရဂူဟူသော ဘွဲ့သညာ ပေးထားရလောက်အောင်ပင် ဖောက်ထွင်းမှုအတတ်၌ တဖက်ကမ်းခတ် တတ်ကျွမ်းထားသူ ဖြစ်သည်။ ကားဂိုဒေါင်၊ အိမ်၊ အစိုးရဂိုဒေါင် အမျိုးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ် အခါခါ ဖောက်ထွင်းခဲ့မှု ကြောင့် ထောင်ထဲသို့ တစ်ကြိမ်မက နှစ်ကြိမ်မက ရောက်ခဲ့ပြီးသူ ဖြစ်သည်။

ယခုလည်း သူ့အဖို့ လွတ်ရက် လွတ်လမ်းကို မျှော်မှန်း၍ မရသူပီပီ ကောင်းအား ဖောက်ထွင်းမှု အမျိုးမျိုး ကို ကုံလုံပြည့်ဝအောင် သင်ကြားပေး လိုက်သည်။

ချိုင်းနားမိတ်၊ ကပ္ပလီ . . .သူက လည်း လူကသာအရွယ်ငယ်သည်။ သူ့ ပညာကလည်း မသေးလှချေ။ တရုတ် ပြည်လုပ် သော့အမျိုးမျိုးကို သူ၏ ဖွား ဖက်တော် သော့ဝိဇ္ဇာလေး၏ အစွမ်း အစဖြင့် အလွယ်တကူ ဖွင့်နိုင်သူ ဖြစ် ပေသည်။

တရုတ်ပြည်လုပ် သော့အမျိုးမျိုးကို ပုံစံအမျိုးမျိုး ရေးဆွဲပြသလျက် သူ့ လက်ကိုင် သော့ဝိဇ္ဇာအား ကောင်းကို ချစ်လွန်းလို့ဆိုကာ ထောင်မှ ထွက်ခါနီး တွင် ဖြစ်သည့် နည်းဖြင့် လက်ဆောင် ပေးလိုက်လေသည်။

ဤကဲ့သို့ ဆရာ့ ဆရာကြီးများထံမှ နည်းနိသျှ ခံယူခဲ့ရသော ကောင်းသည် အပြင်လောကသို့ ရောက်သောအခါ မိမိ၏ ရပ်တည်မှု ဘဝကို မည်ကဲ့သို့ အသုံးချရမည်။ ဆောင်ရွက်ရမည်ကို အလွယ်တကူပင် တွေးပြီး ဖြစ်သည်။

အပြင်လောက၌ သူနှင့် သက်တူ ရွယ်တူ အဖော်နှစ်ဦး ကျန်ခဲ့၏။

သူတို့နှစ်ဦးဆီသို့သာ သူသွားရန် ရှိသည်။

သူတို့ကား အလုပ်ကိစ္စများအတွက် ပွဲစားများ ဖြစ်သည်။ အိမ်ဖောက်ချင် သလား။ ပစ္စည်းခိုးပေးရမလား။ လိုအပ် သောပစ္စည်းကို ထားပေးရမလား။ အလုပ် လက်ခံခဲ့သည်။ ပြီးမှ ကျွမ်း ကျင်သူများကို ရှာဖွေလျက် အလုပ်အပ် သူနှင့် အလုပ်, လုပ်မည့်သူများကို တွေ့ဆုံ ဆက်သွယ်ပေးတတ်ကြသူများ ဖြစ်၏။

လောလောဆယ် အလုပ်မရှိသော ကောင်းအဖို့ သူတို့နှစ်ဦးထံ သွားရန်သာ ရှိသည်။ သူတို့နှစ်ဦးကား ညီကြီးနှင့် ဟသ်ာ။

(၂)

နာရီလက်တံသည် တဖြေးဖြေး ရွေ့ လျားနေသည်။

စက္ကန့်လေး နှစ်စက္ကန့်အတွင်း၌ ရင်ခုန်သံ တချက်သည် စီးကျဝါးကျ ကျဆင်းနေ၏။

သို့သော် နာရီလက်တံတို့ ရွေ့လျား မှုကြာလာသောအခါ သတ်မှတ်ထား သည့်အချိန်မှာ နီးကပ်လာပြီဖြစ်သော ကြောင့် "ကောင်း"၏ ရင်ခုန်သံနှုန်း သည် ပိုမို၍လျင်လျင်မြန်မြန်ခုန်လာ၏။ ရင်ခုန်သံ တစ်ချက်သည် တစ်စက္ကန့် မပင် ပြည့်လိမ့်မည် မထင် တစ်ခါခုန် ပြီး နောက်တစ်ခါ ဆင့်ကဲ ဆင့်ကဲ ခုန်နေတော့သည်။

နာရီလက်တံရှည်သည် စက္ကန့် ကွက်ကလေးမှ မိနစ်အစက်ကလေး တစ်စက်ဆီသို့ ရွေ့လျားပြောင်းလဲလာ၏။

ကောင်းသည် သူ့လက်ထဲ၌ အသင့်ရှိနေသော "သော့ဝိဇ္ဇာ"ကလေး ကို ငုံ့ကြည့်လိုက်၏။

ကြည့်သည်မှ လွယ်လွယ်ကူကူ ပြီးလွယ် စီးလွယ် ကြည့်လိုက်ခြင်းမျိုး မဟုတ်။ စူးစူးစိုက်စိုက် သေသေချာချာ ကြည့်သော အကြည့်မျိုးဖြစ်သည်။

ညသည် အမှောင်ထု လွှမ်းခြုံမှုကို ပိုမိုအားပေးလာ၏။

"ကောင်း" ဤနေရာသို့ ရောက် နေခဲ့သည်မှာလည်း ကြာလှပြီ။

သို့သော် ခုချိန်ထိ "အထာ"ပေး မည့်သူထံမှ "အထာ" မပြသေး။

နိုက်နိုက်တုန်မျှ အေးသော ဆောင်း တွင်းပင် ဖြစ်လင့်ကစား "ကောင်း" တွင် ရွှဲနစ်နေသော ချွေးသီး ချွေးပေါက် များနှင့်ရှိနေသည်။ အေး၍ တဆတ် ဆတ် တုန်သည်မဟုတ်တဲ့ သူ၏စွန့်စွန့် စားစား ရောက်နေရသော နေရာကြောင့် ခြေထောက်ရော၊ လက်တို့ပါ တဆတ် ဆတ် တုန်နေသည်။

အောက်ဖက်သို့ ရဲရဲဝံ့ဝံ့ပင် မကြည့် ရဲချေ။

အောက်ဖက်တွင် သွားလာလှုပ်ရှား နေသူများကို ကြည့်မိလျှင် ပုရွက်ဆိတ်

www.burmeseclassic.com

အရွယ်မျှလောက်ဟု ထင်ရမည့် လူ သေးသေးကွေးကွေးများကို မြင်နေရသည်။

ပေ . . .သုံးရာနီးပါး အမြင့်ရှိမည် ထင်ရသော တိုက်အိမ်ကြီးတစ်ခု၏ ပြတင်းပေါက်အနီး သံဘောင်ပေါ်တွင် ရှိနေသည်။

ကြာတော့ ခြေထောက်ရော လက်ပါအေးလာပြန်သည်။

သို့တိုင်အောင်ပင် အထာသမားမှာ အရိပ်အယောင်မျှပင် မတွေ့ရ။ ခက်တော့ ခက်နေပြီ။ ပြန်ဆင်းဘို့ကလဲ တကယ်တော့ မလွယ်။ ဆင်းလာခဲ့ပြီးမှ ပြန်တက်ရဘို့ကလဲ ပို၍ မလွယ်သေး။

ဘာပဲဖြစ်ဖြစ် "ကောင်း"သည် ဖွဲ့ရှိရှိနှင့် စောင့်ရန်သာ ဆုံးဖြတ်ချက်ချလိုက်မိသည်။

ဒီလိုမှ မဆုံးဖြတ်ရင်လဲ မဖြစ်။ သူ့ အလုပ်က လုပ်မှဖြစ်မည်။ သူ့ဘဝက ထိုသို့နေလာရန် အခြေအနေပေးလာသည်။

တကယ်ဆိုတော့ "ကောင်း" ကြောက်တော့ ကြောက်နေ၏။

မကြောက်၍လည်း မဖြစ်။ ခြေချော် လက်ချော်ကျလျှင် ကီစွတုံး အသက်ပါ ပျောက်သွားနိုင်သလို။ လူမိလျှင်လည်း အလွတ်ရန်ပြေးဘို့ မလွယ်။ လူက ဦးလျှင် သူလို လူမျိုးအဖို့ မရှုမလှ ဇာတ်သိမ်းရမည်သာ ဖြစ်သည်။

ဒါပေမဲ့ "ကောင်း"သည် သူ့စိတ်ကို သူ နိုင်နိုင်ထား၏။ နိုင်အောင် ထိန်း၏။

တွေ့ချင်သူနဲ့ တွေ့ ဖြစ်ချင်ရာ ဖြစ်သွားဘာဆို ဘာမှမမှုတော့၊ ရင်ဆိုင်ပြေး၍ တွေ့ပစ်ရန်သာ ဆုံးဖြတ်ထား၏။

သို့ရာတွင် ကောင်းသည် သက်သက်မဲ့ တစ်စုံတစ်ယောက်ကိုမှ အန္တရာယ် မပေးချင်။ မိမိ လွတ်မြောက်ရန် အရင် ဆုံးကြိုးစားမည်။ မလွတ်ခဲ့လျှင် မိမိ ခံမည်။ မိမိ၏ အဖော်များ လုံးဝ မထိခိုက်ရအောင် အနစ်နာခံတတ်သော စိတ် "ကောင်း"၌ ရှိသည်။

"ကောင်း"ကို လောက၌ အခင်ဆုံး၊ အမင်ဆုံး၊ အချစ်ဆုံးသည် အဖော်။

"ကောင်း"ကို ဤလောကသို့ ရောက်အောင် ပို့သူတို့မှာ အဖော်များ။

ဒါတွေအားလုံးကို "ကောင်း"သည် အပြစ်တင်သော၊ အပြစ်ဖို့လိုသော ဆန္ဒမျိုးဖြင့် တွေးနေခြင်းမဟုတ်။ "ကောင်း"၏ ကြမ္မာ၊ "ကောင်း"၏ အခြေအနေ၊ "ကောင်း"၏ ကံတရားက ထိုအတိုင်း ဖန်လာ၍ ဖြစ်သည်။ "ကောင်း" ကံကိုတော့ လုံးလုံးပုံမချ။

"ကောင်း" ၌ ထက်မြက်သော အတွေးအခေါ်တရား အပြည့်အဝရှိသည်။ မိမိ၏ ဘဝအတွက် သူတပါးကြောင့်ပါဟု လက်ညှိုးညွှန်ကာ အလွတ်ရုန်းတတ်သူလည်း မဟုတ်။

"ကောင်း"သည် ခေါင်းဆောင်တစ်ဦးမဟုတ်။

သို့သော် ခေါင်းဆောင်ကောင်း တစ်ယောက်၏ စိတ်ထားမျိုး "ကောင်း" တွင် အပြည့်အဝရှိသည်။

ဟော . . .ပြောရင်းဆိုရင်း "အထာ" ပြနေပြီ။

"ကောင်း" အဖော်ကို ရှင်လန်းသွားသည်။ သူလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုကို အောင်အောင်မြင်မြင် လုပ်ဆောင်ရမည်ဖြစ်သောကြောင့် သူ၏လက်စွမ်းကို ပြခွင့်ရပြီဟု ကြိတ်၍ ဝမ်းသာမိနေသည်။

အားလုံးက "ကောင်း"ကို အထင်ကြီးသည့် ပုံမျိုးမပြ။ "ကောင်း"လို ကလေကချေတစ်ယောက်သည် ထို အလုပ်မျိုးကို ပိရိကျနစွာ လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မည်ဟု မထင်။

ပြီးတော့ လုပ်ဆောင်ရမည့် အလုပ်က ဖောက်ထွင်းမှု တစ်ခုသက်သက်မျှ မဟုတ်။ မြင့်မားစွာသော တိုက်မြင့်မြင့် အစွန်အဖျားတွင် ကြိုးစားပမ်းစားလုပ်ရမည့်အလုပ် ဖြစ်နေသည်။ ဤမျှ မြင့်သောတိုက်ကို လှေကားဖြင့် တက်ရသည်မှာပင် အဖော်ကို သတ္တိမွေးရမည်ဖြစ်သည်။

ယခုတော့ ရေပိုက်လုံးကိုတွယ်။ ရေပိုက်လုံးကနေတဆင့် တွယ်ကပ်။ သံဘောင်ကြီးများပေါ်သို့ အရဲစွန့်ဖြတ်လျှောက်ခဲ့ရပြီးမှ "အထာ"ပေးထားသော တိုက်ခန်း၏ ပြတင်းပေါက်အနီးသို့ ရောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် "ကောင်း"ရမည့် အသပြာမှာ ငွေတစ်ထောင်မျှသာ ဖြစ်သည်။

သူတို့အဘို့ အဘယ်မျှ အရေးကြီးနေသော လိုအပ်နေသော ပစ္စည်းဖြစ်သည်မသိ။ "ကောင်း"ကို ငွေတစ်ထောင်ပေးပါ့မည်ဟုဆိုကာ ဗုားရမ်းလာသည်။

ဦးစွာ တွေ့စဉ်တုန်းကတော့ မုန့်ဘိုးပဲတိုးလောက် ပေးမည်ဟု ဆိုလာသည်။ ဒါမျိုးကို "ကောင်း" နေကြောနေပြီ။ ဒီလိုနှင့်မရတော့။ "ရောပတ္တမြား ရောနဂါး"ဆိုသော ထုံးကို "ကောင်း" ကျင့်သုံးခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

ယခု…အလုပ်လက်ခံပြီးသည်နှင့် ငွေတဝက်ကို လက်ခံယူခဲ့သည်။ အောက်သို့ရောက်၍ လိုချင်သော ပစ္စည်းကို ယူပေးပြီးလျှင် ကျန်ငွေငါးရာ ထပ်ပေးရမည်။

အကယ်၍ မလိမ့်တပတ်လုပ်လျှင် "ကောင်း"သည် ထိုလိုအပ်သော ပစ္စည်းကို ၎င်းတို့လက်ထဲ အပ်နှံခြင်းမပြုဘဲ ထွက်ပြေးရန် အကြံအစည်ရှိပြီးဖြစ်သည်။

ပြတင်းပေါက်ကို ကောင်းသေသေချာချာလေ့လာနေသည်။

ပြတင်းပေါက်မှန်ကိုတော့ ခွဲရပေမည်။ ခွဲသည်ဆိုတော့လည်း လက်ထဲတွင် ပါလာသော မာကြောသည့် အရာဝတ္ထုတစ်ခုဖြင့် လွယ်လွယ်ကူကူ ရိုက်ခွဲလိုက်၍မဖြစ်။ အေးအခန်းတွေကရှိသေးသည်။ ပြီးတော့ မှန်ကွဲစတွေ အောက်သို့ရောက်သွားလျှင် တစုံတယောက်က မော့ကြည့်လိုက်မည်ဆိုပါက သူ့ကို တွေ့သွားနိုင်သည်။

ဤတစုံတယောက်သည် မော့ကြည့်ပြီး သူ့ခရီးကိုသူ ဆက်၍သွားလျှင် အကြောင်းမဟုတ်။

သူ၏ နှုတ်ခမ်းနှစ်လွှာသည် လှုပ်ရှားလာပြီး အော်လား ဟစ်လား လုပ်ခဲ့သည်ရှိသော် ကောင်း ပြေးစရာလမ်းမမြင်။ ပြီးတော့ လွတ်လမ်းလည်း ရှိမည်မဟုတ်။

အလုပ်တစ်ခုခု လုပ်တိုင်း ပတ်ဝန်းကျင်အခြေအနေကိုတွက်ဆတတ်သော ကောင်းသည် ယခု ပြတင်းပေါက်မှန်ခွဲရန်အတွက်လည်း သူ၏လုပ်ထုံးလုပ်ရပ်အတိုင်း ဆောင်ရွက်ရပေမည်။

ကော်သုတ်ထားသော သတင်းစာစက္ကူတစ်ရွက်ကို သူ၏ဂျာကင်အင်္ကျီအိတ်အတွင်းမှ ဆွဲထုတ်ယူလိုက်သည်။ ခြောက်သွေ့နေပြီဖြစ်သော ကော်ကိုပြန်၍ စိုထိုင်းလာရန် သူ၏ လျှာပေါ်တွင်တင်ကာ လျက်လိုက်ရသည်။ တံတွေး နှင့် ထိတွေ့လာသောအခါ ကော်စေးတို့သည် အစိုပြန်လာသည်။ ကောင်း၏လက်၌ ကပ်စေးလာသည်။

ကောင်း မှန်ပြတင်းပေါက် တနေရာ၌ အသာအယာ ကပ်လိုက်၏။

သူ၏ ဘောင်းဘီအိတ်အတွင်း၌ရှိသော လက်ကိုင်ပုဝါကိုဆွဲယူထုတ်ကာ ကော်သုတ်ထားသော သတင်းစာစက္ကူအပေါ်မှနေ၍ ညီညာပြေပြစ်အောင် ကော်သုတ်ထားသော စက္ကူနှင့် ပြတင်းပေါက်မှန်သား စွဲကပ်သွားအောင် အသာအယာ လက်ကိုင်ပုဝါနှင့် ပွတ်တိုက်ပေးလိုက်၏။

ပြီးတော့မှ သူခါးကြားထဲ၌ ပါလာသော စားမြောင်ကို အသာဆွဲယူ ထုတ်လိုက်၏။ မှန်ကို အသာအယာ စမ်းသပ်ကြည့်သည်။ စက္ကူကပ်ထားသောနေရာ အလယ်တည့်တည့်ကို ချိန်ဆလျက် ဆက်ပြီး ခွပ်ကနဲ အသံမထွက်အောင် ခပ်အုပ်အုပ် ထုလိုက်၏။

မှန်သားသည် ကွဲအက်၍ ကြေမွသွား၏။ အထူးသဖြင့် စားမြောင် စားနှောင့်နှင့် တိုက်ရိုက် အထုခံရသောနေရာသည် ပို၍ မွကြေသွားသည်။

ကောင်းသည် သူ့လုပ်ရပ်ကို သူသဘောကျစွာ ပြုံးလိုက်မိပြန်သည်။

ပြီးတော့ စောစောက ကပ်ထားသော စက္ကူကို အသာအယာခွာလိုက်သည်။

မှန်ကွဲကလေးများသည် ကော်သုတ်ထားသော စက္ကူတွင် ကော်နှင့်ထိတွေ့တွဲကပ်ပြီးပါလာလေသည်။ မှန်တံခါးကလန့်ကိုဖွင့်ရန် လက်တစ်ချောင်းဝင်သာသည့် အပေါက်ပေါင်းလောင်းကလေးကို ကောင်း တွေ့လိုက်ရ၏။ သို့နှင့် သူ၏လက်ကလေးကို သွင်း၍ ကလန့်ကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်တံခါး ပွင့်သွားသောအခါတွင် ကောင်းသည် ပြတင်းပေါက် ဘောင်ပေါ်သို့ သူ၏ လက်နှစ်ဖက်ကို အားပြု မြှောက်ကာ ကိုယ်ကို တွန်းအားအရှိန်ယူလျက် ခုန်တက်လိုက်၏။

ပြတင်းပေါက် ဘောင်ပေါ်သို့ ကောင်းရောက်သွားပြီးနောက် အတွင်းသို့ဝင်လိုက်သည်။ အတွင်းသို့ ရောက်လျှင် ဓာတ်ခဲနှစ်လုံးထိုး လက်နှိပ်ဓာတ်မီး အသေးစားလေးဖြင့် ဟိုဟို သည်သည်သို့ ထွေ့ရမ်းကြည့်လိုက်သည်။ အခန်းမကျယ်ကြီးတစ်ခု အတွင်းဆီသို့ ကောင်း ခပ်မှန်မှန် လျှောက်လာခဲ့သည်။

ကောင်းသည် သူ့ကို မြေပုံနှင့်တကွ ညွှန်ကြားပေးလိုက်သော ဗိုင်တွဲများထားရာ သံမဏိ ဘီဒိုတစ်ခုကို ရှာဖွေကြည့်နေသည်။

တစ်ခုသော ဘီဒိုရှေ့တွင် ကောင်း ရပ်လိုက်၏။ ပြီးတော့ သူ့ကျောပိုးအိတ်ထဲမှ ပစ္စည်းကိရိယာများကို တစ်ခုချင်း အေးအေးဆေးဆေး ထုတ်လိုက်၏။

ခြေဖြင့်နင်းရသော ဓာတ်ဆီသုံး ဖားဖို အသေးစားလေးတစ်ခု။

ကောင်း မီးခြစ်လိုက်၏။ ပြီးတော့ ဖားဖိုကို ခြေထောက်ဖြင့် မှန်မှန်လေး နင်းလိုက်၊ ကြွလိုက်လုပ်သည်။ မီးကို ဖားဖိုနှင့်တဆက်တည်း ဆက်သွယ်ထားသော ဂဟေဆော်သည့် မီးကောက်၏ ပြောင်းဝတွင် အသာကပ်ညှိလိုက်သော အခါ ဓာတ်ဆီငွေ့ကြောင့် မီးကောက်တွင် မီးတောက်တန်းကလေးများ ဝင်းလက်စွာ ပေါ်လာသည်။

ကောင်းသည် သူ၏ မီးတောက်တန်းကလေးကို သံမဏိဘီဒိုကြီး၏ တနေရာသို့ တည့်မတ်စွာချိန်လျက် ဖားဖိုကို ခြေထောက်ဖြင့် အားပြုနင်းပေးရင်း မီးရှိန်ကို ပြင်းသည်ထက် ပြင်းထန်အောင် လုပ်ပြီးနောက် သူဖွင့်လိုသော တံခါးကို ပွင့်အောင် အေးအေးလူလူပင် လုပ်ကိုင်နေသည်။

နာရီဝက်ခန့် သာသာကြာသော အခါ ဂျောက်ကနဲ အသံတသံ ထွက်ပေါ်လာပြီး သူဖွင့်လိုသော အရာဝတ္ထုမှာ ပွင့်ထွက်သွား၏။

ဘီဒိုတံခါးကိုဖွင့်ပြီးနောက် ကောင်းသည် သူ့ကို ညွှန်ကြားပေးလိုက်သော ဖိုင်တွဲပုံစံကို ရှာဖွေကြည့်လိုက်သည်။ တော်တော်နှင့်မတွေ့။ ကောင်းရင်ထဲ ဖိုသွားရပြန်သည်။ ကြိုးစားပမ်းစား လုပ်ဆောင်ပြီးမှ သူလိုအပ်သော ဖိုင်တွဲ ဘီဒိုထဲတွင်မရှိလျှင် ဒုက္ခတွေ့ရပြီ။

ဖိုင်တွဲများကို တခုချင်း တခုချင်း ဆွဲယူလှန်ကြည့်နေ၏။

ဖိုင်တွဲတစ်ခုအတွင်းမှ စက္ကူအိတ်ရှည်လေး တစ်အိတ် ထွက်လာ၏။

ကောင်း စက္ကူအိတ်အတွင်းကို ဖွင့်ကြည့်လိုက်၏။

တစ်ဆယ်တန်ငွေစက္ကူ အသစ်ကလေးများ တစ်ထပ်ကို တွေ့ရသည်။ ဘုရားဖူးရင်း လိပ်ဥကိုတွေ့ရသော သူ့ကဲ့သို့ ကောင်း ထိုငွေစက္ကူများ ထည့်ထားသော စာအိတ်ကို ဂျာကင်အင်္ကျီ အတွင်းအိတ် ဇစ်ကိုဆွဲဖွင့်ပြီး သိမ်းထားလိုက်၏။

ဖိုင်တွဲများ အတော်များများ လှန်လှော ရှာဖွေပြီးသောအခါတွင်မှ သူ့အား ညွှန်ကြားလိုက်သော ဖိုင်တွဲကို တွေ့ရလေ၏။ ထိုဖိုင်တွဲကို ခေါက်လျက် သူ့ခါးကြားတွင် ထိုးလိုက်သည်။

ပြီးတော့ ဘီဒိုကို ပြန်ပိတ်လိုက်သည်။

သူ့ ကိရိယာတွေကို သူ့ ကျောပိုးအိတ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

ကောင်း အားလုံး စိတ်ချလက်ချ ပြင်ဆင်ပြီးသောအခါတွင် စောစောက ပြတင်းပေါက်ဆီသို့ ပြန်လာခဲ့သည်။

နောက်တော့ ကောင်းမြေပြင်သို့ ကောင်းမွန်စွာ ပြန်ရောက်လာ၏။

ကောင်း မြေကြီးကို နင်းမိသည်နှင့် အစိမ်းရောင် ဂျစ်ကားတစ်စီးသည် ကောင်းအနီးတွင် ငြိမ့်ငြိမ့်ကလေး ရပ်ပေးလာ၏။

ကောင်းမှာ ရှေ့ခန်းတွင် အသာဝင်ထိုင်လိုက်၏။

ကောင်း ကားပေါ်ရောက်ပြီးသွားသည်နှင့် ဂျစ်ကားမှာလည်း ထိုနေရာမှ သွက်လက်စွာ မောင်းနှင် ထွက်လာခဲ့လေတော့သည်။

ကောင်းကို တင်ဆောင်သွားသော ဂျစ်ကားသည် ယခုဆိုလျှင် ဦးဝိစာရ

www.burmeseclassic.com

လမ်းအတိုင်း အသော့နှင်ကာ ပြေးလွှား နေ၏။ တက္ကသိုလ်ရိပ်သာ လမ်းဖက်ဆီ သို့ရောက်မှ တဖန် ချိုးကွေ့လိုက်သည်။

ပြီးတော့ တရုတ် ပျော်ပွဲစားရုံ မဲစ်ရုံရှေ့တွင် အသာကလေးရပ်လိုက်၏။

"အခန်း နံပါတ် (၃)ကို သွားပါ"

ကားမောင်းသူက ကောင်းကို ညွှန် ပြလိုက်သည်။

ဟိုတယ်အတွင်းသို့ ကောင်း ဝင် လာခဲ့သည်။

ဟိုတယ်အတွင်း၌ အခန်းနံပါတ် များကို ကောင်း အကဲခတ် ကြည့် လိုက်၏။

အခန်းနံပါတ် ၃ တွင် လူရှိသည့် လက္ခဏာများ ပြသနေသည်။ ပုလင်းသံ၊ ဇွန်းသံများ ကြားနေရသည်။ ပြီးတော့ မျက်နှာကျက်တွင် တပ်ဆင်ထားသော ပန်ကာဖြူဖြူကလေးမှာ အနေတော် ကလေး လည်ပတ်နေသည်ကို တွေ့ရ သည်။

ကောင်း အခန်းတွင်းသို့ ရုတ်တ ရက်မဝင်သေးဘဲ အခန်းပေါက်ဝတွင် ရပ်နေလိုက်သည်။

"အဆင်ပြေခဲ့တယ် ကြားပါတယ်၊ ဝင်ခဲ့လေ . . ."

အတွင်းမှ အသံခပ်သြသြကြီးနှင့် ယောက်ျားကြီး တစ်ဦး၏ အသံတသံ ထွက်ပေါ်လာလေသည်။

ကောင်းသည် ခန်းဆီးကို အသာ အယာဖယ်လျက် အတွင်းခန်းသို့ တချက်မျှ အကဲခတ်ရင်း လှမ်းကြည့် လိုက်လေသည်။

နေကာမျက်မှန် တပ်ထားသော လူကြီးတစ်ယောက်။

သူ့အနီးတွင် မိန်းမရွယ် တစ်ဦး။

ကောင်း ခေတ္တငေးကြောင် ကြည့် နေမိသည်။

လူကြီးက သူ့ကို ပြုံးပြသည်။ ပြီးတော့ ဘီယာဖန်ခွက်ကို ကောက် ကိုင်လျက် သူ၏ နှုတ်ခမ်းတွင် တေ့ကာ တမြုံ့မြုံ့စုပ်ယူ သောက်နေပြန်သည်။

မိန်းမပျိုက ကောင်းကို ကြည့်ကာ ခပ်ပြုံးပြုံး ပြုံးပြပြန်သည်။

ထိုအပြုံးများကို အကဲခတ်ရခြင်း အားဖြင့် အန္တရာယ် မရှိကြောင်း ကောင်း အကဲခတ်လို့ရလိုက်သည်။ ဒါကြောင့်ပင် အခန်းတွင်းသို့ ဝင်လိုက် သည်။

စားပွဲဝိုင်းပတ်ပတ်လည်တွင်ကုလား ထိုင်များရှိသည်။ မိန်းမပျိုနှင့် လူကြီးကို မျက်နှာချင်းဆိုင်နိုင်မည့် ကုလားထိုင် အလွတ်တစ်လုံး၌ ကောင်း ကျနအေး ဆေးစွာ ထိုင်လိုက်၏။ မိန်းမပျိုမှာ ကောင်းကိုအကဲခတ်လေ့လာနေကြောင်း ကောင်း သိနေပါသည်။ သူမ၏ နှုတ် ခမ်းများနှင့် မျက်လုံးများကမူ ကောင်း အား ချီးကျူးထောမနာ ပြုချင်သည့် အသွင်မျိုး ပေါ်လွင်စွာ ဖော်ပြနေပေ သည်။

မိန်းမပျိုသည် ဖန်ခွက်လွတ်တစ် လုံးကို အသာအယာဆွဲယူကာ ဘီယာ ပုလင်းဖုံးကို ဖောက်တံဖြင့် သွက်လက် ကျင်လည်စွာ ဖွင့်လိုက်သည်။ ဘီယာ များကို ဖန်ခွက်အတွင်းသို့ လောင်းငှဲ့ ထည့်လိုက်သည်။ အမြှုပ်များ တစီစီ ထနေသော ဘီယာတို့မှာ ဖန်ခွက် အတွင်း၌ လှုပ်ရှားနေကြသည်။

"အမောပြေလေး သောက်လိုက် ပါဦး . . . ရှင့်"

မိန်းမပျို့ထံမှ သံစဉ်ကလေးတစ်သံ သည် ကောင်း၏ ရင်၌ မဖော်ပြတတ် လောက်အောင်ပင် လှုပ်ရှားသွားစေခဲ့ သော ခံစားမှုတစ်ရပ်ကို ပေးလာပါ သည်။

ပြီးတော့ အသံက ပီပီသသ မဟုတ်။ ခပ်ဝဲဝဲကလေး ဖြစ်သည်။ နောက်ဆုံး စကားအပိတ်တွင် "ရှင့်" ဟူသော အသံကလေး ထည့်သုံးစွဲလိုက် ခြင်းကပင်လျှင် တမျိုးနားထောင်၍ ကောင်းနေသလို ရှိတော့သည်။ သည် "ရှင့်" ကလေးနှင့် သူမ၏ ခေတ်မှီစွာ ဝတ်စားဆင်ယင်ထားမှုများမှာ လိုက်ပင် မလိုက်ချေ။ အသုံးအစွဲမှာ ယဉ်ကျေး သိမ်မွေ့လှသည်။ မျက်နှာနှင့် အသွင် အပြင်မှာ ရိုးသားမှုများ ရှိနေကြောင်း ကိုဖော်ပြနေသည်။ သို့ရာတွင် ဝတ်စား ဆင်ယင်မှုများက ကောင်း မျက်လုံးထဲ တွင် "ပိုကဲ"နေသည်ဟု ကောင်း မှတ် ချက်ချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မသောက်တတ်ပါဘူး"

ကောင်း ကတော့ သူ့ထုံးစံအတိုင်း ခပ်ပြတ်ပြတ်ပင် ငြင်းဆန်လိုက်သည်။ ကောင်း ဘီယာသောက်ရန် လာခဲ့သည်လည်းမဟုတ်။ သူ မသောက်သလို၊ သောက်နေသူများကို တငေးတမော ထိုင်ကြည့်နေရန်အတွက်လည်း မဟုတ်။ အချိန်လဲ မပေးနိုင်။

ကောင်း လိုချင်နေသည်က ငွေ။

ကောင်းသည် သူ့ဂျာကင်အင်္ကျီထဲတွင် ဝှက်ယူလာသော ဖိုင်တွဲကို ပေးမည်။ တာဝန်ရှိသူတို့က လက်ခံမည့်သူတို့က သူ့အား ငွေတစ်ထောင်ထုတ်ပေးလျှင်ပြီးပြီ။ ကောင်း ဒါဘဲ သိသည်။ ဒါဘဲ နားလည်ထားခဲ့သည်။

"ယူပ်ပါဦးကွာ…၊ အမောပြေပေါ့ မမူးပါဘူး"

ကောင်း နောက်တပ်ထစ်ကြိမ် ပါးစပ်က မငြင်းတော့။ သူ့အား တိုက်တွန်းနေသော လူကြီးကိုသာ စူးစူးစိုက်စိုက်ကြည့်လျက် ကောင်း ခေါင်းကို ခါရမ်းပြရင်း ငြင်းလိုက်ပြန်သည်။

ထိုအခါတွင် လူကြီးက ပြုံး၏။

လူကြီးနှင့်အတူ လေးကိုင်းသဏ္ဌာန်နှုတ်ခမ်းကလေးကို ကွေးညွတ်ပြီး မိန်းမပျိုကပါပြုံးလာသည်။ ပြီးတော့ ကောင်းထံသို့ လေးကိုင်းမှ ပစ်လွှတ်လိုက်သည်နှင့် တူလှစွာသော ပျားရည်မြားစက်ကလေးများကို ပစ်လာပြန်သည်။

"ရှင်…တော်တော့်ကို ထူးဆန်းတာပဲနော်…"

စကားမပြောချင်ပေမဲ့ ပြောရဦးတော့မည်။

ကောင်း…လူကြီးကိုရော မိန်းမပျိုကိုပါ တစ်ယောက်စီ ကြည့်လိုက်သည်။ အတော်ကလေး ကြာကြာ စိုက်ကြည့်နေသည်ကို တွေ့ရသောအခါ စောစောက ပြုံးပြုံးရွှင်ရွှင် ရောရောနှောနှောပြုချင်သည့် မိန်းမပျိုနှင့် လူကြီးတို့၏ မျက်နှာများမှာ တခဏအတွင်း ငြိမ်သက်သွားသည်။ ကောင်းထံမှ စကားကို ကြားရသောအခါ ပို၍ ရင့်ထော်သွားကြောင်း ကောင်း အကဲခတ်မိ၏။

"အလုပ်အကြောင်းက လွဲလို့ တခြား ဘာစကားမှ ကျွန်တော်မပြောချင်ဘူး၊ ပြောတာလဲ နားမထောင်ချင်ဘူး။ အလုပ်နဲ့ပတ်သက်တဲ့ စကားကို ပြောကြရအောင်"

ကောင်းက စကားဆုံးသောအခါ စားပွဲပေါ်တွင် တွေ့ရသော ဓာတ်ငွေ့မီးခြစ်ကိုယူလျက် သူ၏ဂျာကင်အင်္ကျီအပေါ် အိတ်ထဲမှ စီးကရက်တစ်လိပ်ကို ဆွဲယူထုတ်ကာ မီးညှိလိုက်၏။ စီးကရက်မီးစွဲသွားရန် ဖွာရှိုက်သွင်းထားရသော မီးခိုးများကို ဟူးကနဲ မှုတ်ထုတ်လိုက်ပြီး အသာကလေး ငြိမ်သက်စွာ ထိုင်နေလိုက်သည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လေ့လာသော မျက်လုံးများနှင့် စူးစမ်းကြည့်နေမိသည်။

"ရပါတယ်ကွာ။ အန်ကယ်ကလဲ အလုပ်အပေါ်မှာ သစ္စာရှိတဲ့ လူတစ်ယောက်ပါ။ မောင့်လို တာဝန်သိသစ္စာရှိတဲ့ လူတစ်ယောက်ကို အန်ကယ်ပြူစု ထိုက်တယ်ထင်လို့ ပြုစုတာပါ။ ကဲ…မဝေဠုရေ သူ့အတွက် ပိုက်ဆံကို ပေးလိုက်ပါကွယ်"

"မဝေဠု"

ကောင်းသည် ထူးဆန်းလှသော နာမည် ပိုင်ရှင်နှင့် အမျိုးသမီးကို တချက်မျှ လှမ်းကြည့်ရင်း သူ၏ဂျာကင်အင်္ကျီကြယ်သီးတစ်လုံးကို ဖြုတ်လျက် ညာဖက်လက်အား ဂျာကင်အင်္ကျီ အတွင်းသို့ နှိုက်လိုက်သည်။ ကောင်း၏ အပြုအမူကို တွေ့ရသောအခါ မဝေဠုသည် ကောင်းအား မျက်တောင်ကော့ကြီးများ မျက်လွှာပေါ်မှ ရှန်းကန်ထွက်လာအောင် မျက်လုံးဝင့်၍ ကြည့်လိုက်၏။

သူ၏ လက်ပွေ့အိတ် အဖြူကလေး၏ဇစ်ကို ဆွဲဖွင့်လိုက်၏။ ပြီးတော့ နှ[illegible]ယ်င်ါးကျပ်တန် ငွေစက္ကူအုပ်တစ်အုပ်ကို ဆ[illegible]နဲဆွဲယူပြီး ကောင်းထံသို့ လှမ်းပေးလာသည်။ ကောင်းသည် သူ၏ အတွင်းသို့ ရောက်နေသော လက်ကို နေရာတစ်ခုဆီသို့ ရွှေ့ပြောင်းလိုက်ပါတော့သည်။

ရှေ့လဆက်ရန်

မောင်[illegible]

www.burmeseclassic.com

# အမှုတွေပြေအောင်စေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**ကာလပေါက်ဈေးထက် လျှော့ရောင်းရင် သတိထား**

ဆရာခင်ရှင့်...

တစ်နေ့ နံနက်ပိုင်းမှာ မတွေ့တာကြာပြီဖြစ်တဲ့ ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက် မထင်မှတ်ဘဲ ကျွန်မအိမ် ရောက်လာပါတယ်။ သူလက်ထဲမှာ ရတနာပစ္စည်း တချို့ ပါလာတယ်။ သူယောက်ျားအမှုဖြစ်လို့ ငွေအမြန်လို တာနဲ့ ရှိတဲ့ရတနာတွေ ထုတ်ရောင်းချင်တယ်လို့ ပြောပါတယ်။

ကျွန်မ စစ်ဆေးကြည့်တော့ သူ့ရတနာတွေက ကာလ တန်ဖိုးနဲ့ဆို ၁၀ သိန်းလောက်တန်နေတာ တွေ့ရပါတယ်။ သူငယ်ချင်းက ငွေချက်ချင်းလိုလို့ ရှစ်သိန်းနဲ့ လျှော့ရောင်း မယ်ပြောပါတယ်။ ရတနာတွေက အရှည်အသွေးကောင်း တာကတစ်ကြောင်း၊ ကာလပေါက်ဈေးထက် ဈေးလျှော့နေ တာကတစ်ကြောင်းကြောင့် ကျွန်မရတနာတွေကို ဝယ်ယူ ထားလိုက်မိပါတယ်။

ဒါပေမယ့် အဲလို ဝယ်ယူပြီး သုံးလေးရက်အကြာမှာ ရတနာပစ္စည်းတွေကို ရဲက အလွဲသုံးစားလုပ်ထားတဲ့ပစ္စည်း တွေလို့ ပြောပြီး လာသိမ်းသွားပါတော့တယ်။ သူငယ်ချင်းကို လည်း ယုံကြည်အပ်နှံငွေ ဖောက်ဖျက်မှု ပုဒ်မ-၄၀၆ နဲ့ တရားစွဲထားတယ်လို့ ပြောသွားပါသေးတယ်။

ဒီအမှုပြီးတော့ သူငယ်ချင်းထောင်ကျသွားပါတယ်။ သက်သေခံရတနာပစ္စည်းတွေကို တရားရုံးတော်က မူလ ပိုင်ရှင်ကို ပြန်ပေးလိုက်ပါတယ်။ ကျွန်မမှာသာ ကြားကနေ ငွေရှစ်သိန်း ဘယ်ကမှ ပြန်မရဘဲ နစ်နာနေပါတယ်ဆရာ။

ကျွန်မ သိချင်တာက ကျွန်မနစ်နာနေတဲ့ ငွေရှစ်သိန်း ကို ပြန်ရအောင် တရားဥပဒေအရ ဆောင်ရွက်နိုင်မယ့် နည်းလမ်းများမရှိတော့ဘူးလား။ အကယ်၍ ရှိရင် ဘယ်လို လုပ်ရမယ်ဆိုတာ အကြံဉာဏ်ပေးပါမယ့်အကြောင်း မေတ္တာ ရပ်ခံအပ်ပါတယ်ရှင့်...။

အထူးလေးစားစွာဖြင့်<br>
မအေးမိ<br>
(၄)ရပ်ကွက်၊ သာကေတ။

မအေးမိခင်ဗျား...

ရတနာပစ္စည်းတစ်ခုကို ရိုးရိုးသားသား ရောင်းမယ် ဆိုရင် ဘယ်ရတနာဆိုင်မှာမဆို ကာလပေါက်ဈေးနဲ့ အချိန် မရွေး ရောင်းလို့ရပါတယ်။ ခုတော့ အဲလို ပေါ်ပေါ်ထင်ထင် မရောင်းဘဲ မတွေ့တာကြာနေပြီဖြစ်တဲ့ သူငယ်ချင်းဆီမှာ လျှော့ဈေးနဲ့ လာရောင်းတာကိုကြည့်ရင် မရိုးသားတဲ့ သဘော ပါနေတာ ထင်ရှားပါတယ်။ အမှန်တော့ မအေးမိအနေနဲ့ ကာလပေါက်ဈေးထက် သက်သာလို့ လောဘတက်ပြီး ဝယ်မိ တာက အမှားပါ။

အမှုသွားအမှုလာကိုကြည့်ရင် မအေးမိရဲ့ သူငယ်ချင်း

www.burmeseclassic.com

ဟဲ့ဟာ ပစ္စည်းပိုင်ရှင်က ရောင်းပေးဖို့ ယုံကြည်အပ်နှံထားတဲ့ ရတနာတွေကို အလွဲသုံးစားလုပ်ပြီး မအေးမိဆီမှာ အရေးကြီးလို့ လျှော့ဈေးနဲ့ လာရောင်းသလိုလို မလိမ့်တစ်ပတ်နဲ့ ရောင်းစားသွားတာပါ။

အမှုပြီးဆုံးတဲ့အခါ သက်သေခံရတနာပစ္စည်းတွေကို တရားရုံးတော်က မူလပိုင်ရှင်ထံ ပြန်ပေးခဲ့တာဟာ လုပ်ထုံးလုပ်နည်းအမှန်ပါပဲ။ အဲ…မအေးမိကိုတော့ ငွေရှစ်သိန်းနစ်နာတာထက် ခိုးရာပါပစ္စည်း လက်ခံမှုနဲ့ အရေးယူမခံရတာကပဲ ဘုရားမတာပဲလို့ ဝမ်းနည်းစွာ ဖြေကြားလိုက်ပါတယ်ခင်ဗျား။

××× ××× ×××

## သူငယ်ချင်း မိန်းမခိုးလာရင် သတိထား

ဆရာခင်ဗျား…

ကျွန်တော့်အစ်ကိုကြီး လူပျိုကြီးဟာ ရပ်ကွက်ထဲမှာ အိမ်တစ်လုံးနဲ့ တစ်ယောက်တည်းနေပါတယ်။ ဒါပေမယ့် အပေါင်းအသင်းကများတော့ သူ့အိမ်မှာ သူငယ်ချင်းတွေနဲ့ နေ့ရောညပါ တရုန်းရုန်းနဲ့ပါ။

တစ်နေ့ည သန်းခေါင်ကျော်မှာ သူငယ်ချင်းတစ်ယောက် ရောက်လာပြီး သူမိန်းမခိုးလာလို့ အကူအညီလာတောင်းပါတယ်။ သဘောကောင်းတဲ့ အစ်ကိုကြီးကတော့ အပေါင်းအသင်း စိတ်ဓာတ်နဲ့ လက်ခံထားလိုက်မိပါတယ်။

နောက်တစ်နေ့မနက် လင်းအားကြီးမှာ မိန်းကလေးရဲ့ မိဘတွေနဲ့ ရဲတွေ၊ ရပ်ကွက်လူကြီးတွေ ရောက်လာပါတယ်။ မိန်းမခိုးလာတဲ့ သူငယ်ချင်းကိုရော၊ ကျွန်တော့်အစ်ကိုကြီးကိုပါ ရဲစခန်းဆီ ခေါ်သွားကြပါတယ်။

မိန်းကလေးက အသက်ပြည့်ပေမယ့်လည်း သူ့မိဘတွေဘက်က သဘောမတူလို့ အမှုဖွင့်တိုင်ကြားတာပါ။ ခုတော့ အပေါင်းအသင်းခင်တဲ့ အစ်ကိုကြီးဟာ အာမခံမရလို့ သူငယ်ချင်းနဲ့အတူတူ ရဲစခန်းမှာ အချုပ်ခံနေရပါတယ်။

အခုအမှုမှာ ကျွန်တော့်အစ်ကိုကြီးက သူငယ်ချင်း မိန်းမခိုးတာကို လူမှုရေးအရ အကူအညီပေးခဲ့တာသာ ဖြစ်ပြီး မိန်းကလေးမိဘတွေ သဘောမတူလို့ သူငယ်ချင်းအချုပ်ခံရတဲ့ကိစ္စမှာ သူနဲ့ မဆိုင်ဘူးလို့ ထင်ပါတယ်။

အခုအမှုကို တရားဥပဒေမှာကော ဘယ်လိုပြဋ္ဌာန်းချက်တွေ ရှိပါသလဲ။ အစ်ကိုကြီး အမှုကလွတ်မြောက်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ရှိသေလေးစားစွာဖြင့်
မောင်တင်မြင့်
ဗိုင်းဂနိုင်းရပ်၊ ပဲခူးမြို့

ကိုတင်မြင့်ခင်ဗျား…

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၈ မှာ…

"တစ်ဦးတစ်ယောက်သောသူအား ခိုးယူခဲ့ကြောင်း၊ သွေးဆောင်ဆွဲခေါ်ခဲ့ကြောင်း သိလျက်နှင့် မည်သူမဆို ထိုသူကို မတရားသဖြင့် ဝှက်သိမ်းလျှင် ထိုသူကို ခိုးယူသွေးဆောင်သူနှင့် ထပ်တူပြစ်ဒဏ်ချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်ပါတယ်။

ခုကိစ္စမှာ ကိုတင်မြင့်ရဲ့ အစ်ကိုကြီးဟာ သူ့သူငယ်ချင်း မိန်းမခိုးလာတာကို သိလျက်နဲ့ တမင်လက်ခံထားခဲ့တာကြောင့်မို့လို့ သူငယ်ချင်းကျခံရမယ့် ပြစ်ဒဏ်အတိုင်း ထပ်တူကျခံရနိုင်နေပါတယ်။

ဒါကြောင့် ဒီအမှုကို တရားဥပဒေလမ်းကြောင်းအတိုင်းသာ ဆက်သွားမယ်ဆိုရင်တော့ ကိုတင်မြင့်ရဲ့ အစ်ကိုကြီး လွတ်လပ်းသိပ်မမြင်ပါဘူး။ ဒီတော့ အကောင်းဆုံးအကြံပြုချင်တာကတော့ နှစ်ဖက်လူကြီးမိဘတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး မိန်းကလေးဘက်က သဘောတူလက်ခံလာအောင် လူမှုရေးရှုထောင့်က ကြိုးပမ်းဆောင်ရွက်ကြဖို့ပါပဲ။

ဒါမှလည်း မိန်းကလေးဘက်က ဆွဲဆိုထားတဲ့ အမှုကို ပြန်ရုပ်သိမ်းလိုက်တာနဲ့အမျှ ကိုတင်မြင့်ရဲ့ အစ်ကိုကြီးလည်း အနှောင်အဖွဲ့က ပြန်လည်လွတ်မြောက်လာနိုင်ပါလိမ့်မယ်လို့ ဖြေကြားလိုက်ရပါတယ်။

အောင်မြင်ပါစေ…

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ပဟိုဝေ

## ထောင်မှူးများ၏အလိုကိုသိသူ

အပိုင်း(၈၂)

**ရိုးတစ်လုံး ဓားတစ်စင်း**

တူးတူးတို့ရေ…

သိကြတယ်မဟုတ်လား။ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက် ထောင်စခန်းလာစစ်ဆေးမယ်ဆိုရင် ဘယ်လို ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာလေ။ အဓိကလိုအပ်တာက စကောကိုက်ရေးဆွဲထားတဲ့ စခန်းတည်နေရာပြ မြေပုံကြီးတစ်ချပ်ပဲ။ အဲဒီမြေပုံမှာ ရဲဘက်အိပ်ဆောင်တွေ တည်ရှိနေပုံ၊ ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ထားပုံ၊ စခန်းရဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းလုပ်ကွက် ဖော်ပြချက်တွေ။ ဒါတွေပါရင် လူကြီးနားလည်အောင် ရှင်းလင်းတင်ပြဖို့ လုံလောက်ပြီလေ။

နောက်အရေးကြီးတာတစ်ခုက ကြိုဆိုညှိခံရေးပဲ။

ဒါကလည်း… ကာလဒေသအလျောက် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ တချို့လူကြီးတွေကျ ယာဉ်တန်းရှည်နဲ့ တခမ်းတနား ကြိုဆိုတာမျိုးကို သဘောတွေ့တယ်။ တချို့ကျတော့ ပကာသနမဖက်ဘဲ ခပ်ရိုးရိုးကြိုဆိုတာလေးကို နှစ်သက်တယ်။ အဲ…ပကာသနအလိုမရှိတဲ့ လူကြီးမျိုးကတော့ အလွန်ရှားပါတယ်။

ပြီး ညှိခံကျွေးမွေးရေး နေ့လယ်နေ့ခင်းပိုင်း ရောက်လာလို့ကတော့ အကြောင်းမဟုတ်ဘူး။ အအေးကြိုက်

www.burmeseclassic.com

အအေး အပူကြိုက်အပူ ညှိခံလိုက်ရုံပါပဲ။ ဒါတောင် တချို့လူကြီးတွေက ဆီးချိုရှိလို့ အချိုရည်မသောက်တတ်ကြဘူး။ ဒီတော့ ဟန်ဒရက်ပလပ်စ်လို ဟာမျိုး ကြိုကြိုတင်တင် စုဆောင်းထားရတယ်။

နေ့လယ်စာစားချိန်မျိုး လာမယ်ဆိုရင် လူကြီးမစားတဲ့ အစားအစာ၊ ရှောင်တဲ့အသား စတာတွေကို သူ့ဝီအေကို သတိထားပြီး မေးမြန်းထားရတယ်။ နို့မို့ သူမစားတဲ့ အသားကိုမှ ထမင်းဝိုင်းထဲ ထည့်ညှိခံမိလို့ကတော့ ကိုယ့်ပြဿနာကိုယ်ရှာသလို ဖြစ်ပြီသာမှတ်။

တချို့လူကြီးတွေကျတော့ ခထာတစ်ဖြတ် ဝင်စစ်ဆေးတာမျိုးမဟုတ်ဘဲ ညအိပ်ရပ်နားတာမျိုးတွေ ရှိတတ်တယ်။ အဲဒီအခါ နေထိုင်စားသောက်ရေး ရေချိုးရေအေး ပြုစုရေးတင်မက စခန်းပတ်ဝန်းကျင်က အထင်ကရနေရာတွေနဲ့ ဘုရားကျောင်းကန်တွေဆီ အရောက်ပို့ပေးဖို့က စခန်းတာဝန်ခံတွေရဲ့ မဟာတာဝန်ပဲနော်။

"ဒုချုပ်ကြီး •မနက်ဖြန်မနက် ၈ နာရီ တောင်လေးလုံးရောက်မယ်။ ညနက် ၇း၃၀ နာရီ သကြားစက်လမ်းဆုံက ကြိုမယ်"

တစ်ညနေမှာ တောင်လေးလုံးကြံစိုက်ပျိုးရေးအလုပ်စခန်းတာဝန်ခံဆီက အကြောင်းကြားစာ ဆက်သားနဲ့ ရောက်လာပါတော့တယ်။ အဲဒါကြောင့် စီနီယာထောင်မှူး ဦးတင်အုန်းကို ညဘက်ခေါ်ပြီး စခန်းလုံခြုံရေး ဂရုစိုက်ဖို့ မှာရတယ်။ တောင်လေးလုံးစခန်းက ထီးခမ်းကနေ မိုင်အစိတ်လောက် ကွာဝေးတယ်။ ဒါကြောင့် နောက်တစ်နေ့မနက် ၆ နာရီမှာ ဒုတိယတပ်ကြပ် ဦးထွေးမောင်းတဲ့ ဟီးနိုးရိန်းဂျားကားနဲ့ ဝန်ထမ်းနှစ်ယောက်ခေါ်ပြီး စခန်းက စထွက်တယ်။ ကားလမ်းတွေက ကတ္တရာလမ်းကြမ်းတွေမို့လို့ သတ်မှတ်နေရာကို မနက် ခုနစ်နာရီမထိုးခင် ရောက်သွားတယ်။ ကိုယ့်စိတ်ထဲ ကိုယ်အစောဆုံးရောက်မယ် ထင်ခဲ့တယ်။ တကယ်ရောက်သွားတော့ သကြားစက်လမ်းဆုံမှာ တောင်လေးလုံးက ထောင်မှူးကြီးနဲ့ အက်စ်ကော့အဖွဲ့ ရောက်နှင့်နေကြပြီဗျ။ စခန်းတာဝန်ခံနဲ့အဖွဲ့က ဘဝသံသရာတံတားကြီးအလွန် ဟဲဟိုးလေဆိပ်နားက ကြိုစောင့်နေကြတယ်လို့ သိရတယ်။

ဒီသကြားစက်လမ်းဆုံကနေ အတွင်းဘက် နှစ်မိုင်လောက် ဆက်ဝင်သွားရင် တောင်လေးလုံးစခန်းကိုရောက်မှာပါ။ အဲဒီက ဆက်သွားရင် သကြားစက်ဆီ ရောက်မယ်။ အမှန်တော့ တောင်လေးလုံးစိုက်ပျိုးရေးစခန်းဖွင့်ပြီး ကြံကေပေါင်း ရာနဲ့ချီ စိုက်ပျိုးခဲ့တာကိုက ထွက်သမျှကြံတွေကို ဒီသကြားစက်ဆီ သွင်းဖို့ပဲဗျ။

တောင်လေးလုံး စိုက်ပျိုးရေးစခန်းနှင့် ပတ်သက်၍ တကယ့်ဖြစ်ရပ်လိုလို၊ ပုံပြင်လိုလို ပြောစမှတ်ပြုခဲ့ရသည့် ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့သည်။ စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်[ယခုညွှန်ကြားရေးမှူး(ငြိမ်း)] လက်ထက်က ဖြစ်သဗျ။ ကြံရဲ့ သဘာဝအရ ပွင့်လင်းရာသီရောက်လာလေ ဖွံ့ဖြိုးကြီးထွား ချိုမြိန်လာတတ်တာ မဟုတ်လား။ အဲဒီတော့ "ငါတို့လူမျိုး သူခိုးရှိသည်" ဆိုသလို အပြောကျယ်လှတဲ့ ကြံစိုက်ခင်းတွေထဲက အစောင့်ဝန်ထမ်း လက်လှမ်းမမီနိုင်တဲ့ နေရာတွေမှာ ကြံချောင်းတွေ အခုတ်အထစ်ခံရသတဲ့ဗျ။ အဲဒါကြောင့် ဆရာဦးဝင်းမြင့်က စိုက်ခင်းရှေ့ယာအနှံ့ "ကြံတစ်ဆစ် ထောင်တစ်နှစ်" ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေ စိုက်ထူထားသတဲ့။ သိပ်တောင်မကြာလိုက်ဘူး။ ကြံသူခိုးတွေရဲ့ တန်ပြန်သတိပေးဆိုင်းဘုတ်တွေ စိုက်ခင်းထဲ ပေါ်ထွက်လာသတဲ့။ ဘာတဲ့။ "မီးခြစ်ဆံတစ်ချောင်း ကြံတစ်သောင်း" ဆိုပဲ။ အဲဒီအခါ ဆရာဦးဝင်းမြင့်ဆီက ပြေရာပြေကြောင်း ငြိမ်းချမ်းရေးစကားသံ ထွက်ပေါ်လာခဲ့တယ်တဲ့ဗျ။ ဘာတဲ့။ "တစ်ချောင်းတလေ စားပါစေကွာ" တဲ့လေ။

"ဟော• • •ဒုချုပ်တို့ လာကြပြီထင်တယ်"

မနက် ၈ နာရီကျော်ကျော်မှာ ထောင်မှူးကြီးက ပြောလိုက်တယ်။ ဟုတ်ပါတယ်။ ဒုချုပ်တို့ လိုက်ပါလာတဲ့ ယာဉ်တန်းဟာ လမ်းဆုံအနီး ရောက်လာကြတယ်။

"အလေးပြု"

"သက်သာ"

ကိုယ်တို့အဖွဲ့ တန်းစီအလေးပြုပြီးတာနဲ့ ကိုယ့်ကားပေါ် ကိုယ်အမြန်တက်ပြီး ဒုချုပ်တို့ကားတန်းနောက်က အမီလိုက်ကြတယ်။ ယာဉ်တန်းအဖြတ်မှာ PARK FINDER ကားပြာပေါ်က ဒုချုပ်က ကိုယ့်ကိုမြင်တွေ့ပြီး လက်ပြနှုတ်ဆက်သွားတယ်။

စခန်းထဲရောက်တယ်ဆိုရင် ဒုချုပ်



www.burmeseclassic.com

www.burmeseclassic.com

က ခရီးရောက်မဆိုက်ဆိုသလို ရဲဘက် အိပ်ဆောင်နဲ့ ဝန်ထမ်းအိမ်ရာတွေကို စစ်ဆေးတယ်။ ပြီးမှ ညှော်ရိပ်သာမှာ ဝန်ထမ်းမိသားစုတွေကို ဩဝါဒစကား ခြွေတယ်။

"တစ်ခေါက်တစ်ခေါက် လာရတာ နည်းတာမဟုတ်ဘူး။ ငါ မင်းစခန်းကို မနက်ဖြန်လာစစ်မယ်။ အဆင်သင့်စောင့်နေ"

နေ့လယ်စာစားပြီးချိန်မှာ ဒုချုပ်က ကိုယ့်ကို ခေါ်ပြောတယ်။ ကိုယ်လည်း လုပ်ငန်းပြီးစီးမှု အခြေအနေကို ရှင်းပြလိုက်တယ်။ အဲဒီနောက် စခန်းပြန်ခွင့်ပြုတာနဲ့ ဒုချုပ်ကို အလေးပြုနှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ မပြန်ခင် မနက်ဖြန်မနက် ကြိုဆိုရေးအစီအစဉ်ကို ဒုချုပ်ပီအေဆီ မေးရတယ်။

"ဆရာ့ကို တောင်လေးလုံးအထိ လာမကြိုဖို့မှာထားတယ်။ ဆရာ့ထီးခမ်းစခန်းရှေ့က ကြိုရင်ရပြီတဲ့"

လူကြီးက အဲလိုပြောထားပေမယ့်လည်း ကိုယ်က နောက်တစ်နေ့မနက်ကျတော့ စခန်းက ဆယ်မိုင်လောက်ဝေးတဲ့ တောင်နီဘူတာနားကနေ စောင့်ကြိုပြီး ခေါ်လာခဲ့တယ်။ စခန်းဟောင်းက ယာယီညှော်ရိပ်သာလုပ်ထားတဲ့ ထရံကာ၊ သက်ငယ်မိုး အိမ်လေးမှာပဲ ရှင်းလင်းတင်ပြရတာပေါ့။

ရှင်းလင်းတင်ပြတယ်ဆိုလို့ ပတ်ကားစခန်းမြေပုံကြီးနဲ့တော့ မထင်လိုက်နဲ့။ သုံးထပ်သားပြားပေါ်မှာ ထီးခမ်းစခန်းသစ်မှာ တည်ဆောက်မယ့် ရဲဘက်အိပ်ဆောင်ဝင်း စနစ်ပုံနဲ့ ဝန်ထမ်းအိမ်ရာပုံစံပေါ်မှာ သစ်သားညွှန်တံနဲ့ ထောက်ပြီး ရှင်းပြတာပါ။

ဒုချုပ်က စာတွေ့ထက် လက်တွေ့ပိုဆန်ပြီး စိတ်ကလည်း အလွန်မြန်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ချက်ချင်းပဲ လုပ်ငန်းခွင်ကို သွားကြည့်မယ်လို့ ပြောပါတယ်။ ကိုယ်လည်း အသင့်ပြင်ဆင်ထားတဲ့ ထွန်စက်နောက်တွဲယာဉ်ပေါ် ကြွဖို့ ဖိတ်လိုက်ရတော့တယ်။

ဒုချုပ်ရောက်လာတဲ့ အချိန်က ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလကောင် ကုန်လုနီးပြီဆိုတော့ နှစ်မိုင်နီးပါးရှိတဲ့ ထီးခမ်းစခန်းဟောင်း အဝင်ဝကနေ ထီးခမ်းစခန်းသစ်အထိ ကျောက်လမ်းဟာ လေးပုံတစ်ပုံလောက် ပြီးစီးနေပါပြီ။

ဒုချုပ်ကို အဲဒီကျောက်ခင်းလမ်းအတိုင်း ထွန်စက်နောက်တွဲယာဉ်ပေါ် တင်ပြီး တရွေ့ရွေ့ခေါ်သွားတဲ့အခါ ဖောက်လုပ်ထားတဲ့လမ်းအနေအထားစေ့စေ့စပ်စပ်ကြည့်ရှုသွားရင်းက မသိမသာ ခေါင်းညိတ်လိုက်တာကို တွေ့လိုက်ရတယ်။ ထီးခမ်းစခန်းသစ်ကို ရောက်ဖို့ နှစ်ဖာလုံကျော်လောက်အလိုမှာတော့ ရိုးရိုးမြေလမ်းပဲ ရှိပါသေးတယ်။

ဘန်းကန်စခန်းက ဖျက်သိမ်းသယ်ယူ၊ ထီးခမ်းစခန်းမှာ ပြန်လည်တည်ဆောက်ထားတဲ့ ရဲဘက်ဆူးကြိုးဝင်းနဲ့ ဝန်ထမ်းအိမ်ရာအဆောက်အဦတွေဟာလည်း သုံးပုံနှစ်ပုံကျော်လောက် ပြီးစီးနေပါပြီ။

ဒုချုပ်က ရဲဘက်အိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေထဲ ကိုယ်တိုင်ဝင်ရောက် စစ်ဆေးကြည့်ရှုတယ်။ ဘန်းကန်က ရွှေ့ပြောင်းတုန်း ပျက်စီးသွားလို့ အစားထိုးပြင်ဆင်ထားတဲ့ သစ်ကိစ္စကိုလည်း မေးမြန်းစုံစမ်းတယ်။ အားလုံးပြီးစီးမှ တောင်ဘူးဝပေါ်တက်ပြီး တစ်စခန်းလုံးကို မြင့်ရှုလာတယ်။

"မင်း ဒါဆို တို့အစည်းအဝေးဆုံးဖြတ်ထားတဲ့အတိုင်း ထီးခမ်းစခန်းသစ်ကြီးကို လာမယ့်ဧပြီလ ၁ ရက်နေ့အမီ ဖွင့်လှစ်နိုင်မှာပေါ့"

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး။ အဲလို စခန်းဟောင်းကနေ စခန်းသစ်ကို ပြောင်းရွှေ့ ဖွင့်လှစ်နိုင်ဖို့ ကျွန်တော်လိုအပ်တာတွေ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပါတယ်"

တောင်ဘူးဝပေါ်က ခပ်ပြုံးပြုံး ဆင်းလာရင်း မေးလိုက်တဲ့ ဒုချုပ်ရဲ့ အမေးကို ကိုယ်ဖြေလိုက်တယ်။

"အဲလိုပြီးစီးဖို့ ဘာလိုသေးလဲကွ"

"လောလောဆယ် ရဲဘက်အင်အား လိုအပ်နေပါတယ်ခင်ဗျာ"

"ကောင်းပြီ၊ နောက်အပတ်ထဲမှာ တောင်လေးလုံးစခန်းကနေ ရဲဘက် ၁၀၀ ပို့ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး"

အဲဒီနောက် စခန်းဟောင်းက ညှော်ရိပ်သာပြန်ပြီး နေ့လယ်စာ ညှော်ခံကျွေးမွေးရတယ်။ စားသောက်ပြီးတာနဲ့ ခရီးဆက်ထွက်ဖို့ ပြင်ကြတယ်။

"မင်းလုပ်ထားတာတွေအားလုံး ကောင်းတယ်။ တောင်ပိုင်ကြီးကတော် ညှော်ခံတဲ့ နေ့လယ်စာလည်း စားလို့ကောင်းတယ်။ လိုအပ်တာရှိရင် ဖုန်းဆက်လိုက်။ ကဲ ... သွားပြီ"

ဒုချုပ်က ကားထွက်ခါနီးမှ ကျနပ်အားရတဲ့ မျက်နှာပေးနဲ့ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝင်းမြင့်က
စိုက်ခင်းရေးယာအနှံ့
'ကြံတစ်ဆစ်
ဖောက်တစ်နှစ်' ဆိုတဲ့
သတိပေးဆိုင်းဘုတ်တွေ
စိုက်ထူထားသတဲ့။
သိပ်တောင်မကြာလိုက်ဘူး။
ကြံသူခိုးတွေရဲ့ တန်ပြန်
သတိပေးဆိုင်းဘုတ်တွေ
စိုက်ခင်းထဲပေါ်ထွက်လာသတဲ့။
ဘာတဲ့။
'ငါးရွှစ်ဆံတစ်ချောင်း
ကြံတစ်သောင်း' ဆိုပဲ။

လှမ်းပြောတယ်။ ဘေးမှာ ရပ်နေတဲ့ အမျိုးသမီးကိုလည်း ချီးမွမ်းပြောဆိုသွားတယ်။

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး"

"အလေးပြု"

"သတ်သာ"

တရင်းချုပ်တော့ ကိုယ်ခက်ခက်ခဲခဲ အသင်ပန်းခံ ကြိုးစားဆောင်ရွက်ထားခဲ့သမျှ လူကြီးစိတ်ကျေနပ်လောက်အောင်ကို အောင်မြင်ခဲ့တယ်လို့ ဆိုရတော့မှာပါ။ အမှန်တော့ လူကြီးတစ်ယောက်ရဲ့ နှုတ်များက အမြဲမပြောင်းလဲရင်းသာနေမယ်၊ ချီးကျူးစကား ထွက်လာဖို့ဆိုတာကတော့ အတော်ခဲယဉ်းတဲ့ကိစ္စပါ။ ဒါဟာ ဘယ်လိုပဲပြောပြော ကိုယ်ချွေးတလုံးလုံးနဲ့ မဖြစ်မနေ မလျှောသော ဇွဲနဲ့ ကြိုးပမ်းခဲ့တာတွေရဲ့ အသီးအပွင့်ရလဒ်တွေပါပဲ။

ဒါပေမယ့်…ဒါပေမယ့်ပေါ့လေ။

စီထီးခမ်း ဘန်းကန် စခန်းမှူက်ကြီးကနေ ထီးခမ်းစခန်းသစ်ကြီးဆီ ပြောင်းရွှေ့တည်ဆောက်ပြီး အောင်မြင်စွာဖွင့်လှစ်ခါနီးမှ မျက်နှာမရ ခြေဆောက်ရဆိုတဲ့ အဖြစ်မျိုးနဲ့ ဝမ်းနည်းဖွယ် ကြုံတွေ့ခဲ့ရပါတော့တယ်။

အဲဒါကတော့ အဲဒီအချိန်တုန်းက အကျဉ်းဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဇော်မင်း ထီးခမ်းစခန်းသစ်ကို လာရောက်စစ်ဆေးခဲ့တာပါပဲ။

အမှန်တော့ ဒီဖြစ်ရပ်ဟာ ကျွဲနှစ်ကောင်ခတ်ရာမှာ ကြားက မြေစာပင်ဖြစ်ရတာမျိုးပါ။

ဖြစ်ရပ်က ဒီလိုပါ။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းဟန် ကျေနပ်စွာ မစ်ဆေးပြီးပြန်သွားတဲ့ နောက်ရက်တွေမှာ ကိုယ်စခန်းသစ်အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

ဘန်းကန်စခန်းက ကျန်ရှိနေသေးတဲ့ အဆောက်အဦတွေကို တောလမ်းကကော်ဆင့် လွန်စက်နောက်တွဲယာဉ်နဲ့ အပျက်အစီးနည်းအောင် ဂရုတစိုက် သယ်ယူပြီး ထီးခမ်းစခန်းမှာ ပြန်လည်တည်ဆောက်ရပါတယ်။

ဘန်းကန်စခန်းက မလိုအပ်တော့တဲ့ စခန်းဟောပန်ခ်ရုံးနဲ့ ထောင်ဘူးဝအဆောက်အဦနှစ်ခုကို ပေါင်းပေါ်ပြီး ထီးခမ်းမှလတန်းကျောင်းဖြစ် ပြောင်းလဲဆောက်လုပ်ခဲ့ပါတယ်။ အဲဒါမှ ဝန်ထမ်းမိသားစုရဲ့ ကလေးတွေ နေ့စဉ်ခန်းက ငါးမိုင်လောက်ဝေးတဲ့ ပင်ဖြစ်ရွာအလယ်တန်းကျောင်းဆီ ပင်ပင်ပန်းပန်း သွားတက်နေရတဲ့ ဒုက္ခက ကင်းဝေးမှာလေ။

ရဲဘက်အိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေနဲ့ ကျောက်ခင်းလမ်းကို စခန်းသစ်အထိ ခင်းကျင်းပြီးတဲ့အခါမှာတော့ ရေစီးရေလာကောင်းအောင် စခန်းပတ်ပြင် ရေမြောင်းတွေ တူးဖော်တာ၊ မော်တော်ကားလမ်းနဲ့ လူသွားလမ်းတွေကိုလည်း စနစ်တကျ ဖောက်လုပ်ရပါသေးတယ်။ ပြီးတော့ ထောင်ဘူးဝရှေ့မှာ အုပ်ချုပ်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ဝန်ထမ်းတန်းစီကွင်းကိုပါ သပ်သပ်ရပ်ရပ်ကလေး ပြုပြင်ဖန်တီးရပါသေးတယ်။

ပြောရရင် အိမ်ခြေတစ်ရာလောက်ရှိတဲ့ ရွာကြီးတစ်ရွာ တည်ထောင်ရသလိုပါပဲ။ မတ်လ တတိယပတ်မှာ ဝန်ထမ်းမိသားစုတွေပါ စနစ်တကျ ပြောင်းရွှေ့ကြပါပြီ။ အဲလို ပြောင်းရွှေ့တည်ဆောက်တဲ့အခါ လုပ်ငန်းစီမံချက်မှာမပါဘဲ အဆောက်အဦတစ်ခုကိုပါ မဖြစ်မနေ ပြောင်းရွှေ့ပေးခဲ့ရပါသေးတယ်။ အဲဒါကတော့ စခန်းဟောင်း ထီးခမ်းဘူတာအနီးမှာရှိတဲ့ "ကိုးမြို့ရှင်နတ်နန်း"ပဲ ဖြစ်ပါတယ်။

ရွှေညောင်-ရပ်စောက်လမ်းမကြီးအတိုင်း ဥဒဟိုသွားလာနေကြတဲ့ ကားတော်တော်များများ ဒီကိုးမြို့ရှင်နတ်

www.burmeseclassic.com

နန်းရှေ့ရောက်ရင် ဦးတိုက်ပြီး ပွဲဖော်ကန်တော့လေ့ရှိကြပါတယ်။ လမ်းခရီးတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးရောက်အောင် ဆုတောင်းကြတယ်လို့ ဆိုပါတယ်။

စခန်းတွင်းမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေထဲကလည်း ညနေတိုင်း ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး လာရောက်ဆုတောင်းကြတာတွေလည်း တွေ့ရပါတယ်။ သူတို့ကတော့ ဘေးအန္တရာယ်ကင်းရှင်းရေးအပြင် လုပ်ငန်းရေး စီးပွားရေးအောင်မြင်ရေးအတွက်ပါ အားကိုးတကြီး ဆုတောင်းကြတာပဲဗျ။ ဆုတောင်းလည်းပြည့်တယ်လို့ ဆိုပါတယ်။

၁၉၉၃ ခုနှစ် မတ်လ တတိယပတ်ထဲရောက်တဲ့အခါမှာတော့ စခန်းပြောင်းရွှေ့တည်ဆောက်မှု ပြီးခဲ့ပြီး စခန်းသစ်ဖွင့်လှစ်ဖို့ အနေအထားရောက်လာပါတော့တယ်။ အဲဒီအချိန်မှာတော့ တပ်ကြပ်ကြီးညွန့်မောင် ဦးဆောင်တဲ့ ဝန်ထမ်းတချို့က သူတို့ယုံကြည်ကိုးကွယ်တဲ့ ကိုးမြို့ရှင်နတ်နန်းကို စခန်းသစ်အဝင်မှာ နန်းသစ်တည်ဆောက်ပေးဖို့ တောင်းဆိုကြပါတော့တယ်။

ကိုယ့်အနေနဲ့တော့ ဘုရားမှတစ်ပါး အခြားကိုးကွယ်ရာမရှိပေမယ့်လည်း ကာလဒေသအရ ဝန်ထမ်းအများစု စွဲစွဲလမ်းလမ်း ယုံကြည်ကိုးကွယ်နေတာကိုတော့ ဥပေက္ခာမပြုသင့်ဘူးလို့ တွေးမိတယ်ဗျ။ တော်ကြာ စခန်းသစ်ရောက်ခါမှ မကောင်းတာတစ်ခုခု ဖြစ်လာရင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကိုယ်က နတ်နန်းအသစ် ပြောင်းရွှေ့ဆောက်လုပ်မပေးလို့ဆိုပြီး အပြစ်ရှာလာကြမှာပေါ့ အသေအချာပဲလေ။

အဲဒီအစွဲအလမ်းပျောက်အောင် စခန်းသစ်အဝင်မှာ အရင်နတ်နန်းထက် ကောင်းတဲ့ နတ်နန်းတစ်ခု အခိုင်အခံ့ တည်ဆောက်ပေးလိုက်ပါတယ်။

အဲ…တိုက်ဆိုင်တယ်လို့ ပြောရမလားမသိဘူး။ အဲလိုနတ်နန်းသစ်တည်ဆောက်ပြီးလို့ နောက်တစ်နေ့မှာ ကိုယ်တို့အကျဉ်းဦးစီးဌာန ညွှန်ချုပ်ကြီး ကြွရောက်လာတော့တာပါပဲ။

ကိုယ်တို့တိုင်းပြည်ရဲ့ ဘာညီနေရာက ဓမ္မဒီပါ လက်ကျာတောင်ကျွန်း နိမိတ်ထွန်းသည့်ကျွန်းဆို မဟုတ်လားဗျာ။ ဒါကြောင့် ကောင်းတာဖြစ်တော့မယ်ဆိုရင် ကောင်းတဲ့နိမိတ်၊ မကောင်းတာတွေ ဖြစ်မယ်ဆိုရင် နိမိတ်ဆိုးတွေ ကြိုတင်ပြတတ်တယ်လို့ ယုံကြည်ကြတယ်နော်။

ခုလည်းကြည့်။

ညွှန်ချုပ်ကြီးလာမည့်နေ့ သန်းခေါင်ကျော်မှာ အချိန်မဟုတ် အခါမဟုတ် မိုးကြီးသဲသဲမဲမဲ ရွာချလိုက်ပါလေရော။ စခန်းဟောင်းအဝင်ဝကနေ စခန်းသစ်တိုင်အောင် ကျောက်လမ်းခင်းထားပြီးဖြစ်ပေမယ့် စခန်းတွင်းလမ်းတွေက မြေလမ်းသက်သက်ပဲလေ။ မြေအမျိုးအစားကလည်း နန်းမြေဆိုတော့ ဒေသထုံးစံအတိုင်း ဗွက်ပေါက်တော့တာပေါ့ဗျာ။

ကြိုဆိုရေးအစီအစဉ်အရ ကိုယ်က တောင်လေးလုံးစခန်းဆီ မနက် ၅း၃၀ နာရီအရောက် သွားရမှာလေ။ အဲဒီကမှ ညွှန်ချုပ်ကြီးကို ကြိုပြီး ရပ်စောက်မြို့နယ်မှာရှိတဲ့ ကိုယ်တို့ဌာနရဲ့ ယာယီစခန်းတစ်ခုဆီ ပို့ပေးရမှာလေ။ အဲဒီကအပြန်မှာမှ ကိုယ်တို့ ထီးခမ်းစခန်းသစ်ကို ဝင်ရောက်စစ်ဆေးမယ့် အစီအစဉ်ပါ။

ကံဆိုးချင်တော့ စခန်းက ဟီးနိုးရိုးရှား မနက်လေးနာရီ ထွက်တော့ ယောင်ဘူးဝရှေ့မှာ ကားနောက်ဘီးတွေ ဗွက်နစ်ပါလေရော။ ဗွက်ဆိုတာက အားစိုက်ပြီးရုန်းလေ ပိုနစ်လေပါပဲ။ အဲဒါကြောင့် ကားရှေ့ကနေ လွန်စက်အားနဲ့ ဆွဲပြီး ရုန်းရတယ်။ ဒါပေမယ့် ကားဘီးတွေက မြေကြီးထဲ အတော်လေးနစ်နေတာဆိုတော့ အပေါ်ကို မကြွလာနိုင်ဘူး။

ဒီတော့ စခန်းထုံးစံအတိုင်း ရဲဘက်အင်အားသုံးပြီး တိုက်ထုတ်လိုက်မှ ကားဘီးတွေ ဗွက်ထဲက ကြွတက်လာပြီး မြေမာပေါ်ရောက်တော့တယ်။ အဲလို ဗွက်နစ်နေတာ အချိန်နာရီဝက်မကကြာသွားတယ်။ အဲဒါကြောင့် ကိုယ်အမြန်လိုက်သွားတဲ့အခါမှာတော့ ညွှန်ချုပ်ကြီးရဲ့ ကားတွေဟာ ရွှေညောင်-ရပ်စောက်လမ်းမပေါ်တောင် ရောက်နေကြပါပြီ။

ကိုယ်က ကားချင်းမျက်နှာချင်းဆိုင်အတွေ့မှာ အောက်ဆင်း သတင်းပို့ပြီး ကိုယ့်ကားကို နောက်ပြန်လှည့်လိုက်တယ်။ ပြီးတော့ ရှေ့ကနေ ဦးဆောင်ပြီး ရပ်စောက်ယာယီစခန်းဆီ ခေါ်သွားတယ်။ ယာယီစခန်းကို လှည့်ပတ်စစ်ဆေးပြီးတဲ့နောက် ရပ်စောက်မြို့ပေါ်မှာ ကြိုတင်စီစဉ်ထားတဲ့ စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာကျွေးရတယ်။

www.burmeseclassic.com

ဝေမင်းစားရင်း အာလာပသလ္လာပ ပြောကြတဲ့အထိလည်း မနက်က ကိုယ်နောက်ကျတဲ့အကြောင်းကို ညွှန်ချုပ်ကြီးရော၊ သူ့ပီအေရော၊ ဦးစီးအရာရှိကပါ တစ်ခွန်းမှ မမေးကြဘူးဗျ။ သူတို့က မမေးတော့ ကိုယ်လည်း ပြောပြရခက်နေတာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် အနှောင့်အယှက်တော့ စကတည်းက လျော့နေပြီဆိုတာတော့ စိတ်ထဲက အလိုလို သိနေသဗျ။

အဲဒီကနေ ထီးခမ်းစခန်းဆီ ခရီးဆက်လာခဲ့ရာမှာ တစ်လမ်းလုံး ဘာမှ မပြောဘူး။ စခန်းသစ်ကို ကျောက်ခင်းလမ်းအတိုင်း ခေါ်သွားတော့လည်း ဘေးပတ်ဝန်းကျင်က ရိုက်ခင်းတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ ရဲဘက်ဆေးကြိုးဝင်း စတာတွေကို ငေးမောကြည့်ရှုလိုက်လာရင်း ဘာတစ်ခွန်းမှ မမေးသေးဘူးဗျ။

ထီးခမ်းစခန်းသစ်က ဧည့်ရိပ်သာ ရောက်မှ ကိုယ်က အသင့်ပြင်ဆင်ထားတဲ့ မြေပုံကားချပ်တွေနဲ့ ထီးခမ်းစခန်းဟောင်းကနေ စခန်းသစ်အထိ ရာသီမရွေး သွားလို့ရအောင် ကျောက်လမ်းခင်းထားပုံ၊ ဘန်းကန်စခန်းက အဆောက်အဦတွေကို ဖျက်သယ်ယူပြီး ထီးခမ်းစခန်းသစ်မှာ ပြန်လည်တည်ဆောက်ထားပုံ၊ ပျက်စီးသွားတဲ့ ကော်ဖီစိုက်ခင်းနေရာတွေမှာ စပါးနဲ့ ဒေသထွက်သီးနှံပေါင်း စိုက်ပျိုးထားပုံ၊ ရုံးချုပ်အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း ထီးခမ်းစိုက်ပျိုးရေးစခန်းသစ်ကို လာမယ့် ၁၉၉၃၊ ဧပြီလ ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်တော့မှာ ဖြစ်တဲ့အကြောင်း အသေးစိတ်ရှင်းလင်းတင်ပြလိုက်တယ်။

ညွှန်ချုပ်ကြီးက ကိုယ်ရှင်းပြတာကို ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ မျက်လုံးမှေးနားထောင်နေပြီးမှ ကိုယ်လုံးဝမျှော်လင့်မထားတဲ့ မေးခွန်းတစ်ခုကို တဲ့တိုးကြီးမေးချလိုက်ပါတော့တယ်။

"နေပါဦးကွ။ မင်းက ဒါတွေကို ဘယ်သူ့အမိန့်နဲ့ လုပ်နေတာလဲကွ"

"ခင်ဗျား"

ဒီမေးခွန်းကြောင့် ကိုယ့်မှာ ရုတ်တရက် ဘယ်လိုပြန်ဖြေရမှန်းမသိအောင် အတော်လေး အံ့အားသင့်သွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နားလည်ထားတာက လုပ်ထုံးလုပ်နည်းအရ ဒုချုပ်ကြီးလုပ်သမျှ ညွှန်ချုပ်ကြီးရဲ့ အမိန့်အရ ဆိုတာကိုပါ။

ညွှန်ချုပ်ကြီးက ကိုယ့်အဖြေကို စောင့်နေတဲ့ပုံ ပေါ်တာနဲ့···

"ဒီကိစ္စက ဒုချုပ်ရုံးမှာ စီမံကိန်းညွှန်မှူးနဲ့ စိုက်မွေးညွှန်မှူးတွေလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ··· အကောင်အထည်ဖော်ရတာပါခင်ဗျာ"

ကိုယ့်အဖြေကြောင့် ညွှန်ချုပ်ရဲ့ မျက်နှာပေါ်မှာ မထီမဲ့မြင်လိုလို မချိတင်ကဲလိုလို အရိပ်လက္ခဏာများ ဖြတ်သန်းသွားပြီး ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ···

"အဲလို အကောင်အထည်ဖော်တော့ကော ဒီစခန်းက ဘယ်လောက်များ တိုးတက်ထွန်းကားလာမှာမို့လို့လဲကွ။ မဟုတ်ဘူးလား ဦးအုန်းလွင်··· ဟဲ···ဟဲ"

ညွှန်ချုပ်ကြီးက ကိုယ့်ကိုမေးခွန်းထုတ်ရင်း နံဘေးမှာထိုင်နေတဲ့ ဦးစီးအရာရှိ ဦးအုန်းလွင်ကို လှည့်မေးလိုက်တယ်။ ဦးအုန်းလွင်ကလည်း ကွမ်းတမြုံ့မြုံ့ဝါးနေရင်းက တစ်ချက်ပြုံးပြီး

"ဟုတ်ကဲ့ ညွှန်ချုပ်ကြီး၊ သိပ်တော့ ထွန်းကားမယ် မထင်ပါဘူး"

"ဟုတ်လားဗျ။ ဟဲ··ဟဲ··ဟဲ"

အဲလိုနဲ့ပဲ ညွှန်ချုပ်ကြီးနဲ့အဖွဲ့ ထပြန်သွားကြပါတော့တယ်။ ကိုယ့်မှာတော့ အတော်လေး စိတ်ကသိကအောက်ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်ဗျ။ ကားထွက်ခါနီးမှ ညွှန်ချုပ်ပီအေ ကိုကျော်ညွန့်က လက်ပြနှုတ်ဆက်သွားတယ်။

အဲဒီတော့မှ သူရုံးချုပ်မှာ တစ်ခါက ကိုယ့်ကိုပြောဖူးတဲ့ စကားတစ်ခွန်းကို သွားအမှတ်ရမိလိုက်တယ်။ အဲဒီတုန်းက ဝန်ထမ်းအပြောင်းအရွှေ့ အမိန့်စာတစ်ခုနဲ့ ပတ်သက်ပြီး သူ့ကို မေးကြည့်ဖူးတယ်။

"ဒါက ဟိုဘက်ရုံးက ထုတ်တာပဲဗျ"

အဲဒီတုန်းက သူဆိုလိုတာကို ရိုးတိုးရိပ်တိတ်လောက်ပဲ သဘောပေါက်ခဲ့ပေမယ့် အခုတော့ ရှင်းရှင်းကြီးနားလည်လိုက်ပါပြီ။

လက်စသတ်တော့ သူတို့ဟာက ရုံးတစ်လုံး မားတစ်စင်း ဖြစ်နေတာပါလားဟရို့။

(ဆက်လက်ဖော်ပြပါမည်။)

ဗဟို့စော



www.burmeseclassic.com

www.burmeseclassic.com

## သိမှတ်ဖွယ်ရာ၊ လိုက်နာဖွယ်ရာ စည်ပင်ဥပဒေနှင့် သစ်တောဥပဒေ

ယခုအခါ တိရစ္ဆာန်မှောင်ခိုရောင်းဝယ်ခြင်း စီးပွားရေးသောင်းကျန်းသူ လူတစ်စုသည် လမ်းမပေါ်မှ ခွေးလေ၊ ခွေးလွင့်များကို ကောက်သိမ်း ဖမ်းဆီးပြီး ခြံဝင်းထဲ၌ သိုလှောင်မွေးမြူထားရှိပြီး မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ စားသောက်ရန်အတွက်သော်လည်းကောင်း၊ ဆေးဖော်စပ်ရန်အတွက်သော်လည်းကောင်း မှောင်ခိုတင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သတင်းရရှိသည်။ တရုတ်ပြည်သို့ရောင်းချခဲ့လျှင် ခွေးတစ်ကောင်လျှင် ရင်မင်ဘီ ယွမ် ၅၀ မှ ၈၀ ယွမ် = မြန်မာငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ကျပ် ရရှိသည်ဟု သိရ၏။ လောလောဆယ်အားဖြင့် ခွေးမှောင်ခိုရောင်းဝယ်သူ တရားခံ ဦးထွန်းလင်း(မူဆယ်မြို့)အား ဖမ်းဆီးတရားစွဲဆိုထားသည် ဆိုသည်။ (စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ-၉၁ အရနှင့် မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ-၄၂(ဂ)အရ တရားစွဲဆိုထားကြောင်း သိရသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: Voice (Aug 5, 2013)*

## နေ့ကျောင်းသား၊ ညသူခိုး



မလေးရှားနိုင်ငံ၊ Bandar Baru Kampar မြို့နယ်အနောက်ပိုင်းရေကန်လူနေထိုင်ရာရပ်ကွက်တွင် လွန်ခဲ့သော ၁၀.၇.၂၀၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်စောစော ၅ နာရီအချိန်တွင် နေအိမ်တစ်လုံး သော့ခလောက်ပွင့်နေပြီး ဖောက်ထွင်းခံရသည်ဟု တွေ့ရှိရသည်။ သို့ဖြစ်လေရာ မလေးရှားရဲတပ်ဖွဲ့က ည အခါ၌ ကိုယ်ရောင်ဖျောက်ကာ ယင်းသံသယဖြစ်ဖွယ်ရာ ရပ်ကွက်ကို သတိထားစောင့်ကြည့်နေခဲ့ရာမှ ၁၅.၇.၂၀၁၃ ရက်နေ့ညတွင် မသင်္ကာဖွယ်ရာ လူငယ်လူရွယ်တစ်ယောက်ကို သက်သေခံပစ္စည်းများနှင့်တကွ လက်ပူးလက်ကြပ် ဖမ်းဆီးမိခဲ့၏။ ထိုလူငယ်လူရွယ်မှာ အသက် ၂၀ နှစ်မျှသာ ရှိသေးသော ပုဂ္ဂလိက တက္ကသိုလ်ကျောင်းမှ ပထမနှစ်တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်ကြောင်း သိရသည်။ ၎င်းနှင့်အတူ ဖမ်းဆီးသိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ တက္ကသိုလ်ကျောင်းသားမှတ်ပုံတင်ကဒ်ပြား၊ ခိုးရာပါပစ္စည်းများဖြစ်ကြသော မိုဘိုင်းလက်ကိုင်ဖုန်း (handset) ၆ လုံး၊ လက်တော့ (laptops) ၃ လုံး၊ ခေါက်ပိုက်ဆံအိတ် ၃ လုံး၊ မလေးရှားငွေ ရင်းဂစ်(ရင်းဂျစ်) ၁၅,၀၀၀(R.M) နှင့် အခြား အထွေထွေပစ္စည်းများ ဖြစ်ကြသည် ဆိုသည်။ ယခုအခါ ရဲဘက်မှ အမှုကို ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိပြီး ရုံးတင်ကြားနာစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ရုပ်ပုံ-လက်ရဖမ်းဆီးသိမ်းဆည်းမိသော သူခိုးသက်သေခံပစ္စည်းများ။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: The Star (Malaysia) (16 July, 2013), Page (22)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ဟောင်းသည်မရှိ (၇)

( ယ ခ င် လ မှ အ ဆ က် )

မင်းဟိန်းထိုက်

"ယုမေ"

ယုမေသည် မောင်အေးချမ်း၏ မျက်နှာကို မော်ကြည့်ရန် အမူအရာ ပြောင်းလာပြီးမှ ပြန်လည်တည်ငြိမ်ပြီး အကြည့်ကို အဝေးသို့ ပို့ထားသည်။ ခြေထောက်ကလေး တစ်ဖက်ကို တွဲလောင်းချလှုပ်လျက် မောင်အေးချမ်း၏ လက်မောင်းကိုလည်း ယခင်အတိုင်းပင် ကျစ်ကျစ်ဖက်ထားသည်။

"ယုမေက ငါ့ကို လက်ထပ်ယူဖို့ အထိ ပွင့်ပွင့်ကြီးဖွင့်ပြောလာတယ် ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်လို့ထင်တယ်။ အဲဒါကို ပြောပြနိုင်မလား။ ပြောပြနိုင်ရင် ..."

"ချစ်လို့ ..."

"အဲလိုလည်း မဟုတ်သေးဘူးလေ ယုမေရဲ့။ ယုမေဟာ အခုမှ ဖွံ့ဖြိုးစရှိသေးတဲ့ဟာ။ အချစ်ရေး၊ အိမ်ထောင်ရေး စတာတွေကို စိတ်ကူးယဉ်ဖို့ဆိုတာတောင် ဖြစ်နိုင်ဖွယ် အင်မတန်မှနည်းနေမယ့် သဘောမျိုးပါ။ ဒီအထဲ အခုလို ဘွင်းဘွင်းကြီး ဖွင့်ပြောလိုက်တော့ ယုမေရဲ့စကားတွေထဲမှာ အခြားရောနှောမှု အကြောင်းအရာလေးများ ရှိနေနိုင်တယ်ဆိုတာ ငါယုံကြည်နေမိတယ်။ ဒါကြောင့် ယုမေ အခု ငါ့ကို ယူမယ်ဆိုပြီး ဖွင့်ပြောလိုက်တာနဲ့ ပတ်သက်ပြီး အခြားအကြောင်းအရာလေးများရှိရင် ပြောပြပါ"

"ပြောခဲ့ပြီပဲ။ ဦးလေးနဲ့ ဒုတိယအကြိမ် တွေ့ဆုံမိစဉ်ကပင် ဦးလေးအပေါ် ချစ်နေမိတယ်လို့"

"ဒါပဲလား ယုမေ"

"ဒေါ်ခင်တင့်ကြီးက ဦးလေးကို ဖက်ဖက်နမ်းနေတာလည်း မကြိုက်ဘူး"

"နောက်ကော ယုမေ"

"ဒေါ်ခင်တင့်ရဲ့တူ နှစ်ယောက်မှာ အငယ် ရဲနိုင်ဆိုတဲ့ လူကြီးဟာလည်း အိမ်ကိုလာတိုင်း ယုမေကို တို့ခနဲ ထိခနဲ လုပ်လာတယ်။ ယုမေက သိပ်လှတာပဲ။ သိပ်ချစ်စရာကောင်းတာပဲ။ ယုမေ ငါ့ကို ချစ်ပါ။ ယုမေသာ လက်ခံရင် တကယ်အတည်ပေါက် ယူမှာပါဆိုပြီး လာပြောနေတာ အကြိမ်ပေါင်း မနည်းတော့ဘူး"

မောင်အေးချမ်း သက်ပြင်းချမိပြန်သည်။ မခင်တင့်၏တူ ရဲနိုင်ကား လူရှုပ်လူပွေတစ်ယောက်သာ ဖြစ်သည်။ ပညာရေးသည်လည်း ပြောလောက်အောင် မရှိ။ ရှစ်တန်းပင် မအောင်ခဲ့ပေ ...။ အသက်လည်း မောင်အေးချမ်းထက်ပင် ကြီးပေသိမ့်မည်။ အလုပ်လည်း မည်မည်ရရမရှိ။ မိဘလုပ်စာကို ထိုင်ဖြုန်းပြီး မိဘများကိုလည်း ကူညီခြင်းမရှိပေ။ အသောက်အစားတွင် ယစ်မူးပြီး မိန်းမပွေသည်မှာလည်း တူသူမရှိပေ။

ထိုလူမိုက်တစ်ယောက်က ယုမေအား မျက်စောင်းထိုးပြီး ထိကပါး ရိကပါး လုပ်လာသည်ဆို၍ မောင်အေးချမ်း ရင်လေးသွားမိသည်မှာ အမှန်။ လူမိုက်သည် မိုက်ရန်တစ်ခုကိုသာ သိသည်။ စာနာခြင်း၊ ထောက်ထားခြင်း၊ ရှေ့နောက် မြော်မြင်ဆင်ခြင်ခြင်း ကင်းသည်။ ထို့ကြောင့် ယုမေအတွက် မောင်အေးချမ်း စိုးရိမ်မိသည်။ သို့သော်လည်း သည်အကြောင်းနှင့် ပတ်သက်၍ ယုမေကို မေးရဦးမည်။

"ရဲနိုင်က ထိကပါး ရိကပါး လုပ်လာလို့ ကိုယ့်ဘဝ မလုံခြုံဘူးထင်ပြီး ငါ့ကိုယူဖို့ ပြောတာလား ယုမေ"

"မဟုတ်ဘူး။ ဒါ လုံးဝမဟုတ်ဘူး။ ယုမေကို ဒါမျိုးနဲ့ မရဘူး။ အဲဒီလို လူပေါ့သွမ်းတစ်ယောက်ကိုလည်း ယုမေ ထည့်စဉ်းစားမှာ မဟုတ်ဘူး။ ဘယ်သို့ ဘဝမျိုးကိုပဲရောက်ရောက် ဘယ်လို လူမျိုးရဲ့ လှည့်စားခြင်း၊ အနိုင်အထက်ပြုခြင်းကိုမှ ယုမေ ခံမှာလည်း မဟုတ်ဘူး။ အချစ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း ဘယ်တော့မှ လက်သင့်ခံမှာ မဟုတ်ဘူး။ ဒါဟာ ယုမေရဲ့ တစ်ခုတည်းသော ဆုံးဖြတ်ချက်ပဲ။ ဒါကြောင့် ဦးရဲနိုင်ကိုလည်း ပြောလိုက်တယ်။ ယုမေက (အိမ်ထောင်သည်)

www.burmeseclassic.com

အရွယ်ရောက်တဲ့သူလည်း မဟုတ်သေးဘူး။ အိမ်ဖော်အိမ်ကူ သူမတစ်ယောက်ဖြစ်နေပေမယ့် စိတ်ထားလည်း အောက်တန်းမကျဘူး။ ဒါကြောင့် အရွယ်မရောက်သေးတဲ့ အိမ်ဖော်အိမ်သူမ လေးတစ်ယောက်ကို ရည်းစားစကားလာပြောတယ် ဆိုကတည်းက ဦးရဲနိုင်ရဲ့သဘောကို ယုမေနားလည်နေပြီ။ ဦးရဲနိုင်ရှုပ်ပွေ တဲ့အကြောင်းကိုလည်း ယုမေသိထားပြီးဖြစ်လို့ နောက်ဒါမျိုး လုံးဝမပြုမူ မပြောဆိုပါနဲ့လို့ ပြတ်ပြတ်ပြောလိုက်တယ်''

''အဲလောက်ထိအောင်ပဲ ပြောလိုက်ရသလား ယုမေရယ်။ ကိုယ်က သူ့အရီးအိမ်မှာ နေရပြီးတော့လေ။ ဖြစ်နိုင်ရင် အခြားအဆင်ပြေမယ့်စကားတွေကို ရွေးပြီးသာ ပြောသင့်ပါတယ်''

''သူ ယုမေကို လာစတာ သုံးလေးကြိမ်တောင် ရှိနေပြီလေ ဦးလေးရဲ့။ ယုမေကလည်း ငြိမ်ပြီးနေတာ မဟုတ်ဘဲ မကြိုက်တဲ့ အမူအရာတွေကို ပြပြနေတာပဲ။ ဒါပေမယ့် နောက်မဆုတ်ဘဲ တိုးတိုးလာနေတာ။ ဆက်ပြီး သည်းခံနေလို့ ဖြစ်မလား''

မောင်အေးချမ်း တစ်ချက် နှစ်ချက် ခေါင်းညိတ်လိုက်၏။

''ယုမေက မိန်းကလေးဆိုပြီး တောက်တောက်ပြတ်ပြတ် ပြောလိုက်တာနဲ့ ပတ်သက်လို့ ဟိုက မကျေနပ်ရှိသွားခဲ့ရင် လူမိုက်က လူမိုက်ကြံ ကြံလာမှာ စိုးရိမ်လို့ ပြောတာပါ''

''ကြံချင်တိုင်း ကြံလို့ရမလား ဦးလေးရဲ့။ ယုမေကို ဘာမှ မတတ်ဘူး မှတ်နေသလား။ ယုမေ ငါးတန်းနှစ်ကပင် သိုင်း/လက်ဝှေ့တွေကို သင်ထားဖူးပါတယ်။ အခုလည်း အချိန်ရရင် ဘယ်သူ့မှမသိအောင် လေ့ကျင့်ထားပါတယ်''

မောင်အေးချမ်းက ယုမေမျက်နှာကို လက်ဝါးစောင်းဖြင့် ရွယ်လိုက်ရာ ယုမေက ဖမ်းကိုင်၏။ မောင်အေးချမ်းက နောက်ဆုတ်လှည့်ထွက်ပြီး ထပ်ရွယ်လိုက်ရာ ယုမေက ရှေ့တိုး၍ အသင့်ဖမ်းဟန်ပြုပြီး အမြန်ဖမ်းလိမ်လိုက်၏။

''အား ... ကျိုးပါပြီ''

ယုမေက မောင်အေးချမ်း၏ လက်ကို တွန်းဖယ်လိုက်ပြီး ယခင်အတိုင်းပင် ငြိမ်၍နေ၏။ မောင်အေးချမ်းလည်း ယုမေ၏ယခင်စိတ်ကလေး ပြန်လည်တည်ငြိမ်မှ ပြတ်တောက်ကွာဟနေသော စကားစကို ပြန်ကောက်လိုက်သည်။

''ယုမေက ပြတ်ပြတ်ပြောလိုက်လို့ ရဲနိုင်လည်း မစရဲတော့ဘူး မဟုတ်လား။ ဒီအတွက်လည်း ဝမ်းသာပါတယ်။ ငါ့အနေနဲ့လည်း ယုမေနဲ့ ဒီအတိုင်းပဲ နေသွားချင်တယ်။ ယုမေကိုလည်း ဦးလေးတစ်ယောက်ရဲ့ နေရာကနေပြီးပဲ အပြည့်အဝ စောင့်ရှောက်သွားမှာပါ။ အရင်ကလည်း ယုမေရဲ့ ဘဝအခက်အခဲများ ရှိလာခဲ့ရင် ကိုယ်တိုင် ပါဝင်ကူညီပြီး စောင့်ရှောက်သွားမယ်လို့ ပြောခဲ့တာကို ယုမေ မှတ်မိပါလိမ့်မယ်''

''ဘာဖြစ်လို့လဲ ဦးလေး။ ယုမေပြောတာကို ငြင်းလိုက်တာလား။ ယုမေက ဦးလေးနဲ့ ဘာစကားတွေကိုပဲ ပြောနေပြောနေ ဦးလေးထံက ပြောလာမယ့်စကားအဖြေကိုပဲ အာရုံရောက်နေတာပါ။ ဦးလေး မငြင်းလိုက်ပါနဲ့။ ယုမေ လက်မခံနိုင်ဘူး။ ယုမေရဲ့ ဘဝမှာ ဦးလေးဟာ အမေဆိုလည်း ဦးလေးပဲ။ အဖေဆိုလည်း ဦးလေးပဲ။ ဦးလေးဆိုလည်း ဦးလေးပဲ။ ဒါပေမယ့် ဦးလေးဟာ ယုမေရဲ့ အဖေလည်း မဟုတ်ဘူး။ အမေလည်း မဟုတ်ဘူး။ ဦးလေးလည်း မဟုတ်ဘူး။ ယုမေရဲ့ ဘဝထဲမှာ ဖြစ်လိုက်တာက ဦးလေးဟာ ယုမရဲ့ လက်တွဲဖော် ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ်ရမယ်။ ဒါပဲ ယုမေသိတယ်။ ယုမေရဲ့ ဆုံးဖြတ်ချက်ကိုလည်း မပြင်နိုင်ဘူး''

မောင်အေးချမ်း တစ်အောင့်ကြာအောင် စဉ်းစားနေပြန်သည်။ အသည်းနုသော သည်အရွယ်လေးကို အပြတ်ငြင်းလိုက်၍လည်း အဆင်ပြေမည် မဟုတ်ပေ။ ရုပ်ကလေးချောသလောက် စိတ်ထားလေးက မာနေပြန်သည်။ ထို့ကြောင့် သူ၏တစ်ဖက်သတ် ယုံကြည်ချက်ဖြင့် ဆုံးဖြတ်ထားသည်ကို မောင်အေးချမ်းကသာ ခြေဖျက်လိုက်ပါက တစ်စုံတစ်ရာဖြစ်၍ မသွားဟု မပြောနိုင်ပေ။ ဖွတ်လုပ်၊ ဖွတ်ထွက်သွားဆိုသည့် အဖြစ်မျိုးကိုလည်း မောင်အေးချမ်းအနေဖြင့် အဖြစ်မခံနိုင်ပေ။ ထို့ကြောင့် အချိန်ကာလကို ဆွဲဆန့်ပြီး ယုမေ လက်ခံလာနိုင်မည့် အကြောင်းအရင်းများကိုသာ ရွေးပြောရပေတော့မည်။

''ဒီလိုဆိုရင် ယုမေ ငါပြောတာကို လက်ခံရမယ်''

''ဘာကိုလဲ ဦးလေး''

''ယုမေက အခု အပျိုဖြစ်နေပြီဆိုပေမယ့် လင်ယူရမယ့်အရွယ်တော့ မဟုတ်သေးဘူး။ အစိုးရဥပဒေမှာလည်း အသက်အရွယ်နှစ်ပြည့်မှ အိမ်ထောင်ပြုခွင့်ရှိတယ်ဆိုတာမျိုး သတ်မှတ်ထားတယ်။ ဒီတော့''



www.burmeseclassic.com

www.burmeseclassic.com

"ယုမေလောက်ကောင် အသက်ကြီး မဖွံ့ဖြိုးသေးဘဲ လင်ယူကြတာတွေကော ဦးလေး။ အဲဒါတွေကျတော့ ဘယ်လိုပြောမလဲ"

"အဲဒါက စည်းမဲ့ကမ်းမဲ့တွေပါ ယုမေရယ်။ တို့က စည်းမဲ့ကမ်းမဲ့တွေမှ မဟုတ်တာ။ စည်းနဲ့ကမ်းနဲ့ ဂုဏ်နဲ့ ဒြပ်နဲ့ လူရှိသေ ရှင်လေးစား နေသွားကြမယ့် လူတွေပဲ။ ဒါကြောင့် အရွယ်ကလေးရောက်မှ အိမ်ထောင်ပြုကြမယ်လေ။ ခုနေသာ အိမ်ထောင်ပြုလိုက်ရင် လူပြောစရာကြီး ဖြစ်နေမှာပေါ့။ အသက်ဆယ့်လေးနှစ်အရွယ်ကပင် လင်ယူတဲ့မိန်းမဆိုပြီး သားစဉ်မြေးဆက် ပြောလို့ကို ပြီးမှာမဟုတ်တော့ဘူး။ ဒီနှစ် လင်ယူရင် နောက်နှစ်ဆို ဗိုက်ကကြီးလာဦးမယ်။ လူကငယ်ငယ်လေး ဗိုက်ကအကြီးကြီး၊ ဘူးသီးကြီး မျိုချထားသလိုနေမှာ။ အဲဒါကော ယုမေ ထည့်မတွက်ဘူးလား"

ယုမေက မောင်အေးချမ်း၏ ကျောကုန်းကို ထု၏။ ဗိုက်သားကို ဆွဲလိမ်၏။ မောင်အေးချမ်းက အလျင်အမြန် ယုမေ၏လက်များကို ဖမ်းဆုပ်ထားလိုက်ရသည်။

"အဟုတ်။ အဲဒါအမှန်ပဲ။ တော်ကြာ မွေးလာတဲ့ သားသမီးတွေနဲ့ အမေနဲ့ တစ်ရွယ်တည်းဖြစ်နေလို့ ရွေးမရမှ ဒုက္ခများမှာ"

"ရော ... ပြောလာပြန်ပြီလား" ဟုဆိုကာ ထပ်လိမ်၍ မောင်အေးချမ်းက ယုမေ၏လက်အစုံကို ဖမ်းဆုပ်ထားလိုက်ရပြန်သည်။

"အဲဒီတော့ ယုမေ ကျောင်းပြန်တက်မယ်ဆိုလည်း တက်နိုင်တယ်။ ငါ့အသိတစ်ယောက် ကျောက်ဖြူမှာ ဘော်ဒါဖွင့်နေတာ ရှိတယ်။ သူ့ဘော်ဒါမှာ ငါးတန်းကစပြီး တက္ကသိုလ်ပြီးတဲ့အထိ နေလို့ရတယ်။ စည်းကမ်း၊ စာပြ အားလုံး ကောင်းတယ်။ ဘာမှပြောစရာ မရှိဘူး။ ယုမေက အခု အသက်ဆယ့်လေးနှစ်သာ ရှိသေးတယ်ဆိုတော့ စာကြိုးစားရင် ဆယ့်ရှစ်နှစ်မှာ ဆယ်တန်းအောင်။ အသက်နှစ်ဆယ့်နှစ်နှစ်မှာ ဘွဲ့ရမယ်။ ဒါကြောင့် ဘွဲ့ရပြီးမှ အိမ်ထောင်ပြုရင် ပိုပြီးမကောင်းဘူးလား"

ယုမေပြုံး၏။ ထို့နောက် ...

"နည်းနည်းတော့ စိတ်ဝင်စားမိသလိုပဲ။ ဒါပေမယ့် နောက်ရှစ်နှစ်ကြီးတောင်နော်"

"ဒါပေါ့ ယုမေရဲ့။ ပညာရေးပဲဥစ္စာ။ ရှစ်နှစ်ဆိုရင်ကော ဘာဖြစ်လဲ"

"ဒီတော့ ... ယုမေအတွက် ကျောင်းစရိတ်၊ အဆောင်စရိတ်တွေကိုကော ဦးလေးပေးမယ် မဟုတ်လား"

"ဒါပေါ့ ယုမေရဲ့။ ငါကိုယ်တိုင် လိုက်ပို့အပ်နှံပြီး လိုတာအားလုံးကို ပေးထားခဲ့မှာပေါ့"

"ဒါပေမယ့်နော် ဦးလေး။ ဒေါ်ခင်တင့်ကြီးကိုတော့ မယူရဘူးနော်။ ယုမေကလွဲရင် ဘယ်သူမှ မယူရဘူး။ ဒါတော့ ကတိပေးပါ"

"ယုမေကလည်း မခင်တင့်က ငါ့အစ်မလောက်ရှိတယ်။ အဲဒါကို ငါက ယူမလား"

"ဒါပဲ ... ဒါပဲ ... ယုမေလိုချင်တာ အဲဒါပဲ။ ပြီးတော့ ဒေါ်ခင်တင့်ကြီးဆီမှာလည်း အဖက်အနမ်း မခံပါနဲ့။ တည်တည်တံ့တံ့ပဲနေပါ။ ယုမေပြောနေတဲ့ စကားတွေဟာ တစ်ခုမှ အပိုမပါဘူး။ အားလုံး အတည်ပဲ"

"ဒါဆိုရင် ယုမေ ဘော်ဒါနေပြီး စာဆက်သင်မယ် မဟုတ်လား"

"နည်းနည်းတော့ စိတ်ဝင်စားတယ်လို့ ပြောပြီးပြီပဲ။ ထပ်မမေးနဲ့တော့"

မောင်အေးချမ်းသည် လည်ချောင်းထဲမှ အလုံးကြီးတစ်လုံး ကျသွားသလို ခံစားလိုက်ရ၏။ တစ်ဆို့နေသော အလုံးကြီး ကျသွားသောကြောင့် ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားရသည်။ နေသာထိုင်သာလည်း ရှိသွားသည်။

ယုမေသာ အတင်းတွယ်ကပ်နေပါက မောင်အေးချမ်း အခက်များစွာ တွေ့ရပေလိမ့်မည်။ မောင်အေးချမ်းသည်ကား ယုမေ၏အပေါ်တွင် သနားခြင်းများစွာဖြင့် သံယောဇဉ် ထားလာခဲ့သည်။ အပင်မသန်၍ အသီးမသန်ခဲ့သော ကံဆိုးမလေးသည် အရာရာ၌ ဆိုးကံများဖြင့်သာ အထပ်ထပ်တိုး၍ အမျိုးမျိုးသော ဆင်းရဲဒုက္ခများကို ရင်ဆိုင်ကြုံတွေ့ရင်း ကြီးပြင်းလာခဲ့ရသည်။

ယုမေ၏ဘဝသည် လက်ရှိအခြေအနေထိ ရေမျောကမ်းတင် သဘောမျိုးကိုသာ ဆောင်လျက်ရှိသည်။ မိဘနှစ်ယောက်တို့ တိမ်းပါးသွားသည်မှ စီးမျော၍လာခဲ့သော ယုမေလေးသည် မြန်မာနိုင်ငံ တစ်စိတ်တစ်ဒေသမှ ယခုအခါ အနောက်ဘက်ခြမ်းဖြစ်သော ရခိုင်ပြည်နယ် အမ်းမြို့တွင် ယှဲ့ယှဲ့မျှ တည်လျက်ရှိသည်။

ယခုအချိန်ထိလည်း သူ၏ဘဝကို သူ့ဘာသာ ရပ်တည်နိုင်ခြင်း လုံးဝမရှိသေးပေ။ ငယ်ဘဝမှ ကြီးစသို့ ရောက်လာခဲ့၍ ရင်ဆိုင်ဖြေရှင်းရမည့် လုပ်ငန်းအချို့ကို အထိုက်အလျောက်

www.burmeseclassic.com

စွမ်းဆောင်နိုင်လာပြီဟု ဆိုကောင်း ဆိုနိုင်မည် ဖြစ်သော်လည်း လုံခြုံမှု အရာတွင် များစွာလိုအပ်လာသော မိန်းမပျို ဖြူဖြူချောချောလေး ဖြစ်နေပြန်သည်။

အားကိုးရာမဲ့သူလေး ဖြစ်နေသောကြောင့် မသူတော်တို့၏ ပစ်မှတ်သို့ အချိန်မရွေး ကျရောက်သွားနိုင်သည်။ အဖတ်ဆယ်၍မရလောက်အောင်လည်း ဖြစ်သွားနိုင်သည်။ တွယ်ရာမဲ့ဘဝဟူသည် ကမ်းနားသစ်ပင်ကဲ့သို့သော သဘောကိုဆောင်သည်။ မိန်းမပျိုလေးတစ်ယောက်၏ ကောင်းရေးဆိုးရေးသည် ပတ်ဝန်းကျင်နှင့် များစွာသက်ဆိုင် သည်။

ငယ်စဉ်က အသက်ငယ်သေး၍ ဘဝကို ရပ်မတည်နိုင်။ အရွယ်ကလေး ရောက်လာပြန်တော့လည်း လုံခြုံမှုအရ အားကိုးမှီခိုရာမဲ့သူလေးကြောင့် ဘဝကို ရပ်မတည်နိုင်။ ထိုနှစ်မျိုးလုံးသည် ယုမေ ဖြတ်လျှောက်ခဲ့ပြီး၊ ဖြတ်လျှောက်နေရဆဲ ဖြစ်သည်။ ဤသည်ကို မောင်အေးချမ်း သိရှိနားလည်ခဲ့ပြီးသည်မှ ကိုယ်ချင်းစာတတ်သော စိတ်အစဉ်သည် ရင်ကိုလောင်သဖြင့် နောင်တွင် ယုမေ၏ဘဝ ထိုကဲ့သို့ လုံးဝမဖြစ်စေရဟု ဆုံးဖြတ်ခဲ့သည်။

နိုင်သည့်ဘက်က ကျောက်နံရံကဲ့သို့ ကျားကန်၍ ဆောင်ရွက်ပေးမည်ဟုလည်း ဆုံးဖြတ်ခဲ့သည်။ ဘဝနာသူလေးဖြစ်ပြီး အရွယ်ကလေးလည်း ရောက်လာနေပြီးဖြစ်၍ ယုမေ၏ဘဝတိုးတက်ရေးကို ဖေးမကူညီပေးရာတွင် သိပ်ပြီး အခက်အခဲရှိလိမ့်မည်ဟုလည်း မယူဆပေ။ မောင်အေးချမ်းကိုယ်တိုင် စွမ်းနိုင်သည်ဟုလည်း နားလည်ထားသည်။

သို့သော်လည်း မောင်အေးချမ်း တစ်ခု သတိမထားမိခဲ့သည်မှာ ယုမေ တစ်နေ့သောအခါတွင် ငါ့အား ချစ်သူရည်းစားအဖြစ် ရှုမြင်လာနိုင်သည်ဟူသည်ကိုပင်ဖြစ်သည်။ အရွယ်ကလေးရောက်လာသောအခါ နီးစပ်မှုနှင့်ယှဉ်သော သွေးသားသည် စကားပြောလာတတ်၏ဟူသော အချက်ကို လုံးဝမေ့နေခဲ့သည်။

ယခု စကားပြောလာချေပြီ။ နှလုံးသားလေးက အရေးဆိုလာနေပြီ။ မောင်အေးချမ်း တိမ်းတတ်၊ ဖယ်တတ်၍သာ တော်သေးသည်။ မတိမ်းတတ်၊ မဖယ်တတ်၊ အထိန်းအကွပ်ကိုလည်း မရခဲ့လျှင် ယုမေ၏အပေါ်တွင် ကရုဏာသက်ရာပင် မရောက်နိုင်တော့တဲ့ မိမိ၏သံသရာလမ်းစ အဆက်ဖြတ်ပြီး မင်ညွှန်၊ ဗိုလ်ညွှန်ကျိုးလျက် အမျိုးမျိုးအဖုံဖုံ ဖြစ်သွားနိုင်သည်။

ယခုကဲ့သို့ အချိန်ဆွဲထားခြင်းအားဖြင့် ယုမေ၏ စိတ်ကလေးများ ပြောင်းလဲလာနိုင်သလို မောင်အေးချမ်းအတွက်လည်း ပြင်ဆင်ရန် အချိန်များစွာ ရလာနိုင်သည်။ သည့်အတွက်ကြောင့် မောင်အေးချမ်းမှာ ဝမ်းသာ၍မဆုံး ဖြစ်သွားရ၏။

"ဦးလေး . . . ဘာတွေ တွေးနေတာလဲ"

ယုမေက မောင်အေးချမ်း၏ မျက်နှာကို မော်ကြည့်ပြီး မေးသည်။

"ယုမေ ဘွဲ့ရမလေးတစ်ယောက် ဖြစ်လာမယ့်အရေးကိုတွေးပြီး ဝမ်းသာတွေး တွေးနေတာပါ"

ဟု မောင်အေးချမ်းက လုပ်ကြံပြီး လိမ်ပြောလိုက်သည်။

"အဲဒါကို နည်းနည်းလေးပဲ စိတ်ဝင်စားတယ်လို့ ပြောထားတယ် နော်။ များများကြီး စိတ်ဝင်စားတယ် လို့ ပြောထားတာ မဟုတ်ဘူးနော် ယုမေ စိတ်ဝင်စားတာက ဦးလေးပဲ ဦးလေးနဲ့ပဲ အတူတူနေချင်တာ။ ယုမေ မှာ မိဘဆွေမျိုး ရှိတာမဟုတ်ဘူး တစ်လောကလုံးမှာ ဦးလေးတစ်ယောက် တည်းပဲ ရှိတယ်။ ယုမေ စာသင်လို့ ဘွဲ့ရသွားရင်လည်း ဦးလေးနဲ့ ဘယ် တော့မှ မခွဲဘူး"

ကလေးစိတ် မပျောက်သေးသော သူလေးဖြစ်၍ ပွင့်လင်းသည်။ ရှင် ပြတ်သည်။ အယောင်ဆောင်မှု ကင် သည်။

တစ်အောင့်အကြာတွင် အ ဗိုလ် မော်တော်ကြီး၏ ဟွန်းဆွဲသံ ကြားရသည်။ မောင်အေးချမ်း လက် ပတ်နာရီကို ကြည့်သည်။ ၅ နာ ၁၀ ဆယ်မိနစ် ရှိပြီ။ တစ်ဆက်တည် ပင် ထိုတံတားပေါ်မှ ကားတစ်စီး ဖြတ် သွားသည်။ ယုမေနှင့် မောင်အေးချမ်း တို့ ပူးကပ်ထိုင်နေကြသည်ကို ကား ပေါ်ကလူများ ကွက်ကြည့် ကွက်ကြည့် ကြည့်သွားကြသည်။

"ကဲ . . . ယုမေ၊ မော်တော် ဥသြဆွဲပြီ။ တို့အောက်ရွာမော်တော် ဆိပ်ကို သွားရအောင်။ မော်တော် တော်တော်နောက်ကျတာပဲ။ ပစ္စည် တင်ပြီးရင် မိုးချုပ်လောက်တယ်"

"မိုးချုပ်ချုပ်၊ ယုမေကတော့ ကိုယ်ပြောချင်နေတဲ့ စကားတစ်ခုကို ဖွင့်ပြောလိုက်ရလို့ အတိုင်းမသိ ဝမ်း သာသွားမိတယ်။ အရမ်းလည်း ပေါ့ သွားမိတယ်"

ဟု ဆိုကာ ယုမေသည် မော

www.burmeseclassic.com

အေးချမ်းအား တစ်ချက်နမ်း၏။ ထို့နောက် ခပ်သွက်သွက်လေးပင် လျှောက်လာခဲ့ကြသည်။

* * * * *

"မင်းဘူးက အဝတ်အထည်နဲ့ စားကုန်ပစ္စည်းတွေ ရောက်ပါပြီ ဆရာလေး။ နေ့လယ်ကပင် ရောက်နေတာ။ ဆရာလေးမရှိလို့ အခုမှပြောရတာပါ"

ဟု မောင်အေးချမ်း၏ လက်ထောက် အလုပ်သမား ခေါင်းဆောင်ဖြစ်သော ဦးမောင်လေးက လာပြောသည်။

"ဟုတ်ကဲ့ ဦးမောင်လေး။ ကျွန်တော် အမ်းကိုဈေးကြို့သွားတာ ခုတင်ကမှ ပြန်ရောက်လို့ ရေချိုးပြီး ထမင်းစားပြီးတာ။ ကျွန်တော်အခုပဲ လာခဲ့ပါ့မယ်"

ဦးမောင်လေး လှည့်ပြန်သွား၏။ မောင်အေးချမ်း ဈေးစာရင်း စာအုပ်ကို ယူပြီး ထပ်လိုက်သွားသည်။ ဈေးကြိုရန် အမ်းကိုသွား၍လည်း လိုချင်သော ဈေးပစ္စည်းများကို ပြည့်စုံအောင် မရခဲ့ပေ။ ငါးခြောက်တစ်မျိုးသာ ရခဲ့သည်။ ယခုရခဲ့သည်မှာ ငါးကြီးခြောက်ဖြစ်ပြီး ငါးနီတူစသော ငါးကလေးခြောက်နှင့် ပုစွန်ခြောက်၊ ငါးပိ စသည်တို့ လိုနေသေးသည်။ သို့မှ အလုပ်သမားများ ဈေးအနိမ့်အမြင့်ကိုဆ၍ မျှစားသုံးနိုင်ကြပေလိမ့်မည်။

ယခု မင်းဘူးကို မှာလိုက်သော ဈေးပစ္စည်းများကား စုံအောင်ပါလာသလား မသိရသေးပေ။ အလုပ်သမားက များသည်ထက် များလာနေ၍ ဈေးပစ္စည်းများကို စုံလင်စွာ ရှိထားပါမှ အဆင်ပြေလိမ့်မည်။ အလုပ်သမားများလည်း စိတ်ချမ်းသာစွာဖြင့် စားသောက်ကြရပေလိမ့်မည်။

"ဆရာလေး ရောက်မလာသေးလို့ ဈေးပစ္စည်းတွေကို ကားပေါ်ကတောင် မချသေးဘူး"

ဦးမောင်လေးက ပြောသည်။ ကားသမား ကိုသိန်းဝင်းလည်း ကားနားတွင် ရှိနေသည်။ ကားသမား ကိုသိန်းဝင်းသည် ဘောင်းဘီအိတ်ကို လက်နှိုက်လျက် ခါးကိုကိုင်းပြီး ခြေလှမ်းကျဲကျဲဖြင့် အညောင်းပြေ လမ်းလျှောက်နေသည်။ မောင်အေးချမ်း လာနေသည်ကို မြင်လျှင် ကိုသိန်းဝင်းလည်း ကားနားကို လျှောက်လာသည်။

"ကိုသိန်းဝင်း ကျွန်တော်မှာလိုက်တဲ့ ဈေးပစ္စည်းတွေ အကုန်ရခဲ့သလား"

ဟု မောင်အေးချမ်းက မေးလိုက်သည်။

"ရပါတယ်။ ကားပေါ်မှာ မင်းစစ်ကြည့်လိုက်ဦးလေ"

မောင်အေးချမ်း မှာလိုက်သော ဈေးပစ္စည်းများမှာ ဖျင်အကျီ၊ ပုဆိုး၊ ခေါင်းပေါင်း၊ အညာစောင်၊ တာယာဖိနပ်၊ ခုံဖိနပ်၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရေတ်၊ ကြက်သွန်၊ အာလူး၊ ကြက်ဥ၊ ဘဲဥ စသည့် လူသုံးကုန်ပစ္စည်းများဖြစ်သည်။ အားလုံးစုံသည်။ မောင်အေးချမ်း တစ်ခုချင်းစစ်ပြီး ရေးမှတ်လိုက်သည်။ ပွဲရုံကရေးပေးလိုက်သော ဈေးစာရင်းနှင့်လည်း ကွက်တိကျသည်။

"ဦးမောင်နု (ပွဲရုံပိုင်ရှင်/ယခုကွယ်လွန်)က ဘာတွေပြောလိုက်သေးလဲ ကိုသိန်းဝင်း"

"ဘာမှတော့ မပြောပါဘူး။ မင်းရေးပေးလိုက်တဲ့ စာရင်းကိုကြည့်ပြီး တင်ပေးလိုက်တာပဲ"

"ဒါဆိုရင် ကျွန်တော် မင်းဘူးသွားမှ စာရင်းရှင်းတော့မယ်"

ကိုသိန်းဝင်းက ခေါင်းညိတ်၏။ ကိုသိန်းဝင်းကား အလွန်အေးသည်။ ပေါင်းသင်းဆက်ဆံ၍လည်း အလွန်ကောင်းသည်။

"ကိုသိန်းဝင်း ကားအားသလား။ အားရင် မနက်ဖြန် ကျွန်တော် အမ်းကိုဆင်းချင်တယ်၊ အမ်းဘက်က စားကုန်ပစ္စည်းတွေ အပြည့်အစုံ ရမလာသေးဘူး"

"ရပါတယ် ... မင်းသွားချင်တဲ့အချိန်ကို ပြောပါ"

"ဒါဆိုရင် မနက်စောစော ဆင်းချင်တယ်။ အလုပ်သမားတွေက တိုးတိုးလာနေတော့ စားကုန်ပစ္စည်းတွေကို အပြည့်အဝ စုဆောင်းထားနိုင်မှ ဖြစ်မယ်"

ကိုသိန်းဝင်း ခေါင်းညိတ်၏။

* * * * *

မနက် ၅ နာရီကပင် စခန်းမှ ထွက်လာကြသည်။ အမ်းကို စောစောရောက်မှ ဖြစ်မည်။ အမ်းဗိုလ် မော်တော်ကြီးနှင့်အတူ ပါမလာသော ဈေးစာရင်းများကို မခင်တင့်အား စာရင်းပေးထားခဲ့သော်လည်း မခင်တင့်၏ ကျန်းမာရေးအခြေအနေကို မသိနိုင်သောကြောင့် မောင်အေးချမ်း အမ်းမြို့ကို စောစောရောက်မှ ဖြစ်ပေလိမ့်မည်။

မခင်တင့်သည် အဖျားမသက်သာလျှင် လိုအပ်နေသော ဈေးပစ္စည်းများကို တပ်တောင်သို့ အထွက်မော်တော်ဖြင့် မောင်အေးချမ်းကိုယ်တိုင် မှာရပေလိမ့်မည်။ သို့တည်းမဟုတ် ဦးသာထူးကိုသော်လည်း ငွေးကျပ်

www.burmeseclassic.com

ပေးပြီး မှာခိုင်းရပေမည်။

ဈေးပစ္စည်းအကြောင်းကို တွေးရင်းက မောင်အေးချမ်း၏စိတ်သည် ယုမေထံသို့ ရောက်သွားပြန်၏။ မြီးကောင်ပေါက်မလေး ယုမေသည် မောင်အေးချမ်းအား စွဲလမ်းချစ်နေပြီ။ ထို့ကြောင့် မောင်အေးချမ်းလည်း ခေါင်းကြီးရ၏။ လူ့လောကတွင် ကျင်လည်ရန် စိတ်ကူးမရှိသောကြောင့်ပ‌ေ ဖြစ်၏။

မည်သည့်မိန်းမ တစ်ဦးတစ်ယောက်ကိုမျှ အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် စိတ်ကူးမရှိခဲ့ပေ။ မိန်းမယူလျှင် ပွားစီးလာကြမည့် သားသမီးများနှင့် ဇနီးမယားတို့အား လုပ်ကိုင်ကျွေးမွေးရမည့် လောကဓံဆင်းရဲကို ကြောက်၍မဟုတ်ပေ။ သံသရာကို ဆွဲဆန့်မိမည် ဖြစ်သောကြောင့် သံသရာဆင်းရဲကို ကြောက်ရွံ့၍သာ ဖြစ်၏။

သို့သော်လည်း ယုမေလေးကိုမူ မောင်အေးချမ်း ဥပေက္ခာမပြုရက်ပေ။ မောင်အေးချမ်းသာ ကံဆိုးမလေး ယုမေကို ဥပေက္ခာပြုလျှင်လည်း သူလေးသည် လာခြင်းမကောင်းခဲ့သလို မည်သည့်နည်းနှင့်မျှလည်း သွားခြင်းကောင်းနိုင်ရန် မရှိပေ။ ထို့ကြောင့် မောင်အေးချမ်းသည် ယုမေ သူ့ခြေထောက်နှင့် လောကကြီးထဲတွင် မားမားမတ်မတ် ဝင့်ဝင့်ထည်ထည် လျှောက်လှမ်းသွားလာနိုင်သည်အထိ စောင့်ရှောက်ဖေးမပေးရန် ဆုံးဖြတ်ထားသည်။

သို့သော်လည်း ယခုအချိန်တွင် သူ့ကို မချစ်၊ မနှစ်သက်၊ မယူ၊ မပေါင်းဟူသော စကားကို မည်သည့်နည်းနှင့်မျှ ယုမေအား ပြော၍ဖြစ်နိုင်ဘွယ် မရှိပေ။ မောင်အေးချမ်းကို အရူးအမူး ချစ်နေမိသော အချစ်ရူးမလေးသည် ဆောက်တည်ရာမရ ဖြစ်သွားနိုင်သည်။ ယခုမှ အချစ်စိတ်ဝင်ပြီး အရူးအမူးချစ်နေမိချိန်၌ သူထင်သလို ဖြစ်မလာခဲ့ဘဲ ကြီးစွာသော အနှောင့်အယှက်ကြီးသဖွယ်ဖြစ်ကာ သူ့ရင်ကို လောင်ပေလိမ့်မည်။ စိတ်သည်လည်း အညွန့်ကျိုးသွားနိုင်သည်။ ထိုကဲ့သို့ အချစ်ရူးရူးပြီး ဘဝတစ်ခုလုံး ဆောက်တည်ရာမရ ဖြစ်သွားကြသော အချစ်ရူးမလေးအချို့ကို မောင်အေးချမ်း မြင်ဖူးသည်။ ထိုထိုအချစ်ရူးလေးများသည်လည်း အများအားဖြင့် အချစ်သွေးဝင်ရောက် (အရွယ်ရောက်)စတွင် ဖြစ်ကြ၏။

တစ်ယောက်သော အမျိုးသမီးသည် သူ့ယောကျ်ား စစ်ပွဲတွင် ကျဆုံး၍ အချစ်မီးလောင်ကာ တစ်သက်ပတ်လုံး သွက်သွက်ခါအောင် ရူးသွပ်သွား၏။ ခြံလှောင်ထားရသည် အထိ ဖြစ်၏။

တစ်ယောက်သော အမျိုးသမီးသည် တိုင်းပြည်ပျက်စတွင် မည်သည့်အကြောင်းကြောင့်ဟု မသိရဘဲ သူ့ယောကျ်ား ပျောက်ဆုံးသွား၍ ရူးသွပ်သွား၏။ အသက်ရှစ်ဆယ်ကျော်သည် အထိ သူ့ယောကျ်ားအလာကို မျှော်ရင်း ငိုရင်းဖြင့် ဝိညာဉ်ချုပ်သွား၏။ (ထိုအကြောင်းကို “အချစ်နှင့်ဇရာ အမည်ဖြင့် အဌရသမဂ္ဂဇင်းတွင် ခန်းဆက်ရေးခဲ့ပြီး)

တစ်ယောက်သော အမျိုးသမီးသည် မိဘနှင့်အဆင်မပြေ၍ သူ့ယောကျ်ား စွန့်ခွာသွားသောကြောင့် သွက်သွက်ခါအောင် ရူးသွပ်သွားသည်ကို ဆေးကုရင်း ပြန်လည်တည့်မတ်လာခဲ့သော်လည်း အသေအချာ တည်လည်တည့်ခြင်းမရှိတော့ဘဲ နဂိုရုပ်ပျောက်ကာ ခေါင်းမှ ဆံပင်အားလုံး ကျွတ်သွား၍ တစ်သက်ပတ်လုံး ခေါင်းပေါင်းပေါင်းနေရသည်ကို တွေ့ဖူးသည်။

ယုမေလေးကိုမူ ထိုကဲ့သို့ မည်သည့်နည်းနှင့်မျှ အဖြစ်မခံနိုင်ပေ။ ကံဆိုးမလေး ဖြစ်သောကြောင့် မောင်အေးချမ်း ချစ်သည်။ သနားသည်။ ကရုဏာသက်သည်။ တတ်နိုင်သမျှ ပရိယာယ်သုံးပြီး သူ့ဘဝကို သူ့ခြေထောက်ဖြင့် ရပ်တည်နိုင်သည်အထိ မောင်အေးချမ်း ဖေးမသွားမည်ဖြစ်၏။

ဤသည်မှာလည်း ခက်လိမ့်မည်ဟု မောင်အေးချမ်း မယူဆပေ။ ဘော်ဒါနေရင်း သူ၏ကျောင်းသူဘဝ တစ်လျှောက်လုံး အချစ်ရေးနှင့်ပတ်သက်ပြီး မောင်အေးချမ်းက လမ်းဖွင့်ပေးထားမည် ဖြစ်၏။ ကြိုက်သောသူကို ယူနိုင်ကြောင်းလည်း လင်းလင်းကြီး ပြောကြားထားမည် ဖြစ်၏။ တစ်နှစ်တစ်တန်းအောင်လျှင်ပင် ယုမေ၏ ကျောင်းသူဘဝသည် ဘွဲ့ရသည်အထိ ရှစ်နှစ်ကြာမည် ဖြစ်၏။

ထိုကာလတစ်လျှောက်၌ ယုမေလို ရုပ်ချောသူလေးအဖို့ ချစ်သူကြင်သူများသည် တစ်ယောက်မက တွေ့လာနိုင်သည်။ မောင်အေးချမ်းကလည်း ကျေနပ်သော အမူအရာနှင့် ခိုင်မာသောစကားကို ပြတ်ပြတ်သားသားပြောပြီး လွတ်လပ်ပြီး ခွင့်ပြုထားမည်ဖြစ်၍ တစ်ယောက်မဟုတ် တစ်ယောက်နှင့် ယုမေ အဆင်ပြေသွားနိုင်သည်။

စာသင်ကာလ တစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ယုမေသည် ချစ်သူကြင်သူ လက်တွဲဖော်များ မတွေ့ခဲ့လျှင်လည်း အခြားသော ထွက်ပေါက်တစ်ခုကို မောင်အေးချမ်း စဉ်းစား၍ ရှိသေးသည်။ ယုမေသည် ဘွဲ့ရပညာတတ်မလေး ဖြစ်သွားလျှင် ထိုဘွဲ့ရပညာနှင့် လိုက်လျောညီသော ကျောင်းဆရာမ၊ စာရေးမ၊ တစ်ခုခု ဖြစ်လာပေလိမ့်မည်။

မောင်အေးချမ်းကလည်း ယုမေအား ဘော်ဒါပို့ထားသော အချိန်မှစ၍ ခပ်ခွာခွာ ခပ်ဝေးဝေးသာ နေတော့မည်ဖြစ်၍ အတွေ့အထိ ကင်းပြတ်လာခဲ့သည့်အလျောက် ခင်တွယ်ခြင်းသံယောဇဉ်လည်း နည်းလာမည်ဖြစ်ပြီး အသက်ကလေး ရလာသည်နှင့် အမျှ စဉ်းစားတတ်လာဦးမည်လည်း ဖြစ်သည်။

ထိုအခါ မောင်အေးချမ်းသည် ဘာသာရေးလမ်းကြောင်းကို ကောင်းကောင်းကြီး ဟောပြောဆုံးမ၍ ဖြစ်စေ၊ တစ်စုံတစ်ရာ အသိမပေးဘဲ လူ့ဘဝကို အပြီးတိုင် စွန့်လွှတ်၍ဖြစ်စေ မောင်အေးချမ်း ရုန်းထွက်နိုင်သည်။ ထိုအချိန်၌ ယုမေသည်လည်း အခြေနိုင်ပြီး ရင့်ကျက်နေပြီဖြစ်၍ နောက်ဆံတင်းစရာ မလိုတော့။

* * * * *

ပွဲရုံရှေ့တွင် ကားကိုရပ်နားလိုက်သည်။ ပွဲရုံပိတ်ထားသည်ကို တွေ့ရသည်။ အပြင်တွင်လည်း လူတစ်ယောက်မှ မတွေ့ရပေ။ ထို့ကြောင့် မခင်တင့်သည်ပင် တိုး၍ နေမကောင်းဖြစ်နေလေသလားဟု ယူဆမိသည်။ မောင်အေးချမ်း ကားပေါ်မှဆင်းပြီး ခြံထဲသို့ ဝင်သွား၏။ သို့မှ ယုမေ ထွက်လာပြီး ကြိုသည်။

ယုမေသည် ယခင်နှင့်မတူဘဲ အနည်းငယ် ရင့်ကျက်သွားသည်။ယခင်ကဆိုလျှင် ကလေးငယ်တစ်ယောက် ပမာ တောက်တောက်ကလေး ပြေးလာပြီး မောင်အေးချမ်းအား ပြေးဖက်လေ့ရှိသည်။ စကားများကိုလည်း ဖောင်ဖွဲ့ပြောသည်။ ယခုမူ အနည်းငယ် ရင့်ကျက်သော အမူအရာဖြင့်သာ ထွက်လာပြီး တစ်ချက်မျှ ပြုံးပြကာ မောင်အေးချမ်း၏ လက်မောင်းကို ဖွဖွလေးကိုင်ပြီး "လာ"ဟုဆိုကာ အထဲသို့ခေါ်ရင်း လေသံတိုးတိုးဖြင့် ..

"ဒေါ်ခင်တင့်ကြီး အတော်လေး နေမကောင်း ဖြစ်နေတယ်။ ဒါကြောင့် အိပ်ရာကတောင် မထနိုင်ဘူး"

ဟု ပြောသည်။ မခင်တင့်၏ အခန်းကို ဝင်ခါနီးတွင် လက်တွဲဖြုတ်ပြီး ယုမေ ရှေ့ကသွားသည်။

"ဟင် ... မောင်လေး ရောက်လာပြီလား။ ကားသံကြားပေမယ့် မမ ခေါင်းမထူနိုင်လို့ ထွက်မကြိုတာပါ။ လိုနေသေးတဲ့ ပစ္စည်းတွေကိုတော့ ကိုစောအောင်နဲ့ မှာလိုက်ပြီ။ ဒီညနေ အားလုံးစုံအောင် ရောက်လာပါလိမ့်မယ်"

ဦးစောအောင်မှာ အမ်းဗိုလ်မော်တော်ကို မြို့နယ်ကိုယ်စားလှယ် အဖြစ် စီးနေခြင်း ဖြစ်သည်။ အလွန်ရိုးသားအေးဆေးပြီး ခန့်ထည်သော လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။ မောင်အေးချမ်းနှင့်လည်း ရင်းနှီးကြသည်။

"ဒါဆိုရင် မနေ့ကလိုပဲ ကျွန်တော် အောက်ရွာဆိပ်ကို သွားကြိုယူရမှာလား"

"အေးကွယ်။ အဲဒါလေးတော့ မမနေမကောင်းလို့ သွားကြိုပေးစေချင်တယ်။ အရမ်းလည်း အားနာပါတယ်။ ဒါကြောင့် ဒီညနေလည်း သွားကြိုပေးပါဦး။ ကဲ ... ယုမေ နှင့်ဦးလေးအတွက် လက်ဖက်ရည်ဆိုင်ကို သွားလိုက်ပါဦး"

"နေပါစေ ... မခင်တင့်။ ကျွန်တော် မနက်စာ ဘာမှမစားခဲ့သေးဘူး။ ဒါကြောင့် ကိုယ့်ဘာသာပဲ ဆိုင်ကို သွားစားလိုက်တော့မယ်"

"ဒီလိုဆိုလည်း ယုမေ လိုက်သွား။ ရော့ ... ဒီမှာ ပိုက်ဆံအိတ်"

ဟုဆိုကာ မခင်တင့်သည် ယုမေအား ပိုက်ဆံအိတ်ကို ကမ်းပေး၏။

"ရပါတယ်။ ပိုက်ဆံမပေးပါနဲ့။ ဟိုမှာ ကားသမားလည်း ပါသေးတယ်။ ကျွန်တော်တို့ဘာသာပဲ ကိုအောင်မြိုင် ထမင်းဆိုင်ကို သွားစား တော့မယ်"

ဟု ပြောပြီး ယုမေနှင့် ထွက်လာကြ၏။ ကားသမား ကိုသိန်းဝင်းကို လည်း ခေါ်လာကြသည်။

မြို့လမ်းမ တစ်လျှောက်တွင် လူစည်ကားလျက်ရှိသည်။ ဈေးဝသို့ ရောက်လျှင် ယာယီအလှူခံမွှာရုံလေးဆီက အသံချဲ့စက်သံကို ကြားရသည်။ မနက်စောစောဖြစ်၍ ဈေးထဲတွင် လူများ ကြိတ်ကြိတ်တိုးနေကြသည်ကို လမ်းမက လှမ်းကြည့်ရုံဖြင့် မြင်နေရသည်။ ကိုအောင်မြိုင် ထမင်းဆိုင်သည်လည်း ဈေးထဲမှာ ဖြစ်သည်။

"ဟေး ... ဟိုဟာ မောင်အေးချမ်းလားကွ"

အလှူခံမွှာရုံက လှမ်းမေးသံကို ကြား၍ လှည့်ကြည့်လိုက်ရာ မြို့ဦးပရဟိတဆရာတော် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"တင်ပါ ဘုရား"

"အေး ... ခဏ ခဏ"

ဆရာတော်သည် သီတင်းသုံး ထိုင်နေရာ ကုလားထိုင်မှ ထလာပြီး ဓမ္မာရုံမုခ်ဝတွင်လာရပ်၏။ မောင်အေးချမ်းက ဆရာတော် တစ်စုံတစ်ခု ကိစ္စရှိနေလိမ့်မည်ဟု နားလည်၍ အနားသို့ သွားပြီး လက်အုပ်ချီနေလေရာ ဆရာတော်က ...

"မင်းမှာ ကားပါသလား"

"ပါပါတယ် ဘုရား"

"အေး ... မင်း ရိုးကဆင်းလာရင် ကားပါတတ်လို့ မေးကြည့်တာ။ ဒီတော့ ကားပါရင် တစ်ခုအကူအညီတောင်းချင်တယ်။ ကျောက်သဲ လေးငါးစီးလောက် တိုက်ပြီး အခုကျောင်းတိုးချဲ့ဆောင်မှာ သမံတလင်း ခင်းချင်လို့ကွ။ မင်း ကားကူညီနိုင်မယ်ဆိုရင်တော့ မြို့အရှေ့ဘက်သဲခုံကပဲ ကျောက်ကို ငါ့ကျောင်းသားတွေနဲ့ လိုက်ပြီး တင်မယ်။ ရနိုင်မလား"

"ရပါတယ် ဘုရား။ ဆရာတော့်ကိစ္စဆိုရင် တပည့်တော်ကူညီရမှာပေါ့"

"ရပါတယ်ဆိုရင် ကားဘယ်မှာလဲ။ ဧကာမ ဒေါ်ခင်တင့်ရဲ့ ပွဲရုံရှေ့မှာများ ရပ်ထားခဲ့သလား"

"တင်ပါ ဘုရား။ ဆရာတော်ပဲ ကျောက်သဲတင်မယ့် ကျောင်းသားတွေကို စီစဉ်ထားလိုက်ပါ။ တပည့်တော်တို့ ကိုအောင်မြိုင်ဆိုင်ဝင် အဆာပြေစားပြီးတာနဲ့ လိုက်လာခဲ့ပါ့မယ်"

ဆရာတော် ကျောင်းဘက်ကို ကြွသွားလေ၏။ မောင်အေးချမ်းတို့ လူစုလည်း ကိုအောင်မြိုင်၏ ထမင်းဆိုင်ထဲကို ဝင်လိုက်ကြသည်။ ဆိုင်ထဲတွင် လူပြည့်နေသောကြောင့် နေရာတစ်ခုရအောင် လိုက်ရှာနေကြရင်း ကိုအောင်မြိုင် မြင်သွားပြီး ...

"ကားဆရာက ရှေ့ခုံမှာပဲ ထိုင်လိုက်ပါ။ မောင်အေးချမ်းနဲ့ ကလေးမအတွက်တော့ ပိတောက်ပင် အောက်မှာပဲ နေရာချပေးလိုက်ပါ့မယ်။ အားနာစရာကြီးဖြစ်ရပါပြီ"

"ရပါတယ် ကိုအောင်မြိုင်။ ခုံအပိုရှိရင်သာ ပေးပါ။ ကျွန်တော်တို့ဘာသာပဲ ခုံခင်းလိုက်ပါ့မယ်"

ဟု မောင်အေးချမ်းက ပြောလိုက်သည်။

"အေးကွာ။ အလုပ်သမားတွေကလည်း အရောက်နောက်ကျတော့ မနက်ပိုင်းမှာ အခုလိုပဲ မနိုင်မနင်း အဖြစ်နဲ့ ကြုံရတာပဲ"

ကိုအောင်မြိုင် လှမ်းပေးသော စားပွဲခုံကို အောင်အေးချမ်းက လှမ်းယူပြီး ထိုင်ခုံလေးနှစ်လုံးကိုမူ ယုမေလက်က ဆွဲလာခဲ့သည်။ ပိတောက်ပင်ကြီးအောက်တွင် ခုံခင်းလိုက်ကြသည်။

"ကဲ ... ယုမေ ပြော။ ဘာစားမလဲ။ ကိုယ်တိုင်သွားယူမှ အဆင်ပြေမယ့် သဘောရှိတယ်"

"ဦးလေးစားတာကိုပဲ ယုမေစားမယ်"

မောင်အေးချမ်း ကြက်ဥနှင့် ထမင်းကြော် နှစ်ပွဲသွားယူလိုက်၏။ ထမင်းကြော်ကို ရေနွေးနှင့် မမြည်းဘဲ လက်ဖက်ရည်နှင့်သာ မြည်းကြ၏။ ငရုတ်သီးအစိမ်းတောင့်နှင့် ကြက်သွန်ဖြူလည်း ပါသောကြောင့် ပူရှိန်းစပ်ရှိန်းဖြင့် အရသာတစ်မျိုး ရှိ၏။

"ခုတင်က ဆရာတော်ကျောင်းမှာ ယုမေတို့လို ကလေးတွေ အများကြီးပဲ ဦးလေးရဲ့"

ဟု ယုမေက ထမင်းကြော်စားရင်း ပြော၏။

"ရှိမှာပေါ့ ယုမေရဲ့။ ပရဟိတကျောင်းပဲ"

"ယုမေ ဒေါ်ခင်တင့်ကြီးနဲ့ ဆွမ်းပို့လိုက်သွားတာ နှစ်ခါတောင် ရောက်ဖူးတယ်။ ကလေးတွေကများတော့ ဆရာတော်ကျောင်းက အရမ်းပျော်စရာကောင်းတာပဲ။ အဲဒီကလေးတွေ အားလုံးပဲ ယုမေတို့လို မိဘမဲ့ ဖြစ်ကြမှာပေါ့နော်"

"အင်း"

အင်းဟု ဆိုလိုက်သော်လည်း မောင်အေးချမ်း၏ ရင်ထဲတွင် နစ်ခနဲဖြစ်သွားရ၏။ ဘဝတစ်ခုလုံးတွင် အားနွဲ့ခြင်းပေါင်းများစွာဖြင့်သာ ရှင်သန်လာခဲ့ရသော ယုမေသည် သူ့ကဲ့သို့ မိဘမဲ့ကလေးများကို တွေ့ရမြင်ရသော အခါ ကိုယ်ချင်းစာစိတ်နှင့် ထပ်တူဝမ်းနည်းဝမ်းသာလည်း ဖြစ်မိမည်ထင်၏။

အတိတ်ဟူသည်မှာ မေ့ဖျောက်၍ မရကောင်းသော အရာဖြစ်သည်ကြောင့် တူမျှသောအဖြစ်မျိုးနှင့် ကြုံကြိုက်၍ ဆုံမိလေတိုင်း ရင်ကို လှုပ်ခါစေသည်မှာ မပျောက်မပျက်နိုင်သည့် ဝေဒနာတစ်ခုသာ ဖြစ်ပေ၏။ ထို့ကြောင့် ယုမေလေးအား သနား စိတ်ပိုရပြန်သည်။ မောင်အေးချမ်းက သူ့ဆံပင်လေးများကို လက်နှင့်သပ်ပေးလိုက်ရာ ယုမေသည်ပြုံးချိုလျက် ကျေနပ်၍ နေ၏။

(နောက်လဆက်ရန်)

မင်းဟိန်းထိုက်



www.burmeseclassic.com

www.burmeseclassic.com

# အတတ်ဟောဆရာဆိုတိုင်း ယုံသင့်မှယုံပါ

**ခင်မောင်ထွန်း(လမ်းမတော်)**

အတတ်ဟောဆရာများကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် အမှုတိုင်တန်းသူများအကြား အဆင်မပြေမှုများ ဖြစ်ပေါ်ရသည့်အကြောင်းကို စာဖတ်သူများ သိရှိစေရန် ရေးသားတင်ပြလိုပါတယ်။

အထူးသဖြင့် ပစ္စည်းနှင့် ပတ်သက်သော ခိုးမှု၊ ဖောက်ထွင်းမှု၊ လုယက်မှု၊ ဓားပြမှု စသည့်အမှုများ ဖြစ်ပွားတဲ့အခါ အမှုကို ရဲစခန်းကို လာရောက်တိုင်တန်းကြပါတယ်။ ရဲက အမှုကို စုံစမ်းနေစဉ်မှာပဲ အမှုတိုင်တန်းသူက အတတ်ဟောဆရာ၊ ပစ္စည်းပျောက်ဟောဆရာတွေကို သွားမေးတော့ ဥပမာ-အိမ်မှာ တနင်္လာသား(သို့မဟုတ်)သမီး ရှိလား၊ ဒါမှမဟုတ် မကြာခဏ ဝင်ထွက်နေတဲ့ တနင်္လာသား(သို့မဟုတ်) သမီး အဲဒီနေ့နံရှိတဲ့သူက အမှုမှာပါတယ်၊ လက်ထောက်ချလိုက်တယ်၊ ရဲကိုသွားပြီး သူ့ကို ဖမ်းစစ်ခိုင်းလိုက်ပါ။ အမှုပေါ်လိမ့်မယ်လို့ အတတ်ဟောလိုက်တာ များပါတယ်။

အိမ်မှာ သူဟောလိုက်တဲ့နေ့နံသင့်သူ မရှိခဲ့ရင် တခြားနေ့နံတစ်ခုကို အလိုက်သင့် ပြောင်းပြောတယ်။ နေ့နံနှစ်ခု သုံးခုပြောတော့ တိုက်ဆိုင်သွားတတ်တာပေါ့။ အထူးသဖြင့်တော့ အိမ်ဖော်တွေနဲ့ အဝင်အထွက် ရှိသူတွေကို စွပ်စွဲတတ်ပြီး အတတ်ဟောလိုက်တော့ အမှုတိုင်သူ(တရားလို)က ရဲစခန်းလာပြီး အတင်းဖမ်းစစ်ခိုင်းတော့တာပါပဲ။

ရဲက မသင်္ကာစရာ အထောက်အထား အခိုင်အလုံရှိမှ လူတစ်ယောက်ကို ဖမ်းလို့ရပါတယ်။ ဖမ်းပြီဆိုရင်လည်း အမှုစစ်နေစဉ်ကာလအတွင်း ချုပ်ထားခွင့်ကို အကျိုးအကြောင်းဖော်ပြပြီး တရားသူကြီးထံ တင်ပြရပါတယ်၊ ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com

မိန့်ပေးနိုင်တဲ့ တရားသူကြီးက ရဲအမှုတွဲက တင်ပြချက်ကို သေချာစိစစ်ပြီးတော့ ဖမ်းဆီးချုပ်နှောင်ခွင့် ပေးရပါတယ်။ ဒါပေမဲ့ အတတ်ဟောဆရာရဲ့ ဟောပြောချက်ကို အမှုတိုင်သူ (ဘ...)က အတိအကျ ယုံကြည်နေတော့ ရဲက သူပြောတဲ့အတိုင်း မဖမ်းဘူး မလုပ်ဘူးဆိုရင် အားမလိုအားမရဖြစ်ပြီး ဟိုတိုင် ဒီတိုင်၊ တိုင်တာမျိုးတွေ ကြုံတွေ့ရပြန်ပါတယ်။

အဲဒီလို အမှုတွေထဲက စာရေးသူကိုယ်တွေ့ အမှုတစ်ခုအကြောင်း တင်ပြလိုပါတယ်။ ရန်ကုန်မြို့လယ် လူကုံထံတွေ နေထိုင်တဲ့ ရပ်ကွက်တစ်ခုက ချမ်းသာသူ မိသားစုအိမ်မှာ စိန်ဆံထိုးတစ်ခု ပျောက်ဆုံးခဲ့တဲ့အမှု ဖြစ်ပွားခဲ့ပါတယ်။ ဒေါ်ဒေါ်ငွေးလို့ပဲ ဆိုကြစို့။ သူ့ရဲ့ တစ်ဦးတည်းသောသားက စာရေးသူနဲ့ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ပါတယ်။

ဒေါ်ဒေါ်ငွေးတစ်ယောက် အသက် ၆၀ ကျော်လာသော်လည်း မိဘမျိုးရိုးက ချမ်းသာခဲ့သူဆိုတော့ လက်ဝတ်လက်စားကို ဝါသနာပါစွာ ဝတ်ဆင်သူ ဖြစ်ပါတယ်။ ညအိပ်ရာဝင်မှ ဝတ်ထားတဲ့ စိန်ရွှေရတနာတွေကို အိမ်ဖော်မပြုံးကို ချွတ်ခိုင်းပြီး အိပ်ရာဘေးက မှန်တင်ခုံအံဆွဲမှာထည့် သော့ခတ်ပြီး ဒေါ်ဒေါ်ငွေးအိပ်တဲ့ ခေါင်းအုံးအောက်မှာ ထားပေးရတာ နေ့စဉ်အလုပ်ပါ။ မနေ့ကတော့ ဒေါ်ဒေါ်ငွေး ပစ္စည်းတွေထဲက သိန်း ၂၀ လောက်တန်တဲ့ စိန်ဆံထိုးကြီးတစ်ခု ပျောက်နေပါတယ်။

သူတို့မိသားစု ကြိတ်ရှာကြပါတယ်။ မတွေ့တော့ အဲဒီအချိန်က ပစ္စည်းပျောက်မှာ နာမည်ကြီးနေတဲ့ အတတ်ဟော ဆရာထံလည်း သွားမေးကြပါတယ်။ စာရေးသူနဲ့ နေ့ခင်းပိုင်းလောက် ရဲစခန်းကို လာတိုင်ပါတယ်။

ဒေါ်ဒေါ်ငွေးရဲ့သား သူငယ်ချင်းကလည်း စာရေးသူကို ဖုန်းဆက်ပါတယ်။ သူ့အမေ ဒေါ်ဒေါ်ငွေးကလည်း စာရေးသူကို လာစေချင်ပါတယ်တဲ့။ ဒါနဲ့ ရဲစခန်းကိုဆက်တော့ မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းရဲအရာရှိတွေ အဲဒီကို သွားကြပြီဆိုတာနဲ့ စာရေးသူ လိုက်သွားခဲ့ပါတယ်။

စာရေးသူ ဒေါ်ဒေါ်ငွေးအိမ်ရောက်တော့ ဒေါ်ဒေါ်ငွေးက ခြံဝက ဆီးကြိုပြီး ဟဲ့ ဟဲ့သား ကိုထွန်း၊ အမေ မနက်က နာမည်ကျော် အတတ်ဟောဆရာ မေးခဲ့ပြီး အိမ်မှာ အိမ်ဖော်သုံးယောက်ရှိတယ်။ အဲဒီကတည်းက မပြုံး ဆိုတာက အမေ့လက်ဝတ်ရတနာ အားလုံးသိမ်းပေးနေတာ၊ အရင်ကတော့ ရိုးပါတယ်။ သူက အခု ရည်းစားတွေ ဘာတွေထားတယ်။ သူက ကြာသပတေးသမီး၊ ဆရာကြီးက တတ်အပ်ပဲ သူခိုးတာတဲ့။ အဲဒါ မင်းရဲ့ ရဲအရာရှိတွေကို သူ့ကို ဖမ်းစစ်ဖို့ ပြောပေးပါ။

စာရေးသူ ဧည့်ခန်းရောက်တော့ အိမ်ဖော်သုံးယောက် ကြမ်းပေါ်မှာ ထိုင်နေပါတယ်။ သူတို့ဘေးထိုင်ခုံတွေပေါ်မှာ ရဲအရာရှိတွေ ထိုင်နေကြပါတယ်။ စာရေးသူလည်း ဝင်ထိုင်ပြီး သူတို့ကို အကဲခတ်ကြည့်မိပါတယ်။ နယ်ထိန်း ဒုရဲအုပ်ဦးတင်က စာရေးသူနားလာပြီး 'သူက မပြုံး၊ အမေငွေးရဲ့ အနီးကပ် ပြုစုရသူပါ၊ သူက မရွှေ၊ ထမင်းချက်ပါ၊ သူက မလှဝင်း၊ သန့်ရှင်းရေးလုပ်ပါတယ်' ဆိုပြီး တစ်ဦးချင်း လက်ညှိုးထိုးပြပါတယ်။ မြို့နယ်မှူးက ကျွန်တော်တို့ မေးကြည့်မိချက်အရ ပျောက်ဆုံးတဲ့ပစ္စည်းက ည ၁၀ နာရီလောက် အမေငွေး ဘုရားကိုးဆူပွဲက ပြန်လာတော့ အိမ်ဖော်မပြုံးက အမေငွေးရဲ့ မြေးမလေး နေမကောင်းဘူး၊ အောက်ထပ်မှာ ပြုစုနေလို့ မခေါ်တော့ဘဲ သူ့ဟာသူ ပစ္စည်းတွေချွတ်ကာ မှန်တင်ခုံပေါ် ဒီတိုင်းတင်ထားခဲ့ပြီး အိပ်သွားခဲ့တယ်။ မနက်လင်းတော့ ပစ္စည်းအားလုံးထဲက စိန်ဆံထိုးပျောက်နေတယ်လို့ သိရပါတယ်။ အိမ်မှာရှိတဲ့သူတွေအားလုံး အပြင်ကို ဘယ်သူမှ မထွက်ရသေးပါဘူး။ အမေငွေးနဲ့ သူ့သားပဲ ဗေဒင်မေးဖို့နဲ့ ရဲစခန်း လာခဲ့ကြတယ်လို့ သိရပါတယ်။

ပျောက်ဆုံးတဲ့ စိန်ဆံထိုး အပြင်မရောက်သေးဟု ထင်ရသည်။ အိမ်ဖော်တစ်ဦးဦး လက်ချက်ဟုပင် ထင်ရသည်။ အိမ်ဖော်သုံးဦးကို စာရေးသူ အကဲခတ်ကြည့်မိသည်။ အတတ်ဟောဆရာ စွပ်စွဲသော မပြုံးမှာ လည်ပင်းတွင် စိပ်ပုတီးဆွဲထားပြီး တည်ငြိမ်ရိုးသားသော အသွင်တို့ကို တွေ့ရသည်။ ကျန်နှစ်ဦးကိုလည်း အကဲခတ်ကြည့်မိသည်။ နယ်ထိန်းဒုရဲအုပ်ဦးတင်မှာ ရဲတပ်သားဘဝမှ ဒုရဲအုပ်ဖြစ်လာသော အတွေ့အကြုံ ရင့်ကျက်သည့် ရဲအရာရှိဖြစ်သည်။ သူက စာရေးသူထံလာပြီး ကျွန်တော် သူတို့သုံးဦးကို အကဲခတ်ကြည့်ခဲ့တာ တရားခံသိပြီ ဆရာ၊ တရားခံ ဖော်ထုတ်လိုက်တော့မယ်ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်၍ စာရေးသူက အံ့ဩစွာဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။ ဦးတင်က အိမ်ဖော်သုံးဦးအနား ကပ်သွားပြီး. . .

"ကဲ မလှဝင်း ထပါ၊ စိန်ဆံထိုး ဘယ်မှာဝှက်ထားသလဲဆိုတာ ပြောပါ၊ မင်းယူထားတာ တို့တပ်အပ်သိပါတယ်"

ဟု ဆိုလိုက်ပါသည်။

မလှဝင်းက ဣန္ဒြေပျက်ကာ 'ဦးလေး ကျွန်မ မယူရပါဘူး' ဟု တုန်တုန်ရင်ရင် ဖြေပါတယ်။

နယ်ထိန်း ဒုရဲအုပ် ဦးတင့်က ကဲ မင်း ငြင်းမယ်ဆိုရင် မင်းဝှက်ထားတဲ့နေရာ ငါ ပြမယ်ဆိုပြီး မလှဝင်းကို ဧည့်ခန်းမှာ အလှစိုက်ထားတဲ့ စဉ့်ဂမုန်းပန်းအိုးနား ခေါ်သွားပြီး ဂမုန်းပင်ပတ်လည်က ပွနေတဲ့ မြေဆွေးတွေကို လက်နဲ့ဖွရှာလိုက်တော့ စိန်ဆံထိုးကြီး ထွက်လာပါတယ်။

အားလုံး ဟာခနဲ အံ့ဩတကြီး ဖြစ်သွားကြပါတယ်။

"ကဲ မလှဝင်း မငြင်းနဲ့တော့"

မလှဝင်းက ရှိုက်ကြီးတငင် ငိုချလိုက်ပါတယ်။

မလှဝင်းက 'ဟုတ် ဟုတ်ကဲ့ မနေ့ညနေက မေမေကြီး ဘုရားကိုးဆူသွားဖို့ အပေါ်ထပ်က လှေကားက ဆင်းလာတော့ လှေကားရင်းမှာ ပဝါခြုံလိုက်တော့ ခေါင်းပေါ်က ဆံထိုးပြုတ်ကျ ကျန်ခဲ့ပါတယ်။ အားလုံးထွက်သွားကြတော့ ကျွန်မ ယူပြီး ပန်းအိုးထဲမှာ ဝှက်ထားခဲ့ပါတယ်ဟု ဝန်ခံပါသည်။

အမှုက ပေါ်သွားပြီ။ အတတ်ဟောဆရာ ဟောလိုက်သော မပြုံးတစ်ယောက် ဘာသာရေးကိုင်းရှိုင်းမှု ရိုးသားမှုများကြောင့် အဖမ်းမခံရဘဲ အစစ်အဆေးပင် မခံလိုက်ရ။

စာရေးသူက အမေဌေးနား ကပ်သွားပြီး. . .

"ကဲ အမေရေ အတတ်ဟောဆရာတွေက ရဲကို ဒက္ခပေးတာများပြီ၊ အတွေ့အကြုံရှိတဲ့ ရဲက ပိုပြီးအတတ်ဟောနိုင်ပါတယ်"

ဟု ပြောလိုက်ရာ အမေဌေးတို့မိသားစု ဝိုင်းရယ်ကြသည်။

အတွေ့အကြုံရှိသူ နယ်ထိန်း ဒုရဲအုပ် ဦးတင်ဘယ်လိုသိလို့ တရားခံ ဖော်ထုတ်လိုက်တာလဲလို့မေးတော့. .

"ဆရာရယ် လွယ်လွယ်လေးပါ၊ သူတို့သုံးယောက်ထိုင်နေတာ အကဲခတ်ကြည့်နေတော့ မလှဝင်းက တုန်တုန်ရင်ရင်နဲ့ ယူနီဖောင်းဝတ်ထားတဲ့ ကျွန်တော်တို့ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ခိုးကြည့်နေတယ်။ အတွေ့အကြုံ မရှိတဲ့ သူခိုးဟာ ဣန္ဒြေပျက်တတ်တယ်ဆိုတာ ကျွန်တော့်အတွေ့အကြုံအရ တပ်အပ်စွပ်စွဲပြီး ဖော်ထုတ်လိုက်တာပါ ဆရာ"

အတွေ့အကြုံမှ အမှန်တရားကို ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းပင်။ ဒီလိုအမှုတွေ အများကြီးပင် ရှိပါသည်။ စာဖတ်သူများ အတတ်ဟောဆရာဆိုတိုင်း ယုံသင့်မှ ယုံပါဟု။

ခင်မောင်ထွန်း(လမ်းမတော်)

လာဘ်မိုးစွေ စာပေ

ပြည်စုံ

မဂ္ဂဇင်း

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊
၀၉-၄၂၀၀၅၉၂၅

www.burmeseclassic.com



# မောင်တော်ထိုက်

www.burmeseclassic.com

www.burmeseclassic.com

လွင်မောင်တို့ ကျောင်းသားဘဝက အတန်းထဲတွင် စာတော်သူများ ရှိ၏။ ယောက်ျားလေးထဲတွင် ကြည်လှသည် ထိပ်ဆုံးဖြစ်၏။ မိန်းကလေးထဲတွင်တော့ လွင်လွင်မြကထိပ်ဖြစ်၏။ ငါးတန်းမှ ကိုးတန်းထိ ကြည်လှနှင့် လွင်လွင်မြ သည် ကျောင်းတွင် သူထိပ် ကိုယ်ထိပ် အပြိုင်လုကြ၏။ သူပထမ၊ ငါဒုတိယ သူတို့နှစ်ယောက်သာ လုနေကြ၏။ ဆရာ၊ ဆရာမတို့၏ ပါးစပ်ဖျားတွင် "ဟဲ့ကောင်တွေ ...နင်တို့ ကြည်လှတို့၊ လွင်လွင်မြတို့လို ကြိုးစားကြ"ဟု အခြားကျောင်းသားများကို ပြောလေ့ရှိ၏။ သူတို့ကား စာတော်သူတွေ၊ တစ်နည်းဆိုရသော် ကျောင်းသားအများစုတွင် သူတို့သည် လူတော်တွေ ဖြစ်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

လွင်မောင်တို့၊ မောင်ရွှေတို့၊ ကျားကြီးတို့၊ ကျော်ညွန့်တို့ကတော့ လူပျော်တွေ ဖြစ်ကြပါသည်။ စာမတော်ပါ။ ပျော်ပျော်နေတတ်ကြပါသည်။ အတန်းထဲတွင်လည်း ပျော်ပျော်၊ ကျောင်းဘောလုံးပွဲဆိုလျှင်လည်း ပျော်ပျော်။ ကြည်လှက အတန်းထဲတွင် နံပါတ်(၁)ဆိုလျှင် လွင်မောင်တို့အုပ်စု နောက်ဆုံးနံပါတ်ဖြစ်သော နံပါတ်(၄၀)ကို အပြိုင်လုနေကြရပါသည်။ ဒါလည်း သူတို့တစ်တွေက ပျော်နေကြပါသည်။ ပျော်ပျော်နေ သေခဲဆိုသည်ကို ရင်ဝယ်ပိုက်ထားသူတွေလား မပြောတတ်ပေ။ ပျော်လွန်းအားကြီးတော့ သူတို့တစ်တွေကလည်း ကြည်လှတို့၊ လွင်လွင်မြတို့လို စာမတော်၍ နာမည်ကြီးခြင်းမဟုတ်ဘဲ ပျော်လွန်း၍ အပျော်လွန်ကာ လူဆိုးစာရင်းဝင်များပင် ဖြစ်ကုန်ကြလေသည်။

ထို့ကြောင့် လွင်မောင်တို့အုပ်စုသည် ကျောင်းတွင် အပျော်လွန်စာရင်းဝင် (သို့) လူဆိုးစာရင်းဝင်များ ဖြစ်ကြပါသည်။ ဘယ်ဆရာမကိုမေးမေး၊ ဘယ်ဆရာကိုမေးမေး လွင်မောင်၊ မောင်ရွှေ၊ ကျားကြီးတို့ဆိုလျှင် ဒက်ခနဲသိကြပါသည်။ ကျောင်းသားများထဲတွင်တော့ ပြောရန်ပင်မလိုပေ။ ကျောင်းလစ်ရင်လည်း ထိပ်က၊ ဘောလုံးပွဲဆိုလျှင်လည်း ထိပ်က၊ သူတို့မပါလျှင် မပြီးချေ။

သည်လိုနှင့် လွင်မောင်တို့တစ်တွေ အလုပ်တွေရ၊ အိမ်ထောင်တွေကျပြီး ကျောင်းနှင့် အလှန်ဝေးကွာခဲ့ပါသည်။ တစ်နေ့တွင် လွင်မောင်သည် အ ပုပ်ကိစ္စတစ်ခုဖြင့် ပန်းဆိုးတန်းသို့ရောက်စဉ် မောင်ရွှေနှင့် ဆုံလေသည်။ နှစ်ဦးသား စကားပြောရန် လက်ဖက်ရည်ဆိုင်သို့ဝင်ကာ ရှေးဟောင်းနှောင်းဖြစ် ပြောကြရင်း ကျောင်းအာစရိယပူဇော်ပွဲအကြောင်း ရောက်သွားပါသည်။ မောင်ရွှေက သူငယ်ချင်းတွေစု၍ အာစရိယပူဇော်ပွဲ ပြုလုပ်ရန်ရှိကြောင်း၊ လွင်မောင်လည်း ပါဝင်စေလိုကြောင်းပြောသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပြီး ကျားကြီးတို့၊ ဝင်းကြည်တို့ကိုပါ အကြောင်းကြားရန် တိုင်ပင်ပြီး လမ်းခွဲခဲ့ကြ၏။ သတ်မှတ်ရက်တွင် သူငယ်ချင်းဟောင်းများ ပြန်လည်စုဝေး၍ ရန်ပုံငွေကိစ္စ၊ စည်းရုံးရေးကိစ္စများကို တိုင်ပင်ကြပြီး ဆရာမ ဒေါ်ကျင်ရီလေးနှင့် ဆက်သွယ်ကာ ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအတွက် လှုပ်ရှားကြရပါသည်။ မောင်ရွှေနှင့် လွင်မောင်ကတစ်ဖွဲ့၊ ကျားကြီးနှင့် ဝင်းကြည်တို့ကတစ်ဖွဲ့ လူစုခွဲကာ ကျောင်းနေဖက်ဟောင်းများထံ ဆက်သွယ်ပြီး အကြောင်းကြားလှုံ့ဆော်ပူဇော်ပွဲအောင်မြင်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ကြလေသည်။

အာစရိယပူဇော်ပွဲနေ့တွင် သူငယ်ချင်းဟောင်းများ၊ ဆရာ၊ ဆရာမကြီးများ တရင်းတနှီး တွေ့ဆုံကြရသဖြင့် ဝမ်းနည်းဝမ်းသာ ပီတိအဟုန်များ လွှမ်းခြုံခဲ့ရပါသည်။ ဆရာ၊ ဆရာမကြီးများအတွက် ကန်တော့ငွေအပြင် ကံစမ်းမဲများ၊ ငွေပဒေသာပင်များ စိုက်ထူပေးကြသဖြင့် ပီတိများစွာနှင့် ဆရာမကြီးက ချီးမွမ်းထောမနာ ပြုပါသည်။ အထူးသဖြင့် ကျောင်းတွင် လူဆိုးလေးများဟု နာမည်ကျော်ကြားခဲ့သော လူပျော်တစ်စု၏ ကြိုးပမ်းမှုကို အထူးပင် အလေးပေးပြောကြားပါသည်။ ဆရာမကြီးက လူတော်ဆိုသည်မှာ စာတော်ရုံနှင့်သာ လူတော်မဟုတ်သေးဘဲ လူမှုရေး၊ စီးပွားရေးတို့တွင်လည်း ထူးချွန်ရန်လိုကြောင်း၊ လူတိုင်းမတတ်နိုင်သည့်အလုပ်ကို လုပ်နိုင်သည်ကလည်း လူတော်ဖြစ်ကြောင်း မိန့်ကြားပါသည်။

ထိုစကားကြောင့် လွင်မောင်တို့လူပျော်တစ်စုမှာ ကျေနပ်ဝမ်းသာမိပါသည်။ ဤမင်္ဂလာရှိသော ပထမအကြိမ် အာစရိယပူဇော်ပွဲကို ကျောင်းသားဟောင်း လူပျော်များက ဦးစီးလုပ်ကိုင်ကာ အောင်မြင်စွာကျင်းပနိုင်ခဲ့သော်လည်း ကျောင်းတွင် လူတော်ဆိုသော ကြည်လှတို့၊ လွင်လွင်မြတို့ မတက်ရောက်နိုင်၊ မတွေ့နိုင်သည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်၏။ လွင်မောင်တို့အုပ်စုအနေဖြင့် ကျောင်းသားဟောင်းများကို လက်လှမ်းမီနိုင်သရွေ့ မလွတ်တမ်း၊ မပျက်စတမ်း ဖုန်းဖြင့်တစ်ဖုံ၊ စာနှင့်တစ်နည်း၊ လူကြုံဖြင့်တစ်သွယ် အမျိုးမျိုးသောနည်းဖြင့် ဆက်သွယ်ခဲ့၍လည်း ဤမျှအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာပူဇော်ပွဲကြီး ပြီးမြောက်အောင်မြင်ခဲ့သော်လည်း ထိုဆရာပူဇော်ပွဲကြီးကြောင့် လွင်မောင်တို့အုပ်စု ပြန်လည်ဆုံတွေ့ကာ ကျောင်းနေဖက်သူငယ်ချင်းများ ပြန်လည်ဆက်သွယ်မိခြင်း ဖြစ်ပါသည်။ ငယ်သူငယ်ချင်းများ ဆက်သွယ်မှု မပြတ်သကဲ့သို့ အာစရိယပူဇော်ပွဲကြီးကိုလည်း နှစ်စဉ်ပြုလုပ်နိုင်ကာ မျိုးဆက်သစ်ကျောင်းသားဟောင်းများ လက်သို့ပင် လွှဲအပ်နိုင်ခဲ့ပါသည်။

အာစရိယပူဇော်ပွဲ ပြီးသွား၍



www.burmeseclassic.com

www.burmeseclassic.com

စိတ်အေးလက်အေး နားနိုင်သောအခါ လွင်မောင်သည် ဆရာမကြီးပြောခဲ့သော "လူတိုင်းမလုပ်နိုင်သည့် အလုပ်ကို လုပ်နိုင်သူသည် လူတော်"ဟူသော စကားကို သတိရမိသည်နှင့် သူ့မိတ်ဆွေ ကိုစီကို ပြေး၍မြင်မိ၏။ ကိုစီသည် သူများမလုပ်နိုင်သည့် အလုပ်ကို လုပ်တတ်၏။ လုပ်ပေး၏။ သူ၏ဝါသနာကား အံ့ဖွယ်ဖြစ်၏။ ဆရာမကြီးပြောသလိုဆို ကိုစီသည် လူတော်တစ်ယောက် ဖြစ်ပါသည်။ ခက်ခက်ကိုမှ လုပ်ချင်၏။ ခက်သော အလုပ်များကို လုပ်ရသည့်အခါ အဆက်အသွယ်များကို ရှာရ၏။ ထိုအဆက်အသွယ်များမှတစ်ဆင့် ခက်သော အလုပ်များကို ဆက်သွယ်ကာ အောင်မြင်စေပါသည်။

လွင်မောင်သည် ကိုစီကို ရပ်ကွက်အတွင်း သိကျွမ်းခဲ့၏။ လွင်မောင်နှင့် သုံးလေးလမ်း ခြား၏။ ကိုစီသည် အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ ဥပမိရုပ်ကောင်းကောင်း။ အမြဲတမ်း တိုက်ပုံအင်္ကျီဝတ်ထားတတ်၏။ တိုက်ပုံမဝတ်သည့်နေ့ဟူ၍ မရှိ။ ကိုစီသည် ဥပမိရုပ်ကောင်းသည့်အပြင် အမြဲတမ်း တိုက်ပုံအင်္ကျီကို သပ်သပ်ရပ်ရပ်ဝတ်ထားတတ်သဖြင့် ပို၍ပင် ခံ့ညားနေ၏။ ဘယ်အချိန်၊ ဘယ်အခါကြည့်ကြည့် ကိုစီကား သေသေသပ်သပ်။ တစ်ခါက အောက်ပုဇွန်တောင်တွင် မီးလောင်သောအခါ လွင်မောင်နှင့် ကိုစီတို့နှစ်ဦး အပြေးသွားကြည့်ကြ၏။ လွင်မောင်ကတော့ ရိုးရိုးဝတ်စားထား၏။ ကိုစီကတော့ ထုံးစံအတိုင်း တိုက်ပုံအင်္ကျီနှင့် သပ်သပ်ရပ်ရပ်။ မီးလောင်သောနေရာနှင့် မနီးမဝေးရောက်သောအခါ ရဲများနှင့် မီးသတ်များက မဆိုင်သူမဝင်နိုင်စေရန် စောင့်ကြပ်ပိတ်ဆို့ထား၏။ လူအတော်များများသည် ထိုနေရာမှ ကျော်တက်၍ မရ။ သို့သော် ကိုစီကိုတော့ ဘာမှမပြောကြ။ မတားဆီးကြ။ သူတို့အမြင်တွင် ဥပမိရုပ်ကောင်း၍ တိုက်ပုံဝတ်ထားသော ကိုစီကို လူကြီးတစ်ယောက်ဟု ထင်ကာ လမ်းဖွင့်ပေးကြ၏။ လွင်မောင်လိုပုံစံကိုတော့ ခွင့်မပြုပေ။

ကိုစီက ဒီလို ‥ ဒီလို လူအထင်တကြီး ခံရတတ်၏။ ထို့ကြောင့် ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် လွင်မောင်က ကိုစီကို ရှေ့တန်းတင်ရလေ၏။ တစ်ခါ သူတို့နှစ်ဦး ဆေးဆိုင်ရှေ့တွင် ရောက်နေကြ၏။ ဆေးဝယ်ရန် မဟုတ်။ ဆေးဆိုင်တွင် လူတွေတန်းစီနေကြသဖြင့် အမှတ်မဲ့ကြည့်နေကြခြင်းဖြစ်၏။ ထိုအချိန် ထိုအခါက ဆေးပစ္စည်း(အရေးကြီးဆေး၊ ကြီးကြပ်ဆေး)များကို ဆေးဆိုင်ရှိတိုင်း ဝယ်၍မရ။ သက်ဆိုင်ရာ ဆရာဝန်၏ ရုံးချုပ်၏ လက်မှတ်ပါမှ ရောင်း၏။ တန်းစီတိုင်းရော ရသည်မဟုတ်။ လေးငါးဆယ်ပုလင်းလောက်ရောင်းပြီး "ကုန်ပြီ"ဆိုသည့် ဆိုင်းဘုတ်ကို ချိတ်၏။ ကျန်သူတွေပြန်ကြတော့ အကြံအဖန်တွေမှ အမှန်အကန်ရသည့် အချိန်ဖြစ်၏။ အပြင်လူများ၊ အပေါင်းအသင်းမရှိသူများ ဆေးပစ္စည်းကို အပြင်တွင် ဈေးကြီးပေး၍ ဝယ်ကြရ၏။ ဤအချိန်၊ ဤသမယတွင် ဆေးဆိုင်ရှေ့၌ လူများတန်းစီနေသည်မှာ မဆန်းပါ။ ဆန်းသည်က တိုက်ပုံအင်္ကျီတကားကားနှင့် ဥပမိရုပ်ခံ့ညားသော ကိုစီကို ဆေးဆိုင်တွင်းမှ လူတစ်ဦးထွက်လာပြီး ဆိုင်တွင်းသို့ ခေါ်သွား၏။ လွင်မောင်ကတော့ ကိုစီအသိထင်၍ ဆိုင်ပြင်မှ စောင့်နေ၏။

ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ကိုစီပြန်ထွက်လာပြီး လွင်မောင့်ကို လက်တို့ကာ ပြန်ခဲ့ကြ၏။ ဆေးဆိုင်နှင့် အတော်ဝေးဝေးသို့ ရောက်သောအခါ ကိုစီက လွင်မောင့်အား ပြောပြ၏။

"ကျုပ်ကိုထွက်ပြီးခေါ်တဲ့လူက အဲဒီဆေးဆိုင်တာဝန်ခံတဲ့ဗျ။ သူက ကျုပ်ကို ဆရာဘာလိုချင်လို့လဲ ပြောပါဆိုလို့ ကျုပ်ကလည်း ခပ်တည်တည်နဲ့ အားဆေးရယ်၊ သောက်ဆေးရယ်၊ ထိုးဆေးတွေရယ် တောင်းခဲ့တယ်ဗျို့"

"နေပါဦး ကိုစီရဲ့။ သူက ခင်ဗျားကို ဘယ်သူထင်လို့ ဒီလိုရှောရှောရှူရှူ ရောင်းလိုက်တာလဲဗျ"

"အဲဒါပေါ့ဗျ။ ကျွန်တော်လည်း အဲဒါစဉ်းစားလို့မရဘူးဗျ။ ကျုပ်အထင်တော့ ကျုပ်ပုံစံနဲ့ သူ့ဆိုင်ကို ဟိုကြည့်ဒီကြည့်ဆိုတော့ ကုန်သွယ်ရေးတစ်ခုခုက အရာရှိလား၊ ဒါမှမဟုတ် အရပ်ဝတ်နဲ့ရဲလားဆိုပြီး သူတို့က အိုးမလုံအုံ့ပွင့်ပြီး ကျုပ်ကို ဖော်လံဖားလိုက်တာ ဖြစ်လိမ့်မယ်ဗျာ။ ဒီလိုမှမဟုတ်လည်း သူတို့ဌာနကြီးထဲက ကျုပ်နဲ့တူတဲ့ အရာရှိများရှိလို့ ကျုပ်ကို လူမှားတာလည်း ဖြစ်ချင်ဖြစ်မှာဗျို့။ ဒီထက်တော့ မတွေးတတ်တော့ဘူးဗျာ"

လွင်မောင်နှင့် ကိုစီတို့သည် ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲ ဖြစ်ရပ်ကို တဟားဟားရယ်ကြရင်း ပြည်သူ့ဆေးဆိုင်မှ ဆေးများကို လေဟာပြင်ဈေးတွင် ပြန်လည်ရောင်းစား၍ ထမင်းဆိုင်တွင် အဝစားကာ အိမ်ပြန်ခဲ့ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်ကား ကိုစီ၏ ထူးခြားသော ဝတ်စားဆင်ယင်မှုနှင့် ခံ့ညားသော ဥပဓိရုပ်တို့ကြောင့် ဖြစ်၏။ တကယ်တမ်းလည်း ကိုစီသည် အရည်အချင်းပြည့်သူတစ်ဦး (သို့) လူတော်တစ်ဦးဖြစ်၏။ အပေါင်းအသင်းများ၊ ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဘက်များက ကိုစီအား အရေးကြုံက အကူအညီတောင်းတတ်ကြ၏။ သူလုပ်နိုင်က လုပ်ပေး၏။ သူကိုယ်တိုင် မလုပ်နိုင်ပါက လမ်းကြောင်းပေး၏။ ထိုလမ်းကြောင်းအတိုင်း လိုက်လုပ်ရန်ပင်ဖြစ်၏။

တစ်ကြိမ်တွင် လွင်မောင်တို့ ရပ်ကွက်ထဲမှ ဦးမြသောင်းဆိုသူက သူ၏တူကလေးနှစ်ဦးကိစ္စအား ကိုစီ့ထံတွင် အကူအညီတောင်း၏။ ဦးမြသောင်း၏ တူလေးနှစ်ဦးမှာ နယ်မှလာ၍ ရန်ကုန်တွင် အိမ်ငှားနေပြီး၊ ဒက်ဆန်းကားတစ်စီးကို လပေးငှားကာ ကားဆွဲစားကြ၏။ ငှားပြီး တစ်ပတ်ခန့်အကြာ ကားမောင်းနေစဉ် ဘောနပ်ပွင့်၍ ကားမှန်ကွဲသွား၏။ ထိုကိစ္စကို ကားပိုင်ရှင်ထံ အကြောင်းကြား ညှိနှိုင်းရာ ကားပိုင်ရှင်က လူငယ်နှစ်ဦးအား အဆမတန် အလျော်တောင်းသည့်အပြင် ကားကိုပါ သိမ်းဆည်းသွား၏။ ကားသိမ်းခံရ၍ တင်ထားသော စပေါ်ငွေကို ပြန်တောင်းသောအခါတွင်လည်း လုံးဝမပေးဘဲ ရှောင်တိမ်းနေ၏။ လူငယ်လေးနှစ်ဦးက အမျိုးမျိုးတောင်းပန်၍ ကျသင့်ငွေကိုယူပြီး ကျန်ငွေပြန်ပေးရန် ပြောဆိုသော်လည်း ပိုင်ရှင်က လုံးဝလက်မခံဘဲ အတွေ့မခံတော့ပေ။

ထိုကိစ္စကို ကူညီဖြေရှင်းပေးရန် ကိုစီ့ထံတွင် အကူအညီတောင်းသဖြင့် လွင်မောင်မှတစ်ဆင့် ဦးမြသောင်းနှင့် ကိုစီအား တွေ့ဆုံပေးရ၏။ ကိုစီက ဦးမြသောင်းအား လမ်းစရိတ်နှင့် ကုန်ကျငွေကို ဦးမြသောင်းမှ ကျခံရန် ပြောပြီး ဦးမြသောင်းက သဘောတူညီသဖြင့် ကိုစီက လုပ်ငန်းကို လက်ခံလိုက်ပါသည်။

"ဒီကိစ္စက ကျုပ်တို့လောက်နဲ့ မပြီးလောက်ဘူးဗျ။ ရဲနဲ့မှ ပိုင်မှာ။ ဒါကြောင့် ရဲစခန်းမှူးဆီ အကူအညီတောင်းရမယ်"

"ခင်ဗျားနဲ့ စခန်းမှူးနဲ့ သိလို့လား"

"သိတော့ ဘယ်သိမလဲဗျာ။ သူနဲ့သိတဲ့လူကို ရှာရမှာပေါ့"

ကိုစီသည် စခန်းမှူးနှင့် ပြေလည်မည့်သူကို ရှာ၏။ ဟိုဒီစုံစမ်း၏။ နှစ်ရက်ခန့်ကြာသောအခါ လွင်မောင်က –

"အဲဒီလို လျှောက်အဆက်ရှာမနေဘဲ တိုက်ရိုက်ဝင်ဆွေးနွေးမယ်ဗျာ"

"ဆန္ဒတွေမစောပါနဲ့ ကိုလွင်မောင်ရေ။ ဖြည်းဖြည်းပေါ့။ အချိန်တန်ရင် ပြီးသွားပါလိမ့်မယ်၊ ဘုမသိ ဘမသိ သွားဆက်ရင် ဘာမှအလုပ်ဖြစ်မှာမဟုတ်ဘူး။ ငွေကုန်ရုံပဲရှိမယ်။ မကြာပါဘူး။ ကျွန်တော့်အရာရှိရဲ့ဇနီးနဲ့ တစ်ချိန်က လုပ်ဖော်ကိုင်ဘက်တဲ့ဗျ။ သူ့ဆီ ကျွန်တော်အကူအညီတောင်းထားတယ်"

ကိုစီသည် ဌာနကြီးတစ်ခုမှ ဌာနခွဲစာရေးကြီး ဖြစ်၏။ အပြောလည်း ညက်၏။ အပေါင်းအသင်းလည်း ပေါ၏။ ဘယ်လိုနေရာမျိုးမဆို အချိန်အခါ၊ အခြေအနေကိုကြည့်၍ ဝင်တတ်၏။ ဆက်ဆံတတ်၏။ စကားပြောရာတွင်လည်း ကြီးကြီးငယ်ငယ် ဖော်ရွေသိမ်မွေ့စွာ ပြောတတ်၏။ သူ၏ မွေးရာပါ အရည်အချင်းများပင်ဖြစ်၏။ နောက်တစ်နေ့တွင် သူ၏ အရာရှိဇနီးထံမှ စခန်းမှူးထံရေးသော စာရလာသဖြင့် ဦးမြသောင်းအားခေါ်၍ သုံးဦးသား ရဲစခန်းသို့သွားကြ၏။ ရဲစခန်းသို့ရောက်သောအခါ ကိုစီက စခန်းမှူးထံဝင်၍ စာကိုပြလေ၏။ စာဖတ်ပြီးသောအခါ စခန်းမှူးက အမှုအကြောင်း မေးမြန်းသဖြင့် ကိုစီက ရှင်းပြသည်။

စခန်းမှူးက သေချာစွာ နားထောင်ပြီး ကားပိုင်ရှင်အား သွားရောက်ခေါ်ဆောင်ရန် ရဲသုံးဦးနှင့် လွင်မောင်တို့ သုံးဦးပါ လိုက်ပါသွားကြလေ၏။ ကားပိုင်ရှင်အိမ်သည် မြောက်ဥက္ကလာပတွင် ရှိ၍ ရဲကား၏ ကျသင့်သော ဓာတ်ဆီဖိုးကို ဦးမြသောင်းမှ ပေး၏။ ကားပိုင်ရှင်အိမ်သို့ ရောက်သောအခါ အသင့်တွေ့သဖြင့် ရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး စခန်းတွင် တစ်ညဖမ်းထား၏။ နောက်နေ့ညနေတွင် ရဲစခန်းမှ ဦးမြသောင်းနှင့် ကိုစီ၊ လွင်မောင်တို့ကို လာရောက်ရန် အကြောင်းကြားသဖြင့် သွားရောက်ကြရာ ကားပိုင်ရှင်မှ ဦးမြသောင်း၏ တူများထံမှ ယူထားသော ငွေအား ပြန်ပေးလေ၏။

အမှုကိစ္စ တစ်ရက်သာသာအချိန်အတွင်း ပြီးဆုံးသွားသဖြင့် ဦးမြသောင်းသည် အလွန်ပင် ဝမ်းသာသဖြင့် ရဲစခန်းသို့ အလှူငွေများ လှူဒါန်းခဲ့၏။ ဦးမြသောင်းအိမ်သို့ ရောက်ရှိသောအခါ ကိုစီက စခန်းမှူးအား အမှာ



www.burmeseclassic.com

www.burmeseclassic.com

တရအဖြစ် တိုက်ပုံစနှင့် သူ၏ဖနိုး အတွက် ပါတိတ်တစ်ဆင်စာ ဝယ်၍ မေတ္တာလက်ဆောင်ပေးရန် အကြံပေးသဖြင့် ဦးမြသောင်းကိုယ်တိုင် ဈေးဝယ်ကာ စခန်းမှူး၏အိမ်သို့ သွားရောက်ပေး၏။ ဦးမြသောင်း၏ လက်ဆောင်ကို စခန်းမှူးက လက်မခံဘဲ အခါခါငြင်း၍ ပြန်ပေးလိုက်လေ၏။

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ကိုစီ"

"ဒါဆိုလည်း ဘယ်တတ်နိုင်မလဲဗျာ။ ခင်ဗျားဘက်က တာဝန်ကျေပါတယ်"

ဦးမြသောင်းက ကိုစီနှင့် လွင်မောင်တို့အား တရုတ်ထမင်းဆိုင်တစ်ခုတွင် ညှော်ခံလေ၏။

"ကိုစီကူညီလို့ပဲဗျာ။ နို့မို့ဆိုကလေးတွေပိုက်ဆံ ဆုံးမှာဗျ"

"နောက်နောင် ကိုယ်မကျွမ်းတဲ့ အလုပ်ကို မလုပ်စေနဲ့ဗျို့"

"ဟုတ်တယ် ဦးမြသောင်းရေ။ ဒါ ကိုစီကူညီပေလို့နော်"

နောက်တစ်ကြိမ် ကိုစီ၏ ကူညီမှုသည် လွင်မောင်အလှည့် ဖြစ်ပါသည်။ လွင်မောင်၏အဖေသည် တိုက်ကြီးသို့သွားရာ လမ်းတွင် ကားဘီးချော်ပြီး သစ်ပင်ကို ဝင်တိုက်မိ၏။ အသက် ၈၀ ကျော် လွင်မောင်၏ဖခင်မှာ နေရာတွင်ပင် ကွယ်လွန်သဖြင့် တိုက်ကြီးဆေးရုံသို့ ရောက်ရှိလေ၏။ အလောင်းအား ဆေးရုံ၏ ရင်ခွဲရုံတွင် ထည့်သွင်းထား၏။ ထိုဖခင်ကြီး၏ အလောင်းကို အစ်ကိုကြီးတို့က ရန်ကုန်ဆေးရုံကြီးသို့ သယ်ယူခဲ့ကြ၏။ သယ်ယူခဲ့သည့်အချိန်မှာ နေ့လယ်ခင်းဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးသို့ ညနေလောက်တွင် ဒေါ်ဂျစ်ကားဖြင့် ရောက်ရှိလာလေသည်။

ဆေးရုံကြီးသို့ ရောက်ရှိသော်လည်း တိုက်ကြီးဆေးရုံမှ ရင်ခွဲရုံမှတ်မပါသဖြင့် အလောင်းအား ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်အတွင်းသို့ သွင်းခွင့်မရပေ။ ထိုအခက်အခဲကြောင့် လွင်မောင်၏ အဖေရုပ်ကလာပ်မှာ ညဆယ်နာရီကျော်ထိ သယ်ဆောင်လာသော ဒေါ်ဂျစ်ကားပေါ်တွင်သာ ရှိနေခဲ့၏။ လွင်မောင်၏အစ်ကိုကြီးများကလည်း ရေခဲတိုက်အတွင်းသို့ သွင်းနိုင်ရန် အကူအညီလိုက်ရှာကြရာ နောက်ဆုံး မိတ်ဆွေဆရာဝန်ကြီးတစ်ဦးက ကူညီသဖြင့် ရန်ကုန်ဆေးရုံကြီးရေခဲတိုက်သို့ သွင်းခွင့်ရခဲ့ပါသည်။ သို့သော် ထိုဆရာဝန်ကြီးက ရေခဲတိုက်အပြင်သို့ ပြန်ထုတ်နိုင်ရန် တိုက်ကြီးဆေးရုံမှ ရေခဲတိုက်မှတ်တမ်းပါမှသာ ထုတ်၍ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုက်ကြီးဆေးရုံမှ ရေခဲတိုက်မှတ်တမ်းအား ထုတ်ယူရန် အရေးကြီးကြောင်း၊ ထုတ်၍မရပါက အသုဘချရန် မလွယ်ကြောင်း ပြောလေ၏။

လွင်မောင်၏ဖခင် အသုဘချရန်အတွက် ထိုတိုက်ကြီးဆေးရုံမှ ရင်ခွဲရုံမှတ်တမ်းသည် အရေးပါလေပြီ။ ဖခင်ကြီးကွယ်လွန်သည်မှာ ယနေ့ပင် တစ်ရက်ရသွားလေပြီ။ နှစ်ရက်အတွင်း ထိုမှတ်တမ်းအား ရနိုင်ရန် အလွန်အရေးကြီးလေသည်။ ထို့ကြောင့် လွင်မောင်တို့ ညီအစ်ကိုများသည် ထိုမှတ်တမ်းအား ထုတ်ယူနိုင်ရန် တူဖြစ်သူ တပ်ကြပ်ကြီးတစ်ဦးကို အကူအညီတောင်းကာ တိုက်ကြီးဆေးရုံသို့ စေလွှတ်လိုက်ရ၏။ ထိုစေလွှတ်လိုက်သောနေ့မှာ အသုဘသုံးရက်မြောက်နေ့ ဖြစ်ပါသည်။ ဒုတိယရက်တွင် တိုက်ကြီးဆေးရုံသို့ စေလွှတ်ရန် လူရှာနေရသဖြင့် တစ်ရက်ကုန်သွားလေသည်။ သုံးရက်မြောက်နေ့ နံနက်တွင် တိုက်ကြီးသို့သွားသော တူတပ်ကြပ်ကြီးမှာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး ရင်ခွဲရုံမှတ်တမ်း ရရှိခဲ့ခြင်းမရှိပေ။

"ဒါထုံးစံမဟုတ်ဘူးလို့ ဆေးရုံက ပြောလိုက်တယ်။ ရေခဲတိုက်ထဲက ထုတ်သွားတုန်းက ပြောပြီးပြီတဲ့"

တိုက်ကြီးဆေးရုံမှ ပြန်ရောက်လာသော တူက လွင်မောင်တို့ညီအစ်ကိုများကို ရှင်းပြ၏။

"ထုံးစံက တိုက်ကြီးဆေးရုံမှာ ရှိတဲ့အတွက် တိုက်ကြီးဆေးရုံကပဲ အသုဘချရမယ်။ ဒါမှ ရင်ခွဲရုံမှတ်တမ်းက အဆင်ပြေမယ်။ ခုဟာက တိုက်ကြီးဆေးရုံကအလောင်းကို ရန်ကုန်ယူသွားတော့ ပြဿနာပေါ့။ ကျွန်တော်လည်း ဆေးရုံက လူကြီးတွေကို အနူးအညွတ်တောင်းပန်ပြီး ပြောပေမယ့် ဘယ်သူကမှ တာဝန်မခံရဲဘူးခင်ဗျ"

"ကဲ ...ခု အသုဘက သုံးရက်နဲ့တော့ ချလို့မရတော့ဘူး။ ငါးရက်ထားရတော့မှာပဲ။ ဒီကျန်တဲ့နှစ်ရက်မှာ ရေခဲတိုက်ထဲက ထုတ်နိုင်အောင် ရင်ခွဲရုံမှတ်တမ်းကို ရအောင်ယူရမယ်"

လွင်မောင်၏အစ်ကိုလတ်က အကြံပြု၏။ အားလုံး တိတ်ဆိတ်ငြိမ်သက်လျက် ကူညီနိုင်မည့်သူကို စဉ်းစားကြလေ၏။ အချိန်အတော်ကြာမှ လွင်မောင်က –

"ဟုတ်ပြီ။ ရမရတော့ မပြောတတ်ဘူး။ ကျွန်တော့်သူငယ်ချင်းနဲ့ လုပ်ကြည့်မယ်။ ကိုစီတဲ့။ ဟိုဘ



www.burmeseclassic.com

www.burmeseclassic.com

လမ်းမှာနေတယ်။ ခုငါးရက်မှ အသုဘချနိုင်မယ်ဆိုတော့ ခုသုံးရက်မြောက်ပြီ။ နောက်နှစ်ရက်ကျန်သေးတယ်။ ဒီတော့ အသုဘချမယ့်ကိစ္စတွေသာ စီစဉ်ထားကြ။ ကျွန်တော် ရင်ခွဲရုံမှတ်တမ်းရအောင် ကြိုးစားလိုက်ဦးမယ်''

လွင်မောင်သည် အဖေ့အိမ်မှ အမြန်ထကာ ကိုစီ၏ အိမ်ကို အပြေးလာခဲ့၏။ ကိုစီအိမ်ရောက်တော့ ကိုစီ့ကိုမတွေ့။ မေးမြန်းသောအခါ ဘုရားသို့သွားကြောင်းသိရသဖြင့် လွင်မောင်ထိုင်၍စောင့်ရပေ၏။ အချိန်ကား ညနေ ၅ နာရီ။ ကိုစီပြန်ရောက်သော်မှ ယနေ့ တိုက်ကြီးသို့သွားရန် မလွယ်တော့ပေ။ သွားရအောင်လည်း အဆက်အသွယ်က မရသေး။ လွင်မောင် ကိုစီ့ကိုမျှော်ရင်း ည ၇ နာရီထိုးသွားလေသည်။ ၇ နာရီခွဲလောက်တွင် ကိုစီဘုရားမှ ပြန်ရောက်လာသဖြင့် အကျိုးအကြောင်းပြောပြသောအခါ ကိုစီက သူယနေ့ည စဉ်းစားမည်။ မနက်ကျလျှင် လုပ်ငန်းစမည်ဟု ပြောပါသည်။ မနက် ၉ နာရီကျော်တွင် ကိုစီနှင့် လွင်မောင်သည် မြို့တွင်းသို့ သွားကြပါသည်။ ဘားလမ်းတစ်နေရာတွင် ကိုစီ၏မိတ်ဆွေတစ်ဦးထံ ဝင်ရောက်ပြီး၊ ထိုမှတစ်ဆင့် လမ်းစဉ်လူငယ်အတွင်းရေးမှူးဖြစ်သူ ဦးဝေလွင်ထံ သွားရောက်ကြပါသည်။ ကိုစီက လူငယ်အတွင်းရေးမှူးအား လွင်မောင်၏ ဖခင်ကိစ္စကို ပြောပြပါသည်။

လူငယ်အတွင်းရေးမှူးက သေချာစွာ နားထောင်ပြီး မြို့နယ်ပါတီယူနစ်ရုံးသို့ လွင်မောင်တို့နှစ်ဦးအား ခေါ်ဆောင်သွားပါသည်။ ပါတီယူနစ်တွင် ဥက္ကဋ္ဌကြီးနှင့် လွင်မောင်တို့နှစ်ဦးအား မိတ်ဆက်ပေးပါသည်။ ကိုစီနှင့် လွင်မောင်မှာ မိမိ၏မိတ်ဆွေရင်းများဖြစ်ကြောင်း၊ လွင်မောင်၏ဖခင်မှာ ကားမတော်တဆမှုနှင့် ကွယ်လွန်ကြောင်းနှင့် တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ သယ်ယူခဲ့ပြီး တိုက်ကြီးဆေးရုံမှ ရင်ခွဲရုံမှတ်တမ်း မရရှိသေးသဖြင့် ယနေ့ထိ အသုဘမချနိုင်သေးကြောင်း၊ ထိုကိစ္စအား ကူညီပါရန် ဥက္ကဋ္ဌကြီးအား တင်ပြပါသည်။

ပါတီယူနစ်ဥက္ကဋ္ဌကြီးအား အတွင်းရေးမှူးက အကျိုးအကြောင်း ရှင်းပြပြီးသောအခါ ဥက္ကဋ္ဌကြီးက တယ်လီဖုန်းဖြင့် တိုက်ကြီးဆေးရုံသို့ ဆက်သွယ်ပါသည်။ ဆက်သွယ်ပြီးသောအခါ ဥက္ကဋ္ဌကြီးက ကိုစီနှင့် လွင်မောင်တို့အား တိုက်ကြီးသို့သွားရောက်၍ လိုအပ်နေသော ရင်ခွဲရုံမှတ်တမ်းအား ရယူနိုင်ပြီဖြစ်ကြောင်း ပြောပါသည်။ လွင်မောင်နှင့် ကိုစီတို့သည် ဖင်မယ်လီယာကားတစ်စီး ငှားကာ တိုက်ကြီးသို့ မောင်းနှင်ခဲ့ကြပါသည်။ ညနေ ၄ နာရီကျော်တွင် တိုက်ကြီးဆေးရုံသို့ ရောက်ရှိခဲ့ကြပြီး သက်ဆိုင်ရာအရာရှိမှ ရင်ခွဲရုံမှတ်တမ်းအား ပေးပါသည်။ လွင်မောင်မှာ ဤလက်မှတ်ရရှိခြင်းအတွက် အလွန်ပင် ကျေးဇူးတင်ပါကြောင်း ပြောဆိုပြီး ရန်ကုန်သို့ ညပိုင်းတွင် ပြန်ရောက်ခဲ့ကြပါသည်။

နောက်နေ့တွင် လွင်မောင်၏ ဖခင် ဈာပနကို ကျင်းပနိုင်ခဲ့ပါတော့သည်။ ဈာပနကျင်းပချိန်မှာ ဖခင်ကြီး ကွယ်လွန်သည့်နေ့မှ ငါးရက်မြောက်နေ့ ဖြစ်ပါသည်။ ကိုစီ၏ စွမ်းဆောင်မှုကို လွင်မောင်တို့ မိသားစုမှ ကျေးဇူးတင်မဆုံး ရှိပါတော့သည်။

ကိုစီကား ပြဿနာအသွယ်သွယ်ကို သူ၏အပေါင်းအသင်း၊ သူ၏ဝါသနာ၊ သူ၏စိတ်ခါတ်တို့ဖြင့် ပေါင်းစပ်ကာ ကူညီတတ်သူဖြစ်ပါသည်။ သူ့အတွက် အခကြေးငွေမလို၊ လူတန်းစားမလို၊ မည်သူ့ကိုမဆို ကူညီတတ်ပါသည်။ ကူညီသူများကိုတော့ သူက ထိုက်တန်သော ဂါရဝပြုမှုလုပ်ခိုင်းပါသည်။ ကိုစီသည် စာတော်သူမဟုတ်၊ စာမတော်သလို စာညံ့သူလည်းမဟုတ်ပါ။ ဆယ်တန်းအောင်မြင်ပြီးသူ သာမန်ဝန်ထမ်းတစ်ဦးသာ ဖြစ်ပါသည်။

အခြားဖော်မပြနိုင်သော၊ ဖော်မပြသင့်သော ကူညီမှုများလည်း ရှိပါသည်။ လူတကာမလုပ်နိုင်၊ မလုပ်တတ်သော လုပ်ငန်းများကို ကိုစီက လုပ်နိုင်ပါသည်။ ယခုဖော်ပြသည်မှာ ရိုးရိုးသာမန်ကိစ္စများသာ ဖြစ်သော်လည်း လွယ်မရောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ကိစ္စလေးများ ဖြစ်ပါသည်။ ဘယ်လိုပင်ဖြစ်ပါစေ၊ ရိုးရိုးသားသား၊ ကြည်ကြည်ဖြူဖြူ ကူညီတတ်သူ၊ စိတ်ရှည်သူ ကိုစီကား ဆရာမကြီးပြောခဲ့သောစကားနှင့် ဆိုရပါလျှင် 'လူတော်'တစ်ဦးဖြစ်ကြောင်းကိုတော့ ဝန်ခံရမည်သာ ဖြစ်ပါသည်။

**မောင်တော်ထိန်**

www.burmeseclassic.com



# တရားဝင်လင်မယား

# ကွာရှင်းပြတ်စဲမှု ဆိုသည်မှာ ....

**ကေတီအောင်သိန်း**(ရန်ကုန်တက္ကသိုလ်)

နေ့စဉ်ထုတ်သတင်းစာထဲတွင် လင်က မယားကိုသော်လည်း ကောင်း၊ မယားက လင်ကိုသော်လည်းကောင်း သဘောချင်းမတိုက်ဆိုင်၍ ကွာရှင်းပြတ်စဲကြောင်း ထုတ်ပြန်ကြေညာလေ့ရှိသည်ကို စာဖတ်ပရိသတ်တို့ ဖတ်ရှုတွေ့ရှိရပါလိမ့်မည်။ ယင်းသို့ ကွာရှင်းပြတ်စဲခြင်းသည်ကား တရားဝင်မမြောက်ကြောင်း စာရေးသူ(ဂ မကြာခဏ သတင်းစာနှင့် မဂ္ဂဇင်းတွင် (၁၉၆၆ ခန့်ကတည်းက) ရေးသားဖော်ပြဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ တရားဥပဒေအရ (ဝါ) မြန်မာ့ထုံးတမ်းဓလေ့ ဥပဒေအရဖြင့်မှု တစ်ဖက်သား လင်ယောကျ်ား သို့မဟုတ် ဇနီး(မယား-မိန်းမ) သဘောမတူဘဲနှင့် တစ်ဖက်သတ် ကွာရှင်းခွင့်မရှိပါချေ။ ယင်းသို့ တစ်ဖက်သတ် ကွာရှင်းခြင်းသည် ဥပဒေအရ လုံးဝတရားမဝင်ပေ။ အထူးသတိပြုဆင်ခြင်ရာတည်း။

## "တစ်ဖက်သတ်ကွာရှင်းမှု တရားမဝင်"

အမှန်စင်စစ်အားဖြင့် လင်နှင့် မယားတို့သည် တစ်ဦးနှင့်တစ်ဦး စွန့်ပစ်ထားရုံမျှဖြင့် လက်ထပ်ထိမ်းမြားမှုမှာ အလိုလို မပြတ်စဲနိုင်ပေ။ တစ်နည်းအားဖြင့်ဆိုရသော် ပြစ်မှုကျူးလွန်သူ၊ သို့တည်းမဟုတ် စွန့်ပစ်၊ စွန့်ခွာသူများ၊ ထွက်ခွာသွားသူ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် ကွာရှင်းပြတ်စဲနိုင်ခွင့် မရှိပေ။ စွန့်ပစ်ခံရသူက သဘောတူ၊ ကျေနပ်စွာ ကွာရှင်းပြတ်စဲလိုမှသည်သာလျှင် ကွာရှင်းပြတ်စဲနိုင်ပေသည်။ (ဥပဒေစီရင်ထုံး ကိုးကားချက်) B.L.R မြန်မာနိုင်ငံတရားစီရင်ထုံး ၁၉၅၆ ခုနှစ်၊ H.C (တရားရုံးချုပ်ဆုံးဖြတ်ချက်) စာမျက်နှာ(၂၆၄)တွင် အတိအလင်း ဖော်ညွှန်း လမ်းညွှန်မှု ပြုထားပါသည်။

## "မြန်မာနိုင်ငံ ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းမှုအမျိုးမျိုး"

(၁) နှစ်ဦးသဘောတူ ကွာရှင်းခြင်း။
(၂) ဖြိုဟ်ပြေနံပြေ ကွာရှင်းခြင်း။
(၃) အကြောင်းမဲ့ ကွာရှင်းခြင်း။
(၄) လင်ဖြစ်သူ ရဟန်းပြု၍ ကွာရှင်းခြင်း။
(၅) အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်း။
(၆) ရက်စက်မှုကြောင့် ကွာရှင်းခြင်း။
(၇) စွန့်ပစ်မှုကြောင့် ကွာရှင်းခြင်း။
(၈) လည်ဆည်မှုကြောင့် ကွာရှင်းခြင်း ဟူ၍ ရှိ၏။

### (က) နှစ်ဦးသဘောတူ ကွာရှင်းခြင်း

လင်မယား နှစ်ဦးသဘောတူကွာရှင်းလိုပါက တရားရုံးသို့ သွားရောက်လျှောက်ထားရန် မလိုဘဲ ရပ်ကွက်၊ အရပ်လူကြီးရှေ့တွင်ဖြစ်စေ၊ မိမိ၏ ဆွေမျိုးမိသားစုရှေ့တွင်ဖြစ်စေ နှုတ်၊ သို့မဟုတ် စာဖြင့် လွတ်လွတ်လပ်လပ် ကွာရှင်းနိုင်ပါသည်။ ယင်းသို့ ကွာရှင်းရာတွင် စာချုပ်စာတမ်းမပြုလုပ်သော်လည်း တရားဝင် လင်ခန်း၊ မယားခန်း ပြတ်စဲသည်ဖြစ်၏။ (ဥပဒေကိုးကားချက် - 7 Ran, P-98)

### (ခ) ဖြိုဟ်ပြေနံပြေ ကွာရှင်းခြင်း

မြန်မာလူမျိုးတို့သည် ကြီးပွား၊ လာဘ်ရွှင်ရန်၊ လာဘ်ပွင့်ကံပွင့်စေရန် အလို့ငှာ ယတြာချေသည့်သဘောဖြင့် ယာယီကွာရှင်းခြင်း ပြုလုပ်တတ်ပေသည်။ တရားဝင်ကွာရှင်းခြင်း မဟုတ်ချေ။ ယင်းကွာရှင်းခြင်းမျိုးကို ယခုခေတ် တရားရုံးကလည်း ခွင့်ပြုထား၏။ (ကိုးကားချက် Leading Cases On Buddhist Law, 1999, P-70)

### (ဂ) အကြောင်းမဲ့ ကွာရှင်းခြင်း

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြောင်းမဲ့ ကွာရှင်းခြင်းမပြုနိုင်ပေ။ မယားက ဖြစ်စေ၊ လင်ယောကျ်ားကဖြစ်စေ ကွာရှင်းနိုင်လောက်သည့် အိမ်ထောင်ရေးပြစ်မှု ကျူးလွန်ခြင်းမရှိလျှင် ကွာရှင်းခွင့် မရရှိနိုင်ပေ။

### (ဃ) လင်ဖြစ်သူ ရဟန်းပြုခြင်း

လင်သည် မယားရှိလက် ရဟန်းပြုခဲ့သည်ရှိသော် အချိန် ခုနစ်ရက်စောင့်ရ၏။ ခုနစ်ရက်စေ့လွန်သော် ရဟန်းမှထွက်လျှင် မယားနှင့် ပြန်ပေါင်းနိုင်၏။ လင်မယားကွာရှင်းပြတ်စဲခြင်း မမည်ပေ။ အချို့ မကောင်းမှု ကပ်ဘေးမှ ကျော်လွန်နိုင်ရန်အတွက် ဖြိုဟ်ပြေနံပြေ ကွာရှင်းသည့်အနေဖြင့် ရဟန်းပြုကာ ယာယီကွာရှင်းလေ့ရှိပေသည်။ ယင်းကွာရှင်းမှုမျိုးမှာ တရားဝင်ကွာရှင်းမှု မဟုတ်ချေ။ အိမ်ထောင်ရေးဆက်လက်တည်မြဲမှု ရှိပေသည်။ [ဥပဒေကိုးကားချက် ။ (၁) မနုကျယ် ဓမ္မသတ်ကျမ်း ပဥ္စမတွဲ၊ အခန်း(၇)။ (၂) 1954 B.L.K. (H.C), Page(76)]



www.burmeseclassic.com

www.burmeseclassic.com

**(င) အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်း**

လင်ကဖြစ်စေ၊ မယား(ဇနီး-မိန်းမ)ကဖြစ်စေ အိမ်ထောင်ရေးပြစ်မှုကြီး တစ်ခုခုကြောင့် တရားရုံးတော်သို့ လျှောက်ထားပြီး တရားဝင်ကွာရှင်းခွင့် ရှိပေသည်။

**အိမ်ထောင်ရေးပြစ်မှုကြီးဆိုသည်မှာ -**

(၁) လင်က မယားအပေါ်တွင်လည်းကောင်း၊ မယားက လင်အပေါ်၌လည်းကောင်း ပြင်းလေးစွာ ရက်စက်ညှဉ်းပန်း ကြမ်းကြုတ်မှုပြုလုပ်ခြင်း။

(၂) လင်ယောက်ျားဖြစ်သူသည် အခြားအမျိုးသမီးတစ်ယောက်နှင့် ဖောက်ပြန်မှုဖြစ်ခြင်း။

(၃) မယားဖြစ်သူသည် အခြားယောက်ျားတစ်ဦးဦးနှင့် ဖောက်ပြန်မှုကျူးလွန်ခြင်း • • •စသည်တို့ဖြစ်သည်။

**မှတ်ချက်(၁)** ။ ယင်းသို့ လင်ကသော်လည်းကောင်း၊ မယားကသော်လည်းကောင်း အထက်ဖော်ပြပါ အိမ်ထောင်ရေးပြစ်မှုကြီး ကျူးလွန်လျှင် အသီးသီး ကွာရှင်းခွင့်ရှိပေသည်။ ထို့ပြင် ကွာရှင်းခံရသူအဖို့မူ၊ တစ်နည်း ပြစ်မှုကျူးလွန်သူတွင် အိမ်ထောင်ရေးပစ္စည်းခန်း အခွင့်အရေးများ ဆုံးရှုံးခြင်းခံရပေဦးမည် ဖြစ်၏။

**အိမ်ထောင်ရေးလည်ဆည်မှု**

**မှတ်ချက်(၂)** လည်ဆည်မှုဆိုသည်မှာ သားမယားကြီးရှိပါလျက်နှင့် လူပျိုပါဟူ၍လည်းကောင်း၊ ကွာရှင်းပြီးပြီဟူ၍လည်းကောင်း လိမ်လည်လက်ထပ်၊ ဒုတိယအိမ်ထောင်ပြုခြင်းကို ဆိုလိုပါသည်။ ၎င်းသည် အိမ်ထောင်ရေးပြစ်မှုကြီးတွင် မသတ်မှတ်ထားပါ။ သို့သော် ဒုတိယအိမ်ထောင်က မယားဖြစ်သူသည် တရားရုံးတော်သို့ လျှောက်ထားပြီး ကွာရှင်းခွင့်ရှိ၏။ [ဥပဒေကိုးကားချက်-ကင်းဝန်မင်းကြီး ဦးကောင်း ဓမ္မသတ် ၃၆ စောင်တွဲ၊ ဒုတိယတွဲ၊ အခန်း(၉၁)တွင် အတိအလင်း ဖော်ပြထားပါသည်။]

**မှတ်ချက်(၃)** ။ **မယားငယ်ယူမှု**

လင်ယောက်ျားဖြစ်သူသည် မယားကြီး၏ သဘောတူညီချက်မရှိဘဲ မယားငယ်ယူလျှင် မယားကြီးအဖို့ တရားဝင်ကွာရှင်းခွင့်ရှိပေသည်။ [ဥပဒေကိုးကားချက်-9 L.B.R. Page(191) (FB) စုံညီခုံရုံး၏ ဆုံးဖြတ်ချက်။] အောက်မြန်မာပြည် တရားစီရင်ထုံး အတွဲ(၉)ကို ကြည့်ရှုလေ့လာနိုင်ပါသည်။

**မှတ်ချက်(၄)**

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ**

**အခြားနည်းများဖြင့် လင်က မယားအပေါ်၌**

**ကွာရှင်းခွင့် (၅)မျိုး ရှိခြင်း**

(၁) အိမ်ထောင်ရေးသက်တမ်း ရှစ်နှစ်၊ သို့မဟုတ် ၁၀ နှစ်ရောက်သည့်တိုင်အောင် သားသမီး မမွေးပေးနိုင်သော ဇနီး(မယား)။

(၂) သမီးချည်းပဲ ရှစ်ယောက်မွေးထားသော ဇနီး(မယား) တစ်နည်း သားကောင်းမမွေးနိုင်သော မယား။

(၃) နူနာ၊ ဂရင်ဂျီနာ၊ ဝက်ရူးနာစွဲကပ်သော မယား (ဇနီး)

(၄) အမျိုးအကျင့်ကို စွန့်သော မယား(ဇနီး)

(၅) လင်ယောက်ျား၏အလိုကို မလိုက်သော၊ ဆန္ဒမမျှသော မယား(ဇနီး) (ကာမစပ်ယှက်မှုငြင်းဆန်သောမယား)

ဟူ၍ ရှိပါသည်။ [ဥပဒေကိုးကားချက် ။ မနုကျယ် ဓမ္မသတ်ကျမ်း၊ ဒွါဒသတွဲ၊ အခန်း(၄၃)ကိုကြည့်ပါ။]

သို့ရာတွင် ယခုခေတ်တွင် ယင်းအဆိုပါ မြန်မာ့ဓလေ့ထုံးတမ်းကိုမူ ပယ်လည်းမပယ်၊ လိုက်နာကျင့်သုံးခြင်းလည်း မရှိတော့ပါ။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:***

(၁) မြန်မာ့ဗုဒ္ဓဘာသာ တရားဥပဒေ
ဦးမြစိန်(တရားရုံးချုပ်ရှေ့နေ)
(၁၉၆၆၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်မတွေ ... ငါ့အကြောင်း ကွယ်ရာမှာ အတင်းမပြောကြနဲ့နော်။ ပြောတာတွေ့လို့ကတော့ ကိုင်ဆောင့်ဆွဲဆုတ်ပြီသာမှတ်။ ကွယ်ရာမှာ ငါ့အကြောင်းပြောတာ ငါ့ကို ရှိခိုးတာနဲ့ အတူတူပဲ။ မယ်တင့်တဲ့ဟေ့ ... တစ်တင့်တည်းရှိတယ် မှတ်ထား"

"... ..."

"မတူရင် မတုကြနဲ့နော်။ မိတင့်တို့က နင်တို့ထက်သာတယ်။ နင်တို့လို ငဆွေး ငမွေး မဟုတ်ဘူးတော့။ ငါက ပန်းရန်ဆရာကတော်ဟဲ့။ ပန်းရန်ဆရာကတော်။ သူဌေးတွေ၊ လောပန်တွေနဲ့ - ဆက်ဆံရတဲ့ ပန်းရန်ဆရာကတော်ဟဲ့။ ငါ့ယောကျ်ား လှဆင့်ဆိုတာ ဆိုင်းတောင် မှော်တစ်ရိုးမှာ ဟိုးဟိုးကျော်နေတာ။ ပန်းရန်ဆရာလှဆင့်၊ တိုက်အိမ် ကန်ထရိုက်တာလှဆင့်ဆိုရင် နင်တို့ မျက်လုံးဝင့်ကြည့်နေရတယ်မို့လား"

"ကောင်မတွေက ဟိုနားတိုးတိုး၊ ဒီနားတိုးတိုးနဲ့ ဒီလိုမျိုး ကွယ်ရာမှာ ပြောရမယ်ဆိုရင် ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com

ဟင်းမစား။ ထို့ . . . ပြောရတာတောင် သနတယ်။ ဒီကောင်မတွေများ တစ်နေကုန် ထိုင်ကြည့်လို့ နှစ်ပြားမတန်ဘူး။ ငါလေ . . . ပြောရရင် . . .''

'' . . . . . . . .''

သည်အသံ ကြားသည်နှင့် ရပ်ကွက်တွင်းရှိ လူအတော်များများ သက်ပြင်းချကြသည်။ မည်သူမျှ အပြင်သို့ ထွက်မကြည့်ရဲကြ။ ဒေါ်ခင်တင့်အကြောင်း တစ်လမ်းလုံး တစ်ရွာလုံး သိနေကြသည်။ အော်မိပြီဆိုလျှင် တစ်နာရီနှင့် မရပ်။ နှစ်နာရီနှင့် မရပ်။ တစ်ခါတစ်ရံ နံနက်ကနေ ညနေအထိ အော်တုန်းဟစ် တုန်း စောင့်မြောင်း ပြောတုန်း။ ဘယ်သူ့ကိုပြောမှန်း မသိကြ။ အပြောခံရသူရော ကြားရသူရော အိမ်ထဲဝင်၍ မသိချင်ဟန်ဆောင်နေကြရသည်။ သူနှင့်တုပြီး မဖြစ်ချင်ကြ။ မယှဉ်ချင်ကြ။ လူကိုမကြောက် ပါးစပ်ကို ကြောက်ကြသည်။ အလေနတ်တောနှင့် ညစ်ညမ်းသောအသံကို ရွံ့ကြသည်။ သို့ဖြစ်၍ မယှဉ်ကြ။

မခင်တင့်ကို ဘယ်သူမှ ဖျောင်းဖျမရ။ လွှတ်ထားကြသည်။ မခင်တင့်ယောကျ်ား ကိုလှဆင့်က ပန်းရန်ဆရာ။ ပညာလေးမဆိုး။ ဆက်ဆံရေးမဆိုး။ လက်သမားလုပ်ငန်းပါ တွဲဖက်၍ အဆောက်အအုံ ကန်ထရိုက်များ ဆွဲထားသည်။ ပန်းရန်နှင့် လက်သမား တတ်သော တပည့်များ၊ သစ်သယ် ကျောက်သယ် အလုပ်သမားများကို စည်းရုံး၍ ခေါင်းဆောင်လုပ်ကိုင်သဖြင့် လုပ်ငန်းတွင်သည်။ ဝင်ငွေကောင်းသည်။ ကျောက်စိမ်းမော်ရှိ လောပန်များ၊ သူဌေးများက အဆောက်အအုံ တစ်ခုခုဆောက်လိုလျှင် အလုပ်သမား အုံနှင့်ကျင်းနှင့်ရှိသော ကိုလှဆင့်ကို အပ်ကြသည်။ ခိုင်းကြသည်။ ကိုလှဆင့်ကို များသောအားဖြင့် ခင်မင်သူများသည်။

မခင်တင့်က ကိုလှဆင့်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အာကျယ်သည်။ နှုတ်ထွက်ကြမ်းသည်။ တစ်ပတ်လျှင် နှစ်ရက်–သုံးရက်လောက်ကတော့ ရပ်ကျော် ရွာကျော် အော်နေကျ။ ဆဲနေကျ။ ဘယ်သူမှ တားသည်မရှိ။ ထိန်းပေးမည့်သူ မရှိ။ ကိုလှဆင့်ကလည်း တစ်နေကုန် တစ်နေခန်း အိမ်မကပ်။ တစ်ခါတလေ တစ်လကိုးသီတင်း ခရီးထွက်၍ ကန်ထရိုက်လုပ်ငန်း လုပ်ရသည်။ မိန်းမကို မထိန်းကွပ်နိုင်။ ပြောရလျှင် မိန်းမကို ကြောက်သည်ဟုလည်း ဝေဖန်ကြသည်။ ၎င်းတို့လင်မယားတွင် သားနှစ်ယောက် ရှိသော်လည်း ကျောင်းမှန်မှန်မတက်။ သွားချင်ရာ သွားနေသည်။ အိမ်ပြန် ထမင်းစား၊ မုန့်ဖိုးတောင်း၊ အပြင်ထွက် ဒါပဲ အလုပ်ရှိကြသည်။ အဖေကို သတိမရ။ အမေကို သတိမပြုမိ။ သည်အထဲ ပိုဆိုးသည်မှာ မခင်တင့်သည် အိမ်လည်၍ ပိုကာဆွဲသည်။ တစ်ရက်–နှစ်ရက် ပြန်လာချင်မှ လာသည်။ ကိုလှဆင့်က သိချင်မှသိသည်။ သိလည်း မပြောအား။ သားနှစ်ယောက်ကတော့ မုန့်ဖိုးရလျှင် ပြီးရော နေသည်။

ကျောက်စိမ်းမြေမှာက မော်ဆိုတာနှင့်အညီ လူမျိုးစုံ၊ စရိုက်စုံသည်။ ဈေးဆိုင်၊ ဝပ်ရှော့၊ ထမင်းဆိုင်၊ ဗီဒီယိုရုံတွေက အနားမှာ ရှိသည်။ မခင်တင့်အကြောင်း သိပြီးဖြစ်၍ မသိချင်၊ မမြင်ချင် မကြားချင်ယောင် ဆောင်နေကြသည်။ နေတတ်လျှင် ရန်အေး သဘောထားကြသည်။ ဆူပူမှုဥပဒေ၊ ရပ်ရွာနှောင့်ယှက်မှု ဥပဒေကို သိပင်သိကြမည် ဖြစ်သော်လည်း ဘယ်သူမှ တရားဝင်မတားကြ။ ပြီးတော့ ပုပုဝဝ ကွကွနှင့် ဗိုက်ရွှဲရွှဲ အာပြဲပြဲ မခင်တင့်ပုံစံကို အများက လန့်နေကြသည်။

xxx xxx xxx

ကျောက်စိမ်းမော်၏ ဒီဇင်ဘာလမှာ ချမ်းအေးလွန်းလှသည်။ နံနက် ကိုးနာရီထိုးပြီးသော်လည်း နှင်းကမွှလာ ကန့်လန့်ကာက သိုင်းခြုံထားဆဲ ဖြစ်သည်။ သို့သော် ကျောက်တူးသမားများအဖို့ ချမ်းသည်အေးသည် သဘောထား၍ မရ။ အိပ်ကောင်းကောင်းနှင့် ကွေးနေ၍ မရ။ ကျင်းပိုင်လောပန်၏ ရိက္ခာထမင်းကိုစား၍ လုပ်နေရသဖြင့် ကျောက်ကျင်းကို နေ့စဉ်မပျက် ဆင်းကြရသည်။

နှင်းကျ၊ မိုးရွာကို ရှောင်၍မရ။ သံတိုင်ပေါက်ပြားထမ်း၍ ကျင်းကိုယ်စီသို့ လာကြရသည်။ နံနက်စောစော ထမင်းကြော်လေးစားကာ ကျင်းဘက်သို့ ထွက်ခဲ့ကြသည်။ ဒါက နေ့စဉ်အလုပ်။

''ဘတုတ် . . . လာလေကွာ။ တံ့နှေးနှေးနဲ့ . . .''

''အေးပါကွာ . . . ငါနည်းနည်း ဗိုက်နာလို့ပါ . . .''

''မနက်ကလည်း . . . မင်း အိမ်သာနှစ်ခါတက်တာ တွေ့ပါတယ်''

''နှစ်ခါမကဘူးကွ။ လေးခါ၊ လေးခါ။ ညက ဆန်အရက်နဲ့ မုန့်ညင်းချဉ် များသွားတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း ငါတို့သွားနှင့်မယ်။ နောက်က ဖြည်းဖြည်းလိုက်ခဲ့ ..."

"အေးပါ ... အေးပါ။ ငါလည်း တောထိုင်ချင်တာနဲ့ ပြောမလို့ပဲ ..."

ဘဝတူ ကျောင်းသားများ ခပ်သုတ်သုတ် ထွက်သွားကြသောအခါ နာလာသော ဆိုက်ကိစ္စအား ဖြေရှင်းရန်အတွက် လူသွားလမ်းနှင့်ဝေးရာ ချုံကြိုချုံကြားတွင်းသို့ နှင်းတောထဲမှာ ပင် တိုးဝင်လိုက်သည်။ ဘတုတ်တို့ ကျောင်းသားဘဝမှာ တော်ရုံတန်ရုံ ကိစ္စလေးဖြင့် နား၍မရ။ ပြီးတော့ ကျောင်းသားကိုယ်နှိုက်က ရက်မဖျက်ချင်။ မိမိကျောင်းမဆင်းနိုက် ပစ္စည်း(ကျောက်စိမ်း)ထွက်ခဲ့လျှင် မိမိဝေစုနည်းသွားနိုင်သည်။ မရတာလည်း ဖြစ်နိုင်သည်။ ကျောင်းနှင့်ကျောင်းသား ကြာကြာခွဲနေ၍ မဖြစ်။ မတစ်ရာသားတွေမို့ အချင်းချင်းလည်း ယုံကြည်ရသည် မဟုတ်။

ဘတုတ်က ချုံရှင်းမည့်နေရာကို နှင်းဖွေးဖွေးကြားမှာ ရှာလိုက်သည်။ ချုံရှင်း၊ မြက်ရှင်းမှ တောထိုင်၍ ကောင်းသည်။ တွေ့ပါပြီ တစ်နေရာ။ သစ်တုံးလိုလို တွေ့ရသည်။ သစ်တုံးပေါ်ကနေ၍ နောက်ဖေးထိုင်လိုက်ရလျှင် ဖိမ်ပဲ။ မြက်စူးမှာ မစိုးရိမ်ရ။ ဘတုတ်က အပြေးအလွှားခြေလှမ်းဖြင့် သစ်တုံးဆီ ပြေးသွားလိုက်မိသည်။ အနားရောက်တော့ ...

"အမယ်လေးဗျ ... လူသေ အလောင်းကြီး၊ လူသေလောင်းကြီး"

××× ××× ×××

ရဲအရာခံ ဦးဘကျော်သည် ရဲလုပ်ငန်း၊ ရုံးလုပ်ငန်းကို အလွန်စိတ်ချရသူ ဖြစ်သည်။ အသက် ၅၇ နှစ် ရှိပြီဖြစ်သော ဦးဘကျော်မှာ ရဲအရာခံရုံးအုပ်ကြီးအဖြစ် ဖားကန့်ရဲစခန်းတွင် နေ့စဉ် ဝတ္တရားများကို ဆောင်ရွက်လျက်ရှိသည်။ တာဝန်မှူးဖြစ်သော ဒုရဲအုပ်ကလေးမှာ နံနက် ၁၀ နာရီခန့်က ကိစ္စတစ်ခုဖြင့် အရေးပေါ်ထွက်သွားရသည်။ ဦးဘကျော်မှာ ရုံးတာဝန်ခံသာမက တာဝန်မှူးတာဝန်ပါ အမြဲပူးတွဲ၍ ထမ်းဆောင်နေရတတ်သည်။ ဝါရင့်ရဲသားအိုကြီးဖြစ်၍ လုပ်ငန်းခွင်ကို မသိကျိုးကျွန်ပြုလေ့မရှိ။ မပြုတတ်။ နိုင်သလောက် ကူညီလုပ်ကိုင်တတ်သည်။

"အဘ ... ဆိုင်းတောရွာက လူကြီးတွေလာတယ်။ အမှုတိုင်ချင်လို့တဲ့။ အဲဒါ လွှတ်လိုက်ရမလား ..."

အချိန်ပိုင်းတာဝန်ကျ ရဲသားလေးက သတင်းပို့လာသည်။

"အေး ... အေး ... လွှတ်လိုက်။ လွှတ်လိုက် ..."

ရုံးခန်းတွင်းသို့ မျက်မှန်းတန်းမိပြီးဖြစ်သော ဆိုင်းတောင်ရွာ အုပ်ချုပ်ရေးမှူးအဖွဲ့မှ လူကြီးသုံးယောက်နှင့် လူငယ်နှစ်ယောက်တို့ ဝင်ရောက်လာကြသည်။

"ဟော ... ဥက္ကဋ္ဌကြီး ဦးလေးဒွဲတို့ပါလား။ ဘာကိစ္စများရှိလို့လဲ"

"အရေးကြီးတယ် ဆရာကြီး။ ကျွန်တော်တို့ရွာ သက်ငယ်တောဘက်မှာ လူသေအလောင်း တစ်လောင်း တွေ့တယ်။ အဲဒါ ... လာတိုင်တာပါ ဆရာကြီး"

"ဟာ ... စောစောစီးစီး အမှုကြီးမှ လာတိုးနေပြီ ..."

"မစောတော့ဘူး ဆရာကြီး။ ဆယ့်တစ်နာရီ ထိုးပါပြီ ..."

ဆရာကြီး ဦးဘကျော်က ထုံးစံအတိုင်း လွှတ်ခနဲ ပြောလိုက်သည်ကို ကချင်တိုင်းရင်းသား ကျေးရွာဥက္ကဋ္ဌ ဦးလဒွဲက ပျာပျာသလဲ ပြန်ပြောလိုက်သည်။

"ဟာ .. မဟုတ်ပါဘူး။ မဟုတ်ပါဘူး။ အဲဒီသဘောမျိုးမဟုတ်ပါဘူး"

ဆရာကြီး ဦးဘကျော်က ကပျာကယာ တောင်းပန်လိုက်သည်။

"ကဲ ... ကဲ ... အလောင်းတွေ့ရပုံ တွေ့ရနည်းကို ပြောစမ်းပါဦး"

"သက်ငယ်တောစပ်မှာ တွေ့ရတာပဲ။ တစောင်းလဲကျနေတာ သေသေချာချာကြည့်တော့ မိန်းမအလောင်းဖြစ်နေတယ်။ လည်ပင်းမှာ မြားတန်းလန်းစိုက်နေတာ တွေ့ရတယ်ဗိုလ်ကြီး"

"တွေ့တာက ... ဘယ်သူတွေ့တာလဲ ..."

"ဂမ်မဆိုင်ရဲ့ ကျောင်းသားထဲက ဘတုတ်ပါ ဆရာကြီး။ (ဦးလေးဒွဲက ညိုညိုတုတ်တုတ် လူငယ်တစ်ဦးကို ညွှန်ပြရင်း) သူပါ ... သူပါ"

ဦးဘကျော်လည်း အမှုကြီးဖြစ်၍လည်းကောင်း၊ တာဝန်မှူးမရှိ၍လည်းကောင်း၊ မြို့နယ်မှူးနှင့် စခန်းမှူးကို သတင်းပို့ရမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

"ကဲဟေ့ ... ဆရာမောင်သက်။ မင်းက ဥက္ကဋ္ဌကြီးတို့ကို စကားပြောရင်း ဧည့်ခံထားလိုက်။ မြို့နယ်မှူးနှင့် စခန်းမှူးကို ငါကိုယ်တိုင် သွားသတင်းပို့လိုက်ဦးမယ် ..."

ဆရာကြီး ဦးဘကျော်လည်း ယူနီဖောင်းဝတ်စုံကို ဆွဲဆန့်၍ ကမန်းကတန်း ပြေးထွက်သွားသည်။

အချိန်သည် ၁၁ နာရီ ကျော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သဖြင့် နှင်းမှုန်တို့ ပါးလျားလျော့နည်းသွားကြပြီ။ အရာရာသည် တစ်စတစ်စ ထင်ထင်မြင်မြင် ဖြစ်ပေါ်လာနေသည်။ နေရောင်ခြည် ဖျိုးဖျိုးဖျပ်ဖျပ်သည် နှင်းလွှာရုံကြားမှ ရှန်းကန်၍ ဖြာကျလာသည်။ ဖားကန့်ဒေသသည် ဆောင်းဥတုမှာ လွန်စွာ နှင်းကျ၍ တစ်ခါတစ်ရံ နေလုံးပင် တစ်နေကုန် မမြင်ရတတ်။ ယနေ့အဖို့မှာ (၁၁ နာရီ) ကျော်ကျော်တွင် နေမြင်နေရသည်မှာ ကံကောင်း၍ဟုပင် မှတ်ယူရပေမည်။

အတန်ကြာသောအခါ မြို့နယ်မှူး ဒုရဲမှူး မြင့်မောင်နှင့် စခန်းမှူး ဝင်းရှိန်တို့ ရောက်ရှိလာကြသည်။ လူသေမှု၊ လူသတ်မှုစသော အမှုကြီးများကို လူကြီးတိုင်းလိုလိုက မြို့နယ်တွင်း မဖြစ်စေချင်ကြပါ။ သို့သော် အခြေအနေအရ ဖြစ်လာပြီဆိုတော့လည်း ရဲတပ်ဖွဲ့မှ မြို့နယ်မှူး စခန်းမှူးများမှာ မျက်နှာမလွှဲ လျစ်လျူရှုမထား။ ကွင်းဆင်း၍ သေသေချာချာ စစ်ဆေးသုံးသပ် ဆောင်ရွက်ကြရသည်။ အဆင်ပြေကိုက်ညီမည့် အရာရှိတစ်ဦးကို ရွေးချယ်တာဝန်ပေးရသော်လည်း မြို့နယ်လူကြီးများအနေဖြင့် အမှုမပေါ်ပေါက်မချင်း မျက်ခြည်ဖြတ်မခံတတ်။ မျက်စိဖွင့် နားစွင့်၍ ဂရုစိုက် ကြပ်မတ်ကြရသည်။

ယခုလည်း ဆိုင်းတောင်ရွာ ဥက္ကဋ္ဌ ဦးလဒွဲနှင့် ကျောင်းသား မောင်ဘတုတ်ကို အသေးစိတ်စစ်ဆေးသည်။ စစ်ဆေးချက်၊ အမှုတိုင်တန်းချက်ကို မလစ်ဟင်းစေချင်။ ချို့ယွင်းချက် မရှိစေချင်။ တိုင်တန်းသူ၊ တွေ့ရှိသူ၏ ထင်မြင်ချက်၊ တွေ့ရှိချက်ကို မေးစမ်းရင်းမှ ခင်မင်မှုယုံကြည်မှုကို ရယူရသည်။

သို့မှသာ ...

သက်ဆိုင်ရာပြည်သူတို့၏ ကူညီမှု၊ သတင်းမှန်ရရှိမှု၊ အားကိုးလေးစားမှုကို ရရှိမည်ဖြစ်သည်။ အားလုံးစစ်ဆေးပြီးသောအခါ မြို့နယ်မှူးက ...

"အဘ ... ဒီနေ့တာဝန်မှူး ဘယ်သူလဲ။ မရှိဘူးလား ..."

"ဒုရဲအုပ် ကျော်ဇော်ဟိန်းပါ မြို့နယ်မှူး။ အရေးတကြီး သက်သေထွက်ချက်တစ်ခု သွားရောက်ယူနေပါတယ်"

"ကျော်ဇော်ဟိန်း ဟုတ်လား"

မြို့နယ်မှူးက ဇဝေဇဝါ ရှိနေဟန်ရှိသဖြင့် စခန်းမှူးကြီးက ရှင်းပြရသည်။

"ဟုတ်ပါတယ် ... မြို့နယ်မှူး။ ကျော်ဇော်ဟိန်းပါ။ ဒုရဲအုပ်ကလေးပါ။ မြို့နယ်မှူး ပြည်နယ်အစည်းအဝေး သွားနေတုန်း ရောက်ရှိလာတာပါ။ ရောက်တာတော့ နှစ်ပတ် (၁၄) ရက်လောက်ရှိပါပြီ။ ပြောင်းရွှေ့စာရင်း ရောက်တာတော့ နှစ်လကျော်ပါပြီ"

ထိုအခါမှ မြို့နယ်မှူးက သတိရလာဟန်နှင့် ...

"အိုကေ ... အိုကေ ... သိပြီ။ ကလေးဝရဲစခန်းက ပြောင်းလာတာ မဟုတ်လား။ ကျွန်တော့်ကို မြစ်ကြီးနားမှာ လာသတင်းပို့တယ်။ အဲဒါ အမှတ်မဲ့ ဖြစ်သွားတယ်ဗျာ"

မြို့နယ်မှူးက ပြုံးပြုံးဖြင့် တောင်းပန်လိုက်ရင်းက ...

"ကဲ ... အဘဦးဘကျော်က ကျော်ဇော်ဟိန်းကို စကားပြောစက်နဲ့ အကြောင်းကြားလိုက်။ ခုချက်ချင်း ဆိုင်းတောင်သွားလို့ပြော။ ကျွန်တော်နဲ့ ရဲစခန်းမှူးလည်း ဆိုင်းတောင်ကို လိုက်သွားကြမယ်။ အဲဒါ စီစဉ်ပါ"

စခန်းမှူးက အရိုအသေပေးလျက် ...

"ဟုတ်ကဲ့ပါ ... မြို့နယ်မှူး။ ကဲ ... ဘယ်သူရှိလဲ။ တပ်ကြပ်စံမြင့် ကားအဆင်သင့်လုပ်ထား။ ဓာတ်ပုံဆရာနဲ့ တပ်စိတ်တစ်စိတ် ချက်ချင်း စီစဉ်ပါ။ တပ်ကြပ်မောင်သက်က နေ့စဉ်မှတ်တမ်းမှာ ဒီအချိန်အထွက်ပြ လိုက်။ ကဲ ... ကျန်တာ အဘနဲ့ ကြည့်လုပ်ထား"

မြို့နယ်မှူးနှင့် စခန်းမှူးဝင်းရှိန်သည် ပြောပြောဆိုဆိုပင် ထွက်ခွာရန် ပြင်ဆင်လိုက်သည်။ ဆိုင်းတောင် ဥက္ကဋ္ဌနှင့်အဖွဲ့လည်း ကားဖြင့် တစ်ခါတည်း လိုက်ပါကြရမည် ဖြစ်သည်။

ဖားကန့်ရဲစခန်းမှ မြို့နယ်မှူးအဖွဲ့ ထွက်ခွာချိန်သည် နံနက် ၁၁ နာရီခွဲသာ ရှိပါသေးသည်။

××× ××× ×××

မြို့နယ်မှူးနှင့် စခန်းမှူးတို့၏ လင့်ရိုဗာ ကားကလေးသည် ကျောက်ခဲများကြားတွင် ရပ်လိုက်သည်။ ကားပေါ်မှဆင်း၍ တစ်ဖာလုံခန့် လူသွားလမ်းလေးအတိုင်း ဆင်းလျှောက်လိုက်ကြသည်။ အလောင်းတွေ့ရှိရာ နေရာသို့ ရောက်သောအခါ အရပ်သူအရပ်သား ဆယ့်လေးငါးယောက်ခန့် စုပြုံတိုးဝှေ့ကြည့်နေသည်ကို တွေ့ရသည်။ မြို့နယ်မှူးနှင့်အဖွဲ့ကို မြင်သောအခါ လမ်းဖယ်ပေးကြရင်းမှ ...

"ဟာ ... ရဲတွေ ထပ်ရောက်လာပြန်ပြီ ..."

"ဒါက ... မြို့နယ်ရဲမှူး ဒေါ်မှာ ပေါ့ကွ"

www.burmeseclassic.com

"စခန်းမှူးလည်း ပါတယ်။ ဟိုမှာမြင်လား"

"ဒေါ်ခင်တင့်သေတာများ အရေးလုပ်လို့ကွာ။ ရပ်ကွက်တောင် အေးသွားသေး"

"ဟ ... ဒီလိုပြောလို့ ဘယ်ရမလဲ။ ဒါက လူသတ်မှုကွ"

"သူ့ယောက်ျားက ခရီးထွက်နေတာကွ"

"မောင်စိန်နဲ့ သန်းသန်းအေးတို့ လင်မယားတော့ စိတ်ပူနေမှာပဲ"

"မင်းဟာက ဘာဆိုင်လို့လဲ"

"သူတို့နဲ့ တလောကတင် အကြီးအကျယ် စကားများသွားတာလေ။ ဒေါ်ခင်တင့်ဆဲသံ မကြားလိုက်ဘူးလား"

"မင်းတို့ကွာ မဟုတ်ကဟုတ်က လျှောက်ပြောနေတယ်။ တိတ်တိတ်နေကြစမ်း"

လူကြီးတစ်ဦးက ဟန့်လိုက်သဖြင့် တစ်ယောက်တစ်ပေါက် ပြောနေသော စကားသံများ တိတ်သွားကြသည်။ ရဲတပ်ဖွဲ့ဝင်တွေ အနေနှင့်တော့ သည်လိုစကား သည်လိုအကြားများကိုလည်း အလွတ်ပေး၍ ရသည် မဟုတ်။ ကြားသမျှ၊ မြင်သမျှကို ဆင်ခြင်သုံးသပ်၍ အမှုအမှန်ပေါ်ထွက်ရေးအတွက် အမြတ်ထုတ်ရတာလည်း ရှိသည်။ နားပူသည်။ ရှုပ်လွန်းသည်ဟု စိတ်မဆိုးအား။ သည်းခံရသည်။ သတင်းစကားတစ်ခုခုအား ဖြစ်နိုင်ခြေ ရှိမရှိ ထည့်တွက်စဉ်းစားရသည်။ ဒါက ရဲတို့၏ လုပ်ရိုးလုပ်စဉ်အလုပ် မဟုတ်ပါလား။

အမျိုးသမီး အလောင်းရှိရာသို့ လှမ်းကြည့်လိုက်သောအခါ ရဲတပ်ဖွဲ့ဝင်ဝတ်စုံနှင့် ပုဂ္ဂိုလ်တစ်ဦး ကုန်းကုန်းကွကွနှင့် စစ်ဆေးနေသည်ကို တွေ့ရသည်။ အနီးတွင် လက်နက်ကိုင်ရဲသားနှစ်ဦးက စောင့်ကြည့်နေသည်ကို မြို့နယ်မှူးက လှမ်းမြင်လိုက်သည်။ စခန်းမှူးက လှမ်းမေးလိုက်သည်။

"ဘယ်သူလဲဟေ့ ..."

အနီးရှိ ရဲသားတစ်ဦးက ...

"ဆရာကျော်ဇော်ဟိန်းပါ ... စခန်းမှူး"

မြို့နယ်မှူးနှင့် စခန်းမှူးလည်း ဒုရဲအုပ်ကျော်ဇော်ဟိန်းအား မနှောင့်ယှက်လိုဟန်နှင့် အမျိုးသမီးအလောင်း အခြေအနေအား အကဲခတ်ကြည့်ရှုနေမိသည်။ အတန်ကြာလျှင် အလောင်း၏ ခြေရာလက်ရာ အသေးစိတ် စစ်ဆေးနေသော ဒုရဲအုပ်ကျော်ဇော်ဟိန်းသည် ခါးဆန့်၍ရပ်လိုက်ရင်း မြို့နယ်မှူးအား အရိုအသေပေးလိုက်သည်။

"ကျွန်တော် ဒုရဲအုပ်ကျော်ဇော်ဟိန်းပါ မြို့နယ်မှူး"

"အေး ... လေးစားပါတယ်။ အမှုအခြေအနေက ဘယ်လိုရှိလဲ သိနိုင်ပါသလား"

"အပေါ်ယံ စစ်ဆေးမှုကတော့ ရပါပြီ။ ဆိုင်းတောင်ရွာ ရပ်ကွက်(၆)မှာနေတဲ့ ပန်းရန်ဆရာ ဦးလှဆင့်ရဲ့ ဇနီး ဒေါ်ခင်တင့်ပါ။ သေဆုံးတာ ခန့်မှန်း ၄၈ နာရီတော့ ရှိပါပြီ။ ဆောင်းတွင်းသိပ်အေးတဲ့အချိန် နှင်းတွေသိပ်ကျတဲ့ ရက်ပိုင်းမို့ အနံ့မထွက်ပါဘူး"

"ဟုတ်ပြီ ... ဘယ်လိုသေတယ် ထင်သလဲ"

"လည်ပင်းကို မြားတံဖောက်ပြီး လဲကျသေဆုံးတဲ့ လက္ခဏာပါ။ မြားတံဆိုပေမယ့် ဝါးခြမ်းပြား သေးသေးပျော့ပျော့နဲ့ ပြုလုပ်ထားတာပါ။ နောက်ပြီးလေး၊ ဒူးလေး၊ လင်းလေးနဲ့ ပစ်ခတ်တာ မဟုတ်ဘဲ ဂျင်ကလိနဲ့ ပစ်တာပါ။ ကလေးတွေကစားတဲ့ သားရေကွင်းတပ် လက်ကိုင်နဲ့ ဖြစ်ဖို့များပါတယ်"

ဒုရဲအုပ် ကျော်ဇော်ဟိန်းက အစီရင်ခံသည်ကို မြို့နယ်မှူးက ပြုံးပြုံးကြီးဖြင့် ...

"ဟ ... မင်းဟာက တိကျလှချေလား။ ဆိုပါဦး ..."

"ဟုတ်ကဲ့ ... မြားတံဟာ ပျော့ပေမယ့် အနီးကပ် အားသန်သန် အရှိန်ပြင်းပြင်းနဲ့ လည်ပင်းကို ပစ်တာ လည်းတစ်ကြောင်း၊ မိန်းမသား အသားအရေမို့တစ်ကြောင်း၊ ဖြစ်တောင့်ဖြစ်ခဲ အရိုးအမာနု ဘာတစ်ခုမှ မထိခိုက်ဘဲ ထုတ်ချင်းပေါက်ပြီး တစ်ဖက်ကို လေးလက်မလောက် မြားတံထွက်နေပါတယ်"

"ဟုတ်ပြီလေ ... ဆိုပါဦး"

"အဲဒီမြားတံ အဖျားပိုင်း နှစ်လက်မအကွာလောက်မှာ ကြက်ပေါင် (သားရေမျှင်) ချည်တုပ်ထားတဲ့ ချိတ်ကလေးပါပါတယ်။ အဲဒါကိုကြည့်ပြီး သားရေကွင်းတပ် လက်ကိုင်လေးခွ အသေးစားနဲ့ ပစ်တာလို့ ယူဆမိပါတယ်"

မြို့နယ်မှူးက ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ ...

"ယူဆတာဟာ ယူဆတာပဲ။ အမှုမှန်ပေါ်ဖို့က တို့ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်ပဲ။ ဒီကေ့စ်ကို မင်းတာဝန်ယူရမယ်။ မင်းလည်း စစ်ကိုင်းတိုင်းကလေးဝမှာ အမှုလိုက်၊ အမှုစစ်ခဲ့တဲ့သူပဲ။ ဘယ့်နှယ်လဲ ဖြစ်ပါ့မလား"

မြို့နယ်မှူးက ပြောင်းရွှေ့လာတာ မကြာသေးသော ဒုရဲအုပ်ကလေးအား သေသေချာချာ စိုက်ကြည့်

www.burmeseclassic.com

ပြောချလိုက်သည်။ ဒုရဲအုပ် ကျော်ဇော်ဟိန်းမှာ "ဘယ့်နှယ်လဲ ဖြစ်ပါ့မလား" ဆိုသော စကားကြောင့် တွန့်ခနဲ ဖြစ်သွားမိသော်လည်း လေးစားမှုအရ မျက်နှာမပျက်အောင် နေလိုက်နိုင်သည်။ ဒုရဲအုပ်ကျော်ဇော်ဟိန်းသည် အရပ် ၅ပေ ၆ လက်မခန့်ရှိသော အရပ်နှင့် ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်ကာ ညိုမောင်းသော အသားအရေနှင့် နှုတ်ခမ်းပါးပါး၊ ရှုတည်တည် မျက်နှာပေါက်ကို ပိုင်ဆိုင်သူ ဖြစ်သည်။

"ဖြစ်ပါတယ် မြို့နယ်မှူး။ ကျွန်တော့်အနေနဲ့ ရောက်တာ မကြာသေးပေမယ့် အမှုမှန်ပေါ်ပေါက်အောင် ကြိုးစားဖို့ ဆုံးဖြတ်ထားပါတယ်"

"အေး .. အမှုမှန်ပေါ်ပြီး တရားခံ မြန်မြန်ပေါ်အောင်လုပ်ပါ။ စီစဉ်ပါ။ လိုအပ်တာရှိရင် စခန်းမှူးသာ မကဘူး။ ငါ့ကိုပါ တိုက်ရိုက်ဝင်ပြောနိုင်တယ်။ ဒါ မင်းရဲ့ ပထမဆုံးတာဝန်ပဲ။ ကျေပွန်ပါစေ"

"ဟုတ်ကဲ့ပါ မြို့နယ်မှူး"

"ကောင်းပြီ ... ဆရာဝန် ဆေးစာရရင် မင်းရဲ့အစီရင်ခံစာ အပြည့်အစုံ ငါဖတ်ချင်တယ်။ ပြီးတော့ မင်းရဲ့ လုပ်ဆောင်ချက်ကို အမှုမှန် မပေါ်မချင်း ညနေတိုင်း ငါ့ဆီ လာရှင်းပြပါ"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ .. ဒါပဲ ... ဆက်လုပ်ပါ"

တင်ပြရလျှင် ရဲတပ်ဖွဲ့ဝင်တို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေကြိုးများ တိုင်းထွာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဒဏ်ရာဒဏ်ချက် စစ်ဆေးခြင်း၊ အမျိုးသမီးအလောင်းမှီ မဖွယ်မရာ ပြုလုပ်ထားခြင်း ရှိမရှိ၊ နားကပ်စသော လက်ဝတ်လက်စား ပျောက်မပျောက် စစ်ဆေးခြင်းများကို ဆောင်ရွက်ကြရသည်။ တိုင်ကြားသူ၊ တွေ့မြင်သူများသာမက အနီးဝန်းကျင်မှ သိသူများ၊ သေဆုံးသူနှင့် မတည့်သူများ၊ ခင်မင်သူများမှစ မေးမြန်းစစ်ဆေးရလေသည်။

သို့ဖြင့် ... "ရဲလုပ်ထုံးလုပ်နည်းများ ကုန်စင်အောင် ပြုလုပ်" လျက် အမျိုးသမီးအလောင်းအား ဖားကန့်ဆေးရုံသို့ ပေးပို့ရလေသည်။

××× ××× ×××

ဒုရဲအုပ် ကျော်ဇော်ဟိန်းမှာ စိတ်အိုက်သလို ဖြစ်လာသည်။ ပန်းရန်ဆရာဇနီး ဒေါ်ခင်တင့် အသတ်ခံရမှုမှာ မျက်မြင်သက်သေ မဆိုထားနှင့် ပတ်ဝန်းကျင်မှ အထင်ဖြင့် မေးရမည့်လူများပင် နည်းပါးလွန်းလှသည်။ ရပ်ကွက်ထဲမှ ပုဂ္ဂိုလ်တချို့ကလည်း မသိကျိုးကျွန်နေကြသည်။ သတင်းကား ပိတ်နေပြီ။ တိတ်နေသည်။ သို့ဖြစ်၍ ကျော်ဇော်ဟိန်း စိတ်မရှည်ချင်တော့။

"ဆရာလှမြင့် ခဏလာပါဦး"

လူဆိုးထိန်းတပ်ကြပ် လှမြင့် ရောက်လာသည်။

"ခင်ဗျားနဲ့ ရဲဘော်နှစ်ယောက် ခေါ်သွား။ ရဲသူနဲ့ ကျော်အောင်စိုး ပိုကောင်းတယ်။ ဒီနှစ်ယောက်က သွက်တယ်။ အမှုစစ်တုန်းကလည်း ပါခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒေါ်ခင်တင့်နဲ့ စကားများဖူးတဲ့သူ၊ ရန်ဖြစ်ဖူးတဲ့သူ မှန်သမျှ ဆိုင်းဥက္ကဋ္ဌနဲ့ညှိပြီး ခေါ်ခဲ့ဗျာ။ ဖမ်းခိုင်းတာ မဟုတ်ဘူးနော်။ စစ်ဆေးရုံတင် သက်သက်လို့ပြော။ နို့မဟုတ် တစ်မျိုးဖြစ်နေမယ် ..."

"ဟုတ်ကဲ့ဆရာ အခုသွားရမလား"

"အခုသွားရမှာပေါ့။ ကားယူသွား။ အဖြစ်နိုင်ဆုံး မြန်မြန်ပြန်ခဲ့"

တပ်ကြပ်လှမြင့်နှင့် ရဲတပ်ဖွဲ့ဝင်နှစ် ယောက်ဖြစ်သော ရဲသူ၊ ကျော်အောင်တို့ ထွက်သွားကြသည်။ ကားစက်နှိုးသံနှင့်အတူ ကားသံအဝေးသို့ ရောက်သွားမှ ဒုရဲအုပ်ကျော်ဇော်ဟိန်း သက်ပြင်းချလိုက်သည်။ ထိုင်ခုံနောက်မှီအား မှီ၍ မှိန်းနေလိုက်သည်။ ထိုစဉ်

"ဘယ်လိုလဲ ကိုကျော်ဇော်ဟိန်း စိတ်ညစ်နေလား"

မျက်စိဖွင့်ကြည့်လိုက်တော့ ဒုရဲအုပ်နေအောင် ဖြစ်နေသည်။

"ဟုတ်တယ် ... ကိုနေအောင်။ ပန်းရန်ဆရာဇနီး သတ်မှုက မျက်မြင်သက်သေ ခိုင်မာတဲ့သဲလွန်စမရှိဘူး ဖြစ်နေတယ်"

"စိတ်မပျက်ပါနဲ့ဗျာ။ အမှန်တရားဟာ ပုန်းကွယ်မနေပါဘူး"

ထိုစဉ် ရဲအရာခံ အဘဦးဘကျော် ရောက်လာသည်။

"ဟုတ်တယ် ... ဟုတ်တယ်။ မကောင်းမှုဟူသည် ဖုံးကွယ်ရာမရှိ။ ရာဇဝတ်ဘေး ပြေးမလွတ်တဲ့။ စိတ်ရှည်သည်းခံ အချိန်တန် အမှုမှန်ပေါ်လတ္တံ့လို့ စိတ်ထဲမှာထားပါ။ ကြိုးစားရင် လမ်းစပေါ်လာမှာပါ"

ကျော်ဇော်ဟိန်းက ခပ်ပြုံးပြုံးဖြင့် "ကျေးဇူးပဲအဘ" ဟု ပြောလိုက်သည်။

ဒုရဲအုပ်ကျော်ဇော်ဟိန်းသည် လုပ်ဖော်ကိုင်ဘက်များဖြစ်သော ဒုရဲအုပ်နေအောင်၊ ဒုရဲအုပ် နေဇော်ဘွား၊



www.burmeseclassic.com

www.burmeseclassic.com

ရဲအရာခံ အဘဦးဘကျော်၊ တပ်ကြပ်ကြီး ဖိုးစည်တို့နှင့် ရောက်တက်ရာရာ စကားများပြောဆိုနေကြသည်။ စကားပြောဆိုသော်လည်း စိတ်က ဆရာလှမြင့်နှင့်အတူ ဆိုင်းတောင်သို့ရောက်၍နေသည်။ ခဏကြာသောအခါ ကားသံခပ်ပြင်းပြင်းကို ကြားလိုက်ရသည်။ ကားရပ်သံ၊ ကားပေါ်မှ ခုန်ဆင်းသံ၊ စကားပြောသံများ တစ်ဆက်တည်း ကြားနေရသည်။ အဘဦး ဘကျော်က

"ဟော ... ဆရာလှမြင့်တို့ လာကြပြီ။ ကဲ ... ကဲ ဆက်လုပ်ပါ"

တပ်ကြပ်လှမြင့်နှင့် လူခြောက်ယောက်ခန့်ကို တွေ့လိုက်သည်။ သက်သေအဖြစ် ခေါ်လာခြင်း ဖြစ်သည်။ ဒုရဲအုပ်ကျော်ဇော်ဟိန်းက စိတ်မရှိကြရန် တောင်းပန်ရင်း ပန်းရန်ဆရာ မိသားစုအကြောင်း သိလိုသဖြင့် ခေါ်ရကြောင်း၊ သိသမျှကို ဖြေကြားပေးရန် မေတ္တာရပ်ခံရသည်။ သို့နှင့် တစ်ယောက်ချင်း မေးရသည်။

"နာမည်က ... ကိုအောင်သန်း နော်"

"ဟုတ်ကဲ့"

"ကိုအောင်သန်းက ဒေါ်ခင်တင့်နဲ့ စကားများဖူးတယ်လို့ ကြားပါတယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ဘာရယ် မဟုတ်ပါဘူး ဆရာရယ်။ ကျွန်တော့်အိမ်က ကြက်မက သူတို့မီးဖိုခန်းထဲ ဝင်တယ်လို့ ပြောတာကနေ ဖြစ်တာပါ"

သည်လိုနှင့် ... မောင်စိန်၊ ဒေါ်သန်းသန်းအေးတို့ လင်မယား၊ ဓာတ်ဘီးပြင်ဆရာ ဦးဘသောင်း၊ လက်သမားဆရာကတော် ဒေါ်နန်းခင်တို့ကို စစ်မေးသော်လည်း ဘာမျှမထူးခြား။ ခေါ်လာရ၊ မေးရတာသာ အဖတ်တင်သလို ဖြစ်နေသည်။ လူတွေက လူရိုး လူအတွေ။ နောက်ဆုံးတစ်ယောက်ကို ဆက်မေးရသည်။

"နာမည်"

"လှဝင်းပါ ဆရာ"

လူက သန့်သန့်မာမာ၊ အေးစက်စက်မျက်နှာနှင့် ဖြစ်သည်။

"အသက်"

"၃၂ နှစ်ပါ"

"ခင်ဗျားနဲ့ ဒေါ်ခင်တင့် ရန်ဖြစ်ဖူးလား"

လှဝင်းဆိုသူက မျက်လုံးများ တောက်ပြောင်လာသည်။

"ဖြစ်ဖူးပြီကော ဆရာရယ်။ သုံးလေးခါတောင် ဖြစ်ဖူးတယ်"

ကျော်ဇော်ဟိန်း မျက်လုံးကျယ်လာသည်။

"ဟုတ်ပြီ ... ဘာကြောင့် ဖြစ်တာလဲ"

"ကျွန်တော့်မိန်းမက ပိုက်ဆံချေးပြီး အချိန်မှန်မဆပ်လို့တဲ့ ဆရာ။ ဆူလိုက်ပြောလိုက်တာ ရစရာမကောင်းဘူး။ ဘာညာကွိကွ စုံရောပဲ"

ဒုရဲအုပ်ကျော်ဇော်ဟိန်း ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတော့ သုံးလေးခါဆို။ ကျန်တာတွေက ဘယ်လိုဖြစ်တာလဲ"

"ပြောမပြောချင်ပါဘူး ဆရာရယ်။ ကျွန်တော့်မိန်းမကလည်း ခက်တယ်။ ဘယ်လောက်ပြောပြော မရဘူး။ ငွေပြတ်တာနဲ့ ဒေါ်ခင်တင့်ဆီ တစ်ရာကို ၂၀/တိုးနဲ့ ချေး။ အချိန်မှန်မှန် ပြန်မဆပ်နိုင်တော့ ဒေါ်ခင်တင့်ကဆူ။ အဲဒါ သံသရာလည်နေတာပဲ"

"ခင်ဗျားသိတော့ စိတ်တိုမိတာပေါ့"

"စိတ်တိုမိတာပေါ့ ဆရာရယ်။ ကျွန်တော်က ဒေါ်ခင်တင့်ကို ကျောက်ခဲနဲ့ ထုသတ်ဖို့တောင် လုပ်မိတယ်။ ဦးသန်းနိုင်ဆွဲထားလို့ပေါ့။ နို့မဟုတ်ရင် အဲဒီကတည်းက ဒေါ်ခင်တင့်သေပြီး ကျွန်တော် ထောင်ထဲရောက်ရမှာ"

ဒုရဲအုပ် ကျော်ဇော်ဟိန်း သက်ပြင်းကို မသိမသာချရင်းတွေးနေမိသည်။ သည်လူတွေဟာ တကယ့်လူရိုးတွေပဲ။ ရန်ဖြစ်ဖူးရုံနှင့် သတ်တာ ဖြစ်နိုင်ပါ့မလား။

"ဆရာ ... ဆရာ။ ဘာကြောင့် မေးတာလဲ။ ခုမှ သတိရတယ် ဆရာရယ်။ ဘုရားပေးပေး ကျမ်းပေးပေးပါ။ ဒေါ်ခင်တင့်ကို သေအောင် ကျွန်တော် မသတ်ပါဘူး။ ကျွန်တော် ဒီလောက် သတ္တိမရှိပါဘူး။ မယုံရင် ဦးသန်းနိုင်ကို မေးကြည့်ပါ"

ဒုရဲအုပ် ကျော်ဇော်ဟိန်းက ...

"ထားပါတော့ဗျာ ...။ ခင်ဗျား စကားထဲမှာ ဦးသန်းနိုင်ဆိုပြီး နှစ်ခါတောင် ပြောသွားတယ်။ သူက ဘယ်သူလဲ၊ ဘာလုပ်တာလဲ ပြောပါဦး"

"ဦးသန်းနိုင်က ဘုရားတရားနဲ့လူပါ။ ဘယ်သူဖြစ်ဖြစ် ခပ်အေးအေး ပြောဆိုဆက်ဆံတယ်။ စာအုပ်ဆိုင် ဖွင့်ထားတယ်။ သူ့စာအုပ်ဆိုင်က ဒေါ်ခင်တင့်အိမ်နဲ့ နှစ်အိမ်ကျော်လောက်မှာပေါ့"

"ဩော် ... ဩော် ... တစ်ရပ်ကွက်တည်းပေါ့"

"တစ်ရပ်ကွက်တည်းပါ ဆရာ။ ဦးသန်းနိုင်က အရမ်းသဘောကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အရမ်းအေးတာ။ တစ်ခါက ဒေါ်ခင်တင့်က ကာတွန်းစာအုပ်ငှားပြီး ပြန်မပေးတာကို တောင်းရကောင်းလားဆိုပြီး စကားများရန်တွေ့ပါရော။ ဦးသန်းနိုင်က ကဲ ... ကဲ စာအုပ်တစ်အုပ်ဟာ ဘာမျှတန်ဖိုးမရှိဘူး။ ထားလိုက်၊ ထားလိုက်လို့ ပြောတဲ့အခါ ဒေါ်ခင်တင့်က နင်ကမျှား ငါ့ကို စာအုပ်တစ်အုပ်လောက်မှ အဖိုးမတန်ဘူးဆိုတဲ့ သဘောပေါ့လေ။ နင့်ကိုငါ မသိဘူးမှတ်လို့လားဆိုပြီး ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်တာတောင် တကယ်သည်းခံတဲ့လူပါ ဆရာ''

ဒုရဲအုပ် ကျော်ဇော်ဟိန်းက လေရှည်နေသောလှဝင်းကို လက်ကာပြရင်း ...

''ကဲ ... ကဲ ... တော်ပြီ ကိုလှဝင်း။ ကျေးဇူးပဲ။ အားလုံးလည်း ပင်ပန်းသွားကြပြီ။ စိတ်မရှိပါနဲ့။ တာဝန်အရမို့ပါ။ ဘာပဲဖြစ်ဖြစ် ဆိုင်းတောင်ကနေ အဝေးကိုမသွားပါနဲ့ဦး။ သွားတာလာတာ ခရီးဝေးရင်တော့ ကျွန်တော်တို့ကို လာအသိပေးပါ။ ကဲ ... ကဲ ... ပြန်နိုင်ပါပြီ။ ဆရာလှမြင့်ရေ ... ကားနဲ့လိုက်ပို့လိုက်ပါ''

ယနေ့အဖို့ အနားယူဖို့ ဆုံးဖြတ်လိုက်သည်။

xxx xxx xxx

ဒုရဲအုပ် ကျော်ဇော်ဟိန်းမှာ ဆရာကြီးရွှေဥဒေါင်း၏ ဦးစံရှား မဟုတ်ပါ။ မိုးဝေ၏ အလွတ်စုံထောက် တင်မောင်ဆွေ မဟုတ်ပါ။ ဆွေလှိုင်ဦး၏ ဘာဘာခက် ညာဘာခက် မဟုတ်ပါ။ ဇော်ဇော်အောင်၏ အေးကျင့်စိုးအောင် မဟုတ်ပါ။ ချောင်းဆုံ အုန်းသွင်၏ ဆာကျင်ဘာသော် မဟုတ်ပါ။ အောင်ဇင်၏ အိုင်အိုမင်းအောင်လည်း မဟုတ်ပါ။ ဒုရဲအုပ်ကျော်ဇော်ဟိန်းသည် ဒုရဲအုပ် ကျော်ဇော်ဟိန်းသာ ဖြစ်သည်။ သာမာန်လူသားတစ်ဦးသာ ဖြစ်သည်။

သို့သော် ကျော်ဇော်ဟိန်းသည် ကြိုးစားသည်၊ နိုးကြားသည်၊ ဝီရိယထားသည်၊ စဉ်းစားသည်၊ တွေးတောသည်၊ ပြန်လည်သုံးသပ်သည်။ အမှုသွား အမှုလာကို မြို့နယ်မှူးသို့ ညနေတိုင်း လူတွေ့ရှင်းပြရသည်။ နောက်နေ့နံနက်တွင် မနေ့က တွေ့ကြုံသိရသမျှကို စာဖြင့်ရေးသား အစီရင်ခံရသည်။ ဟိုပြေးရသည်ပြေးရနှင့် မော်တော်ဆိုင်ကယ်တစ်စီးနှင့် အလုပ်ရှုပ်ရသည်။ ဖားကန့်ရောက်ခါစဟုဆိုကာ အခြားတာဝန်ဝတ္တရားများကိုလည်း မပစ်ပယ်၊ ပူးတွဲတာဝန်ထမ်းဆောင်ရသည်။

နိုင်ငံ့ဝန်ထမ်းဖြစ်၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရသည်။ နိုင်ငံတော်အတွက် အကျိုးပြုရမည်။ အလုပ်အကျွေးပြုရမည်ဟု ခံယူထားသော ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းတစ်ဦးဖြစ်သည်။

ညနေ ၆ နာရီခန့်တွင် ဖြစ်သည်။ ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး အိမ်၌ ဒုရဲအုပ်ကျော်ဇော်ဟိန်း ရောက်ရှိနေသည်။ အကြောင်းမှာ မြို့နယ်ရဲ တပ်ဖွဲ့မှူးနှင့် နှစ်ဦးသား ရင်းနှီးစွာ တွေ့ဆုံလျက် တစ်နေ့တာလုပ်ဆောင်ချက်ကို စကားဖြင့် အစီရင်ခံတင်ပြနေခြင်း ဖြစ်သည်။ ၎င်းကဲ့သို့ တွေ့ဆုံ အစီရင်ခံခြင်းဖြင့် လိုအပ်သည်များ ဆွေးနွေးပြောဆိုကာ ဝေဖန်ခြင်းများ ပြန်လည်ပြုလုပ်နိုင်သည်။

ယနေ့တွင် စခန်းမှူးလည်း ရောက်ရှိလာသည်။

''ဘာထူးခြားမှုရှိလဲ ကိုကျော်ဇော်ဟိန်း''

''ထူးခြားချက်ကတော့ မရှိသေးပါဘူး မြို့နယ်မှူး''

''နှစ်ပတ်လောက် ရှိတော့မယ်''

''ဟုတ်ကဲ့ ၁၅ ရက်လောက် ရှိသွားပါပြီ''

''လုပ်ဆောင်ချက်၊ တွေ့ရှိစစ်ဆေးချက်တွေကို ပြန်ဆွေးနွေးကြည့်ရအောင်ဗျာ''

''ကျွန်တော်လည်း ပြန်လှန်ဆန်းစစ်ပါတယ်။ ကြားမှာ ကွင်းဆက်တစ်ခု ကျန်နေတာကြောင့် တရားခံဝေးနေတယ်လို့ တင်ပြပါရစေ''

''အဲဒီကွင်းဆက်က ဘာဖြစ်နိုင်လို့လဲ''

''တရားခံ ဘယ်သူဖြစ်နိုင်လဲဆိုတာပါပဲ''

''ဟာကွာ ... တရားခံသိမှတော့ အမှုပြီးပြီပေါ့''

''ဒီလိုခင်ဗျ။ ပန်းရန်ဆရာဇနီးကို ဘယ်လိုလူမျိုး သတ်နိုင်လဲဆိုတဲ့ အမေးကွင်းဆက်တစ်ခုပဲ။ ဒီကွင်းဆက်တစ်ခုကြောင့် ဟာကွက်ဖြစ်နေတာပါ''

''ကိုယ်နားမရှင်းဘူး။ ဆက်ပြီးပြောပါ''

ဒုရဲအုပ်ကျော်ဇော်ဟိန်းက မြို့နယ် မှူးနှင့် စခန်းမှူးရှင်းအောင် ဘယ်လိုရှင်းလင်းရမည်နည်းဟူသော အတွေးကို လျင်မြန်စွာ တွေးတောလိုက်သည်။ ၎င်းနောက် ရှင်းလင်းနိုင်မည့် စကားလုံးများကို ရွေးလျက်

''ကျွန်တော့်သုံးသပ်ချက်က ဒီ



www.burmeseclassic.com

www.burmeseclassic.com

လိုပါ။ ဒေါ်ခင်တင့်ဟာ ရိုးသားအေးဆေးတဲ့ ခင်ပွန်းသည်ကြောင့် စီးပွားရေး အဆင်ပြေတယ်။ အဆင်ပြေလို့ သုံးနိုင်ဖြုန်းနိုင် ပိုကာဆွဲနိုင်တယ်။ ခင်ပွန်းသည်ကလည်း မဟန့်တားနိုင်။ အများက မေးငေါ့ပြောဆိုခြင်းကို ခံရတယ်။ ဒေါ်ခင်တင့်ဟာ နှုတ်လျှာအာကြမ်းတယ်။ အမြဲရန်ဖြစ်စတတ်တယ်။ ဒါကြောင့် ရပ်ကွက်ထဲမှာ ငြိုငြင်မုန်းတီးသူတွေ များပြားတယ်ဆိုတဲ့ အခြေခံကောက်ချက် ရှစ်ချက်ရပါတယ်။ ဒါက ဒေါ်ခင်တင့် အခြေအနေပါ''

''ဟုတ်ပါပြီ ဆက်ပါဦး''

''ဆရာဝန် စစ်ဆေးတွေ့ရှိချက်အပါအဝင် အမှုကို ဒုတိယပိုင်းအဖြစ် ဒီလို ... ကောက်ချက်ချမိပါတယ်။ ဒေါ်ခင်တင့်လည်ပင်းကို ဝါးချွန်မြားတံနဲ့ ထုတ်ခြင်းပေါက် အပစ်ခံရလို့ သေဆုံးတယ်။ ဒေါ်ခင်တင့်အလောင်းကို သေဆုံးသည်မှ ၄၆ နာရီ (နှစ်ရက်ခန့်)ကြာမှ ပြန်တွေ့ရတယ်။ သူဟာ ပိုကာလှည့်ရိုက်ရင်း နှစ်ရက်–သုံးရက် ပျောက်နေတတ်လို့ သူတို့မတွေ့ခြင်းက သာမာန်ပဲ သဘောထားကြတယ်။ တောစပ်မှာဖြစ်နေလို့ မျက်မြင်သက်သေ မရှိဘူး။ ငွေကြေးလက်ဝတ်လက်စား ပျောက်ဆုံးခြင်း မရှိဘူး။ မတော်မတရား ပြုကျင့်ခံရခြင်း မရှိဘူး။ ညှင်းပန်းနှိပ်စက်ခံထားရခြင်း မရှိဘူး။ အဲဒီလို သေဆုံးသူ ဒေါ်ခင်တင့်အပေါ်မှာ သုံးသပ်တွေ့ရှိရပါတယ်။ ပထမပိုင်းနဲ့ ဒုတိယပိုင်း ကောက်ချက်ရပေမယ့် တရားခံပေါ်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ဒီတော့''

''ဒီတော့ တတိယပိုင်း ရှိသေးတာပေါ့လေ''

''ဟုတ်ပါတယ် မြို့နယ်မှူး။ သူ့အပိုင်းလိုက် ကောက်ချက်ချပြမှ ရှင်းသွားမှာမို့ပါ''

''ဟုတ်ပြီလေ ဆက်ပါဦး''

''လူသားသက်သေ၊ သက်မဲ့သက်သေ၊ ရှိသမျှသက်သေနဲ့ ရပ်ကွက်ဝန်းကျင်ကို ကျွန်တော် စစ်ဆေးခဲ့ပါတယ်။ အဲဒီစစ်ဆေးတွေ့ရှိချက်တွေ ကောက်ချက်ပြန်ဆွဲတဲ့ အခါမှာ ခပ်ပျော့ပျော့ ဝါးခြမ်းနဲ့ လုပ်ထားတဲ့ တစ်ပေခန့်ရှိ မြားတံထိပ် နှစ်လက်မခန့်မှာ သိချိတ်သေးသေးလေးကို ကြက်ပေါင်ကွင်း(သားရေကွင်း) နှစ်ကွင်းခန့်နဲ့ ချည်နှောင်ထားပါတယ်။ ဝါးခြမ်းပြား မြားတံဟာ ဓားနဲ့ သေသပ်စွာ ချောထားပေမယ့် အရောင်ကပြောင်နေလို့ ကြာသလိုဖြစ်နေပြီ။ ဘာကြောင့်လဲပြောရရင် ချွန်ထားတဲ့ မြားစွန်းဟာ သွေးအချို့ ပေပွနေပေမယ့် လတ်လတ်ဆတ်ဆတ် ချွန်ထားမှန်း မကြာသေးမှန်း သိရပါတယ်။ တစ်နည်းပြောရရင် မြားတံကိုယ်ထည်ထက် ချွန်ထားတာက သစ်လွင်နေပါတယ်။ မြားတံချွန်ထားတာမှာ အဖုအထစ်လေးတွေ ဖြစ်နေတာ တွေ့ရှိရပါတယ်။ တစ်ပြေးညီ ချောမနေဘူး။ မြားတံနောက်ပိုင်း တောင်ပံနေရာမှာတော့ စာအုပ်အဖုံး လုပ်လေ့လုပ်ထရှိတဲ့ ဖလင်ပြား (ပလတ်စတစ်ပြား) အပြာရောင်ကို ငှက်မွေး ကြက်မွေးအစား သုံးထားပါတယ်။ ရွာဘက်မျက်နှာလှည့်နေတာဖြစ်ပေမယ့် ဒေါ်ခင်တင့်ဟာ ဖဲရိုက်ပြီးအပြန်လား အသွားလား မသိနိုင်ပါဘူး။ ဘယ်ဖဲဝိုင်းက ပြန်လာတာလဲ။ ဘယ်ဝိုင်းကို သွားလဲဆိုတာ သက်သေလုံးဝ မရှိပါဘူး ခင်ဗျား။ သက်သေစစ်ဆေးချက်အပေါ်မှာ ကောက်ချက်ပဲရရှိပါတယ်''

ကျော်ဇော်ဟိန်းမှာ မောသွားဟန်ဖြင့် ခဏနားလိုက်သည်။ မြို့နယ်မှူးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်းမှ ...

''ဒါပေမယ့် ကိုကျော်ဇော်ဟိန်း သိဖို့က ကောက်ချက်ဟာ ကောက်ချက်ပဲ ဖြစ်တယ်။ အမှုမှန်ပေါ်အောင်၊ တရားခံပေါ်အောင်ဟာ ဒီကောက်ချက်နဲ့ ဖြစ်နိုင်ပါ့မလား။ မင်းရဲ့အမှုတည်ဆောက်ပုံကိုတော့ ငါသဘောကျပါတယ်။ ရှင်းလည်း ရှင်းပါတယ်။ ဒါနဲ့ အားရလို့တော့ မဖြစ်ဘူးနော်''

''ဒီလိုရှိပါတယ်။ စက်ဝိုင်းကို တဖြည်းဖြည်း ခွင်ကျဉ်းအောင် ချုံ့ပြီး စဉ်းစားရမှာ ဖြစ်ပါတယ်။ အပိုင်းသုံးပိုင်းက ကောက်ချက်တွေကို ကျွန်တော့်အနေနဲ့ တစ်ခုချင်း ဒီလိုရှင်းပစ်ရပါတယ်''

''ဟုတ်ပြီ ... ဟုတ်ပြီ''

''ပထမပိုင်းအခြေအနေ ကောက်ချက်တွေထဲမှာ အဖြေထုတ်လိုက်ရင် ဒေါ်ခင်တင့်ဟာ လူမုန်းများပြီး အငြိုးအတေးတစ်ခုခုကြောင့် အသတ်ခံရခြင်း ဖြစ်တယ်ဆိုတဲ့ အဖြေဟာ ရှင်းရှင်းလင်းလင်း ထွက်လာပါတယ်။ ဒါကြောင့် အငြိုးအတေးနဲ့ သတ်ရလောက်တဲ့သူဟာ ဘယ်သူလဲဆိုတဲ့ အဖြေကိုရပါတယ်''

''ဆိုပါဦးကွ။ ဒါတော့ မင်းပြောမှ မဟုတ်ပါဘူး''

''ဒုတိယပိုင်း သေဆုံးမှုအပေါ်က ကောက်ချက်တွေကို ဆင်ခြင်တဲ့အခါ အငြိုးကြောင့် မြားတံနဲ့ ချောင်းမြောင်းပစ်ခတ် သတ်ဖြတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုတဲ့ အဖြေကို ရပါတယ်''

''ဒါလည်း မထူးသေးဘူးလေ''

''တတိယပိုင်း သက်သေထွက်ချက်အပေါ် ကောက်ချက်တွေထဲက အဖြေတွေက ဒီလို ထွက်ရှိလာပါတယ်။ မြားတံဖြစ်ပေမယ့် လေး၊ ဒူးလေးနဲ့မဟုတ်။ သားရေကွင်းနဲ့ ဂျင်ကလိပစ်သလို ပစ်ခြင်းဖြစ်တယ်။ မြားတံထိပ်အချွန်ပိုင်းကို တစ်ပြေးတည်းဖြစ်အောင် ချွန်မထားလို့ ဓားကြီးနဲ့ ချွန်ထားခြင်းမဟုတ်ဘဲ ခဲတံချွန်ဓား၊ ဘလိတ်ဓား စသဖြင့် ဓားသေးသေးနဲ့သာ ချွန်ခြင်းဖြစ်တယ်။ ဖလင်ကော်ပြားသုံးထားလို့ လွယ်ရာယူသုံးခြင်းဖြစ်တယ်။ အမွေးအတောင် မရှိသော နေရာမှာ ဖြစ်မယ်။ ၄၆ နာရီ နှစ်ရက်ခန့်ကြာပြီဆိုထားလို့ ဒေါ်ခင်တင့်ဟာ ဖဲရိုက်ဖို့အသွားမှာ အသတ်ခံရခြင်း ဖြစ်တယ်။ လူမုန်းများတဲ့ ဒေါ်ခင်တင့်ကို မသိချင်ယောင်ဆောင်တဲ့သူများတဲ့အတွက် လူသတ်သမားက စောင့်ကြံပြီး သတ်ခြင်းဖြစ်တယ်။ အဲဒီအချက်တွေကို သုံးသပ်တွေ့ရှိရပါတယ်''

မြို့နယ်မှူးက သက်ပြင်းချလျက် စကားဆက်သည်။

''မင်းဟာက အချက်အလက်တွေနဲ့ ရှင်းပြမှ ပိုတွေးစရာ ဖြစ်လာတယ်။ ရှင်းနေတဲ့အမှုဟာ ပိုပြီးရှုပ်သွားတာကလွဲလို့ အမှုပေါ်ဖို့ဆိုတာ ပိုဝေးမသွားဘူးလားကွာ''

စခန်းမှူးက ဝင်လာပြီး ခပ်ပြုံးပြုံးဖြင့် စကားထောက်ပြန်သည်။

''ကဲ ... ကဲ ... ဆားပုလင်းကျော်ဇော်ဟိန်း ပြီးပလား။ ဆက်ရှင်းစရာ ရှိသေးလား''

''ရှိပါတယ်ခင်ဗျား။ အားလုံးကောက်ချက်တွေစုလိုက်ရင် အငြိုးနဲ့ သတ်ချင်ကြတယ်။ အငြိုးနဲ့ ကြံစည်တယ်။ မြားနဲ့ ချောင်းမြောင်းသတ်ဖြစ်တယ်။ ဝါးတံဂျင်ကလိနဲ့ ပစ်ခြင်းဖြစ်တယ်။ ဓားသေးသေးနဲ့ ချွန်တယ်။ ကြက်မွေးအစား လွယ်ရာကို ကောက်ယူသုံးထားတယ်။ အသွားမှာ အသတ်ခံရတယ်။ ကြိုတင်ပြီး စောင့်သတ်တယ်ဆိုတဲ့ အဓိကအချက် ခြောက်ချက်ကို ရရှိပါတယ်ခင်ဗျား''

''မင်းပြောတဲ့ လိုအပ်နေတဲ့ ကွင်းဆက်ဆိုတာက ဘာလဲ ပြောပါဦး''

''လိုအပ်နေတဲ့ ကွင်းဆက်ဆိုတာ အဲဒီလိုသတ်နိုင်တာ လုပ်နိုင်တာ ဘယ်သူဖြစ်နိုင်သလဲဆိုတဲ့ အဖြေဟာ အဓိကကွင်းဆက်ပဲ မြို့နယ်မှူး''

''ဟား ... ဟား ... ဟား''

''ကျော်ဇော်ဟိန်းရာ ... မင်းပဲ အပြောကောင်း''

ဒုရဲအုပ်ကျော်ဇော်ဟိန်းမှာ အထက်အရာရှိကြီးနှစ်ဦးအား ဘာမျှ ပြန်မပြောရဲဘဲ နှုတ်ဆိတ်နေရသည်။ မိမိဘာဆက်ပြောရမည်လည်းဟု စဉ်းစားနေရင်းမှ စားပွဲပေါ်ရှိ ဝတ္ထုစာအုပ်တစ်အုပ်ကို မျက်စိရောက်သွားသည်။ စာအုပ်ကိုကြည့်လိုက်တော့ စာရေးဆရာကြီးမင်းသိခ်၏ ''ဆားပုလင်းနှင်းမောင်နှင့် မိုးပေါ်က ကြယ်တစ်လုံး'' ဝတ္ထုဖြစ်နေသည်။ မြို့နယ်မှူးမိသားစုမှ တစ်ဦးဦးဖတ်ထားဟန်ရှိသည်။ သို့မဟုတ် မြို့နယ်မှူးကိုယ်တိုင်လည်း ဖတ်ထားတာ ဖြစ်မည်။ မြို့နယ်မှူးက စာပေအထူး ဝါသနာပါသူ ဖြစ်သည်။ ဝတ္ထုစာအုပ်ကို ဖလင်ကော်ပြား အပြာရောင်နှင့် ဖုံးအုပ်၍ ချုပ်ထားသည်ကို တွေ့ရသည်။ ဒုရဲအုပ်ကျော်ဇော်ဟိန်း အသိစိတ် လက်ခနဲ ဖြစ်သွားသည်။

မိမိအတွေး ချွတ်ချော်အားနည်းချက်ကို မကျေမနပ်ဖြစ်လိုက်မိသည်။ ထို့အတူ နေ့လယ်က လှဝင်းကိုသွား၍ သတိရလိုက်သည်။ လှဝင်း၏ လေရှည်သော စကားထဲမှ စကားလုံးအချို့ကို ပြန်လည်သတိရလိုက်သည်။ အသိစိတ်သည် တစ်ကိုယ်လုံး လှုံ့ဆော်လိုက်သဖြင့် ဆတ်ခနဲဖြစ်ကာ ထရပ်လိုက်မိသည်။

မြို့နယ်မှူးနှင့် စခန်းမှူးက ကျော်ဇော်ဟိန်းက ပြိုင်တူကြည့်လိုက်ကြသည်။

''မြို့နယ်မှူး ကျွန်တော့်ကို ဆိုင်းတောင်သွားခွင့်ပြုပါ''

''ဟာ ... ဖြုန်းစားကြီး ဘာကိစ္စလဲ''

''တရားခံသွားဖမ်းရမယ်။ တရားခံအစစ်ကိုသိပြီ၊ ခုမှကွင်းဆက်ဆက်မိတယ် မြို့နယ်မှူး''

''ဟုတ်ပါ့မလား''

''ဒါဆိုလည်း သွားကွာ။ လူ၊ လက်နက်၊ ကား အပြည့်အစုံယူသွား''

''ဟုတ်ကဲ့ခင်ဗျာ''

ဒုရဲအုပ်ကျော်ဇော်ဟိန်းသည် အရာရှိကြီးနှစ်ဦးအား ကတိုက်ကရိုက် အလေးပြုကာ ပြေးထွက်သွားသည်။ ခဏအကြာ ခေါ်သံ၊ ထူးသံ၊ အမိန့်ပေးသံနှင့်အတူ ကားမောင်းထွက်သွားသည်ကို မြို့နယ်မှူးနှင့် စခန်းမှူး ကြားလိုက်ရသည်။

''စခန်းမှူး ... ခင်ဗျားလူ ဘာစိတ်ပေါက်သလဲတော့မသိဘူး၊ သွားပြီ''

''ကောင်လေးစိတ်ကူးထဲ အမှု



www.burmeseclassic.com

www.burmeseclassic.com

ကွင်းဆက် ချိတ်မိသွားတဲ့ သဘောပဲ မြို့နယ်မှူး''

"မဆိုးတော့ မဆိုးပါဘူး။ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွ ရှိသလို ထက်ထက်မြက်မြက်လည်း ရှိမယ့်သဘောပါ''

"ဒီကောင် အချက်ကျကျတင်ပြသွားတာတော့ မဆိုးပါဘူးခင်ဗျ''

''အေးဗျာ ... ဘာပဲဖြစ်ဖြစ် ခင်ဗျားလူက ဆာအာသာကိုနင်ဒွိုင်းရဲ့ ရှာလော့ဟုမ်း၊ ဆရာကြီး ဒဂုန်ရွှေမျှားရဲ့ စုံထောက်ကြီး ဦးထင်ကျော်၊ စာရေးဆရာ မြတ်ထွန်းသစ်ရဲ့ ဆပ်ကလေးဘကျော်၊ စာရေးဆရာ မြင့်မြတ်သူရဲ့ ဆားပုလင်းမင်းအောင်၊ ပြီးတော့ စုံထောက်ကြီး ကိုလံဘိုတို့၊ ရွှေနေကြီး ပါယ်ရီမေဆင်တို့လို ကျိုးကြောင်းဆက်စပ်မှုနဲ့ တွေးခေါ်မြော်မြင်တတ်တာ ကောင်းပါတယ်''

"မြို့နယ်မှူးက ဂန္ထဝင်စုံထောက်ဝတ္ထုတွေ တော်တော်ဖတ်ထားတာကိုး''

''ကျွန်တော်က စာဖတ်ဝါသနာအတော်ပါတာဗျ။ ကဲ ... ကဲ ... သူ့အလာကို စကားပြောရင်း ထိုင်စောင့်ကြရအောင်ဗျာ။ ကော်ဖီလည်း သောက်ရင်းပေါ့နော်''

အချိန်သည် ည ၈နာရီခွဲခန့် ရှိပြီဖြစ်သည်။

××× ××× ×××

အိမ်ရှေ့ကားရပ်သံ၊ လူဆင်းသံများ ကြားလိုက်ရသည်။

"မြို့နယ်မှူး တရားခံဖမ်းလာပါပြီ"

ဒုရဲအုပ်ကျော်ဇော်ဟိန်း၏ အောင်မြင်သောအသံနှင့်အတူ လက်ထိတ်ခတ်ထားသော အရပ်ရှည်ရှည်၊ အသားဖြူဖြူနှင့် ပုဂ္ဂိုလ်တစ်ဦးလည်း၊ ခေါင်းငိုက်စိုက်ချလျက် ပါလာသည်။

"ဟုတ်လှချည်လား ကိုကျော်ဇော်ဟိန်း။ သူက ဘယ်သူလဲ''

''ဆိုင်းတောင်ရွာက စာအုပ်အငှားဆိုင်ပိုင်ရှင် ဦးသန်းနိုင်ပါ မြို့နယ်မှူး''

"ကိုကျော်ဇော်ဟိန်းက ဘယ်လိုဘယ်လို ဆက်စပ်သွားလဲ ရှင်းပါဦး''

''ဒီလိုပါ။ မြားတံနောက်က ပဲ့ပိုင်း ငှက်မွေးနေရာမှာ စာအုပ်ဖုံးတဲ့ဖလင်ပြားလုပ်ထားတာရယ်၊ ကြိုးတဲ့ဝါးခြမ်းပြားသေးသေးကို ခဲတံချွန်တဲ့ဓားနဲ့ ဖြစ်သလို ချွန်ထားတာရယ်ဟာ အိမ်ထဲက အိမ်ပြင်မထွက်တဲ့လူ၊ လွယ်ရာ အဆင်ပြေသလို လုပ်တတ်တဲ့သူဖြစ်ရမယ်။ ဒီတော့ စဉ်းစားရင်း ဒီစာအုပ်ကို တွေးမိတယ်။ အဲဒီနားက ရပ်ကွက် နှစ်ခုလုံးမှာ စာအုပ်ဆိုင်က ဒီတစ်ဆိုင်တည်း ရှိပါတယ်''

"အင်း ... အင်း''

''နောက်ပြန်ဆက်စပ်ကြည့်တော့ နေ့လယ်က လှဝင်းဆိုတဲ့သူရဲ့ စစ်ချက်ထဲမှာ ပါလာတဲ့ စကားလုံးတွေက ဒီအတွေးကို ပိုပြီး ပီပြင်စေတာပါ။ ကျန်တာတော့ တရားခံ ဦးသန်းနိုင်ကိုယ်တိုင် ရှင်းပြပါလိမ့်မယ်''

"ဟုတ်ကဲ့ ဒေါ်ခင်တင့်ကို ကျွန်တော်သတ်တာပါ။ ကျွန်တော့်စာအုပ်ဆိုင်ကိုလာပြီး အညစ်အပတ် စကားလုံးတွေနဲ့ လာဆဲ၊ လာပြောတာမို့ ခံပြင်းစိတ်၊ ရှက်စိတ် ဖြစ်မိသွားပါတယ်။ သူသေတဲ့နေ့က မှော်ရှန်ကို ဖဲရိုက်သွားမှာကို သိလို့ လမ်းကနေစောင့်နေပြီး ဝါးချွန်မြားတံကို ဂျင်ကလိလိုလုပ်ပြီး ပစ်သတ်လိုက်မိပါတယ်။ သူကလည်း နောက်ပြန်အကြည့် ကျွန်တော်ကလည်း အပစ်တည့်တည့်ဝင်တိုးပြီး လဲကျသွားတော့တာပါပဲ''

"အင်း ... ပြောပါဦး''

''ကျွန်တော်လည်း သူသေမသေ မကြည့်တော့ဘူး။ စာအုပ်ဆိုင်ပြန်ပြီး ဣန္ဒြေရရ နေလိုက်ပါတယ်။ နေရပေမယ့် ငါတော့မှားပြီဆိုတာ တွေးမိပါတယ်။ ကျွန်တော်မှားပါတယ်။ သတ်မိပါတယ် ရဲမှူးကြီးခင်ဗျား''

မည်သို့ဆိုစေကာမူ အမှန်တရားစက်ကွင်းမှ ပြေးမလွတ်သောကြောင့် အမှုပေါ်၍ တရားခံအား ဖမ်းဆီးမိခဲ့ပေပြီ။ ပန်းရန်ဆရာဇနီးအလောင်းတွေ့၍ ၁၅ ရက်အကြာ ဒုရဲအုပ်ကျော်ဇော်ဟိန်း ဖားကန့်ရဲစခန်းရောက်ပြီး တစ်လပြည့်သော နေ့တွင် ပထမဆုံး လိုက်ရသောအမှုကို ဖော်လိုက်နိုင်သည်။

သို့ဖြစ်၍ ဒုရဲအုပ်ကျော်ဇော်ဟိန်းနာမည်သည် ဖားကန့်မှော်တွင် ဟိန်း၍သွားလေတော့သည်။ ရဲတပ်ဖွဲ့ဝင်တို့၏ ကြိုးစားမှု၊ နိုးကြားမှုကြောင့် ရာဇဝတ်မှုဟူသည် ဆိတ်ကွယ်ရာ မရှိနိုင်တော့ချေ ...။

**သစ်ထူးအိမ်**



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသားကြက်တောင်ရိုက် အားကစားသမားဟောင်းအား စိန်လက်စွပ်များခိုးမှုဖြင့် တရားစွဲ

လေးဝတီကျော်



အမျိုးသား ကြက်တောင်ရိုက် အားကစားသမားဟောင်း "ဖာတီမာ့ ကူမင်လင်း"အား ၂၀၀၉ ခုနှစ်က ဘရူ နိုင်းအကြီးအကဲ၏ ဇနီး ဟောင်းပိုင်သော စိန်လက်စွပ်နှစ် ကွင်းကို ခိုးမှုဖြင့် တရားစွဲဆိုလိုက် သည်။ လာမည့် ဇန်နဝါရီလတွင် လန်ဒန်တရားရုံးတစ်ရုံး၌ ၁၀ ရက် ကြာ အမှုကို ကြားနာစစ်ဆေးသော အခါ အသက် ၃၅ နှစ်အရွယ် စွပ်စွဲချက်များကို ငြင်းဆိုထားသူ သည် သူမကိုယ်တိုင် အမှုကို ကာ ကွယ်သွားမည် ဖြစ်သည်။ လွန်ခဲ့ သော အင်္ဂါနေ့က သူမ "Isleworth Crown Court" တရားရုံးသို့ရောက် ရှိခဲ့စဉ် စစ်ဆေးမည့်ရက်ကို သတ် မှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ဝါပဟီဒါအဒူလာ အမည် အောက်ရှိ လန်ဒန်အနောက်ပိုင်း ဟာမာစမစ် ပြစ်မှုဆိုင်ရာ တရားရုံး တွင် လွန်ခဲ့သောလ စောစောပိုင်း က "လင်း"အား ပထမဆုံး တရား စွဲဆိုလိုက်ခြင်း ဖြစ်သည်။ ယင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ဗြိတိန်အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ မေလမှစ၍ သူမအား စင်ကာပူတွင် ထိန်းသိမ်းထားခဲ့ပြီး၊ စင်ကာပူမှ သူမအား သက်ဆိုင်ရာနိုင်ငံသို့ တရားခံကို လွှဲအပ်ခြင်းဖြစ်သည်။ တရားခံလွှဲအပ်ခြင်း အမိန့်ကို သူမ ခုခံကာကွယ်ခြင်း မပြုပေ။ ကြက်တောင်ရိုက်အားကစားသမားဟောင်းအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လနှင့် ဒီဇင်ဘာလအတွင်း လန်ဒန်အနောက်ပိုင်း ကင်ဆင်တန်အရပ်ရှိ "မဒမ်မာရီရန်အဇီ"၏ နေအိမ်မှ တန်ဖိုးပေါင် ၈.၇ သန်း(စင်ကာပူ ဒေါ်လာ ၁၇.၂ သန်း) ရှိ စိန်အစစ်နှစ်ကွင်းကို ခိုးယူခဲ့ကြောင်း စွပ်စွဲထားခဲ့ ခြင်းဖြစ်သည်။

မဒမ်မာရီယန် (၅၅)နှစ်သည် စူလတန်ဟာဆာနယ်ဘူကီးယာနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီးလေးဦး ထွန်းကားကာ အိမ်ထောင်သက် ၂၂ နှစ်အကြာ ၂၀၀၃ ခုနှစ်တွင် တရားဝင် ကွာရှင်းခဲ့သည်။ ၂၀၀၂ ခုနှစ် မနေသဟာယနိုင်ငံများ အားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရှင် "လင်း"သည် နောက်ပိုင်း ချမ်းသာသော အမျိုးသမီး၏ ကိုယ်ရံတော်နှင့် ကိုယ်ရေးလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ Crown တရားရုံး တရားလိုများ၏ ပြောကြားချက်အရ ဗြိတိန်မီဒီယာများမှ ဖော်ပြရာတွင် သစ်တော်သီးပုံ၊ အပြစ်အနာအဆာကင်းပြီး တောက်ပသော အပြာရောင်၊ အလေးချိန် ၁၂.၇၁ ကာရက်ရှိ စိန်သည် ပေါင် ၈.၁ သန်းတန်ဖိုးရှိပြီး ထောင့်စွန်းဖြတ်နေပြီး အဝါရောင်စိန်မှာ ပေါင် ၆၄၀,၀၀၀ ခန့် တန်ဖိုးရှိကြောင်း ဖော်ပြလိုက်သည်။ ယင်းစိန်များကို ဆူလဆန်မှ မဒမ်မာရီယမ်သို့ လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။


ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုသည် ယခင်နှစ်က လန်ဒန်မြို့တွင် မဒမ်မာရီယန်က "လင်း"အား တရားမမှုစွဲဆိုခဲ့ရာတွင် အောင်နိုင်ခဲ့ပြီး နောက်ဆက်တွဲ စွဲဆိုခြင်းဖြစ်သည်။ ယင်းအမှုတွင် စိန်များ ပျောက်ဆုံးမှုနှင့် စိန်ရှစ်ပွင့်မြုပ်နှံထားသော လက်ကောက်တစ်ကွင်း ပျောက်ဆုံးမှုအတွက် စွဲဆိုခဲ့ခြင်းဖြစ်သည်။ သို့သော် တရားမမှုကို လန်ဒန်တရားရုံးတွင် စစ်ဆေးကြားနာရာ၌ မတူသောအချက်မှာ "လင်း"သည် တရားရုံးသို့ ရောက်လာခြင်းမရှိဘဲ သူမ၏ ခုခံကာကွယ်သော သက်သေခံအထောက်အထားများကို လန်ဒန်ဥပဒေကုမ္ပဏီတစ်ခုမှတစ်ဆင့် တင်သွင်းခဲ့ခြင်း ဖြစ်သည်။ လက်ရှိ ပြစ်မှုဆိုင်ရာ တရားစစ်ဆေးစီရင်မှုတွင် သူမသည် စွဲချက်များကို ချမှတ်နိုင်ရန် တရားရုံးရှေ့၌ ရောက်ရှိနေရမည်ဖြစ်သည်။

လန်ဒန်တရားရုံးတွင် တရားမမှုစွဲစဉ်က "လင်း"သည် ပစ္စည်းပျောက်ဆုံးမှုအတွက် တရားဥပဒေအရ တာဝန်ရှိသည်ဟု တွေ့ရှိရ၍ သူမသည် မဒမ်မာရီယန်အား ဒေါ်လာ ၇၅၅,၅၉၂ အပါအဝင် တရားဝင်တန်ဖိုး ဒေါ်လာ ၇.၈၈ သန်း ပြန်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မဒမ်မာရီယန်၏ စင်ကာပူရှေ့နေများက လင်းနှင့် ဆက်နွှယ်သော အချက်အလက်များမှ ငွေကြေးကို ပြန်လည်ရရှိရန် နောက်ဆက်တွဲ တရားရုံးလုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းမှာ သူမ၏ ဘဏ်ငွေစာရင်းနှင့် သူမ၏ တန်လင်အိပ်ခန်းတွဲ လေလံတင်ရောင်းချမှုတို့ ပါဝင်ခဲ့သည်။

လင်းအား လန်ဒန်တရားရုံးမှ ချုပ်မိန့်ပေးထားခဲ့သည်။ သူမ၏ အမှုကို လိုက်ပါဆောင်ရွက်နေသော ရှေ့နေက သူမတွင် လန်ဒန်၌ နေရပ်လိပ်စာ မရှိသဖြင့် အာမခံလျှောက်ထားခြင်း မပြုခဲ့ပေ။ ဗြိတိန်၏ ပြစ်မှုဆိုင်ရာ ဥပဒေအရ ခိုးမှုကျူးလွန်ကြောင်း ထင်ရှားစီရင်ခြင်းခံရလျှင် အများဆုံးထောင်ဒဏ် ၁၀ နှစ်ထိ ချမှတ်နိုင်သည်။ အမှုကို 'Isleworth Crown' တရားရုံး၌ လာမည့်လတွင် ဆက်လက်စစ်ဆေးသွားမည် ဖြစ်သည်။

**လေးဝတီကျော်**

***Ref:*** Ex-Shuttler Changed with theft of diamond rings. 1.9.2013, The Sunday Times





www.burmeseclassic.com

www.burmeseclassic.com

# နှစ်လေးဆယ်ကျော်အမှု

## ရေကန်တွင်းနစ်မြုပ်နေသည့် ကားနှစ်စီးအတွင်းမှ

# လူ့အလောင်းအရိုးစုများတွေ့

ဦးတိုး[တက္ကသိုလ]

လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်လောက်တွင် အမေရိကန်နိုင်ငံ၊ အုတ်ကလာဟိုးမားပြည်နယ်ရှိ ရေကန်တစ်ကန်ထဲသို့ အဝေးပြေးလမ်းမ ကင်းလှည့်ပြည်နယ်ရဲတပ်ဖွဲ့မှ သင်တန်းသားများကို ရဲအရာရှိ ဂျော့ချ်ဟွိုင်းလီ(George Hoyle)သည် အသံလှိုင်းဖြင့် ရေအောက်အရာဝတ္ထုများ၏ တည်နေရာကို ရှာဖွေသော (Sonar Equipment) ကိရိယာဖြင့် လက်တွေ့သင်ကြားပြသောအခါ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အမှုအေးတစ်ခုသည် ဘွားခနဲ ပေါ်ပေါက်လာခဲ့လေ၏။

သင်တန်းသားလေးများအား လက်တွေ့သင်ကြားမှုမှနေ၍ လျှို့ဝှက်နက်နဲစွာ ပျောက်ဆုံးသွားသည့် ကားနှစ်စီးအကြောင်း ဖော်ထုတ်နိုင်လိုက်သဖြင့် ဦးတည်ချက်ပြောင်းလဲသွားခဲ့ရသည်။ ရေကန်ထဲတွင် ကားနှစ်စီးနစ်မြုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ဤသို့ နစ်မြုပ်နေကြသည်မှာ နှစ်ပေါင်းများစွာရှိနေခဲ့ဟန်တူသည်။ အုတ်ကလာဟိုးမားနယ်မှ ဒေသခံများသည် ဤပျောက်ဆုံးသွားသည့် ကားနှစ်စီးအကြောင်းသို့လော သို့လော တွေးတောနေကြသည်ကို ယခုအခါ အမှုပိတ်ပေးလိုက်နိုင်ပြီ ဖြစ်သည်။ ကားနှစ်စီးထဲတွင် အလောင်းခြောက်လောင်းကို တွေ့ရှိရသည်။ သို့သော်လည်း မဟာမေးခွန်းကြီး၏ အဖြေကို တိကျစွာ ဖြေဆိုမပေးနိုင်သေးချေ။ ကားနှစ်စီးသည် ရေထဲတွင် ကိုင်ခေါင်းပြောင်းပြန် အနေအထားနှင့် ဦးတည်၍ ဘေးချင်းယှဉ်လျက်သား ရှိနေကြသည်။ မည်သည့်အကြောင်းရင်းကြောင့် ရေထဲသို့ရောက်နေကြပါသနည်း။ အဆိုပါကားများသည် ၁၉၆၉ ခုနှစ် မော်ဒယ်ပုံစံနှင့် ချက်ဘယ်လက်ကင်မာရို (Chevrolet Camaro) နှင့် ၁၉၅၂ ခုနှစ် မော်ဒယ်ပုံစံနှင့် ချက်ဘယ်လက် (Chevrolet) ကားများ ဖြစ်ကြသည်။

အဆိုပါ ကားနှစ်စီးသည် ရွက်လှေနှင့် လှေငယ်များ ဆိုက်ကပ်ရန်အတွက် ပြုလုပ်ထားသည့် လှေဆိပ်နှင့် ၅၀ ပေအကွာ ရေအောက် ၁၂ ပေတွင် နစ်မြုပ်လျက်ရှိနေကြသည်။ ဖို့လိပ် (Foss Lake) ၏ ရေမျက်နှာပြင်သည် မှိုင်းခေါင်နေသောကြောင့် ၁၃ ပေအနက်၌သာ ရှိနေပေသည်။ သူတို့၏ တွေ့ရှိမှုသည် ဒေသခံများအတွက် အံ့ဖွယ်ရာဖြစ်သွားခဲ့ရသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့၌ ရဲအရာရှိ ဟွိုင်းသည် အဆင့်မြင့် ဆိုနာတောက်လှမ်းကိရိယာ (Sonar Equipment) ကို စမ်းသပ်ကြည့်နေစဉ် သူမျှော်လင့်မထားသည့် တစ်စုံတစ်ရာကို ရေ၏ ကြမ်းပြင်တွင် တွေ့ရှိလိုက်ရသည်။ ဆိုနာကိရိယာသည် ကားနှစ်စီး၏ပုံရိပ်ကို ပြတ်သားစွာ ပြသပေးလိုက်သည်။ တစ်စီးနှင့်တစ်စီး အတော်လေးနီးကပ်စွာရှိနေကြသည်။ နှစ်ပေါင်းများစွာ ပျောက်ဆုံးသွားသည့် ဤယာဉ်များ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့ကြဟန်တူသည်။ ဝီလီယံသည် မှဆိုးလိုက်သူတစ်ဦး ဖြစ်သည့်အကြောင်း ရင်းမှာ ကင်မ်ရိကားအတွင်းတွင် သံချေး တက်၍ ပျက်ယွင်းစပြုနေသည့် ရိုင်ဖယ် နှစ်လက်ကို တွေ့ရှိရခြင်းကြောင့်ပင် ဖြစ်သည်။ သူတို့သည် မည်သည့်အခါမျှ အိမ်ပြန်မလာခဲ့ကြတော့ပေ။ ထိုစဉ် အချိန်တုန်းက ဂျင်မီဝီလီယံတို့အား ရှာဖွေတွေ့ရှိနိုင်အောင် သတင်းပေးသူ များအား ဆုငွေ ဒေါ်လာ ၅၀၀ ချီးမြှင့် မည်ဟု မိသားစုများက ဒေသတွင်းမှ သတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့ သည်။ မကြာသေးမီအတောအတွင်းက ဂျင်မီ၏ညီ ဂယ်ရီဝီလီယံ (Gary Williams) က ဆုကြေးငွေကို ဒေါ်လာ ၁၀၀၀၀ အထိ ချီးမြှင့်မည်ဟု ၂၀၀၉ ခုနှစ်တွင် ကြော်ငြာခဲ့ပြန်သည်။ ဂယ်ရီ သည် ကမ်းလွန်ရေနံတူးရာတွင် အလုပ်လုပ်ကိုင်နေသူ ဖြစ်သည်။ မချင့် မရဲဖြစ်စဖွယ် သဲလွန်စများကို ဖော်ပြ ပေးနေပေရာ ကင်မ်ရိကားသည် ရေထဲ သို့ နောက်ပြန်ကျဆင်းသွားပုံရပြီး ကား တံခါးလေးခုစလုံး ပွင့်လျက်သားနှင့် ဖြစ် နေသည်။ အခြားကားဖြစ်သည့် ချက် ပက်လက်(Chevy) သည် ယာဉ်မောင်း ၏ တံခါးပွင့်နေသည်ကို တွေ့ရှိရသည်။ မဟုတ်မဟုတ် လုပ်ကြံထားသည်ကို ထည့်တွက်ခြင်းမနေဘဲ ယခုစုံစမ်းစစ် ဆေးကြသူများက သာမန်အားဖြင့် သူတို့ခြောက်ဦးစလုံးသည် မတော်တဆ ဖြစ်မှုဖြင့် သေဆုံးသွားပုံရသည်ဟု ယုံ ကြည်နေကြပေသည်။ မစ္စစ်ဒက်ဘီမက် မင်နာ၏ အဘိုးသေဆုံးရာ၌ ပါသွားသူ ဂျွန်အဲလ်ဗာပေါ်တာ(Jhon Alva Porter) ၆၉ နှစ်၏ ညီအရင်း အဲလ်ရီပေါ်တာ (Alrie Porter) နှင့် သူငယ်ချင်း မစ္စစ် နော်ရာမေရီဒန်ကင် (Nora Duncan) ၅၈ နှစ်တို့အားလုံးသည် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အစိမ်းရောင်မော်တော်ကား စီးပြီး ထွက်သွားခဲ့ကြရာ ပျောက်ဆုံးသွားကြ ကြောင်း အမျိုးသားပျောက်ဆုံးသွားကြ သူများနှင့် မဖော်ထုတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များစနစ် (National Missing and Unidentified Persons System) ၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့မှ ပြောကြားသည်။ မြေးမဖြစ်သူ ဒက်ဘီမက်မန်နာမင့် (Debvie Mc Manaman) သည် ဖို့လိပ်ရေကန်သို့ သူမ၏ကလေးများနှင့်အတူ သွားရောက် ပြီး ကျောက်ပြားများဖြင့် ရေမျက်နှာပြင် ပေါ် ရှပ်တိုက်ပစ်ကစားလေ့ရှိကြောင်း၊ ရေကန်ထဲတွင် ပေအနည်းငယ်အဝေး၌ အဘိုးရှိနေလိမ့်မည်ဟု မစဉ်းစားမိ ကြောင်း ပြန်လည်ပြောပြသည်။ တစ်ခါ တုန်းက ရေကန်အနီး ဖြတ်သန်းကား မောင်းသွားရင်း အဘိုးရှိနေမလားဟု ကျယ်လောင်စွာ အော်ပြောမိခဲ့သည်ဟု ဆိုသည်။ ထိုစဉ်နှစ်များအတွင်းတွင် ရေ ကန်သည် ရေအပြည့်ရှိနေသဖြင့် အဆော် လေးနက်နေပေရာ ကားများကို မမြင် ကွယ်ရာဖြစ်နေအောင် ဝှက်ထားပုံရ ပေသည်။ စက်တင်ဘာလ ၁၇ ရက်၊ အင်္ဂါနေ့တွင် ရေငုပ်သမား ဒါရယ်လ် စပလွန်း (Darell Splawn) နှင့်အတူ အဝေးပြေးကားလမ်းမမှ ကင်းလှည့်အဖွဲ့ များအား စေလွှတ်ပြီး ရှာဖွေစေမှသာ အမှုပေါင်းပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း အတိအကျ ဖြစ်ပျက်ခဲ့ပုံ ကို ကောန်မသိရှိနိုင်ကြသေးပေ။ ရေ ကန်ကြမ်းပြင်အတွင်းသို့ လေးလက်မ လောက်သာ မြင်တွေ့နိုင်သည်။ ရေကန် အတွင်းတွင် ရွှံ့နှစ်များ ထူထပ်စွာရှိနေ ၍ စစ်ထုတ်ရန် ခဲယဉ်းလှသည်။ သူတို့ သည် ကောဘယ်သံကြိုးဖြင့် ကားများ ကို ဆွဲထုတ်ယူကြသည်။ ရှူးဖိနပ် တစ် ဖက်ပါလာသော်လည်း ကားများအတွင်း တွင် အလောင်းများရှိနေမည်ဟု မည် သူမျှ မထင်ခဲ့ကြပေ။ နောက်ဆုံးတွင် ကားများအတွင်း၌ လူအရိုးစုများကို တွေ့ကြရသည်။

တက္ကဆက်မြောက်ပိုင်း တက္ကသိုလ် ဓာတ်ခွဲခန်းမှ အရိုးစုများကို မျိုးဗီဇ လက္ခဏာဆောင် ဓာတုပစ္စည်း(DNA) ကို စစ်ဆေးကြမည်ဖြစ်သည်။ ဒန်ကင် (Duncan) မိသားစုများထံမှ ဒီအင်အေ နမူနာများ ရရှိထားပြီး ဖြစ်သည်။ သူတို့ ပျောက်ဆုံးသွားခဲ့ကြစဉ်က ပြန်ပေးဆွဲ ခြင်း၊ သို့မဟုတ် အသတ်ခံရခြင်းဟူ၍ အမျိုးမျိုးထင်ကြေးပေးနေခဲ့ကြသော် လည်း အမှုအေးကို ပိတ်သိမ်းနိုင်ပြီ ဖြစ်ပြီး လူတို့အနေဖြင့် စိတ်တည်ငြိမ် အေးချမ်းစွာ စိတ်ဖုံးဖုံးချ စိတ်ပိုင်းဖြတ် နိုင်ပြီဖြစ်ကြောင်း ရဲအရာရှိ ဂျော့ချ် ဟွိုင်းလီမှ ပြောကြားသည်။

ဦးတိုး(တက္ကသိုလ)

***Reference:***

Oklahoma lake bodies: Diver, tropper recount discovery




www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လျှို့ဝှက်ဆန်းကြယ်စွာ ဖြစ်နေခဲ့ရသည်ကို ဖြေရှင်းပေးနိုင်လိုက်ပြီ ဖြစ်သည်။ ဤပျောက်ဆုံးသွားသော ကားများနှင့်ပတ်သက်၍ ကက်စ်တာ စီရင်စု(Custer County) မှ ရဲအရာရှိ ဘရုစ်ပီးပဲလ်စ်(Bruce Peoples) က Koco သတင်းစဉ်သို့ ရှင်းပြသည်။ ကင်မ်ရို(Camaro) ကားကို ဆေးရီ (Sayre) ဒေသမှ အသက် ၁၆ နှစ်သား ဆယ်ကျော်သက် ဂျင်မီဝီလီယံ (Jimmy Williams) မှ ပိုင်ဆိုင်ထားကြောင်း။ ၁၉၇၀ ခုနှစ်တွင် အသက် ၁၈ နှစ်ရှိနေကြသူများဖြစ်ကြသည့် ကောင်လေး "သောမတ်စ်ရိုင်ယိုစ်" (Thomas Rios) နှင့် မိန်းကလေး လီယာဂျွန်ဆန်(Leah Johnson) တို့နှင့်အတူ ဂျင်မီသည် ကားမောင်းထွက်သွားခဲ့စဉ် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ သူတို့သုံးယောက်သည် ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ညတွင် ကင်မ်ရိုကားဖြင့် ထွက်သွားခဲ့ကြရာ ၎င်းကားသည် အပေါ်ပိုင်း အဖြူရောင်နှင့် အပြာရောင် ဆေးမှုတ်ထားကြောင်း Doe Network မှ ရေးသားဖော်ပြပေးသည်။ ဒိုးနက်ဝေ့ါသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းမှ တည်ထောင်ထားပြီး ပျောက်ဆုံးနေသည့် အမှုများကို သက်ဆိုင်ရာဥပဒေအဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည်။ အဆိုပါ ကမ်ရိုမော်တော်ယာဉ် ပျောက်ဆုံးမသွားမီ ခြောက်ရက်ခန့်ကမှ ဝီလီယံက ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်ကာလက ကင်မ်ရိုကားများသည် ကြံ့ခိုင်တောင့်တင်း၍ ဆယ်ကျော်သက်ကောင်လေးများ၏ အကြိုက်တွေ့သောကားဖြစ်ကြောင်း၊ ဘက်ခမ်းစီရင်စု ဒီမိုကရက် အာဘော်သတင်းစာ Sayre Record ကို ထုတ်ဝေဖြန့်ချိသူ ဒေဗါ စပစ်ဇာ (Dayva Spitzer) မှ ပြောကြားသည်။ ဝီလီယံနှင့်အတူပါသွားသည့် မိန်းကလေး လီယာဂျွန်ဆန်သည် အမေရိကတိုက် တိုင်းရင်းသား ခေါင်းဆောင်ကြီး Sitting Bull မှ ဆင်းသက်လာသူ ဖြစ်သည်။ သူမ၏အဘေးသည် ၁၈၇၆ ခုနှစ် လစ်တဲလ်ဘစ်ဟွန်းစစ်ပွဲ (Battle of Liffle Bighorn in 1876) တွင် ဒုတိယမိုလ်မှူးကြီး ဂျော့ချ်ကာ့စ်တာ လူနီတိုင်းရင်းသူ ရွှေမင်းသမီးဟု အပေါင်းအသင်းများက ခေါ်ဝေါ်ခဲ့ကြသည်။ ဝီလီယံနှင့် သူ၏ခရီးသွားဖော်နှစ်ဦးတို့သည် ဘောလုံးပွဲများ သွားကြည့်ကြမည့်အစား အမဲလိုက်





www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီမှ ဩဂုတ်လအထိ

# ရန်ကုန်မြို့ ယာဉ်စည်းကမ်းဖောက်ဖျက်မှု

## မှုခင်းအခြေအနေ

### ( အ င် ခြ ပြ စ ၁ ရ င် း ဇ ယ ၁ း )

✸ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| အမှတ်စဉ် | တိုင်ကြားသော မှုခင်းအမျိုးအစား | မှုခင်းအရေအတွက် (အမှုပေါင်း) |
|---|---|---|
| ၁။ | ယဉ်စီးခအား ပိုမိုတောင်းယူမှု | ၆၄ မှု |
| ၂။ | ယာဉ်မောင်း၊ စပါယ်ယာများက မချေမငံ၊ ရိုင်းပျစွာ ပြောဆိုဆက်ဆံမှု | ၄၉ မှု |
| ၃။ | သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း မမောင်းမှု | ၂၂ မှု |
| ၄။ | သတ်မှတ်ထားသော မှတ်တိုင်တွင် မရပ်မှု | ၁၆ မှု |
| ၅။ | အရှိန်ပြင်းစွာမောင်းခြင်းနှင့် ကားပြိုင်မောင်းခြင်းအမှု | ၁၁ မှု |
| ၆။ | မြို့တွင်း ဟွန်းတီးမောင်းနှင်မှု | ၁ မှု |
| ၇။ | ဝိုင်းဝန်းထိုးကြိတ်မှု | ၂ မှု |
| ၈။ | ကားအမိုး ယိုခြင်းအမှု | ၁ မှု |
| ၉။ | မဆင်မခြင် မောင်းနှင်မှု | ၂ မှု |
| ၁၀။ | မူးယစ်သောက်စားပြီး ကားမောင်းနှင်မှု | ၁ မှု |
| ၁၁။ | ယာဉ်ပေါ် ကွမ်းတံတွေး ထွေးမှု | ၁ မှု |
| | မှတ်ချက် ။ စုစုပေါင်းအမှု | ၁၇၀ မှု ရှိ၏။ |

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:* (၁) မထသ(ဗဟို) Media တွေ့ဆုံပွဲ (၄-၉-၂၀၁၃)
(၂) ကြေးမုံ (၅-၉-၂၀၁၃) ထက်နိုင်၊ စမ်းချောင်း။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(တစ်)

ဒီနယ်မြေက စည်းလွတ်ဝါး လွတ်နယ်မြေမှ တကယ့် စည်းလွတ်ဝါးလွတ်နယ်မြေ။

ဂီတနယ်ပယ်မှာ စည်းဝါးဆိုတာ ရှိသလို၊ စည်းဝါးလွတ်ပြီဆိုရင် ဂီတ မမည်တော့ဘူးပေါ့။

လူ့ဘဝ နေမှုထိုင်မှုမှာလည်း အဲဒီလိုပါပဲ။ စည်းကမ်းဆိုတာ ရှိတယ်။ စည်းကမ်းမရှိရင် ဘဝပျက်တာပဲ။

ခုလည်း ဒီရွာအစုအဖွဲ့ကလေး စည်းပျက်ကမ်းပျက် ဖြစ်နေမှတော့ ရွာပျက်ဖို့ကလွဲပြီး တခြား ဘာမှမရှိတော့ပါဘူး။

"အုန်း ..."

"ဒုန်း ..."

"ဂလွမ်း ..."

"ဟာ ... ငါ့ခွေးတဲ့မှပဲ။ ငါ မနေ့ညက ချက်ထားခဲ့တဲ့ ကြက်သားအိုး တက်တက်စင်အောင် ပြောင်နေပါရောလား။ ဘယ်ခွေးမသား ဝင်ခိုးစားသွားသလဲကွ"

'ငထွန်းကြီး' အော်သံနှင့်အတူ သူချက်ထားတဲ့ ကြက်သားဟင်းအိုးက တဲပြင်ကို လွင့်ထွက်သွားပြီး တဲရှေ့က သစ်လုံးကြီးနဲ့ ဝင်ဆောင့်ပြီး မြေပေါ် ကျသွားတယ်။

ဒါပေမယ့် ငထွန်းကြီးရဲ့ပါးစပ်က အယုတ္တအနုတ္တအသံတွေက သူ လွှင့်ပစ်လိုက်တဲ့ ဒန်အိုးလို ထန့်ရပ်မသွားဘူး။ ဆဲသံဆိုသံတွေ နားမခံသာအောင် ဆက်ပြီးထွက်နေလေရဲ့။

"ငါ---သားတွေ။ ဒီလောက်တောင် အကောင်းကြိုက်ရင် သူများလို ရှာကြံချက်စားပါလား။ ခုတော့ ငါချက်ထားတာကို သူတို့အမေလင်ဟာလိုအောက်မေ့ပြီး ငါ့အလစ် လာခိုးစားသွားတယ် ... မဲအေ---တွေ"

ဆင်ဝိုင်းစခန်း တောနက်ကြီးထဲမှာ ငထွန်းကြီးရဲ့ ဆဲသံတွေ မရပ်မနား မိုးမွှန်နေလေရဲ့။

"ဟို .. ဓောက်ကောင်မက လည်း ဘယ်သွားပြီး ဘယ်လင်ငယ်နဲ့ သွား--နေလဲ မသိဘူး။ ခုမနက် ငါ ထမင်းဆာလို့ စားမယ်လုပ်တော့ ငါ ချက်ထားတဲ့ ကြက်သားဟင်းလည်း မရှိ၊ ဒင်းလည်းမရှိတော့ဘူး"

ငထွန်းကြီး မိုးမွှန်အောင်ဆဲပြီး တဲအပြင်ထွက်တယ်။ သူ့လက်ထဲမှာ ဆောင်မားတစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။

"ငါ့ကြက်သားဟင်း ခိုးစားတဲ့ကောင် တွေ့ရင်တော့လားကွာ ..."

ပါးစပ်က ကြိမ်းလိုက်သေးတယ်။ လူကတော့ သာခွေယိုင်။ အရက်မူး သမားပီပီ တိုယိမ်းထိုး။ ဒီယိမ်းထိုး။

တောအိက တဲတွေဘက်ကို သူ့ မျက်လုံးနီနီကြီးနဲ့ မသက်ာကြည့်ကြည့်တယ်။ တဲနီးချင်းတွေက သူ့ကို အဖက်လုပ်ပြီး စကားပြောမနေကြပါဘူး။ အားချိန်မှာ တောင်ယာစိုက်သူစိုက်၊ ကြိမ်ခြင်းရက်သူရက်။ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို ကိုယ်လုပ်နေကြတယ်။

ဒီဆင်ဝိုင်းမှာ လူပေါင်းစုံနေတာကလား။ တဲတွေကို ဟိုနားတစ်လုံး၊ ဒီနားတစ်လုံး ကိုယ်ကြိုက်တဲ့မြေနေရာ



www.burmeseclassic.com

www.burmeseclassic.com

ရွေ့ပြီး ထိုးပြီးနေကြတာ။ စနစ်တကျ တစ်တန်းတည်းရယ်လို့ မဟုတ်ကြ ဘူး။

တစ်တဲက တောင်ဆင်ခြေလျှော မှာ၊ တစ်တဲက တောင်အောက်။ ဒါပေ မယ့် ခြုံပြီးကြည့်မယ်ဆိုရင် သူတို့တဲ အိမ်တွေအားလုံး ဘဲဥဝိုင်းပုံသဏ္ဌာန် ဆောက်ထားလေရဲ့။

ဒါကလည်း သူတို့အထက်က သစ်တောအုပ်ကြီးရဲ့ ညွှန်ကြားချက်ကို မလွန်ဆန်နိုင်လို့သာပါ။

သစ်တောလုပ်ကွက် ဆင်ဝိုင်းထဲ က တဲတွေမှန်သမျှ အလယ်မြေကွက် လပ် ဆင်ချည်တိုင်ဝိုင်းကို ပတ်ပြီး တဲ အိမ်တွေ ဆောက်ကြရမယ်လို့ အမိန့် ထုတ်ထားတယ်လေ။

ခိုင်းဆင်တွေကို တဲဝိုင်းကြီးက ပတ်ထားတဲ့သဘောပေါ့။ အဲဒီမှာ ဆင် ဝင်လမ်း၊ ဆင်ထွက်လမ်း လမ်းကျယ် ကြီးတွေ ထားပေးရသေးတယ်။

ဆင်တွေကို လူတွေက ပြန် စောင့်ရှောက်ပေးရတဲ့ သဘော။ လူ တွေကို ဆင်တွေက ပြန်စောင့်ရှောက် ပေးနေသလို အပြန်အလှန်။ အမှန် တော့ လူနေတဲတွေက ခပ်ကျဲကျဲ ဆောက်ထားလေတော့ ရုတ်တရက် ကြည့်ရင် ဆင်တွေကို ဝိုင်းပတ်ထား တယ်လို့ မထင်ရပြန်ဘူး။

နယ်မြေ အခြေအနေကြောင့် အဲဒီလိုဖြစ်အောင်ကို တမင်ဖန်တီး ထားတဲ့သဘော။ အဲဒီသဘောမထား လို့ မဖြစ်ဘူးလေ။

သစ်လောကတွင် မိုးမိတ်အပိုင် 'မဘိန်း'သစ်ထုတ်လုပ်ရေးစခန်းပိုင် စွယ်စုံဆင်ကြီးနှစ်ကောင် တောထဲမှာ အစာစားဖို့ လွှတ်ကျောင်းထားရာက ဆင်သတ်မုဆိုးတွေလက်ချက်နဲ့ ကြွ သွားပါရောလား။

စွယ်စုံကြီးတွေဆိုတော့ အစွယ် ကို အရင်းကဖြတ်ပြီး ယူသွားကြတယ်။ အဲဒီအမှုက 'မဘိန်း'သစ်ထုတ်လုပ် ရေးစခန်းမှာ ခုအထိ မပြီးဘူး။

ချောင်းခေါင်းတွေ၊ ချောင်းအုပ် တွေ၊ တောခေါင်းတွေကို တောအုပ် တွေက မဘိန်းသစ်တောဦးစီးဌာနက နေ မကြာမကြာ လာပြီးစစ်ဆေးကြ၊ မေးကြ၊ မြန်းကြ။ တချို့လည်း အရေး ယူခံရ၊ ကိစ္စက မပြတ်သေးဘူး။

သူတို့စခန်းကလည်း မဘိန်း သစ်ထုတ်လုပ်ရေးစခန်း အပိုင်ထဲမှာ ဆိုပေမယ့် မဘိန်းနဲ့ အင်မတန်အလှမ်း ဝေးတာကလား။ မဘိန်းကနေ တော လမ်းကချည်း ဆင်လမ်းကလာတာ တောင် တစ်ညအိပ်ခရီး။ လူဆိုရင် နှစ်ညအိပ်ခရီးအကြာ။

'ကြို့ပင်ထိုး' သစ်တောကြိုး ဝိုင်း။ အဲဒီအထဲမှာ ငထွန်းကြီးလို နူတ် ကြမ်းလျှာကြမ်းတွေရှိသလို၊ သူများ ပစ္စည်း ခိုးဝှက်စားတတ်တဲ့ လူဆိုးလူ သွမ်းတွေလည်း ရှိတယ်။

ငထွန်းကြီး၊ ငတေကြီး၊ ငမဲကြီး ဆိုတာက ကြို့ပင်ထိုးဆင်ဝိုင်းမှာ လှူ တကာတွေ ဩချနေကြရတဲ့သူတွေ။ သူတို့ချင်းတော့ ရဲသုံးဖော်ပေါ့။

ခု ... ငထွန်းကြီးပေါက်ကွဲပြီး ဆဲဆိုအော်ဟစ်နေတာကို ငတေကြီးနဲ့ ငမဲကြီးက တစ်နေရာကနေ ပြုံးဖြီးဖြီး ဖြစ်ပေါ်စပ်မျက်နှာတွေနဲ့ ထိုင်ကြည့်နေ လေရဲ့။

သူတို့ထိုင်ကြည့်နေတဲ့ နေရာက နေရာကောင်းတော့မဟုတ်ဘူး။ မင်္ဂလာ ရှိတဲ့နေရာတော့ မဟုတ်ဘူး။ အောင် သာဖံရဲ့ သေတင်းကုပ်။

ဒီတဲဝိုင်းရဲ့အစပ်မှာ ဖြစ်သလို တဲတန်းရှည်ကြီးထိုးပြီး အရက်သေစာ ရောင်းဝယ်ဖောက်ကားနေတဲ့ အောင် သာဖံရဲ့ သေတင်းကုပ်။ ရာသီစာစိုက် ခင်းတွေရှေ့မှာ အထီးတည်း။

*** *** ***

(နှစ်)

တဲဝိုင်းကြီးဆိုပေမယ့် သူလည်း မကျွပ်သာသာ ကနားဖျင်းသာသာ ဖြစ်သလို တောတွင်းမှာ တောလက် ရာမြောက်စွာနဲ့ဆောက်ထားတဲ့ တော တွင်းအပန်းဖြေ စားသောက်ဆိုင်ကြီး ပါပဲ။

အရက်ကတော့ အစိုးရအရက် ဘီအီးဟန်ပြ။

ဒါပေမယ့် မြို့ပေါ်က တောအုပ်၊ တောခေါင်းတွေ ဆင်းလာရင် မျက်နှာ လို မျက်နှာရ ဆက်သဖို့ အာမိရမ်လို၊ မန္တလေးရမ်လို အနီပုလင်းတွေတော့ အောင်သာဖံရဲ့ ကျွန်းသေတ္တာကြီးထဲ မှာ အဆင်သင့်ရှိနေလေရဲ့။

တကယ်တမ်းကျတော့ အောင် သာဖံ အားထားရောင်းရတာက သူ တောထဲမှာ စပါယ်ရှယ်ချက်ထားတဲ့ တောအရက်။ သူ့အရပ်နဲ့ သူ့ဇာတ် ဆိုတော့ အောင်သာဖံရဲ့ ချက်အရက် ဟာ ဒီမှာတော့ တစ်ပင်တိုင်မင်းသား ကြီး လူတကာလက်သုံး။

ခုလည်း ငမဲကြီးနဲ့ ငတေကြီးတို့ ချက်အရက်တစ်လုံးကို စောစောစီးစီး ဖြိုနေရာက ငထွန်းကြီးရဲ့ ဒေါသကမ္ဘာ ဇာတ်ကွက်ကို အောင်သာဖံရဲ့ တဲရှေ့ မင်္ဂလာစားပွဲဝိုင်းကနေ စပ်ဖြဲဖြဲနဲ့ကြည့် နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com

"ခွေးမသားကြီး ဆဲနေတာ ငါတို့ပါ ပါနေတယ်ကွ"

"ပါပစေကွာ။ ဒီမအေ--ဆဲတာ သူ့ကိုယ်သူ ထိနေတာတော့ သူမသိဘူး"

အောင်သာဖံရဲ့ မင်္ဂလာစားပွဲဝိုင်းဆိုလို့ ပြောရဦးမယ်။ သူတို့ထိုင်နေတာ၊ သောက်စားနေတာက ဝါးခုံတန်း။ စားပွဲအဖြစ် အသုံးပြုတာက ဝါးကိုခွဲခြမ်းပြီး အရက်ပုလင်း၊ အကြမ်းပန်းကန်၊ အမြည်းပန်းကန်တင်လို့ရအောင် စရွေးအကြမ်းတိုက် ဖန်တီးထားတဲ့ စားပွဲ။

အဲဒီလို ခုံနဲ့ စားပွဲတွေ အောင်သာဖံရဲ့ တဲတန်းအောက်မှာ သုံးလေးခုတော့ ရှိလေရဲ့။ ကနားဖျင်းလိုလိုတဲတန်းကို ခေါင်တင်ဆောက်ထားလို့သာ တဲလို့ပြောနေတာ။ နင့်မို့ဆိုရင် မဏ္ဍပ်ကြီးလို့ ပြောယူရမယ်။

ရှေ့တစ်ဝက်မှာ အရက်ရောင်းဖို့ မင်္ဂလာစားပွဲလုံးလေးလုံး။ နောက်ပိုင်းမှာ အောင်သာဖံတို့မိသားစုနေဖို့ နေရာထိုင်ခင်း အိပ်ရာခန်း။ ဒါက ခေါင်းရင်းပိုင်း။ ခြေရင်းပိုင်းကျတော့ အရက်ရောင်းဖို့ ဝါးကြက်ခြေခတ်အရံအတားလုပ်ပြီး အရက်ပုလင်းနဲ့ တောအရက်တွေထည့်ထားတဲ့ စဉ့်အိုးကြီး သုံးလေးလုံး။

အောင်သာဖံက မုဆိုးဖို။ သူ့မိန်းမ မမဲချော သေသွားတာ သုံးလေးနှစ်ရှိပြီ။ သူ့သား အပုချောတစ်ယောက်သာ ကျန်ခဲ့တယ်။ အပုချောက ဆယ့်ငါးနှစ်သား ရောက်နေပြီဆိုတော့ အောင်သာဖံရဲ့ တောတွင်းဟိုတယ်မှာ အရောင်းမန်နေဂျာပေါ့။ စားပွဲထိုးလည်း သူပဲ။

ကျောင်းမရှိ၊ ဘုန်းကြီးကျောင်းကလည်းဝေးဆိုတော့ အပုချောအတွက် လုပ်စရာအလုပ်က အဲဒီအရက်ရောင်းတဲ့ အလုပ်ပဲ။

စားပွဲထိုးလည်းသူ၊ အမြည်းချပေးတော့လည်းသူ၊ ပိုက်ဆံစာရင်းမှတ်တော့လည်းသူ။ ပိုက်ဆံစာရင်းမှတ်တယ်ဆိုတော့ အပုချောကို စာတတ်ပေတတ်ကလေးဆိုတာ အတပ်နားလည်သဘောပေါက်။

သူ့အမေရှိစဉ်တုန်းက ကြို့ပင်ထိုးစခန်းနှင့် ငါးမိုင်လောက်ဝေးသော တောင်ပေါ်ကျောင်းကလေးမှာ အပုချော လေးနှစ်လောက် ဘုန်းကြီးကျောင်းနေလိုက်ရလို့ စာတတ်ပေတတ်ကလေးဖြစ်သွားရတာပါ။

ဘုန်းကြီးစာ သင်္ဂြိုဟ်တွေ၊ သဒ္ဒါတွေ ပေါက်ရောက်ပြီးမှ သူ့အမေသေလို့ သူ့အဖေဆီ ပြန်လာရခြင်းပါ။ ဘုန်းကြီးကျောင်းထွက်ဆိုပေမယ့် ဒီလိုခပ်ကြမ်းကြမ်းနယ်မြေမှာ သူလည်း စည်းမဲ့ကမ်းမဲ့ ခပ်ကြမ်းကြမ်းစရိုက်အလွှမ်းခံထားရတဲ့ ကောင်လေးပါပဲ။

အရွယ်ကလေး နုပေမယ့် လူကောင်ကထွားတယ်၊ ပါးစပ်ကကြမ်းတယ်။ ဆက်ဆံရေးက မောက်မာတယ်။ အဲဒါက မုဆိုးစိုင်သင်ဆိုသလို ဒီမှာ စရိုက်ကြမ်းကြမ်းနဲ့ သောက်သုံးသူတွေကြောင့် ဖြစ်နိုင်တယ်။

ထိုစဉ် ငထွန်းကြီး ဆဲဆိုရင်း အောင်သာဖံရဲ့ အရက်တဲပိုင်းဘက် လျှောက်လှမ်းလာတယ်။ ပြုံးဖြီးဖြီး ငတေကြီးနဲ့ ငမဲကြီးကို တွေ့သွားတယ်။

"မင်းတို့က ဖြစ်ပ်စပ်နဲ့ ဘာလုပ်နေကြတာလဲ"

"ဟ ... ယောက်ဖရာ၊ ငါတို့အောင်သာဖံတဲလာပြီး ဘာလုပ်ရမှာလဲ၊ အရက်သောက်နေကြတာပေါ့"

အရက်ကုန်နေပြီဖြစ်သော ပုလင်းကို လှမ်းကြည့်ပြီး ...

"တစ်လုံးတောင် ကုန်နေပါရောလား။ ငါ့လန္ဓီး ... ငါ့ကိုတော့ လာမခေါ်ဘဲ မင်းတို့နှစ်ကောင်တည်း အပြတ်ဆော်နေတယ်"

"မင်းက ဒေါ်သူပုန်ထနေတော့ ငါတို့ ဘယ်ခေါ်ရဲမလဲကွ"

"ဒေါ်သူပုန်ထရမှာပေါ့။ ငါတောကြက်ဖတစ်ကောင် ဖမ်းမိပြီး ဆီကျွန်ရေကျွန် ချက်ထားတာ၊ ဘယ်မအေ-တွေ ခိုးစားသွားသလဲ မသိဘူး။ မနက်မိုးလင်း အမြည်းလုပ်မလို့ ကြည့်လိုက်တော့ တစ်အိုးလုံးပြောင်သလင်းနေပြီ။ ဒါကြောင့် ဘေးနားက သူခိုးတွေ မှတ်လောက်အောင် ကော်တုတ်နေရတယ်"

"အဲဒီသူခိုးကိုမိရင် မင်းဘာလုပ်မလဲ"

ငမဲကြီးက အမေး ..

"ငထွန်းကြီးတဲ့ကွ။ နာမည်တစ်လုံးနဲ့နေတဲ့ဟာ။ အဲဒီသူခိုးကိုသာတွေ့ ဟောဒီတောတက်ဓားနဲ့ ထက်ပိုင်းပဲ"

ငထွန်းကြီးလက်ထဲက တောတက်ဓားကြီးကို ဝင့်ပြီးအပြ ငတေကြီးက ဝင်ပြောလိုက်တယ်။

"အဲဒီထက်ပိုင်းအသာထား၊ ခုဘယ်လောက်သောက်မှာလဲ။ ထက်ပိုင်းဆိုတော့ ... တစ်ပိုင်းမှာလိုက်ရမလား"

"ငထွန်းကြီးက အရက်ဆိုင်လာပြီး တစ်ပိုင်းတည်းနဲ့ နာမည်အပျက်ခံပြီး မသောက်ဘူးကွ။ ဟော့ ...



www.burmeseclassic.com

www.burmeseclassic.com

အောင်သာဖံ့ တစ်လုံးချကွာ''

ပြောရင်း ဆိုင်အတွင်းဘက်ကို လှည့်အမှာ အပုချောက ...

''အဖေမရှိဘူးဗျာ့''

''မင်းအဖေက စောစောစီးစီး ဘယ်သွားရပြန်တာလဲ။ ဒီနေ့ ဥပုသ်နေ့ဆိုတာ မသိဘူးလား''

''ဥပုသ်နေ့နဲ့ ဘာဆိုင်လို့လဲဗျာ့။ အဖေ တောထဲမှာ အရက်သွားချက်နေတယ်။ တောထဲကဖိုကို ညကတည်းက သွားနေတာ''

''မင်းက ကလေးဆိုတော့ တို့အရပ်၊ တို့ဇာတ်ကို နားမှမလည်ဘဲကိုး။ ဥပုသ်နေ့ဆိုတော့ အရက်ပိုရောင်းရမယ့်နေ့လေကွာ။ ဥပုသ်ကြီး၊ လပြည့်လကွယ်နေ့တွေမှာ တို့ဝိုင်းက ဆင်တွေကို အနားပေးနေကျ။ အလုပ်မခိုင်းဘူး။ တောထဲ လွှတ်ကျောင်းထားတာကို ပြန်မကောက်တော့ဘူး။ ဒါကြောင့် တို့ဆင်သမားတွေအားတဲ့နေ့။ ဒီလို အားတဲ့နေ့တွေမှာ အရက်သောက် အနားယူရတာကွ။ ပေးစမ်းကွာ တစ်လုံး''

''ဒါကြောင့် ဘုန်းကြီးဦးကေသရက ပြောတာပေါ့။ မင်းတို့ဆင်ဝိုင်းက ကောင်တွေဟာ သေရင် အပါယ်လားမယ့်ကောင်တွေချည်းပဲလို့''

''ဟေ့ ... ဘုန်းကြီးကျောင်းသား၊ သေမှတော့ ဘယ်ကျကျကွာ။ လောလောဆယ် တို့မှာ ဒီနေ့တစ်နေ့ပဲ အလုပ်အားတာ။ တို့မှာ တနင်္ဂနွေ၊ စနေ မရှိ၊ နေ့ကြီးရက်ကြီး အလုပ်မနားရ။ ဒီဥပုသ်နေ့တစ်နေ့ပဲ အအားရတာ''

အပုချော ဝါးကောင်တာမှ ငှက်ပျောဖူးပုလင်းတစ်လုံး ဆွဲယူလာပြီး ထွန်းကြီးတို့ဝိုင်းမှာ လာချသည်။ ပြုံးသနားရှာတတ်သော ထွန်းကြီးက အပုချောကို မျက်နှာထိမျက်နှာထားနှင့်

''ဟော့ကောင် အပုချော၊ ပုလင်းချည်းပဲ လာချတော့ ငါက ဒီအတိုင်းသောက်ရမှာလား။ ထည့်သောက်စရာဖန်ခွက်လေးဘာလေး ချမှပေါ့''

''ခင်ဗျားကြီးနဲ့ ဖန်ခွက်နဲ့ တန်လို့လား။ အဖေက မှာထားတယ်။ ဖန်ခွက်ကို မြို့ပေါ်က အရာရှိတွေလာမှ ချပေးတဲ့''

''ဒါဆို သောက်နေကျ အကြမ်းပန်းကန်ကော ...''

''ခင်ဗျားကြီး လုပ်ပြန်ပြီ၊ ခင်ဗျားတို့သုံးယောက် ခါတိုင်း အကြမ်းပန်းကန်တစ်လုံးနဲ့ ခွက်လှည့်ချနေကြတာ။ ခင်ဗျားအရင်ရောက်နေတဲ့ ကိုမဲကြီးတို့ရှေ့မှာ အကြမ်းပန်းကန် မတွေ့ဘူးလား။ ခင်ဗျားကန်းနေလို့လား''

''ခွေးကောင် ... အဒေါ်ပေး၊ နှမပေးလေး။ ငါ့များ ကန်းနေသလား ဘာလားနဲ့။ ဆောင့်ကန်လိုက်ရ ဒင့်အမေ မိမဲချေနောက် လိုက်သွားဦးမယ်။ သွား .. အမြည်းသွားယူခဲ့။ ဘာအမြည်းရှိလဲ''

''ပိုက်ဆံနဲ့ဆိုရင် ကြွက်ကြော်ရှိတယ်။ ပိုက်ဆံမပေးရင် ဆီးဖြူသီးအမြည်းနဲ့ ဆားခွက်ရမယ်''

''အေး ... ဆီးဖြူသီးနဲ့ ဆားခွက်ပေး။ ကြွက်ကြော်က လျှာသနတယ်။ မင်းတို့က ဒီဝိုင်းနားက တို့တောထိုင်တဲ့နေရာနဲ့နီးနီး မြေကြွက်တွေ ထောင်ဖမ်းပြီး ချက်ထား၊ ကြော်ထားတာ။ ငါလို ဘုန်းနဲ့ကံနဲ့ကောင်က မသတီဘူး''

''နောက်မှ မူးရင်ထပ်မမှာနဲ့။ ရော့ ... ဆီးဖြူသီးနဲ့ ဆားခွက်။ ဒါကြောင့် အဖေက ခင်ဗျားကြီးကိုကြည့်လို့မရဘူးလို့ ပြောပြောနေတာ''

''မင်းအဖေက ငါ့ကို ဘယ်ကြည့်ရမလဲ ကြာကူရီကောင်ကို၊ အခု မင်းအဖေလည်းပျောက်၊ ငါ့မိန်းမ အေးနုလည်း ပျောက်သွားတယ်။ မနက်လင်းကတည်းက ဟင်းရွက်ခူး၊ မှိုစ်ချိုး ဆိုပြီး ထွက်သွားတာ ... ထွီ''

''ဟေ့ ... ဟော့ကောင် ထွန်းကြီး''

''ဘာတုံးကွ ငတေရ''

''ကိုယ့်ဘာသာ သောက်မှာ သောက်တာမဟုတ်ဘူး။ မင်းညက အမူးရှိန်နဲ့ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့လေ''

''တောက် ...''

ငတေစကားကြောင့် ထွန်းကြီး တောက်တစ်ချက် နှာကြည်းခံပြင်းစွာနဲ့ ခေါက်ပစ်လိုက်တယ်။ တစ်ဆက်တည်း အရက်ပန်းကန်ထဲ အရက်ငှဲ့ထည့်ပြီး တစ်ကျိုက်တည်း ရေမရောဘဲ ကောက်မော့လိုက်တယ်။

ပြီးတော့ ဆီးဖြူသီးတစ်လုံး ပါးစပ်ထဲ ကောက်ယူပစ်သွင်းပြီး ခပ်ပြင်းပြင်းဖိဝါးတယ်။ ဆားကို လက်ညှိုးနဲ့ တစ်တို့ယူပြီး လျှာပေါ်တင် အာသာဖြေလိုက်တယ်။

ရေလုံးဝ မရောဘူး။ သူလုပ်ပုံက မြန်တယ်။ အပုချော သူ့စကားကြောင့် သူ့အဖေဘက်ကနာပြီး မကြားတကြားပြောရင်း ထွန်းကြီးနားကနေ သူ့အရက်ရောင်း ဝါးခုံရှိရာ ပြန်သွားတယ်။

''ငါ့အဖေကိုတော့ ကြာကူရီတဲ့ သူ့မိန်းမ ကမြင်းကြောထတာကျတော့

www.burmeseclassic.com

မပြောဘူး။ အလကားလူကြီး''

ဒီစကားက အပုချေဆီက ခပ်တိုးတိုးလေး မပြောသာ ပြောသာ ကြားလိုက်ရပေမယ့် ငထွန်းကြီးရင်ထဲမှာ ပြောင်းဆန်သွားတယ်။ အရက်အပူထက် စကားလုံးအပူရှိန်က ပိုပြင်းသွားတယ်။

ငထွန်းကြီး အပုချေကို ဆောင့်ကန်မလို့ အပြင်လိုက်မှာ သူ့အနားမှာရှိတဲ့ ငတောကပဲ သူ့ဒူးခေါင်းနဲ့ ငထွန်းကြီးပေါင်ကို လှမ်းဖိထားလိုက်ရတယ်။

"ငါတယ် .. ကလေးက ကလေးစကားမပြောဘူး။ ခွေးစကားပြောတယ်''

"မင်းကလည်း ဒေါသချည်းပဲကို။ စိတ်အေးအေးထားစမ်းပါ။ အနားယူတဲ့နေ့မှာ ပြဿနာမရှာချင်စမ်းနဲ့ကွာ''

*** *** ***

(သုံး)

မနက်စောစောက တောတွင်းစခန်းမို့ နှင်းတွေဖြိုးဖြိုးဖြောက်ဖြောက်ကျနေရာက ကောင်းကင်မှာ နေပွင့်လာတော့ နှင်းတွေ အရည်ပျော်ကျလာတယ်။

ဒီလို တောတွင်းစခန်းမှာ နေလုံးကြီးကို တိုက်ရိုက်အကြာကြီး မြင်ရခဲတယ်။ ကျွန်းပင်ကြီးတွေ၊ သစ်မာပင်ကြီးတွေ သိပ်သည်းအောင် ပေါက်ရောက်နေလေတော့ အခက်အလက်အရွက်တွေကြားကသာ နေလုံးကြီးကို တစ်ခဏမျှ မြင်ရပြီး၊ နေရောင်ခြည်ပြိုးပြိုးပြောက်ပြောက်ကိုသာ မြင်နေရတယ်။

နေပြောက်ရောင်ခြည်က ခပ်စွေစွေ ခပ်စောင်းစောင်း မဟုတ်တော့ဘူး။ ဒါကြောင့် နေမြင့်နေတာကို သတိထားလိုက်မိကြတယ်။

အောင်သာဖံရဲ့ အရက်တဲကိုလည်း သူတို့လို ဘဝတူ ဆင်သမားအရက်သောက်သုံးတဲ့လူ တစ်ယောက်စ နှစ်ယောက်စ ရောက်လာရာက အဲဒီနေမြင့်တဲ့အချိန်မှာ ဝါးစားပွဲခုံသုံးလေးလုံးမှာ လူစေ့တက်စေ့ ဖြစ်သွားလေရဲ့။

ပင်တိုင် ဆီးဖြူသီးနဲ့ ဆားကတော့ ထည့်မလောက်ပေါ့။ ဒါပေမယ့် တောထဲက အလှူ့ပယ်ရလေတော့ မမှုလောက်ပါဘူး။

အစိုးရအရက် ဘီအီးကိုတော့ တစ်ပိုင်းလောက်ကသာ မှာသောက်နိုင်ပြီး ကျန်ပိုင်းတွေက တောအရက်ငယ်ချစ်ထွေးညီပုပဲ။ ကြွက်ကြော်စားနိုင်တဲ့ပိုင်း တစ်ပိုင်း၊ နှစ်ပိုင်း။

သစ်ထုတ်လုပ်ရေးက လခစားဆင်သမားတွေဆိုတော့ တခြားသစ်လုပ်သားတွေ၊ လွှဲဆရာတွေလည်း ဒီလိုပါပဲ။ ထုံးစံအတိုင်း အပုချေစာရင်းမှတ်၊ လက်ကုန်ပေး။ ဒါကြောင့် အရက်အလကားရသလို ရေသောက်သလို သောက်ကြတာကလား။

ငဇော်ကြီးက အောင်သာဖံ အရက်ရောင်းရပုံကို ကြည့်ပြီး ...

''ဒီရခီးတော့ တို့ဆင်ပိုင်းက အလုပ်ပြုတ်သွားတာတောင် ကြို့ပင်ထိုးဆင်ပိုင်းကို မခွာနိုင်ဘူး''

ငတောကြီးစကားကို ငမဲကြီးကပါ ထောက်ခံပြော ပြောလိုက်ပြန်တယ်။ အောင်သာဖံမှာ ဆင်စခန်းမှ ပြစ်မှုတစ်ခုနဲ့ အလုပ်ပြုတ်ခဲ့ဖူးတယ်လေ။

"ဘယ်ခွာနိုင်မှာလဲ၊ ဒီမှာက သူ့စားကျက်ဖြစ်နေတာကိုး။ တို့ဆီကရတဲ့ ပိုက်ဆံတွေဆိုရင် ဒီကောင်ကြီး မြို့ပေါ်တက်ပြီး စားသောက်ဆိုင်ကောင်းကောင်းဖွင့်နိုင်တယ်''

"ဖွင့်နိုင်ပါလိမ့်မယ် အားကြီးကြီး။ ဘဲစားဘဲချေပဲကွ။ တို့ဆီကရတဲ့ အမြတ် မြို့ပေါ်က ရောက်ရောက်လာတဲ့ ငယ်စ်တွေကို ပူဇော်ပသရတာနဲ့ နာလန်ကို မထူတော့ဘူး''

"အဲဒါပေါ့၊ ပါနီထဲကလာတာ ပါနီထဲသွားတာပဲလို့ ငါ့ဆရာ ဆင်ဦးစီးမှူတူး ပြောသွားတဲ့စကားအတိုင်း ဖြစ်ရတာ ...''

ငထွန်းကြီး၊ ငတောကြီး၊ ငမဲကြီးတို့ သုံးယောက်သား နေမြင့်လေ အရှူးရင့်လေ ဆိုသလို အမူးဒီဂရီတက်ကာ နောက်ထပ်တစ်လုံး တစ်ပိုင်းမှာရင်း၊ ဆီးဖြူသီးကောက်ဝါးရင်း အရှိန်ကောင်းကောင်းနှင့် သူရာရထားခုတ်မောင်း၍ ကောင်းနေတုန်းအချိန်မှာ သူတို့ရှေ့သို့ လုံးကြီးပေါက်လှ၊ ခပ်ချောချော၊ အသားဖြူဝင်းဝင်းနှင့် မျက်စိပေါက်ကြီးလို တင်းတင်းရင်းရင်း မိန်းမရွယ်တစ်ယောက် ထဘီရင်လျားနှင့် ဖြုတ်ခနဲ ရောက်လာတော့ သုံးယောက်သား အံ့အားသင့်ကုန်ကြတယ်။

*** *** ***

(လေး)

အထူးသဖြင့် ငထွန်းကြီး မျက်လုံးပြူးသွားရတယ်။ ပြူးဆို သူ့မိန်းမ အေးနုလေ။

နာမည်ကသာ အေးနု။ စရိုက်က ကြမ်းသလားမမေးနဲ့။ သူမသည်လည်း ငထွန်းကြီးတို့လို သစ်လုပ်ကွက်

www.burmeseclassic.com

တွေ့ထဲမှာ ဟိုပြောင်းဒီရွှေ့နေလာရင်း ဆင်သမားမိဘတွေက မွေးဖွားဆင်း သက်လာရသူ။

ကျောင်းမနေခဲ့ရ။ မှိုနတ်၊ မျှစ် ချိုး၊ ဟင်းရွက်ခူးဘဝနှင့် အရွယ် ရောက်လာခဲ့ရသူ။ ယုန်ထောင်၊ ခါ [illegible] ဝါးဆုံးဖမ်း၊ မှတ်ပြောင်းနှင့် [illegible]ယ်ကလေးတွေဖမ်းရင်း ပိန်းမှုဆုံး အငယ်စားဘဝနှင့် တော ရေလည်၊ တောင်တွေကျွမ်းခဲ့ရသူ။ တောတောင်ရဲ့ သမီးပျိုစစ်စစ်လေး။

ဆင်သမား ထွန်းကြီးနဲ့ ထို မိန်းကလေး အပျိုဖော်ဝင်စမှာပင် အိမ် ထောင်ကျခဲ့သည်။

မှိုနတ်လာသော အေးနု အပျို ဖော်ဝင်စကို လူပျိုပေါက် ထွန်းကြီး က ဆင်ကောက်ရာကအပြန် တော ထွင်းတစ်နေရာတွင်အဆုံ ...

"အေးနု ..."

"ဘာတုံး"

"နင် တစ်နေ့တခြား လှလာ တယ်"

"အဲဒါ ဘာဖြစ်သတုံး"

"ဘာဖြစ်ရမလဲ။ နင့်ကို ငါ ကြိုက်တယ်"

"ရှက်စရာစကားတွေ လာပြော မနေနဲ့ ကိုထွန်းကြီး။ ပါးကျိုးသွား မယ်"

"တကယ်ကြိုက်လို့ပါဟာ"

"ဒီကလည်း တကယ်ပါးကျိုး အောင် ရိုက်မှာတော့"

"ရိုက် ... ရိုက် .. ပါးကျိုး အောင်ရိုက်လိုက်တော့ ငါက မရှောင်။ ဟီး ... ဟီး ... ဟီး"

ထွန်းကြီးက လူပျိုလက် ဝက် မြီးဆိုသလို မိအေးနုအနီးကပ်ပြီး မိအေးနုလက်ကို အတင်းဆွဲတယ်။

"ဟင်း ... ခွေး .. ခွေးလို ကောင်ကြီး .. ကဲ .. ကဲ"

"ဖြန်း ... ဖြန်း ... ဖြန်း"

မိအေးနုကလည်း အပြောနဲ့ အဟော တကယ်ညီတဲ့ ဖတ်ဖတ်ကြဲ မလေးပဲ။ ထွန်းကြီးပါးကို ဘယ်ပြန် ညာပြန် အသားကုန်ရိုက်ပစ်တယ်။

ထွန်းကြီးကလည်း လူကြမ်း၊ မိအေးနုကလည်း ခပ်စွာစွာဆိုတော့ တစ်ယောက်က အတင်းဆွဲ .. တစ်ယောက်က အားကုန်ရိုက်။

ဒီလိုနဲ့ တစ်ယောက်နဲ့တစ် ယောက် မလွှတ်တမ်း ပူးကပ်လုံးထွေး ရစ်ပတ်ခွဲမရ ဖြစ်သွားတယ်။

တကယ့်ကို သဲကြီးမဲကြီး ကျားနဲ့ သမင်၊ မြွေနဲ့ဖား၊ ကြောင်နဲ့ကြွက်လို။

"ခွေးကောင်ကြီး ... လွှတ် .. လွှတ်ဆို"

မိအေးနုက ဆဲဆိုရင်းက မရုန်း သာ မကန်သာ ယောက်ျားအားနဲ့ မိန်းမအား မမျှလေတော့ ရေတိမ်နစ် ရတော့မလို ဖြစ်နေပေမယ့် ပါးစပ်က နေ ထွန်းကြီးရဲ့ နှာခေါင်း၊ နားရွက်၊ ခေါင်း၊ မျက်နှာတွေကို ကိုက်ပစ်တယ်။

အဲဒီလိုအချိန်မှာ ထွန်းကြီး အောင်ပွဲခံရဖို့ လက်တစ်လုံးလောက်ပဲ အလို ထွန်းကြီးရဲ့ခါးကို တစ်စုံတစ် ယောက်က အားကောင်းကောင်းနဲ့ ဆွဲ ပြီး ခပ်ဝေးဝေးကို ပစ်ထုတ်လိုက် တယ်။

ရန့်လိုတဲ့သဘောမဟုတ်ဘူး။ မဟုတ်တာ၊ မမှန်တာတွေ့ရင် မကြိုက် တဲ့သဘော။ ထွန်းကြီးရဲ့ခါးကို ဆွဲပြီး ပစ်လိုက်တာက ထွန်းကြီးအပိုင်စား ရထားတဲ့ အမွေခံဆင်ကြီး ဘကောင်း ပဲ။ ဆင်ကြီးဘကောင်းက ထွန်းကြီး ရဲ့ခါးကို နှာမောင်းနဲ့ ရစ်ပတ်ဆွဲပြီး မိအေးနုနဲ့ ဝေးကွာသွားအောင် မြှောက် ချီပြုတ်ပေါ် ပစ်ထည့်လိုက်တာ။

သူ့သခင်မို့လို့သာပေါ့။ နို့ပြင်လူ ဆိုရင် နှာမောင်းနဲ့ ရစ်ပတ်ပြီး သစ်ပင် ရင်းမှာ ရိုက်သတ်မလား မသိဘူး။

ဆင်ကြီးဘကောင်းက ထွန်း အဖေ ဆင်ပိုင်ကြီးဖထီးစောထွန်းအေး ဆီက အမွေဆက်ခံလာတာ။ ဖထီး စောထွန်းအေး အသက်အရွယ်ကြီးရင့် တော့ ငှက်ဖျားဝေဒနာနဲ့ သေဆုံးတဲ့ အခါ ထွန်းကြီးက တစ်ဦးတည်း သော သားမို့ ဘကောင်းကြီးကို အမွေ ဆက်ခံရတာပေါ့။ ထွန်းကြီးဟာ ဆင် ပိုင်ရှင်၊ ဘကောင်းကြီးရဲ့ အရှင်သခင်။

ဆင်ကြီးဘကောင်းဟာ ဒါ ကြောင့် ထွန်းကြီးနဲ့ ညီအစ်ကို၊ ဖွား ဖက်တော်ဆိုလည်း မမှားဘူး။ သူ့ အဖေ ဖထီးစောထွန်းအေး နာမည် မှည့်ခဲ့သလို 'ဘကောင်း' ဆိုတဲ့အတိုင်း အင်မတန်ဉာဉ်ကောင်းတဲ့ ဆင်ကြီး။ လိမ်လည်း အင်မတန်လိမ္မာတာ။

ဘယ်လောက်ခိုင်းခိုင်း မတုံ့ဆိုင်း ဘူး။ သခင်ကို အလိုက်သိတတ်လိုက် တာလည်း မပြောနဲ့။ လွှတ်ပြီးကျောင်း ထားပေမယ့် ဘကောင်းကြောင့် သူ့ ကိုထိန်းရတဲ့ ထွန်းကြီး ဘယ်တော့မှ မပင်ပန်းဘူး။

"ဘကောင်းရေ .. ဘကောင်း"

သခင်က အော်လိုက်တာနဲ့ ရောက်တဲ့နေရာကနေ ...

"ဂူး ..."

လို့ အော်သံပြန်ပေးပြီး သခင် ရှိရာ အပြန်လာတဲ့ ဆင်ကောင်းကြီး တစ်ကောင်။

www.burmeseclassic.com

ခု ဘကောင်းကြီး သူ့သခင်ထွန်းအတွက် ပွဲကောင်းတုန်း ဒိန်းခေါင်းဖျက်ဆိုသလို အနှောင့်အယှက်လာပေးလေတော့ သူ့သခင်ထွန်းကြီး ဘကောင်းကို ဒေါသထွက်ပြီး ရှူးရှူးရှားရှားပေါ့။ ဒေါသထွက်တာမှ ပြောမပြတတ်လောက်အောင်ကိုပါပဲ။

“ခွေးမသားဘကောင်း။ ခုငါ့ကို ဆင်ကမွေးတာမဟုတ်ဘူး။ ခွေးကမွေးတာ။ ငါ့အလုပ်ငေးပြီး နှောင့်ယှက်တဲ့ ကောင်စုတ်”

ထွန်းကြီးက သို့ကာလို ကြိမ်းမောင်းတော့ ဘကောင်းကြီးက ဝူးဝူးလို့ ပြန်အော်ပြီး ရှေ့ခြေကရှုပ်ရှပ်၊ နှာမောင်းကို ခေါင်းပေါ်ကင်ပြီး တခါခါနဲ့ ပြန်လုပ်ပြနေတယ်။

ဒါကို ရောက်မိနစ်တော့မယ့်ဆဲဆဲ မိအေးနု ထွန်းကြီးကို ဒေါသထွက်ရာက မထွက်နိုင်တော့ဘဲ ဆင်ကြီးဘကောင်းကြောင့် ခုနပေါက်မြူးထူးပြီး ထွန်းကြီးနဲ့ ဘကောင်းတို့အပါးက ပြေးထွက်သွားလေရဲ့။

အဲဒီ” ဆင်ကြီးဘကောင်းကို အကြောင်းပြုပြီး မိအေးနုမှာ သူ့တဲဝိုင်းက အမိအဖလူကြီးသူမတွေကို တိုင်မပြောဖြစ်ရာကနေ ထွန်းကြီးနဲ့ ချစ်ထုံးနှောင်ဖွဲ့ သံယောဇဉ်ဖြစ်ပြီး လက်ထပ်ဖြစ်ရာက ဆယ်နှစ်နီးပါးရှိသွားခဲ့ပြီ။

အဲဒီဆယ်နှစ်အတွင်းမှာ ထွန်းကြီးဟာ သူနဲ့စရိုက်တူ၊ ဘဝတူ ငတေကြီး၊ ငမဲကြီးတို့နဲ့ ပေါင်းမိပြီး အရက်ကို နေ့သောက်၊ ညသောက် မိုက်မလင်းနိုင်ဘူး ဇာတ်ခင်းရာက အရက်သမားလုံးလုံး ဖြစ်နေပါရောလား။

ခုလည်း မိုးလင်းကတည်းက ရေးအောင်သာစံရဲ့ ဆေးပေါင်းကုပ်အရက်ဆိုင်ကို ရောက်နေတဲ့အဖြစ်။

မိအေးနုအဖို့တော့ ထွန်းကြီးအရက်သမားစစ်စစ်ကြီး ဖြစ်နေတာကို ရိုးနေပြီ။ အစက ချစ်သို့ယူလိုက်ရပေမယ့် ခုတော့ ထွန်းကြီးဘာကို နှမြောမနေတော့။ ထွန်းကြီးသည် အရက်ကြောင့် ပုက်ပျောဟုံးသာသာ ...။ ယောက်ျားမပီသနိုင်လေတော့ပြီ။ ထွန်းကြီးက သူ့သေလမ်းသူ ရွေးထားပြီးပြီပဲ။

ဆင်ပိုင်ဆိုပေမယ့် ဆင်ကြီးဘကောင်းကို ကောင်းစွာထိန်းနိုင်တာမဟုတ်။ ဖအေကြီးဆီက အမွေသက်ခံပြီး ပစ္စလက္ခတ်ထားတယ်။

အစိုးရသစ်လုပ်ကွက်မှာ အငှားချထားပြီး သူ့ငွေသုံးသုံးရာက မြို့ပေါ်က ဆင်သူဌေး ပီအဲရိုးဆီမှာ အပေါင်ခံတာချုပ်လုပ်ပြီး ငွေတွေသုံးဖြုန်း၊ အရက်သောက်၊ လောင်းကစားလုပ်နေရာက ဆင်ကြီးဘကောင်းကို အဆုံးရှုံးခံလိုက်ရသည်။

အဲဒီလိုနဲ့ .. ထွန်းဘဝဟာ ဆင်ဦးစီးဘဝကို လျှောကျသွားလေရဲ့။ တော်သေးတာပေါ့။ မြို့ပေါ်က ဆင်သူဌေး ပီအဲရိုးက သူတို့ကရင်အမျိုးသားချင်း ပြန်ကြည့်တဲ့အနေနဲ့ ထွန်းကြီးဆင် ဘကောင်းကြီးကို ဆက်လက် ထိန်းကျောင်းခွင့်ရသွားတာ။

နို့မိုရင် ဒီကောင်ကြီး အလုပ်လက်မဲ့ဖြစ်ရတော့မည့်ကိန်း။ မိအေးနုကလည်း အရက်သမားမယားဖြစ်မှတော့ ပေါက်တဲ့နဖူး မထူးဇာတ်ခင်းတယ်။ သူ့ဘဝကလည်း ထွန်းကြီးအားကိုးပြီး မစားလောက် မသောက်လောက်ဘဝမျိုး ဖြစ်နေတယ်လေ။

မိအေးနု ထွန်းကြီးအရက်သောက်နေတဲ့ဆီကို ဘယ်တော့မှ လိုက်လာလေ့ရှိတာမဟုတ်ဘူး။ ထွန်းကြီးကို ပေယျာလကန် သဘောထားထားကြပြီပဲ။

* * * * * * * * *

(ငါး)

ဒီနေ့မှ ထူးထူးခြားခြား။

ပြီးတော့ ... ရေးကြီးသုတ်ပျာ ထဘီရင်လျားကြီးနဲ့။

ဒေါသပုန်ထလို့ သူ့ယောက်ျား ထွန်းကြီးကို မီးဝင်းဝင်းတောက်တဲ့ အကြည့်နဲ့။ ထွန်းကြီးကတော့ အရက်ဆိုင်မရောက်လာစဖူး ရောက်လာတဲ့ သူ့မိန်းမအေးနုကို ခပ်တင်းတင်းကြည့်ပြီး မေးတယ်။

“ဟဲ့ကောင်မ .. ဒီကို ဘာလာလုပ်တာလဲ”

“သေခြင်းဆိုး .. နင့်ကို---မလို့ဟဲ့”

“ဘာ ...နင်က ငါ့ကို ငါ့သူငယ်ချင်း လူကြီးလူကောင်းတွေရှေ့မှာ”

ထွန်းကြီးစကားကို သူ့သောက်ဖော်သောက်ဖက် ငတေကြီးနဲ့ ငမဲကြီးတို့က ဂုဏ်ယူထောက်ခံကြတယ်။ ဒါပေမယ့် ပါးစပ်ကတော့ မဟုတ်ဘူး။ ခေါင်းတညိတ်ညိတ်။

ဒါကို မိအေးနုက အဲဒီနှစ်ကောင်ကိုပါ မျက်စောင်းကြီး လှမ်းထိုးပြီး

“သေခြင်းဆိုးတွေ။ အိမ်က သေနာကျနဲ့ပေါင်းပြီး ညက မူးမူးရူးရူးနဲ့ ကြက်သားဟင်းအိုးတစ်အိုးလုံး နင်တို့သုံးယောက် မျိုသိပ်မြည်းလိုက်ကြလို့ ကုန်ပါရောလား”



www.burmeseclassic.com

www.burmeseclassic.com

"ဟေ …"

"ဟာ …"

"အို …"

"အဲဒါကို အိမ်ကသေခြင်းဆိုး၊ ကာလနာကြီး မနက်ကျတော့ မမှတ်မိဘဲ သူ့ဟင်းအိုး တဲနီးချင်းတွေ ခိုးစားတယ်ဆိုပြီး ဆဲလိုက်တာ ရစရာမရှိဘူးတဲ့။ ပြီးတော့ ဝါ့ကိုပါ ဟိုသောက်ကောင်မက ဘယ်သွားပြီး ဘယ်လင်ငယ်နဲ့ သွား--နေလဲမသိဘူးလေး ဘာလေးနဲ့ ထည့်ရမ်းပြီး ဆဲသွားတာ ပြန်ပြောကြလို့ မခံနိုင်လို့ ဒင်းဆီကို ငါလိုက်လာတာ"

ထွန်းကြီးကလည်း လူတွေရှေ့မှာ မိန်းမလုပ်တဲ့သူက ကက်ကက်လန် ရန်တွေ့တာကို မူးမူးနဲ့ မခံချင်ဖြစ်သွားတာလည်း တစ်ကြောင်း၊ မိအေးနုနဲ့ သူသရိုးသရီစွပ်စွဲထားတဲ့ အောင်သာဖဲရဲ့ အရက်ဆိုင်မှာ ဖြစ်နေတာလည်း တစ်ကြောင်းဆိုတော့ … အရှက်ကြီးရှက်၊ ဒေါသတွေ အပေါက်ကွဲကြီး ပေါက်ကွဲ …။

"ဟေ့ … မိအေးနု နင့်အပေါက်ပိတ်ထားစမ်း"

"မပိတ်နိုင်ဘူး။ တော်ဘာလုပ်ချင်သလဲ"

"တယ် … ဒီဂန်းဒါမ"

ထွန်းကြီး ပြောပြောဆိုဆိုနဲ့ စိတ်ကိုမထိန်းနိုင်ဘဲ သူ့မိန်းမ မိအေးနုကို ကျားတစ်ကောင်လို ခုန်အုပ်တယ်။

မိအေးနုကလည်း နဂိုကတည်းက ထွန်းကြီးကို မမှုလေတော့ ကျွဲတစ်ကောင်ခတ်သလို လက်နှစ်ဖက်နဲ့ ပယ်တိုက်တွန်းပြီး ထွန်းကြီးကို ဘယ်ကစ်တွေ၊ ညာကစ်တွေနဲ့ ပြန်လုန်သတ်တော့တာပေါ့။

တစ်ဖက်က မိန်းမ၊ တစ်ဖက်က ယောက်ျား။ ပြီးတော့ လင်မယားနှစ်ယောက်။

တစ်ယောက်ကိုတစ်ယောက် ချစ်တုန်းက မခွဲတမ်း စွဲစွဲလမ်းလမ်း ချစ်ကြသလို၊ ခုရန်ဖြစ်တော့လည်း မခွဲတမ်း မခွာတမ်း စွဲစွဲလမ်းလမ်းကြီးကို လုံးထွေးသတ်ပုတ်နေကြတော့တာပဲ။

အဲဒါကို အဲဒီဝန်းကျင်မှာ တစ်ယောက်ကမှ ဝင်မဖျဉ်ကြဘူး။ ဝင်လည်း မဖျဉ်ရဲကြဘူး။

"သေခြင်းဆိုး … မှတ်ပြီလား"

"သေနာမ … နင့်ကို အသေသတ်မယ်"

"ခွပ် …"

"အား …"

"ဒုတ် …"

"အူး …"

မြေကြီးထဲမှာ ဖုတ်အလူးလူး၊ ရွံ့အလူးလူး လူရိုင်းဖာတ်ခင်းနေရာက နှစ်ယောက်စလုံး ကိုယ်ပေါ်မှာ အဝတ်အစားတွေ မရှိတော့ဘူး။

ဒါပေမယ့် ရှက်ရကောင်းမှန်း မသိကြဘူး။

ဒေါသ … ဒေါသက လူစိတ်သူစိတ် ကင်းပျောက်သွားစေတယ်။

ဟိုတဲ၊ သည်တဲမှ မိန်းမသူတွေ၊ ယောက်ျားသားတွေ ပြေးထွက်လာကြပေမယ့် အဲဒီ လူရိုင်းလင်မယားနှစ်ယောက်အနားကို ဘယ်သူမှ မကပ်ရဲကြဘူး။

ဘာလုပ်ရကောင်းမှန်း မသိလို့လား၊ ဘာကြောင့်လဲတော့ မသိဘူး။ အဲဒီမိန်းမ၊ ယောက်ျားတွေဟာ ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်လုပ်နေရာက …

"ဟေ့ … ဆွဲကြပါဟ၊ ဆွဲကြပါဟ"

"မင်းဝင်ဆွဲပါလား။ သူတို့သတ်နေတာက ဝင်ဆွဲတဲ့လူကိုပါ ပြန်သတ်မယ့်ပုံ သဲကြီးမဲကြီး"

"ဝင်မဆွဲရဲရင် ရေနဲ့ပက်ကွာ … ရေနဲ့ပက်"

"အဲဒါက ခွေးတွေကိုက်မှဟာ"

အဲဒီလို တစ်ယောက်တစ်ပေါက် ပြောသာ ပြောနေကြတယ်။ ဘယ်သူမှ ဝင်မဖျဉ်ရဲ၊ မဆွဲရဲဖြစ်နေတုန်းမှာပဲ တောက်တဲ့နှစ်ကောင်လို ပူးကပ်သတ်ဖြစ်နေတဲ့ အဲဒီ တိရစ္ဆာန်လင်မယားနှစ်ယောက်ကြားထဲကို ကြိမ်စိမ်းလုံးတစ်ချောင်း ထိုးဝင်လာတယ်။ ကြိမ်စိမ်းလုံးဆိုတာက သဘာဝအတိုင်း ကြိမ်ရှူးတွေနဲ့လေ။

အဲဒီကြိမ်စိမ်းလုံးကို သူတို့နှစ်ယောက်ကြား ထိုးသွင်းလိုက်တာက သူတို့အပိုင်က တောခေါင်းအုံးသိန်း။ ဌာနဆိုင်ရာ ယူနီဖောင်းအပြည့်အစုံနဲ့၊ သူ့ကျောပေါ်မှာလည်း ရိုင်ဖယ်သေနတ်တစ်လက် လွယ်ထားလေရဲ့။

"ဟေ့ … ခွေးတိရစ္ဆာန်တွေ၊ ခုရပ်ကြစမ်း"

တောခေါင်းအုံးသိန်းရဲ့ ဩဇာအာဏာသံက အပြည့်။

*(ဆက်လက်ဖော်ပြပါမည်။)*


**ကျော်မင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com

## ဇနီး၊ သမီးနှင့် ဗေဒင်ဆရာတို့အား ရက်စက်စွာသတ်ဖြတ်မှု သေဒဏ်ချမှတ်




လွန်ခဲ့သော ၂၀၁၂ ခုနှစ်က မလေးရှားနိုင်ငံသား အသက်(၅၅)နှစ်ရှိ ကြေးနန်းရုံးအလုပ်သမား(စက်မောင်းသမား)ဖြစ်သူ မစ္စတာ Wong သည် ၎င်း၏ဇနီးအား ရက်စက်စွာ ညှဉ်းဆဲမှုဖြင့် တရားရုံးတော်မှ ၎င်းအပေါ် ထောင်ဒဏ် (၈)နှစ် ချမှတ်ခဲ့၏။ ထိုပြစ်မှုပြစ်ချက်အပြင် ဇနီးသည်အားသတ်မှု၊ မွေးစားသမီးအားသတ်မှုနှင့် ၎င်းတို့၏ အိမ်ထောင်ရေးအခြေအနေ မကောင်းကြောင်း ဗေဒင်ဟောကြားခဲ့သော ဗေဒင်ဆရာတစ်ဦးအား သတ်မှုဖြင့် ကြိုးပေးရန် သတ်မှတ်ချမှတ်ခဲ့သည် ဆိုသည်။ (ရုပ်ပုံ) ကွာလာလမ်ပူမြို့ တရားရုံးတော်ရှေ့တွင် သေဒဏ်စီရင်ချက် ဖတ်ကြားသည်ကို နားထောင်နေသော တရားခံ မစ္စတာ Wong အား ၅·၈·၂၀၁၃ ရက်နေ့က မြင်တွေ့ရစဉ်။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

*Ref: The Star(Malaysia), 6 Aug, 2013, Page(25)*

---

## ထူးထူးဆန်းဆန်း မလေးရှားနိုင်ငံမှ ပြန်ပေးဆွဲမှုတစ်မှု



မလေးရှားနိုင်ငံ၊ Shah Alam မြို့မှလာသော သတင်းတစ်ရပ်ဖော်ပြချက်တွင် လူလေးဦးတို့က မလေးရှားငွေ ရင်းဂစ်(ရင်းဂျစ်) ၃၀၀၀ ရရှိဖို့ရန် ကြံရွယ်ပြီး အမည်မဖော်လိုသူ လူတစ်ဦးအား အိမ်ဖောက်ထွင်းဝင်ရောက်ပြီး ညအိပ်နေစဉ်တန်းလန်းနှင့် အကျီဗလာနတ္ထိ၊ ကိုယ်တုံးလုံးဖြင့် ပြန်ပေးဆွဲသွားခဲ့၏။ ယင်းသို့ အိပ်ရာမှ အတင်းနှိုးထခေါ်ဆောင်ရာတွင် ၎င်းပြန်ပေးအဆွဲခံရသောလူ၏ ကိုယ်ခန္ဓာရင်ဘတ်ပေါ်၌ "ကျွန်တော်ဟာ အရူးတစ်ယောက်ပါ" ရေးသားထားခံရသည် ဆိုသည်။ ယခုအခါ ယင်းပြန်ပေးဆွဲသူ လေးဦးနှင့် မသင်္ကာဖွယ် နောက်ထပ်နှစ်ဦးတို့ကို ဖမ်းဆီးပြီး တရားရုံးတော်သို့ တင်ပို့ ကြားနာစစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားတွေ့ရှိခဲ့သဖြင့် ယမန်နေ့က စွဲချက်တင်ခဲ့၏။ ယင်းတရားခံ လေးဦးမှာ (၁) နည်းပညာရှင် Mohamad Jamil အသက် ၂၂ နှစ်၊ (၂) Mohd Mazli Sazeli (စစ်ဘက်နည်းပြဆရာ)၊ အသက် ၂၆ နှစ်၊ (၃) ဆောက်လုပ်ရေးလုပ်သား Abdul Rahmad အသက် ၂၉ နှစ်နှင့် (၄) ကုန်သည်တစ်ဦးဖြစ်သူ Mahmod Hosen အသက် ၂၇ နှစ် အသီးသီးတို့ ဖြစ်ကြသည် ဆိုသည်။ အမှုကို ဆက်လက်ကြားနာ စစ်ဆေးရန် ချိန်းဆိုထားသည် ဟု သိရ၏။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

*Ref; The Nation, 23 July, 2013, Page(3)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်အေး

(မန္တလေး)

တရာဘွမ်တောင်ကြီးဘက်မှာ နှင်းမြူတွေ ဝေနေပြီ။ လေတိုက်လိုက်တဲ့အခါကျရင် နှင်းမြူတွေဟာ အဝေးကြီးကို လွင့်ပါးသွားတယ်။ ပြီးတော့ အဆက်မပြတ် ကျဆင်းနေတာမို့ ပြန်ဖုံးလာလိုက်ပြန်တယ်။ နွေရာသီဆိုပေမယ့်လို့ မိုးတွေ ရွာချင်လည်း ရွာနေ့မယ်။ မိုးနှင်းတွေ ကျချင်လည်း ကျနေမယ်။ ကချင်နယ်၊ တြိဂံဒေသရဲ့ အခြေအနေကို အစ်ကိုသိပြီးသားပဲ မဟုတ်လား။ အရှေ့အနောက်၊ တောင်နဲ့မြောက် ဘယ်အရပ်ကိုမဆို တြိဂံနယ်မြေထဲက နင်ရော်ကောင်းကျေးဟောင်းစခန်းမှာ တာဝန်ယူခဲ့ဖူးတဲ့ အစ်ကို့အဖို့ ဒီရှုခင်းတွေကို မျက်စိထဲမှာ မြင်ယောင်နေမိမှာပါကွယ် ...။

ဟုတ်တယ်မဟုတ်လား အစ်ကို။ ဒါပေမယ့်လို့လေ အခု တရာဘွမ်လို့၊ ဂျိန်းဖောလို့ခေါ်တဲ့ သံခမောက်တောင်ကြီး။ သံခမောက်နဲ့တူလို့ သံခမောက်လို့ခေါ်တဲ့ တောင်ကြီးဘက်မှာ နှင်းမြူတွေဟာ ခါတိုင်းထက် ဝေနေပါတယ်။ ဝန်းကျင်ပတ်ချာလည်မှာလည်း မြူတွေကပိတ်လို့။ ဘယ်နေရာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူးလေ။ နင်ရော်ကောင်းတောင်ကုန်းပေါ်က တပ်စခန်းရှိတဲ့ ပင်လယ်ဘွမ်တောင်ကတုံးပြောင်ပြောင်ကြီးကိုတောင်မှ မမြင်ရတော့ဘူး။ 'မဂျီထုရော်'လို့ အစ်ကိုက နာမည်အရင်းကို ချစ်စနိုးခေါ်တဲ့ မထုကတော့လေ ဒီလိုနှင်းမြူတွေ ဝေ့နေတာတွေ၊ အရပ်လေးမျက်နှာကို မမြင်ရတာတွေကို ကြည့်ပြီး မထုတို့ရဲ့ ကချင်ပြည်နယ်၊ တြိဂံဒေသဟာ မိုးမှောင်ကြီးကျနေတုန်းပါပဲလားလို့ တွေးမိနေပါတယ်။

တောင်ယာတွေဟာ အခုဆိုရင် ခုတ်ပြီးလို့ မီးရှို့ချိန်ရောက်နေပါပြီ။ ဒါပေမယ့်လို့ မထုတို့ မီးမရှို့ကြရသေးဘူး အစ်ကို။ မထုတို့ရဲ့ ပြည်နယ်က သောင်းကျန်းသူ အဖျက်သမားတို့က ပိတ်ပင်ထားကြလို့ပါပဲ။ မထုတို့ကိုလည်း ရွာပုန်းကနေ ဘယ်ကိုမှ ထွက်ခွင့်မပေးကြဘူး။ တပ်မတော်စစ်ကြောင်းနဲ့ တွေ့ပြီး စည်းရုံးခေါ်ဆောင်သွားမှာကို စိုးရိမ်လို့တဲ့။ အခုတော့ မထုတို့ရဲ့ ဒေသမှာ တောင်ယာမီးနိုးတွေလည်း မဝေနိုင်၊ စပါးလည်း မစိုက်နိုင်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

တို့ မဖွံ့ဖြိုး မတိုးတက်သေးပါကလား မထုရယ်လို့ အစ်ကိုပြောခဲ့တာကို အမှတ်ရနေမိပါတယ် အစ်ကိုရယ်။ စင်စစ် အစ်ကိုတို့က တိုင်းပြည်တာဝန်ကို ထမ်းရွက်နေရတဲ့ တပ်မတော်သားတွေ၊ ပြည်ထောင်စုရဲ့ ပြည်တွင်းပြည်ပ ရန်စွယ်အန္တရာယ်မှန်သမျှ အသက်ပေးပြီး ကာကွယ်တွန်းလှန် တိုက်ခိုက်နေရတယ်လေ။ အစ်ကို မကြာခဏ ပြောပြခဲ့ဖူးလို့ မှတ်မိနေတာပါ။ မထုတို့ကတော့ အစ်ကိုတို့နဲ့ ခေတ္တခဏ တွေ့ကြုံဆုံစည်းနေကြတဲ့အခိုက် အစ်ကိုတို့ရဲ့ ရိက္ခာတွေကို စစ်ကြောင်းချီတက်ရာ ခရီးလမ်းတစ်လျှောက် ကြုံဆုံလို့ လိုက်ပါသယ်ယူ ပို့ဆောင်ပေးရတဲ့ အထမ်းသမလေးတွေပေါ့။ ရွာက မထုတို့ရဲ့ အစ်ကိုမောင်ဖားတွေလည်း ပါလာကြတာပေါ့။ အစ်ကိုတို့စခန်းချတဲ့ ယာယီစခန်းနေရာကို ရောက်တဲ့အခါ မထုတို့ကို အစ်ကိုတို့ဆီက ဆာဂျင် I/O က တာဝန်တွေ အသီးသီးခွဲဝေပေးတယ်။ မထုတို့ အစ်ကိုတွေနဲ့ ရွာသားတွေက အစ်ကိုတို့ဆက်သွယ်ရေးစက်တွေ ထမ်းပိုးကြရမယ်။ တချို့က ခဲယမ်းမီးကျောက်၊ မထုတို့ မိန်းကလေးတွေက ပေါ့ပါးတဲ့ ရိက္ခာတွေထမ်းပိုး ပို့ဆောင်ပေးကြရမယ်လို့ တာဝန်ခွဲပေးတယ်။

နောက်တစ်နေ့မနက် စောစော အစ်ကိုတို့ စစ်ကြောင်းခရီး ထွက်ကြတဲ့အခါ မထုတို့ပါ လိုက်ကြရတယ်။ အဲဒီတုန်းက အစ်ကိုတို့ ခိုင်းတာကို လုပ်ရပေမယ့်လို့ မထုတို့ မလိုက်ချင်ခဲ့ပါဘူး။ အိမ်ကိုပဲ ပြန်ချင်တယ်။ အဖေအိုကြီးနဲ့ ညီမလေးကို လွမ်းတယ်။ ညီမလေးက ဆယ်နှစ်ပဲရှိသေးတော့ အဖေနဲ့ ထားခဲ့ရမှာ စိတ်မချဘူးလေ။ ကလေးဆိုတော့ အဖေ့အတွက် အကူအညီမရဘဲ အနှောင့်အယှက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးတာပေါ့။ မထု ငိုလိုက်ချင်တယ်။ ညဘက် အင်ဂေါင်ပွန်ရွာ ပောင်းမယ် မီးဖိုဘေးမှာ အိပ်တဲ့အခါ အိပ်လို့မပျော်ဘဲ မထု ငိုမိပါတယ်။ နောက်တစ်နေ့မနက် စစ်ကြောင်းဆက်ထွက်တော့ မထုတို့ပါ လိုက်ခဲ့ကြရတယ်။ ရိက္ခာတွေကို နောက်လွယ်နဲ့ လွယ်ခဲ့ရတာပေါ့။ ခွဲဝေပေးတဲ့ ရိက္ခာတွေက အလေးကြီးတော့မဟုတ်ပါဘူး။ ဝန်ပေါ့တွေပါ။ ဒါပေမယ်လို့ ရိက္ခာ မထုတို့ စိတ်ထဲက မပါတော့ လေးတယ်လို့ ထင်တယ်။ မလွဲမရှောင်သာလို့ လိုက်ခဲ့ရပေမယ့် စိတ်က ဝမ်းနည်းတယ်။ မထုမျက်ရည်တွေ ကျနေတာကို ရဲဘော်တစ်ယောက်က မြင်လို့ လာမေးတယ်။

"ဘာဖြစ်လို့ ငိုနေတာလဲ" တဲ့။

မထုက ဗမာလို နားလည်ပေမယ့် ပြန်မဖြေပါဘူး။ 'အင်ကျွဲ့' လို့ပဲ ဂျိန်းဖောလို နားမလည်ဘူးလို့ ဖြေလိုက်တယ်။ ဒါကြောင့် မထုကို နောက်ထပ် ဘယ်သူမှ လာပြီး မမေးကြတော့ဘူး။ တဖြည်းဖြည်း ရက်တွေကြာလာတဲ့အခါ စစ်ကြောင်းနဲ့အတူ ဝန်ထမ်းလိုက်ရတာကို ဖျော်လာတယ်။ အဖေနဲ့ ညီမလေးကို လွမ်းတာလည်း နည်းနည်းလျော့သွားတယ်။ တစ်နေ့တစ်နေ့ ခရီးသွားရတာလည်း သိပ်ပင်ပန်းတယ်လို့ မထင်တော့ဘူး။ ပြီးတော့လည်းလေ အစ်ကိုတို့ တပ်မတော်သားတွေ သွားတာ၊ လာတာ၊ လုပ်တာ၊ ကိုင်တာတွေကို ကြည့်မြင်တွေ့ရှိရလို့ သဘောပေါက်လာတယ်။ နားလည်း လည်လာမိပါတယ်။

သောင်းကျန်းသူတွေထဲက တပ်သား အင်ဖွန့်ဂန် ပြောသလို ဗမာတပ်တွေက ဆိုးတယ်၊ ရွာသားတွေကို သတ်တယ်ဆိုတာ မထုအမြင်မှာတော့ လုံးဝမဟုတ်ပါဘူး။ ဗမာတပ်ဆိုပေမယ့်လို့ အစ်ကိုတို့ တပ်မတော်ထဲမှာ ဗမာရော၊ ဂျိန်းဖောရော၊ ရှမ်းရော၊ ချင်း၊ ကရင်နဲ့ မွန်တွေ၊ ရခိုင်တွေ လူမျိုးပေါင်းစုံပါနေတာ မထုတွေ့တယ်။ စက်လတ်လွယ်တဲ့ စောသာဖိုးကြီးဆို မထုနောက်လွယ်ကို ပိုးပြီး နဖူးမှာ ကြိုးကိုသိုင်းပြီဆိုတာနဲ့ ပလိုင်းကို အမြဲ လာမပေးတယ်။ ချင်းရဲဘော်လေး ဖြူဇတမ်းဆိုရင်လည်း အမြဲကူညီတယ်။ သဘောလည်း သိပ်ကောင်းတာ။ စစ်ကြောင်းချီတက်တဲ့အခါ တောင်ယာတွေ၊ ရွာပုန်းတွေ အစ်ကိုတို့ ဝင်ရှင်းတယ်။ ရှင်းပြီးတဲ့အခါ ရိက္ခာရှာရင်း ဝက်တို့၊ ကြက်တို့အပြင် ရွာပုန်းအပြင်ဘက် တောထဲတောင်ထဲမှာ ရှာလို့တွေ့တဲ့ ကျွဲအတွက်ပါ အစ်ကိုတို့စစ်ကြောင်းက တန်ရာတန်ဖိုး ငွေရှင်းပေးတာ သေသေချာချာ တွေ့ရပြန်တော့ မထုအံ့သြမဆုံးပါဘူး။ မထုတို့လူမျိုး သောင်းကျန်းသူတပ်သားတွေကတော့ ရွာထဲဝင်တွေ့သမျှ စားစရာ တောင်ယာဆန်၊ ကြက်၊ ဝက် အကုန်သိမ်းကျုံးယူသွားတာ။ တန်ရာတန်ဖိုးပေးဖို့ဆိုတာကတော့ စဉ်းတောင်စဉ်းစားရဲ့လား မဆိုနိုင်ဘူး။ အင်ဖွန့်ဂန်တို့ဆို မထုနဲ့ ညီမလေးနှစ်ယောက်သား လျှိုအနိမ့်ထဲက ချောင်းထဲဆင်းရှာထားတဲ့ ငါးခြောက်ကလေးတွေတောင် ကြပ်ခိုးစင်ပေါ်က ဖြုတ်ယူသွားသေးတယ်လေ။ ညီမလေးဆို သူ

www.burmeseclassic.com

ပင်ပင်ပန်းပန်းရှာထားတဲ့ ငါးကလေးတွေ ခြောက်တောင်မခြောက်သေးဘူး ယူသွားတော့ ဝမ်းနည်းလို့ ငိုလိုက်တာ တော်တော်နဲ့ကို အငိုမတိတ်ခဲ့ပါဘူး။ မထုတို့ ခုလို သိရ၊ နားလည်ရတာကလည်း အစ်ကို့ကြောင့်ပဲ မဟုတ်လား။

စစ်ကြောင်းက စပါးထောင်းဖို့ နားကြတဲ့အခါ အစ်ကိုတို့ ရဲဘော်တွေက စပါးထောင်း၊ မထုတို့က ဆန်ပြာ၊ ကိုယ်စားရမယ့် ရိက္ခာမို့ အားလုံးကပဲ ဝိုင်းဝန်းသယ်ကြ၊ ထောင်းကြ၊ ပြာကြနဲ့ ပင်ပန်းတယ်ဆိုပေမယ့် ပျော်ပါတယ်။ ကြမ်းကြမ်းတမ်းတမ်းနဲ့ တပ်မတော်သားတွေ ကြားထဲမယ် မထုတို့တစ်တွေ မိန်းကလေးတစ်သိုက် ပါလာပေမယ်လို့ အားလုံးက သမီးကလေးတွေလို၊ နှမငယ်လေးတွေလို ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ စောင့်ရှောက်ခဲ့ကြတာကို အမှတ်ရနေမိပါတယ်။ အစကတော့ မထု နားမလည်ခဲ့ဘူးလေ။ ဒါပေမယ်လို့ အစ်ကိုရှင်းလင်းပြောပြခဲ့လို့ မထု နေ့စဉ်နေ့တိုင်းမြင်တွေ့နေရလို့ရယ်၊ တပ်မတော်သားတွေ ဘာဖြစ်လို့ ဒီလောက် ပင်ပင်ပန်းပန်းနဲ့ ဆင်းရဲဒုက္ခခံနေကြရတယ်ဆိုတာ နားလည်ခဲ့ရပါတယ်။ တကယ်ဆိုတော့လည်း အစ်ကိုရယ် . . . မထုတို့တြိဂံနယ်မြေဟာလေ ဟိုးအရင် အရင်ကတော့ အင်မတန်သာယာတဲ့ ဒေသပါ။ ရွာကြီးတွေဟာဆိုရင်လည်း အိမ်ကြီးတွေက အရှည်ကြီး။ ဆွေမျိုးများကြတော့ အိမ်ကြီးတွေကလည်း ရှည်လာကြတာပေါ့။ ရွာမှာဆို အိမ်တွေကလည်း အများကြီး။ တစ်ရွာနဲ့တစ်ရွာ သွားဖို့၊ လာဖို့ ဖောက်ထားတဲ့လမ်းတွေဟာ ဆိုရင်လည်း ကောင်းနေတာပဲ။ အခုများကျတော့ အဲဒီရွာကြီးတွေမှာ မထုတို့ မနေကြရတော့ဘူး။ အားလုံး ချောင်းကြို၊ ချောင်းဖျား၊ တောင်ကြိုတောင်ကြားတွေဆီ ပြောင်းပြီး ရွာပုန်းတွေ တည်ပြီးနေကြရတယ်။ တချို့ဆို ဟိုဝေးလံခေါင်သီတဲ့ တောင်ယာတွေမှာ သွားနေကြရတယ်။ ဒါတောင် စုစုဝေးဝေးမနေကြရဘူး။ ဗမာစစ်တပ်တွေလာရင် အတွေ့မခံရဘူးလို့ အမိန့်ထုတ်ထားတာမို့ စစ်တပ်လာတာတွေ့မြင်ရတာနဲ့ ပြေးရ၊ ရှောင်ရ၊ ပုန်းနေကြရတယ်။

သူတို့ထုတ်ထားတဲ့ အမိန့်ဆိုတော့လည်း ကြောက်ကြရတာပဲ မဟုတ်လား။ သူတို့အမိန့်ကို မလိုက်နာရင် အသတ်ခံရမှာကိုး။ ဘာပဲဖြစ်ဖြစ် မထုတို့ကတော့ တောင်ယာဆန်ကလွဲပြီး ဝဝလင်လင် စားစရာ ဘာမှမရှိဘူး။ အဝတ်လည်းမရှိ၊ ဆေးဝါးဆိုလည်း မပြောပါနဲ့တော့။ လူတွေလည်း နာဖျားလို့ တော်တော်သေကြတယ်။ လူကြီးတွေကတော့ ကပ်ဆိုက်တာတဲ့။ နှစ်ဆိုးတဲ့၊ မထုနားလည်ပါတယ်လေ။ အစ်ကိုပြောသလို ဆေးဝါးမရှိ၊ စားတဲ့အစာကလည်း အာဟာရမဖြစ်၊ ရာသီဥတုကလည်း ကြမ်းတော့ ဒဏ်မခံနိုင်ဘူးပေါ့။ ဒါနဲ့ ကျန်းမာရေးတွေ ညံ့လာ၊ ကုသမှုလည်း မခံရတော့ သေကုန်ကြရတာပဲ မဟုတ်လား။ အစ်ကိုတို့စစ်ကြောင်း ဝင်လာခါစတုန်းက ရွာပုန်းထိပ်မှာ စတွေ့ခဲ့ရတဲ့ ဦးဂျွန်နော်လည်း သေသွားပြီ။ ဒေါ်လဆီးဂျွန်လည်း သေပြီ။ အဖေတောင် သေဖို့တည်းတည်းလေ။။ ဒါပေမယ့် ဘုရားသခင်ရဲ့ စောင့်ရှောက်မှု ခံယူရတဲ့အတွက် မသေခဲ့ဘူး။ အဘော်ကြီးတော့ ပိန်လှီသွားတယ်။ ရှေ့နှစ်ခါဆိုရင်တော့ အဖေလည်း ကောင်းကင်ဘုံရောက်သွားတော့မှာလားလို့ မထု စဉ်းစားမိသေးတယ်။ မဖြစ်ပါစေနဲ့။ အဖေ့ကို ဘုရားသခင် ကောင်းချီးပေးပါစေလို့ ဆုတောင်းရတာလည်း အမောပါပဲကွယ်။

အစ်ကိုရေ . . . အခုအချိန်ဟာ ညနေ နေဝင်ချိန်လေ။ မလီခဘက်ကို နေဝန်းကြီး ဆင်းသွားပြီ။ တရာဘွမ်ဘက်မှာတော့ သူ့အရောင်နီဝွေးဝွေးလေး ကျန်သေးတယ် အစ်ကို။ မထုတို့ တောင်ယာကနေ လှမ်းကြည့်လိုက်ရင် မှုန်ရီဝေဝါး။ ငိုးတဝါးလေးနဲ့ လွမ်းသလို၊ ဆွေးသလိုတောင် ဖြစ်မိတယ် အစ်ကိုရယ် . . .။ ခုလို ပုစွန်ဆီသွေးရောင်လွှမ်းနေတဲ့ ဆည်းဆာလေးမှာပဲ အစ်ကို မထုတို့ကို ကျောခိုင်းပြီး ထွက်သွားခဲ့တာနော်။ ဒီနှစ်မှာ တောင်ယာတွေက စပါးအထွက်လည်း ညံ့တယ်။ ကျောက်ဖရုံသီးနဲ့ ပိန်းဥတွေတောင် အစ်ကိုတို့ရောက်ခဲ့တဲ့ နှစ်တုန်းကလို မသီးကြဘူး။ စပါးထွက်တာ ညံ့တော့ လူတိုင်း ဒုက္ခရောက်ရတယ်။ ဝါလည်း အထွက်နည်းလိုက်တာ။ မထုတို့ ဝတ်တဲ့ ဂျပ်ခုတ်တစ်ထည်စာ ရဖို့တောင် အနိုင်နိုင်ရယ်။ အနွေးထည်ကတော့ လုံးဝကို မရှိကြတော့ဘူး။ ဖာ၊ ပြ၊ ဆုတ်၊ ဖွာ အနွေးထည်လေးနဲ့ပဲ အချမ်းကို အန်တုနေရတယ် အစ်ကိုရယ်။ မထုတော့လေ အနွေးထည်လေး စုတ်ချင်စုတ်ပါစေ၊ အစ်ကိုပေးထားခဲ့တဲ့ စောင်ကလေးကို ခြုံပြီး မီးလင်းဖိုလေးရဲ့ အနွေးအောက်မှာ အစ်ကိုနဲ့ ခင်မင်မိတဲ့ အကြောင်းလေး



www.burmeseclassic.com

www.burmeseclassic.com

တွေကို စဉ်းစားလိုက်၊ အစ်ကိုကို သတိရလိုက်နဲ့။ မထုကတော့ အစ်ကို့ကို သတိရနေလိုက်တာ။ အစ်ကိုရော သတိရသေးရဲ့လားဟင် ...။

တစ်နေ့ အစ်ကိုတို့တပ်စု နယ်မြေရှင်းလင်းဖို့ တိုက်ကင်းထွက်သွားတယ်။ အရုဏ်တက်ခါစအချိန်၊ နေထွက်တော့မယ့်ပေါ့။ ခုလိုပဲ မြူနှင်းတွေက ဝေနေတယ်။ လေကလည်း ထူးထူးခြားခြား တိုက်နေလိုက်တာ တအားပါပဲ။ မိုးမရွာလို့ တော်သေးတယ်။ မိုးသာရွာလို့ကတော့ တောင်ပေါ်လမ်းတွေလည်း ချောကုန်ပြီ၊ သွားရေးလာရေး အဆင်မပြေနိုင်တော့ဘူး။ အဲဒီနေ့ကို မထုမှတ်မိတယ်။ မထုက မနက်စောစောထပြီး ဆန်ပြာနေတယ်။ လူက ဆန်ပြာနေပေမယ့် စိတ်ကတော့ တစ်မျိုးကြီးပဲ။ လေးလေးလံလံ၊ ပအီမလည်ကြီး။ ဒီနေ့ ထူးဆန်းနေတယ်လို့တော့ အလိုလိုထင်မိသား။ နေ့လယ်စာစားတော့လည်း ခါတိုင်းလို မမြိန်ပြန်ဘူး။ စစ်ကြောင်းက ဒီနေ့ ချက်ကျွေးတဲ့ ကျွဲသားဆီပြန်ဟင်းက အရင်နေ့ဆို ထမင်းဇလုံ သုံးဇလုံလောက်တော့ အသာလေးပေါ့။ ဟင်းကောင်းရဲ့သားနဲ့ ငါဘာလို့ မြိန်ရေရှက်ရေ မစားနိုင်တာပါလိမ့်လို့ တွေးမိသား။

မွန်းလွဲလောက်ကျတော့ စစ်ကြောင်းက တပ်စုနှစ်ခု တပ်ခွဲမှူးနဲ့ လိုက်သွားတာ တွေ့လိုက်ရတယ်။ မနက်စောစောက တိုက်ကင်းထွက်သွားတဲ့တပ်စု သောင်းကျန်းသူတွေနဲ့ တွေ့ပြီး တိုက်ပွဲဖြစ်တယ်လို့ ကြားလိုက်ရတယ်။ လမ်းလျှောက်စကားပြောစက်နဲ့ အကြောင်းကြားလို့ သိရတယ်လို့ ပြောတယ်။ ညနေစောင်းလောက်မှာ တပ်ခွဲတစ်ခွဲလုံး ပြန့်ဝင်လာကြတယ်။ တပ်ခွဲမှူးကတော့ စစ်ကြောင်းမှူးဆီ ချက်ချင်းသွားပြီး သတင်းပို့တယ်။ ရဲဘော်တစ်ယောက်၊ နှစ်ယောက်လောက်ကတော့ နည်းနည်းပါးပါးပဲ ဒဏ်ရာရခဲ့တာနဲ့ တူပါတယ်။ တစ်ယောက်က လက်မောင်းတစ်ဖက်မှာ ပတ်တီးစည်းထားတယ်။ တစ်ယောက်က ခေါင်းမှာ ပတ်တီးစည်းထားတယ်။ ခေါင်းဆိုပေမယ့် နဖူးကို ရှပ်ထိမှန်တာမို့ စိုးရိမ်စရာမရှိတော့ဘူးလို့ ပြောသံကြားလိုက်ရတယ်။ မထုတို့ကလည်း စပ်စပ်စုစုတွေမဟုတ်လား။ ဘယ်သူက ဘယ်လိုထိတာတုံး၊ ဘာညာနဲ့ မေးမြန်းရင်း အစ်ကို့ကို လိုက်ရှာမိတယ်။ အစ်ကိုဘယ်မှာလဲ၊ ဘယ်ရောက်နေတာတုံး။ အဲဒီအချိန် စခန်းထဲကို စောင်ပုခက်မှာ ဒဏ်ရာရတဲ့ လူနာရဲဘော်တစ်ယောက်ကို စစ်သည်လေးယောက် တစ်လှည့်စီ ထမ်းလာကြတယ်လေ။ အမယ်လေး သွေးတွေနဲ့ ဘယ်သူပါတုံးလို့ အပြေးအလွှား သွားကြည့်လိုက်တော့ ... အမယ်လေး ... ဘုရားသခင် ကယ်တော်မူပါ။

စောင်ပုခက်ထဲက လူနာရဲဘော်ဟာ အစ်ကိုမှ အစ်ကိုအစစ်ပါလေ။ ကျွန်မမျက်လုံးတွေ ပြာနေပြီ။ နောက်က လိုက်လာတဲ့ ကော့ဂျာသာ ကျွန်မကို မထိန်းပေးခဲ့ရင် ကျွန်မ မူးမေ့လဲကျသွားမှာပဲ။ ရင်ခွင်တစ်ခုလုံး ဖြောင်းဆန်နေတယ်။ ဆို့နင့်တဲ့ ခံစားမှုနဲ့အတူ မထုပါးပြင်ပေါ်မှာ မျက်ရည်က မင်းမူနေပြီ။ ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်။ အစ်ကိုဟာ မျက်စိတောင်မဖွင့်နိုင်ရှာဘူး။ ဒဏ်ရာက ပြင်းလို့ထင်ပါတယ်။ စစ်ကြောင်းက ဆေးအရာခံဗိုလ်က မော်ဖင်းထိုးပေးလိုက်လို့ ငြိမ်နေတယ်။ ညည်းသံညူသံ ထွက်မလာဘူး။ အစ်ကို့တစ်ကိုယ်လုံး သွေးတွေရွဲလို့။ ဒဏ်ရာကို စည်းထားတဲ့ ပတ်တီးဖြူလည်း အရောင်ပြောင်းနေပြီ။ စစ်ဝတ်စုံလည်း မစိမ်းတော့ဘဲ ချိပ်နီသွေးရောင် ဖြစ်နေပြီ။ ဘုရားသခင် ... အစ်ကို့ဒဏ်ရာတွေ သက်သာပျောက်ကင်းအောင် ကြည့်ရှုပေးတော်မူပါ။ မထု အငိုလွယ်ပေမယ့် အရှိက်ခက်ရဆုံးက အစ်ကို့ရဲ့ ချိပ်နီသွေးရောင် စစ်ဝတ်စုံက အပြာအကွဲတွေကို မထုကိုယ်တိုင် ချုပ်ပေးခဲ့တာ။ ဒီစစ်ဝတ်စုံလေးက အစ်ကို့နဲ့အရမ်းလိုက်တာ။ ခုတော့ အစ်ကိုရယ် ... မထုဝမ်းနည်းတာပဲ သိတော့တယ်။

ရဲဘော်တွေ ပြောတာ ကြားရတာက တိုက်ကင်းတပ်စုဟာ သောင်းကျန်းသူနှစ်ဆယ်လောက်နဲ့ တောင်ကြောပေါ်မှာ တည့်တည့်တိုးပြီး တိုက်ပွဲဖြစ်တယ်တဲ့။ အစ်ကိုတို့တပ်စိတ်က ပွိုင့်တပ်စိတ်ဆိုတော့ ရှေ့ဆုံးကနေ ရန်သူကို နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရတယ်တဲ့။ တိုက်ပွဲကတော့ နှစ်ဖက်တပ် တည့်တည့်တိုးဆိုတော့ ပြင်းထန်သလားမပြောနဲ့။ ပစ်ကူသွားတဲ့ တပ်ခွဲမှူးနဲ့ တပ်စုနှစ်စုရောက်တော့မှပဲ ရန်သူက ဆုတ်ခွာပြေးရှောင်သွားတာတဲ့။ ရန်သူလေးယောက် ကျဆုံးပြီး သေနတ်လေးလက်နဲ့ ကျောပိုးအိတ်သုံးလုံး ရလိုက်တယ်လို့ ပြောကြတယ်။ မထုအတွက် ဒါတွေက အရေးသိပ်မကြီးပါဘူးလေ။ အခုချိန်မှာ မထု အဖြစ်စေချင်ဆုံးက ဒဏ်ရာပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com

စွာရထားတဲ့ အစ်ကို အမြန်ပြန်နေကောင်းပါစေကွယ် ...။

အဲဒီနေ့က စစ်ကြောင်းမှူးကိုယ်တိုင် အစ်ကို့ကို ဂရုတစိုက် ကြည့်ရှုအားပေးတယ်။ ဆေးအရာခံဗိုလ်ကြီးဆိုလည်း အစ်ကို့နားမှာပဲ။ စစ်ကြောင်းက ရဲဘော်တွေကလည်း မျက်နှာမကောင်းကြဘူး။ မထုတော့ ရင်ကွဲမတတ် ငိုရလွန်းလို့ ငိုသံတောင်မထွက်လာတော့ဘူး။ ကော့ဂျာကလည်း ဖက်ထားပြီး အားပေးရှာပါတယ်။ "မကျီထုရယ် ... စိတ်ကိုလျှော့ထား။ အားတင်းထား။ သူမသေနိုင်ပါဘူး။ ခဏနေ ကွန်ဘွိုင်ယာဥ်တန်းရောက်လာရင် သူ့ကို ဆေးရုံပို့မှာပေါ့" ကော့ဂျာအားပေးပေမယ့်လည်း မထုကတော့လေ စိတ်မတင်းနိုင်သေးပါဘူး။ "အဖ ... ထာဝရဘုရားသခင်၊ အစ်ကိုတစ်ယောက် ဘေးမသီ ရန်မခဘဲ အမြန်ကျန်းမာလာအောင်၊ ဒဏ်ရာတွေ သက်သာပျောက်ကင်းအောင် မစတော်မူပါဘုရား" လို့ ထပ်ကာတလဲလဲ ဆုတောင်းနေမိတော့တယ်။

ကော့ဂျာ ပြောသလိုပဲ။ ညနေဆည်းဆာချိန်မှာ ယာဥ်တန်းရောက်လာတယ်။ စခန်းကို ရိက္ခာလာပို့တာလေ။ ဒဏ်ရာရနေတဲ့ ရဲဘော်ကို ပြန်ခေါ်သွားမှာမို့ ပါလာတဲ့ ရိက္ခာတွေကို စစ်ကြောင်းက ရဲဘော်တွေ အင်တိုက်အားတိုက် ဝိုင်းဝန်းသယ်ကြတယ်။ ယာဥ်တန်းမှူးကလည်း ယာဥ်တန်းကို ချက်ချင်းဆက်ထွက်မှာမို့ စစ်ကြောင်းမှူးကို သတင်းပို့ပြီး လူနာ အစ်ကိုကို့တင်ပြီး ထွက်သွားတော့တယ်။ အစ်ကို့ကို အနီးကပ်ပြုစုဖို့ ဆေးတပ်သားကိုထွန်းရီ လိုက်သွားသးတယ်။ မော်တော်ယာဥ်တန်းဟာ စခန်းတောင်ကုန်းပေါ်က ဆင်းသွားတော့ ကားတွေရဲ့ နောက်မှာ ဖုန်လုံးတွေဆူဝေပြီး ကျန်ခဲ့တယ်။ မော်တော်ယာဥ်တွေရဲ့ နောက်မီး နီနီလေးတွေဟာ သီတင်းကျွတ်မီးပုံးတွေလို တစ်ညီတည်းတန်းလို့။ ကွေ့ကောက်နေတဲ့ တောင်ပေါ်လမ်းအတိုင်း ယာဥ်တန်းက မောင်းသွားတာမို့ ရှေ့ဘက်မှာ မော်တော်ယာဥ် ရှေ့မီးရောင်တွေ ဝိုးဝိုးဝင်းဝင်းထိန်လင်းလို့။ နောက်မီးနီနီတွေကလည်း ရဲရဲညီးညီး လင်းလက်ပြိုးပြက်လို့။ တရုတ်နဂါးကြီးတစ်ကောင် စိတ်ဆိုးမာန်ဆိုးနဲ့ ပါးစပ်က မီးတွေမှုတ်ထုတ်ပြီး ဆင်းသွားတာနဲ့ တူလိုက်တာ။

ဒါပေမယ်လို့ မော်တော်ယာဥ်တန်းကို မထုမမြင်ရတော့ဘူး။ ဖုန်လုံးတွေ တလိပ်လိပ် ထနေလို့လည်း မဟုတ်ပါဘူး။ မီးရောင်တွေလင်းလက်နေလို့လည်း မဟုတ်ပြန်ဘူး။ မထုမျက်ရည်တွေ မျက်ဝန်းအိမ်မှာ ခိုနားနေလို့ပါ။ မထု အစ်ကို့ကို စိတ်ထဲကနေ နှုတ်ဆက်ပါတယ် အစ်ကိုရယ်။

"သွားပေဦးတော့ အစ်ကိုရေ။ နောင်ကြုံတဲ့အခါ ပြန်ဆုံကြရတာပေါ့နော်"

အဲဒီနောက် ညဥ့်က အမည်းရောင် ကမ္ဗလာကြီးကို ဆင်မြန်းလိုက်တာမို့ ဘာဆိုဘာမှ မမြင်ရတော့ဘူး။ အဲဒီညလေးမှာ ကြယ်တွေလည်း မလင်းလက်ခဲ့ပါဘူး။ လေပြည်လေးလည်း မတိုက်ခတ်ခဲ့ပါဘူး။ နှုတ်မဆက်ဘဲ ထွက်သွားတဲ့ အစ်ကို့ကို မထု ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ မထု အမြဲအမှတ်ရ သတိရဖြစ်နေမှာပါကွယ် ...။ ခုတော့ မထု တစ်ယောက်တည်း အမှောင်ထဲမှာ ကျန်ခဲ့ရပြီကွယ်။

"တြိဂံဒေသဟာ သောင်းကျန်းသူ အဖျက်သမားတွေရဲ့ ညှဥ်းပန်းနှိပ်စက်မှု အမှောင်ထဲမှာ ကျရောက်နေတာမို့ အပင်ပန်း၊ အဆင်းရဲခံပြီး အစ်ကိုတို့တွေ ရောက်ရှိလာကြတာပါ" လို့ အစ်ကိုပြောဖူးတဲ့စကားကို မထုအမြဲပဲ ကြားယောင်နေမိတယ်။ မထုတို့ အစ်ကိုမရှိတော့ပေမယ့် အစ်ကိုတို့စစ်ကြောင်းနဲ့ပဲ သုံးလကြာအောင် ဝန်ထမ်းလိုက်ခဲ့ကြတယ်။ ဘွန်ရောင်ရွာသားတွေလည်း မထုတို့နဲ့ အတူတူ လိုက်လာကြတယ်။ သူတို့ဘာသာသူတို့ လိုက်ချင်ပါတယ်လို့ စစ်ကြောင်းမှူးကို လာပြောကြလို့ ခေါ်လာခဲ့ရတာလေ။ မထုတို့ ပျော်ပါတယ်။ မထုတို့က ဝန်ကို ထမ်းပိုးပို့ဆောင်ပေးရတဲ့ ဝန်ထမ်းတွေဖြစ်ပေမယ်လို့ အားလုံးနဲ့ တန်းတူရည်တူထားပါတယ်။ အားလုံးက မထုတို့ကို ခင်ခင်မင်မင်၊ ကြင်ကြင်နာနာ ဆက်ဆံကြတယ်။ နှမသားချင်း အရင်းအချာလို စောင့်ရှောက်တယ်။ အသားဟင်းကိုတောင် ညီတူညီမျှ စားကြရတယ်။ ဖရုံသီးဟင်းလည်း အညီအမျှ၊ ကျောက်ချဥ်ပေါင်လည်း အတူတူ၊ ရတဲ့ အသီး,သားငါးကိုလည်း ဝေငှကာ စားသောက်ကြတယ်။ မကျန်းမမာ၊ ဖျားနေရင်လည်း ရင်ကျပ်၊ ချောင်းဆိုး၊ ခေါင်းကိုက်တာကအစ စစ်ကြောင်းက ဆေးဝါးနဲ့ အေးဆေးပါပဲ။ ရောဂါပိုးတွေ အားလုံးလျှောခနဲပဲ။

မထုတို့တစ်တွေ ရွာကိုပြန်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

တောင်ယာခုတ်ဖို့ အချိန်လည်းကျပြီမို့ ပြန်ခွင့်ပြုပါလို့ စစ်ကြောင်းမှူးကို အခွင့်တောင်းကြတယ်။ စစ်ကြောင်းမှူးကလည်း လိုလိုလားလားပဲ ခွင့်ပြုခဲ့ပါတယ်။ မထုတို့တစ်တွေ အလုပ်လုပ်ခဲ့ကြရတဲ့ ရက်တွေအတွက် ရသင့်ရထိုက်တဲ့ ဝန်ထမ်းခငွေ တစ်ပြားမကျန် အားလုံးရှင်းပေးတယ်။ အပိုဆောင်းဆုကြေးဆိုပြီး တစ်ယောက်ချင်းစီကို ကစ်ထောင့်ငါးရာကျစီ ပေးလိုက်သေးတယ်။ မထုတို့တစ်တွေ ဝန်ထမ်းလုပ်အားခတွေပိုက်၊ ကယ်ဆယ်ရေးစောင်တွေ၊ အဝတ်အထည်တွေ၊ ဖလန်နယ်စတွေ ကိုယ်စီရလို့ ဝမ်းသာအားရ တစ်ပွေ့တစ်ပိုက်နဲ့ ပြန်ကြတော့မယ့်နေ့မှာ အစ်ကို့သတင်းကို ကြားလိုက်ရတယ်။

ကိုယ်ရောစိတ်ပါ အပင်ပန်းအဆင်းရဲခံပြီး အစ်ကိုတို့စစ်ကြောင်းချီတက်ရာ ခရီးကြမ်းတစ်လျှောက် မညည်းမညူ လိုက်ပါထမ်းပိုးပို့ဆောင်ပေးလို့ရတဲ့ ဝန်ထမ်းခတွေရလို့ ဝမ်းသာရတာတွေ၊ စုစည်းကျေးရွာအတွက် ဖွံ့ဖြိုးရေးကပေးတဲ့ အဝတ်အထည်တွေ၊ စောင်တွေ၊ အိုးခွက်နဲ့ ပန်းကန်ပြားတွေ အများကြီးရလို့ ဝမ်းသာတာတွေ၊ ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ပြီး အဖေနဲ့ ညီမလေးကို တွေ့ရတော့မှာမို့ ဝမ်းသာရတာတွေဟာ အစ်ကို့သတင်းကို ကြားလိုက်ရတာနဲ့ တစ်ခါတည်း ဘယ်ကိုရောက်မှန်း မပြောတတ်တော့ဘူး။ စောစောက ဝမ်းသာရတာနဲ့အမျှ ဝမ်းနည်းကြေကွဲရတယ်။ မျက်ရည်တွေဟာ ဘယ်တော့မှ မခန်းနိုင်တော့တဲ့ မလီခလို သွန်ကျလာရတယ်။ တရားခချောင်းရေစီးဆင်းလာသလို ဒလဟော ယိုကျလာတယ်။ မထု အားကို တင်းထားပါတယ်။ စိတ်ကိုလည်း တင်းထားပါတယ် အစ်ကိုရယ် ...။

ရွာပုန်းမှာ တနင်္ဂနွေနေ့ ဘုရားကျောင်းကို သွားပြီး ဘုရားဝတ်ပြုတုန်းက သင်းအုပ်ဆရာ ဦးအင်ဂျွန်လဟောပြောသလို ထာဝရဘုရားသခင်ရဲ့ ရှေ့တော်မှောက်ကို လူတိုင်းဟာရောက်ကြရမယ်လို့ ဆိုပေမယ်လို့ မထုရင်ထဲ၊ မထုစိတ်ထဲမှာတော့ အစ်ကို့ကို ဘုရားသခင်က ခေါ်တော်မူတာကို စောလွန်းလှပါတယ်လို့ အောက်မေ့မိပါတယ်ရှင် ...။

ကော့ဂျာကိုလည်း မထုလေ အရှူးမလေးလို မေးမိပါတယ်။ အစ်ကို ဒဏ်ရာရလို့ စောင်ပုခက်နဲ့ ထမ်းလာကြတုန်းကလား၊ ယာဥ်တန်းပြန်အဆင်းမှာ ပါသွားတုန်းကလား၊ တစ်ခုခုပါ။ "မဂျီထုရယ် ... စိတ်ကိုလျှော့ထား၊ အားတင်းထား။ သူမသေနိုင်ပါဘူး။ ရှေ့တန်းဆေးရုံရောက်ရင် ချက်ချင်းသက်သာသွားမှာ"တဲ့။ "ကော့ဂျာ .. နင်ပြောတော့ ရှေ့တန်းဆေးရုံရောက်ရင် ချက်ချင်းသက်သာသွားမှာပါဆို။ ခု ... ခုတော့ အစ်ကို သေပြီတဲ့။ ဘယ်မှာ သက်သာလို့လဲဟင်" ကော့ဂျာကို ထုလည်းထု၊ ဖက်ပြီး ငိုလည်းငိုခဲ့မိတယ်။

မထုရင်ထဲမှာ နာနေတာတွေ ယနေ့အထိ အခုတိုင်အောင်ပါပဲ အစ်ကို။ အစ်ကို လူ့လောကမှာ မရှိတော့ပေမယ့်လည်း မထုတို့အနားမှာ အမြဲအစဉ်ရှိနေသလို မထု ခံစားမိပါတယ်။ မထုတို့ တြိဂံဒေသထဲက ဘွန်မောင်ရွာပုန်းမှာ ပြန်ရောက်နေကြပြီ။ တောင်ယာတွေလည်း ခုတ်ပြီးကြပြီ။ မထုတို့ကတော့ ကိုယ့်မွေးဖွားရာဒေသ၊ ကိုယ့်ရပ်ဌာနေမှာ စိတ်လက်အေးအေးချမ်းချမ်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာနဲ့ ကိုယ့်ရိုးရာဓလေ့ထုံးတမ်းတွေအရ ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်စားသောက်နေချင်မိတာ အမှန်ပါ။

တရာဘွမ်တောင်ကြီးဘက်မှာ နှင်းမြူတွေ ဝေနေပြီ။ လေတိုက်တဲ့အခါကျရင် နှင်းမြူတွေဟာ အဝေးကြီးကို လွင့်ပါးသွားတယ်။ ပြီးတော့ အဆက်မပြတ် ကျဆင်းနေတာမို့ ပြန်ဖုံးသွားပြန်တယ်။ မထုကတော့လေ တြိဂံနယ်မြေမှာ အမြဲလိုလို ရစ်သိုင်းနေတဲ့ နှင်းမြူတွေအကြား အစ်ကိုတစ်ယောက် မထုတို့နဲ့အတူ အမြဲထာဝရရှိနေလိမ့်မယ်လို့ နှလုံးသားထဲမှာ မှတ်ယူထားတယ် အစ်ကို။

ယုံလည်း ယုံကြည်နေပါတယ်။ သန့်စင်တဲ့ စေတနာ၊ မွန်မြတ်တဲ့ မေတ္တာ၊ သိမ်မွေ့တဲ့ ကြင်နာတရားနဲ့ ပြည့်စုံတဲ့ တပ်မတော်သားတွေ အများကြီးထဲက တပ်မတော်သားကောင်းတစ်ယောက်ဖြစ်တဲ့ အစ်ကို့ကို မထုတို့တစ်တွေ ဘယ်တော့မှ မမေ့နိုင်ကြပါဘူး အစ်ကိုရယ် ...။

သွားပေဦးတော့ အစ်ကို။ နောင်ကြုံတဲ့အခါ ပြန်ဆုံကြရတာပေါ့နော်။

(တောင်တြိဂံနယ်မြေ၊ အင်ဘောက်တူဒေသတွင် ကျဆုံးခဲ့ရှာသော အမှတ်––– ခြေလျင်တပ်ရင်းမှ ဒုတပ်ကြပ်ကျော်ငွေသို့ အမှတ်တရ)


**ခင်မောင်အေး(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com

## ကားမောင်းရင်း အိပ်ပျော်လို့ ရဲတပ်ဖွဲ့က ကူညီရ



တော်ဂုနိုင်ငံမှ အသက် ၂၀ အရွယ် ကားမောင်းသူ အမျိုးသမီးတစ်ဦးသည် ကားမောင်းရင်း အိပ်ပျော်သွားသဖြင့် ကားလမ်းနံဘေး ထိပ်ရှုံးကို တိုက်မိသည်။ သူမသည် ဒဏ်ရာ အနည်းငယ်ရသဖြင့် ဆေးရုံသို့ တင်ပို့ လိုက်ရသည်။

ရဲတပ်ဖွဲ့က လိုအပ်သော အကူအညီပေးကာ ကောင်းမွန်စွာ ဆောင်ရွက်ပေးခဲ့ရသည်။

မောင်ကောင်းယဥ်

*T.S.T. 10.9.13*

---

## လှလှပပ ရေကြီးနစ်မြုပ်မှု မြင်ကွင်း

ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုများပြားခဲ့သည်။ သို့ဖြင့် ရေလွှမ်းမိုးဒဏ် ခံရသဖြင့် လူနေအိမ်ခြေများပျက်စီးပြီး လူထောင်ပေါင်းများစွာကို ဘေးကင်းရာ ရွှေ့ပြောင်းပေးရသည်။ ကောင်းကင်ဓာတ်ပုံအရ မြင်ကွင်းက တစ်မျိုးဆန်းကြယ် လှပနေပေသည်။



မောင်ကောင်းယဥ်

*The Star, 10,9.13*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာပြေးလမ်း

**တာတေကြီး**

ကျွန်တော်တို့ ဇရပ်လှရွာလှလေးသည် ရန်ကုန်-မော်လမြိုင်သွား ကားလမ်းမနှင့် နီးသော်လည်း ထိုလမ်းမနှင့်ပင် မိုင်(၂၀)ခန့်တော့ ဝေးသေးသည်။ ဇရပ်လှရွာတွင် ကျွန်တော်သည် ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦး ဖြစ်၏။ ကျေးရွာလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးဖို့ တတ်အားသမျှ တာဝန်ယူခဲ့သည်။

ဖြစ်ချင်တော့ မားပြမိုးလုံးတို့အဖွဲ့ ရွာကိုဝင်ပြီး ချမ်းသာသည့် အိမ်များအား မားပြတိုက်ရာ ကျွန်တော်တို့ ပြည်သူ့စစ်အဖွဲ့ အလစ်အငိုက်တွင် ခံလိုက်ရသည်။ ကျွန်တော့်ကို သူတို့အဖွဲ့က ဖမ်းခေါ်သွားခဲ့သည်။ တောထဲသို့ ရောက်သောအခါ ကျွန်တော့်အား ချုပ်နှောင်ထားခဲ့သည်။

ကံကောင်းသည်ဟု ပြောရမလား မဆိုနိုင်ပေ။ အဖွဲ့သား အင်အားလျော့နေချိန်တွင် ကျွန်တော်သည် မားပြနှစ်ဦးအား မားဖြင့်ထိုးသတ်ကာ တောထဲမှ ထွက်ပြေးလာနိုင်ခဲ့သည်။ သို့သော် သူတို့ ဖမ်းချုပ်ထားသည့် တောနက်ထဲမှ ပြေးထွက်ရင်း ကျွန်တော် လမ်းပျောက်သွားသည်။

ဇရပ်လှသို့ မည်သည့်ဘက်မှ သွားရမည်၊ မည်သို့လမ်းကို ရွေးရမည်ကို မစဉ်းစားတတ်ဘဲ ဖြစ်နေသည်။ အစာငတ် ရေငတ်ဖြစ်သည့်ဒဏ်၊ ပင်ပန်းနွမ်းနယ်မှုဒဏ်တို့နှင့် နောက်ဆုံး ကျွန်တော် မတ်ရပ်မှ ဘုံးဘုံးလဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်
သတိရပြီလား၊
မောင်ရင့်ကို
လုံမက
တောထဲမှာတွေ့လို့
အဘကို
လာခေါ်ပြီး
သားအဖနှစ်ယောက်
အိမ်ကိုထမ်းလာကြတာကွဲ့
ဟော
အခု ရေနွေးပန်း
ကိုင်ပြီး
ဝင်လာတာ
အဘသမီးပဲ
သူ့နာမည်က
နှင်းမှုတဲ့"

ကျွန်ုပ်ပော် သတိပြန်ရလာသော အခါ ပျဉ်ထောင်အိမ်ကြီးတစ်အိမ်၏ အိမ်ဦးခန်းရှိ ဖျာပေါ်ရောက်နေသည်။ ကျွန်တော့်ဘေးတွင် ကွမ်းများကို သွားများ မည်းချိတ်သည်ထိ စားထားသည့် အဘိုးကြီးတစ်ယောက် ခေါင်းပေါင်းနှင့် ထိုင်နေသည်။

"မောင်ရင် သတိရပြီလား၊ မောင်ရင့်ကို လုံမက တောထဲမှာတွေ့လို့ အဘကိုလာခေါ်ပြီး သားအဖနှစ်ယောက် အိမ်ကို ထမ်းလာကြတာကွဲ့ ဟော အခု ရေနွေးပန်းကိုင်ပြီး ဝင်လာတာ အဘ သမီးပဲ၊ သူ့နာမည်က နှင်းမှုတဲ့"

နှင်းမှုသည် ရေနွေးပန်းချပြီး ဘေးတွင် ဝင်ထိုင်သည်။

"အစ်ကို သတိရပြီလား ညီမနဲ့ တွေ့တာ အစ်ကို ကံကောင်းတယ်၊ ဒီတောထဲက တောကောင်ပေါတော့ အန္တရာယ်များတယ် အစ်ကိုရဲ့"

"ဒါနဲ့ နေပါဦး မောင်ရင်လေး ဘာဖြစ်လာတာလဲ ဘယ်ကိုသွားမှာလဲ"

"ကျွန်တော် ဓားပြတွေလက်က ထွက်ပြေးလာတာပါ၊ ဇရပ်လှကို ပြန်ရမှာပါ ခင်ဗျ"

"အစ်ကို အခုမှ သတိရကာစပဲ ရှိသေးတော့ ဒီတစ်ညလောက် နားလိုက်ပါဦး၊ နောက်နေ့မှ ခရီးဆက်ပေါ့"

"ကျွန်တော့်ကြောင့် ညီမတို့ အဘတို့ ပင်ပန်းမှာ စိုးရိမ်ပါတယ်၊ ကျွန်တော်ကတော့ နားချင်ပါသေးတယ်"

"အားမနာနဲ့ မောင်ရင် ကဲ အဘ ဟိုဘက်သွားဦးမယ်၊ မင်းညီမနဲ့ စကားပြောနေခဲ့ကြ"

အဘိုးကြီး ထွက်သွားသည့်အခါ နှင်းမှုနှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်သည်။ နှင်းမှုကို ကျွန်တော် လှမ်းကြည့်လိုက်ရာ နှင်းမှုကလည်း ကျွန်တော့်ကို ကြည့်နေချိန်နှင့် တိုးသဖြင့် ရှက်ကိုး ရှက်ကန်းနှင့် မျက်လွှာချသွားသည်။

ထိုစဉ် အိမ်ပေါ်သို့ လူတစ်ယောက် တက်လာသည်။ သူ့ပုံစံက ရက်စက်ကြမ်းကြုတ်မည့်ပုံစံ၊ လူကောင်ကြီးကလည်း ခပ်ထွားထွား။ သူက နှင်းမှုဘေး ဝင်ထိုင်ရင်း ကျွန်တော့်ကို မကြည့်ဘဲ နှင်းမှုကို လှမ်းပြောသည်။

"ဧည့်သည်ရောက်နေတယ်ဆို နှင်တို့ သားအဖတော့ ဟန်ကျတာပဲ"

"အို အစ်ကိုစံပကလည်း. . ."

နှင်းမှုသည် ထိုလူ၏ ပြောစကားကို နှစ်သက်ပုံ မပေါ်ပါ။ ကျွန်တော်ကတော့ ကြားမှုဝင်မပြောဘဲ အသာပင် နေလိုက်သည်။

"ငါပြောတာ မဟုတ်လို့လား၊ ကဲ ကဲ ငါလည်း သွားစရာရှိသေးတယ်၊ သတင်းကြားလို့ ဝင်လာတာဟေ့ သွားမယ်"

စံပ ဆိုသည့်လူကြီး ပြန်ထွက်သွားသည်။ နှင်းမှုသည် ကျွန်တော့်ကို စကားလှမ်းပြော၏။

"အစ်ကို ထမင်းစားတော့မလား၊ နှင်းမှု ပြင်လိုက်မယ်လေ"

"ကောင်းသားပဲ နှင်းမှု၊ အားတော့ နာတယ်"

"ရတယ် အစ်ကို အမဲသားဟင်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် နှင်းမှူ ထမင်းစားဖို့ ပြင်ပေးပြီး နှစ်ယောက်သား ထမင်းစားကြသည်။

"ဒီနားတစ်ဝိုက်မှာ အိမ်ခြေဘယ်နှလုံးလောက်ရှိလဲ နှင်းမှူ"

"ဆယ်လုံးလောက်ပဲ ရှိမယ် အစ်ကို"

"စီးပွားရေးက နှင်းမှူတို့ဘာလုပ်လဲ"

"တောထဲကထွက်တဲ့ သစ်ဥသစ်ဖုပန်း စတာတွေကို ရောင်းချအသက်မွေးရတာပေါ့ အစ်ကို"

နှင်းမှူသည် မိန်းမချော မိန်းမလှတစ်ယောက်ဟု မဆိုနိုင်သော်လည်း ကြည့်ပျော်ရှုပျော်တော့ ရှိသူတစ်ဦးဖြစ်သည်။

"နှင်းမှူတို့ သားအဖကျေးဇူး အစ်ကို ဘယ်လိုပြန်ဆပ်ရမလဲ မသိတော့ဘူးကွယ်၊ တကယ်ပြောတာပါ၊ အဘနဲ့ နှင်းမှူက ကိုယ့်အသက်သခင်ကျေးဇူးရှင်တွေမို့လား"

"မလိုဘူး အစ်ကို ခေါင်းထဲမထည့်ပါနဲ့၊ အစ်ကိုလည်း နောက်တော့ နှင်းမှူတို့ကို မေ့သွားမှာပါ"

ကျွန်တော် ထမင်းစားပြီးသွားချိန်တွင် အဘ ပြန်ရောက်လာသည်။ အဘအမည် ဦးယက္ခဟု သိရသည်။ အဘက အသိအိမ်တွင် ထမင်းစားခဲ့ပြီးပြီဟုဆိုသည်။ အဘိုးကြီးသည် အိပ်တော့မည်ဟု ဆိုကာ အတွင်းခန်းထဲ ဝင်သွား၏။

နှင်းမှူနှင့် ကျွန်တော်တို့နှစ်ယောက်သာကျန်ခဲ့သည်။ နှင်းမှူသည် ကျွန်တော့်အား ခပ်ငေးငေးငိုင်ငိုင် ကြည့်ရင်းက ပြောလာသည်။

"နှင်းမှူ ဒီညလေးကို မေ့မှာမဟုတ်တော့ဘူး အစ်ကို"

သူမသည် မည်သည့်ခံစားချက်နှင့် ပြောသည်ဟု ကျွန်တော် မသိရိုးအမှန်ပင် ဖြစ်သည်။

"ကြော် အစ်ကို့အပေါ်ဂျာကင်ပေနေလို့ ညီမ လျှော်ပေးမယ်"

"ကောင်းတာပေါ့ နှင်းမှူ"

နှင်းမှူသည် စောင်တစ်ထည်ကို လှမ်းပေးသည်။

**"နှင်းမှူတို့ သားအဖကျေးဇူး အစ်ကို ဘယ်လိုပြန်ဆပ်ရမလဲ မသိတော့ဘူးကွယ်၊ တကယ်ပြောတာပါ၊ အဘနဲ့ နှင်းမှူက ကိုယ့်အသက်သခင် ကျေးဇူးရှင်တွေမို့လား"**

"အစ်ကို ခြုံအိပ်ဖို့စောင် ဒီမှာယူ ညီမ သွားအိပ်တော့မယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိသည်။ နှင်းမှူပေးသည့် စောင်ကို ခြုံလိုက်သည်။ နှင်းမှူ ထွက်သွားသည်နှင့် ကျွန်တော်လည်း မျက်လုံးစုံမှိတ်ကာ အိပ်ပါတော့သည်။

နံနက်မိုးလင်းပြီး မျက်လုံးထဲနေရောင် ဝင်သဖြင့် ကျိန်းသွားရာ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ ကျွန်တော့်အပေါ်တွင် အိမ်အမိုးလည်း မရှိ ကျွန်တော် အိပ်နေသည့် ပျဉ်ထောင်အိမ်ကြီးလည်း မတွေ့ရပေ။

ကျွန်တော်သည် ပုဆိုးစုတ်ကြီး ခြုံထားသဖြင့် လွှင့်ပစ်လိုက်မိသည်။ ခေါင်းအုံးကို ကြည့်လိုက်တော့ လူဦးခေါင်းခွံ ဖြစ်နေသဖြင့် ကြောက်လန့်တကြား ထထိုင်လိုက်သည်။ ထိုနေရာမှ သုတ်ခြေတင်၍ ပြေးရလေ၏။

တောထဲ ပြေးရင်းလွှားရင်းနှင့် တစ်နေရာရောက်သော် လမ်းဘေးတွင် ဆေးပေါ့လိပ် ထိုင်ဖွာနေသော လူကြီးတစ်ဦးနှင့် တွေ့၏။ ကျွန်တော်လည်း ထိုလူကြီးဘေးတွင် ထိုင်ချလိုက်သည်။

"ဘယ်ကလာတာလဲကွ"

"ဖြစ်ပုံကတော့ မပြောချင်ပါဘူးဗျာ၊ ဒီလိုပါ. . ."

ကျွန်တော်သည် ကျွန်တော် ကြုံတွေ့ခဲ့ရသည့် အကြောင်းကို ရင်ဖွင့်ချင်နေရာမှ အတော်ဖြစ်သွားသဖြင့် ကြုံဆုံခဲ့ရပုံများကို က,ကြီးမှ အ,အထိ ပြောပြလိုက်သည်။ ထိုလူကြီးသည် မှုတ်မှောင်ကြုံ့၍ နားထောင်နေရာမှ [illegible]

www.burmeseclassic.com

တွင် ချက်ချင်းပြောလိုက်သည်။

"မင်းကြုံခဲ့တာ ကျတ်တွေကွ၊ ကျတ်တွေက လူယောင်ဖန်ဆင်းပြီး အဲဒီလို လှည့်စားတတ်တယ်၊ အဲဒီနေရာက ကျတ်တွေနဲ့တွေ့ပြီး လှည်းသမားနှစ်ယောက် နှလုံးသွေးရပ် သေသွားဖူးတယ်"

"ဗျာ"

ကျွန်တော်သည် ကျတ်တို့လူယောင်ဖန်ဆင်းတတ်ပုံ၊ ကျတ်တွေ ရှိသည့်နေရာ ငှားထားသည့်နေရာတွင် ပွဲသွားကပြီး မိုးလင်းမှ ကျတ်ကုန်းမှန်း ဇာတ်သမားများသိပုံ စသည်တို့ကို ငယ်ငယ်က ကြားဖူးနားဝ ရှိခဲ့သော်လည်း ယခုမူ ကိုယ်တွေ့ကြုံခဲ့ပြီဖြစ်သည်။

လောကကြီးတွင် ထူးခြားဆန်းကြယ်လှ အံ့ဩဖွယ်ကောင်းသော ဖြစ်ရပ်များရှိသည်ဟု ကျွန်တော် လက်ခံသွားပါသည်။ ကျွန်တော်သည် ထိုလူကြီးအား ကြည့်ပြီး. . .

"နေပါဦး ဦးကြီးကရော ဒီနားမှာ ဘာထိုင်လုပ်နေတာလဲ၊ ဘယ်သူ့ကို စောင့်နေတာလဲ"

ထိုလူကြီးသည် ကျွန်တော့်မေးခွန်းကို မကြား၍ပဲလား၊ ပြန်လည်ပြီး မဖြေဆိုချင်၍ပဲလားတော့ မသိ၊ ခဏမဆိတ်နေလေ၏။

"ဦးကြီး ဘယ်သူ့ကို စောင့်နေတာလဲဗျ"

ထိုလူကြီးသည် ကျွန်တော့်ကို မျက်လက်ပျက် စောင်းငဲ့ကြည့်လိုက်ပြီးမှ တစ်လုံးချင်း ပြောလိုက်သည်။

"ငါက ဒီအပင်ကြီးကို စောင့်တယ်လေကွာ"

"ဗျာ"

ကျွန်တော်သည် နောက်သို့ ပက်လက်လန်သွားပြီး ထိုမှ ထိုလူကြီးများနောက်မှ လိုက်လာလေမလားဟူ၍ စိုးတထိတ်ထိတ်ဖြင့် ကမန်းကတန်း လှည့်ကြည့် လှည့်ကြည့်နှင့်မှ မပြေးရုံတမယ် ထိုနေရာမှ ထွက်လေ၏။

"ဟား ဟား ဟား"

ထိုလူကြီးသည် လိုက်မလာပါ။ သို့သော် သူ၏ တဟားဟား ရယ်သံသည်ကား ကြားနေရပါသည်။ ယခုအချိန်ထိလည်း ကျွန်တော်၏ ရွာကိုပြန်၍ရမည့်လမ်း ရှာမတွေ့သေးပါ။

ကျွန်တော့်အဖြစ်ကို ကျွန်တော်တွေးနေမိသည်။ ကြောက်စရာကောင်းသည့် လူဆိုးစားပြများလက်မှ သေပြေးရှင်ပြေး ထွက်ပြေးခဲ့ရပုံ၊ ထိုမှ ကျတ်ကုန်းတွင် လူယောင်ဆောင်ထားသည့် ကျတ်များနှင့် တွေ့ရပုံ၊ ထိုမှ သစ်ပင်စောင့်သည့်သူနှင့် တွေ့ရပုံ၊ ထိုနေရာများမှလည်း ဆက်တိုက်ပြေးခဲ့ရပုံကို ဇီကာစဉ်ကာ တွေးနေမိသည်။ ကုသိုလ်ကံကိုသာ ယိုးမယ်ဖွဲ့ရတော့မည်လား မသိနိုင်ပါ။

ခြေဦးတည့်ရာ ဆက်လျှောက်ရင်း တစ်နေရာအရောက် ခြေသံများကြားသဖြင့် အနီးရှိ သစ်ပင်တစ်ပင်အား အကာအကွယ်ယူကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

လူနှစ်ယောက် ကောင်းများကိုယ်စီကိုင်ပြီး လျှောက်လာသည်ကို တွေ့ရ

**"မင်းကြုံခဲ့တာ ကျတ်တွေကွ၊ ကျတ်တွေက လူယောင်ဖန်ဆင်းပြီး အဲဒီလို လှည့်စားတတ်တယ်၊ အဲဒီနေရာက ကျတ်တွေနဲ့တွေ့ပြီး လှည်းသမားနှစ်ယောက် နှလုံးသွေးရပ် သေသွားဖူးတယ်"**

သည်။ ကျွန်တော်လည်း မထူးတော့ပြီမို့ ထိပ်တိုက်တွေ့ဆုံလိုက်ပါသည်။

"ဟို စိတ်တော့မရှိပါနဲ့ နောင်ကြီးတို့က လူတွေပါနော်"

"လူတွေပေါ့ဗျ၊ ခင်ဗျားက ဘာဖြစ်လို့ မေးတာလဲ"

"ဒီတောထဲမှာ ကျွန်တော် မကောင်းဆိုးဝါးတွေချည်း တွေ့ခဲ့လို့ပါဗျာ၊ စိတ်တော့မရှိပါနဲ့ ဇရပ်လှကို ဘယ်လိုသွားရလဲ ဘယ်ဘက်သွားရလဲ ဆိုတာ သိရင် လမ်းညွှန်ပေးပါဗျာ"

"ခင်ဗျားက အဲဒီ ဇရပ်လှကလား"

www.burmeseclassic.com

"ဟုတ်ပါတယ် ကျွန်တော်က ဇရပ်လှရွာက ပြည်သူ့စစ်ခေါင်းဆောင် ထွန်းလှပါ"

"ဇရပ်လှက ဒီနေရာကဆို သိပ်တော့ မဝေးတော့ပါဘူး၊ ဒါပေမဲ့ တောကြိုအုံကြားက သွားရတာဆိုတော့ နည်းနည်းကြမ်းတယ်"

ထိုသူသည် မည်သို့ မည်ပုံသွားရသည်ကို တိကျစွာညွှန်ပြ၊ ကျွန်တော်ကလည်း သေချာစွာ မှတ်သားပြီး သူတို့နှင့် လမ်းခွဲကာ ခရီးဆက်ခဲ့သည်။

လမ်းလျှောက်သည်မှာ အတန်ကြာသောအခါ သစ်ပင်ကြီးတစ်ပင်အောက် အရိပ်ခိုရင်း ခေတ္တနားလိုက်သည်။ ထိုအချိန်ကျမှ ကျွန်တော် ဂျာကင်အင်္ကျီကို သတိရသည်။ ဂျာကင်အင်္ကျီသည် ကျတ်များထဲတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ကျွန်တော် အမောဖြေနေစဉ် သစ်ပင်ထက်မှ လွန်စွာကြီးမားသော မြွေဟောက်ကြီးတစ်ကောင်သည် ဆင်းသက်လာသည်ကို ကြောက်မက်ဖွယ်တွေ့ရပါသည်။ သူ့အရပ် သူ့ပိုင်နက်သို့ ကျူးလွန်ဝင်ရောက်လာသည့် ရန်သူဟု ယူဆသည့် ကျွန်တော့်အား အပြတ်သုတ်သင် ချေမှုန်းတော့မည့်ပုံဖြစ်သည်။

ကျွန်တော်လည်း ကမန်းကတန်း ထိုနေရာမှ သုတ်ခြေတင်ပြီး ပြေးရပြန်ပါသည်။ ကျွန်တော်၏ ပြေးလမ်းပေါ်က ဘဝသည် မည်သည့်အချိန်ကျမှ ပြီးဆုံးမည် မသိနိုင်အောင်ရှိသည်။ မြွေကြီး ဆက်လိုက်မလာနိုင်တော့ဟု ယူဆရသည့် အနေအထားရောက်မှ ပြေးလွှားခြင်းကို ရပ်ဆိုင်းလိုက်သည်။

အချိန်က ညနေခြောက်နာရီခန့် ရှိပြီဖြစ်သည်။ ထိုအခါကျမှ ကျွန်တော်၏ ဇရပ်လှရွာကို မလှမ်းမကမ်းတွင် လှမ်းမြင်ရသည့် အခြေသို့ရောက်သည်။ ကျွန်တော် တစ်သက်နှင့်တစ်ကိုယ် ထိုမျှ ဝမ်းသာပီတိဖြစ်ရပုံမျိုး မကြုံဘူးပါ။ အိမ်ပေါက်ဝသို့ ရောက်သောအခါ အမေ့ကို တွေ့ရသည်။

"အမေ"

ကျွန်တော်၏ ဝမ်းသာအားရ အော်ခေါ်သံကို မိခင်ကြီး ကြားသွားရာက ကျွန်တော့်ကိုပါမြင်ပြီး ဝမ်းသာအားရ ပြေးလာသည်။ ကျွန်တော့်အား ဆီးကြိုပွေ့ဖက်သည်။

"သားကြီးရယ် မသေကောင်း မပျောက်ကောင်း စိုးရိမ်လိုက်ရတာ"

"ကံမကုန်လို့ ကျွန်တော်တို့ သားအမိ ပြန်ဆုံတာ အမေ၊ ဖြစ်ပုံတွေကတော့ မပြောချင်ဘူး"

"အေး ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကြောင့် ပြန်ဆုံတာပေါ့ကွယ်၊ ဒါနဲ့ သားပြန်မရောက်လို့ မြို့က ရဲစခန်းတောင် ရွာလူကြီးတွေက သွားတိုင်ထားသေးတယ်"

"အမေ သား ထမင်းဆာတယ်၊ ထမင်းစားရင်း စကားပြောတာပေါ့"

ကျွန်တော့်အား တွေ့ရသဖြင့် ဝမ်းသာကာ မျက်ရည်ဝဲနေသည့် မိခင်ကြီးသည် ကျွန်တော့်အား ထမင်းခူးခပ်ကျွေးသည်။ ထမင်းစားရင်းမှ ကျွန်တော်သည် ကျွန်တော် ကြုံတွေ့ခဲ့သမျှကို စီကာပတ်ကုံး ပြောပြဖြစ်သည်။

ထမင်းစားပြီးနောက် မည်သူနှင့်မှလည်း မတွေ့ချင်သေး ပင်လည်း ပင်ပန်းလွန်းသဖြင့် မိခင်ကြီးအားပြောပြီးနောက် စောစီးစွာပင် အိပ်ရာဝင်ကာ အိပ်ပျော်သွားသည်။

နောက်တစ်နေ့ မနက် ၆နာရီခန့် အိပ်ရာမှ နိုးလာသောအခါ မိခင်ကြီးက ချက်ပြုတ်နေသည်ကို တွေ့ရသည်။

"သား နိုးလာပြီလား၊ အမေ ကောက်ညှင်းပေါင်းထားတယ် သား"

"ဟုတ်ကဲ့ အမေ"

"ဪ သားမိတ်ဆွေ နှင်းမူဆိုတာ ညက လာသွားသေးတယ်"

"ဗျာ နှင်းမူ လာတယ်"

"ဟုတ်တယ် သား၊ သားဂျာကင် ကျန်ခဲ့လို့တဲ့ အဲဒါ လိုက်ပို့တာတဲ့၊ အမေက သားနဲ့တွေ့မလား နှိုးပေးမယ်ဆိုတော့ ရပါတယ်ဆိုပြီး ပြန်သွားတယ် သား၊ ကောင်မလေးက ရိုးရိုးအေးအေးလေး"

ကျွန်တော် မည်သည့်စကားကိုမျှ ဆက်မပြောဖြစ်တော့ပါ။ မိခင်ကြီးကို ကျွန်တော့်အဖြစ်အပျက်များ ပြောစဉ်က နှင်းမူ၏အမည်ကို ထည့်မပြောဖြစ်ခြင်း၊ ဂျာကင် ကျန်ခဲ့သည်ကို ထည့်မပြောဖြစ်ခြင်းမှာ တော်သေး၏ဟု တွေးနေမိပါသည်။

နှင်းမူက ဘာဆိုသည်ကိုသာ မိခင်ကြီး သိနေပါလျှင်. . .။

---

တာတေကြီး

---




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အဖော်ဓါတနှိုး

■ မိုးပန်းမွန် (ရာမည)

(က)

မိုးစက်ပွင့်များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုလန်းဆန်းနေပြီ။

မြက်ခင်းစိမ်းစိမ်းပေါ် ဖြန့်ကြဲနေသော မိုးရေစက်လေးများကို ငေးကြည့်ရင်းမှ 'နွေဦးခင်'၏ မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုအေးမြနေပေမဲ့ သူမရင်တွင် အေးချမ်းမှုများ ကင်းဝေးနေဆဲ။

ရာသီကပင် လွမ်းမောဖွယ် ဖြစ်စေသလား။ သူမ၏ အထီးကျန်မှုသည်ပင် လွမ်းမောဖွယ် ဖြစ်စေလားမသိ။ မြင်မြင်သမျှ လွမ်းစရာချည်းဟုပင် ထင်ယောင်အားလျော့နေမိသည်။

နွေဦးခင်၏ဘဝတွင် လိုချင်တောင့်တသော အရာမှန်သမျှကို ရယူပိုင်ဆိုင်ခဲ့ပြီးပြီ။ စိန်၊ ရွှေ တိုက်တာ၊ ကားအပြင် ပညာရေးဘက်တွင်လည်း ဘွဲ့ရပညာတတ် ဖြစ်ခဲ့ပြီ။ အချိန်နှင့်အမျှ လှုပ်ရှားရသည့် စီးပွားရေးလောကတွင်လည်း သွက်လက်ထက်မြက်သော ပွဲစားတစ်ယောက်အဖြစ် နာမည်ရနေသည်။

ထိုစဉ်ကတော့ လူမှုရေးဆိုသော လောကဝတ်တစ်ခုကို ဥပေက္ခာပြုပြီးသား ဖြစ်နေကြောင်း သူမ မသိနိုင်ခဲ့တာအမှန်။

(ခ)

မိဘ၏ လုပ်ငန်းဖြစ်သော ရွှေဆိုင်ကို နွေဦးခင်သာ ဦးဆောင်လုပ်ကိုင်ရသည်။ ထိုစဉ်က သူမ၏အသက်မှာ နှစ်ဆယ့်ငါး ကျော်ရုံသာ။

ငယ်ရွယ်သူဖြစ်၍ လုပ်ငန်းကို အကွက်မြင်သည်။ ရွှေရောင်းဝယ်ရေးအပြင် စိန်ပွဲစားပါ လုပ်တတ်လာပြီး စီးပွားရေးလောကတွင် တိကျသေချာသူအဖြစ် နာမည်ရလာသည်။ အချိန်နှင့်အမျှ ငွေရှာရသော အလုပ်တွင် နစ်မွန်းလာပြီး ငွေရပေါက်ရလမ်းကိုသာ ကြံဆလုပ်ကိုင်တတ်၏။ နံနက်မိုးလင်းချိန်မှသည် နေဝင်မိုးချုပ်ချိန်အထိ ငွေရမည့် စကားမျိုးကိုသာ ပြောချင်နေသည်။ အလကား အချိန်ကုန်မည့်စကားမျိုး မပြောချင်။



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်း သူငယ်ချင်းဖြစ်စေ၊ ဆွေမျိုးများဖြစ်စေ သူမထံ အလည်အပတ်ရောက်လာခြင်းကို မနှစ်မြို့က်။ ညည်းညည်း ညည်းခံနေခြင်းကို သူမ စိတ်မရှည်နိုင်။ အိမ်ရှိ အလုပ်သမားများကိုလည်း တားမြစ်ထားသည်။ ခင်မင်၍ အလည်လာသူများ သိအောင် တစ်နည်းနည်းဖြင့် သတင်းလွှင့်ထားသေးသည်။

"အိမ်လည်တဲ့လူဆိုတာ အချိန်ဖြုန်းတဲ့ လူစားမျိုးပဲ။ ကိုယ့်အချိန်ရော၊ သူများအချိန်ကိုရော ဖြုန်းပစ်တာပဲ။ ဒီလိုလူမျိုးကို လက်ဖက်တစ်ပွဲနဲ့ အချိန်ကုန်ခံပြီး ညည်းခံမနေနိုင်ပါဘူး။ တကာတဲ ဘာမှ အကျိုးမရှိတဲ့ စကားတွေကို ငုတ်တုတ်ထိုင် နားထောင်ပေးရတာ အဓိပ္ပာယ်မရှိဘူး။ တို့ကတော့ ဘယ်သူ့အိမ်မှ မလည်အားဘူး။ အလည်လာတဲ့လူကိုလည်း အထင်သေးတယ်"

နွေဦးခင်၏ အစွန်းရောက်အတွေးများကို ဘယ်သူကမှ ဝေဖန်မှု မပြုရဲကြ။ သူမအိမ်ရှိ ထမင်းချက်၊ ခြံစောင့်တို့လည်း စုပေါင်းဝိုင်းဖွဲ့ စကားပြောခွင့်မရှိ။ နွေဦးခင်ဆိုတာ အချိန်ကို ငွေနှင့် တစ်သားတည်းထားသူအဖြစ် ကြေညာထားပြီးသား။ သူမစိတ်ကြိုက်မနေနိုင်လျှင် အလုပ်ကထွက်နိုင်သည်။

ကြာသောအခါ သူမထံသို့ ဆွေမျိုးသားချင်းများ အဝင်အထွက်နည်းလာသလို၊ မိတ်ဆွေအပေါင်းအသင်းလည်း အလာကျဲသွားသည်။ သူမအနားတွင် လုပ်ငန်းအကြောင်း၊ ငွေရလမ်းကြောင်း ပြောနိုင်သူသာ ရှိတော့သည်။

"ငွေမက်တဲ့ ဒဏ်၊ ငွေကိုပဲ ပေါင်းဒဏ်ကို ကြီးလာမှ ခံရလိမ့်မယ်"

သူငယ်ချင်းများက ဝေဖန်ကြသည်။ နွေဦးခင်ကတော့ ဂရုမစိုက်လှ။ တက်ကြွသော၊ ထက်မြက်သော၊ ငွေအဲရှာကောင်းသော အမျိုးသမီးတစ်ဦးအဖြစ် သူမ၏ ဝန်းကျင်တွင် မျက်နှာပန်းလှနေသည်သာ။

(၈)

အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်လျလျနှင့် စတိုင်ကျကျ ဝတ်ဆင်တတ်သော နွေဦးခင်ကို အမျိုးသားများက သဘောကျကြသည်။

စိန်ပွင့်စိန်ရောင် တလက်လက်နှင့် သူမ၏အလှကို ငေးကြည့်ရုံမှလွဲ၍ အနားသို့မကပ်ရဲကြတာ အမှန်။ အခုဆိုလျှင် အသက်သုံးဆယ်နီးပြီဆိုတော့ အမေက အိမ်ထောင်ပြုစေချင်ပြီ။ သူမမှာတော့ ချစ်သူတောင် မရှိ။ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စားအားပါ။ အပျိုကြီးအဖြစ်နှင့် မိဘကို လုပ်ကျွေးချင်သည်။

သူမကို သဘောကျနေသူများကတော့ စကားကမ်းလှမ်းတတ်သည်။

"မနွေရဲ့ ထက်မြက်မှုကို ကျွန်တော် သဘောကျတယ်ဗျာ။ ကျွန်တော်ရှာထားတဲ့ ကြွယ်ဝမှုတွေကို ထိန်းသိမ်းဖို့ အဲဒီလို စေ့စပ်သေချာပြီး ငွေကို ထိန်းသိမ်းတတ်တဲ့ မိန်းကလေးမျိုး လိုအပ်တယ်ဗျာ"

"ဪ . . . ရှင်က မနွေကို ညည်းစားစကား ပြောနေတာလား။ ဟင်း . . . ဟင်း . . . ဆောရီးပဲ ကိုမောင်မောင်ရေ မနွေအတွေးထဲမှာ အိမ်ထောင်ရေးဆိုတာ လျှပ်တစ်ပြက်တောင် မပေါ်သေးဘူး"

"တစ်နေ့နေ့ပေါ့ မနွေရယ်"

"မျှော်လင့်နေရင် ရှင့်အချိန်ကုန်မှာပေါ့ ကိုမောင်မောင်ရဲ့။ မနွေက အဖေရယ်၊ အမေရယ်၊ မောင်လေးရယ် ရှိရင် ပြည့်စုံပြီလေ။ ဒီလိုအတွေးမျိုးနဲ့ ဒီ[illegible] စကားမျိုးပြောဖို့ စိတ်ကူးရှိရင် မနွေဆီ[illegible] မလာပါနဲ့။ အဲဒီစကားတွေကို နားထော[illegible] နေဖို့ မနွေမှာ အချိန်တွေ ပိုမနေဘ[illegible] ကိုမောင်မောင်၊ အားနာပါတယ်နော်"

နွေဦးခင်ထံ လူကိုယ်တိုင် လ[illegible] ရောက်လူပျိုလှည့်သူများရှိလျှင် တစ်[illegible] တည်းနှင့် နောက်ဆုတ်သွားရစမြဲ[illegible] အောင်သွယ်တော်မှ တစ်ဆင့် ကမ်းလှ[illegible] လာသူများဆိုလျှင် ပို၍ဆိုးပြီသာမှ[illegible] ထိုအောင်သွယ်ရော၊ ထိုမေတ္တာရှင်[illegible] သူ့အိမ်ရိပ်သို့ ဝင်ခွင့်မရှိတော့။ တစ်[illegible] တစ်စနှင့် သူမကို မေတ္တာရှိသော၊ [illegible] ကြိုးသွယ်လိုသော အမျိုးသားများ[illegible] နွေဦးခင်ဆိုလျှင် ဝေးဝေးက ရှောင်[illegible]

**ကျွန်မတို့က အလကားတွက်ထိုးနေတာ မဟုတ်ဘူး မမနွေ။ အိမ်ရှင်မတစ်ယောက်ရဲ့တာဝန်ကို ကျွန်မထမ်းဆောင်နေတာပါ။ အိမ်ရှင်မဆိုတာ လင်သားရှာတဲ့ငွေကို လှူမှုရေး၊ လှူဒါန်းရေးမကျန် ခွဲခြမ်းစိတ်ဖြာသုံးစွဲဖို့အတွက် လင်သားနဲ့ တိုင်ပင်သေးတယ်။ ခင်ပွန်းသည်ရဲ့ စိတ်အားတိုးတက်ကြည်လင်ရေးအတွက် နှုတ်ရေးချိုချိုနဲ့ စကားအာဟာရ ကျွေးရသေးတယ်လေ။**



www.burmeseclassic.com

www.burmeseclassic.com

လေပြီ ...။

အမေကတော့ နွေဦးခင်ကို တိုးတိုး တိတ်တိတ် နားချဆုံးမသည်။

"သမီးရယ် ... အပျိုကြီးလုပ်ပြီး မိဘကို လုပ်ကျွေးမယ်ဆိုတာကိုတော့ - ဝမ်းသာစရာပါပဲကွယ်။ ဒါပေမဲ့ မိဘတွေ မျက်ကွယ်ပြုသွားတဲ့အချိန်ရောက်ရင် သမီး တိုင်ပင်ဖော် တိုင်ပင်ဖက် ရှိစေချင်တယ်။ မိဘကို လုပ်ကျွေးနေရလို့ အိမ်ထောင်ရေးမှာ အချိန်နှောင်းသွားတာမျိုး မဖြစ်စေချင်ဘူးလေ ..."

အမေ၏ သတိပေးဆုံးမစကားကို လည်း နွေဦးခင် နားမဝင်ပါ။ အိမ်ထောင်သားမွေးကိစ္စဆိုသည်မှာ သူမ၏ တိုးတက်မှု၊ ထက်မြက်မှုများကို အဟန့်အတား ဖြစ်စေသည်ဟု ယူဆထားပြီးသား။ ဘယ်သောအခါမှ နောင်တမရ။ မိဘများ မျက်ကွယ်ပြုသွားလျှင်လည်း သူမ၏ ငွေပုံပေါ်မှာ စံ၍ ရပ်တည်နိုင်သည်ပဲ။

ယောကျ်ားတစ်ယောက်ကို အားကိုးအားထား တိုင်ပင်ဖော်ဆိုပြီး မှီတွယ်နေဖို့ မလိုအပ်။ နွေဦးခင်မှာ ကိုယ်ပိုင်အရည်အချင်းရှိပြီးသားဟု ခံယူထားပါသည်။ မောင်ငယ် 'ဝေဦးလွင်'ကလည်း

"မမနွေကို ကျွန်တော်ကတော့ အိမ်ထောင်ပြုစေချင်တယ်။ ဒါမှမဟုတ်လည်း ဗမာသားချင်းထဲက စိတ်ချယုံကြည်ရတဲ့ လူမျိုးကို ခေါ်ထားစေချင်တယ်။ ကျွန်တော်က မမနွေအနားမှာ တစ်သက်လုံးနေမှာ မဟုတ်ဘူးလေ"

"သိတယ်၊ သိနေတယ်။ မောင်လေးက မိန်းမနောက် ပါသွားမှာပဲဆိုတာ သိပြီးသား။ မမနွေကို စောင့်ရှောက်ရမှာ စိုးတာနဲ့ပဲ အိမ်ထောင်ပြုနိုင်းတာတော့ မကောင်းဘူးနော်။ မမနွေက ယောကျ်ားတစ်ယောက်ကို ပြုစုရင်း အချိန်ကုန်နေမှာကို မလိုချင်ဘူး။ သူငယ်ချင်းတွေရဲ့ အိမ်ထောင်ရေးကို ကြည့်ပြီး၊ စိတ်ကုန်လွန်းလို့ ဘဝကိုယ်တည်းပဲ နေပါရစေ"

"ဟွန်း ... ရေလယ်ခေါင်က စကားတွေ ပြောထားဦးပေါ့"

မောင်ဖြစ်သူက နှာခေါင်းရှုံ့၍ တီးတိုးပြောသည်ကို နွေဦးခင် ကြားသည်။ သူမ၏ သီးသီးသန့်သန့်နေတတ်သော အကျင့်ကို ဝေဦးလွင်က မကြိုက်။ လူဆိုတာ ပတ်ဝန်းကျင်နှင့် သိုင်းသိုင်းဝိုင်းဝိုင်း နေရသည်ဟု ပြောလေ့ရှိသည်။

နွေဦးခင်ကတော့ အသိုင်းအဝိုင်းဆိုတာကြီးကို လက်မခံချင်။ စီးပွားရေးအကြောင်း၊ ငွေရပေါက်ရလမ်းအကြောင်း ပြောမည်ဆိုလျှင်တော့ လက်ခံစကားပြောမည်။ တခြားအကြောင်းအရာဆိုလျှင် မျက်နှာလွှဲလိုက်သည်ချည်းသာ။

သည်လိုနေတတ်၊ ပြုမူတတ်သော နွေဦးခင်အနားတွင် သူမလို စီးပွားရေးသမားများ၊ သူမလို လောဘဇောတက်နေသူများသာ ရှိတော့သည်။ ဆွေမျိုးသားချင်းများ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ဘဝခရီးဖော်အဖြစ် ကမ်းလှမ်းလိုသူများကတော့ ဝေးရာသို့ ရှောင်ကြလေပြီ။

(ဃ)

အိမ်ခြံမြေတွေ တစ်ခုပြီးတစ်ခု ဝယ်ပြီး စီးပွားရေးတိုးချဲ့လုပ်ကိုင်နေသည့် နွေဦးခင်ကို အမေက အံ့ဩသည်။

နွေဦးခင်ကတော့ စီးပွားရေးလုပ်သည်ဟု အကြောင်းပြသည်။ ဝယ်ရောင်းလုပ်ခြင်းဖြင့် ငွေကို တစ်လုံးတစ်ခဲတည်း ရသဖြင့် သူမဘာသာ ကျေနပ်နေစမြဲ။ ထိုကာလတွင် မောင်လေး 'ဝေဦးလွင်' ကတော့ ဘဝလက်တွဲဖော်နှင့် တွေ့၍ ပျော်ရွှင်စွာ ထိမ်းမြားလက်ထပ်ကြပြီ။ ထိုဇနီးမောင်နှံတို့ အချစ်သည်းနေပုံကိုလည်း နွေဦးခင်က နှာခေါင်းရှုံ့သည်။ တစ်ခုခု အလုပ်လုပ်နေမှ သူမ၏ မျက်စောင်းအထာနှင့် လွတ်မည်။ တွတ်ထိုးနေလျှင် မျက်စောင်းချို၍ တဖျစ်တောက်တောက်နှင့် ပြောမဆုံးတော့။

ဝေဦးလွင်တို့ ဇနီးမောင်နှံ အိမ်ခွဲပြီးချိန်တွင် နွေဦးခင် ဝမ်းမနည်းပါ။ မျက်စိနောက် သက်သာသည်ဟု ပြောဖြစ်သေးရဲ့။ သူမအသက် သုံးဆယ့်ငါးကျော်ကျော် ရောက်နေပြီမို့ ချစ်ခြင်းမေတ္တာ၏ သဘောတရားကို နားလည်နိုင်ပါသည်။ ဒါပေမဲ့ မောင်ဖြစ်သူနှင့် ယောက်မလေးတို့ အချိန်ရှိသရွေ့ တွတ်ထိုးနေခြင်းကို အချိန်ဖြုန်းနေခြင်းဟု သူမ ငြူစူပြောဆိုဖူးသည်။

"ဘဝမှာ အချစ်တစ်ခုတည်းနဲ့ ပြည့်စုံတာမဟုတ်ဘူး။ အနာဂတ်အတွက် ကြိုတင်တွေးရတယ်။ ငယ်တုန်းမှာ ငွေကို ကြိုးစားရှာမှပေါ့။ တစ်ချိန်လုံး တပူးတွဲတွဲ လုပ်နေဖို့ အချိန်တွေ ပိုနေကြသလား"

နွေဦးခင်၏ မျက်ထောင့်နီနှင့် ကြည့်သာမှုမရှိသောအပြောကို ယောက်မဖြစ်သူက လေသံအေးအေးဖြင့် ရှင်းပြခဲ့သေးသည်။

"မမနွေက အပျိုကြီးဆိုတော့ အိမ်ထောင်ရှင်မိန်းကလေးတစ်ယောက်ရဲ့ ဝတ္တရားတွေကို ဘယ်နားလည်ပါ့မလဲ။ ကျွန်မတို့က အလကား တွတ်ထိုးနေတာ မဟုတ်ဘူး မမနွေ။ အိမ်ရှင်မတစ်ယောက်ရဲ့တာဝန်ကို ကျွန်မ ထမ်းဆောင်နေတာပါ။ အိမ်ရှင်မဆိုတာ လင်သားရှာတဲ့ငွေကို လူမှုရေး လူ့ဒါနရေးမကျန် ခွဲခြမ်းစိတ်ဖြာသုံးစွဲဖို့အတွက် လင်သားနဲ့ တိုင်ပင်သေးတယ်။ ခင်ပွန်းသည်ရဲ့ စိတ်အားတိုးတက်ကြည်လင်ရေးအတွက် နှုတ်ရေးချိုချိုနဲ့ စကားအာဟာရ ကျွေးရသေးတယ်လေ။ ဒါတွေကို မမနွေက အချိန်ဖြုန်းနေတာလို့တွေးပြီး ငြူစူတာမျိုး မဖြစ်စေချင်ဘူး။ ဒါဟာ ကျွန်မတို့ မြန်မာအမျိုးသမီး အိမ်ရှင်မတွေ ဂုဏ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်သင့်တဲ့ အိမ်ထောင့်တာဝန် အဖြစ် မမနွေ နားလည်ပေးစေချင်ပါတယ်"

ယောက်မဖြစ်သူက ရှည်ရှည်လျားလျား ပြောပြနေခြင်းကို နွေဦးခင်က မျက်မှောင်ကြုတ်၍ နားထောင်ပြီး မဲ့လိုက်သည်။

"ဟွန်း ... ကြီးကျယ်ခမ်းနားနေလိုက်တာ။ အိမ်ရှင်မဝတ္တရားဆိုပြီး ခေါင်းစဉ်တပ်လိုက်သေးတယ်။ ယောက်ျားအနားကပ်ပြီး အချိန်ဖြုန်းနေတာလို့ပဲ ငါမြင်တယ်။ အချိန်ဖြုန်းတာဟာ ငွေဖြုန်းတာပဲဆိုတာ မမေ့နဲ့"

နွေဦးခင်က စကားကို အနိုင်ပိုင်း၍ ပြောတတ်သူပီပီ သူလိုရာ ဆွဲပြောနေပြန်သည်။ ယောက်မလေးက အစ်မဖြစ်သူကို ခွန်းတုံ့မပြန်ဘဲ ဆိတ်ဆိတ်သာနေခဲ့ရတော့သည်။

(င)

နှစ်တွေပြောင်းခဲ့ပြီ ...။

သံသရာရဟတ် လည်ပတ်နေသလို၊ ကံကြမ္မာဆိုသည့် စကားလုံးကလည်း သူ့အချိန်နှင့်သူ ရောက်လာတတ်စမြဲပင်။

နွေဦးခင်၏ မိဘနှစ်ပါး ဆုံးပါးပြီးနောက်တွင် ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းမှ တိတ်ဆိတ်ငြိမ်သက်သော နှစ်ထပ်တိုက်ကြီးထဲ၌ နွေဦးခင်တစ်ယောက်သာ ကျန်ရစ်သည်။

သူမ၏ အသက်အရွယ်ကြီးရင့်မှုနှင့်အတူ သူမ၏ သွက်လက်တက်[illegible]မှုများလည်း ဝေလျော့ပါးလာပြီ။ စိတ်ချယုံကြည်ရသော တူမလေးတစ်ယောက်နှင့် ခြံစောင့်လင်မယားနှစ်ယောက်သာ သူမအနားမှာ ရှိနေသည်။ သူမတပ်မက်ခဲ့သော ငွေပုံကြီးပေါ်တွင် အထီးကျန်နေသောအဖြစ်ကို သူမဘာသာ သိလာပြီ။

အာရုံကြောအားနည်းခြင်းနှင့် နှလုံးအားနည်းခြင်းကို ပါရဂူနှင့် ဆေးကုသနေရသည်။ ဆရာဝန်၏ အကြံပေး ညွှန်ကြားချက်ကြောင့် ကားမောင်းပြီး သွားလာခြင်း မလုပ်ရတာ ကြာပြီ၊ ကားတစီစီမောင်း၍ သွားလာခွင့်မရှိသဖြင့် အိမ်တွင်းမှာ ငြိမ်ငြိမ်နေပြန်သည်။ တစ်ခါတစ်ရံ အထီးကျန်ခြင်းဒဏ်ကို မခံစားနိုင်သဖြင့် ကြေကြေကွဲကွဲ ငိုရှိုက်နေမိသေးရဲ့။

အခုအချိန်မှာတော့ နွေဦးခင်၏ အလိုအပ်ဆုံးမှာ တိုင်ပင်ဖော်၊ စကားပြောဖော်သာ ဖြစ်သည်။ ဆွေမျိုးသားချင်းများ ထံသို့ လူကြုံမှာ၍ ဆက်သွယ်ရပြီ။ "အတူလာနေကြပါ၊ ထောက်ပံ့မည်၊ ပေးကမ်းမည်"ဟု ချော့ခေါ်တာတောင် တူ၊ တူမသားချင်းတွေက ရောက်မလာပါ။ တစ်နေ့တစ်နေ့ ခမ်းနားသလောက် ဆိတ်ငြိမ်ခြောက်သွေ့သော အိမ်ကြီးတွင် ငြိမ်ငြိမ်စွာ အချိန်ကုန်နေရသည်။

နယ်မြို့တွင် အခြေကျနေသည့် ဝေဦးလွင်နှင့် ယောက်မထံ ဖုန်းဖြင့် အလွမ်းသယ်ရ၊ အတူလာနေဖို့ တောင်းပန်ရနှင့် နွေဦးခင်ယယ်စဉ်က မာန်မာနကို လျှော့ချနေရပြီ။ သားသမီးတို့၏ ပညာရေးကိစ္စများနှင့် မအားလပ်နိုင်၍ မလာဖြစ်ကြောင်း သိရတော့ သူမ အားငယ်နွမ်းလျော့ရပြန်သည်။

"သူငယ်ချင်းတွေရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး စိတ်ကုန်လွန်းလို့ တစ်ကိုယ်တည်းနေပါရစေ"

ဟု ငယ်ဂုဏ်မောက်ခဲ့ခြင်းကို သတိတရ ဖြစ်ရပြီ။ ကိုယ့်မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေရမည့်အရွယ်တွင် နွေဦးခင်ကတော့ တစ်ကိုယ်တည်း။ သူမ မက်မောစွာ ရှာဖွေစုဆောင်းခဲ့သော ငွေများက သူမကို ပျော်ရွှင်မှု မပေးနိုင်တော့ပါ။ ဘဝ၏ မပြည့်စုံမှုကို တွေးသိနားလည်ပြီမို့ ရင်မှာ နာကျင်နေရပြီ။

တစ်ခါတစ်ရံ သူငယ်ချင်းများထံ[illegible] ဖုန်းဆက်ခေါ်ဖြစ်သေးသည်။

"မနွေဆီကို လာလည်ပါလား[illegible] လက်ဖက်စားရင်း စကားပြောရအောင်"

"နွယ်ရေ ... တိုင်ပင်စရာရှိလို့[illegible] လာခဲ့ပါဦးလား"

"မခိုင်နဲ့ မဆုံတာကြာပြီနော်[illegible] စကားတွေ တဝကြီးပြောရအောင် လာ[illegible] လည်ပါဦး"

စသည် ... စသည်ဖြင့် ဖုန်းနှင့်[illegible] တစ်မျိုး၊ လူကြုံနှင့်တစ်သွယ် ဖိတ်ခေါ်[illegible] မဲ့ ဘယ်သူမှ ရောက်မလာ။ အားလျှ[illegible] လာခဲ့မည်ဆိုတာမျိုး၊ လမ်းကြုံလျှင် ဝင်[illegible] မည်ဆိုတာမျိုး နည်းမျိုးစုံဖြင့် အကြောင်[illegible] ပြရှောင်ဖယ်ကြသည်။ ဒါသည်ပင် ဝ[illegible] လည်ခြင်းပါပဲဟု အောင့်သက်နာကျင်စွ[illegible] တွေးမိသည်။

"အသိုင်းအဝိုင်းဆိုတာ လူတ[illegible] ယောက်အတွက် အမှန်တကယ် လိုအ[illegible] တယ် သမီး"

တိုးတိုးဖွဖွ သတိပေးတတ်သော[illegible] အမေ့စကားကို သူမ နားလည်လက်ခံ[illegible] ချိန်တွင် အသိုင်းအဝိုင်းဆိုသော အ[illegible] သဟဲတစ်ခုနှင့် ဝေးကွာလွန်းခဲ့ပြီ။ အ[illegible] တစ်ဦးတစ်ယောက်နှင့် စကားလက်ဆုံ[illegible] နိုင်ခွင့်လည်း ဝေးရပြီ။ အခုတော့ သူမ[illegible] အနားတွင် စကားပြောဖော်မရှိ၊ အတွ[illegible] ရေး အပြင်ရေးသော်မှ ဆွေးနွေးတိုင်ပ[illegible] စရာ၊ ရင်ဖွင့်စရာ လူမရှိ၊ နှစ်သိမ့်အ[illegible] ပေးမည့်သူ မရှိတာ အမှန်။

သူမ ဥပေက္ခာပြုခဲ့သည့် မိတ်ဆွေ[illegible] ကောင်းများသည်လည်း အခုအချိန်တွ[illegible] သူမကို အလေးအနက်ထား၍ အလ[illegible] အပတ်ရောက်လာကြလိမ့်မည် မထင်[illegible] တော့ပါ ...။

မိုးပန်းမွန်(ရာမ[illegible]

www.burmeseclassic.com

# "SMS" ယာဉ်မောင်းတစ်ဦး ယာဉ်တိုက်မှုဖြစ်ပွားရ သင်ဥပဒေအရ တာဝန်ရှိသွားမည်

လေးဝတီကျော်



အမေရိကန်ပြည်ထောင်စုတွင် ယာဉ်မောင်းသင်တန်း နောက်ထပ်တစ်ကြိမ် ပြုလုပ်နေစဉ် အန္တရာယ်ရှိသော စာသား(Texting) ပို့သော အလေ့အကျင့်ကြောင့် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရသည်။ အမှုတစ်ခုတွင် စာသားပို့သည့် ဆယ်ကျော်သက် ယာဉ်မောင်းတစ်ဦး တိုက်မိ၍ မော်တော်ဆိုင်ကယ်တစ်စီးပေါ်မှ လင်မယားနှစ်ဦး ခြေတစ်ဖက်စီ ဆုံးရှုံးသွားခဲ့ရသော ဖြစ်ရပ်ရှိခဲ့ရာ နယူးဂျာစီပြည်နယ် အယူခံတရားရုံးတစ်ရုံးမှ လွန်ခဲ့သော အင်္ဂါနေ့တွင် လူတစ်ဦးအား အရေးယူခဲ့သည်။ ထိုသူသည် အခင်းဖြစ်စဉ်က အခင်းဖြစ်နေရာ၌ပင် မရှိခဲ့သောသူ ဖြစ်သည်။ နစ်နာသူများ၏ ရှေ့နေက အဆိုပါမိန်းကလေးသည် ယာဉ်မောင်းသူထံ စာသားပို့ခဲ့ခြင်းကြောင့် မတော်တဆဖြစ်ခဲ့၍ ဥပဒေအရ တာဝန်ရှိသည်ဟု တင်ပြခဲ့ရာ တရားသူကြီးသုံးဦးထိုင်သော အယူခံတရားရုံးက အခြေခံသဘောတရားအရ သဘောတူလက်ခံလိုက်သည်။

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလက ယာဉ်တိုက်မှုဖြစ်ပွားခဲ့စဉ် မစ္စတာ အေးဗစ်ကူဘတ်သည် ကျေးလက်လမ်း တစ်လျှောက် သူ၏ အပြာရောင် ဟာလီဒါပစ်ဆင် မော်တော်ဆိုင်ကယ်ကို နောက်ခုံတွင် ဇနီး လင်ဒါအား တင်ဆောင်လျက် မောင်းနှင်လာခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်စဉ်က အသက် ၁၈ နှစ်အရွယ်သာရှိသေးသော မစ္စတာ ကီလီဘက်(စ်)သည် လမ်းမ၏ အခြားတစ်ဖက်မှ သူ၏ ပီတ်ကပ်ကုန်တင်ကားကို မောင်းနှင်လာစဉ် ထိုစဉ်က အသက် ၁၇ နှစ်အရွယ် သူ၏ မိန်းကလေးသူငယ်ချင်း မစ္စရှန်နန်ကိုလွန်နာက သူ့ထံသို့ စာသားပို့နေခဲ့သည်။ မစ္စတာဘက်(စ်)က သူမထံသို့ စာသားပြန်ပို့ပြီး ၁၇ စက္ကန့်အကြာတွင် သူသည် ဖုန်းနံပါတ် ၉၁၁ သို့ အကြောင်းကြားလိုက်ရကြောင်း CNN သတင်းဌာနမှ ဖော်ပြလိုက်သည်။ သူ၏ကုန်တင်ကားမှာ နှစ်ထပ်အလယ်မျဉ်းကို ဖြတ်ကျော်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်သွားကာ မော်တော်ဆိုင်ကယ်ကို ခေါင်းချင်းဆိုင် တိုက်မိသွားခဲ့ကြောင်း CNN သတင်းဌာနမှ ဖော်ပြလိုက်သည်။

www.burmeseclassic.com

ကိုက်သို့မှာ ပြင်းထန်ပြီး ဒေးဗစ်၏ တစ်ဖက်ခြေထောက်ကို ပြင်းထန်စွာ ထိခိုက်သွားခဲ့သည်။ လင်းဒါ၏ ဘယ်ဘက်ခြေထောက် ကြွေသွားခဲ့ပြီး ကျိုးအက်သွားသော ပေါင်ရိုးမှာ လမ်းမပေါ်သို့ [illegible]သွားစဉ် အရေပြားမှ ပေါ်ထွက်[illegible] ရှိနေခဲ့ကြောင်း တရားရုံးသက်သေခံထွက်ဆိုချက်၌ ဖော်ပြထားသည်။ ထိုကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက်မှာပင် မစ္စကိုလွန်နာသည် မစ္စတာဘက်(စ်)ထံသို့ နောက်ထပ်နှစ်ကြိမ် စာသားပို့ခဲ့သေးကြောင်း တရားရုံးမှတ်တမ်း၌ ဖော်ပြထားသည်ဟု CNN သတင်း၌ ဖော်ပြလိုက်သည်။ အခင်းဖြစ်ပွားစဉ်က အသက် ၅၆ နှစ်အရွယ် မစ္စတာ ကူဘတ်သည် သူ၏ ဘယ်ဘက်ခြေထောက်တစ်ခုလုံး ဆုံးရှုံးသွားကာ သူ့ဇနီးက တစ်ခုလုံးနီးပါး ဆုံးရှုံးသွားခဲ့သည်။ သူ့ဇနီး ၅၆ နှစ်အရွယ်သည်လည်း ဘယ်ဘက်ခြေထောက်တစ်ပိုင်း ဖြတ်တောက်လိုက်ရပြီး နောက်ပိုင်း အတုတပ်ဆင်ခဲ့ရသည်။ သူသည် အလုပ်မလုပ်နိုင်တော့ဘဲ သူမသည်လည်း အလုပ်ခွင်သို့ ပြန်မဝင်နိုင်တော့၍ သူတို့၏ ဘဝများ များစွာအခက်အခဲများ ဖြစ်သွားခဲ့ရကြောင်း A.P သတင်းဌာနမှ ဖော်ပြလိုက်သည်။ သို့သော် သူတို့၏ရှေ့နေ ဇော်ဖင် ဝင်စတိန်က သူတို့ဇနီးမောင်နှံသည် မစ္စတာဘက်(စ်)အား အသက်အာမခံအတွက် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ (စင်ကာပူဒေါ်လာ ၆၄၀,၀၀၀)ရရှိရန် တရားစွဲဆိုထားကြောင်း။ ယင်းသည် သူ့ကိုဘဝ ဖူလုံရန်ဖြစ်ကြောင်း တနင်္လာနေ့က ပြောကြားလိုက်သည်။

မစ္စတာဘက်(စ်)သည် ကားမောင်းနေစဉ် စာသားပို့ခြင်းကို ကနဦးကပင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ရာ ၎င်းအပေါ် တရားရုံးမှ ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၇၇၅ ချမှတ်လိုက်ပြီး အထက်တန်းကျောင်း ၁၄ ကျောင်းသို့ ယာဉ်မောင်းနေစဉ် စာသားပို့ခြင်းမှာ အန္တရာယ်ရှိကြောင်း အသိပေးဖော်ပြလိုက်သည်။ အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးအမှုဟု ယူဆရသည်။ မစ္စတာဘက်(စ်)ကားမောင်းနေစဉ် အီလက်ထရွန်းနစ်နည်းပညာအရ သူမက စာသားပို့ခဲ့ခြင်းအတွက် ယခုအသက် ၂၀ နှစ်အရွယ် မစ္စကိုလွန်နာအားလည်း မစ္စတာကူဘတ်က သူမသည် မတော်တဆဖြစ်မှုတွင် ဥပဒေအရ တာဝန်ရှိကြောင်းဖော်ပြ၍ တရားစွဲဆိုလိုက်သည်။

မစ္စကိုလွန်နာက သူမသည် အဝေးတစ်နေရာ၌ ရှိနေခဲ့၍ မစ္စတာဘက်(စ်)ကားမောင်းနေသည်ဟု မသိကြောင်း ထုချေခဲ့သည်။ သူမသည် တစ်နေ့လျှင် အကြိမ် ၁၀၀ ကျော် စာသားပို့ကြောင်း တရားရုံးမှ ဖော်ပြလိုက်သည်။ သူမသည် ဆယ်ကျော်သက်တစ်ဦးဖြစ်ကြောင်း။ အခင်းဖြစ်သည့်နေရာတွင် မရှိခဲ့ကြောင်း တင်ပြခဲ့သည်။ တရားသူကြီးက သူမသည် အမှုနှင့် မသက်ဆိုင်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် အင်္ဂါနေ့တွင် အယူခံတရားရုံး၏ တရားသူကြီးများက စာသားပို့ခဲ့သူသည် စာသားပို့ခဲ့ခြင်းကြောင့် မတော်တဆဖြစ်ခဲ့လျှင် ဥပဒေအရ တာဝန်ရှိကြောင်း ဖော်ပြလိုက်သည်။ သို့သော် အကယ်၍ စာသားပို့သူသည် သိခဲ့လျှင် (သို့) သိစေရန် အကူအကြောင်းရှိခဲ့လျှင် စာသားလက်ခံရရှိသူသည် ယာဉ်မောင်းနေစဉ် စာသားကို မြင်ရပြီး အာရုံမစိုက်နိုင်ဖြစ်စေသည်ဟု ဖော်ပြလိုက်သည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် နယူးဂျာစီပြည်နယ်ကဲ့သို့ အခြားပြည်နယ်များမှာပါ ယာဉ်မောင်းနေစဉ် စာသားပို့ခြင်း။ ယာဉ်မောင်းစဉ် အရက်သောက်ခြင်းကို တားမြစ်သကဲ့သို့ ခိုင်မာသော ဥပဒေတစ်ရပ်ဖြင့် တားမြစ်သွားမည်ဖြစ်ရာ ယင်းသည် ယာဉ်မောင်းသူများထံ စာသားပို့ခြင်းကြောင့် ကူဘတ်ကဲ့သို့ ကိုယ်အင်္ဂါချို့တဲ့သွားခြင်း။ သေဆုံးသွားခြင်းတို့နှင့် ဆက်နွယ်နေကြောင်း ဖော်ပြလိုက်သည်။ အကယ်၍ ယာဉ်မောင်းသူတစ်ဦး မတော်တဆဖြစ်ခဲ့လျှင် အာရုံပျက်စေသော ဖြစ်မှုမြောက်သော ယာဉ်မောင်းမှုဟု ဥပဒေကဖော်ပြလိုက်သည်။ ခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာ ရရှိစေမှုဖြစ်၍ အများဆုံးပြစ်ဒဏ်မှာ ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ နှင့် ထောင်ဒဏ် ၁၀ နှစ်ထိဟု ဖော်ပြလိုက်သည်။

**လေးဝတီကျော်**

*Ref:* SMS a driver who then crashes? You may be liable. 1.9.2013, The Sunday Times

❒



www.burmeseclassic.com

www.burmeseclassic.com

# မလေးရှား ရတနာသန်းကြွယ်သူဌေးသတ်မှု ဖော်ထုတ်ဖမ်းဆီး

လွန်ခဲ့သော ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ ညနေ ၁၁ နာရီခွဲအချိန်နှင့် နောက်တစ်နေ့ ဇန်နဝါရီလ ၁၂ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့် ပေါ်ကြားအချိန်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှ လူဆိုး(၃)ဦးသည် ဓားလက်နက်ကိုင်ဆောင်ပြီး Buntong ရပ်ကွက်၊ Jalan Wayang လမ်း၊ အိမ်အမှတ်-၇၃၉ ရှိ ရတနာကုန်သည် သန်းကြွယ်သူဌေးကြီးတစ်ဦးဖြစ်သော Mr Simdamba Ram ၏ နေအိမ်သို့ ဖောက်ထွင်းဝင်ရောက်ပြီး ကျောက်မျက်ရတနာ လက်ဝတ်လက်စားများတို့ကို လုယူတိုက်ခိုက်၍ ယင်းရတနာကုန်သည် သန်းကြွယ်သူဌေးကြီးအား ဓားလက်နက်ဖြင့် ခုတ်လိုးမွှန်းသတ်ခဲ့၏။ ယင်းအမှုကို မလေးရှားရဲအထူးတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ မသင်္ကာဖွယ်ရာ တရားခံ(၃)ဦးမှာ (၁) A. Manimaran ၂၄ နှစ်၊ (၂) S. Saravaran ၂၉ နှစ်နှင့် (၃) K. Perumal ၃၁ နှစ် အသီးသီးတို့ဖြစ်ကြပြီး တရားရုံးတော်ရှေ့၌ စစ်ဆေးထွက်ဆိုရာတွင် ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများကို ဝန်ခံသွားခဲ့သဖြင့် H.C တရားရုံးတော်မှ ၎င်းတို့အပေါ် ၁၅ · ၇ · ၂၀၁၃ ရက်နေ့က လူသတ်မှုအတွက် သေဒဏ်အသီးသီး ချမှတ်ခဲ့သည်။ ယင်းတရားခံ(၃)ဦးတို့က အမိန့်စီရင်ချက်ကို မကျေနပ်သောကြောင့် ပြစ်ဒဏ်လျှော့ပေါ့ရန် အထက်ရုံးတော်သို့ အယူခံဝင် လျှောက်ထားသည်ဟု သိရ၏။



မလေးရှား လူသတ်တရားခံ(၃)ဦးတို့အပေါ်၌ သေဒဏ်စီရင်ချက် ဖတ်ကြားချမှတ်ပြီးသည့်နောက် ရဲတပ်ဖွဲ့က ရုံးခန်းမှ ခေါ်ထုတ်သွားစဉ် တွေ့ရပုံ



ရုံးခန်းပြင်ပရှိ တရားခံ၏မိသားစုသည် တရားရုံးတော်မှ စီရင်ချက် ဖတ်ကြားချမှတ်ပြီးသည့်နောက် ဝမ်းနည်းကြေကွဲ ငိုကြွေးနေကြစဉ်

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

***Ref:*** ***The Star(Malaysia),***
***16 July, 2013,***
***Page(18)***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ညသည် မှောင်မည်းလွန်းနေသည်··

ထို ညကား··လကွယ်ညလည်း ဖြစ်သည်။ တစ်လုံးတစ်လေတောင်မှ ကြယ်ရောင်မလက်၊ ကြယ်မထွက်။

ဆင်သေကောင်ရွာ၏ 'သင်္ချိုင်းကုန်းသည် အမှောင်ထဲတွင် ဆိတ်ဆိတ်ငြိမ်သက်နေ၏။ သင်္ချိုင်း၏ တောင်ဘက်ခြမ်းအထက်မှာ ဇရာမ ညောင်ပင်ကြီးတစ်ပင်ရှိသည်။ အဲဒီ ရှေ့မှာ နတ်ကွန်းတစ်ခုရှိသည်။ ရွာရှိအများပြောအရ··မဖဲဝါ··နတ်ကွန်းဟု··သိရသည်။

မဖဲဝါမှာ··တစ္ဆေမကြီးဟုဆိုသည်။ သင်္ချိုင်းကို စောင့်ကြပ်တဲ့ အစောင့်ဟုလည်း ပြောကြ၏။ ဘာပဲပြောပြော··ဘာပဲဆိုဆို··ဒီညအဖို့တော့··မဖဲဝါလား··မဖဲနီလားတော့မသိ·· အို··ဘာကောင်ကြီးပဲဖြစ်ဖြစ်··ထွန်းညိုရင်ဆိုင်ဖို့ သွားရပေမည်။ နောက်ပြီး သင်္ချိုင်းမှာ အိပ်ရပေတော့မည်··။

"သင်္ချိုင်းဇရပ်မှာ··တစ်ညအိပ်ပြီး၊ မနက်လင်းလို့ မင်းဘာမှမဖြစ်ဖူးဆိုရင်··မင်းကို··ချက်အရက်ကောင်း ကောင်းတစ်လုံးနဲ့ ကြက်တစ်ကောင်ပေးမယ်။ မတော်လို့··တစ္ဆေ··သရဲ ခြောက်လို့ သေရင်တော့ မင်းထိုက်နဲ့



www.burmeseclassic.com

မင်းကံပဲနော်··ဘယ်နှယ်လဲ··မင်း··သဘောတူလား ထွန်းညို··"

ရွာ··ကာလသားတွေရဲ့ စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကာလသားခေါင်းနက်ကျော်က ထွန်းညိုနှင့်အလောင်းအစားလုပ်သည်။

ထွန်းညို··ဆိုတဲ့ကောင်ကလည်း··အရက်သောက်ရလျှင် ဘာမဆိုလုပ်တတ်တဲ့ကောင်ဖြစ်သည်၊ အရက်ကြိုက်သည်။ သူ့မှာပိုက်ဆံရှိလျှင် ဝယ်သောက်သည်။ မရှိလျှင် သူများဆီကကပ်သောက်သည်။ သူများခိုင်းတာလုပ်ပေးသည်။

ထွန်းညိုက··ဘုန်းကြီးကျောင်းသားဟောင်းဖြစ်သည်။ ပရိတ်ကြီး ၁၁သုတ်လုံး အာဂုံဆောင်နိုင်သူဖြစ်သည်။ ခေတ်ပညာအရ ဆင်းရဲသော်လည်း ဘုန်းကြီးစာကျတော့ ချမ်းသာသူဖြစ်၏။

တစ္ဆေမကြောက် သရဲမကြောက် ဘာဆိုတာမှမကြောက်ခြင်း လန့်ခြင်း သူ့မှာ မရှိ။

"ဒီမှာ··တစ္ဆေ··သရဲဆိုတာ လူကဖြစ်တာကွ၊ အကုသိုလ်ကောင်တွေ၊ ဘာမှကြောက်စရာမလိုဖူး။ ငါတို့က သရဏဂုံရှိတဲ့လူ··ဘုန်းကံရှိတဲ့လူ··၊ လူကိုလူချင်းကြောက်ရမှာကွ၊ တစ္ဆေ··သရဲကြောက်နေမလိုဖူး··မေတ္တာသုတ် တစ်သုတ်တည်းနဲ့တင် ပြီးတယ်"

ဒါက ထွန်းညိုပြောနေကျစကားဖြစ်သည်။ ဟုတ်သည်။ ထွန်းညိုဆိုတဲ့ကောင်က ပေါ့သေးသေးကောင်မဟုတ်၊ အလယ်တန်းအောင်ပြီး အရပ်ထဲအရက်သမားဖြစ်နေသူဖြစ်၏။

"သေချာမှ··လောင်းပါကွာ··ဒီမယ်··ထွန်းညို··ငါတို့ကတော့လူလူချင်း မကြောက်ဖူး··ဒါပေမဲ့ ပရလောကရဲ့ တစ္ဆေ··သရဲကိုတော့ ကြောက်တယ်ကိုယ့်လူ··၊ နောက်ပြီး အဲဒီ သင်္ချိုင်းမှာ မဖဲဝါရဲ့တပည့် မစ္ဆန်းညိုဆိုတဲ့ တစ္ဆေမကလည်း သိပ်ကြမ်းတယ်လို့ ပြောနေကြတယ်နော်··သူက··သူပိုင်နက်ထဲဝင်လာတဲ့လူကို··အလွတ်မပေးဖူးတဲ့"

"ဟ··ဒါဆို ထွန်းညိုတို့က ပိုကြိုက်သွားပြီဟေ့"

ထွန်းညို ရင်လေးကော့၍··စိန်ခေါ်သည်။

"ထွန်းညို··မင်းက··ဘာကိုကြိုက်တာလဲ"

ကာလသားခေါင်း နက်ကျော်က မေးသည်။

"ဒီမယ်··နက်ကျော် ရွှန်းညိုနဲ့ ထွန်းညိုကွာ နာမည်တောင်ခပ်ဆင်ဆင်တူနေတာ··၊ ကံကောင်းရင် အပေါင်းအသင်းတောင် ဖြစ်သွားနိုင်တယ်··ကွ"

"ဟ·မင်းကတည်း တစ္ဆေသရဲမနဲ့လူဘယ်လိုအပေါင်းအသင်းဖြစ်နိုင်မလဲကွ··၊ ဟေ့ကောင်ထွန်းညို ကြည့်လဲလုပ် အလောင်းအစားက··နတ်ကြီးတယ်၊ သရဲစီးတယ်၊ တော်ကြာသင်္ချိုင်းထဲမှာ မင်းအလောင်း မြှုပ်ပေးနေရဦးမယ်··"

"ရတယ်··အဲဒါ··ငါကိစ္စ··မင်းတို့နဲ့မဆိုင်ဘူး၊ မင်းတို့နဲ့ဆိုင်တာက နောက်တစ်နေ့မနက် အရက်တစ်လုံးနဲ့ ကြက်တစ်ကောင်သာ အဆင်သင့်လုပ်ထား၊ မနက်လင်းလင်းခြင်း ငါက ယူမှာ··"

နောက်ဆုံးတော့ အလောင်းအစားက အတည်ဖြစ်၍ သွားတော့၏။

* * *

ဆင်သေတောင် သင်္ချိုင်းကုန်းထဲ ထွန်းညိုဝင်လာသည်။ လကွယ်ညက မှောင်နက်နေသည်။ ထိုးထိုးထောင်ထောင်မှတ်တိုင်များကို တွေ့သည်။ ကာလသားခေါင်း နက်ကျော်စကားကိုလည်း ပြန်လည်ကြားယောင်နေသည်။ သင်္ချိုင်းစောင့် မဖဲဝါရှိ မရှိတော့ မသိ၊ ဇရပ်ကိုတော့ မှောင်နဲ့မည်းမည်းတွေ့မြင်ရသည်။ အဲဒီမှာ တစ်ညအိပ်ရမည်။ ထွန်းညိုအလုပ်က ထိုတစ်ညသာ သင်္ချိုင်းဇရပ်မှာ အိပ်ရန်ဖြစ်၏။

ထွန်းညိုသည် တစ္ဆေသရဲ မကြောက်သော်လည်း ညအမှောင်ကိုတော့ နည်းနည်းရွံ့ချင်ချင်ရှိ၏။ အအေးနှင့်အမှောင်တို့သည် သွေးကို တုံ့ဆိုင်းစေ၏။ နွေးအပူနှင့်မတူပေ။ အပူက သွေးကိုဆူစေ၏။

ထိုကြောင့် ထွန်းညိုသည် အပူရှိန်နှင့်သွေးဆူအောင် အရက်ကို ရဲဆေးသဘောမျိုး တင်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းညိုအရက်ရှိန်နှင့် တက်ကြွနေသောကြောင့် ဇရပ်ပေါ်သို့ ကောင်းစွာတက်ရောက်လာနိုင်ခဲ့၏။ ခဏကြာတော့ အအေးကလည်း ပိုအေးလာသည်။ ပုရစ်အော်သံ လေတိုးသံတို့ကလည်း တရှီးရှီးနဲ့ တဝီးဝီးကြားနေရသည်။ ထွန်းညိုသောက်လာခဲ့တဲ့အရက်အရှိန်က ကျလာသည်။ ညကလည်း နက်လာ၏။

အိပ်မည်ဟု စိတ်ကိုဆုံးဖြတ်လိုက်သည်နှင့် ဇရပ်ဘေးနားက ညည်းသံတစ်ခုကို ကြားလိုက်ရပေ၏။

"အီး..ဟီး..ဟီး..ဟီး.."

ထို..ညည်းသံကြောင့် အိပ်တော့မည့်ထွန်းညို မအိပ်ဖြစ်တော့၊ ဆောင်ယူလာသော ငှက်ကြီးတောင်ဓါးရှည်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ..

"ဘယ်ကညည်းသံလဲ..ဟ"

ဟု တစ်ယောက်တည်း ရေရွတ်၍ ဇရပ်အောက်သို့ ဆင်းကြည့်သည်။ ဘာမှမတွေ့၊ ညည်းသံလည်းပျောက်သွားသည်။

ထွန်းညို..ဇရပ်အပေါ်သို့ ပြန်တက်လာပြီး အိပ်မည်ပြုပြန်၏။ ကျောခနှင့်ကြမ်းပြင်..ထိရုံသာ၊ ထိသေးသည် ညည်းညူသံကို ပြန်လည်ကြားလိုက်ရပြန်လေ၏။

"အီး..ဟီး..ဟီး..ဟီး..ဟီး..ဟီး..."

ထွန်းညို သတ္တိကနည်းနည်းဖြုန်စပြုလာသည်။ သချိုင်းစောင့်မဖဲဝါပဲညည်းညူပြီး ခြောက်လှန့်နေသလား..ဟု ထွန်းညိုထင်မိသည်။

သို့ဖြင့် ထွန်းညိုအောက်သို့ ပြန်ဆင်းကြည့်ပြန်၏။ ညည်းညူသံကလည်း တိတ်ဆိတ်နေပြန်၏။

"ဟာ..ညည်းသံကလဲ ပေါ်လိုက်..ပျောက်လိုက်နဲ့ ဘာလဲဟေ့..ဖဲဝါလား..ဖနီလား..ညည်းသံပေးပြီး ခြောက်မနေနဲ့ ထွန်းညိုဆိုတဲ့ကောင်က ဘာမှမကြောက်ဖူးကွ။ သတ္တိရှိရင်..ငါ့ရှေ့ထွက်ခဲ့"ဟု ငှက်ကြီးတောင်တဝင့်ဝင့်နဲ့ ထွန်းညိုအော်ပြီး စိန်ခေါ်လိုက်သည်။

သည်တွင် ညည်းညူသံပျောက်ပြီး ရယ်သံကြီးပေါ်လာပြန်၏။

"ဟား..ဟား..ဟား..ဟား"

ဟူသော ရယ်မောသံ ထချောက်ချားဖွယ်ကောင်းလေသည်။ ဘယ်က ရယ်သံမှန်းတော့ ထွန်းညိုမသိ၊ ရယ်မောသံမှန်းတော့ သိသာထင်ရှားပေ၏။

"ဟိတ်..ရယ်မနေနဲ့ ထွက်ခဲ့..နင်ဒီအတိုင်းဆက်ရယ်နေမယ်ဆိုရင် ဒီတစ်ညလုံးငါအိပ်လို့ရမှာမဟုတ်ဘူး..ကဲဒီတော့ ထွက်ခဲ့၊ ထွက်ခဲ့လို့ပြောနေတယ်နော်..ဟိတ်..ဒီမှာ..မဖဲဝါ ငါ့ရှေ့ထွက်ခဲ့စမ်းပါ.."

"ဟား..ဟား..ဟား..ဟား ဟီး..ဟီး..ဟီး..ဟီး..ဟီး"

တစ်ညလုံးလိုလိုပင် တဟားဟား..တဟီးဟီးလုပ်ကာ၊ ခြောက်လှန့်နေသောကြောင့် ထွန်းညိုအိပ်မရတော့ပေ၊ စိတ်လည်းတို၊ ဒေါသလည်းထွက်နေတော့၏။

ထွန်းညိုမှာ..ဒေါသကြောင့်၊ ဆဲဆို၍သာ..နေတော့၏။ တစ္ဆေလား သရဲလား..ဘာလား..မသိသောအကောင်ကလည်း တဟီးဟီး..တဟားဟားဖြင့် ဆက်လက်၍ခြောက်လှန့်ကာ၊ အနှောင့်အယှက်ပေး၍သာ နေတော့၏။

တော်တော်လေးကြာမှ..ထွန်းညိုသတိရလာ၏။ မေတ္တာသုတ်..ရွတ်ပြီး..ထိုတစ္ဆေလား..သရဲလား..ဘာလားမသိသော အကောင်ကို တားဆီးကာကွယ်ရန် စိတ်ကူးပေါက်မိလေ၏။

ထို့ကြောင့်..ထွန်းညိုသည်..ဇရပ်ပေါ်တွင် ထိုင်၍မေတ္တာသုတ်ကို ချက်ခြင်းသတိရွှာ..ရွတ်ဆိုမိလေတော့၏။

"ယဿာနုဘာဝတော၊ ယက္ခာ၊ နေဝ…ဒဿေန္တိ၊ ဘီသနံ"ဟု အစချီ၍ ရွတ်လိုက်သည်နှင့် တစ္ဆေလား၊ သရဲလား ဘာလားမသိသော အကောင်က..

"ယဉ္စေဝါ..နုယုဉ္ဇန္တော..ရတ္တိန္ဒိဝ..မတန္ဒိတော"ဟူ၍ ဆက်ပေးသလို နောက်က အသံသြသြကြီးဖြင့် လိုက်၍ ဆိုလေ၏။

သည်တွင် ထွန်းညိုသည် မေတ္တာသုတ်ရွတ်ခြင်းကို ရပ်၍စောင့်ဆိုင်းနားစွင့်နေလိုက်၏။

ဇရပ်ဘေးက အသံလိုလို..ဇရပ်အောက်က အသံလိုလိုမေတ္တာသုတ်ဆက်ရွတ်သံကို ထွန်းညိုကြားနေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်..ဘာတစ္ဆေလဲကွ..မေတ္တာ သုတ်ရွတ်တာတောင် တုတ်တုတ်မ လှုပ်ရအောင် မင်းက ဘုန်းကြီးတစ္ဆေ လား၊ အေး ဘုန်းကြီးတစ္ဆေဆိုရင် တော့ မေတ္တာသုတ်မရွတ်တော့ဘူး ဟော့..ဟော့ဒီက ငါ့ငှက်ကြီးတောင် ဓါးနဲ့ပဲ ခုတ်မယ်"ဟု ပြောပြီး၊ ထွန်းညိုဇရပ်ပေါ်မှ ခွန်ဆင်းလိုက် သည်။

ရိပ်ခနဲ..မည်းမည်းသဏ္ဌာန်တစ် ခု..ဇရပ်ဘေး၌ ဘွားခနဲတွေ့လိုက်ရ သောကြောင့် ထွန်းညိုသည် ပါးစပ် ကလည်း ဆဲဆို၍ ငှက်ကြီးတောင်မား ဖြင့် တစ်ချက်တည်းခုတ်ပိုင်းချလိုက် ပြီးနောက်..တစ်ကြိုးတည်း သဲချိုင်း ဇရပ်မှ အပြင်ဘက်သို့ ပြေးထွက် သွားလေ၏။

လောင်းကြေးလုပ်ထားကြသော ရွာက သူငယ်ချင်းများ ပြေးလာတာ မြင်၍ ...

"သရဲ..သရဲ..ငါ့နောက်က.. လိုက်လာနေတယ်" ဟုအော်ရင်း ထွန်းညိုမောမောနှင့်ရပ်လိုက်သည်။

"ဟင် မင်းနောက်က သရဲ လိုက်လာတယ်ဟုတ်လား ဘယ်မှာ လဲ..မမြင်ပါဘူး ထွန်းညို..ဒါနဲ့နေပါ ဦး ဟိုကောင်နက်ကျော်နဲ့တွေ့ဟား၊ နက်ကျော်က မင်းကိုသွားခေါ်မယ်ဆို ပြီး ထွက်သွားတာ.."

"နက်ကျော်လဲ..မတွေ့ဖူး..မင်း တို့ပြောတဲ့ မဖဲဝါလား..မဖဲနီလား တော့မသိဖူး..တစ်ညလုံးခြောက်နေ လို့ ငါ့မှာ..ဆဲလိုက်ဆိုလိုက် မေတ္တာ သုတ်ရွတ်လိုက်နဲ့ အိပ်လို့ကို မရဖူး။ နောက်ဆုံး မရတဲ့အဆုံး စိတ်တိုတို နဲ့ အဲဒီတစ္ဆေသရဲကောင်ကို ဟော့ဒီ ငှက်ကြီးတောင်ဓါးနဲ့ ဆင်းခုတ်ပြီး ကြောက်ကြောက်နဲ့ မင်းတို့ဆီကို ပြေး လာခဲ့တာပဲ"

"ဟ..ဒါ..ဒါဆို..ငါးပါးတော့ မှောက်ပြီနဲ့တူတယ်..၊ လာ..လာ.. ဟိုကောင်ဆီသွားကြရအောင်"

ကာလသားအုပ်စုထဲက အောင်မောင်းဆိုသူက ထွန်းညိုကိုဆွဲ ခေါ်၍ သူငယ်ချင်းတစ်စု သင်္ချိုင်း ကုန်းသို့ ပြန်ဝင်ကြလေ၏။

ထွန်းညို မင်းကိုခြောက်တဲ့ တစ္ဆေက ဘယ်နားကလဲ..ဟိုရှေ့က ညောင်ပင်လား..ဟောဟိုရှေ့ကဇရပ် လား"ဟု အောင်မောင်းက မေးလိုက် ရာ ထွန်းညိုက ..

"ဟောဟို..ရှေ့က ဇရပ်မှာကွ ဟော..ဟိုမှာ..ဟိုမှာ.. မည်းမည်း ကြီး..ခုထိ မသွားသေးဖူးကြည့်"ဟု ပြောလိုက်လေ၏။

အောင်မောင်းတို့ ကာလသား တစ်စု ထွန်းညိုပြောရာ မည်းမည်း ကြီးရှိရာသို့ ပြေးသွားကြသဖြင့် ထွန်းညိုလည်း နောက်က ပြေးလိုက်သွားလေ၏။

ဇရပ်ဘေးသို့ရောက်သောအခါ အောင်မောင်းက အသင့်ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ထိုမည်းမည်း ကြီးကို ထိုးကြည့်လိုက်သည်။

"ဟာ..ထွန်းညို..မင်းဓါးနဲ့ခုတ် လိုက်တာ တစ္ဆေမဟုတ်ဖူးကွ နက်ကျော်ကြီး နက်ကျော်ကြီး ဟာ အသက်မှရှိသေးရဲ့လားမသိဘူး..လုပ် ပါဦး လုပ်ကြပါဦးကွာ ကြည့်ကြပါ ဦးဟ"

အားလုံးငုံ့ကြည့်လိုက်ကြသည်..

"ဟာ"

ခနဲထိန်လန့်အံ့ဩသွားကြ၏။ ဝတ်စုံအနက်ကို ဝတ်ဆင်ထားသည့် နက်ကျော်မှာ သွေးအိုင်ထဲတွင်ငြိမ် သက်စွာ သေဆုံးနေတော့ သ တည်း..။

● **ဒါရိုက်တာ မျိုးဇော်အောင်**

ဆင်ခြင်ရန်....

(၁) မပြုထိုက်၊ မပြုအပ်သော ကိစ္စမျိုးကိုရှောင်ရန်။

(၂) မခံချင်အောင်ပြော၍ အကျိုး အစား၊ အလောင်းအစားပြုခြင်းကို ရှောင်ရန်။

(၃) သဘာဝထက် လွန်သော ကိစ္စမျိုး၌သော်လည်းကောင်း၊ ပရ လောကသားတို့ ကျင်လည်ကျက်စား ရာအရပ်တို့၌ လည်းကောင်း မထီမဲ့ မြင်ပြုခြင်း၊ သူရဲကောင်းဆန်ဆန်လုပ် ဆောင်ပြခြင်း၊ လောင်းကြေးလောင်း စားပြုခြင်းများကို ရှောင်ရန်။

(၄) ကြောက်ကန်ကန်လျှင် ဒုက္ခရောက်တတ်ကြောင်း၊ သေကြေ ပျက်စီးတတ်ကြောင်းများကို သတိ ထားရှောင်ကျဉ်ရန်နှင့် အကျိုးစားသန် လျှင် ဘေးတွေ့တတ်ကြောင်းကို သတိပေးလိုခြင်းဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

## အိမ်ဖော်မလေးအား ညှဉ်းဆဲနှိပ်စက်မှုဖြင့် ထောင်ဒဏ် ၂၁ လ ကျခံခဲ့ရ

လွန်ခဲ့သော ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် စင်ကာပူမြို့နေ အိမ်ရှင်မတစ်ဦးဖြစ်သူ မစ္စ(စ)ချန်း (Mrs Chan Huey Fern) အသက် ၃၂ နှစ်ဆိုသူသည် မိမိ၏ အိမ်ဖော်မလေး မီးဖိုချောင်တွင် ဟင်းချက်နေစဉ် အခန့်မသင့်၍ အမျက်ဒေါသထွက်ကာ အင်ဒိုနီးရှားလူမျိုး အိမ်ဖော်မလေး ဂျူဝါတီ(Juwarti) အသက် ၂၅ နှစ်၏ မျက်လုံးကို လက်သီးဖြင့်ထိုး၊ ကိုယ်ခန္ဓာနှင့် မိန်းမ၏ အင်္ဂါရပ်ကို အကြိမ်ပေါင်းများစွာ ကန်ကြောက်ရိုက်နှက်ခဲ့ရာ ထိခိုက်ဒဏ်ရာများ ရရှိပြီး သွေးသံရဲရဲဖြင့် ကြောက်အားလန့်အားနှင့် နေအိမ်မှ ထွက်ပြေးလျက် အရပ်အကူအညီရယူပြီး ရဲစခန်းသို့ တိုင်ကြားခဲ့၏။ ရဲစခန်းမှ အိမ်ရှင်မဖြစ်သူ မစ္စ(စ်)ချန်းအား လက်ရောက်စစ်ဆေးဖမ်းဆီး၍ ချုပ်နှောင်ထားခဲ့ပြီး အမှုကို တရားရုံးတော်သို့ တင်ပို့၍ ကြားနာစစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားတွေ့ရှိခဲ့သောကြောင့် ၇-၈-၂၀၁၃ ရက်နေ့က သူမအပေါ်၌ ထောင်ဒဏ် ၂၁ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့၏။ မစ္စ(စ)ချန်းက ၎င်း၏အကျိုးဆောင်မှတစ်ဆင့် အယူခံဝင်မည်ဖြစ်ကြောင်း အမှုအတွင်း အာမခံဖြင့် နေထိုင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်တွင် တရားရုံးတော်မှ သူမအပေါ် စင်ကာပူဒေါ်လာ ၂၀၀,၀၀၀ = မလေးရှားငွေ ရင်းဂစ် ၅၁၃၃၇ ဖြင့် အာမခံနေထိုင်ခွင့် အမိန့်ရရှိခဲ့သည်ဆိုသည်။



(ရုပ်ပုံ) မစ္စ(စ)ချန်း(အိမ်ရှင်မ)အပေါ် တရားရုံးတော်မှ အမိန့်စီရင်ချက်ချမှတ်ခဲ့ပြီးသည့်နောက် သူမအား ရုံးတော်မှ ထွက်ခွာစဉ် တွေ့ရပုံဖြစ်သည်။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

*Ref: (1) The Star (8 Aug, 2013)*
*(2) The Straits Times*
*Asia News (Network)*

---



## ဘဏ်ဝန်ထမ်းအမျိုးသမီးကြီးတစ်ဦး ငွေလိမ်ထုတ်ယူ အလွဲသုံးစားပြုမှု

စင်ကာပူမြို့ရှိ စပိန်ဘဏ်တိုက်၏ ငွေစာရင်းဝန်ထမ်း အမျိုးသမီးကြီး အသက် ၅၁ နှစ်ရှိသူ မစ္စ(စ) Khanim Omar သည် ရုရှားနိုင်ငံ ကုန်သည်အမျိုးသမီးကြီးတစ်ဦးက အပ်နှံ ငွေစာရင်းဖွင့်ထားသော စင်ကာပူဒေါ်လာ ငွေ ၃၈၈,၀၀၀ ($ 388,000)ကို လိမ်လည်ထုတ်ယူ၍ အလွဲသုံးစားပြုမှုဖြင့် တရားစွဲခံခဲ့ရာ စင်ကာပူ တရားရုံးတော်မှ ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် ထောင်ဒဏ် (၈)လ ကျခံစေရန် အမိန့်စီရင်ချက်ချမှတ်လိုက်ကြောင်း သိရ၏။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

*Ref: The Straits Times (Singapore), (Aug 2, 2013), Page(B-17)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မသိခြင်းဖြင့် ချစ်ခြင်းများစွာ

■ မောင်သာမန် (ဇီးကုန်း)

တစ်ပါးသူသည် မိမိပေါ်၌ ထိုးညစ် ကောက်ကျစ်နေသည်ကို မိမိကိုယ်တိုင် သိပါ၏။ တစ်ပါးသူမှ မိမိအား ဆိုးညစ် ကောက်ကျစ်နေမှန်း သိသော်လည်း၊ သဘောထားကြီးစွာဖြင့် သည်းခံနိုင်စွမ်း မရှိသည်သာမက ထိုကောက်ကျစ်သော သူအား သူ့ထက်ဆိုးဝါးသော လက်တုံ့ ပြန်မှုများဖြင့် မြှုမှုခဲ့သည်ရှိသော် မိမိ အတွက် ကိုယ်၊ စိတ်၊ နှလုံးသုံးပါး အေး ချမ်းသာယာမှုရှိနိုင်ပါမည်လား။ သို့တည်း မဟုတ် မိမိ၏ဘဝတစ်ခုလုံး ပျော်ရွှင် ချမ်းမြေ့ခြင်းအဝါဖြင့် ပြီးပြည့်စုံနိုင်ပါမည် လားဟူသော အချက်များကို စဉ်းစားစရာ များ ဖြစ်လာခဲ့ရသည်။ ယင်းနှင့်ပတ်သက် ၍ စာရေးသူ၏ ဘဝကောက်ကြောင်း တစ်နေရာ၌ တွေ့ကြုံရရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်တစ်ခုကို ပြန်လည်ခံစား ဖော်ပြရ မည်ဆိုသော်...။

× × × × ×

မိုးကာလသို့ရောက်ပြီ... ဝါဆို၊ ဝါခေါင်လများတွင် မြစ်မကြီးထဲသို့ အရှိန် ပြင်းပြင်းဖြင့် တောင်ကျချောင်းရေများ စီး ဝင်လေ့ရှိသည်မို့ မိုးမခချောင်းကြီးသည် ရေစီးသန်သည့်ချောင်းဟု ဆိုရပေမည်။ ထိုမိုးမခချောင်းကြီးထဲသို့ ထိုချောင်း၏ အထက်ဘက် ချောင်းသေက်တက်သုံးခုမှ တောင်ကျရေများ စီးဆင်းခြင်းကြောင့် မိုး တွင်းကာလများတွင် မိုးမခချောင်းကြီး သည် ရေပြည့်ရေလျှံဖြစ်တတ်လေသည်။

ထိုမိုးမခချောင်းကြီး၏ ကမ်းပါး အနီးတစ်ဝိုက်၌ တယ်လူး၊ ရေကြည်၊ တောကြီး၊ သခွပ်ကုန်းစသည့် ကျေးရွာ များသည် အစဉ်အဆက်တည်ရှိ၍နေပေ သည်။ ထိုရွာများ၏ အဓိကအသက်မွေး ဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးခြင်းသာ ဖြစ်သော်လည်း၊ လယ်ယာစိုက်ပျိုးပြီး၍ လယ်ပြီးမိုးနှောင်းကာလများတွင် ရွာသား များသည် ရုတ်ချည်းဆိုသလို တံငါသည် များ ဖြစ်သွားတတ်ပေသည်။ ရွာသားများ သည် ကိုယ်ပိုင်လှေကလေးများ ရှိကြခြင်း အလွန်ပင် အလျဉ်းသင့်လှသည်။ ပိုက် ကွန်များ၊ တားပိုက်များ စသည့်တို့ဖြင့် ချောင်းတွင်းထဲ၌ရှိနေသော ငါးမျိုးစုံကို မရရအောင် ဖမ်းကြ၊ ပစ်ကြ၊ မျှားကြပေ ၏။ ယုတ်စွအဆုံး ရွာရှိကလေးများသည် လည်း ငါးမျှားတံများ၊ ပလိုင်းများကိုင် ဆောင်လျက် ချောင်းကမ်းစပ်များ၌ ငါး မျှားလေ့ရှိကြ၏။

ထိုကာလများတွင် နေ့စဉ်ဆိုသလို မိုးမခချောင်းထဲသို့ ဆင်း၍ မညည်းမညူ ကွန်းပစ်တတ်သူ တယ်လူးရွာ ကာလသား ခေါင်း၊ အောင်မြင့်သည် ငါးနှင့်ပတ်သက် ပါက အသဲဆုံး၊ အကဲဆုံးပင် ဖြစ်လေ သည်။ ပြောစရာတော့ရှိပါသည်။ အောင် မြင့်တစ်ယောက် ချောင်းထဲသို့ဆင်း၍ ကွန်းပစ်တိုင်း ငါးမရသည်နေ့ဟူ၍ မရှိ။ ငါးများ အနည်းအများသာကွာမည် ငါးရ သည်သာ။ အောင်မြင့်ရွာရလေသမျှငါး ကို သူ၏မိခင်အိုမှ အိုးမကွာ အိမ်မကွာ အိမ်၌ပင် အော်ဟစ်ရောင်းချပေးပါ၏။ ခေါင်းရွက်ဗျပ်ထိုးဖြင့် အပြင်ထွက်၍ ရောင်းချစရာ မလိုပါပေ။ အချိန်တန်ပါက ရောင်းချသောငါးမှာ ကုန်ရသည်သာပင်။ အောင်မြင့်သည် အသက်သုံးဆယ်နီးပါး ခန့်ရှိ အသားညိုညို၊ မှုမှုမျှော် လူရွယ် တစ်ယောက်ဖြစ်ပြီး မိခင်အိုအားလုပ်ကျွေး နေသောသူ ဖြစ်ပေသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တခြားလူငယ် များကဲ့သို့ မသိကျိုးကျွန်နေတတ်သည် မဟုတ်သောကြောင့် သူသည် အများနှင့် ဆောင်ရွက်ရသည့် လူမှုရေးလုပ်ငန်းများ တွင် လူငယ်များအား တပ်လှန့်နိုးဆော်၍ ဦးဆောင်ဦးရွက်ပြုသူဟု ဆိုရပေမည်။ သို့ ဖြစ်ခြင်းကြောင့် အောင်မြင့်သည် ကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com

၌ ကာလသားခေါင်းအဖြစ် ကျေးရွာရှိ ရပ်မိရပ်ဖများမှ အသိအမှတ်ပြုထားရပေတော့သည်။

ယခုကဲ့သို့ ငါးပေါပေါလောလော ရရှိသော အချိန်အခါတွင် သူရှာဖွေရရှိသော ငါးများကို တစ်ဦးတစ်ယောက်အား ကျွေးမွေးချင်သည့်စိတ်ဆန္ဒသည် အမြဲတမ်း ရှိနေပါ၏။ သူစေတနာရှိသောသူမှာ တခြားသူမဟုတ်။ သူ့အိမ်နှင့် မလှမ်းမကမ်း လေးအိမ်သာခြားသည့် အိမ်မှ အသက်ဆယ့်ကိုးနှစ်ဆယ်သာ ရှိသေးသည့် ကွမ်းတောင်ကိုင် ပျိုဖြူချောလေး ထွေးထွေးစိန်ပင်ဖြစ်သည်။ ထွေးထွေးစိန်သည် မြို့နှင့်ဝေးကွာသော ကျေးလက်ဒေသ တောရွာ၌နေသူဖြစ်သော်လည်း ဖြူဖြူဖွေးဖွေးဖြင့် လှပသူလေးဖြစ်သည်။ မိမိနှင့် အသက်ဆယ်နှစ်ခန့် ကွာခြားနေသည့်အတွက်လည်းကောင်း၊ ကျေးရွာလူငယ်ခေါင်းဆောင် ဖြစ်နေခြင်းကြောင့် အောင်မြင့်သည် ထွေးထွေးစိန်အား စိတ်ထဲ၌ ကျိတ်ပိုးပိုးလျက် မိမိမည်မျှချစ်ကြောင်း ထုတ်ဖော်မပြောဝံ့၊ မပြောရက်သကဲ့သို့ ရှိနေတော့သည်။

မည်သို့ပင်ဖြစ်စေ၊ မိုးမခချောင်းထဲမှရရှိလေသော ငါးတချို့အား ထွေးထွေးစိန်ကို စားစေလိုသောဆန္ဒဖြင့် နေ့စဉ်ရလေသမျှ ငါးတချို့အား သွားရောက်ပို့ပေးလေ့ရှိပေသည်။ နေ့စဉ်ရက်ဆက် ဆိုသလို ငါးဟင်းစားပေးပို့နေသည့်အခါတွင် ထွေးထွေးစိန်မှ ...

"ဟယ် ... ကိုကြီးအောင်မြင့်ရယ်၊ ထွေးထွေးတို့စားဖို့ နေ့တိုင်းငါးတွေလာပို့နေတော့ ကိုကြီးအောင်မြင့်တို့အတွက်ရော ကျန်သေးရဲ့လားဟင်"

စိုးရိမ်ဟန်လေးဖြင့် မေးလာသော ထွေးထွေးစိန်အား ချစ်မြတ်နိုးစွာငေးကြည့်လျက် တဟဲဟဲဖြင့် သဘောကျနေသည်မှာ အောင်မြင့်သည် နွားပြာကြီးအောက်သွားမရှိသည့်ပမာ ဖြစ်နေလေတော့သည်။

"ရှိပါတယ်ထွေးထွေးရယ်။ ကိုကြီးတို့အတွက် ဘာမှမပူနဲ့။ ဒီမိုးမခချောင်းကြီးထဲက ငါးတွေက ကိုကြီးရဲ့ ငါးတွေလို့တောင်ပြောလို့ရတယ်ကွ ..."

ကြွားဝါသော အောင်မြင့်စကားကြောင့် ထွေးထွေးစိန်မှာ သူမ၏ လှပသော နှုတ်ခမ်းလေးများကို လက်ကလေးဖြင့်ပိတ်လျက် ပြုံးနေတော့သည်။ ထွေးထွေးစိန်၏ ပြုံးမူရာလေးများကိုကြည့်၍ အောင်မြင့်၏ ရင်ထဲနှလုံးသားထဲ၌ ထွေးထွေးစိန်အား ချစ်မြတ်နိုးမှု ပိုမိုလျက် ပွေ့ဖက်နမ်းရှုပ်လိုသည့် မရိုးတင်ကဲစိတ်များ ဖြစ်ပေါ်နေရတော့သည်။ ငါးဟင်းစားပို့ပြီး၍ မိမိအိမ်သို့ပြန်လာသည့်အခါတိုင်း ခေါင်းငိုက်စိုက်ဖြင့် သက်ပြင်းမောများချလျက် မချင့်မရဲများဖြင့် ပြန်လာလေ့ရှိပေသည်။ အချိန်ကာလကြာပြီဖြစ်သော်လည်း အောင်မြင့်သည် ထွေးထွေးစိန်အား ချစ်နေကြောင်း လုံးဝဖွင့်မပြောခဲ့ပါချေ။ ထွေးထွေးစိန်မှလည်း သူမအား အောင်မြင့်ချစ်နေသည်ကို လုံးဝဥသုံမသိရှိခဲ့ရပါပေ။ ထွေးထွေးစိန်အား ချစ်နေသော အောင်မြင့်၏အချစ်သည် အုံပုန်းချစ်ဟု ဆိုရချေတော့မည်။

အောင်မြင့်သည် ထွေးထွေးစိန်အားချစ်နေသော်လည်း ဖွင့်ပြောရမည်ကို အထူးပင် ဝန်လေးကြောက်ရွံ့နေမိသည်။ အကယ်၍ ဖွင့်ပြောလိုက်ပါမှ မိမိအား သူမမှ ချစ်ပါသည်ဆိုသော် အထူးပင်ကောင်းမွန်ပါ၏။ ငြင်းလိုက်သည်ရှိသော် မိမိ၏ဘဝ အဖတ်ဆယ်မရသည့်ကဲ့သို့ ဖြစ်သွားမည်မှာ ဧကန်မလွဲဟု အောင်မြင့်တစ်ယောက် ယုံကြည်မိပြီး ချစ်၍ အမြတ်တနိုးထားရသည့် လှပသော ပန်းပွင့်ကလေးတစ်ပွင့်ပမာ အရိပ်တကြည့်ကြည့်ကြည့်ဖြင့် ချစ်လျက်ရှိသာ ရှိနေတော့သည်။

ထိုအလှပန်းပွင့်အား မိမိအနေဖြင့် မခူးဝံ့ မခူးရက်သည့်ပမာ ချစ်နေရသကဲ့သို့ အခြားသူများမှ ခူးဆွတ်မည်ဆိုပါကလည်း လုံးဝလက်ခံမည် မဟုတ်ပါပေ။ အကယ်၍သာ မိမိသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထွေးထွေးစိန်ဟူသော အလှပန်းပွင့်ကို ခူးဆွတ်မည်ဆိုပါက လုံးဝလက်မခံသည်သာမက မိမိ၏ အဆိုးဖြစ်မည်မှာ ကျိန်းသေနေသည်ဟု အောင်မြင့်ယုံကြည်ထားပေသည်။

× × × × ×

အချိန်ကာလသည် မိုးမှဆောင်း၊ ဆောင်းမှနွေ ဆိုသကဲ့သို့ ပြောင်းလဲရွေ့လျားလျက် ရှိချေပေ၏။ မိုးမခချောင်းကြီးသည်လည်း နွေသို့ရောက်သည့်အခါ မိုးတွင်းကာလကဲ့သို့ မဟုတ်ပါလေတော့။ သဲသောင်များထွန်းလျက် ချောင်းရေများမှာလည်း ဟိုနေရာနည်းနည်း၊ ဒီနေရာနည်းနည်းဖြင့်သာ ရှိနေချေတော့သည်။ ကမ်းပါးပေါ်မှ ကျေးရွာများသည်လည်း သောက်သုံးရေအတွက် ထိုချောင်းထဲ၌ လက်ယက်သဲတွင်းလေးများ ဖော်လျက် ရေရှာကြရသည်။

ထွေးထွေးစိန်တို့အိမ်အတွက် ထွေးထွေးစိန် မည်သို့မျှ မပူမပင်ရပါပေ။ အောင်မြင့်သည် ထွေးထွေးစိန်တို့အတွက် လက်ယက်သဲတွင်းလေးကို ကိုယ်တိုင်ကိုယ်ကျ တူးဖော်ပေးခဲ့ပြီ မဟုတ်ပါလား။ ထွေးထွေးစိန်အပေါ် အောင့်မြင့်မည်မျှ မေတ္တာရှိသည်ကို ထွေးထွေးစိန်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အကြောင်းမဟုတ်ပါပေ။ ထွေးထွေးစိန်အား မိမိမှ မေတ္တာမည်မျှရှိသည်ကို မိမိသိနေခြင်းဖြင့်ပင် ကြည်နူးကျေနပ်နေလေသည်။

ထိုအတွင်း အောင်မြင့်၏ကြည်နူးစရာ စိတ်ကူးယဉ် မေတ္တာဇာတ်လမ်းအား ပျက်စီးစေမည့် ပြဿနာတစ်ခုသည် မခေါ်ပါဘဲ ဝင်ရောက်လာပေတော့သည်။ ထိုပြဿနာ၏အစကား ရွာလယ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုရင်သာလှ၏ အသုဘာမှစခဲ့သည်ဟု ဆိုရပေမည်။ ကိုရင်သာလှ အသည်းရောင်အသားဝါရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ ကိုရင်သာလှသည် အခြားသူမဟုတ်။ ထွေးထွေးစိန်၏ အစ်ကိုဝမ်းကွဲတစ်ယောက်ပင် ဖြစ်ပါ၏။ ကိုရင်သာလှ၏ နာရေးကိစ္စတွင် ကာလသားခေါင်း အောင်မြင့်၏ ကြိုးစားလုပ်ကိုင်ပေးမှုမှာ ချီးကျူး ရလောက်အောင်ပင်။

ကျေးလက်ထုံးစံအတိုင်း အသုဘာ မချခင်နှင့် အသုဘချအပြီး ဆွမ်းမသွတ်ခင်ရက်အတွင်း လူငယ်တချို့ နာရေးအိမ်၌ စောင့်၍အိပ်ကြပေသည်။ ထိုအတွင်း ညပိုင်းအပျင်းပြေစေရန် လူငယ်များ ဖဲကစားကြသည်။ စီးပွားဖြစ်လောင်းကစားခြင်းမဟုတ်သော်လည်း ဖဲကစားသည်ကြောင့် အနည်းအကျဉ်း လောင်းကြေးငွေပါရှိလေ့ ရှိပေသည်။ ထိုကဲ့သို့ လောင်းကြေးငွေမှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဖဲဝိုင်းအတွင်း၌ လူငယ်များသည် အငြင်းပွားလေ့ရှိကြသဖြင့် ခိုက်ရန်ဒေါသမဖြစ်စေရန် အောင်မြင့်သည် လူငယ်များအား ကြပ်မတ်နေရတော့သည်။

ထိုအတောအတွင်း ထွေးထွေးစိန်သည်လည်း ဝမ်းကွဲအစ်ကို၏ နာရေးဖြစ်သည်ကြောင့် နာရေးအိမ်၌ တခြားအဖော်များဖြင့် ရောက်ရှိနေလေသည်။ အောင်မြင့်သည် အိမ်ရှေ့၌ လူငယ်များကို ကြပ်မတ်နေလျက်မှ ချစ်ရသော ထွေးထွေးစိန်အား လှမ်း၍ကြည့်နေမိသည်။ အောင်မြင့်၏ ရင်ထဲနှလုံးသားထဲ၌ ထွေးထွေးစိန်ကိုသာ တမ်းတနေသည်မို့ အောင်မြင့်မှ ထွေးထွေးစိန်အား ချစ်ရေးဆိုရန် စဉ်းစားလိုက်မိသေးသည်။ သို့သော် ထွေးထွေးစိန်၏ အစ်ကိုဝမ်းကွဲ နာရေးဖြစ်နေသည်မို့ မသင့်တော်သည့်အတွက် ဖြစ်ပေါ်လာသောအချစ်စိတ်ကို အောင်မြင့်သည် ရင်၌မချိုစွာ မြိုသိပ်ထားလိုက်ရသည်။

အောင်မြင့်သည် နာရေးအိမ်၌ လူငယ်များအား ရန်မဖြစ်စေရန် သတိပေးပြီး စောင့်ကြည့်နေစဉ်အတွင်း လူငယ်တစ်ဦးဖြစ်သူ ရွာထဲမှ ကျော်သူတစ်ယောက် အောင်မြင့်အနားကပ်၍ . . .

"အစ်ကိုကို ခွင့်တောင်းမလို့။ တခြားတော့မဟုတ်ပါဘူး။ တောကြီးရွာက ကျွန်တော့်သူငယ်ချင်းနီတွတ် ကျွန်တော့်ဆီ အိမ်လည်လာချင်လို့တဲ့ အစ်ကို။ နီတွတ်ကတော့ ကျွန်တော်နဲ့ မြို့မှာ ကျောင်းအတူနေခဲ့တာပါ အစ်ကို . . ."

"မင်းသူငယ်ချင်း မင်းဆီလာတာ ငါ့ကို ဘာမှ ပြောစရာမလိုပါဘူးကွ။ လွတ်လွတ်လပ်လပ်နေလို့ရပါတယ်ကွ"

"ဟုတ်ပါတယ် အစ်ကို။ ကျွန်တော့်သူငယ်ချင်းက နောက်တစ်နေ့မှာ လာလည်မှာပါ အစ်ကို။ သူကအရက်လည်း အနည်းအပါးသောက်တတ်ပြီး ဖဲကစားတာ ဝါသနာပါလေတော့ နာရေးမှာ သူပါဝင်ပြီးကစားပါရစေလို့ အပူကပ်နေလို့ အစ်ကို့ကိုလာပြောတာပါ။ ကျွန်တော့်သူငယ်ချင်းကြောင့် ရွာမှာ ပြဿနာမဖြစ်စေရပါဘူးလို့ ကျွန်တော် အာမခံပါတယ်။ နောက်ပြီး ကျွန်တော့်ဆီ လာလည်တဲ့ဧည့်သည်ကို စိတ်မဆင်းရဲစေချင်လို့"

"တကယ်တော့ကွာ နာရေးကိစ္စတွေမှာ ထုံးစံဖြစ်လို့သာ ဖဲကစားတာကို ကြည့်နေရတာ။ ငါကိုယ်နှိုက်က ဖဲရိုက်တာတို့ လောင်းကစားတာတို့ ဝါသနာမပါ။ စိတ်မပါလေတော့ မင်းသူငယ်ချင်းကို အားလည်းမပေးသလို ပိတ်လည်းမပိတ်ပင်ပါဘူးကွာ။ အင်း . . . မင်းသူငယ်ချင်းအတွက် လူမှုရေးရှိချင်တယ်ဆိုတဲ့ မင်းအနေနဲ့ မင်းသူငယ်ချင်းကို တာဝန်ယူမယ်ဆိုရင် ပြီးတာပါပဲကွာ။ အဓိကကတော့ နာရေးအိမ်မှာ ပြဿနာမဖြစ်ဖို့ပဲကွ"

သို့ဖြင့်နောက်နေ့များတွင် တောကြီးရွာမှ နီတွတ်နှင့်အတူ ထိုရွာမှ ညီကြီးနှင့် ဖော်လေးတို့သည် သူငယ်ချင်းဖြစ်သူ ကျော်သူထံသို့ အလည်ရောက်ရှိလာကြသည်။ ယင်းနောက် နီတွတ်နှင့် သူ၏ သူငယ်ချင်းများအား ဧည့်ဝတ်ပြုနိုင်ရန် ရွာထိပ်အရက်ဆိုင်သို့ ကျော်သူမှဦးဆောင်ခေါ်၍ ဧည့်ဝတ်ပြုပါ၏။ နီတွတ်တို့သုံးဦးသည် အရက်ချိုးများ ဖြစ်နေခြင်းကြောင့် အရက်သုံးလုံးကုန်သွားသည့်တိုင် ဟန်မပျက်၊ ရုပ်မပျက်ခဲ့ပါပေ။ သို့သော် နီတွတ်တို့၏ နဂိုပင်မ စိတ်များကား ချည်နဲ့ယိုင်လဲမတတ် ဖြစ်၍နေတော့သည်။ နီတွတ်မှ . . .

"ဟေ့ . . . ကျော်သူ မင်းတို့ရွာ အလည်လာတာ ဒါလေးနဲ့ဧည့်ခံလို့ ပြီးရောတဲ့လားကွာ။ နောက်ပြီး မင်းတို့ဆီက အရက်ကလည်း ရေဘယ်လောက် ရောထားလည်းမသိပါဘူး။ ပေါ့လိုက်တာလွန်ရော . . ."

"ရေတော့ မရောလောက်ပါဘူးကွာ။ အရက်နဲ့ပတ်သက်ပြီး မင်းတို့က ဝါရင့်ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ အရက်က ရေရောသလို ပေါ့သွားတာဖြစ်မှာပေါ့"

"မင်းပြောတာလည်း ဟုတ်ပါတယ်"

"မင်းတို့ ငါ့အိမ်မှာ ထမင်းစားသောက်ပြီးရင် နာရေးအိမ်ကို သွားကြမယ်။ နာရေးအိမ်က နက်ဖြန်ခါ ဆွမ်းသွတ်မယ်ဆိုတော့ နောက်နေ့ ကျွေးမွေးဧည့်ခံဖို့ ချက်တာပြုတ်တာတွေနဲ့ ပွတော့ ရှုပ်တော့ရှုပ်လိမ့်မယ်ကွ။ မင်းဖဲရိုက်ချင်လို့သာ ငါလိုက်ပို့ရတာ နီတွတ် မင်းတို့က တစ်ရွာကဆိုတော့ ဘယ်အရာမဆို သည်းခံကွာ။ ဒီလိုပြောရတာကလည်း မင်းနဲ့ငါက လူရင်းတွေ၊ ကျောင်းနေဘက်တွေမို့လို့ ပြောရတာနော်။ ဒါကလည်း ငါတောင်းပန်တဲ့သဘောပါကွာ"

ထိုအခါတွင် နီတွတ်သည်ကျော်သူအား စိမ်းစိမ်းကြည့်လျက် –

www.burmeseclassic.com

"နေပါဦးကွ။ မင်းဒီလိုစကားတွေ ပြောတာ မင်းကိုယ်တိုင်ရော ဟုတ်ရဲ့လား ကျော်သူ။ ဒါမှမဟုတ် မင်းတို့ရွာရဲ့ ခေည် ဝတ်ကျေးမှုပုံစံသစ်တွေလား၊ ပြောပါဦးကွ။ ဒီလိုမှန်းသိရင် ငါမင်းတို့ရွာကို မလာပါဘူး။ ကျော်သူ မင်း ငါတို့ရွာကို လာလည် တုန်းက ဒီလိုပုံစံရှိလို့လားကွ။ ဟေ ... ဟေ့ ဇော်လေးနဲ့ညိုကြီး ... ထကွာ၊ ပြန်ကြမယ်"

ဒေါသထွက်နေသော နီတွတ် သည် ပြောပြောဆိုဆိုဖြင့် ဖြန်းခနဲ မတ် တပ်ရပ်၍ ပြန်မည်ကဲ့သို့ ဟန်ပြင်ရာ ကျော်သူမှ ကပျာကယာထ၍ ဟန့်တား လိုက်ပြီး –

"နီတွတ် ... မင်းဒီလိုတော့မလုပ် ပါနဲ့ကွာ။ ငါပြောမှားဆိုမှားရှိရင်လည်း တောင်းပန်ပါတယ် သူငယ်ချင်းရယ်။ ဒီလိုပြောရတာကလည်း ငါတို့ လူငယ့် ခေါင်းဆောင်ရဲ့ မှာစကားတွေကြောင့်ပါ ကွာ"

"နေပါဦးကွ။ မင်းတို့ခေါင်းဆောင် ကဘယ်သူလဲ။ ဒီလောက်တောင် စည်း ကမ်းကြပ်နေရအောင် သူကဘာမို့လို့လဲ"

"ဘာမှတော့ မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ ... ငါတို့ထက် အသက်လည်း ကြီး၊ ဝါလည်းကြီး၊ နောက်ပြီး ဗဟုသုတ လည်း ပြည့်စုံတဲ့သူဆိုတော့ မဖြစ်သင့် တာ မဖြစ်ရလေအောင် သူပြောတဲ့စကား တွေကို ငါက ပြန်ပြောနေတာကွ"

ကျော်သူ၏စကားကြောင့် တွေနေ သော နီတွတ်သည် ...

"နာရေးအိမ်ကျရင် မင်းတို့ ကာလ သားခေါင်းဆိုတဲ့လူကို ပြစမ်းကွာ"

ကျော်သူသည် နီတွတ်၏စကား ကြောင့် ပြဿနာဖြစ်မည်ကို အထူးစိုးရိမ် သွားရပြီး ...

"သူ့ကိုတွေ့ပြီး မင်းက ဘာလုပ် မလို့လဲ ... နီတွတ်။ မဟုတ်တာတော့ မလုပ်နဲ့ကွာ"

နီကွတ်သည် ကျော်သူ၏ဗျာများ သွားရသည့် ဟန်အမူအရာကို ကြည့် လျက် တဟားဟားဖြင့် ...

"မင်းတို့ရဲ့ ကြီးကျယ်တဲ့ ကာလ သားခေါင်းကို ဘာမှမလုပ်ပါဘူးကွာ။ ဒီရွာရဲ့ အလှဆုံး၊ အကြွဆုံး၊ အချောဆုံး ကွမ်းတောင်ကိုင် မိန်းမပျိုလေးတစ် ယောက်လောက် ငါ့ကိုရအောင်ပြောပေးဖို့ ပြောမလို့ပါကွာ"

ကျော်သူသည် နီတွတ်စကား ကြောင့် မျက်လုံးပြူးသွားရပြီး ...

"မ ... မဟုတ်တာတော့ မလုပ် ပါနဲ့ကွာ"

နီတွတ်တို့အဖွဲ့သည် မျက်လုံးပြူး ဖြစ်သွားရပြီး ခေါင်းကိုသာ ဖိ၍ကုတ်နေ သော ကျော်သူ၏ ဗျာဆိုက်ပုံကိုကြည့်၍ သဘောကျစွာဖြင့် ဝိုင်း၍ဟားတိုက်လိုက် ကြပေတော့သည်။

× × × × ×

တယ်လူးရွာလယ်ရှိ နာရေးအိမ်၌ နောက်နေ့သွင်းသွတ်မည်ဖြစ်ခြင်းကြောင့် လော်စပီကာဖွင့်လျက်ရှိပေသည်။ နောက် နေ့သွင်းသွတ်မည်ဖြစ်သည့်အတွက် ကာ လခေါင်း အောင်မြင့်ဦးဆောင်သော လူ ငယ်အဖွဲ့ အငြိမ်မနေရ၊ ရေခပ်သူခပ်၊ ထင်းခွဲသူခွဲ၊ ခုံတန်းလျားရွှေ့သူရွှေ့ဖြင့် လူမှုရေးလုပ်ငန်းများကို လုပ်နေကြပေ သည်။ အောင်မြင့်မှ လူကြီးများ၏ စေခိုင်း ချက်အရ ရွာဦးကျောင်းဆရာတော် အပါ အဝင် သံဃာတော်ငါးပါးအား အရုဏ် ဆွမ်းသွတ်ကျွေးနိုင်ရန် ရွာဦးဘုန်းကြီး ကျောင်းသို့ သွားရောက်၍ ဆရာတော် အား လျှောက်တင်ခဲ့ရသည်။ ပြီးနောက် နာရေးအိမ်သို့ပြန်လာခဲ့ပြီး လူငယ်များကို လစ်လပ်မှုမရှိ ကူညီလုပ်ကိုင်ပေးရန် ပြော ဆိုကြပ်မတ်နေရပေသေးသည်။ မိန်းမပျို ကလေးများမှာလည်း နောက်နေ့ လူပရိ သတ်များအား တရားနာလာစဉ် ကျွေး မွေးဒါနပြုရန်အတွက် မုန့်ဟင်းခါးချက် ပြုတ်ဖို့ရန် ကြက်သွန်များကို အခွံနွှာလျက် ရှိနေကြ၏။ ကွမ်းတောင်ကိုင်ကလေး ထွေး ထွေးစိန်သည် ကြက်သွန်အခွံနွှာနေသော မိန်းကလေးများအား ပဲကြွမ်းကြော်သုတ်၊ ရေနွေးကြမ်းများ ချပေးလျက်ရှိပါ၏။ အောင်မြင့်သည် ထွေးထွေးစိန်အားလှမ်း ကြည့်နေသကဲ့သို့ ထွေးထွေးစိန်မှလည်း အောင်မြင့်အား ပြုံးမယောင်၊ ငိုမယောင် မျက်နှာလေးဖြင့် လှမ်းကြည့်နေပေသည်။ သူနှင့် သူမတို့၏ အကြည့်ကား စွမ်းအား ပါနေသည်လားမသိ။ ထွေးထွေးစိန်မည် သို့ရှိမည်မသိသော်လည်း အောင်မြင့်မှာမူ ယိုင်လဲသွားမတတ် ရင်ခုန်ခြင်းများစွာဖြင့်

ထိုစဉ်အတွင်း သွားလေသူ ကိုရင် သာလှ၏ဖခင် ဦးဘိုးခမှ အောင်မြင့်ထံသို့ လျှောက်လာခဲ့ပြီး –

"မောင်အောင်မြင့်ရေ ... ဒီညမုန့် ဟင်းခါးချက်ရမယ်ဆိုတော့ မီးက တစ် ညလုံးရဖို့ လိုနေတယ်ကွ။ စက်ဆရာက လည်း သူ့ဆီမှာ ဘက်ထရီအိုးတစ်လုံး အပိုပါတယ်တဲ့ကွ။ သူ့ဘက်ထရီအိုးတစ် လုံးနဲ့ မလောက်ဘူးလို့ ဦးတော့ထင် တယ်။ မင်းပဲကြည့်ပြီး ဒီကိစ္စကို ဆော ရွက်ပေးပါဦးကွာ"

"ဟုတ်ကဲ့ဦး။ ကျွန်တော်လုပ်ပေး ပါမယ်"

ပြောပြောဆိုဆိုဖြင့် လူငယ်မှာ လက်ဖက်ရည်ကြမ်းဝိုင်းသို့ လျှောက်လာ ခဲ့သည်။

လက်ဖက်ရည်ကြမ်းဝိုင်းမှ လူငယ် များသည်လည်း မိမိတို့ထံလျှောက်လာ သော ကာလသားခေါင်းဆောင် အော မြင့်ကို မြင်သည်နှင့် ...

"လာ အစ်ကို ... လာ။ ကျွန် တော်တို့ ဘာလုပ်စရာရှိသေးလဲ"

"ဘာမှတော့မရှိတော့ပါဘူး။ ဒါ ပေမဲ့ ဖိုးညွှက်နဲ့ ဝေတိုးကို ခိုင်းစရာ ရှိတယ်ကွာ။ အဲဒါက ဒီညမီးက တစ်

www.burmeseclassic.com

လုံးတွန်းရေမှာဗို့ ဘက်ထရီအိုး လိုဦးမယ်ကွ။ ဒါကြောင့် ဖိုးညွှက်နဲ့ ငတိုး ငါ့အိမ်က ဘက်ထရီနှစ်လုံးစလုံး သွားယူခဲ့ကွာ။ အမေကမေးရင် ငါကလွှတ်သာပြောလိုက်။

ဖိုးညွှက်နဲ့ တိုးတို့မှာ အောင်မြင့် ခိုင်းစေသည့်အတိုင်း ဘက်ထရီအိုးများယူရန် ထွက်သွားကြပေတော့သည်။ ဖိုးညွှက်နှင့် စတိုးထွက်သွားပြီးနောက် ထပ်မံရောက်လာသူများမှာ ကျော်သူနှင့် နီတွတ်တို့ သူငယ်ချင်းသုံးဦးတို့ပင် ဖြစ်သည်။ ကျော်သူမှ အစကပင် သူ၏ သူငယ်ချင်းများပါလာလိမ့်မည်ဟု ကြိုတင်ပြောဆိုမှုကြောင့် မည်သို့မျှပြောပေ၊ လူငယ်ဝိုင်းမှ လူကြီးဝိုင်းသို့ ပြောင်းရွှေ့၍ ထိုင်လိုက်ပြီး အာလာပသလ္လာပများ ပြောဆိုနေလေသည်။

လူငယ်ဝိုင်းမှ ဖဲရိုက်ရေး၊ ဖဲမရိုက်ရေး တိုင်ပင်နေကြခြင်း ဖြစ်နေခြင်းကြောင့် စကားသံများကြောင့် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးဖြင့် အသံထွက်နေကြသည်။ လူကြီးများမှ အောင်မြင့်အား ဒီညဖဲမရိုက်ရန် ပြောဆိုပေးရန် သတိပေးလိုက်သည်ကြောင့် အောင်မြင့် တစ်ယောက် လူငယ်ဝိုင်းသို့ တစ်ဖန် ထလာရပြန်သည်။

ထိုစဉ်အတွင်း နီတွတ်သည် မိန်းကလေးများကြားမှ ထွေးထွေးစိန်အား အမှတ်မထင် မြင်တွေ့လိုက်ရပြီး ...

"ဟာ .. တယ် ... လှတဲ့ ကောင်မလေးပါလား။ ဒီရွာမှာ ဒီလောက်လှတဲ့ မိန်းကလေးမျိုးရှိတယ်ဆိုတာ မကြားမိပါလား"

ထွေးထွေးစိန်အား အငမ်းမရကြည့်နေသော တောကြီးရွာသား နီတွတ်၏ အကြည့်အား လှမ်းမြင်လိုက်ရသော အောင်မြင့်သည် ရုတ်တရက်ဆိုသကဲ့သို့ သူ၏နှလုံးသားများ ပူလောင်သွားရသည်။ သို့သော်က မိမိမှချစ်မြတ်နိုး၍ တန်ဖိုးထားရလေသော အရာတစ်ခုအား ရက်စက်၍ ကလန်ကဲ့ရသော ရွှေကျော်လွှမ်းသည့်အကြည့်များဖြင့် ရက်ရက်စက်စက် ကြည့်နေသည်ကို အောင်မြင့်သည် မိမိ၏နှလုံးသားတစ်ခုံအား ဓားဖြင့် နုတ်နုတ်စင်းနေသည့်ပမာ ခံစားနေရသည်ကြောင့် အောင်မြင့်မှ နီတွတ်အပါအဝင် ဝိုင်းထိုင်နေကြသော လူငယ်များအား ...

"နက်ဖြန် ... ဆွမ်းသွတ်မှာမို့လို့ ဒီညမှာ နက်ဖြန် ဒါနအကျွေးအမွေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြရတယ်။ ဒါကြောင့် မင်းတို့တွေအားလုံး ဒီညဖဲရိုက်ခြင်း လောင်းကစားခြင်းကို မလုပ်ရတော့ဘူး"

လူငယ်များ ငြိမ်သွားကြသည်။ လူငယ်အများထုမှာ ဒီညဖဲမရိုက်နှင့်ဆိုလျှင်လည်း မရိုက်ရုံသာဟု သဘောထားကြသော်လည်း နဂိုကပင် ဖဲကစားရန်လာသည့် တောကြီးရွာသား နီတွတ်မှာမူ မကျေနပ်ခဲ့ပေ။ နီတွတ်က အောင်မြင့်အား ...

"ဖဲကစားဖို့ နာရေးအိမ်မှာ ခွင့်မပြုရင် ကျုပ်တို့ တစ်နေရာမှာ သွားကစားမယ်။ ဒါကို သဘောတူရဲ့လားဗျ"

အောင်မြင့်က အသံခပ်တင်းတင်းဖြင့် ...

"ဒါက ပိုဆိုးသေးတယ်။ နာရေးအိမ်မို့လို ပထမရက်တွေက နားလည်မှုပေးထားတာ။ အပြင်တစ်နေရာဆိုရင် ကျေးရွာလူကြီးက ဖမ်းမှာပဲ။ ဒီညမလုပ်ဖို့ ငါမေတ္တာရပ်ခံပါတယ်"

နီတွတ်က ကျေနပ်မှုမရှိ။ ကာလသားခေါင်းအောင်မြင့်ကို စချင်ပြောင်ချင်သဖြင့် ...

"ဒီလိုဆိုရင်လည်း တောကြီးရွာက ကျွန်တော်နီတွတ်နဲ့ ခင်ဗျားတို့ တယ်လူးရွာက ကွမ်းတောင်ကိုင်အလှပဂေး တစ်ယောက်နဲ့ အဆင်ပြေဖို့အတွက် ကာလသားခေါင်းကြီးဖြစ်တဲ့ ခင်ဗျားက ပြောဆိုပေးဖို့ပါပဲ"

"ဟာ ..."

"ဟင် ..."

လူငယ်များအတွင်း မခံချင်စိတ်အံ့ဩစိတ်တို့ဖြင့် နီတွတ်အား ရန်ပြုရန် ထလာကြသည်။ အောင်မြင့်မှ ...

"အားလုံးနောက်ဆုတ်ကြစမ်း"

ဟုပြောဆိုအမိန့်ပေး၍ နောက်သို့ ဆုတ်စေသည်။ ကျော်သူသည်လည်း သူ၏သူငယ်ချင်း နီတွတ်ကြောင့် မျက်နှာမရ၊ ဖနောင့်ရဖို့သာ ရှိနေပေသည်။ ကျော်သူသည် အောင်မြင့်အား မရဲတရဲ ကြည့်လိုက်ပြီး ခေါင်းငုံ့နေပေသည်။ အောင်မြင့်မှ ကျော်သူအား ...

"ကျော်သူ ... မင်းကောင်တွေ ခေါ်သွားတော့။ နောက်နေ့ သူတို့ရွာကို ပြန်ပါစေတော့"

အောင်မြင့်စကားသည် နီတွတ်တို့အား ယဉ်ယဉ်ကလေးဖြင့် ရွာမှ နှင်ထုတ်ခြင်းသာ ဖြစ်ပေသည်။

ဝရုန်းသုန်းကား ဖြစ်လုနီးပါးဖြစ်သွားရသော လူငယ်ဝိုင်း၏ အခြေအနေကို ထွေးထွေးစိန်သည် လှမ်းကြည့်နေသည်။ အောင်မြင့်မှလည်း ထွေးထွေးစိန်အား လှမ်း၍ကြည့်ရာ စိုးရိမ်ပူပန်မှုမျက်နှာသွင်ပြင်ဖြင့် သူမသည် အောင်မြင့်အား လှမ်းကြည့်လျက် ခေါင်းငုံ့သွားပေသည်။

အမှန်စင်စစ် နီတွတ်သည် မူးရူးနေသည့်ကြားမှ ထွေးထွေးစိန်အား တွေ့မြင်သွားပြီး စွဲလမ်းတွယ်ငြိနေမိပေသည်။ ကာလသားခေါင်း အောင်မြင့်အား မကျေနပ်သလောက် ထွေးထွေးစိန်ကိုပင် တစ်နေ့မှမေ့မရ ဖြစ်နေတော့သည်။ ထွေးထွေးစိန်ကို ချစ်ခွင့်မရ၍ နီတွတ်တစ်ယောက် အရက်လွှင်ပြင်ထဲ မျောလွင့်နေသည်ကို မကြည့်ရက်သူများမှာ သူ၏ရဲဘော်များဖြစ်သည့် ညိုကြီးနှင့် ဖော်သေးပင်ဖြစ်တော့သည်။

x x x x x



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် တလူးရွာရှိ ကျော်သူထံသို့ ညိုကြီးနှင့်ဖော်လေး ရောက်ရှိလာသည်။ ဖော်လေးက ...

"အထူးအထွေတော့ မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ ... နီတွတ်ဘဝအတွက်တော့ အရေးကြီးတယ်လို့ ပြောလို့ရတယ်။ ကျော်သူ ... နီတွတ်က မင်းတို့ရွာက ထွေးထွေးစိန်ကိုမရရင် သေမလောက်ဖြစ်နေပြီကွာ"

"နီတွတ်ဆိုတဲ့ ကောင်ကွာ။ ဒီကောင်အရူးပဲကွ။ ထွေး•ထွေးစိန်ကို ကြိုက်တယ်ဆို လိုက်ပြောပေါ့။ ရမရတော့ငါမသိဘူး။ ဒါပေမဲ့ နီတွတ်လို အရက်ကို စွဲစွဲလမ်းလမ်းသောက်နေတဲ့ ကောင်မျိုးကို ထွေးထွေးစိန့်မပြောနဲ့ ဘယ်မိန်းကလေးတွေကမှ ကြိုက်ကြမှာမဟုတ်ဘူးကွ"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ။ ဒါပေမဲ့ နီတွတ်ကပြောတယ်။ ထွေးထွေးစိန်သာ သူ့အချစ်ကိုလက်ခံရင် အရက်ကို တိခနဲနေအောင် ဖြတ်မယ်တဲ့။ နောက်ပြီး နီတွတ်တစ်ယောက် ငိုယိုပြီး တစ်သက်မှာတစ်ယောက်ဆိုသလို စွဲလမ်းချစ်မိတဲ့ ထွေးထွေးစိန်ကို သူလက်ထပ်ချင်တယ်တဲ့ကွာ။ မင်းကူညီဖြစ်အောင်ကူညီစေချင်လို့ ငါတို့လာပြောတာပါကွာ"

ကျော်သူသည် ခေါင်းရှုပ်သွားသည့်အလား သူ၏ခေါင်းအားကုတ်လိုက်ပြီး ...

"ခက်တယ်ကွာ ... သိပ်ခက်တယ်။ တကယ်လို့ ထွေးထွေးစိန်က နီတွတ်အချစ်ကို လက်မခံဘူးဆိုရင်ရော ကွာ ..."

ညိုကြီးမှ စဉ်းစားမနေတော့ဘဲ နီတွတ်ပြောသည့်အတိုင်း ပြောချလိုက်သည်။

"နီတွတ်မှာ စီမံထားတာ နှစ်ခုရှိတယ် ကျော်သူ။ ထွေးထွေးစိန်ရဲ့ အချစ်ကို အလွယ်တကူမရခဲ့ရင် ပထမနည်းက လူကြီးစုံရာနဲ့ တောင်းရမ်းပေါ့ကွာ။ ဒုတိယနည်းကတော့ မရရင် ရအောင်ခိုးပြေးမယ်တဲ့ကွာ"

"မလွယ်ပါလား။ ဒီကိစ္စ အစ်ကိုအောင်မြင့်သာသိရင် မိုးမီးလောင်မယ့်ကိစ္စပဲ ..."

လွှတ်ခနဲထွက်သွားသော ကျော်သူ၏ ညည်းတွားမှုကြောင့် ဖော်လေးမှ ...

"မင်းဘာပြောလိုက်တာလဲ။ မင်းတို့ခေါင်းဆောင် ကိုအောင်မြင့်သိတာနဲ့ မိုးမီးလောင်မယ်ဆိုတော့ မင်းဘာကိုဆိုလိုတာလဲ"

"ထွေးထွေးစိန်ကို ပိုမွေးသလိုမွေးပြီး အရိပ်တကြည့်ကြည့်နဲ့ချစ်နေတာ အစ်ကိုအောင်မြင့်ပေါ့ကွာ"

"ဟင် ..."

မမျှော်လင့်သောစကားကြောင့် ညိုကြီးရော ဖော်လေးပါ အာမေဋိတ်ထွက်သွားရသည်။ နီတွတ်မသိစေရန် ကျော်သူမှ တားမြစ်ပါသော်လည်း အရက်မူးသည့်အခါဝယ် ညိုကြီးနှင့် ဖော်လေးတို့၏ ပါးစပ်တို့မှ အလိုအလျောက် ...။

× × × × ×

"ဒါကြောင့်ကိုး ..."

နီတွတ်သည် အထက်ပါအဖိုင်းရေရွတ်လျက် တဟားဟား ရယ်မောနေလေသည်။ ပြီးနောက် ချက်ချင်းတည်သွားကာ အရက်ပုလင်းထဲမှ အရက်များကို ဖန်ခွက်တစ်ခုထဲသို့ ငှဲ့၍နေလေ၏။ ညိုကြီးနှင့် ဖော်လေးတို့သည် နီတွတ်၏ လုပ်ရပ်များကို ကြောင်ငေး၍ကြည့်နေလိုက်သည်။ နီတွတ်သည် ငှဲ့ထားသော အရက်အားယူ၍ တစ်ချက်တည်းမော့ချလိုက်ပြီး ...

"ဘာမဟုတ်တဲ့ ကာလသားခေါင်းက ကိုယ့်ရွာရဲ့ကွမ်းတောင်ကိုင်ကိုမှ ကြိုသတဲ့ကွာ။ တော်တော့်ကို ရိုင်းလွန်းနေတယ်။ တခြားရွာကဆိုရင် မပြောပါဘူး။ အခုဟာက ငါကြိုက်နေတဲ့ မိန်းကလေးကိုမှ၊ တောက် ... ငါ့ကို ဒီလိုကျော်လို့ မရဘူးကွ။ မထူးတော့ဘူး။ ဟိုငနဲကြီးလက်ထဲတော့ ငါ့ကောင်မလေးကို အပါမခံနိုင်ဘူး အတင်းဝင်ပြီးခိုးမယ်ကွာ"

နီတွတ်၏စကားကြောင့် ညိုကြီးနှင့်ဖော်လေးတို့မှာ မျက်လုံးပြူးသွားရပြီး

"မင်းဟာက အဆင့်ကျော်လိုက်တာ။ ကြည့်လည်းလုပ်ပါ နီတွတ်ရာ"

"အခုဆိုရင် ငါထွေးထွေးစိန်ကို ကြိုက်နေတဲ့အကြောင်း ဟိုငနဲကြီးသိလောက်နေပြီ။ မိကောင်းဖခင်သားသမီးပီပီ သွားပြီးတောင်းရမ်းမယ်ဆိုရင်လည်း အရမ်းကို နှေးလွန်းနေပြီကွာ။ ငါလေ ငါ ... ငါသိပ်နှေးသွားရင် ဟိုငနဲကြီး အောင်မြင့်လက်ချက်မိသွားနိုင်တယ်ကွ။ မထူးပါဘူး။ ဒီညနေချောင်းထဲက သဲတွင်းကို ထွေးထွေးစိန် ရေလာခပ်တတ်တော့ အဲဒီနေရာကိုသွားပြီး ထွေးထွေးစိန်ကို မရရအောင်ဆွဲခေါ်မယ်ကွာ"

နီတွတ်နှင့် အဖွဲ့သည် အပြောနှင့်အလုပ် ညီသူများဖြစ်သည်။ ထိုနေ့ညနေ၌ပင် နီတွတ်၏ အစီအစဉ်အတိုင်း အကောင်အထည်ပေါ်အောင် ဖော်ခဲ့ကြသည်။ ရေခန်း၍ သဲတွင်းလေးများ စီရရီရှိနေသော မိုးမခချောင်းမကြီး၌ မမျှော်လင့်သော၊ မဖြစ်သင့်သော ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။ ယင်းအကြောင်းကား တယ်လူးရွာမှ ထွေးထွေးစိန်အား တောကြီးရွာမှ နီတွတ်က ချစ်ရေးဆိုခဲ့သည်။ ယင်းနှင့်ပတ်သတ်၍ ထွေးထွေးစိန့်မှ ငြင်းဆိုရာ နီတွတ်မှ လက်မခံဘဲ ကာယခြေပျက်ပြားစေရန် လက်ရောက်မှု ကျူးလွန်ခဲ့ခြင်းပင်ဖြစ်သည်။ ဤသို့သော အခြေအနေတွင် ရေခပ်လာသော အောင်မြင့်နှင့် လူငယ်များမှ တွေ့ရှိ၍ နီတွတ်မှ ရှိက်ကြီးတငင် ငိုကြွေးလျက် ...

"ဒီလိုဖြစ်ရတာ ကျွန်တော့်အပြစ်

www.burmeseclassic.com

ပါဗျာ။ ကျွန်တော်မခံစားနိုင်လို့ဖြစ်ရတာပါ။ နားနဲ့မနာ ဖဝါးနဲ့နာပါဗျာ။ ထွေးထွေးစိန်ကို စတွေ့ပြီးတဲ့နောက်မှာ ထွေးထွေးစိန်ကိုချစ်မိသွားပြီး တစ်နေ့မမြင်ရရင် မနေနိုင်အောင်ဖြစ်ရပါတယ်။ ကျွန်တော့်မိဘတွေကို တောင်းရမ်းလက်ထက်ပေးဖို့ပြောတော့လည်း ကျွန်တော့်မိဘတွေက ...ငါ့သားတဲ့၊ တစ်နှစ် လောက်တော့ စောင့်ပါဦးတဲ့။ ဒါကြောင့် ထွေးထွေးစိန်နဲ့ ဝေးရမှာကို အရမ်းကြောက်ပြီး မထူးတဲ့ အတူတူ ထွေးထွေးစိန်ကို ချစ်ခွင့်ပန်ပြီး ခွဲခေါ်မိတာပါဗျာ။ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ ထွေးထွေးစိန်ကတော့ ပြောပါသေးတယ်။ ဒီလိုမလုပ်ပါနဲ့တဲ့။ မိသားဖသားပီပီ လူကြီးစုံရာနဲ့ လာပြီးတောင်းပါတဲ့။ ဒါပေမဲ့ ကျွန်တော်ဖွင့်ပြောမပြရဲအောင် စိုးရိမ်တာတစ်ခုရှိပါတယ်။ ဒါကြောင့် ကျွန်တော် ခြေတစ်လှမ်းနောက်ကျပြီး ထွေးထွေးစိန်နဲ့ ဝေးရရင် ကိုယ့်ကိုယ်ကို သတ်သေဖို့အထိ ဆုံးဖြတ်ထားပါတယ်"

သမီးတစ်ယောက်အတွက် အရှက်ရစေပြီဟု ထွေးထွေးစိန်၏ မိဘများမှ တဖျစ်တောက်တောက် ဖြစ်နေရသည်။ အမှန်စင်စစ် နီတွတ်သည် တောကြီးရွာ၌ လယ်ကောင်းဆယ်ကျော် ပိုင်ဆိုင်၍ ချမ်းသာသော တောသူဌေးတစ်ဦး၏သား ဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် ထွေးထွေးစိန်၏ဖခင်မှ သမီးတစ်ယောက်အတွက် တစ်ရှက်မှနှစ်ရှက်မဖြစ်စေရန် အကြောင်းပြလျက် ...

"ကဲ ...နီတွတ်၊ မင်းမှာလည်း ဥပဒေအရဆောင်ရွက်လို့ရတဲ့ အပြစ်ရှိတယ်။ ငါ့သမီးကလည်း မင်းအပြစ်ဖြစ်လောက်အောင် အကြောင်းအရာတစ်ခုတော့ ရှိလိမ့်မယ်။ ငါတို့မိဘတွေ တစ်ရှက်ကနေ နှစ်ရှက်မဖြစ်ရလေအောင် မနက်ဖြန် မင်းမိဘတွေခေါ်လာပြီး ငါတို့သမီးကို လူကြီးစုံရာနဲ့ တောင်းလှည့်ပါ။ ငါတို့လက်ခံဖို့အသင့်ပဲ။ ဒီကိစ္စကို ဒီမှာတင်ရပ်ပြီး နီတွတ်နဲ့ ကျုပ်တို့သမီးကို လူသိရှင်ကြား လက်ထပ်ပေးစားလိုက်တာပဲ ကောင်းပါတယ်ဗျာ"

နီတွတ်သည် အရှင်လတ်လတ် ထိပေါက်သည့်ပမာ ထခုန်မတတ်ဖြစ်သွားရသကဲ့သို့ သူ့လူများလည်း ပျော်တပြုံးပြုံး ဖြစ်သွားရလေတော့သည်။ သို့သော် လူအုပ်ကြားမှ ရုတ်ချည်းထ၍ ထွက်သွားသူသည် မည်သူဖြစ်သည်ကို မည်သူမျှ သတိမထားမိလိုက်ကြပေ။

ထွေးထွေးစိန်သည် ရှက်လွန်း၍ငိုကြွေးနေသည့်ကြားမှ မိမိအား အားကိုးတကြီး လှမ်း၍ကြည့်နေသည်ကို မြင်ရသည့်ခဏ အောင်မြင့်၏ နှလုံးသားထဲ၌ ဗလောင်ဆူ၍သွားရတော့သည်။ အောင်မြင့်၏ချစ်တတ်သော နှလုံးသား ခြေမွခံလိုက်ရသကဲ့သို့ သူနှင့် ထွေးထွေးစိန်တို့၏ စိတ်ကူးယဉ်ချစ်ဗိမ္မာန်လေး ပျက်သုဉ်းသွားရသည့်နှယ်။

"ငါသိပ်ချစ်၊ သိပ်မြတ်နိုးရတဲ့ ငါ့ရဲ့ အသည်းပန်းလေးတစ်ပွင့်ကို ဘာမဟုတ်တဲ့ တစ်ရွာသား ငမူး ငပေ၊ လူရမ်းကားလက်ထဲကို လွယ်လွယ်နဲ့ထည့်ပြီး၊ လွယ်လွယ်ပဲ နှမ်းကြွေခွင့်ပေးရမှာတဲ့လား။ မဖြစ်နိုင်ဘူး။ လူယုတ်မာတစ်ယောက်ရဲ့ လက်ထဲမှာ ငါမြတ်နိုးရတဲ့ ပန်းလေးတစ်ပွင့် နွမ်းကြွေခဲ့ရင် ငါ့ရဲ့နှလုံးသား အချစ်စိတ်တွေ ကလည်း ရစရာမရှိအောင် ခြေမွဖျက်ဆီးခံရတာနဲ့အတူတူပါပဲ။ ထွေး ...ထွေးရယ် ...အခုအချိန်မှာ နင့်ကိုငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိအောင်ရင်ခွဲပြချင်လိုက်တာဟာ"

ထွေးထွေးစိန်တစ်ယောက် လူအုပ်ကြားမှ ရုတ်ခြည်းထွက်ခွာသွားပါလေသော အောင်မြင့်အား မျက်ခြည်မပြတ်လိုက်၍ကြည့်နေမိလေသည်။ အောင်မြင့်ထွက်ခွာသွားရာသို့ ထွေးထွေးစိန်တစ်ယောက် မျှော်လင့်စိုးရိမ်စွာ လှမ်းကြည့်နေသကဲ့သို့ အောင်မြင့်သည်လည်း သူချစ်သောပန်းလေးတစ်ပွင့်အတွက် တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသည့်ကဲ့သို့ ...။

တယ်လူးရွာနှင့် ချေကြည့်ရွာကြား လူပြတ်သော သီးပင်တောထဲ၌ လူတစ်ယောက် ဓားအဏ်ရာများဖြင့် သေဆုံးနေသည်ကို နံနက်မိုးလင်းမှ တစ်ရွာလုံးသိလိုက်ကြရသည်။ ဓားအဏ်ရာဖြင့် သေဆုံးသောသူမှာ တောကြီးရွာမှ နီတွတ်ဆိုသူဖြစ်သည်။ မည်သူမှ နီတွတ်အားသတ်သွားပါသနည်း။ သူနှင့်လူတွဲများဖြစ်သည့် ညိုကြီးနှင့် ဖော်လေးတို့များလား၊ စသည်ဖြင့် မေးခွန်းထုတ်စရာ ဖြစ်သော်လည်း မနက်စောစော ငြိမ်းပေါ်မှ ရဲစခန်းမှူး နယ်ထိန်းအရာရှိနှင့် တပ်ဖွဲ့ဝင်များနှင့်အတူ လက်ထိတ်တန်းလန်းဖြင့် တယ်လူးရွာ၏ ကာလသားခေါင်းအောင်မြင့် ပါလာလေတော့ရာ နီတွတ်ကို အစတုံးစေခဲ့သူမှာ အောင်မြင့်ဆိုသည်ကို လူအများသိလိုက်ရတော့သည်။

လက်ထိတ်တန်းလန်းဖြင့် အောင်မြင့်မှာလည်း ပြုံးစစဖြင့်ရှိနေသော်လည်း ထွေးထွေးစိန်အား မျက်ရည်ဝဲနေသည့်ကြားမှ ငိုတဝါးကြည့်နေပေသည်။ အမှန်အားဖြင့် ထိုည၌ ညိုကြီးနှင့် ဖော်လေးအား အရက်တိုက်၍ အောင်မြင့်မှ တစ်ဖက်လှည့်ဖြင့် သူတို့၏ရွာကို ပြန်စေပြီး နီတွတ်မှာမပြန်ဘဲ အောင်မြင့်နှင့် ပွင့်လင်းစွာ စာရင်းရှင်းခဲ့ကြခြင်း ဖြစ်သည်။ ထိုစာရင်းရှင်းမှုသည် နီတွတ်သေဆုံး၍ အောင်မြင့် လူသတ်တရားခံဖြစ်ရသည်။ သို့သော် သူတို့ နှစ်ဦးစလုံး အချစ်နှလုံးသားနှင့်ပတ်သတ်၍ အတူတူပင်ရှုံးခဲ့ကြပါသည်။

---


မောင်သာမန်(ဖီးကုန်း)

---



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဆတ်ခက်ထန်

# ဒေါသမာန်

တာန်သိဇင်

ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်တွင် လူတို့၏ ကိုယ့်ကျင့်အဘိဓမ္မာ အဖြာဖြာတွင် စေတသိက်တရားတို့က စိတ်ကိုမှီ၍ ခြယ်လှယ်ကြရာ ...

"စိတ်၏တံထွာ၊ ဓမ္မတာကား။ ကြံ့ရာအာရုံ၊ ရမိရုံသာ၊ ဖုံဖုံကောင်းဆိုး။ မလွဲရိုးတည်း။ တစ်မျိုးတွဲဖက်၊ စေတသိက်တွက်ကြောင့်၊ သက်သက်ဆိုးကောင်း။ အရောင်ပြောင်း၍ မကောင်းလည်းစိတ်၊ ကောင်းလည်းစိတ်ဟု၊ ခွဲစိတ်စမြဲ၊ ဥဒါန်းကဲသည်၊ စိတ်လည်းစေတသိက်ကြောင့်သာကိုး"

စိတ်ကို မကောင်းအောင်ခြယ်လှယ်သော အကုသိုလ်စေတသိက် (၁၄)ပါးစာရင်းတွင် အမှတ်စဉ်(၈)တွင် 'ဒေါသ'တရား ပါဝင်လေ၏။ ထို'ဒေါသ'ကြောင့် ခက်ထန်ကြမ်းတမ်းကာ နှလုံးသွေးဆူပွက်မှုများ အခြေခံ၍ စိတ်ကောက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးဖွဲ့မှု၊ ဆဲဆိုငေါက်ငမ်း၊ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ သေကျေပျက်စီးအောင် ကြံဆောင်မှုတို့သည် 'ဒေါသ'ကြောင့် ဖြစ်တည်သော စိတ်ပင်တည်း။

•••



www.burmeseclassic.com

www.burmeseclassic.com

"အား ..."

ဟူသော အသံရှင်၏ အော်သံကြောင့် သူ..သူ...တစ်စုံတစ်ဦးအား လူမှားယွင်း၍ လှူသတ်မိချေပြီဟု နောင်တစိတ်ဖြင့် ခြေကုန်လက်ပန်းကျသူနှယ် မြေကြီးပေါ်ထိုင်လျက် ဖြစ်သွားရသည်။ မှောက်လျက်အနေအထား လဲကျနေသူ၏ ခန္ဓာကိုယ်ကို ဆွဲလှန်ကြည့်မိသောအခါမှာ ...

"ဟာ ..."

ကမ္ဘာမြေကြီး သွက်သွက်ခါပမာ ချာလည်သွားသကဲ့သို့ ခံစား၊ တုန်လှုပ်၊ ချောက်ချားသွားတော့သည်။

"ညီမလေး"

ဆို့နင့်ကြေကွဲမှုနှင့် မှားယွင်းခြင်းအမှု ပြုမိသော နောင်တသံဖြင့် သူအော်ခေါ်မိရင်း မျက်ရည်များ တလိမ့်လိမ့်ယိုစီးကျလာမိသည်။ တကယ်တော့ လောကကြီးမှာ ဒေါသအကြီးဆုံးသူဟု ဘာသာခံယူထားခဲ့လေသမျှ ခုတော့ ဒေါသခက်ထန်သမျှ ကြောက်စရာရှိလျှင် အကြောက်လွယ်သူပါလား။ နောင်တတွေနှင့် ဒူးများ တဆတ်ဆတ်တုန်လို့နေသည်။

သူ၏ ဒေါသခက်ထန်မှုကို အခြေတည်၍ 'အတက်ဒေါသ' တောက်လောင်မှု သေရည်မူး၏အရှိန်က အမှားအမှန် မခွဲခြားနိုင်ခဲ့။ ဆင်ခြင်ဉာဏ်မဲ့ခဲ့သဖြင့် ရန်သူအထင်နှင့် တစ်အူထုံ့ဆင်း ညီမငယ်အား မှားယွင်းသတ်မိချေပြီ။ အမှားကြောင့် အသက်ဒေါသ၊ ကြောက်ရွံ့မှုကြောင့် သူ့တစ်ကိုယ်လုံး ဇောချွေးများ ပြန်ကာ၊ ကြောက်ဒူးများ တဆတ်ဆတ်တုန်ရီကာ ငိုကြွေးရုံမှတစ်ပါး မတတ်သာတော့ ...။

•••

တကယ်တော့ ကျွန်တော် ဒီလို မလုပ်သင့်ပါဘူး။ ကျွန်တော်တို့ ဆွေမျိုးတစ်စုမှာ ကိုယ်ပိုင်မြေဆိုတာ မရှိခဲ့ဘူး။ ကျွန်တော့်အဖေရဲ့ အစ်မမိသားစု၊ ကျွန်တော်အမေရဲ့ အစ်ကိုမိသားစု ဆွေမျိုးပတ်လည်တွေစုပြီး မြို့ရဲ့မနီးမဝေး လယ်ကွင်းပြင်မှာ ကျူးကျော်တဲခေါက် နေထိုင်ကြရတဲ့ မိသားစုတွေပါပဲ။

**ဒါပေမဲ့**

**"အား" ခနဲအော်သံက**

**ယောက်ျားတစ်ဦးရဲ့**

**အော်သံမဟုတ်သလိုတဲ။**

**မည်သူများဖြစ်မလဲ။**

**မှောက်နေတဲ့သူရဲ့**

**ခန္ဓာကိုယ်ကို**

**မှောင်မည်းနေလို့**

**မသိရဘူး။ ဒါနဲ့**

**အသာဆွဲလှန်ပြီး**

**သေသေချာချာ**

**ကြည့်မိတော့...**

ကျွန်တော်က ပညာလေးတန်းပဲ တတ်တယ်။ ကျွန်တော်တို့ရွာမှာ လေးတန်းအောင်တာနဲ့ ဘွဲ့ရတဲ့သဘောပါပဲ။ အရင်တုန်းကတော့ နွားကျောင်း၊ လှည်းမောင်း၊ စပါးရိတ်အလုပ်ပေါ့။ ခုတော့ မြို့ရွာတွေလာတည်တော့ အလုပ်ကြမ်းသမားလုပ်ရင်း ဘဝကို ဖြေရှင်းနေရတာပေါ့။

ကျွန်တော် အလုပ်ကြမ်းလုပ်ရင်းက ဆရာသမားတွေနဲ့တွဲရင်း အရက်သောက်တတ်လာတယ်။ နောက်တော့ အရက်ကြိုက်တတ်လာတယ်။ အလုပ်က ပြန်ရင် ကျွန်တော်တို့ တခြားဝိုင်းဖွဲ့ဖို့ နေရာရှာစရာ မလိုပါဘူး။ အစ်ကိုကြီး 'ကောင်း' ရဲ့တဲမှာ ကျွန်တော်တို့ လူစုပြီးသားပဲ။ ဟိုဘက်အမျိုး၊ ဒီဘက်အမျိုး တဲပေါင်း ဆယ့်ငါးတဲလောက် ကျူးကျော်စုနေတာ ပျော်စရာကြီး။

အစ်ကိုကြီး 'ကောင်း' က အဖေ့အစ်မရဲ့ သားကြီး။ ကျွန်တော့်ထက် နှစ်နှစ်ကြီးတယ်။ ကျွန်တော်က နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ 'သာအောင်' က အမေ့ဘက်က တူအရင်း။ ကျွန်တော်နှင့်ရွယ်တူ။ ဒီသုံးယောက်က မတည့်အတူနေ။ အလုပ်ခွင်လည်း အတူတူပဲ၊ အရက်သောက်လည်း အတူတူပဲ။

အားလုံးထဲမှာ 'သာအောင်' က သူ့ပစ္စည်းမှ သူ့ပစ္စည်း၊ သူ့ပိုက်ဆံမှ သူ့ပိုက်ဆံ၊ နည်းနည်းမှ ထိလို့မရတဲ့ကောင်။ ကျွန်တော်က စည်းကမ်းဆိုတာ ဘာမှန်းမသိဘူး။ အားလုံးက ဆွေမျိုးချည်းပဲမို့။ အလုပ်သွားဖို့ အဝတ်ဝတ်စရာမရှိရင် အပြင်မှာလှန်းထားတဲ့ ယောက်ျားလုံချည် ဘယ်သူ့ဟာဖြစ်ဖြစ် ဆွဲယူဝတ်တတ်တာမျိုး။ စားစရာလည်း ဒီလိုပါပဲ၊ ကိုယ့်အိမ်က ထမင်းဟင်းမကျက်သေးလျှင် နီးရာတဲထဲဝင်ပြီး အိုးလှန်၊ ခွက်လှန် ယူစားတဲ့ ကျွန်တော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက ခွေချည်းပဲဆိုတော့ မပြောကြပါဘူး။ တပေလည်းသိပ်မတတ်တော့ လူ့ကျင့်ဝတ်တွေ ဘာတွေ လာမပြောနဲ့ နားမလည်ဘူး။ နားမထောင်ချင်ဘူး။ ကျွန်တော်ရဲ့အကျင့်ကြောင့် 'သာအောင်'နဲ့ မတည့်ပါဘူး။

●●●

"ဟော့ကောင် ငအေး။ ငါတို့ ဒီနေ့ည အစ်ကိုကြီးကောင်း စုဌေထုတ်လို့ ဗိုက်ဖွဲ့မယ်။ ငါအမြည်းယူလာခဲ့မယ်"

သာအောင်က သတင်းပေးလာတာမို့ ကျွန်တော် အကြိုက်တွေ့သွားတယ်။ မမှောင်ခင်ကတည်းက အစ်ကိုကြီးကောင်းအိမ်ရှေ့မှာ ရစ်သီရစ်သီလုပ်နေမိသည်။

"ကိုလေးငအေး။ ထမင်းစားမယ်"

ညီမငယ်အထွေး လှမ်းခေါ်တာကို လက်ကာပြလိုက်တယ်။ ထမင်းထက် ယမကာက ပိုပြီး အာခံတွင်းတွေ့စေမှာမဟုတ်လား။

ကျွန်တော်တို့ဝိုင်းမှာ အရက်ကလည်း တောက ချက်အရက်မဟုတ်ဘူး။ အစ်ကိုကြီးကောင်း အလုပ်ရှင်သဌေးနဲ့ မြို့လိုက်သွားရင်း ဝယ်လာတဲ့ အရက်ပုလင်းဗျ။ သောက်လို့ ဘာကောင်းသလဲ ပြောပါနဲ့။ ကျွန်တော်ရဲ့ ဝမ်းတွင်းမှာ ကြွက်တွင်း လမ်းထွင်ထားသလိုပဲ။ သောက်လေသောက်လေ မက်မပြေပေါ့။

ပုလင်းထဲမှာလည်း ကုန်ပြီ။ ကျွန်တော့်မှာလည်း အာသာမပြေ၊ လစ်မစ်မပြည့်သေး။ မရဘူး။ ဒီတော့ စားပွဲခုံပေါ်က သာအေးရဲ့အရက်ခွက်ကို ယူမော့ပစ်လိုက်တာပေါ့။

"ဟာ ... ဟော့ကောင် .. ငအေး လူပါးဝလိုက်တာ"

ပြောလည်းပြော ကျွန်တော့်မျက်နှာကို ထိုးလည်းထိုး။ မူးတာက မူးတာပဲ၊ အသားနာတာက နာတာပဲ။ ကျွန်တော့် ဒေါသတွေ ငယ်ထိပ်ရောက်အောင် ဆူဝေလာပြီ။ သူတစ်ပြန်၊ ကိုယ်တစ်ပြန်ချပေါ့။ ချရင်းက နပန်းဖက်လုံးတာ ဘေးက လူတွေပါ ဆူညံအော်ဟစ်ပေါ့။

"ခွပ် ... ခွပ် ..."

ခပ်နာနာ နံဘေးက ဝင်ထိုးခံလိုက်ရတာမို့ ကျွန်တော် ပိခံစားသွားရတယ်။ အစ်ကိုကြီးကောင်းရဲ့ လက်ချက်ပဲ။ ကျွန်တော်လည်း ဆဲဆို၊ သာအောင်ကလည်း ဆဲဆို။ လူရှင်းသွားပြီးတာနဲ့ ကျွန်တော့်တဲ ရှိရာပြေးပြီး ဓားမြှောင်ယူပြီး လူသွားလမ်းကွယ်က စောင့်နေလိုက်တယ်။ ဒီကောင်တွေ ကျွန်တော့်နောက်က လိုက်လာမှာသေချာတယ်။ ဒါကြောင့် အသင့်စောင့်နေတာ။

"ချွတ် .. ချွတ် .. ချွတ်"

ညကိုးနာရီ အမှောင်ထုအောက်မှာ လှုပ်ရှိတွေ့နေရပြီ။ သာအောင်ရေ သေဖို့သာပြင်၊ အစ်ကိုကြီးကောင်းဆိုလည်း သေဖို့သာပြင်ထား။ ကျွန်တော့်အသားနာလို့ကတော့ စိတ်မှတ်ကြီးတယ်ဗျ။ ခင်ဗျားတို့ တစ်သက်လုံးမှတ်စေရမယ်။ ကျွန်တော့်ရင်ထဲမှာ နာကြည်းစိတ်လှိုင်းတွေက တဝုန်းဝုန်း ထကြွနေတယ်။

"ဟော နီးလာပြီ"

"ကဲကွာ ..."

"ခွပ် ..."

"အင့် ..."

"အား ..."

ကျွန်တော်ရဲ့ အားကုန်စိုက်လိုက်တဲ့ ဓားချက်အရှိန်ကြောင့် မှောက်ခုံလဲကျသွားစဉ်မှာ ကျွန်တော် ဝမ်းအသာကြီးသာခဲ့တယ်။ သာအေးလား၊ အစ်ကိုကြီးကောင်းလား။

ဒါပေမဲ့ "အား"ခနဲအော်သံက ယောက်ျားတစ်ဦးရဲ့ အော်သံမဟုတ်သလိုဘဲ။ မည်သူများ ဖြစ်မလဲ။ မှောက်နေတဲ့သူရဲ့ ခန္ဓာကိုယ်ကို မှောင်မည်းနေလို့ မ ရဘူး။ ဒါနဲ့ အသာခွဲလှန်ပြီး သေဝ ချာချာ ကြည့်မိတော့ ...

"ဘုရား ဘုရား ကယ်တော်

ခုမှ ကျွန်တော် ဘုရားတမိပါ တယ်။ ကျွန်တော်ရဲ့ အချစ်ဆုံးညီမင လေး အထွေးကို ကျွန်တော့်ဒေါ ကြောင့် မဆင်မခြင် လူမှားသတ်မိပါ လား။

"အီး ... ဟီး ... ကျွန်တော် ပြီ။ ပြင်မရတဲ့အမှားကြီး မှားသွားပါ ဗျာ"

●●●

"ဟဲ့ ... ငအေး။ ခွေးတိရစ္ဆာ နင့်ညီမလေးက နင့်ရန်ဖြစ်သံကြား စိတ်ပူပြီး ဖျန်ဖြေဖို့လိုက်သွားတာ။ န ကုန်းပေါ်က ပြန်လာတာ။ နင်အိမ် သွားတယ်ဆိုလို့ ယာခင်းလမ်းက လိုက်တာ။ နင့်ရဲ့ မူးမူးရူးရူး ဒေါသ ငါ့သမီးလေးမှာလေး သေရပြီတော့"

အမေ့ရဲ့ ရင်ကွဲကြေမတတ် ငိ ပြောသံတွေကို ကျွန်တော်ခေါင်းငုံ့ခံ တယ်။ စိတ်ချပါအမေရယ်။ ကျွန်တေ ဘဝတစ်သက်တာလုံး မေ့မရတဲ့ အ ကြီးဆိုတာ သားနောင်တရနေပါပြီ။

သားမိုက်အတွက် အမေ့ကို ခွ လွှတ်ပါလို့ မတောင်းပန်ရက်ပါဘူး။ သ ပြုခဲ့တဲ့ အပြစ်ဒဏ်ကို ကျေကျေနပ် ကြီး ခံယူပေးဆပ်ပါတော့မယ်။ ဂ တော် နောက်ကို ဆင်ခြင်တုံမဲ့ ဒေါသ ချိုးနှိမ်တတ်အောင် သင်ခန်းစာရနေပ

ဟန်သီဂ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြီးသူ၏ ဘိန်းစား

## မုံရွာအောင်စကြာ

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ လက်ဖက်ရည်သောက်နေခိုက် ကျွန်ုပ်နှင့် လွန်စွာရင်းနှီးသော အောင်စိုးမိုးအမည်ရှိ လူငယ်တစ်ဦးသည် '၁၂၅'ဟုခေါ်သော တရုတ်ဆိုင်ကယ်တစ်စီးနှင့် ရောက်ရှိလာပေ၏။

လက်ဖက်ရည်ဆိုင်အတွင်းဝင်လာပြီး ကျွန်ုပ်အား ဆရာအစ်ကိုကြီးက ကောင်းကောင်း အနားယူနေတာပဲဟု ပြောရင်း ဝင်ထိုင်လေ၏။ ကျွန်ုပ်လည်း လက်ဖက်ရည်တစ်ခွက်မှာရင်း ကျွန်ုပ်မှ မင်းက စောစောစီးစီး ဘယ်ခြေဆန့်မလို့လဲဟု မေးလိုက်ရာ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သွားမလို့ အစ်ကိုကြီး အားရင်လိုက်ခဲ့ပါလားဟု ကျွန်ုပ်အား ခေါ်လေ၏။ စောစောစီးစီး စိတ်ထဲစနိုးစနောင့် ဖြစ်နေ၍ လိုက်ချင်စိတ်မရှိကြောင်းပြော ဆိုရာ အောင်စိုးမိုးက ဘာမှစိတ်မပူပါနဲ့၊ အစ်ကိုကြီးရာ၊ ကျွန်တော့်ဘီးက လိုင်စင်နဲ့ပါ။ လိုက်သာလိုက်ခဲ့။ ကုန်ကြမ်းတွေအများကြီးရမှာ။ ရွာမှလူများမှာ ဖော်ရွေကြောင်း၊ ငက်သား ဟင်းနှင့်ထမင်းကျွေးမည်ဖြစ်ကြောင်း၊ များစွာသော မက်လုံးများကြောင့် ကျွန်ုပ်လည်း မလိုက်ချင်၊ လိုက်ချင်နှင့် ပါသွားခဲ့ပေတော့သည်။

အောင်စိုးမိုးသည် ဆိုင်ကယ်ကို ကျင်လည်စွာ စီးနင်းလျက်ရှိပေ၏။ လမ်းတစ်လျှောက်တွင်လည်း မင်္ဂလာ ဆောင်သွားကြသောဆိုင်ကယ်များကို တွေ့ရပေသည်။ အောင်စိုးမိုးပြောသော ရွာလေးသည် ကားလမ်းမကြီးမှအတွင်းသို့ ငါးမိုင်ခန့် ဝင်ရပေ၏။

ခရိုင်ချင်းဆက်လမ်းဖြစ်၍ ကောင်းမွန်လှပေ၏။ ၁၂၅ ဆိုင်ကယ်လေးသည် ကွေ့ကာ ဝိုက်ကာ မောင်းနှင်လာခဲ့ရာ ရွာကို လှမ်း၍ မြင်ကြရပေ၏။ လေနှင့်အတူ လွင့်မျောလာသော ကာလပေါ် အပြင်းစားတေးသွားက မင်္ဂလာဆောင်နှင့် မတူဘဲ လက်ဝှေ့စိန်ခေါ်ပွဲတစ်ပွဲနှင့်ပင်တူ၍နေပေတော့သည်။

တစ်ခါက တောရွာတစ်ရွာတွင် အလှူပွဲရှိလေ၏။ ဘုန်းကြီးမှ ရေစက်ချအမျှဝေပြီးသောအခါ အသံချဲ့စက်ဆရာက အောင်ပါစေသီချင်း မဖွင့်ဘဲ မေဆွိ၏ "ကိုကိုရေ၊ ကွယ်ရာမှာ ခြေမများနဲ့နော် ကိုကိုရေ" ဟု ဖွင့်လိုက်ရာ ကြားရသူအပေါင်း ထိုင်ရမလို၊ ထရမလို ဖြစ်သွားဖူးပေ၏။

မင်္ဂလာဆောင်ရှိရာသို့ ရောက်သောအခါ အောင်စိုးမိုးသည် မင်္ဂလာဆောင်နှင့်မျက်စောင်းထိုးတွင်ရှိသော အသိအိမ်တွင် ဆိုင်ကယ်ကိုထား၍ မင်္ဂလာဆောင်ရှိရာသို့ လမ်းလျှောက်လာခဲ့ပေ၏။ မဏ္ဍပ်အဝင်ဝတွင် ပန်းတမ်းသော လုံမပျိုလေးများက ကျွန်ုပ်တို့အား မင်္ဂလာပန်းများ ကမ်းလေ၏။ အောင်စိုးမိုးမှ လက်ဖွဲ့ငွေထည့်သဖြင့် ကျွန်ုပ်လည်း ရောယောင်ကာ ငွေ ၂၀၀ဝ ထည့်လိုက်ရပေတော့သည်။

သတို့သားနှင့် သတို့သမီးမှ ကျွန်ုပ်နှင့်အောင်စိုးမိုးအား ဝမ်းသာအားရကြိုဆိုလေ၏။ သတို့သား လူငယ်သည် ရုပ်ရည်ချောမော၍ သတို့သမီးမှာလည်း လွန်စွာချောမောပြီး ကိုယ်လုံး ကိုယ်ပေါက်လည်း လွန်စွာလှပေ၏။ ယေဘုယျအားဖြင့် လိုက်ဖက်သည့်အတွဲဟု ဆိုရပေမည်။

ဒေးဝေးမှလာသော ကျွန်ုပ်တို့အား သတို့သားက အိမ်အပေါ်ထပ်တွင် ဧည့်ခံပေ၏။ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်စသဖြင့် ပြည့်စုံပါပေ၏။ ဘုန်းကြီး ဆွမ်းကပ်ရန် ဆွမ်းပွဲများ အချိုပွဲများလည်း ပြင်ထားသည်ကို တွေ့ရပေသည်။ ဆိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com

ရွာခလေ့အရ မင်္ဂလာပွဲပြီးသည်နှင့် မင်္ဂလာဆွမ်းကပ်ကြလေ၏။

အိမ်အပေါ်ထပ်မှ နေ၍ မင်္ဂလာဆောင်မြင်ကွင်းကို ပုံမှမ်း၍ မြင်နေရပေသည်။ ခြေရပ်နီးမှ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများ၊ ထမင်းကျွေးဆောင်မဏ္ဍပ်အတွင်းဝယ် ရုပ်ရှင်မင်းသမီးခိုင်သင်းကြည်၏ မင်္ဂလာဆောင်အခွေကို ဗီဒီယိုစက်ဖြင့် ပြသထားပေ၏။ သူ့အရပ်နှင့်သူ ဓာတ်ပုံရိုက်ကြရာ ဓာတ်ပုံဆရာလည်း မအားသင်အောင်ပင် ဖြစ်၍ နေပေ၏။ ထိုစဉ် ဦးဇင်းတစ်ပါး ဆိုင်ကယ်ဖြင့် ရောက်လာလေ၏။ လိုက်ပို့သော သူ့တပည့်အား လာကြိုရမည့်အချိန်မှာ ကြာပြီ။ ဆိုင်ကယ်ကို ပြန်လွှတ်လိုက်လေ၏။

ရွာခံလူတစ်ယောက်မှ ဦးဇင်းအား အိမ်ပေါ်သို့ ပင့်လာလေ၏။ မင်္ဂလာဆောင် ဆွမ်းကျွေးရန် ပင့်ထားကြောင်း သိရပေ၏။ တောရော၊ မြို့ပါ ဆိုင်ကယ်များ ခေတ်စားနေချိန်တွင် ဘုန်းကြီးကျောင်းများတွင်လည်း ဆိုင်ကယ်များရှိလေ၏။ တပည့်ဒကာများ လိုက်ပို့ ဆောင်ပေးကြလေ၏။

ကျွန်ုပ်နှင့် အောင်စိုးမိုးသည် ဦးဇင်းနှင့် စကားပြောနေခိုက် မဏ္ဍပ်အတွင်းမှ ဖုန်း . . ဒိုင်း . . ဝှမ်း . . ဟူသော အသံများနှင့်အတူ ရန်ထဖြစ်ကြလေတော့သည်။ ကျွန်ုပ်တို့သည် အိမ်အပေါ်ထပ်မှဖြစ်၍ အားလုံးကို မြင်နေရပေသည်။

တစ်ကိုယ်လုံး ရွှေကို အရူးတစ်ယောက်လို ဝတ်ဆင်ထားသော မိန်းမကြီးတစ်ယောက်နှင့် ရည်မွန်သော ယောကျ်ားတစ်ယောက်တို့ စကားများနေသည်ကို တွေ့ရပေ၏။ ရွာထဲမှလူများက ခဲများဖြင့် ပစ်ပေါက်ကြရာ မင်္ဂလာပွဲလည်း ပျက်၍ သွားခဲ့ပေတော့သည်။

မကြာမီ ကျေးရွာဥက္ကဋ္ဌ ရောက်လာပြီး ဝင်ရောက်ပြောဆိုရာ အားလုံး ငြိမ်၍ သွားခဲ့ပေ၏။ သတို့သားသည် သတို့သမီးအား လက်ဆွဲ၍ ဆိုင်ကယ်နှင့် ထွက်သွားလေတော့သည်။ မိဘများမှာ ရင်ဘတ်စည်တီး၍ ကျန်ရစ်ခဲ့ပေတော့သည်။ တစ်ဖန် ရွှေကို အရူးတစ်ယောက်လို ဝတ်ဆင်ထားသော မိန်းမကြီးနှင့် လက်ဖွဲ့ငွေဖလားကိုင်သော လုံမပျိုများနှင့် စကားများကာ ထသတ်ကြပြန်ရာ ဥက္ကဋ္ဌလုပ်သူ ထိုမိန်းမကြီးအား ဆူဆဲကာ ပါးဝင်ရိုက်လိုက်လေ၏။

ထိုမိန်းမကြီးသည် ငိုရှ၍ ထွက်သွားမှ အားလုံးငြိမ်၍ သွားခဲ့ပေတော့သည်။ အထက်ကဆိုခဲ့သည့်အတိုင်း မင်္ဂလာမဏ္ဍပ်အတွင်း နာဂစ်ဝင်ရောက်ခဲ့သောဖြစ်စဉ်အကျဉ်းအား ကာလသားခေါင်းမှ ကျွန်ုပ်တို့အား ရှင်းပြလေ၏။ သတို့သားသည် ဆင်းရဲပေ၏။

ရွှေကို အရူးလို ဝတ်ဆင်ထားသော မိန်းမကြီးက လွန်စွာ ကြွယ်ဝချမ်းသာပေ၏။ မင်္ဂလာဆောင်ကုန်ကျစရိတ်အား စာရင်းတွက်ကြရာ ငါးသိန်းခန့် ကုန်ကျပေမည်။ ထိုကုန်ကျမည့် ငွေ ငါးသိန်းကို ထိုမိန်းမကြီးမှ စိုက်ထုတ်ပေးထားလေ၏။

မင်္ဂလာဆောင်ပြီး၍ မဆပ်နိုင်ပါက ဆိုင်ကယ်ရောင်း၍ပေးပါမည်ဟု လူကြီးစုံရာ ရှေ့တွင် ကတိစကားပြောခဲ့ပေ၏။ ရွာမှ နားလည်တတ်ကျွမ်းသော သူများမှ ဈေးဝယ်သောအခါ ငွေမှာ ကုန်သင့်သလောက်မကုန်ခဲ့။

သို့သော် ငွေမက်သော ထိုမိန်းမကြီးသည် မင်္ဂလာဆောင်မပြီးခင် ငွေဖလားဝင်လုရာမှ ပြဿနာစခဲ့ခြင်းဖြစ်၏။ ထိုသို့ ကသောင်းကနင်းဖြင့် မင်္ဂလာပွဲပြီးဆုံးသွားလေရာ တစ်ပါးတည်းကြွလာသော ဦးဇင်းအား ဆွမ်းကပ်ကြလေ၏။ ကျွန်ုပ်တို့ကိုလည်း ထမင်းကျွေးလေတော့သည်။ ဤသို့ အဆင်မပြေ မချောမွေ့သော မင်္ဂလာဆောင်မျိုး တစ်ကြိမ်တစ်ခါမှ မကြုံဘူးခဲ့ပေ။ နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်တွေ့ရသောအခါ ချွေးသီးချွေးပေါက်များပင်ကျခဲ့ရပေတော့သည်။ ပြဿနာများပြီးဆုံးသွား၍ ထမင်းကိုသာ အငြိုးထား၍ စားရပေသည်။

သတို့သားနှင့်သတို့သမီးလည်း ပြန်မလာတော့။ မဏ္ဍပ်အတွင်းဝယ်ဆွေမျိုးသားချင်းများ ကူညီလုပ်ကိုင်နေကြသူများအား ထမင်းကျွေးလေ၏။ နောက်ပိုင်း ဖြစ်ပေါ်လာမည့် ကိစ္စအား ဘယ်လိုရှင်းကြမည်ဆိုသည်ကိုတော့ ကျွန်ုပ်မပြောတတ်။

လောလောဆယ် အနေအထားတွင် အားလုံးပြီးဆုံး၍ သွားပေတော့သည်။ ပစ္စည်းများသိမ်းဆည်းကြနှင့် အလုပ်ရှုပ်နေကြပေသည်။ အိမ်ပေါ်တွင် ဦးဇင်း၊ ကျွန်ုပ်တို့နှစ်ဦးနှင့် ပစ္စည်းသိမ်းနေသော မိန်းကလေးနှစ်ဦးသာ ရှိပေတော့သည်။

ဦးဇင်းလည်း တပည့်ဖြစ်သူလာမကြိုသေး၍သောင်တင်၍ နေလေတော့သည်။ ကျွန်ုပ်တို့သည် ဦးဇင်းနှင့် စကားသွားပြောခဲ့ရာမှ ခင်မင်ရင်းနှီးပြီး ဦးဇင်း၏ ဘဝဇာတ်ကြောင်းကို သိခွင့်ရခဲ့သည်။ ရဟန်းဝတ်သည်မှာ မကြာသေး။ ကျောင်းတွင် ဆရာတော်ကြီး မရှိ၍ လာခဲ့ရကြောင်း။ တရားလည်းမဟောတတ်သေး။ သူ့ဖြတ်သန်းခဲ့ရသော ဘဝ



www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံများအား ပြောပြခဲ့ပေတော့သည်။ ဦးဇင်း၏ဘွဲ့အမည်မှာ ဦးပဏ္ဍဝဟု ခေါ်လေ၏။ လူအမည်က မြင့်စိုး၊ အသက် (၄၀)၊ ရဟန်းဝါ သုံးလသာ ရှိသေးသော ဦးဇင်း။ ဦးပဏ္ဍဝ မပြောပြသည်က အံ့မခမ်းထူးခြားဆန်းကြယ်သည့် ဖာတ်လမ်းတစ်ပုဒ်။

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ထိုဖြစ်ရပ်မျိုးရှိချင်မှ ရှိပေလိမ့်မည်။ ရှိပါသည်ဟု ဆိုလည်း လွန်စွာရှားပါးပေလိမ့်မည်။ လူတိုင်းမဟုတ်သော်လည်း လူတစ်ဦးအမှန်တကယ်ကြုံတွေ့ခဲ့ရသော အံ့မခန်းထူးခြားဆန်းကြယ်ဖြစ်ရပ်တစ်ခု။ ဤတွင်ကျွန်ုပ်ရေးသားစီရင်အပ်သောအချစ်ကြီးသူ၏ ကျိန်စာအမည်ရှိ တကယ့်ဖြစ်ရပ်မှန်ရသဝတ္ထုတစ်ပုဒ်ဖြစ်ပေါ်လာရတော့ပေသတည်း။

(စာရေးသူ)

(၂)

လွန်ခဲ့သောနှစ်ပေါင်းများစွာက အထက်အညာဒေသတွင် လွန်စွာစည်ကားသောကျွန်းတောဟုခေါ်သော ရွာကြီးတစ်ရွာတည်ရှိပေ၏။ အိမ်ခြေ ၃၀၀ ကျော်ရှိ၍ အိမ်ကြီးရခိုင်များ၊ တိုက်တာအဆောက်အအုံများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ရွာတစ်ရွာလည်း ဖြစ်ပေသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးတို့သည်လည်း တိုးတက်ကောင်းမွန်လာခဲ့ပေသည်။ တချို့ ငွေကြေးချမ်းသာ၍ အဆက်အသွယ်ရှိသောသူများမှာ စင်ကာပူ၊ မလေးရှားစသော နိုင်ငံခြား တိုင်းပြည်များတွင် သွားရောက်စီးပွားရှာခဲ့ရာ များစွာအဆင်ပြေလျက် ရှိပေတော့သည်။

တစ်ရွာလုံးနီးပါး စီးပွားရေးအဆင်ပြေကြသော်လည်း ဒေါ်နှင်းမြတို့သားအမိ သုံးယောက်မှာ ကြမ်းတမ်းစွာရုန်းကန်နေရရှာပေ၏။ ခင်ပွန်းဖြစ်သူ ဦးလှမောင်ရှိ စဉ်အခါက မပူမပင် နေခဲ့ရသော်လည်း ဦးလှမောင်တိမ်းပါးသွားသောအခါ မိသားစုမှာ ခယိုးခယိုင် ဖရိုဖရဲဖြစ်ခဲ့ရပေတော့သည်။

ဦးလှမောင်ဆေးရုံတက်နေစဉ် အိမ်မှ ခိုင်းနွားတစ်ကောင်သေဆုံးရာမှ ဒုက္ခတွေအစပျိုးခဲ့ရာ ဦးလှမောင်တိမ်းပါးသွားသောအခါ ပိုင်ဆိုင်သော လယ်ယာမြေများ ပေါင်ထားရာမှ ပြန်မရွေးနိုင်၊ ကျန်ရှိနေသော နွားတစ်ကောင်ကိုလည်း မတန်တဆဈေးနှင့် ရောင်းလိုက်ရပေတော့သည်။

သားဖြစ်သူ မြင့်စိုးနှင့် သမီးဖြစ်သူ နှင်းဖြူတို့သည် တောခရေလွှသဘာဝ ကောက်စိုက်၊ ပျိုးနှုတ်၊ စပါးရိတ်၊ ပဲပေါင်းလိုက်စသောလုပ်ငန်းများကို လုပ်ကိုင်၍ မိခင်ကြီးအား လုပ်ကျွေးခဲ့ကြပေသည်။ ထိုလုပ်ငန်းများကလည်း တော၌ အမြဲမရှိ။ သူရာသီနှင့်သာ အလုပ်ဖြစ်သည်ကများပေသည်။ လယ်ယာလုပ်ငန်းများမရှိသောအခါ ထင်းခုတ်ကာ ရောင်းရပေသည်။ မိခင်ဖြစ်သူမှာ ဖခင်ကြီးမရှိသည့်နောက်ပိုင်း ကျန်းမာရေးသိပ်မကောင်းလှပေ။

ညီမဖြစ်သူအား မိခင်အနားတွင် စောင့်ရှောက်စေပြီး တရားသဖြင့် ငွေရမည့်လုပ်ငန်းမှန်သမျှကို တရားသဖြင့် ရှာဖွေလုပ်ကိုင်ခဲ့ပေတော့သည်။ တစ်နေ့တွင် သူငယ်ချင်းဖြစ်သူ တင်ဝင်း၏ကူညီမှုဖြင့် ဆိတ်မောင်းရန်ရွာမှ ထွက်လာခဲ့ကြပေသည်။

မြို့မှ ဆိတ်ကုန်သည်တစ်ဦးသည် နယ်ဆင်း၍ဆိတ်များ ဝယ်လေ၏။ ဆိတ်များကို ဝယ်ယူရာတွင် ကတ္တားဖြင့် ချိန်တွယ်ရပေ၏။ ငွေချေပြီးသား ဆိတ်များအား နီးစပ်ရာရွာမှ လူငှား၍အမောင်းခိုင်းလေ၏။

တင်ဝင်းသည် ဆိတ်များကို အငှားမောင်းပေးနေကျဖြစ်ပေ၏။ အကောင်ရေများ၍ တစ်ယောက်တည်း မောင်းနှင်သဖြင့် [illegible] ခြင်း ဖြစ်ပေသည်။ ဆိတ်များမောင်းပို့ရမည့်ခရီးမှာ ၁၀ မိုင်ခန့်ဝေးပေ၏။

လွန်စွာခြေဆော့သောဆိတ်များကိုမောင်းပို့သည်မှာ ထင်သလောက် မလွယ်ကူလှ။ ဆိတ်များကို တစ်ကောင်နှင့်တစ်ကောင် ထန်းရွက်ကို ကြိုးကျစ်၍ ငါးကောင်တစ်တွဲတွဲကာ နှစ်ယောက်သား မောင်းကြရလေ၏။ ဆီးပင်တွေ့တိုင်းစားတတ်သောဆိတ်၏သဘာဝကြောင့် ကုန်းပေါ်တက်ပြေးလိုက်၊ လျှိုထဲဆင်းပြေးလိုက်ကသောင်းကနင်းဖြင့်မြို့ကိုရောက်ခဲ့ကြပေတော့သည်။

ဆိတ်ကုန်သည်မှ ကျသင့်ငွေ ရှင်းပေးသောအခါ နှစ်ယောက်သား ခွဲယူကြလေ၏။ မြင့်စိုးက မိခင်ဖြစ်သူနှင့် ညီမဖြစ်သူအတွက် မုန့်တိုက်တစ်ခုတွင် မုန့်ဝင်ဝယ်စဉ် မိန်းမတစ်ဦးနှင့် ဝင်တိုက်မိလေ၏။

မြင့်စိုးသည် ထိုမိန်းမအား တောင်းပန်ရာ ရပါတယ်ဟု ပြောပြီး မြင့်ဦးကို စိုက်ကြည့်နေလေ၏။ ထိုမိန်းမသည် လွန်စွာ ခေတ်ဆန်လှပေ၏။ ပါတိတ်ဝမ်းဆက်ကို သပ်ရပ်ကျော့ရှင်းစွာ ဝတ်ဆင်ထားပေ၏။

ထိုမိန်းမသည် ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပေါက် အရပ်အမောင်း အသားရေညိုညိုက မြင်သူ တကာ ငေးလောက်အောင် ကြည့်၍ ကောင်းလှပေတော့ သည်။ ကပ်ယားသော နေကာ မျက်မှန်ကို ချွတ်၍ မြင့်စိုးအား ဦးလှမောင် သားလေး ... လေ၏။

မြင့်စိုးက ဟုတ်မှန် ကြောင်း ပြန်ပြောရာ ထိုမိန်းမ က အစ်ကိုကြီး နေကောင်း လား၊ မင်းတို့ဘာတွေ လုပ်ကိုင် စားသောက်နေကြသလဲဟု မေးလေ၏။ မြင့်စိုးမှ ဖခင်ဖြစ်သူ သေဆုံးကြောင်း၊ မိသားစု လက်ရှိအခြေအနေအရ ဆိတ် ... မောင်းလိုက်လာရကြောင်း ... လိုက်ရာ ထိုမိန်းမသည် ... ကွယ်ဆိုကာ ... များကျ လာပေတော့ သည်။

မြင့်စိုးနှင့်တင်ဝင်းကို သူ ၏ အိမ်သို့ ခေါ်ဆောင်သွားခဲ့ ပေ၏။ ထည်ဝါခံ့ညားလှပ သော တိုက်ကြီးက သူမ၏ ခန အင်အားကို ပြသသလို ဖြစ် နေပေသည်။ ထိုမိန်းမ၏ အမည်မှာ ဒေါ်ရီဝင်းဟု ခေါ် လေ၏။

ဒေါ်ရီဝင်းနှင့် ခင်ပွန်း သည် ကိုစိန်သောင်းတို့အား မိဖကသဘောမတူ၍ နည်းဖြူ စုံဖြင့် ခွဲခဲ့ရာ မြင့်စိုး၏ ဖခင် ဦးလှမောင်မှ အကျိုးဆောင် ကူညီခဲ့ရာ ချစ်သူနှစ်ဦး ဆုံ ဆည်းခဲ့ရတော့ပေသည်။

ဦးလှမောင်နှင့် ကွဲကွာ သွားရာမှာ လွန်ခဲ့သော နှစ် အနည်းငယ်မှ ပြန်လည်တွေ့ ဆုံခဲ့ကြပေ၏။ မြင့်စိုးတို့ ရွာ လေးကိုလည်းရောက်ဖူးကြောင်း သိရပေ၏။ ယခုအခါ ခင်ပွန်း ဖြစ်သူ မရှိတော့၊ သမီးနှစ် ယောက်နှင့်အတူ အရောင်း အဝယ်လုပ်နေကြောင်းရှင်းပြ လေ၏။

ဒေါ်ရီဝင်းသည် ရုပ်ချော သလောက်လွန်စွာ အပြော ကောင်းလှပေ၏။သူဖြတ်သန်း ခဲ့ရသော ဘဝအတွေ့အကြုံ များကို စီကာပတ်ကုံးပြောပြ ခဲ့ရာ တောမှတက်လာသော မြင့်စိုးနှင့်တင်ဝင်းတို့မှာ မျက် လုံးလေး ကလယ်ကလယ်နှင့် ကအံ့တသြနားထောင်နေကြ တော့ပေသည်။

မြန်မာပြည် တနံတလျား သာမက ယိုးဒယား၊ တရုတ်၊ အိန္ဒိယနိုင်ငံများသို့ အရောင်း အဝယ်ဖြင့် လန့်ကာ ခရီးဆန့် နေသူဖြစ်ပေသည်။ ယခုတစ် ခေါက် ယိုးဒယားဖက်သို့ သွား ရာ လနှင့်ချီကြာခဲ့၍ ဦးလှ မောင်သေဆုံးသည်ကို မသိ လိုက်ခြင်းဖြစ်ပေသည်။

မကြာမီ တရုတ် ပြည်ဖက်သို့ အရောင်းအဝယ် ဖြင့် သွားရောက်မည်ဖြစ်ရာ မြင့်စိုးတို့အား ရောက်မှုအောင် လိုလေခဲ့ဟု ဖိတ်ခေါ်လေ၏။ မြင့်စိုးမှာ မိခင်မြင်သူနှင့် ညီမ ဖြစ်သူအား တိုင်ပင်၍ လိုက် မည်ဟု တက်ကြွစွာ ပြောလေ ၏။ တင်ဝင်းကလည်း အိမ်ကို ပြော၍ လိုက်မည်ဟု ဆိုလေ ၏။

ဒေါ်ရီဝင်းသည် မြင့်စိုး တို့အား လောလောဆယ် သုံး ရန် မုန့်ဖိုး ၁၀၀၀ိ/ပေးလေ ၏။ မိခင်ဖြစ်သူနှင့် ညီမဖြစ်သူ အတွက် စားစရာမုန့်များ၊ အကျီင်္များ၊ ဈေးသုံးရန် ငွေ ၅၀၀၀ တို့ပေး၍ မြင့်စိုးတို့ အား ကားဂိတ်ကို လိုက်ပို့ပေး လေ၏။

တင်ဝင်းသည် လွန်စွာ တက်ကြွ၍ နေပေ၏။ တစ်နေ့ ကုန် ပင်ပန်းကြီးစွာ ဆိတ် မောင်းရသော အလုပ်မှာ တစ် ယောက်ကို ၅၀ိ/ပင်မရ။ ယခု လုပ်ရမည့်အလုပ်က တရုတ်ပြည်အထိ သွားရမည်။ ငွေလည်း ရမည်။ ဗဟုသုတ လည်း ရမည်ဖြစ်၍ လိုက်မည် ဟု တစ်လမ်းလုံးပြော၍လာ ပေတော့သည်။

ရွာသို့ ပြန်ရောက်သော အခါ မြင့်စိုးသည် မိခင်ဖြစ်သူ နှင့် ညီမဖြစ်သူအား ဒေါ်ရီ ဝင်းနှင့်တွေ့ဆုံခဲ့ရပုံကို ပြောပြ ၍ တရုတ်ပြည်သို့ အရောင်း အဝယ်လိုက်သွားရန်ခွင့်တောင်း လေ၏။ မိခင်ဖြစ်သူမှ ဒေါ်ရီ ဝင်းနှင့် သိကျွမ်းခင်မင်ကြောင်း၊ သူနှင့်သာဆိုလျှင် အရာရာ ... ခွင့်ပြုခဲ့ပေတော့သည်။

(၃)

ကြည်ဖြူစွာခွင့်ပြုခဲ့၍ မြင့်စိုး နှင့် တင်ဝင်းတို့သည် ခရီးဆောင်အိတ်ကိုယ်စီဖြင့် ဒေါ်ရီဝင်းအိမ်သို့ ရောက်ရှိခဲ့ ပေ၏။ ဒေါ်ရီဝင်းသည် လမ်း ခရီးတွင် ရှောင်ရန်၊ ဆောင် ရန်အချက်များကို ပြောပြလေ ၏။ သူ့အမိန့် တစ်စုံတစ်ရာ မရရှိဘဲ ရေတောင် မသောက် ရ။

တင်းကြပ်သော စည်း ကမ်းများဖြင့် ချည်နှောင်ထား သည်မှာ တကယ်တော့ မထူး ဆန်း။ ဒေါ်ရီဝင်းမှ ကုန်ကျ စရိတ်အားလုံး စိုက်ထုတ်ကာ ရင်းနှီးထားရပေ၏။ ဒေါ်ရီ ဝင်းခေါင်းဆောင်သော အဖွဲ့ သည် အင်အား ၁၀ ယောက် ပါဝင်လေ၏။

မြင့်စိုးတို့သည် တစ်ကြိမ် တစ်ခါမျှ ခရီးဝေးမထွက်ဘူး ပေရာ မြင်သမျှ၊ တွေ့သမျှ အရာရာတို့သည်အထူးအဆန်း များပင် ဖြစ်၍နေပေတော့ သည်။ ဒေါ်ရီဝင်း ဦးဆောင် သောအဖွဲ့သည် မန္တလေးမှ မိုး ကုတ်၊ မိုးမိတ်၊ မိုးလိုပဲဟုခေါ် သော ဒေသအထိ ကားဖြင့် လိုက်ပါခဲ့ကြပေ၏။ မိုးလိုမှ တစ်ဆင့် မန်ပြိန်း၊ မန်... မန်တုန်စသော ဒေသများကို

www.burmeseclassic.com

ဖြတ်ကျော်၍ တရုတ်ပြည် နယ်စပ်ကြယ်ခေါင်ဟု ခေါ်သောဒေသသို့ ရောက်ရှိခဲ့ပေတော့သည်။

တရုတ်ပြည်အတွင်းမှ တရားဝင်ရောင်းချသော စက်ဘီးအစီး ၂၀ နှင့် လူသုံးကုန်ပစ္စည်းများကိုဝယ်ယူခဲ့ပေတော့သည်။ နယ်ခြားဖြတ်သန်းရာတွင်လည်းကောင်း တရုတ်ငွေလဲလှယ်ရာတွင်လည်းကောင်း ဒေါ်ရီဝင်းသည် လွန်စွာ ကျွမ်းကျင်လှပေ၏။

ဘဝပေါင်းများစွာ ဖြတ်သန်းခဲ့ရသူဖြစ်၍ အတွေ့အကြုံကလည်း ရင့်ကျက်ပေ၏။ နယ်စပ်တွင် တရုတ်များနှင့် စကားလက်ဆုံကျကာ ရယ်မောရှိပင် မနေပေသေး၏။ ကြယ်ခေါင်တွင် စက်ဘီးတချို့ကို ဖြုတ်၍စနစ်တကျ ထုပ်ပိုးရလေ၏။

တခြားသောပစ္စည်းများကိုလည်း စက်ဘီးများတွင် စနစ်တကျ ထုပ်ပိုးကြလေ၏။ ကြယ်ခေါင်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် လာလမ်းအတိုင်း စက်ဘီးကိုယ်စီဖြင့် ပြန်ခဲ့ကြပေတော့သည်။ အပြော လွယ်သလောက် အလုပ်ခက်လှပေ၏။ တချို့အဖွဲ့က ဗန်းမော်လမ်းမှ ကသာ၊ ကသာမှ ရွှေဘို၊ ရွှေဘိုမှမန္တလေးသို့ သွားကြပေ၏။ (ယခုအခါ ထိုလမ်းကြောင်းများသည် ဆိုင်ကယ်လမ်းများ ဖြစ်၍နေပေသည်)

ဒေါ်ရီဝင်း၏ အဖွဲ့ထဲတွင် စက်ဘီးပြင်ဆရာတစ်ယောက်ပါလေ၏။ ခရီးရှည်ထိုးဖောက်ရသည်ဖြစ်၍ တောထဲတွင် စက်ဘီးချို့ယွင်းသွားပါက အလွယ်တကူပြင်ဆင်နိုင်ရန် ပစ္စည်းအစုံပါလေ၏။ အလုပ်တစ်ခုကို စနစ်တကျ အကွက်ချ၍ လုပ်တတ်သော ဒေါ်ရီဝင်းတစ်ယောက် ကြွယ်ဝချမ်းသာနေခြင်းမှာ ဘာမှ မထူးဆန်းလှ။

အဖွဲ့တွင် ပါဝင်သော မိန်းကလေးသုံးယောက်သည် ဘောင်းဘီရှည်များဝတ်ဆင်ထားပြီး အပေါ်တွင် လွန်စွာ အသားကောင်း၍ ဈေးကြီးလှသော ရှန်လုံချည်များကို ဒါဇင်လိုက်ထပ် ဝတ်ဆင်ထားကြလေ၏။ လမ်းခရီးတွင် တွေ့ကြုံရသော တပ်မတော် စစ်ကြောင်းများ၊ အကြမ်းဖက်သောင်းကျန်းသူဂိုဏ်းများအား ပြေလည်အောင် ဖန်တီးနိုင်ခဲ့ပေ၏။

လမ်းခရီးတွင် ခေတ္တနားကြရာ တင်ဝင်းမှ ရေသွားခပ်လေ၏။ ဒေါ်ရီဝင်းမှ ရေမခပ်ရန် တားမြစ်၍ လက်ထဲမှ စတီးခွက်ကိုလှမ်းယူလေ၏။ ဒီဒေသသည် နတ်ကြီးကြောင်း၊ ရေကိုခွက်နှင့်လွဲမခပ်ရကြောင်း၊ တည့်နှစ်၍ ခပ်ရကြောင်း၊ ပြောဆို၍ တင်ဝင်းရေခပ်တိုက်လေ၏။ နယ်မြေဒေသမတူသလို၊ ရှောင်ရန်၊ ဆောင်ရန်များကလည်းမတူ။ လွန်စွာများလှပေ၏။ ဒေါ်ရီဝင်း၏ ရင့်ကျက်သော အတွေ့အကြုံများအား တင်ဝင်းတစ်ယောက် တိတ်တဆိတ်လေးစားလျက်ရှိပေတော့သည်။

ဖြတ်သန်းခဲ့သော ကျေးရွာများတွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံကိုလေးစားလိုက်နာသည်ကို တွေ့ရပေ၏။ ရုပ်ရည်ချောမောခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ ဘာသာစကားမျိုးစုံ တတ်ကျွမ်းနားလည်ခြင်းတို့ကြောင့် ရောက်လေရာအရပ်တိုင်း ရောင်းပန်း ဝယ်ပန်း ကောင်းမွန်လျက်ရှိပေတော့သည်။

ဘက်စုံထောင့်စုံက ထူးချွန် ထက်မြက်မှုကြောင့် မန္တလေးသို့ ရောက်သောအခါ စက်ဘီး ငါးစီးသာကျန်ပေ၏။ ခေါက်ချိုးမက ကျန်သောကြောင့် မြင့်စိုးတို့၏ လုပ်အားခကိုလည်း ထိုက်တန်စွာပေးလေ၏။ တစ်ခေါက်သွားလျှင် အသွားအပြန် ၁၅ ရက်ခန့် ကြာမြင့်ပေရာ တစ်လလျှင် နှစ်ကြိမ်သွားဖြစ်ခဲ့ပေ၏။

အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ နယ်မြေလည်း ကျွမ်းကျင်မှုရှိသလို ရှောင်ရန် ဆောင်ရန် အဝင်အထွက်များကိုလည်း နားလည်တတ်ကျွမ်းသွားခဲ့ပေ၏။ မြင့်စိုးနှင့်တင်ဝင်းသည် စီးပွားရေးကိုသာ မဲ၍လုပ်နေကြရာ ရွာတွင် ရှိသော မိသားစုအား ငွေရှာပေးရုံမှ လွဲ၍ တခြားဘာမှ ပြန်မကြည့်နိုင်ခဲ့။

(၄)

တခြား ဘာကိုမှ ပြန်မကြည့်နိုင်ခဲ့၊ မိသားစုအရေးထက် စီးပွားရေးကိုသာ ဦးစားပေး၍ ငွေကိုသာ သဲကြီးမဲကြီး ရှာဖွေခဲ့ကြပေ၏။ ဒေါ်ရီဝင်းသည် အတွေ့အကြုံရင့်ကျက်သူတစ်ဦးဖြစ်၍ တရုတ်ပြည်သို့ မသွားဘဲ ယိုးဒယားကို လှည့်၍သွားပြန်၏။

မြင့်စိုးနှင့် တင်ဝင်းတို့သည် ဒေါ်ရီဝင်းနှင့် မလိုက်တော့ဘဲ ကျွမ်းကျင်မှုရှိသော တရုတ်ပြည်သို့ ပုံမှန်လေးသွား၍ စီးပွားရှာခဲ့ပေတော့သည်။ ထိုသို့သွားလာနေရင်း မြင့်စိုးတို့ တည်းခိုနေကျ နေအိမ်မှ နန်းရွှေရည်ဟုခေါ်သော လုံမပျိုလေးသည် မျက်နှာညိုးငယ်နေသည်ကို တွေ့လိုက်ရပေတော့သည်။

အကျိုးအကြောင်းမေးမြန်းကြည့်ရာ ရပ်ရွာ၏ ထုံးစံအရ စစ်ဝန်ထမ်းတာဝန်၌ရာ



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့တာဝန်ကျကြောင်း၊ အမေတစ်ခု သမီးတစ်ခုဖြစ်၍ သူမ လိုက်ရန် မဖြစ်နိုင်ကြောင်း၊ ငှားရမ်း၍ထည့်ရန်အတွက်လည်း နယ်မြေဒေသအခြေအနေအရ တစ်ခါတစ်ရံ တိုက်ပွဲများ ဖြစ်တတ်သဖြင့် ဝန်ထမ်းငှားရမ်းခမှာ လွန်စွာ ဈေးကြီးသဖြင့် မငှားနိုင်။

နန်းရွှေရည် ကြုံတွေ့နေရသော အခက်အခဲကို မြင့်စိုးမှ ကူညီဖြေရှင်းပေးခဲ့လေတော့သည်။ သူတွင်ပါလာသော ပစ္စည်းများအား တင်ဝင်းနှင့်အဖွဲ့က မျှ၍ သယ်သွားပေးကြလေ၏။ မြင့်စိုးသည် နန်းရွှေရည်တာဝန်ကျရာ စစ်ဝန်ကမ်းအား လိုက်ပါသွားခဲ့ပေ၏။

တပ်မတော်စစ်ကြောင်းမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများက တိုင်းရင်းသားများတွင်းဝယ် ထူးခြားစွာ အညာသားတစ်ယောက်ပါဝင်နေရာ အကျိုးအကြောင်းမေးမြန်းကြလေ၏။

မြင့်စိုးမှ အဖြစ်မှန်အား ရှင်းပြခဲ့ရာ တပ်မတော်အရာရှိများက သနားသောအားဖြင့် ၁၄ ရက်အကြာတွင် မြင့်စိုးအား ပြန်လွှတ်ပေးခဲ့လေ၏။ ထိုအချိန်မှစ၍ မြင့်စိုးသည် နန်းရွှေရည်တို့ရွာကလေးတွင် သောင်တင်၍ နေခဲ့ပေတော့သည်။

မိုးကျလာ၍ တင်ဝင်းတို့အဖွဲ့ကလည်း တက်မလာ၊ ရုပ်ချောသဘောကောင်းသော နန်းရွှေရည်နှင့် လူငယ်တို့ဘာဝချစ်ကြိုက်၍ သွားခဲ့ပေတော့သည်။ ဝေးလံခေါင်းပါးသော ဒေသဖြစ်၍ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေကြပေတော့သည်။

ပွင့်လင်းရာသီဖြစ်၍ ထိုအရပ်ဒေသတွင် စပါးများရိတ်သိမ်းကြရာ မြင့်စိုးနှင့် နန်းရွှေရည်မှာ မမောနိုင်၊ မပန်းနိုင် စပါးရိတ်သိမ်းကြလေ၏။ နန်းရွှေရည်လုပ်ပေးသော ခေါ်ပုတ်ကိုမြင့်စိုးသည် လွန်စွာကြိုက်လေ၏။ ချစ်စ၊ ခင်စ၊ ကြင်နာစမို့ ပျော်မြူးနေကြစဉ် တင်ဝင်းနှင့်အဖွဲ့သည် ရွာသို့ ရောက်လာခဲ့ပေ၏။

မိခင်ဖြစ်သူကျန်းမာရေးမကောင်းကြောင်း သိရ၍ နန်းရွှေရည်အား ချစ်စ ခင်စ ခွဲရပေဦးမည်။ နန်းရွှေရည်သည် မခွဲနိုင် မခွာရက်နှင့် မျက်ရည်များကျပြီး မြင့်စိုးရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ သည်းတန်စွာ ငိုကြွေးလေ၏။

အကြာကြီးမနေဘဲ အမြန်ဆုံး ပြန်လာရန် မှာလေ၏။ မြင့်စိုးနှင့် တစ်ခါတည်း လိုက်ရန်မှာ မိခင်အိုကြီးနှင့် စပါးများ ရိတ်သိမ်းသည်က မပြီးသေးသဖြင့် ဘယ်လိုမှ မဖြစ်နိုင်။ လွန်စွာချစ်ရသော မြင့်စိုးအတွက် အဝတ်အစားနှင့် စားသောက်ဖွယ်ရာများကို စုံလင်စွာ ထည့်ပေးလေ၏။

တင်ဝင်းတို့အဖွဲ့အပြန်တွင် မြင့်စိုးလည်းလိုက်ပါသွားခဲ့ပေတော့သည်။ ရွာသို့ရောက်သောအခါမိခင်ကြီးအား ပြုစုစောင့်ရှောက်ရင်း အချိန်များကုန်လွန်ခဲ့ပေ၏။ မိခင်ဖြစ်သူနှင့် ညီမဖြစ်သူအား နန်းရွှေရည်နှင့် အိမ်ထောင်ကျနေကြောင်း ဖွင့်ပြောပြထားပေ၏။

အခြေအနေအရ နန်းရွှေရည်ကလည်း မလိုက်နိုင်၊ မြင့်စိုးကလည်း သွားနေ၍ မဖြစ်။ မိခင်ဖြစ်သူ ကျန်းမာရေး ကောင်းမွန်လာသောအခါ နှင့် နန်းရွှေရည်တို့ ရွာလေးသို့ တစ်ခေါက်အရောက်ပြန်ပေ၏။ ခွဲခွာရသောလွမ်းရက်တွေအတွက် ချစ်စကားတွေက ပြော၍ မကုန်နိုင်။

မြင့်စိုးသည် ဇနီးဖြစ်သူ နန်းရွှေရည်ဆီနေလိုက်၊ ရွာသို့ ပြန်လာလိုက်နှင့် နေလာခဲ့ရာ တစ်နေ့တွင် ဒေါ်ရီဝင်းနှင့် တွေ့ဆုံ၍ စကားပြောကြရင်း နန်းရွှေရည်အကြောင်းရောက်သွားရာ ဒေါ်ရီဝင်းသည် လွန်စွာ အံ့အားသင့်၍ သွားခဲ့ပေတော့သည်။

နန်းရွှေရည်သည် လွန်စွာ ချောမောလှပသလောက် လွန်စွာ ကြောက်စရာကောင်းသော မိန်းကလေးတစ်ဦး ဖြစ်ကြောင်း၊ သူ့မိခင်သည် တစ်ခေတ်မှာ တစ်ယောက်ဆိုလို လွန်စွာနာမည်ကြီးသော စုန်းမကြီးဖြစ်ကြောင်း၊ နန်းရွှေရည်အား ထိပါးနှောက်ယှက်သူ မှန်သမျှ အသေဆိုးနှင့် သေခဲ့ရကြောင်း ရှင်းပြလေ၏။

ဒေါ်ရီဝင်း ရှင်းပြသောအကြောင်းအရာများသည် လွန်စွာပင် ကြောက်စရာကောင်းလှပေတော့သည်။ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာသော ပညာရှင်များ ဖြစ်ပေ၏။

ဒေါ်ရီဝင်းပြောခဲ့သော နန်းရွှေရည်နှင့်ပတ်သက်သော ပညာသည်ဆိုသည်က ရှေးယခင်က ရှိကောင်းရှိပေမည်။ ယခုခေတ်တွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးပင် ဖြစ်၍ နေပေတော့သည်။

စုန်းဆိုသော ပညာရှင်များ လောကကြီးတွင်ရှိကောင်းရှိပေလိမ့်မည်။ ထိုပညာရှင်များသည် အားအားရှိ လူတွေကို ဒုက္ခပေးနေကြသူများတော့ မဟုတ်။ မိမိတို့၏ ဘဝလူပုံအလယ် အရှက်တကွဲအကျိုးနည်း၊ မျက်ရည်ပေါက်ကြီးငယ်ကျမှသာ ပညာဖြင့် ပြုစားတတ်သည်ဟု မြင့်စိုးကြားဖူးပေ၏။



www.burmeseclassic.com

www.burmeseclassic.com

စုန်း၊ ကဝေ၊ တစ္ဆေ၊ နတ်ဆိုးစသည်တို့သည် လူတို့ကို နည်းပေါင်းစုံဖြင့် ဒုက္ခပေးတတ်သည်ဆိုသော်လည်း ဖြတ်သန်းခဲ့ရသော အတွေ့အကြုံအရ သူတို့မနှစ်သက်သောအရာကို မလုပ်လျှင် လူကို ဒုက္ခပေး၊ နတ်စင်နားဖိနပ်စီးတာ မကြိုက်။ ဖိနပ်မစီးလျှင် ဘာမှမဖြစ်။

တချို့နတ်က ဝါးခမောက်ဆောင်းတာမကြိုက်။ မဆောင်းလျှင် ဘာမှမဖြစ်။ တချို့နတ်က ရေမှုတ်ကို နှစ်ခပ်တာမကြိုက်၊ လွှဲခပ်လျှင် ဘာမှမဖြစ်။ တချို့နတ်က လွှဲခပ်တာ မကြိုက်၊ နှစ်ခပ်လျှင် ဘာမှမဖြစ်။ တချို့နတ်က လပြည့်လကွယ်မောင်းထောင်းခြင်း၊ လှည်းမောင်းခြင်း၊ ခေါင်းလျှော်ခြင်း၊ အဝတ်လျှော်ခြင်း လုပ်တာ မကြိုက်၊ မလုပ်လျှင် ဘာမှ မဖြစ်။

ထိုသို့ဆိုလျှင် နတ်ဆိုး ဟုခေါ်၍မရ။ အရောင်းအဝယ်ကိစ္စဖြင့်သွားလာခဲ့ရာ ရောက်လေရာအရပ် နတ်စင်၊ နတ်ကွန်းတို့တွင် ကွမ်းတစ်ယာကပ်လှူရုံမျှဖြင့် ကူညီမစကြပေ၏။ ဒေါ်ရီဝင်းသည် အတွေ့အကြုံရင့်ကျက်သူဖြစ်၍ သူ့စကားကို မယုံကြည်ပါဟု ပြော၍မရ။ မြင့်စိုးသည် စိတ‌ထွေထွေဖြင့် တင်ဝင်းဆီသွားရောက်တိုင်ပင်ရာ တင်ဝင်းမှ ဒေါ်ရီဝင်းပြောသကဲ့သို့ နန်းရွှေရည်သည် စုန်းမျိုးဖြစ်သည့်တိုင် မိမိယူထားသော ဇနီးမယားဖြစ်ပေ၏။

နှမချင်းကိုယ်ချင်းစာနာသင့်ကြောင်း၊ နန်းရွှေရည်တို့ သားအမိသည် မိမိတို့နှင့်သိကျွမ်းခင်မင်ချိန်မှစ၍ ယနေ့အချိန်အထိ မိမိတို့အကျိုးပျက်စီးရာ ပျက်စီးကြောင်း ဘာမှမလုပ်ခဲ့။ တစ်ဖန် သားအမိနှစ်ယောက်တည်းရှိသည် သိလျက်နှင့် စစ်ဝန်ထမ်းထည့်သော ရွာလူကြီးကိုလည်း ဘာမှ ဒုက္ခမပေးခဲ့။

မြန်မာမှုနယ်ပယ်တွင် မရှိခိုးနိုး၊ မလှစုန်းမျိုးဆိုသော စကားလည်းရှိပေ၏။ မိမိတို့အဖွဲ့သည် နန်းရွှေရည်တို့ နေအိမ်ဝယ် အကြိမ်ပေါင်းများစွာ ဝင်ရောက်တည်းခိုစားသောက်ခဲ့သော ကျေးဇူးတရားများလည်း ရှိခဲ့ပေ၏။

ပတ်ဝန်းကျင်က ဘယ်လိုပင်ပြောဆိုစေကာမူ ယောကျ်ားကောင်းတစ်ယောက် အနေဖြင့် မိမိ၏ ဇနီးမယားကို ပြုစုစောင့်ရှောက်ရပေမည်ဖြစ်ပေ၏။ တင်ဝင်း ပြောပြသော စကားသည် လွန်စွာသဘာဝကျပေ၏။ လူ့လောကဝယ် လွန်စွာချစ်မြတ်နိုးရပါသည်ဟု တဖွဖွပြောဆိုတတ်သော မိန်းမတစ်ယောက်ကို တွေ့ဖူးပေ၏။ သူ့ချစ်သူသည် တစ်နေ့တွင် ဆိုင်ကယ်မှောက်၍ ခြေတစ်ဖက်ဖြတ်လိုက်ရလေ၏။ လွန်စွာချစ်လှပါသည်ဆိုသော မိန်းမသည် လုံးဝပေါ်မလာတော့။ ထိုဖြစ်ရပ်မျိုး များစွာရှိခဲ့ပေ၏။

မြင့်စိုးသည် တင်ဝင်းတို့နှင့်အတူ နန်းရွှေရည်တို့ရွာကလေးသို့ ရောက်ခဲ့ပြန်ပေ၏၊ လင်မယားနှစ်ယောက် ဘုရားသွားကျောင်းတက်နှင့် ကြည်နူးစရာအချိန်ကလေးများ ဖြစ်ခဲ့ရပေတော့သည်၊

လသာရက်များတွင် နန်းရွှေရည်သည် လမင်းကြီးကို ကြည့်၍ မြင့်စိုးကို သူ ဘယ်လိုချစ်ကြောင်း၊ မြတ်နိုးကြောင်း၊ မြင့်စိုးနှင့်သာ ခွဲခွာရပါက သူ့အသက်သေမည်ဖြစ်ကြောင်း ရှမ်းသံဝဲဝဲလေးနှင့် လွမ်းဆွတ်ဖွယ်ရာပြောပြရှာလေ၏။

ချစ်တတ်သလို လွမ်းတတ်သော နန်းရွှေရည်သည် မြင့်စိုးနှင့် ရင်သွေးလေးပင် လွယ်ထားရပြီဖြစ်၍ လွန်စွာပျော်မြူးလျက်ရှိပေတော့သည်။ ထိုသို့ ကြည်နူးနေကြစဉ် တင်ဝင်းတို့အဖွဲ့ရောက်လာပြီး မိခင်ဖြစ်သူ ကျန်းမာရေးမကောင်း၍ မြင့်စိုးအား ပြန်လာရန် မှာလိုက်လေ၏၊

နန်းရွှေရည်တွင်ကိုယ်ဝန်ရှိနေ၍ အညာသို့ ခေါ်ခဲ့ရန်မဖြစ်နိုင်။ နန်းရွှေရည်အား နားလည်အောင် ရှင်းပြ၍ ချော့မော့တာ ထားခဲ့ရပေ၏။ အစ်ကို အမြန်ဆုံး ပြန်လာခဲ့ပါနော်ဆိုသော နန်းရွှေရည်၏ စကားသံကလေးက မြင့်စိုးနားထဲက မထွက်။

ရွာသို့ရောက်သောအခါ မိခင်ဖြစ်သူသည် စိတ်ဝေဒနာရရှိ၍နေသည်ကို တွေ့ရပေ၏။ ညီမဖြစ်သူ နှင်းဖြူသည် လူငယ်တို့ သဘာဝ သူ့ချစ်သူနှင့် မှားယွင်းမိလေ၏။ သူ့ချစ်သူသည် ရေနံမှော်တွင် သွားရောက်လုပ်ကိုင်နေရာ ပြန်မလာသေး၊ နှင်းဖြူတွင်လည်း မဖုံးနိုင် မဖိနိုင်သော ပြဿနာနှင့်၊

မြင့်စိုးသည် ညီမဖြစ်သူပေးသော လိပ်စာအတိုင်း ရေနံမှော်များသို့ သွားရောက်ရှာဖွေခဲ့ရာ မတွေ့။ ရွာသို့တစ်ခေါက်ပြန်လာပြီး သတင်းစုံစမ်းရလေ၏။ မိခင်ဖြစ်သူနှင့် ညီမဖြစ်သူကိုလည်း အားပေးရလေ၏။

နှင်းဖြူ၏ ချစ်သူသည် နိုင်ငံခြားသွားတာလဲ မဖြစ်နိုင်၊ အဖြစ်နိုင်ဆုံးက ကျောက်စိမ်းမှော်။ မြင့်စိုးသည် သူ့ဆုံးဖြတ်ချက်နှင့်သူ ကျောက်စိမ်းမှော်သို့ သွားရောက်ရှာဖွေရန် ဆုံးဖြတ်လိုက်ရပေ၏၊ ခရီးထွက်ရန် ပြင်ရင်း နန်းရွှေရည် ဝယ်ပေးထားသော သားရည်ဖိနပ်လေးအား စီးရန်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်စဉ် မြင့်စိုးတစ်ယောက် ကြက်သီးများဖြန်းဖြန်းထကာ တုန်လှုပ်ချောက်ချားသွားခဲ့ပေတော့သည်။ အဘယ်ကြောင့်ဆိုသော် သားရည်ဖိနပ်အသစ်လေးသည် လူစီးထားသကဲ့သို့ အမွေးတို၍ နေပေတော့သည်။

ညစဉ် ညတိုင်း နန်းရွှေရည်ကို အိပ်မက်များ မြင်မက်ခဲ့ပေတော့သည်။ နန်းရွှေရည်သည် မြင့်စိုးကို လွန်စွာချစ်ပေ၏။ တစ်သက်တွင် တစ်ကြိမ်သာ ဖြစ်ပေါ်ဖူးသော အချစ်မျိုးနှင့် နှစ်နှစ်ကာကာ ချစ်ခဲ့ပေ၏။

နေစဉ်နဲ့အမျှ စိတ်က မြင့်စိုးဆီတွင် ရောက်နေပြီး အလွမ်းသည်မလေးမလွမ်းပို ဖြစ်ခဲ့ရပေတော့သည်။ ရင်နဲ့မမျှအောင်ချစ်ရလွန်းသူ နန်းရွှေရည်သည် မြင့်စိုးတစ်ယောက် သူဝယ်ပေးထားသော သားရည်ဖိနပ်လေးအား စီး၍ ပြန်လာသည်ဟု စိတ်က ထင်မှတ်၍စွဲလမ်းခဲ့ရာ မြင့်စိုးထံတွင် ရောက်နေသော သားရည်ဖိနပ်လေးသည် အမွေးတိုကာသွားခဲ့ပေတော့သည်။

တင်ဝင်းတို့အဖွဲ့သည် နန်းရွှေရည်တို့ရွာလေးအား ရောက်ရှိသွားရာ မြင့်စိုးအကြောင်းမေးဖြစ်လေ၏။ တင်ဝင်းသည် မြင့်စိုးတို့ မိသားစုအတွင်းရေးကို မသိ၍ ရွာတွင် မြင့်စိုးမရှိကြောင်းသာ ပြောပြခဲ့ပေ၏။ နန်းရွှေရည်သည် မျက်ရည်ကိုသာ အဖော်ပြု၍ သူ့အား စိမ်းကား ရက်စက်ခဲ့လေပြီဟု ရင်ထဲ၌ မီးတောက်မတတ်ပင် ခံစားနေရရှာလေ၏။

တဖြည်းဖြည်း ခံစားနေရသော ဝေဒနာသည် ကြာလာသည်နှင့်အမျှ ခွန်အားတစ်ခုအဖြစ်ပြောင်းလဲဖြစ်ပေါ်လာသော သဘောရှိပေ၏။ နန်းရွှေရည်သည် မြင့်ဦးပြန်မလာမှန်းသိ၍ အချစ်သည် အမုန်းသို့ ပြောင်းလဲသွားခဲ့ပေတော့သည်။

မြတ်နိုးစွာ ချစ်ခဲ့မိသရွေ့ သတိတရဖြစ်ကာ သံယောဇဉ်ဖြစ်ရသလို၊ နာကျည်းမုန်းတီးခဲ့ရင်လဲ သတိတရဖြစ်သော သံယောဇဉ်ဖြစ်ရပေ၏။ နန်းရွှေရည်၏ စိတ်သည် လွန်စွာထူးခြားဆန်းကြယ်လှပေ၏။

အဘယ့်ကြောင့်ဆိုသော် နန်းရွှေရည်သည် သူကိုယ်တိုင်ပင် မသိသော ဝမ်းတွင်းပါ ပညာရှင်တစ်ယောက် ဖြစ်၍နေခြင်းပင် ဖြစ်ပေ၏။ မခံစားနိုင်သည့်အဆုံး အိပ်ရာထဲလဲကာ နောက်ဆုံးထွက်သက်တွင် မြင့်စိုးအား နာကျည်းသည့် စိတ်နှင့် တစ်ရွာလုံး ပြာကျအောင်ပင် မီးလောင်တိုက်သွင်းမည်ဟု ကြိမ်းဝါးရင်း သေဆုံးသွားခဲ့ပေတော့သည်။

မြင့်စိုးသည် ကျောက်စိမ်းမှော်ဖြစ်သော ဖားကန့်၊ နန်တော၊ လုံးခင်၊ တာမခံ၊ ဆယ်စင်းရေပေါ်မီးစသော ဒေသများသို့ ခြေဆန့်ကာ ညီမဖြစ်သူ၏ ရည်းစားအား ရှာဖွေခဲ့ရာ နှင်းဖြူ၏ ချစ်သူသည် ငှက်ဖျားမိ၍ ပြန်မလာနိုင်မှန်းသိခဲ့ရပေတော့သည်။

မြင့်စိုးသည် ညီမဖြစ်သူ၏ ချစ်သူအား ဆေးဝါးကုသ၍ ရွာသို့ ပြန်ခေါ်ခဲ့ပေ၏။ ညီမဖြစ်သူ၏ မင်္ဂလာကိစ္စပြီးသောအခါ မိခင်ကြီးသေဆုံးသွားသဖြင့် နန်းရွှေရည်ထံ မသွားဖြစ်ခဲ့ပြန်။

မိခင်ကြီး ဈာပနပြီး၍ ရက်လည်သည့်နေ့တွင် နေအိမ် မီးလောင်ခဲ့ရာ အိမ်ခြေတော်တော်များများပါသွားခဲ့ပေတော့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာနှင့် ရှင်းလင်းနေရရာ နန်းရွှေရည်ဆီ မရောက်ခဲ့။

ပြဿနာများ ဖြေရှင်းပြီးသောအခါ နန်းရွှေရည်တို့ရွာလေးသို့ သွားရောက်ခဲ့ရာ နန်းရွှေရည်တို့ သားအမိသည် လူ့လောကတွင် မရှိကြတော့၊ လွန်ခဲ့သော လအနည်းငယ်ကပင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြောင်းသိရလေတော့၏။

သောကကို ရင်မှာပိုက်ပြီး ရွာသို့ ပြန်ခဲ့ရာ လမ်းခရီးတွင် ရဟန်းတစ်ပါးနှင့်တွေ့ဆုံ၍ တရားရေအေးတိုက်ကျွေးခဲ့ရာမှ သာသနာ့ဘောင်သို့ ဝင်ကာ ရဟန်းဝတ်ခဲ့ပေ၏။ ဤကား မြင့်စိုးတစ်ဖြစ်လဲ ဦးပဏ္ဍဝ၏ဘဝဇာတ်ကြောင်းပင် ဖြစ်လေ၏။ ကျွန်ုပ်တို့နှင့် စကားပြောနေစဉ် ဦးဇင်း၏ တပည့်ဖြစ်သူ ဆိုင်ကယ်ဖြင့် ရောက်လာသဖြင့် နှုတ်ဆက်ကာ ကြွသွားခဲ့ပေတော့သည်။

ကျွန်ုပ်နှင့် အောင်စိုးမိုးသည် အိမ်ရှင်အား နှုတ်ဆက်၍ ရွာမှ ပြန်ခဲ့ကြပေတော့သည်။ ၁၂၅ ဆိုင်ကယ်လေးသည် တရိပ်ရိပ်ပြေးလွှားလျက် ရှိပေ၏။ ကျွန်ုပ်၏ စိတ်ထဲဝယ် အချစ်ကြီးသူတစ်ဦး၏ အချစ်မှ အမုန်းသို့ ပြောင်းလဲသွားပုံ၊ သေအံ့မူးမူးအချိန်တွင် နှုတ်ထွက်စကားက ကျိန်စာသဖွယ် ဖြစ်သွားပုံကို စာဖတ်သူများ မျှဝေခံစားနိုင်ရန် ရောင်ပြန်မဂ္ဂဇင်းသို့ရသဝတ္ထုတစ်ပုဒ် ရေးသားပေးပို့လိုက်ရပေတော့သည်တကား။


**မုံရွာ အောင်ဇေကြာ**

www.burmeseclassic.com

www.burmeseclassic.com

## ပေါ့စေလို၍ ဆေးမင်ကြောင်ထိုးရာမှ ဆေးအတွက် ပိုလေးသွားရသည့်အဖြစ်

ဗြိတိန်နိုင်ငံသည် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးထုတ်လုပ်ခြင်းကို အပြင်းအထန် တားဆီးနေသော နိုင်ငံဖြစ်သည်။ ဆေးလိပ်စွဲနေသူများ တဖြည်းဖြည်း ဆေးလိပ်ပြတ်သွားအောင် "အီးလ် စီးကရက်"ဆိုသော ကိရိယာကို တီထွင်အောင်မြင်ခဲ့သည်။ ၎င်းကိရိယာတွင် စီးကရက်တစ်ပြီး ဖွာရှိုက်ပါက စီးကရက်မီးခိုးငွေ့နှင့်ပါလာသော နီကိုတင်းကတ္တရာကို စုပ်ယူထားသဖြင့် ရှူပါးစပ်ထဲ လုံးဝမရောက်အောင် ကာကွယ်ထားသည်။ အီးလ်စီးကရက်၏ အသုံးဝင်ပုံနှင့် ဆေးလိပ်သောက်သူတို့၏ အခြေအနေကို လေ့လာသူများက လေ့လာသောအခါ ကိရိယာ၏ စွမ်းအားကြောင့် သောမဖြစ်ဟုဆိုကာ ဆေးလိပ်ပိုစွဲလာပြီး ဆေးလိပ်ပြတ်သွားသူဦးရေ နည်းသေးသည်ဟု ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်/ဆေး



ရွက်ကြီးကြောင့် လူခြောက်သန်း နှစ်စဉ်သေဆုံးခဲ့ပြီး ၂၀၃၀ ခုတွင် သေဆုံးမှု ရှစ်သန်းအထိ ရှိလာမည်ဟု ဆိုသည်။

ညိုမြင့်းလွင်(မော်ကျွန်း)

*Ref:- Internet News, 8.9.2013*

## ယူအက်စ်အေ ဂီတာလစ်၏ ဇနီးလက်နက်မှုဖြင့် အရေးယူခံရဖွယ်ရှိ



၁၉၇၀ ပြည့်နှစ်က စတိန်းဟိုးတေး ကက်ဆက်အဲဗား စသည့် တေးများဖြင့် အောင်မြင်ကျော်ကြားခဲ့သော တက်ခ်နူဂင့်သည် တေးဂီတဖျော်ဖြေပွဲအတွက် ဇနီးသည် ရှိမင် (၅၁)နှစ်နှင့်အတူ ဒါးလတ်ဖို့ဒ် နိုင်ငံတကာလေဆိပ်မှ ဗိုဒ်လူဒါရယ်လေဆိပ်သို့သွားရန် လေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။ လေဆိပ်လုံခြုံရေးတို့ စစ်ဆေးသောအခါ မစ္စရှိမင်၏သေတ္တာထဲတွင် သေနတ်နှင့်အပိုကျည် ၁၀ တောင့်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အမေရိကန်မှ ရော့ခ်ဂီတာပညာရှင် တက်ခ်နူဂင့်၏ ဇနီးသည် လက်နက်ဥပဒေအရ အရေးယူရန် ဖြစ်နေကြောင်း ၁ -၉ -၁၃ သတင်းတွင် ဖော်ပြလိုက်သည်။ အမေရိကန်၏ လက်နက်ကိုင်ဆောင်ခွင့်ဥပဒေတွင် ခရီးသွားစဉ် မိမိပိုင် လက်နက်များကို ကျည်ထိုးအသင့်ပြုလုပ်ကိုင်ဆောင်ခြင်းကို တားမြစ်ထားသည်။ လေယာဉ် စသည်တို့ စီးနင်းမည်ဆိုပါက လက်နက်ပါလာကြောင်း ကြိုတင်ကြေညာရမည် ဖြစ်သည်။ ဥပဒေအရ ငြိစွန်းနေသဖြင့် စစ်ဆေးသောအခါ မစ္စရှိမင်က သူမသည် မေ့လျော့ပြီး သေနတ်ပါလာခြင်းကို မသိခဲ့ကြောင်း ရှင်းပြခဲ့သည်။ ရဲဘက်ကတော့ ဥပဒေအရ ဆက်လက်ဆောင်ရွက်နေသည်။


ညိုမြင့်းလွင်(မော်ကျွန်း)

*Ref:- Internet News, 5.9.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့် ချာလေး

ထောင်းစံတိန်း[ဖန်နေဝန်း]

ခြုထားသော ခေါင်ကို အတင်းဆွဲပြီး လှုပ်နိုးသွားသည်။ ကျွန်တော်ခေါင်းမြီးခြုံထားသော ခေါင်ကို ချက်ချင်းဖွင့်လိုက်ပြီး ''ဘယ်သူလဲဟေ့''လှမ်းမေးလိုက်စဉ် တဲပေါက်ဝအလင်းရောင်မှာ လူတစ်ယောက် ရိပ်ခနဲ ဖြတ်ပေးသွားသည်ကို တွေ့လိုက်ရသည်။ လက်က နာရီကိုကြည့်လိုက်တော့ မနက်လေးနာရီထိုးရန် ငါးမိနစ်နသာ လိုကြောင်း တွေ့ရသည်။

စိတ်ထဲက ''ဘယ်လိုလဲ'' မိမိနဲ့ထင်းမီးဖိုသာခြားပြီး အိပ်သော တပည့်ကျော် စောဝင်းနွယ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ စောဝင်းနွယ်မှာ ကုတ်တုတ်မျှမလှုပ်။ ရှမ်းပြည်နယ်၏ ဒီဇင်ဘာဆောင်းညမှာ ပေါင်ကြားထဲ ခေါင်းရောက်အောင် ကွေးကောင်းနေတုန်းပင်။

''ဟေ့ကောင် ... စောဝင်းနွယ်၊ ထ ... ထ၊ လေးနာရီထိုးနေပြီ။ ခုနင်က ငါ့ကို လှုပ်နိုးသွားတာ မင်းလား။ မဟုတ်ရင် ကင်းသမားလားကွာ''

''ဟာ ... ဗိုလ်ကြီးကလဲ ... ကျွန်တော် ချမ်းချမ်းနဲ့ ကွေးကောင်းနေတဲ့ဟာ။ ကင်းသမား လာနိုးတာဖြစ်မှာပေါ့''

''အေးကွာ ... နေ့တိုင်း စတင်းဒူး (အသင့်နေရာယူခြင်း)လုပ်နေတဲ့ ဥစ္စာ ကင်းသမားလာနိုးတာဖြစ်မှာပဲ။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ နည်းနည်းမသင်္ကာဘူးကွာ။ မင်း ကင်းသမားတွေ လိုက်မေးကြည့်ပါဦး။ ငါ့ကို လာနိုးသေးလားလို့''

တပ်သားစောဝင်းနွယ်မှာ အိပ်ချင်မူးတူးဖြင့် တဲအပြင်သို့ ထွက်သွားသည်။ မကြာခင် ပြန်ရောက်လာပြီး သတင်းပို့သည်။

''ဗိုလ်ကြီးကို ဘယ်သူမှ လာမနိုးသေးဘူးတဲ့။ ဆရာကြီးမွေအောင်နဲ့ တပ်စိတ်မှူးအားလုံးတော့ စတင်းဒူးလုပ်နေကြပြီ''

''ဟင် ... ဒါဆို ဘယ်သူက လာနိုးသွားလဲကွာ''

ကျွန်တော့်ခေါင်းထဲမှာ စောစောစီးစီး အတွေးများက အတော်ပင်နေရာယူသွားပါသည်။ ဤစခန်းတွင် ညကင်းသုံးကင်းထားရှိသည်။ ကင်းသမားရဲဘော်များ လာမနိုးသေးဘူးဆိုလျှင် ဘယ်သူကများ လာနိုးသွားခဲ့သည်လဲ ...။

❑

www.burmeseclassic.com

ကျွန်တော့်ကပ်ဖို့ ဒီနမ့်ပေါ်ခင်း ဆေးနိုးသို့ ခရက်ခါဖဲ စခန်းတာဝန်ကို လွှဲပြောင်းပေးသွားသည့် အခြားတပ်ရင်းတစ်ခုမှ ဗိုလ်ကြီးကျော်သိန်းလွင်ဆိုသူ ပြောပြခဲ့သည်မှာ ...

"ဒီ ဒီစခန်းနေလာခဲ့တာ ခြောက်နှစ်ကျော်သွားပြီကွာ ထူးခြားဖြစ်စဉ်ဆိုတာ ဘာတစ်ခုမှ မရှိခဲ့ဘူး။ သူကြီးတွေရော ရွာသူရွာသားတွေပါ အားလုံး အေးအေးဆေးဆေး အဖြူရောင်တွေပဲကွာ။ ဒီစခန်းရဲ့ သမိုင်းကြောင်းက ဟို ... အရင်တုန်းက ပေါ့။ ကိုးကန့်တိုင်းရင်းသား (တရုတ်)တွေရဲ့ နတ်စင်ကုန်းလို့ ပြောတယ်။ အဲဒါဖြစ်နိုင်တယ်။ စခန်းအတွင်းအပြင် တောင်ကုန်းငယ်လေးတစ်ခုလုံး သစ်ကြီးဝါးကြီး နှစ်ချို့သစ်ပင်ကြီးတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေတယ်ကွာ။ နောက်တော့ ဘိန်းမှောင်ခိုတရုတ်ဖြူခေတ် ရောက်လာတော့ ဖြတ်သွားဖြတ်လာ လုပ်ရာက လွှတ်ရှားစခန်းအဖြစ် ဒီစခန်းပေါ်မှာ ယာယီ တပ်စွဲခဲ့ကြတယ်။ တပ်မတော်စခန်း ဖြစ်လာတာတော့ မကြာသေးဘူး။ ၁၉၄၃ ခုနှစ်၊ ကွမ်းလုံရက်လေးဆယ်တိုက်ပွဲပြီးလို့ နောက်တစ်နှစ်လောက်မှ နယ်မြေလုံခြုံရေးစခန်း ဖြစ်လာတာလို့ စခန်းလွှဲပြောင်းလက်ခံဖိုင် နိဒါန်းမှာ ရေးထားတာ တွေ့ရပါတယ်ကွာ။ နောက်တစ်ခုက ... ဝင်ရေးစစ်ရာနဲ့ မဆိုင်ဘူး။ အလွတ်သဘောပဲဆိုပါတော့။ တစ်ခါတလေ လမိုက်ညတွေမှာ စခန်းထဲ လူတစ်ယောက် လျှောက်သွားနေသလိုလို တွေ့ရတယ်လို့ ရဲဘော်တွေက ခဏခဏ သတင်းပို့ကြတယ်။ ငါတော့ မတွေ့မိခဲ့ဘူး။ ဒါပါပဲ သူငယ်ချင်း"

စဉ်းစားစရာက ကျွန်တော် ဒီစခန်းမှာနေလာရင်း နေ့တိုင်းလိုလို ကြုံတွေ့ရတာ တစ်ခုရှိတယ်။ ထူးထူးဆန်းဆန်း ရယ်တော့ မဟုတ်ဘူး။ ကျွန်တော်အိပ်ရာထ နောက်ကျတတ်တာမို့ မနက်ရှစ်နာရီလောက်မှာ အိပ်ရာကနိုးလာတယ်။ နိုးလျှင်နိုးချင်းပဲ တပည့်ဖြစ်တဲ့ ရဲဘော်စောဝင်းနွယ်က –

"ဗိုလ်ကြီးအတွက် လက်ဖက်ရည်နဲ့ ထမင်းကြော် မှောက်ကျလို့ကုန်ပြီ။ နို့ဆီနဲ့ သကြားသည်း မရှိတော့ဘူး"

"ဟာ ... ဟော့ကောင် စောဝင်းနွယ်၊ မင်းက ဒီလက်ဖက်ရည်နဲ့ ထမင်းကြော်လေးတောင် ဂရုမစိုက်နိုင်ဘူးလား။ တော်တော်ညံ့တဲ့ ငါ့တပည့်ပဲကွာ"

"ဗိုလ်ကြီးကလဲ ... ကျွန်တော် မညံ့ဘူးဆိုတာ ဗိုလ်ကြီးသိပါတယ်။ ကျွန်တော်သေသေချာချာ ဖုံးအုပ်ထားခဲ့ပေမဲ့ ဒီနားသစ်ပင်ကြီးတွေမှာနေတဲ့ ရှဉ့်ငပေါလေးတစ်ကောင်ပေါ့။ ဒီကောင်က ဘယ်ကောင်သေလို့ ဝင်စားမှန်းမှ မသိဘူး။ လက်ဖက်ရည်နဲ့ ထမင်းကြော်တော်တော်ကြိုက်တဲ့ကောင်။ လေးခွ (လောက်လေးခွ)နဲ့ အသေဆော်ပစ်မှ ကောင်းမယ်"

တပ်သား စောဝင်းနွယ်စကားကြောင့် ပြုံးရုံတင်မက ကျွန်တော် ရယ်ပင်ရယ်လိုက်မိပါသည်။ ဟုတ်လည်း ဟုတ်ပါသည်။ ဒီစခန်းထဲမှာ သက်တမ်းရင့် သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်း နေပြောက်မထိုး ရှိနေသဖြင့် ကျေးငှက်တိရစ္ဆာန်များနှင့် ရှဉ့်ငပေါများ အုပ်သင်းဖွဲ့ကာ နေ့ရောညပါ လာရောက်နေထိုင်ကြသည်။ ထိုရှဉ့်ကလေးတစ်ကောင်သာ ထူးထူးခြားခြား လက်ဖက်ရည်နှင့် ထမင်းကြော်ကို အသေအလဲရွေးပြီးမှ ကြိုက်သည်။ ကျွန်တော်ကလည်း နွေပေါက်လာပြီဖြစ်လို့ အိပ်ဆောင်တဲများ မီးရေးကင်းရေး စိတ်မချတာနဲ့ ထမင်းချက်မီးဖိုများကို အပြင်က ဆက်သွယ်ရေးကျင်းတွေမှာ မီးမွှေးချက်ပြုတ်ခိုင်းထားသည်။ ပန်းကန်ခွက်ယောက်တင်ဖို့ ပန်းကန်စင်ကိုလည်း သစ်ပင်ကြီးနားမှာ ကပ်လုပ်ထားတော့ ဒီရှဉ့်ငပေါလေးအကြိုက် ဖြစ်နေသည်ပေါ့။ ဒါပေမဲ့ ဒီကောင်က စားသောက်သွားရုံတင်မဟုတ်ဘူး။ ပန်းကန်ခွက်ယောက်မတ်ခွက်တွေပါ ကန်ချထားခဲ့သည်။ အတော်ဆိုးတဲ့ကောင်၊ ရဲဘော်လေးတွေ လေးခွနဲ့ ပစ်မယ်တကဲကဲလုပ်တိုင်း ကျွန်တော်တားထားခဲ့ရသော

> မနက်မလေးနာရီမထိုးခင်မှာ အမြဲ လာ နှိုးပေးတတ်သော ဂျာလေးမှာလည်း ကျွန်တော့် ခြေထောက်ကို လှုပ်နှိုးလိုက်၊ ခြုံထားသော စောင်ကို ဆွဲခွာ လိုက်နဲ့ နှိုးမရသော နေ့များတွင် ဆက်သွယ်ရေးကျင်းမှ မြေခဲများဖြင့် တဲခေါင်မိုးပေါ်သို့ တအုံးအုံး၊ တဖြောဖြော နှင့် စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်ပေါက်နှိုးနေတတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ပေါင်းလည်း မနည်းခဲ့။ ဒါကလည်း ထူးခြားမှုတစ်ခုဖြစ်နိုင်သည်ဟု ကျွန်တော် တွေးထင်ထားသည်။

နောက်တစ်ခုက တစ်ပြန်နေ့ည ဆယ်နာရီလောက်မှာ ကျွန်တော်တစ်ယောက်တည်း ရွာသူကြီးအိမ် သွားလည်ရာမှ စခန်းပေါ် ပြန်တက်လာခဲ့သည်။ စခန်းခြံစည်းရိုးနှင့် ကိုက်တစ်ရာခန့်အကွာ တောင်စောင်းတစ်နေရာအရောက်တွင် ဆောင်းလေအေးကြမ်းကြမ်းတစ်ချက်က ဝှီးခနဲ၊ ဝေါခနဲ ဖြတ်သန်းတိုက်ခတ်သွားသဖြင့် တစ်ကိုယ်လုံး အေးစိမ့်သွားခဲ့သည်။ ထိုအချိန်မှာပင် သစ်ပင်သစ်ကိုင်းများပေါ်သို့ လေပြင်းများ ကျလာသကဲ့သို့ ဝေါ .. ဝေါ .. ဝေါဟူသော ကြောက်မက်ဖွယ်ရာ အသံများ မြည်ဟည်းဆူညံသွားသည်။ ကျွန်တော့်မှာ တစ်ယောက်တည်းလည်းဖြစ်၊ လမိုက်ညသစ်ပင်ကြီးများရှိသော တောအုပ်ထဲဖြစ်နေသဖြင့် ကြက်သီးမွေးညင်းများ ထကာ ဆံပင်များက ထောင်ထသွားခဲ့ရသည်။ သို့သော် တစ္ဆေမကြောက်သောဟန်ဖြင့် အားတင်းကာ ပြန်အော်ထည့်လိုက်သည်။

"ဟေ့ ... ဘယ်ကောင်လဲကွ။ မင်းတို့တစ္ဆေတွေ ခြောက်ပေမဲ့ ငါ မကြောက်ဘူးကွ။ မင်းက ငါ့နားနေပြီး ဘာအကူအညီမှလည်း မပေးဘူး။ မနက်လေးနာရီမှာ အမြဲစတင်းဒူးတယ်။ အဲဒါ နေ့တိုင်း ငါ့လာနှိုးပေးကွာ"

ဟု ပြောပစ်ခဲ့ပြီး အပြေးတစ်ပိုင်းဖြင့် စခန်းထဲ ပြေးဝင်လာခဲ့သည်။ ကင်းများကို လှည့်ပတ်စစ်ဆေးပြီး အိပ်ရာထဲ ဝင်အိပ်လိုက်သည်။ ထိုနေ့က ဘာမှမဖြစ်ခဲ့။ ဒီနေ့မနက် လေးနာရီမှာ မြှုထားသော စောင်အား ဆွဲခွာလှုပ်နှိုးသွားသည်မှာ ဒီစခန်းနားက တစ္ဆေကောင်နာနာဘာဝပင် ဖြစ်နေမှာပါဟု စဉ်းစားမိလိုက်သည်။

ဒီနမ့်မော်ခမ်းစခန်းတွင် သုံးလကျော်လာပြီ ဖြစ်သဖြင့် ရွာရှိ လူကြီးလူငယ်၊ မိန်းမပျိုလေးများကအစ အဘိုးအိုကြီးများပါမကျန် ရင်းနှီးခင်မင်လာခဲ့သည်။ ထို့ကြောင့်လည်း ကိုးကန့်တရုတ်ရွာသူကြီး၏ဖခင် ဦးလော်ထင်းလူနှင့် ဟိုအကြောင်း သည်အကြောင်း စကားစပ်မိရာမှ နမ့်မော်ခမ်းစခန်းနဲ့ ပတ်သက်၍ ပြောပြသည်မှာ ...

"ဟို ... အရင်က ကြာပြီပေါ့နော်။ ဒီစခန်းမှာ တရုတ်ဖြူတွေ နေခဲ့တုန်းက လီဟွန်ဂျာလို့ခေါ်တဲ့ တရုတ်ဖြူရဲဘော်ငယ်ငယ်လေးတစ်ယောက် တိုက်ပွဲမှာ ဒဏ်ရာရလာလို့ ထမ်းခေါ်လာခဲ့ကြတယ်။ ဒီစခန်းရောက်လို့ သုံးရက်အကြာမှာ သေဆုံးသွားတယ်။ သူ့အလောင်းကို ရွာဘက်အတက် ဘယ်ဘက်တောင်စောင်းမှာ မြှုပ်နှံထားခဲ့တယ်။ ဒီလီဟွန်ဂျာလေးက ဒီစခန်းနားမှာ မကျွတ်မလွတ် ဖြစ်နေတယ်လို့ ပြောကြတယ် ဗိုလ်ကြီး"

အဘိုးကြီး ဦးလော်ထင်းလူက ပြောသည်နှင့် ဤစခန်းအား လွှဲပြောင်းပေးသွားသော ဗိုလ်ကြီးကျော်သိန်းလွင် ပြောခဲ့သော လမိုက်ညတွင် စခန်းထဲ လူတစ်ယောက် လျှောက်သွားနေသလို တွေ့ရကြောင်း ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာပင်။ ယခုတွင် ကျွန်တော့်အား မနက်လေးနာရီမှာ လာနှိုးနေသူမှာလည်း တရုတ်ဖြူကောင်လေး လီဟွန်ဂျာဖြစ်ဖို့များနေသည်။ ထို့ကြောင့် ထိုအကြောင်းကို ကျွန်တော့်တပည့် စောဝင်းနွယ်ကို ပြောပြလိုက်သည်။

"ဟေ့ကောင် ... စောဝင်းနွယ်၊ ဒီမှာ တို့နှစ်ယောက်ကို မနက်တိုင်း လာနှိုးနေတာ တရုတ်ဖြူကောင်လေး လီဟွန်ဂျာတဲ့ကွ။ သူတိုက်ပွဲတစ်ခုမှာ ဒဏ်ရာရခဲ့ပြီး ဒီစခန်းရောက်မှ သေဆုံးသွားတာ။ သူက ဒီမှာ မကျွတ်မလွတ်ဖြစ်ကျန်ခဲ့တာတဲ့ကွ။ သနားစရာပဲနော်"

"ဟာ ... တရုတ်ဖြူလေးဆိုတော့ ဖြူဖြူချောချောလေးနေမှာပဲ။ သနားပါတယ်။ ဒါဆို သူ့ကို ကျွန်တော်တို့က 'ဂျာလေး'လို့ ခေါ်ရင် ရတာပေါ့နော် ဗိုလ်ကြီး"

"ဟာ ... မင်းသိပ်တော်တဲ့ကောင်ပဲ။ မှန်တာပေါ့ကွ။ ဒီနေ့ကစပြီး မင်းနဲ့ငါ ဒီကောင့်ကို 'ဂျာလေး'လို့ ခေါ်ကြမယ်။ မှတ်ထားဦးနော်"

❑

ကျွန်တော်နေရသော နမ့်မော်ခမ်းမှာ ခေန်းနဲ့ကပ်လျက် ငါးရက်တစ်ဈေးရှိသည်။ ခေန်းပတ်လည်တွင် ရွာသုံးရွာ အိမ်ခြေနှစ်ရာကျော် ရှိသည်။ နမ့်မော်ခမ်းက ရှမ်းရွာ ဟိုဖိုက တရုတ်ရွာ ဝမ်းဟိုနားရွာက ကိုးကန့်တရုတ်ထိုင်းသုံးရွာစလုံးရှိ တိုင်းရင်းသားလူမျိုးများမှာ တောင်ယာနှင့် လယ်လုပ်ခြင်းများကိုသာ အဓိကအားထား လုပ်ကိုင်စားသောက်သူများ ဖြစ်ကြသည်။ ဘယ်သူတွေက [illegible] သောင်းကျန်းသူ လုပ်နေကြစေကာမူ ဤသုံးရွာရှိ လူတွေက စိတ်မဝင်စားကြ ဒါကြောင့်လည်း ပတ်ဝန်းကျင်မှာ အေးချမ်းတည်ငြိမ်လျက်ရှိနေသည့်အပြင် ဆိုသည့် သောင်းကျန်းသူမှလည်း မလာရောက်သဖြင့် ကျွန်တော်တို့ စခန်းထိုင်ရဲဘော်များမှာ အိပ်လိုက်၊ စားလိုက်၊ ရွာလည်လိုက်နဲ့ပင်။ ရွာများတွင်လည်း တိုင်းရင်းသူအပျိုချောချောလေးများ ပေါ်များသဖြင့် ကျွန်တော့်ရဲဘော်လေးများမှာ အမေ့အိမ်နေသည်ထက်ပင် ပျော်ရွှင်ကြည်နူးလျက် ရှိနေကြသည်။

မနက်လေးနာရီမထိုးခင်မှာ အမြဲလာနှိုးပေးတတ်သော ဂျာလေးမှာလည်း ကျွန်တော့်ခြေထောက်ကို လှုပ်နှိုးလိုက်၊ မြှုထားသောစောင်ကို ဆွဲခွာလိုက်နဲ့ နှိုးမရသောနေ့များတွင် ဆက်သွယ်ရေး

www.burmeseclassic.com

ကျင်းမှ မြေခဲများဖြင့် တဲခေါင်မိုးပေါ်သို့ တအုံးအုံး၊ တဖြောဖြောနှင့် စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်ပေါက်နိုးနေတတ်သည်။ ပထမအစရက်များတွင် ဆရာတပည့်နှစ်ယောက် အနည်းငယ်ကြောက်မိသော်လည်း ကြာလာသောအခါ မကြောက်တော့ဘဲ နောက်ပြောင်ပြောဆို၍ ပျော်စရာပင် ဖြစ်လာခဲ့ပါသည်။ တစ်နေ့မှာ တပ်သားစောဝင်းနွယ်က –

"ဟေ့ကောင် ဂျာလေး၊ ဒီတပ်စုရုံးမှာ ငါတစ်ယောက်တည်း ရေသွားထမ်းနေရတာ ရေလေးဘာလေး ကူထမ်းပေးပါလားကွာ။ မင်းကို ထမင်းကြော်နဲ့ လက်ဖက်ရည်အဝကျွေးပါ့မယ်ကွာ"

တပ်သားစောဝင်းနွယ်က အဲသည်လို ခပ်ညည်းညည်းလေးပြောဆိုလိုက်သောညက တစ်ညလုံးနီးပါး တစ်နာရီ တစ်ခါလောက် ရေတိုင်ကီထဲသို့ ဝါးဆစ်ဘူးဖြင့် ရေလောင်းထည့်သံ "ဝရော ‥ ဝရော ‥ ဘွမ်း ‥ ဘွမ်း"အသံများကို ကြားနေရသည်။ မိုးလင်း၍ ရေတိုင်ကီအား သွားကြည့်သောအခါ နဂိုရှိနေသည့်ရေထက် ဘာမှမပို။ စောဝင်းနွယ် မျက်နှာပျက်သွားသည်။

"ဟေ့ကောင် ဂျာလေး၊ ရေကူဖြည့်ပေးတဲ့အတွက် ကျေးဇူးတင်တယ်ကွာ။ နောက်ညမှာလည်း ရေကူထမ်းပေးပါဦး။ ဝက်အူချောင်းပါ ထမင်းကြော်နဲ့ လက်ဖက်ရည်မတ်ခွက်တစ်လုံး တိုက်ပါ့မယ်ကွာ"

ဟု စောဝင်းနွယ်က ရွဲ့ပြီး နောက်ပြောင်ပြောဆိုလိုက်သော်လည်း နောက်ညတွင် တိုင်ကီသို့ ရေဖြည့်သံ လုံးဝမကြားရတော့ပါ။ ကျွန်တော့်အထင်မှာ ဂျာလေးခမျာ တစ်နေ့က ရေထမ်းရလွန်းလို့ ပင်ပန်းသွားခြင်း ဖြစ်ပါလိမ့်မည်၊ မှန်ပါသည်။ ကျွန်တော်တို့စခန်းမှာ ရေခပ်ရအလွန်ဝေးပါသည်။ ဟိုနို ကချင်ရွာထိပ်က တောင်ကျရေမှာ စစ်သည်အားလုံး ရေချိုး၊ ရေခပ်၊ အဝတ်လျှော် လုပ်ကြရသည်။ စခန်းနဲ့ ရေဆိပ်အသွားအပြန် တစ်နာရီခန့်ကြာတတ်ပါသည်။ သည်လောက်ဝေးသောနေရာမှ ဂျာလေးတစ်ယောက် အခေါက်ခေါက်အခါခါ တစ်ညလုံး ရေတမ်းရသည်မှာ မပင်ပန်းဘဲ ရှိပါမည်လား။ သို့ကြောင့်လည်း နောက်နေ့တွင် ရေကူထမ်းရန် ဆလံသသွားခြင်းဖြစ်ပေမည်ဟု ကျွန်တော်တွေး၍ ပြုံးမိပါသည်။

ထိုသို့ပင် တပ်သားစောဝင်းနွယ်နှင့် ဂျာလေးတို့မှာ သွားအတူ၊ လာအတူထိ ခင်မင်ရင်းနှီးလာခဲ့သည်။ စောဝင်းနွယ်မှာ အားအားရှိတိုင်း ရွာထဲဆင်းပြီး ဈေးထိပ်ခေါက်ဆွဲဆိုင်က ခင်သန်းနုညီမ ခင်သန်းယုအား ပိုးပန်းကာ တစ်နေ့လုံး စကားသွားပြောနေတတ်သည်။ ညပိုင်း ခင်သန်းယုနှင့် စကားသွားပြောစဉ် ဂျာလေးကို ခေါ်သွားပြီး အိမ်ရှေ့ခုံတန်းတွင် ထိုင်စောင့်ခိုင်းသည်။ ဂျာလေးကလည်း ထိုကဲ့သို့ သွားကြစဉ် သူပါလာမှန်းသိအောင် နောက်က ခြေသံတဖျပ်ဖျပ်ဖြင့် သတိပေးလေ့ရှိသည်။ တစ်ခါတစ်ရံ စောဝင်းနွယ်က ဆေးပေါ့လိပ်ကို မီးညှိပြီး ဈေးတန်းခုံပေါ်မှာ တင်ကာ "ရော့ ‥‥ ဂျာလေး၊ မင်းမပျင်းအောင် ဆေးလိပ်လေးဘာလေး သောက်ပေါ့ကွာ"ဟု ပြောဆိုထားခဲ့လျှင် ခုံတန်းပေါ်က ဆေးလိပ်မှာ ဘယ်သူမှ မရှိပေမဲ့ မီးက ရဲခနဲ ရဲခနဲ ဖြစ်နေသည်မှာ ဆေးလိပ်တိုသွားသည်အထိပင်။ တစ်ခါတလေ စကားပြောတာကြာနေလျှင် ဂျာလေးက လိုက်လာပြီး စောဝင်းနွယ်ခါးကို ကလိထိုးပြီး ပြန်ခေါ်တတ်ကြောင်း စောဝင်းနွယ်က ကျွန်တော့်အား ပြောပြခဲ့သည်။

ထိုကဲ့သို့ ဂျာလေးနှင့် ကျွန်တော်တို့ ရင်းနှီးစွာနေလာခဲ့သည်မှာ ခြောက်လထဲသို့ပင် ရောက်ရှိလာခဲ့ပြီ။ နောက်အများဆုံး တစ်လဆိုလျှင် နောက်တန်းဌာနချုပ်ရှိရာ မိတ္ထီလာမြို့သို့ ပြန်ကြရပေတော့မည်။ စစ်သည်အားလုံး ပျော်ရွှင်လျက် ရှိနေကြပေသည်။

❑

တစ်နေ့ နေ့ခင်းပိုင်းတွင် ဟိုနိုကချင်ရွာသူကြီးအိမ်မှအပြန် ဈေးပိုင်းတရုတ်ရွာသို့ လှည့်ဝင်လာခဲ့သည်။ ဈေးနားက ခင်သန်းနုတို့ ခေါက်ဆွဲဆိုင်တွင် ရွာသားများ ဝိုင်းအုံကြည့်ရှုနေကြသဖြင့် မေးကြည့်ရာ ခေါက်ဆွဲဆိုင်က တရုတ်မလေးကို တစ္ဆေဝင်ပူးနေကြောင်း ပြောပြကြသည်။ ထိုခေါက်ဆွဲဆိုင်မှာ ကျွန်တော်အမြဲထိုင်နေကျဖြစ်ပြီး ဆိုင်ရှင်များနှင့် ခင်မင်ရင်းနှီးနေသည်ကလည်း တစ်ကြောင်း၊ ကျွန်တော့်မှာ တစ္ဆေသရဲဝင်ပူးခြင်း၊ နတ်ဝင်ခြင်း စသည်တို့ကို မမြင်ဖူးသည်ကလည်း တစ်ကြောင်းတို့ကြောင့် တပည့်ဖြစ်သူ စောဝင်းနွယ်နှင့်အတူ ဆိုင်ထဲသို့ ဝင်ရောက်သွားခဲ့သည်။ ထိုဆိုင်ရှင် တရုတ်ကြီးမှာ သမီးပျိုနှစ်ယောက်ရှိသည်။ အကြီးမမှာ ခင်သန်းနုဖြစ်ပြီး၊ အငယ်မအား ခင်သန်းယုဟု ခေါ်ကြသည်။ အကြီးမမှာ ရုပ်ရှင်မင်းသမီး ခင်သန်းနုနှင့် ချွတ်စွပ်တူသဖြင့် ဤစခန်းတွင် ယနေခဲ့သော ဗိုလ်ကြီးက တရုတ်နာမည် အခေါ်ရခက်သောကြောင့် အလွယ်တကူ ခင်သန်းနုဟု ခေါ်ခဲ့ရာမှ သူတို့ညီအစ်မမှာ ခင်သန်းနုနဲ့ ခင်သန်းယုဟု အမည်တွင်ကျန်ခဲ့ကြောင်း သိရသည်။

ကျွန်တော် အိမ်အတွင်းဘက်သို့ လှမ်းကြည့်လိုက်သောအခါ တစ္ဆေပူးခံရသူမှာ ခင်သန်းနု ဖြစ်နေသည်။ သူ့ကြည့်ရသည်မှာ မျက်လုံးများက နီရဲပြီး ပြူးတူးပြဲတဲ ဂနာမငြိမ် ဖြစ်နေသည်။ ထိုခဏ



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်သမ်းဝေလိုက်ကာ ကျွန်တော့်ဘက်သို့ လှည့်ကြည့်လာသည်။ ပြီးမှ –

"ဗိုလ်ကြီး ... ကျွန်တော့်ကို ဒီအတိုင်းမထားခဲ့ပါနဲ့နော်။ ဗိုလ်ကြီးကို လေးလည်းလေးစားတယ်၊ အားလည်းကိုးပါတယ် ဗိုလ်ကြီးရယ်"

ခင်သန်းနုစကားကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးကာ ရင်ထဲက တဒိန်းဒိန်းခုန်သွားခဲ့ရသည်။ ကောင်မလေးက ထိုသို့ပြောလိုက်ခြင်းကြောင့် ရွာသားများ ကျွန်တော့်အပေါ် ကောင်မလေးနဲ့ တစ်မျိုးတစ်မည် ထင်သွားနိုင်သည်။ အခုပင် ရွာသားများမျက်လုံးက ကျွန်တော့်ဘက်သို့ ဝိုင်းကြည့်လာကြသည်။ သို့သော် ခင်သန်းနုပြောလိုက်သောစကားမှာ ခါတိုင်းဆိုလျှင် သူ့ကိုယ်သူ ကျွန်မ၊ ဒါမှမဟုတ် ခင်သန်းဟူ၍ သုံးနှုန်းပြောဆိုတတ်သည်ကို ကျွန်တော်သတိထားမိသည်။ ကျွန်တော်ဟူ၍ တစ်ခါမှမသုံး။ ဒါကြောင့် အတွေးတစ်ခုက အလျင်အမြန် ဝင်ရောက်လာပြီး –

"အခုပြောနေတာ ဘယ်သူလဲကွာ။ သေသေချာချာ ပြန်ပြောပေးပါဦး"

ကျွန်တော် ထိုသို့ပြောလိုက်သဖြင့် ခင်သန်းနုမှာ ကျွန်တော့်အား တစ်ချက်စိုက်ကြည့်လိုက်ပြီး ရယ်မောပစ်လိုက်သည်။

"အဟိ ... ဟိ ... ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီးကို မနက်တိုင်း အကူအညီပေးနေတဲ့ ဂျာလေးပေါ့ ဗိုလ်ကြီးရဲ့။ အမည်ရင်းကတော့ လီဟွန်ဂျာလို့ ခေါ်ပါတယ်။ ကျွန်တော်အကူအညီတောင်းတာပါ။ ဒီဘဝက ကျွတ်လွတ်သွားရင် ကုသိုလ်ရေစက် ဆက်မိအောင် အလှူဒါနတစ်ခုပြုလုပ်ပေးဖို့ အခုလို ဝင်ပူးပြီး ပြောရတာ အားလည်းနာပါတယ်၊ အားလည်းကိုးပါတယ်။ အလှူတစ်ခုတော့ ဖြစ်အောင်လုပ်ပေးခဲ့ပါ ဗိုလ်ကြီးရယ် ..."

လက်စသတ်တော့ ဂျာလေးက ဝင်ပူးပြောဆိုနေတာကို ဝင်ပူးခံရသူ ခင်သန်းနုမှာ အတော်ပင် မောဟိုက်နုံးချွေသွားပြီ။ လေသံများက ပျော့ညံ့နေသည်။ ကျွန်တော့်စိတ်ထဲတွင် အတော်လာတဲ့ တစ္ဆေပါလားဟုတွေးမိရင်း ဂျာလေးအစစ်ဖြစ်နေလျှင် အကြောင်းမဟုတ်၊ ကလိမ်ကကျစ်တစ္ဆေများက ဂျာလေးယောင်ဆောင်ပြီး ဝင်ပူးဟု မပြောနိုင်။ ယုံကြည်သနားလို့ အလှူဒါနပြုလုပ်ပြီးခါမှ အစစ်မဟုတ်ဘဲ အတုဖြစ်နေမည်ဆိုလျှင် အရှက်ကွဲရချည်ရဲ့။ သို့ကြောင့် ဂျာလေးအစစ် ဟုတ်မဟုတ် သိနိုင်ရန် သူ့ဘဝဖြစ်စဉ်များကို မေးကြည့်ခဲ့ပါသည်။ ထိုအခါ တစ္ဆေပူးကပ်ခံရသူ ခင်သန်းနုက–

"ကျွန်တော် တရုတ်ပြည်ထဲကပါ။ ကျွန်တော်တို့ ဗမာပြည်ထဲကို ပြောင်းလာကြတယ်။ ရှမ်းပြည်နယ်အစွန်ဆုံး မြို့နဲ့ အတော်လှမ်းတဲ့ တောင်ကြားထဲက ရေကံသာလို့ခေါ်တဲ့ နေရာမှာ တောင်ယာလုပ်ကိုင်နေရင်း ဘိန်းမှောင်ခို တရုတ်ဖြူအဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ကျွန်တော့်ကို မြင်းကျောင်း၊ လားကျောင်းလိုက်ခဲ့ဖို့နဲ့ လစာအများကြီးပေးမှာဖြစ်ကြောင်း မိဘများထံမှာ အတင်းအဓမ္မပြောကြတယ်။ ကျွန်တော့်မိဘများက ကြောက်တာနဲ့ ထည့်ပေးလိုက်တယ်။ အဲဒီတုန်းက ကျွန်တော့်အသက် ဆယ့်သုံးနှစ်ပဲ ရှိသေးတယ် ဗိုလ်ကြီး။ သူတို့ထဲရောက်တော့ သေနတ်ကိုင်နိုင်းတယ်။ ခရီးသွားရင် လား၊ မြင်းတွေ ထိန်းရတယ်။ လားမြင်းတွေမှာ ဘိန်းတွေတင်ပြီး တစ်ဖက်နိုင်ငံပို့တယ်။ အပြန်မှာ လက်နက်တွေယူလာတယ်။ မိုးတွင်းကာလ တစ်နေ့မှာ ချောင်းရေတွေ ကျနေလို့ တောင်ကြောတစ်ခုဖြတ်အတက်မှာ တပ်မတော်စစ်ကြောင်းနဲ့ တိုက်ပွဲဖြစ်ကြတယ်။ ကျွန်တော်ထိန်းလာတဲ့ လားနှစ်ကောင်သေပြီး ကျွန်တော် ဒဏ်ရာအပြင်းအထန်ရလို့ ထမ်းခေါ်ထွက်ပြေးလာခဲ့ရတယ်။ ဒီနမ့်မော်ခမ်းရောက်ပြီး နောက် နှစ်ရက်မှာ သေသွားခဲ့ရတယ်။ ကျွန်တော့်အလောင်းကိုတော့ ရွာက တက်လာတဲ့ လမ်းရဲ့ ဘယ်ဘက်ခြမ်းမှာ မြှုပ်ထားခဲ့ကြတယ်။ အခု ကျွန်တော် ဒီဘဝက လွတ်မြောက်ခါနီးနေပါပြီ။ ဒါကြောင့် ဗိုလ်ကြီးတို့ ဒီကမပြန်ခင်မှာ ကျွန်တော့်အတွက် အလှူတစ်ခု ဖြစ်အောင်လုပ်ပေးခဲ့ပါ ဗိုလ်ကြီးရယ် ..."

ဂျာလေးက သနားစဖွယ် ပြောပြသဖြင့် ကျွန်တော်လည်း သူ့ဘဝအတွက် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ပူးကပ်ခံရသူ ခင်သန်းနုမှာလည်း မရပ်မနားပြောလိုက်ရသဖြင့် အတော်ပင် မောပန်းသွားဟန်တူပါသည်။ သူ့အမေယူပေးသော ရေတစ်ခွက်အား သောက်ကာ သူ့အမေပခုံးကို မှီရင်း မှိန်းနေသည်ကို တွေ့ရသည်။ ကျွန်တော့်စိတ်တွင် ပရလောကသားဖြစ်နေသော ငယ်ရွယ်သူ လီဟွန်ဂျာခေါ် ဂျာလေးအား အလွန်ပင်သနားသွားပြီး သူတောင်းဆိုသော အလှူဒါနအား ပြုလုပ်ပေးရန် ချက်ချင်းပင် ကတိပေးလိုက်ပါသည်။

"ကဲ ... ဂျာလေးရယ်၊ မင်းအတွက် နောက်သုံးရက်မြောက် တနင်္ဂနွေနေ့မှာ အလှူတစ်ခုလုပ်ပေးမယ်။ အဲဒီနေ့မှာ မင်းဘယ်မှလျှောက်သွားမနေနဲ့ဦး။ စခန်းအဝင်ဝက နဘဲပင်ကြီးနားက စောင့်နေပါ။ အဲဒီနေ့မှာ ငါလာခေါ်မယ် သိလား။ နောက်တစ်ခုက မင်းအတွက် ငါက တာဝန်ယူလိုက်ပြီဆိုတော့ ဒီမိန်းကလေးကိုလည်း နှောင့်ယှက်နေစရာမလိုတော့ဘူး။ မင်းနေရာမင်း ပြန်ပေတော့ ဂျာလေး"

ထိုကဲ့သို့ ပြောလိုက်ချိန်မှာပင် ခင်သန်းနု၏ ခန္ဓာကိုယ်တစ်ခုလုံး တဖြန်းဖြန်း တုန်ခါလာပြီး မျက်လုံးများ မှေးစင်း



www.burmeseclassic.com

www.burmeseclassic.com

ကျလာကာ သူ့အမေကို မှီရင်း အိပ်ပျော်သွားလေတော့သည်။

❑

တနင်္ဂနွေနေ့မနက် ကိုးနာရီတွင် နမ့်မော်ခမ်းရှမ်းပိုင်းသူကြီးမှ ဘုန်းတော်ကြီးသုံးပါး ပင့်ဆောင်ကာ တစ်စခန်းပေါ်သို့ ရောက်ရှိလာသည်။ ရဲဘော်များက အသင့်ပြင်ဆင်ထားသဖြင့် ဆရာတော်များ နေရာယူဝင်ထိုင်လိုက်ကြသည်။ ဆရာတော်များရှေ့တွင် ကန်တော့ပွဲတစ်ပွဲနှင့် ပရလောကသား ဂျာလေးအတွက် လှူဒါန်းရန် သင်္ကန်းသုံးစုံကို ကြွရည်သုတ်ဖလုံဖြင့် ထည့်ကာ နေရာချထားသည်။ ဂျာလေးအား တရားနာရန် ကျွန်တော် သွားရောက်ခေါ်ယူလာခဲ့ပြီး မကြာခင်မှာ ဆက်သွယ်ရေးမြောင်းဘက်မှ ပြေးဝင်လာသော ရှဉ့်ငပေါ်လေးတစ်ကောင်က သင်္ကန်းထည့်ထားသော ဖလုံကြီးများကြားသို့ သွားရောက်ဝပ်နေသည်ကို မြင်တွေ့ကြရသည်။

ထိုကဲ့သို့ ထူးဆန်းအံ့ဩဖွယ်ရာ အခြေအနေအား ဆရာတော်များနှင့် ရွာလူကြီးများပါ မြင်တွေ့ကြရသဖြင့် အားလုံးက သေဆုံးသွားခဲ့သူ လီဟွန်ဂျာခေါ် ဂျာလေးအတွက် အံ့ဩဝမ်းသာ ဖြစ်ကြရသည်။ ဆရာတော်ကြီးတစ်ပါးက –

"မောင်လီဟွန်းဂျာ (ခေါ်)မောင်ဂျာလေး ... ဒီနေ့ဒီအချိန်မှာ မင်းအတွက် လှူဒါန်းတဲ့ သင်္ကန်းနှင့် ဒါတပ္ပဝတ္ထုအတွက် ရေစက်ချတဲ့အခါ သာဓုသုံးကြိမ်ခေါ်ဆိုနိုင်အောင် ကြိုးစားထားပါ။ ဒါမှ မင်း ဒီဘဝဆိုးက ကျွတ်လွတ်ပြီး ကောင်းမွန်ရာဘုံတစ်ခုသို့ ရောက်ရှိသွားနိုင်မယ်ကွယ့်။ ကဲ ... အားလုံး တရားနာရအောင် လက်လုပ်ချီကြ"

ဆရာတော်ကြီး၏ စကားအဆုံးမှာ ကျွန်တော်တို့အားလုံး လက်အုပ်ချီကာ တရားတော်အား နာယူကြပါသည်။ တရားနာရေစက်ချ ပြီးဆုံးသွားသောအခါ စောစောက သင်္ကန်းဖလုံများအကြားမှ ရှဉ့်ငပေါ်လေးသည် ဆရာတော်များဘက်သို့ ခုန်ထွက်လာပြီး ထိုမှတစ်ဆင့် ကျွန်တော်နေသော အိပ်ဆောင်တဲဘက်သို့ ပြေးထွက်သွားသည်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ကြရသည်။ ထိုစဉ် ဆရာတော်တစ်ပါးက –

"လီဟွန်ဂျာ(ခေါ်)မောင်ဂျာလေးရယ် ... မင်း ဒီနေ့ဒီအချိန်ကစပြီး ကောင်းမွန်ရာဘုံဘဝသို့ ရောက်နိုင်ပါစေကွယ်"

ရှဉ့်ငပေါ်လေး ပြေးထွက်သွားရာဘက်သို့ ကြည့်ကာ မေတ္တာပို့သ ကျစ်ရစ်ခဲ့သည်။ ဆရာတော်များနှင့် ကျေးရွာလူကြီးများ ပြန်ကြွသွားသောအခါ တပ်ပြင်လုံခြုံရေးယူပေးထားသော စစ်သည်များလည်း ပြန်လည်ရောက်ရှိလာကြသည်။ လုံခြုံရေးအဖွဲ့တွင် လိုက်ပါသွားသော တပ်သားစောဝင်းနွယ်မှာ သေနတ်အိတ်ကျွေးမင့်များ ချွတ်ထားရန် အိပ်ဆောင်တဲထဲသို့ ဝင်ရောက်သွားပြီး လှမ်းပြောသံတစ်ခု ကြားလိုက်ရသည်။

"ဗိုလ်ကြီးအိပ်ရာပေါ်မှာ ရှဉ့်ငပေါ်တစ်ကောင် သေနေတယ်။ ငရုတ်သီးစပ်စပ်နဲ့ ကြွပ်ကြွပ်ကလေးကြော်လိုက်ရင် ဗိုလ်ကြီးအတွက် အမြည်းက အတော်ပဲ"

တပ်သားစောဝင်းနွယ်၏ လှမ်းပြောသံကို ကြားလိုက်ရသဖြင့် ကျွန်တော့် အိပ်ဆောင်တဲဘက်သို့ သွားကြည့်လိုက်သည်။ အိပ်ရာခင်းစစ်စောင်ကျား စိမ်းစိမ်းပေါ်မှာ ခွေခွေလေးသေဆုံးနေသော ရှဉ့်ငပေါ်လေးတစ်ကောင်အား သနားစဖွယ် မြင်တွေ့လိုက်ရသည်။ သေဆုံးနေသော ရှဉ့်ကလေးမှာ စောစောက တရားနာပြီး ပြန်ပြေးလာသော ရှဉ့်ကလေးအစစ်ပင် ဖြစ်သည်။ ရှဉ့်ကလေးကိုကြည့်ပြီး ကျွန်တော့်ရင်ထဲက စိတ်မကောင်းခြင်း ဖြစ်မိသည့်နှင့်အတူ ဝမ်းနည်းခြင်း၊ သနားခြင်းတို့ပါ ရောပြွမ်းခံစားလိုက်ရပါသည်။

"စောဝင်းနွယ်ရယ် ... မင်း ဒီကောင့်ကို ချက်မစားပါနဲ့ကွာ။ ဟိုဘက်နားက နဘဲပင်ကြီးခြေရင်းမှာ သေသေချာချာ သွားမြှုပ်လိုက်တော့နော်"

ကျွန်တော်ပြောလိုက်သဖြင့် တရားနာစဉ်က အခြေအနေအစအဆုံး မမြင်၊ မသိလိုက်ရသော တပ်သားစောဝင်းနွယ်မှာ ကျွန်တော့်ကိုသာ မကျေမနပ်နဲ့ တစ်ချက် ဘုကြည့်ကြည့်ခဲ့ပြီး ရှဉ့်ငပေါ်လေးအမြီးကို ကောက်ဆွဲကာ တဲအပြင်သို့ ထွက်ခွာသွားလေသည်။ ထိုအခါမှ စောစောက ဆရာတော်ကြီးဟောကြားသော တရားကို သတိရလာမိသည်။ "ယခု လီဟွန်ဂျာ(ခေါ်)မောင်ဂျာလေးသည် သူကိုယ်တိုင်က သူ့အတွက် ဒါနပြုပေးရန် လိုလိုလားလား အသိတရားဖြင့် တောင်းဆိုလာခြင်းမှာ ကောင်းမွန်သော ဘဝတစ်ခုသို့ အမှန်တကယ်ပင် ပြောင်းရွှေ့ရောက်ရှိသွားမည်ဖြစ်ကြောင်း" ဟောကြားသွားခဲ့ပါသည်။ သို့ကြောင့်လည်း ကျွန်တော်၏ သံယောဇဉ်ဖြစ်ခဲ့ရသော 'ဂျာလေး'တစ်ယောက် ကောင်းမွန်သော ဘုံဘဝတစ်ခုသို့ ရောက်ရှိပါစေကြောင်း ထပ်မံဆုတောင်းနေမိပါတော့သည်။

စာကြွင်း ။ ၁၉၇၆ ခုနှစ်က ရှမ်းပြည်မြောက်ပိုင်း သံလွင်အနောက်ခြမ်း နမ့်မော်ခမ်းဒေသတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်အား ရေးသားပါသည်။

သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု

**ကောင်းစံဟိန်း(ဖန်နေဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

# အကြမ်းဖက်သမားကို ငါးနှစ်ကြာမှ ဖမ်းမိ



အိန္ဒိယပြည်မှ ရဲစုံထောက်များသည် သူတို့အလိုရှိနေသော အကြမ်းဖက်သမားတစ်ယောက်ကို ငါးနှစ်ကြာမှ ဖမ်းဆီးရမိလိုက်ကြ၏။

အိန္ဒိယစုံထောက်များသည် ဘီဟာပြည်နယ်မှ ရဲအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အိန္ဒိယပြည်တွင်းရှိ အကြမ်းဖက်အုပ်စုတစ်စုဖြစ်သော မူဂျာဟီဒင်အကြမ်းဖက်အုပ်စုကို ပူးတွဲတည်ထောင်ခဲ့သူ ရာဆင်ဘတ်ကား(ပုံ)ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လကုန်၌ အိန္ဒိယ-နီပေါနယ်စပ်တစ်နေရာ၌ ဖမ်းဆီးလိုက်၏။

မိုဟာမက်ဘတ်ကားဟုလည်း ခေါ်တွင်သော ဘတ်ကား(၃၀)နှစ်သည် လွန်ခဲ့သော ငါးနှစ်အတွင်း အိန္ဒိယပြည်၏ ပူနီ၊ ဘန်ဂလို၊ ဒေလီ၊ မန်ဘိုင်းနှင့် ဟိုက်ဒရာဘတ်တွင် လူပေါင်းရာဂဏန်းချီ၍ သေဆုံးသွားစေသော အကြမ်းဖက်ဗုံးဖောက်ခွဲမှု၌ ပါဝင်ပတ်သက်နေသူ ဖြစ်၏။

ပူနီရှိ ဂျာမန်မုန့်ဆိုင်တစ်ဆိုင်တွင် တပ်ဆင်ထားသော လုံခြုံရေးကင်မရာထဲ၌ ဘတ်ကားပါဝင်မှုပုံကို ရဲစုံထောက်တို့က စတင်တွေ့ရှိရမှ သူ့ကို ခြေရာခံလိုက်နေခြင်းဖြစ်သည်။ အဆိုပါ ပူနီဗုံးခွဲမှုကြောင့် နိုင်ငံခြားသားအပါအဝင် လူပေါင်း ၁၇ ယောက် သေဆုံးခဲ့၏။

အိန္ဒိယအစိုးရသည် ၂၀၁၀ တွင် အိန္ဒိယ မူဂျာဟီဒင်ကို အကြမ်းဖက်အဖွဲ့ဟု တရားဝင်သတ်မှတ်လိုက်ပြီး ၂၀၁၁ တွင် အမေရိကန်က ၎င်းအဖွဲ့သည် ပါကစ္စတန်အခြေစိုက် အကြမ်းဖက်အဖွဲ့များနှင့် ဆက်စပ်မှုရှိကြောင်း ပြောဆိုလိုက်သည်။

"အိန္ဒိယအစိုးရက အလိုရှိနေတဲ့ အကြမ်းဖက်သမားတွေ အများကြီး ကျန်သေးတယ်"ဟု အိန္ဒိယအစိုးရက သတင်းထုတ်ပြန်လိုက်၏။

၂၀၀၅ နှင့် ၂၀၀၈ အတွင်း၌ အိန္ဒိယပြည်တွင် အကြမ်းဖက်တိုက်ခိုက်မှုကြီးပေါင်း ၂၉ မှုဖြစ်ခဲ့၏။ ၂၀၀၈ တွင် အကြမ်းဖက်သမားများသည် မန်ဘိုင်းမြို့ကို နာရီပေါင်း ၆၀ ခန့် သိမ်းပိုက်ထားပြီး လူပေါင်း ၁၆၆ သေဆုံးအောင် အကြမ်းဖက်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့များ အချိတ်အဆက်မရအောင် ဟန့်တားနိုင်ခဲ့ကြ၏။

၂၀၁၃၊ ဩဂုတ်လကုန်ရက်၌ ဘတ်ကားကို မဖမ်းမီ ဩဂုတ်လ ၁၆ ရက်နေ့တွင် ဗုံးပြုလုပ်သူ အဗ္ဗဒူကာရင်းခေါ် တွန်ဒါးကို အကြမ်းဖက်မှု ၄၀ ကျူးလွန်မှုဖြင့် ရဲတို့က ဖမ်းဆီးရမိလိုက်၏။ သူသည် ပါကစ္စတန်အခြေစိုက် လက်ရှ်ကား-အီ-တိုင်ဘာအကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသူဖြစ်၏။

၂၀၁၂ ခုနှစ်၊ ဇွန်လကလည်း အိန္ဒိယစုံထောက်တို့သည် လက်ရှ်ကားအကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသူ အဘူဂျန်ဒါးဆိုသူကိုလည်း ဒေလီလေဆိပ်တွင် ဖမ်းဆီးရမိလိုက်သေး၏။

အကြမ်းဖက်သမား ဘတ်ကားသည် အကြမ်းဖက်သမားအသစ်များကို လိုက်လံစုဆောင်းသူလည်း ဖြစ်သည်ဟု အိန္ဒိယရဲတို့က စွဲချက်တင်ထားသေး၏။

ဘတ်ကားသည် အင်ဂျင်နီယာတစ်ယောက်ဖြစ်သည်ဟုလည်း ပြောရသူ့အင်ဂျင်နီယာ ဟုတ်မဟုတ်ကိုမူ ရဲတို့က အတည်ပြုချက်မပေးသေးပေ။ သို့သော် သူသည် အိန္ဒိယ မူဂျာဟီဒင်အဖွဲ့၏ ခေါင်းဆောင်အဖွဲ့ဝင်တစ်ယောက်တော့ဖြစ်သည်ဟု ရဲတာဝန်ခံတို့က ပြောကြသည်။ သူထွက်ပြေးနေစဉ်က ရဲတို့သည် သူ့ကို ဖမ်းဆီးရမိရေးအတွက် သတင်းအတိအကျ ပေးသူကို ရူပီးငွေ တစ်သန်းပေးမည်ဟု ဆုငွေထုတ်ထား၏။

ဦးဦးသိန်း

*Strait Times, 30.8.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့···ဖိုးမောင် ထစမ်း··ထစမ်း"

အမေရဲ့ အမောတကော ခေါ်သံကြောင့် ကျုပ် အိပ်နေရာကလန့်နိုးသွားတယ်။

"ဘာဖြစ်တာလဲအမေရာ··· ဒီမှာ အိပ်လို့ ကောင်းနေတုန်း···"

ကျုပ် မျက်လုံးနှစ်ဖက်ကို ညာလက်ဖမိုးနဲ့ပွတ်ရင်း အိပ်ရာကထလိုက်တယ်။ အမေက မျက်ကလူးဆန်ပျာနဲ့ ကျုပ်ဘေးမှာဝင်ထိုင်ရင်း···

"ဟဲ့···အောင်ခိုင် တစ်ယောက်···သူ့တဲငါတဲထဲမှာ အသတ်ခံရလို့တဲ့၊ ရွာထဲကလူတွေ သွားကြည့်နေကြတယ်···"ဟုပြောလာသည်။

ကျုပ် တော်တော်စိတ်ပျက်သွားတယ်။ ဘယ်နှဲ့ဗျာ··· သူများအသက်သတ်ပြီး ကိုယ့်အသက်ဆက်နေတဲ့တံငါသည်တစ်ယောက် အသတ်ခံရတာဆန်းသလားဗျာ။ သူများအသက်သတ်တဲ့ဝဋ်ကြွေးက တစ်နေ့ ပြန်ခံရမှာပဲ မဟုတ်လား···။ ဟုတ်တယ် ဒီဦးအောင်ခင်ဆိုတဲ့ လူကြီးက သေသင့်တာကြာလှပြီဘဲ··· အရက်ကလေးတမြမြနဲ့ မူးလာရင် ဟိုလူ့ရန်လုပ်၊ ဒီလူ့ရန်လုပ်နဲ့ ပြီးတော့ "မင်းတို့ လူသတ်မှုလား···လူသတ်ပုံလား" လို့မေးတတ်သေးတယ်··· အဲဒီလိုမေးလာရင် ကျုပ်အရမ်းဒေါသထွက်တယ်။ သူလူသတ်ဖူးတယ်ဆိုတဲ့ သဘောပေါ့ဗျာ·· ရွာကလူတွေကလည်း သူ့အကြောင်းသိနေတော့ စကားနည်းရန်စဲရှောင်ထွက်သွားကြတာပေါ့···ဘယ်သူမှ သူနဲ့ရင်ဆိုင်ပြီး စကားယှဉ်မပြောကြဘူး။ ဒါကိုပဲ သူက လူတွေက သူ့ကိုကြောက်တယ်လို့ ထင်နေပုံရပါတယ်···သူ့အလုပ်က မနက်မိုးမလင်းခင် လှေတစ်စီး ပိုက်တစ်ဖုံနဲ့ ရောဝတီမြစ်တကြောမှာ ငါးဖမ်းတဲ့ တံငါသည်အလုပ်၊ [illegible] [illegible] မိုး [illegible] ဦးအောင်ခင်ရဲ့ [illegible] တဲ့ရွှေ [illegible] အရက်ဆိုင်ကိုသွား [illegible] လာရင်ထုံးစံအတိုင်း [illegible] "မင်းတို့လူသတ်မှုလား [illegible]" လို့တွေ့တဲ့ သူတိုင်းကိုမေးတော့တာပါပဲ။ အရက်မူးလာရင် စရိုက်ပိုကြမ်းတဲ့ ဦးအောင်ခင်ကို ကြောက်ပြီး သူ့မိန်းမ ဒေါ်အေးကြွယ်လည်း ရွာက ထွက်ပြေးလိုက်တာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတော့ပါဘူး···အခုတော့ သူ တံငါတဲထဲမှာ အသတ်ခံရပြီလေ၊ ကျုပ်ဘယ်လောက် အမတွေးလွန်သွားသလဲမသိပါဘူးဗျာ၊ အမေက "မြန်မြန်မျက်နှာသစ်ပြီး၊ သွားကြည့်စမ်း··" လို့ပြောလိုက်မှ သတိဝင်လာတယ်··






www.burmeseclassic.com

www.burmeseclassic.com

သွားကြည့်လေ မလိုပါဘူးအမေရယ်၊ အသတ်ခံရတယ် ဆိုမှတော့ ပုံပျက် ပန်းပျက်ဖြစ်နေမှာပေါ့လို့အသံမထွက်ဘဲ အမေ့ကိုပြောလိုက်မိတယ်။ ဒီလို ရိုက် ကြီးခဲ့လှချီး တစ်နေ့ ဒီလိုပဲ ဘဝနိဂုံး ချုပ်မှာပဲဟာတ်လား‥ ဦးအောင်ခင် အသက်ဆုံးရှုံးခဲ့ ဘဝတင်းဟာ ကျုပ် အတွက်တော့ မထူးဆန်းပါဘူး‥‥။

အမေစိတ်ချမ်းသာအောင် မျက်နှာ သစ်ပြီး အိမ်ကထွက်လာခဲ့ပေမယ့် သတ်ခံရတဲ့ ဦးအောင်ခင်ရဲ့ တင်ဂါတဲကို မဟုတ်ပါဘူး ‥‥ မြစ်ကမ်းနဖူးမှာ တည်ထားတဲ့ ငါးမျက်နှာဘုရားကုန်းပေါ် ကို တက်လာခဲ့တယ်‥‥ဘုရားကုန်း တော်ပေါ်ကလှမ်းကြည့်လိုက်ရင် သောင် ပြင်ပေါ်က ဦးအောင်ခင်ရဲ့တဲကို မြင်နေ ရပါတယ်၊ ရွာနဲ့အလှမ်းဝေးပြီး မြစ်ကမ်း အောက်နားက သောင်ပြင်ပေါ်မှာ တဲထိုးပြီးနေ နေတာပါ။ တင်ဂါတဲရှေ့မှာ လူတွေဝိုင်း နေကြတယ်‥‥။

တစ်ယောက်တစ်ပေါက် ပြော နေ ကြတဲ့ အသံတွေကိုလည်း လေအဝေ့ မှာ မကြားတစ်ချက် ကြားတစ်ချက်၊ ကြားနေရတယ်၊ မကြားပါဘူး။ တင်ဂါတဲ ရှေ့မှာဝိုင်းနေကြတဲ့လူတွေ နောက်ဆုတ် သွားတာကို မြင်လိုက်ရလို့ အသေအချာ ကြည့်တော့ ကျုပ်မြင်ကွင်းမှာ ယူနီ ဖောင်းဝတ်ထားတဲ့ ရဲတပ်ဖွဲ့ဝင်တွေ ဝင်လာတယ်‥‥ရဲတပ်ဖွဲ့ဝင်တွေရောက် လာပြီဆိုရင်တော့ လူသတ်သမားကို မိတော့မှာပါ။ ဘာဖြစ်လို့သလဲဆိုတော့ ဒီကနေ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ရဲရင့်တယ်၊ တက်ကြွတယ်၊ အတွေးအခေါ် ကောင်း တယ်၊ စုံစမ်းထောက်လှမ်းတဲ့နေရာမှာ အတော်တယ် ‥ ‥ ‥ဝီးနိုးကြွက်လျှောက် လိုက်နိုင်တယ်ဆိုတာ ကျုပ်သိတာပေါ့၊ ကျုပ်က ကိုးတန်းထိပညာသင်ခဲ့သလို စာဖတ်ရတာကို ဝါသနာပါတယ်။ အလုပ်အားရင် ကျေးရွာစာကြည့်တိုက် သွားပြီး ပြစ်မှုမှုခင်းတို့၊ မှုခင်းဂျာနယ် တို့ကို ကျုပ်က ဖတ်လေ့ရှိတယ်။ဒီတော့ ဒီကနေ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ အရည် အသွေးကို သိနေတာ မဆန်းပါဘူးနော့၊

ပြီးတော့ရာဇဝတ်သား ပြေးမလွတ် လို့ဆိုထားတယ် မဟုတ်လား။

◆ ◆ ◆

"ဟေ့ကောင် ‥‥ဖိုးမောင် ဘယ်လဲ‥‥"

နောက်ကနေ လှမ်းမေးလိုက်တဲ့ ကျုပ်တို့အိမ်နားက မတုပ်အသံကို ကြားလိုက်ပေမယ့် မကြားချင်ယောင် ဆောင်ပြီး ဦးအောင်ခင်တဲထဲကို ဝင် လိုက်တယ်၊ တဲထဲကိုလှမ်းကြည့်လိုက် တော့ ဦးအောင်ခင် အလောင်းက မှောက်လျက်ကြီး၊ သွေးတွေက ဟိုတစ် ကွက်၊ ဒီတစ်ကွက်၊ အလောင်းဘေးနား မှာတော့ ရဲအရာရှိ တစ်ယောက် မဆိုး ဒူးထောက်ထိုင်လို့၊ ပြီးတော့မနေ့က ကိုသိန်းလွင် အရက်ဆိုင်မှာ ဦးအောင် ခင်နဲ့ရန်ဖြစ်ခဲ့တဲ့ ကိုပိုတိုးကိုပါ တွေ့လိုက် ရတယ်‥‥"

"ဘာကိစ္စလဲဟေ့ ဖိုးမောင်‥‥"

"ဒီကရဲအရာရှိနဲ့ တွေ့ချင်လို့ပါ"

သူကြီး ဦးပြေသိမ်း အမေးကိုဖြေ လိုက်ရင်း ရဲအရာရှိကိုလှမ်း ကြည့်လိုက် ပါတယ်။

"လာ ညီလေး ‥ ‥ ‥အကိုက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပြည့်ဖြိုး ဟိန်းပါ ဘာသတင်း ပေးမလို့လဲ‥‥"

ပြုံးရွှင်ဖော်ရွေစွာ ပြောလိုက်တဲ့ ရဲအရာရှိရဲ့စကားကြောင့် ကျုပ်ကြောက် စိတ်နည်းနည်း လျော့သွားတယ်ဗျား။

"ကျုပ်ကဒီရွာက ဦးလှငွေ၊ ဒေါ်ကျင်စန်းတို့ရဲ့သား ဖိုးမောင်ပါ ဦးအောင်ခင်ကို ကျုပ်ကိုယ်တိုင် သတ်လိုက်တာပါဗျာ‥‥အဲဒါကြောင့် ကျုပ်လာပြီး အဖမ်းခံတာပါ‥‥"

"ဘာ‥‥မင်းသတ်တာ ဟုတ်လား"

ကျုပ်အကြောင်းကို သိနေတဲ့ သူကြီးဦးပြေသိမ်း မယုံသလို မေးလာ တယ်၊ ဟုတ်တယ်လေ၊ ကျုပ်သတ် တယ်လို့ ဘယ်ထင်ပါ့မလဲ၊ ရွာမှာ ကျုပ်က လူရိုးလူကောင်း။ တစ်ရွာလုံးက ဝိုင်းချစ်ကြတဲ့ အမေ့ကိုလုပ်ကျွေးနေတဲ့ ကောင်‥‥၊ အခုတော့ လူရိုး လူမိုက် ကြီးအဖြစ် တွေ့လိုက်ရတော့ ဘယ်သူ ယုံပါ့မလဲ‥‥။

ဒု-ရဲအုပ်ပြည့်ဖြိုးဟိန်းက သူကြီး ကိုလက်ကာပြရင်း ကျုပ်ကိုဆက်ပြော ဖို့ပြောလိုက်ပါတယ်‥‥။

"ကျုပ် ဦးအောင်ခင်ကို သတ် လိုက်မိပါတယ်‥‥အဲဒါကြောင့် ရာဇ ဝတ်သားကို ပြေးတွေ့မယ်ဆိုတဲ့စိတ်နဲ့ အခုလို လာရောက်အဖမ်းခံတာပါ‥"

"ဘယ်လို ရန်ငြိုးတွေကြောင့် သတ်ရတာလဲ‥‥"

"ပြောပါ့မယ်ခင်ဗျာ၊ စိတ်ရှည်ရှည် နဲ့သာ သည်းခံနားထောင်ပေးပါ‥‥"

ဦးအောင်ခင်ကို သတ်မှုနဲ့ ကျုပ် အဖမ်းခံတဲ့အကြောင်း တစ်ရွာလုံး သိသွားပြီးထင်ပါတယ်၊ တင်ဂါတဲရှေ့မှာ ရှာရှိ လူကုန်ရောက်နေသလို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

အမေကိုလည်း လူအုပ်ကြားထဲက အတင်းတိုးထွက်လာတာကို မြင်လိုက်ပါတယ်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ် . . ."လို့ ပြောပြီး ကျွန်ုပ်ကို ပြေးဖက်ရင်းငိုချလိုက်ပါတယ်။ ကျွန်ုပ်အမေ့ကို ပွေ့ဖက်ရင်း ဦးအောင်ခင်ကို သတ်ရတဲ့ အကြောင်းအရင်းကို ဖြောင့်ချက်ပေးလိုက်ပါတယ်။

"ကျွန်ုပ်ဦးအောင်ခင်ကို သတ်ချင်တာကြာပါပြီ . . . ဘာဖြစ်လို့လဲဆိုတော့ ဦးအောင်ခင်က ကျွန်ုပ်ကို အရင်ဆုံး သတ်ခဲ့လို့ပါပဲ . . ."

"ဘယ်လို . . ဘယ်လို . . ."

ရဲအရာရှိ အံ့ဩသွားပုံရပါတယ်။

"ဒီလိုပါခင်ဗျာ . . . ကျွန်ုပ်ရဲ့ အရင်ဘဝအကြောင်းကစပြီး ပြောရပါလိမ့်မယ်ခင်ဗျာ . . . ကျွန်ုပ်ဟာ အရင်ဘဝအထက်လက်ပံလုရွာက ဦးပါဌေး၊ ဒေါ်ပြွန်နဲ့ရီတို့ရဲ့ တစ်ဦးတည်းသောသားပါ။ အဖေနဲ့အမေက ရွာမှာကုန်စုံဆိုင်ဖွင့်ထားပါတယ် . . . တစ်ပတ်တစ်ခါမြို့တက်ပြီး ကုန်စုံဆိုင်မှာ လိုအပ်တဲ့ ကုန်တွေကို ရွာကထွက်တဲ့ စျေးမော်တော်နဲ့ သွားဝယ်ရပါတယ်၊ အဝယ်တော်ပေါ့ ကျွန်ုပ်အသက် ဆယ့်ကိုးနှစ်ပြည့်တဲ့နေ့မှာ ကုန်စုံဆိုင်အတွက် လိုအပ်တဲ့ကုန်တွေကို မြို့တက်ပြီး ဝယ်အပြန်မှာ မော်တော်စက်ခန်းက ရုတ်တရက် မီးထလောင်ပါတယ်၊ ကြောက်လန့်ပြီး ရေထဲခုန်ကျလိုက်ပါတယ်။ ကျွမ်းကျွမ်းကျင်ကျင် ရေမကူးတတ်တော့ ရေစီးနဲ့ မျောပါသွားတော့တယ်၊ ကျွန်ုပ်လိုပဲ ရေထဲခုန်ချတဲ့သူတွေထဲမှာ ရေမကူးတတ်တဲ့ သူတွေလည်း ပါတာပေါ့ . . .။

အဲလိုမော်တော်မီးလောင်နေတဲ့ အချိန်မှာ ရောဝတီမြစ်ထဲမှာ ငါးဖမ်းနေကြတဲ့ လှေတွေရောက်လာပြီး ရေထဲမှာ မြုပ်လိုပေါ်လိုဖြစ်နေတဲ့ သူတွေကိုလိုက်ကယ်ကြပါတယ်၊ ကျွန်ုပ်ကတော့ရေစီးနဲ့ မျောသွားပြီး မော်တော်နဲ့ဝေးရာရောက်သွားခဲ့ပါပြီ . . . ကမ်းကိုရောက်အောင်ကူးဖို့ကလည်း မတတ်နိုင်အားကုန်ပြီးမောနေပြီ . . . ကိုယ်ကိုပေါ့ထားဖို့ပဲ တတ်နိုင်တော့တယ် . . . ရုတ်တရက်တံငါလှေတစ်စီးကို တွေ့လိုက်ရတယ်၊ ကျွန်ုပ်လည်းဝမ်းသာအားရ ကယ်တော်မူပါလို့ လှမ်းအော်လိုက်တယ် . .

အဲဒါကျွန်ုပ်အမှားပဲ . . . ကျွန်ုပ်ကိုယ်တိုင်သေမင်းကို ခေါ်လိုက်တာဆိုရင်မမှားပါဘူး . . . တံငါလှေ ကျွန်ုပ်အနားရောက်တာနဲ့ လှေနံကို လှမ်းဆွဲထားလိုက်ပါတယ် . . . ခဏအမောဖြေပြီးနေလိုက်တဲ့အချိန်မှာ လှေပေါ်ကတံငါသည်ဟာ လှေနံကိုကိုင်ထားတဲ့ ကျွန်ုပ်လက်ကိုစူးစူးစိုက်စိုက် ကြည့်နေတာကို တွေ့လိုက်ရပါတယ် . . . ပြီးတော့ ကျွန်ုပ်လည်ပင်းမှာ ဆွဲထားတဲ့ ရွှေဆွဲကြိုးကိုလည်းမြင်သွားပါတယ်၊ ကျွန်ုပ်အန္တရာယ်ကို သိလိုက်ပါပြီ၊ အဲဒါကြောင့် လက်စွပ်နဲ့ဆွဲကြိုးပေးပါ့မယ် . . . ကျွန်ုပ်ကို ကယ်ပါလို့ ပြောလိုက်မိတယ်၊ သူ့ဆီက တုံ့ပြန်လာတာကတော့ သူ့ လက်ထဲက လှော်တက်ပါ။ ကျွန်ုပ်ဘယ် လိုမှရှောင်လို့မရလိုက်ပါဘူး . . . ခေါင်းမှာ ပွကန့်ဖြစ်သွားပြီ ဘာမှ မသိတော့ပါဘူး၊ ဒါပေမယ့် ကျွန်ုပ်မသေခင် မှတ်မိသွားတာကတော့ အရက်မူးနေတဲ့ သူ့မျက်နှာပါပဲ . . . သူကတော့ အခုကျွန်ုပ်သတ်လိုက်တဲ့ ဦးအောင်ခင်ပါပဲဗျာ . . .။

ကျွန်ုပ်သေသွားပေမယ့် သူဘာလုပ်နေတယ်ဆိုတာ ကျွန်ုပ်မြင်နေရတယ်၊ သူဟာကျွန်ုပ်ကိုယ်ထဲက ဝိညာဉ်ကို ထွက်သွားအောင်လုပ်လို့ရပေမယ့် ကျွန်ုပ်ဝိညာဉ်ကိုတော့ ဘာမှလုပ်လို့မရဘူးဆိုတာ ကျွန်ုပ်သိလိုက်ရတယ် . . . သူဟာကျွန်ုပ်ခန္ဓာကိုယ်ကိုလှေပေါ် ဆွဲတင်လိုက်ပြီး ကျွန်ုပ်လက်ကလက်စွပ်နဲ့ လည်ပင်းကဆွဲကြိုးကို ဖြုတ်ယူလိုက်တယ်၊ ပြီးတော့ ကျွန်ုပ်အင်္ကျီအိတ်ထဲက ပိုက်ဆံတွေကိုနှိုက်ယူနေတာကို မြင်နေရတယ်၊ လှေဦးမှာငုတ်တုတ်ထိုင်ပြီး သူ့သုပ်သမ္မကိုကြည့်နေမိတယ် . . . သူဟာကျွန်ုပ်ခန္ဓာကိုယ်ကို လှေပေါ်မှာပါတဲ့ ကျောက်ခဲကြီးတစ်လုံးနဲ့ တွဲချည်လိုက်ပြီး ရေထဲကိုတွန်းချလိုက်ပါတယ်၊ ကျွန်ုပ်က အဲဒီလိုမလုပ်ဖို့ အသံကုန်ဟစ်ပြီးတားပေမယ့် သူကတော့ ကျွန်ုပ်အသံကို မကြားသလိုပါဘဲ၊ ရေထဲမြုပ်သွားတဲ့ ကျွန်ုပ်ခန္ဓာကိုယ်ကို ကြည့်ပြီး ရှိုက်ကြီးတငင်ငိုလိုက်မိတယ်ဗျာ၊ သူဟာကျွန်ုပ်ငိုသံကို မကြားသလို လှေဦးမှာထိုင်နေတဲ့ ကျွန်ုပ်ကိုလည်း မြင်ပုံမရပါဘူး . . .။

သူဟာ ဘေးပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူလုပ်ရပ်ကို ဘယ်သူမှသိသူမြင်သူမရှိဘူးဆိုတာ သိသွားတော့ စိတ်အေးလက်အေး ပုံစံနဲ့ လှေကိုလှော်ပြီး ထွက်လာပါတယ် . .

ရောဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ ရွာတစ်ရွာရောက်တော့

www.burmeseclassic.com

သူ့ကာ လေ့ဦးကို သောင်ပြင်ပေါ်ဆိုးတင်လိုက်ပြီး ရွာထဲဝင်သွားပါတယ်။ အဲဒီရွာက အခုကျုပ်တို့နေတဲ့ ရွာကလေးပါပဲ၊ ကျုပ်လည်း သူ့နောက်က ကပ်လိုက်သွားတာပေါ့၊ ရွာထဲက အရက်ဆိုင်မှာ အရက်နှစ်လုံးဝယ်ပြီး ကမ်းနားသောင်ပြင်ပေါ်က သူ့တဲငါတဲထဲကို ဝင်သွားပါတယ်။ သူကအရက်သောက်ပြီး ရေက်မင်းစည်းစိမ်ကို ခံစားနေတဲ့အချိန်မှာကျုပ်က သူ့တဲငါတဲရှေ့မှာ ရပ်ပြီးဘယ်သွားလို့သွားရမှန်းမသိ ဖြစ်နေချိန်မှာ လင်မယားနှစ်ယောက် ဖြတ်လာတာတွေ့လို့နောက်ကနေ လိုက်သွားမိတယ် ကျုပ်လည်းသူတို့နှင့် နေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူတို့နဲ့ နေခွင့်ပြုဖို့လည်း တောင်းပန်လိုက်ပါတယ်။ ကျုပ်ဝင်စားခဲ့တဲ့ မိဘတွေက ဦးလှငွေ၊ ဒေါ်ကျင်စန်းပါ ကျုပ်လူမှန်းသိတက်စအရွယ်မှာပဲ အရင်ဘဝက အကြောင်းတွေကို မှတ်မိနေခဲ့တယ်၊ ကျုပ်အရင်ဘဝအကြောင်းတွေကိုတော့ ကျုပ်အဖေနဲ့အမေကို မပြောပြခဲ့ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ကျုပ်ရဲ့ အရင်ဘဝက အကြောင်းတွေကို ဘယ်သူ့ကိုမှ မသိစေချင်လို့ပါ။

ဒါတွေ ထားလိုက်ပါတော့ဗျာ၊ ကျုပ်အကြောင်းကို သိသင့်သလောက်သိရပြီပဲ၊ တိုတိုပဲပြောပါရစေတော့၊ မနေ့က ကိုသိန်းလွင် အရက်ဆိုင်မှာ ဦးအောင်ခင် အရက်မူးပြီး ရမ်းကားလို့ ကိုပိုတိုးနဲ့ တုတ်တပြတ် ဓားတပြက်ရန်ဖြစ်ကြတယ်လို့ ကျုပ်ကြားလိုက်ရသေးတယ်။ သူ့ကိုသတ်ပစ်ချင်လောက်အောင်မုန်းမိတာတော့အမှန်ပါ။ သတ်လည်သတ်ချင်တယ်၊ ထောင်ကျပြီးမိဘနဲ့ခွဲနေရမှာလည်း ကြောက်တယ်၊ မှုခင်းစာအုပ်တွေ၊ ဂျာနယ်တွေဖတ်ထားတော့ ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဆိုတာလည်းသိနေတယ်။ ဥပဒေလက်တံက ရှည်တယ် မဟုတ်လား...

ဖြစ်ချင်တော့ မနေ့က ညနေစောင်းမှာ အိမ်မှာချိုးရေခပ်ထားတာကုန်နေလို့ မြစ်ဆိပ်ကို ရေချိုးဆင်းခဲ့မိတယ်၊ ရေချိုးပြီးလို့ကမ်းပေါ်တက်လာတော့ တော်တော်မိုးချုပ်နေပြီ သောင်ပြင်ပေါ်က ဦးအောင်ခင်ရဲ့ တဲရှေ့အရောက်မှာ" ဟေ့ကောင်လေးနေဦး" ဆိုပြီး ကျုပ်ကိုတဲထဲက လှမ်းအော်သံကြားလိုက်ရပါတယ်။ ထုံးစံအတိုင်းအရက်မူးလာရင် မေးနေကျအတိုင်းမေးလာပါတယ်၊ "မင်းလူသတ်ဖူးလား။ လူသတ်ဝံ့လား"တဲ့ ကျုပ်တော်တော်ဒေါသထွက်သွားတယ်၊ ဒါပေမယ့် ဒေါသကို မျိုချပြီး လှည့်အထွက်မှာ "အလကားကောင်လေး ကြောက်"လို့ ထပ်ပြောလာတော့ မျိုချထားတဲ့ဒေါသဟာ လည်ချောင်းထဲက ခုန်ထွက်လာတော့တာပါပဲ၊ ကျုပ်ဘာမှ မမြင်တော့ပါဘူး။ တဲထဲကိုပြေးဝင်သွားပြီး တဲရှေ့မှာထောင်ထားတဲ့ လှော်တက် (ကျုပ်ကိုရိုက်သတ်ခဲ့တဲ့ လှော်တက်လို့ ထင်ပါတယ်) ကိုဆွဲယူလိုက်ပြီး အားရှိပါးရှိရိုက်ပစ်လိုက်ပါတယ်။ ဘယ်နှစ်ချက်တောင်ရိုက်မိတယ် မသိတော့ပါဘူး၊ သတိရလို့ကြည့်လိုက်တော့ ဦးအောင်ခင်ဟာမှောက်လျက်ကြီး လဲနေပါပြီ၊ ကျုပ်ကံကောင်းတာက အဲဒီအချိန်မှာ လူသွားလူလာပြတ်နေတာပဲ၊ ကျုပ်အဖြစ်ကို ဘယ်သူမှ မသိလိုက်ကြဘူး ကျုပ်လည်း လှော်တက်ကို ပစ်ချထားခဲ့ပြီး ဣန္ဒြေမပျက် အိမ်ပြန်လာခဲ့တယ်...။

အိမ်ရောက်တော့ ထမင်းစားပြီး ဘယ်မှ မသွားတော့ဘဲ အိမ်ရှေ့မှာထိုင်နေမိလို့ အမေကတောင် "သားဗွီဒီယိုသွားမကြည့်ဘူးလား" လို့မေးပါသေးတယ်၊ ကျုပ်ဟာ ကျုပ်လုပ်ရပ်ကိုတွေးပြီး နောင်တရနေမိတာလား။ အခုလိုလုပ်လိုက်ရလို့ ကျေနပ်နေတာလားဆိုတာ ဝေခွဲလို့မရဘူး ဖြစ်နေတယ်၊ အမှန်တော့ ကျုပ်နောင်တရနေမိတာပါဗျာ၊ တဒင်္ဂထွက်လာတဲ့ဒေါသကို မထိန်းချုပ်နိုင်ခဲ့လို့ လူသတ်တဲ့အထိ ဖြစ်သွားရတာပေါ့ အရင်ဘဝက အသတ်ခံခဲ့ရတဲ့အကြွေးကို ဒီဘဝမှာ လက်စားချေပြန်ဆပ်နိုင်ခဲ့ပေမယ့် ကျုပ်ဝမ်းမသာမိတာတော့ အမှန်ပါဘဲဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ရဦးမယ် မဟုတ်ပါလား ခင်ဗျာ...။

မှတ်ချက်။ ။နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ပြည့်ဖြိုးဟိန်းသည် ဖိုးမောင်၏အရင်ဘဝက အဖြစ်အပျက်များအားအထက်လက်ပံလုရွာသို့ သွားရောက်စုံစမ်းခဲ့ရာ ဖိုးမောင်ထွက်ဆိုသည့်အတိုင်းဦးပါငွေ၊ ဒေါ်ညွန့်ရီတို့၏ တစ်ဦးတည်းသောသား ကိုအောင်အောင်သည် ချောက်မြို့သို့ ကုန်ဝယ်သွားရာမှအပြန်မော်တော် မီးလောင်ရာတွင် ပါဝင်သေဆုံးသွားကြောင်း အလောင်းအားရှာလို့မတွေ့ခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရလေသည်။

ကျော်အေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

# အဂတိလိုက်စားမှု ဥပဒေ

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံတွင် မူလပထမဦး လွတ်လပ်ရေးရရှိပြီးသော အချိန် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ (ဥပဒေအမှတ်-၆၇/၄၈)ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေကို နှစ်ပေါင်းများစွာ ကျင့်သုံးပြီးသည့်နောက် ယခု ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့စွဲအရ မြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်က ၎င်းဥပဒေဟောင်းကို ရုပ်သိမ်းလိုက်ပြီး ၎င်းအစား (အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပေသည်။)

### အနက်ဖွင့်ဆိုချက်

**(က) လာဘ်ပေးလာဘ်ယူမှု**

လက်ရှိအာဏာရှိသူက မိမိ၏ရာထူးတာဝန်ကို အလွဲသုံးစားပြုခြင်းပင် ဖြစ်သည်။ ငွေကြေးကို တောင်းယူခြင်း၊ ကမ်းလှမ်းခြင်း၊ လက်ခံရယူခြင်း၊ လက်ခံရယူရန် အားထုတ်ခြင်း၊ ဆွေးနွေးခြင်းဖြစ်သည်။

**(ခ) တံစိုးလက်ဆောင် လက်ခံရယူခြင်း**

ငွေကြေးအပြင် ပစ္စည်းဥစ္စာ လက်ဆောင်များ၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များ လက်ခံရယူမှုပင် ဖြစ်ပါသည်။ (ယင်း ဥပဒေပုဒ်မ-၃ အရ)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

(၁) နိုင်ငံရေးရာထူး အာဏာလက်ရှိဖြစ်သူက လာဘ်ပေးလာဘ်ယူ ကျူးလွန်လျှင် ထောင်ဒဏ် ၁၅ နှစ် အထိနှင့် ငွေဒဏ် (ပုဒ်မ-၅၅)။

(၂) နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမဟုတ်သော အခြားအာဏာလက်ရှိသူက လာဘ်ပေးလာဘ်ယူ ကျူးလွန်လျှင် ထောင် ဒဏ် ၁၀ နှစ် အထိနှင့် ငွေဒဏ် (ပုဒ်မ-၅၆)။

(၃) အခြား အာဏာလက်ရှိသူက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်လျှင် ထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ် (ပုဒ်မ-၅၇)။

(၄) ယင်းသို့ ငွေကြေးလာဘ်ပေးလာဘ်ယူမှုနှင့် ဆက်သက်ပြီး ဖုံးကွယ်ပေးလျှင် အရေးမယူနိုင်အောင် ထားသိကာကွယ်ပေးလျှင်၊ ဖျောက်ဖျက်ပြောင်းလဲလျှင်၊ လွှဲပြောင်းလျှင် ထောင်ဒဏ် ၅ နှစ်နှင့် ငွေဒဏ် (ပုဒ်မ-၅၈)။

(၅) လာဘ်ပေးလာဘ်ယူကြောင်း မဟုတ်မမှန် သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်း၊ အကွက်ဆင်ခြင်း၊ ခိုင်းစေခြင်း ကျူးလွန်လျှင် ထောင်ဒဏ် ၅ နှစ်နှင့် ငွေဒဏ် (ပုဒ်မ-၅၉)။

(၆) လာဘ်ပေးလာဘ်ယူရန် တိုက်တွန်းလှုံ့ဆော်လျှင်၊ နည်းပေးလမ်းညွှန်လျှင်၊ အားထုတ်လျှင်၊ ပူးပေါင်းကြံစည်လျှင်၊ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။ (ပုဒ်မ-၆၃) မှတ်ချက် ။ ဥပဒေတွင် ထောင်ဒဏ်နှင့်ငွေဒဏ်ကို အတိအကျမဖော်ပြထားပါ။

### ပြည့်စွက်ချက်

(၁) လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်။ (အခန်း-၉)

(၂) လက်ရှိအာဏာရှိသူတစ်ဦးအား လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း မဟုတ်မမှန် ပြောဆိုသတင်းလွှင့်လျှင်၊ သက်သေခံလျှင်၊ ဖန်တီးမှုပြုလုပ်လျှင် ဤအဂတိလိုက်စားမှုဥပဒေတွင် အကျုံးဝင်ပါသည်။

(မှတ်ချက် ။ ဤဥပဒေသည် ၁၇ ·၉ ·၂၀၁၃ ရက်နေ့တွင် အာဏာတည်ပါသည်။)

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:*

(၁) ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃) (၇ ၈·၂၀၁၃)

(၂) ကြေးမုံနေ့စဉ်သတင်းစာ (၈·၈·၂၀၁၃) စာမျက်နှာ(၈)



www.burmeseclassic.com

www.burmeseclassic.com

# အချို့မြို့ကြီးများတွင် သောင်းကျန်းနေသော မျောက်များနှင့် ကြွက်များ

ဦးဦးသိန်း

လူတို့သည် ခွေး၊ ကြောင်၊ သိုး၊ ဆိတ်၊ ကျွဲ၊ နွား၊ မြင်း စသော တိရစ္ဆာန်များကိုသာ အများဆုံး မွေးမြူထားလေ့ရှိကြ၏။ ထိုတိရစ္ဆာန်များသည် လူတို့ကို အကျိုးပြုကြ၏။

လူတို့ကို အကျိုးမပြုဘဲ အနှောင့်အယှက်ပြုသော တိရစ္ဆာန်များစာရင်းတွင် ကြွက်၊ မျောက်၊ တောဂက်၊ တောခွေး စသော တိရစ္ဆာန်များ ပါ၏။

တိရစ္ဆာန်အချို့သည် လူတို့၏ စားကြွင်းစားကျန်များကို မှီခိုနေရလေရာ ထိုတိရစ္ဆာန်များထဲတွင် ကြွက်သည် ထိပ်ဆုံး၌ရှိ၏။ အမှိုက်များနှင့် စားကြွင်းစားကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်နေသည့် လူနေရပ်ကွက်များတွင် ကြွက်များ အလွန်ပေါများ၏။

တောထဲ၌အနေများသော မျောက်များသည် တောထဲတွင် အစားအစာ ရှားပါးလာသောအခါ ရွာနီးချုပ်စပ်များသို့ လာ၍ အစားအစာများကို ရှာဖွေစားသောက်တတ်ကြ၏။

စင်ကာပူတွင် မျောက်ကောင်ရေ ၂၀၀၀ ခန့်ရှိရာ လူတို့ကို အနှောင့်အယှက်ပေးမှု များလာမှုကြောင့် မျောက်များကို သုတ်သင်နေရသည်ဟု သိရသည်။ မျောက်များ





သည် စင်ကာပူ၏ ပါးလွှာသော သစ်တောများထဲနှင့် ပန်းခြံအချို့တွင် နေထိုင်ကြရာ အစားအစာအတွက် လူတို့နေရာများသို့ လာကြရ၏။ အချို့မျောက်များသည် အမှိုက်ပုံများ၊ အမှိုက်သိမ်းကားများပေါ်သို့တက်၍လည်းကောင်း၊ အိမ်များထဲသို့ ဝင်၍လည်းကောင်း အစားအစာများကို ရှာဖွေစားတတ်ကြ၏။

စင်ကာပူ၏ လယ်ယာနှင့် အစားအစာနှင့် တိရစ္ဆာန်ထိန်းကျောင်းရေးအာဏာပိုင်ထံသို့ ၂၀၁၁ အတွင်း၌ မျောက်များနှောင့်ယှက်မှုပေါင်း ၉၂၀ တိုင်ကြားမှုရှိခဲ့၏။ စင်ကာပူတွင် ၂၀၁၀ က မျောက်ကောင်ရေ ၇၂၀၄ ကောင်၊ ၂၀၁၁ တွင် ၁၅၁ ကောင်၊ ၂၀၁၂ တွင် ၁၂၇ ကောင်နှင့် ၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



တွင် ပထမနှစ်ဝက်အတွင်း ၃၅၇ ကောင် သုတ်သင်ခဲ့ရ၏။ အချို့မျောက်များသည် တိုက်မြင့်များရှိ အခန်းများထဲသို့ပင် ဝင်ရောက်လာကာ အစားအစာများ ခိုးစားခြင်း၊ အိပ်ရာများ စားပွဲပေါ်မှ မီးအိမ်များ၊ မျက်နှာကြက်ရှိ မီးချောင်းများ စသည် တို့ကို ဖျက်ဆီးကြသည်ဟု သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားကြ၏။


မျောက်များကို သုတ်သင်ခြင်းနှင့် စပ်လျဉ်း၍ တိရစ္ဆာန်ချစ်သူများနှင့် မျောက်နှိမ်နင်းရေးအဖွဲ့များအကြား အချေအတင် ဆွေးနွေးနေကြ၏။ မျောက်များကို မသတ်ဘဲ အရှင်ဖမ်းပြီး တောထဲလွှတ်ရန်နှင့် မိမိတို့အိမ်များထဲသို့ မျောက်များမဝင်နိုင်အောင် အကာအကွယ် အတားအဆီး များ ပြုလုပ်ထားကြရန် မျောက်ချစ်သူတို့က အကြံပြုကြ၏။

ကြွက်များ၏ နှောင့်ယှက်ဖျက်ဆီးမှုကို ကမ္ဘာ့မြို့ကြီး အချို့တွင် အများဆုံးရှိနေ၏။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူတွင် ကြွက်ကောင်ရေသည် မြို့နေလူဦးရေထက် ပိုများလျက်ရှိသည်ဟု သတင်းတစ်ခု၌ ဖော်ပြထားသည်။ ကွာလာလမ်ပူတွင် ကြွက်ကောင်ရေ ၆.၈ သန်းခန့်ရှိသည်ဟု မြို့ပြစီမံ ရေးအာဏာပိုင်အဖွဲ့က ခန့်မှန်းထား၏။ မြို့လူဦးရေထက် လေးဆများနေသည့် သဘောဖြစ်၏။ ကြွက်သေးမှ ရသော ရောဂါကြောင့် ထိုမြို့တွင် ၂၀၁၃ နှစ်ဝက်အတွင်း လူ ၂၈ ယောက် သေဆုံးမှုရှိခဲ့၏။

လူတို့၏ နေထိုင်မှု မသန့်ရှင်းခြင်းသည် ကြွက်များ ကောင်ရေတိုးပွားစေ၏။ ကြွက်များသည် အစားအစာများ အလွယ်တကူရသော နေရာများတွင် နေထိုင်၏။

အချို့သော ရပ်ကွက်များတွင် ကြွက်များသည် နေ့ခင်း ကြောင်တောင်၌ပင် အတင့်ရဲစွာဖြင့် တွင်းများထဲမှ ထွက်လာကြ၏။ တော်ရုံတန်ရုံနှင့် လူသံကြားသော်လည်း ထွက်မပြေးကြ။

သန့်ရှင်းပါသည်ဟုပြောနေကြသော စင်ကာပူ၌ အချို့ရပ်ကွက်များတွင်၊ အထူးသဖြင့် စားသောက်ဆိုင်များ ပေါ်များရာနေရာများတွင် ကြွက်များ ပေါ်များလာနေပြီ။ ရေဆိုးမြောင်းများ၊ ဆွေးမြည့်နေသော ရေပိုက်များကြားထဲ၌ ကြွက်များခိုအောင်းမှု များလာ၏။ စင်ကာပူတွင် ကြွက်များ သည် မြေအောက်အဆောက်အဦဟောင်းများအောက်၌ အသိုက်လုပ်၍ အနေများကြပြီး ၂၀၁၀ တွင် ကြွက်သိုက် ပေါင်း ၁၆၈၇ ခုကို တွေ့ရှိခဲ့ရာ ၂၀၀၉ ကထက် သုံးဆပိုများလာသည်ဟု စင်ကာပူ အမျိုးသားသဘာဝပတ်ဝန်းကျင် အေဂျင်စီမှ သတင်းထုတ်ပြန်လိုက်၏။



ဦးဦးသိန်း

***TST, 29.7.2013, Sunday Times, 28.7.2013, Star 21.9.2013***



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်ပြည်တွင်းစစ်ပွဲမှ

# ရေကြောင်းတိုက်ပွဲ

■ မောင်မောင်စန်းထွေး


အမေရိကန်ပြည်တွင်းစစ်ပွဲသည် ၁၈၆၀ နှစ်များအတွင်း စတင်ဖြစ်ပွားခဲ့ရာ ကုန်းတွင်းတိုက်ပွဲသာမကတော့ဘဲ ရေကြောင်းတိုက်ပွဲများလည်း ပါဝင်ခဲ့ရသည်။ ရေကြောင်းတိုက်ပွဲသည် အကြီးအကျယ် ဆင်နွှဲခဲ့သည့် တိုက်ပွဲဖြစ်ခဲ့သည်။ ထို့ကြောင့် အမေရိကန်ပြည်တွင်းစစ်ပွဲတွင် ရေကြောင်းတိုက်ပွဲများသည် အလွန်အရေးပါအရာရောက်ခဲ့၏။ ပြည်ထောင်စုဘက်မှ အောင်ပွဲခံနိုင်မှုသည် ရေတပ်မပါဘဲ မဖြစ်နိုင်။ တိုက်ပွဲအမြောက်အမြားသည် အမေရိကန်ပြည်ထောင်စု၏ ကမ်းရိုးတန်းနှင့် အလှမ်းမဝေးသည့် နေရာတွင် ဖြစ်ပွားခဲ့၏။ တိုက်ပွဲအချို့သည်သာ ကမ်းရိုးတန်းမှဝေးသည့် နိုင်ငံတကာရေပိုင်နက်အတွင်း ဖြစ်ပွားခဲ့၏။

အမေရိကန်ပြည်တွင်းစစ် စတင်ဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် သမ္မတ အာဘရာဟမ်လင်ကွန်းသည် အဓိကကျသော တောင်ပိုင်းဆိပ်ကမ်းမြို့များကို ပိတ်ဆို့ထားလိုသော ဆန္ဒရှိခဲ့၏။ အကြောင်းမှာ တောင်ပိုင်းမှ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြားတိုင်းပြည်များမှ စက်မှုထွက်ကုန်ပစ္စည်းများနှင့် ဖလှယ်ရောင်းဝယ်မှုမှ ကာကွယ်တားဆီးလိုခြင်းဖြစ်ခဲ့၏။ သမ္မတလင်ကွန်း၏ စီမံချက်သည် အလွန်ကောင်းပါ၏။ သို့သော် အဓိက အားနည်းချက်တစ်ချက် ရှိခဲ့၏။ ၎င်းမှာ ပြည်ထောင်စုရေတပ်သည် အလွန်သေးငယ်သေ ရေတပ်သာ ပိုင်ဆိုင်ခဲ့၏။ ခွဲထွက်ရေးသမားတို့၏ ပင်လယ်ကမ်းရိုးတန်းသည် ချေဆာပိတ်ပင်လယ်အော်မှ မက္ကဆီကို အထိ ကီလိုမီတာ ၅၆၀၀ ရှည်လျား၏။ ပြည်ထောင်စု ရေတပ်တွင် ထိုရှည်လျားသော ကမ်းရိုးတန်းကို ပိတ်ဆို့ရန် ရေတပ်သင်္ဘော အလုံအလောက် မရှိခဲ့။ ပြည်ထောင်စုက လိုအပ်သည့် သင်္ဘောအရေအတွက်ကို တည်ဆောက်မည် ဆိုလျှင်လည်း အချိန်များစွာကြာမည်။ ခွဲထွက်ရေးတို့တွင် ပြည်တွင်းစစ်ပွဲ စတင်ဖြစ်ပွားစဉ်က ရေတပ်မရှိခဲ့။ စ သင်္ဘောတည်ဆောက်ရန် ငွေအလုံအလောက် မရှိသည့်ပြ တည်ဆောက်မည့်စက်ရုံလည်း မရှိခဲ့။ သို့ရာတွင် မကြာ အချိန်အတွင်း ခွဲထွက်ရေးတို့အား ဗြိတိန်က ရေတပ်သင်္ဘော များ ပေးအပ်ခဲ့၏။ ထိုအခါ ပြည်ထောင်စုက ခွဲထွက်ရေး အား နောက်ထပ်စစ်သင်္ဘောများ မပေးရန် သံခင်းတမ ခင်းနည်းလမ်းဖြင့် ကန့်ကွက်ခဲ့၏။ ခွဲထွက်ရေးတို့ ပုဂ္ဂလိ



www.burmeseclassic.com

www.burmeseclassic.com



ခွဲထွက်ရေးတို့၏ ရေငုပ်သင်္ဘောပုံ

ပိုင်ရေယာဉ်များကို အမိဖြစ်၍ တောင်ပိုင်းမှ ထွက်ကုန်ပစ္စည်းများကို အသွင်းအထုတ်လုပ်ခဲ့၏။ ခွဲထွက်ရေးတို့က ပုဂ္ဂလိကပိုင် ရေယာဉ်အစီး ၂၀ တွင် ၎င်းတို့၏အလံ လွှင့်တင်ခဲ့၏။ စစ်ပွဲအစပိုင်းတွင် ခွဲထွက်ရေးတို့ဘက်က အောင်မြင်မှုအရှိဆုံး ဖြစ်ခဲ့၏။

၁၈၆၄ ခုနှစ်တွင် ခွဲထွက်ရေးတို့၏ စစ်သင်္ဘော ဖလော်ရီဒါသည် ဘရာဇီးဆိပ်ကမ်းတွင် အဖမ်းမခံရမီ ပြည်ထောင်စုရေတပ်သင်္ဘော အစီး ၃၀ ကျော်ကို လက်ရဖမ်းဆီးနိုင်ခဲ့၏။ ခွဲထွက်ရေးတို့၏သင်္ဘော အလာဘားမားကလည်း ပြည်ထောင်စုသင်္ဘော အစီး ၆၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့၏။ နောက်ပိုင်း၌ ၎င်းသင်္ဘောသည် ပြင်သစ်ကမ်းရိုးတန်းအလွန် ကီရာဆာ့ချ်တိုက်ပွဲတွင် ပြည်ထောင်စုစစ်သင်္ဘောလက်ချက်ဖြင့် နစ်မြုပ်ခဲ့၏။ ထို့ပြင် ရှန်နန်ဒိုအာသင်္ဘောသည် ပစိဖိတ်သမုဒ္ဒရာသို့ထွက်၍ ပြည်ထောင်စုသင်္ဘော အစီး ၄၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့၏။ အမေရိကန်ပြည်တွင်းစစ်ပွဲ ပြီးဆုံးသည့်အခါ ၎င်းရှန်နန်ဒိုအာသင်္ဘောကို အင်္ဂလန်နိုင်ငံ၊ လီဗာပူးတွင် သိမ်းဆည်းထားခဲ့၏။ အမေရိကန်ပြည်တွင်းစစ်ပွဲတွင် ခွဲထွက်ရေးတို့က အောင်မြင်မှုများ ရရှိခဲ့သလို ရေတပ်နည်းပညာအသစ်အဆန်းများလည်း ရရှိကြောင်း ဝင့်ကြွားခဲ့၏။ အပြောနှင့်အလုပ် ညီအောင် ခေတ်သစ်ရေငုပ်သင်္ဘောကို ပိုင်ဆိုင်ခဲ့၏။ ၎င်းရေငုပ်သင်္ဘောသည် အရှည် ၁၀ မီတာရှိပြီး ၎င်းကို စမ်းသပ်မောင်းနှင်စဉ်က လေးကြိမ်တိုင်တိုင် ရေထဲငုပ်လိုက်၊ ပြန်ပေါ်လိုက် လုပ်နိုင်ခဲ့၏။ ထို့ကြောင့် ရေကြောင်းတိုက်ပွဲတွင် အသုံးပြုခဲ့၏။ တစ်ညတွင် ခွဲထွက်ရေးတို့ ရေငုပ်သင်္ဘောက ၎င်းတို့ထက်ကြီးသော ပြည်ထောင်စုသင်္ဘောတစ်စီးကို တော်ပီဒိုဖြင့် ပစ်လိုက်ရာ ပြည်ထောင်စုသင်္ဘော နစ်မြုပ်ခဲ့၏။ သို့ရာတွင် တော်ပီဒိုပေါက်ကွဲမှုအရှိန်ပြင်းလွန်းသဖြင့် ၎င်းရေငုပ်သင်္ဘော အစိတ်အပိုင်းများ ပျက်စီးသွားခြင်းကြောင့် နစ်မြုပ်ခဲ့၏။ ခွဲထွက်ရေးတို့က အလွန်ထိရောက်မှုကောင်းသော ရေမြုပ်မိုင်း။ သို့မဟုတ် ရေအောက်ဖောက်ခွဲရေးပစ္စည်းကို သင်္ဘောဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားစဉ် ဖောက်ခွဲရန် တီထွင်ခဲ့၏။ ခွဲထွက်ရေးတို့က စစ်ပွဲအောင်မြင်မှုနှင့် နည်းပညာအသစ်အဆန်းများကို ရရှိစေကာမူ ပြည်ထောင်စုရေတပ်ကို ရပ်တန့်သွားအောင်မလုပ်နိုင်ခဲ့။ ပြည်ထောင်စုရေတပ်သည် ပို၍အင်အားကြီးမားပြီး အလျှင်အမြန် တိုးတက်လာခဲ့၏။ ပြည်တွင်းစစ်ပွဲ သုံးသမ

www.burmeseclassic.com

နှစ်နှစ်အတွင်း ပြည်ထောင်စုရေတပ်က တောင်ပိုင်းရှိ ဆိပ်ကမ်းအများအပြား သိမ်းပိုက်နိုင်ခဲ့၏။ ၎င်းဆိပ်ကမ်းများမှာ ဟတ်တာရာခံတပ်နှင့် ဂိုအာနက်ကျွန်း၊ မြောက်ကာရိုလိုင်းနား၊ ဖလော်ရီဒါတို့အပြင် အလွန်အရေးပါဆုံးဖြစ်သည့် နယူးအော်လီယံနှင့် လူဝီစင်းနားတို့လည်း ပါဝင်ခဲ့၏။ နယူးအော်လီယံသည် မစ္စစ္စပီမြစ်ဝတွင် တည်ရှိပြီး တောင်ပိုင်းတွင် အကြီးဆုံးဆိပ်ကမ်းမြို့ ဖြစ်၏။ ထို့ကြောင့် ၎င်းသည် စက်မှုဗဟိုဌာနတစ်ခု ဖြစ်လာပြီး ခွဲထွက်ရေးတပ်များအတွက် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ပေးခဲ့သော မြို့ဖြစ်ခဲ့၏။ ပြည်ထောင်စုတပ်များက နယူးအော်လီယံကို သိမ်းပိုက်နိုင်ခြင်းကြောင့် မစ္စစ္စပီမြစ်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့၏။

သမ္မတလင်ကွန်းသည် ရေတပ်အရာရှိဒေးဗစ်ဖာရာဂတ်ကို ရေတပ်ဦးစီးချုပ်ခန့်အပ်၍ နယူးအော်လီယံကို သိမ်းရန် တာဝန်ပေးခဲ့၏။ ဖာရာဂတ်၏ ရေတပ်သင်္ဘောများသည် နယူးအော်လီယံသို့ရောက်ရန် မစ္စစ္စပီမြို့ရှိ ခွဲထွက်ရေးတို့၏ ခံတပ်နှစ်ခုကို ဖြတ်ကျော်ရဦးမည်ဖြစ်ရာ ၎င်းဦးစီးသည့် ရေတပ်သည် ခွဲထွက်ရေးတပ်များကို ၆ ရက် ၆ ညတိုင်တိုင် တိုက်ခိုက်ပစ်ခတ်သော်လည်း ခံတပ်များ အလွန်ခိုင်ခံ့သဖြင့် အနည်းငယ်မျှသာ ပျက်စီးခဲ့၏။ ဖာရာဂတ်သည် ခံတပ်များ ကျသည်အထိ စောင့်ဆိုင်းမနေတော့ဘဲ ဆက်လက်ဆန်တက်ရန် ဆုံးဖြတ်ခဲ့၏။

ဖာရာဂတ်သည် မှောင်မိုက်သည့် ညတစ်ညတွင် ပြည်ထောင်စုရေတပ်သင်္ဘော ၁၇ စီးကို စီတန်းလျက် မြစ်အထက်ပိုင်းသို့ ဆန်၍ ချီတက်စေခဲ့၏။ ခွဲထွက်ရေးတပ်များက ပြည်ထောင်စုသင်္ဘောများ ချီတက်သံကို ကြားသဖြင့် စတင်တိုက်ခိုက်ခဲ့၏။ ခွဲထွက်ရေးတပ်များ ပစ်ခတ်မှုကြောင့် ပြည်ထောင်စုသင်္ဘောတစ်စီး နစ်မြုပ်ခဲ့ပြီး သုံးစီးသည် ဆိုးရွားစွာ ပျက်စီးသည့်အတွက် ရှေ့ဆက်၍ ဆန်မတက်နိုင်ခဲ့။ သို့ရာတွင် ဖာရာဂတ်၏ ကျန်သင်္ဘော ၁၃ စီးသည် ခွဲထွက်ရေးတို့၏ ခံတပ်များကို လုံခြုံဘေးကင်းစွာ ကျော်ဖြတ်နိုင်ခဲ့၏။ ဖာရာဂတ်စစ်သင်္ဘောများ နယူးအော်လီယံသို့ ရောက်သည့်အခါ ခွဲထွက်ရေးတပ်များက ခုခံတိုက်ခိုက်ခြင်းမပြုတော့ဘဲ ကစဉ့်ကလျား ထွက်ပြေးခဲ့ကြ၏။ ပြည်ထောင်စုရေတပ်ကို မခုခံနိုင်ကြောင်း သိရှိကြခြင်းကြောင့် ဖြစ်သည်။



ပြည်ထောင်စုရေတပ်ဦးစီးချုပ် ဒေးဗစ်ဖာရာဂတ်ပုံ

မြို့တော်နယူးအော်လီယံတွင် ခွဲထွက်ရေးတပ်များ မရှိတော့ဘဲ အရပ်သားများသာ ရှိခဲ့၏။ ဖာရာဂတ်သည် နယူးအော်လီယံကို သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲ သိမ်းပိုက်နိုင်ခဲ့၏။

ထို့နောက် ခွဲထွက်ရေးတို့၏အလံကို ဖြုတ်ချလိုက်ပြီး ပြည်ထောင်စုလံကို မြို့တော် အော်လီယံတွင် ဝင့်ကြွားစွာ လွှင့်ထူနိုင်ခဲ့၏။ ဖာရာဂတ် နယူးအော်လီယံကို မသိမ်းပိုက်မီ သီတင်းပတ်များစွာက ဗာဂျီးနီးယားပြည်နယ် ဟမ်တန်အပြင်ဘက်တွင် ရေတပ်သင်္ဘောအမျိုးအစားအသစ်ဖြင့် တိုက်ခိုက်ခဲ့ကြ၏။ ၎င်းတိုက်ပွဲတွင် အသံဖြင့် ကနဦးဆုံးတည်ဆောက်သည့် ရေတပ်သင်္ဘောမျိုး ဖြစ်၏။ ခွဲထွက်ရေးတို့ဘက်မှ ဗာဂျီးနီးယားအမည်ရှိ စစ်သင်္ဘောဖြစ်ပြီး ၎င်းသည် ပြည်ထောင်စုရေတပ်သင်္ဘော မယ်ရီမတ်ကို ဖမ်းဆီးရမိခဲ့၏။ ၎င်းသင်္ဘောမှ သိမ်းဆည်းရမိသည့် သံပစ္စည်းများဖြင့် သင်္ဘောတည်ဆောက်ခဲ့ခြင်း ဖြစ်၏။ ဗာဂျီးနီးယားသင်္ဘော

www.burmeseclassic.com

www.burmeseclassic.com

သည် ထိုစဉ်က အခြားစစ်သင်္ဘောများနှင့် မတူဘဲ ကမ္ဘာပေါ်တွင် တစ်မူထူးခြားသည့် သင်္ဘောဖြစ်ခဲ့၏။ ၎င်းသည် မီတာ ၈၀ ရှည်လျား၍ ရေစူးအထက်ပိုင်း ကိုယ်ထည်ကို စင်တီမီတာ ၆၀ အထူရှိ သစ်သားဖြင့် ဆောက်လုပ်လျက် ၁၀ စင်တီမီတာသံပြားဖြင့် ကွပ်ထားလေ၏။ သင်္ဘောကိုယ်ထည်တွင် လေဝင်ပေါက် ၁၀ ပေါက်ထားရှိ၍ လေဝင်ပေါက်တစ်ခုစီတွင် အမြောက်တစ်လက်စီ တပ်ဆင်လေ၏။ တိုက်ပွဲဖြစ်လျှင် လေဝင်ပေါက်များ ပွင့်လာပြီး အမြောက်ဆန်များဖြင့် ပတ်ခတ်လေ၏။ ပစ်ခတ်ပြီးသည်နှင့် လေဝင်ပေါက်များပြန်ပိတ်လေ၏။ ထို့ပြင် သင်္ဘောဦးပိုင်းတွင် အလွန်ချွန်ထက်သော သံချောင်းကို တပ်ဆင်ထားရာ ရန်သူသင်္ဘော၏ဘေးကို ဖောက်နိုင်စွမ်းရှိလေ၏။ ဗာဂျီးနီးယားသင်္ဘောသည် အမြန်နှုန်းမောင်းနှင်လှုပ်ရှားနိုင်ပြီး ရန်သူဘက်မှ ထိန်းချုပ်နိုင်ရန် မလွယ်ချေ။ သို့ရာတွင် ၎င်းသင်္ဘော တစ်ပတ်လှည့်ရန် မိနစ် ၃၀ ကြာလေ၏။ ဤကြောက်မက်ဖွယ်ကောင်းသည့် စစ်သင်္ဘောကြီးကို ထိန်းချုပ်နိုင်မည့်နည်းလမ်း မရှိသေးဟု ဆိုသည်။ ၎င်းသင်္ဘောက ပြည်ထောင်စုပိုင် သင်္ဘောနှစ်စီးကို ဖျက်စီးခဲ့၏။ ထို့ကြောင့် ၎င်းသင်္ဘော မကြာမီ ပြန်လာဖြစ်ရာ ၎င်းကို တိုက်ခိုက်ရန် ပြည်ထောင်စုဘက်မှ မော်နီတာအမည်ရှိ သင်္ဘောကို ရွေးချယ်ခဲ့၏။ မော်နီတာသင်္ဘောကိုလည်း ဗာဂျီးနီးယားသင်္ဘောလို သံပြားကွပ်ထား၏။ မော်နီတာသည် ဗာဂျီးနီးယားထက် သေးငယ်၏။ အမြောက်နှစ်လက်ကိုသာ တပ်ဆင်ထားပြီး ၎င်းအမြောက်များသည် ၃၆၀ ဒီဂရီလည်နိုင်ခဲ့၏။ ကြိုက်သည့်နေရာကို ချိန်နိုင်ခဲ့၏။ ၁၈၆၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် မော်နီတာနှင့် ဗာဂျီးနီးယားတို့ ရင်ဆိုင်တိုက်ခိုက်ကြလေ၏။ ၎င်းတိုက်ပွဲသည် အနီးကပ်တိုက်ပွဲ ဖြစ်လေ၏။

တိုက်ပွဲစတင်သည်နှင့် ခွဲထွက်ရေးသင်္ဘော ဗာဂျီးနီးယားမှ ပစ်လိုက်သော အမြောက်ဆန်သည် ပြည်ထောင်စုသင်္ဘော မော်နီတာ၏ သံထည်ကွပ်ထားသည့် ဘေးကို ထိမှန်ပြီး အမြောက်ဆန် နောက်ပြန်လည်ထွက်လာခဲ့၏။ ထိုအဖြစ်ကို မြင်တွေ့နေကြသည်။ ပြည်ထောင်စု သင်္ဘောသားများက ချီးကျူးထောမနာပြုခဲ့ကြ၏။ ဗာဂျီးနီးယားမှ ပစ်ခတ်လိုက်သော အမြောက်ဆန်သည် မော်နီတာသင်္ဘောကို ပျက်စီးသွားအောင် မလုပ်နိုင်ခဲ့။ ထိုနည်းတူ ပြည်ထောင်စုသင်္ဘောမော်နီတာ အမြောက်ဆန်ကလည်း ဗာဂျီးနီးယားကို ပျက်စီးအောင် မလုပ်နိုင်ကြောင်း သိလာခဲ့ကြ၏။

တိုက်ပွဲဖြစ်နေစဉ် သင်္ဘောနှစ်စီးစလုံးမှ သင်္ဘောသားများသည် သင်္ဘောဝမ်းဗိုက်အတွင်း ခိုအောင်းနေကြရသည့်အတွက် အသံဆူညံခြင်း၊ အလွန်ပူပြင်းခြင်းနှင့် မီးခိုးမွန်ခြင်းတို့ ခံစားခဲ့ကြရ၏။ ထို့ပြင် အမြောက်ပစ်ခတ်သံများ ကျယ်လောင်လွန်းသည့်အတွက် နားစည်ပါး(ear drum) များ ပျက်စီးခဲ့ရ၏။

တစ်ဖက်မှ ပစ်လိုက်သော အမြောက်ဆန်သည် သင်္ဘောသံပေါင်နှင့်ထိပြီး ပြန်လည်ထွက်အလာ သင်္ဘောသားတစ်ယောက်ကို ထိမှန်ခဲ့ရာ မေ့မြောခဲ့၏။ နောက်ပိုင်းတွင် သင်္ဘောသားများသည် ၎င်းဖြစ်ရပ်ကို သင်ခန်းစာယူ၍ အဝေးမှ ရှောင်နေခဲ့ကြ၏။

အမြောက်များ ပစ်ခတ်မှုကြောင့် ထွက်လာသော မီးခိုးများသည် အခင်းဖြစ်နေရာတစ်ခုလုံးကို ဖုံးလွှမ်းထားသည့်အတွက် ရေပေါ်တွင်မျောနေသော သင်္ဘောများ တစ်စီးနှင့်တစ်စီး မမြင်နိုင်ကြတော့။ တိုက်ပွဲသည် သုံးနာရီကြာသော်လည်း မည်သည့်ဘက်ကမျှ အကြီးအကျယ် ပျက်စီးမှုမဖြစ်ခဲ့။

ပြည်ထောင်စုတပ်များက ဗာဂျီးနီးယားရှိနေသည့် နော့ဖော့စ်ရှိ ခွဲထွက်ရေးတို့၏ ရေတပ်စခန်းဌာနချုပ်ကို သိမ်းပိုက်နိုင်ခဲ့၏။ ထို့နောက် ဗာဂျီးနီးယားသင်္ဘောသည် ပြည်ထောင်စုရေတပ်၏ လက်ချက်ဖြင့် နစ်မြုပ်သွားခဲ့၏။

ဟမ်တွန်ရွတ်၊ ဗာဂျီးနီးယားနှင့် မော်နီတာစစ်သင်္ဘောများ၏ ရေတပ်တိုက်ပွဲ၌ အမေရိကန်ပြည်တွင်းစစ်တိုက်ပွဲတွင် ထိရောက်မှုမရှိခဲ့။ သို့ရာတွင် ရေတပ်တိုက်ပွဲသည် အမေရိကန်ပြည်တွင်းစစ်၏ သမိုင်းတွင် ယခုတိုင် အရေးပါနေခဲ။ အကြောင်းမှာ ၎င်းရေတပ်တိုက်ပွဲတွင် ကမ္ဘာ့ရေတပ်များ၏ သစ်သားဖြင့် တည်ဆောက်သည့် သင်္ဘောများ ဆုံးခန်းတိုင်သွားခဲ့သည့် အမှတ်သင်္ကေတကို စတင်သည့်နေ့ပင် ဖြစ်လေတော့သည်။

မောင်မောင်စန်းထွေး

***REF:-*** AMERICAN MOSAIC



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း–ဦးအောင်သိန်း

ယခင်ဆောင်းပါးတွင် ပဲခူးမြို့ပေါ်က ကားနှင့် ဆိုင်ကယ်တိုက်ရာ ဆိုင်ကယ်စီးနင်းသောသူ သေဆုံးခဲ့သည့် အမှုတွင် ယာဉ်မောင်း၌ အပြစ်ရှိသည်ဟု သဘောသက်ရောက်သည့် ထွက်ဆိုချက်ပေးသော သက်သေများက တစ်ဖက်၊ အပြစ်မရှိပါဟု သဘောသက်ရောက်သည့် ထွက်ဆိုချက်ပေးသော သက်သေများက တစ်ဖက်၊ ဆန့်ကျင်ဘက် အုပ်စုနှစ်စု ရှိနေကြောင်း တင်ပြခဲ့ပါသည်။ အပြစ်မရှိပါဟု အမှုစစ်ရဲထံ သက်သေထွက်ဆိုချက်ပေးသူများကို ပြစ်မှုကြောင်းအရ တရားရုံးသို့ ဦးတိုက်တရားစွဲဆိုသော အမှုကို တရားရုံးချုပ်မှ ချေဖျက်ပေးခဲ့ကြောင်း တင်ပြခဲ့ပါသည်။

It is no offence, giving the false Evidence to the police. ရဲထံပေးသည့် ဖြောင့်ချက်မြောက်သော ထွက်ဆိုချက်များသည် သက်သေခံမဝင်ကြောင်း သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ အမှုစစ်ရဲမှ စုံစမ်းစစ်ဆေးသည့် သက်သေများသည် ထွက်ဆိုချက်ပေါ်တွင် လက်မှတ်ရေးထိုးမပေးရပါ။ အမှုစစ်ရဲ၏ ရဲလုပ်ငန်းတာဝန်မှာ အမှုကို ခိုင်မာစွာ တည်ဆောက်ရန်သာ ဖြစ်ပါသည်။ အချို့အမှုစစ်များက ကိုယ်ရေးအချက်အလက်လေး ရေးမှတ်ယူကာ အခင်းဖြစ်ပွားစဉ်က ရှိနေသူ တစ်ဦးတစ်ယောက်ကို စစ်ဆေးပြီး ကျန်သူများကို အသေအချာ မစစ်ဆေးတော့ဘဲ ကိုယ့်သဘောနှင့် ကိုယ် ရေးတတ်ကြပါသည်။ လူတစ်ဦးနှင့်တစ်ဦး မှတ်ဉာဏ်မတူညီပါ။ အကောင်းမြင်တတ်သူ၊ အဆိုးမြင်တတ်သူ စသည်ဖြင့် အမြင်လည်း မတူပါ။ တရားရုံးရှေ့ရောက်သည့်အခါတွင် ရဲထွက်ချက်နှင့် ရုံးရှေ့ထွက်ချက်များ ကွဲလွဲရပါတော့သည်။ သက်သေအမျိုးမျိုး ရှိပါသည်။ အမှန်အတိုင်း သိသည့်အတိုင်း ထွက်ဆိုတတ်သည့် သက်သေများရှိသလို အမှန်ကိုဖုံးကွယ်၍ ဘက်လိုက်ထွက်ဆိုတတ်သည့် သက်သေများလည်း ရှိတတ်ပါသည်။

အမှုစစ်ရဲ၏ တာဝန်မှာ အမှုကို ခိုင်မာအောင် တည်ဆောက်ရန်သာဖြစ်ရာ အကောင်းဆုံးထွက်ချက်ပေးသည့် အမာခံ သက်သေများဖြင့် တည်ဆောက်ရပေမည်။ တရားခံဘက် အသာပေးထွက်ဆိုချက်များရှိပါက ၎င်းတို့အား သက်သေအမည်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုရန်သာ ရှိပေသည်။

ယေဘုယျအားဖြင့် တရားမှုတမှု၊ ရာဇဝတ်မှုဟု နှစ်မျိုးသာ ရှိပါသည်။ တရားမမှုမှာ ရုံးတော်က ထုတ်နုတ်ထားသည့် ငြင်းချက်ပေါ်တွင်သာ အဓိကထား စစ်ဆေးရပါသည်။ ဤသို့မဟုတ်ပါက သက်သေထွက်ဆိုချက်များ ကျယ်ပြန့်ကာ ရှည်လျားပြီး အမှန်တရားဆုံးဖြတ်ရန် ခက်ခဲနိုင်ပါလိမ့်မည်။ သက်သေထွက်ဆိုချက်များနှင့် အထောက်အထားများကို ဥပဒေမှန်ဘီလူးဖြင့်ကြည့်ကာ ပို၍ခိုင်မာအောင် တင်ပြနိုင်သူကို အသာပေးဆုံးဖြတ်ရန်သာ ရှိပါသည်။ ရာဇဝတ်မှုတွင်ကား ထိုသို့မဟုတ်ပါ။ ဘောင်ခတ်ထားခြင်းမရှိပါ။ ဥပဒေမဲ့ဆောင်ရွက်နိုင်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဘယ်အကြောင်းအရာကိုသာ စစ်ဆေးမည်၊ ဘယ်ဟာ မစစ်ဆေးပါဟု ကန့်သတ်ထားမှုမရှိကိုသာ ဆိုလိုပါသည်။ သက်သေခံဥပဒေဖြင့် ကန့်သတ်ထားသည်တော့ ရှိပါသည်။ ဦးစလင်းအမြင်ပြောရလျှင် တရားမမှုမှာ ဥပဒေအရ ကျယ်ပြန့်သော်လည်း စစ်ဆေးရာ၌ လိုရင်းတိုရှင်း စစ်ဆေးခြင်းက ကောင်းမွန်သည်။ စစ်ဆေးရန် အကြောင်းအရာ ထုတ်နုတ်ထားပြီးဖြစ်၍ ရှည်ရှည်ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com

စစ်ရန်လည်း မလိုအပ်ပါ။ စစ်ရတာ လွယ်ကူသည်ဟု ယူဆပါသည်။ ရာဇဝတ်မှုက တရားမမှုနှင့် ယှဉ်လျှင် ဥပဒေပြဿနာနည်းသည်။ တရားမမှုလောက်လည်း မကျယ်ပြန့်ခြင်းကိုသာ ဆိုလိုပါသည်။ သက်သေခံဥပဒေဖြင့် ကန့်သတ်ထားသည် တော့ရှိပါသည်။ ဦးစလင်းအမြင်ပြောရလျှင် တရားမမှုမှာ ဥပဒေအရ ကျယ်ပြန့်သော်လည်း စစ်ဆေးရာ၌ လိုရင်းတို့ရှင်း စစ်မေးခြင်းက ကောင်းမွန်သည်။ စစ်ဆေးရန်အကြောင်းအရာ ထုတ်နုတ်ထားပြီးဖြစ်၍ ရှည်ရှည်ဝေးဝေး စစ်ရန်လည်း မလိုအပ်ပါ။ စစ်ရတာ လွယ်ကူသည်ဟု ယူဆပါသည်။ ရာဇဝတ်မှုက တရားမမှုနှင့်ယှဉ်လျှင် ဥပဒေပြဿနာနည်းသည်။ တရားမမှုလောက်လည်း မကျယ်ပြန့်။ သို့သော် စစ်ဆေးရသည့် အကြောင်းအရာက ကျယ်ပြန့်သည်။

ရှေ့နေပေါက်စ ငယ်နစဉ်က အဖြစ်အပျက်လေးကို သတိရမိသည်။ အကြောင်းအရာ ကျယ်ပြန့်သည့်အကြောင်း သိစေလို၍ ဖြစ်ပါသည်။ ဒိုက်ဦးမြို့နယ်တရားရုံးတွင် အဖွဲ့ဖြင့် တရားစီရင်သော မ・ဆ・လခေတ်က အမှုဖြစ်သည်။ ပြည့်တန်ဆာဥပဒေအရ အရေးယူသော အမှုဖြစ်သည်။ ကောင်မလေးက အသားညိုချောလေးဖြစ်သည်။ မျက်လုံး တောက်တောက်လေး၊ ချစ်စရာကောင်းပါသည်။ မျက်မှန်းလည်း တန်းမိနေသည်။ တရားသူကြီးတွေကလည်း ဒိုက်ဦးမြို့နယ်ထဲက အရပ်သားတွေဆိုတော့ ခင်မင်ရင်းနှီးနေသည်။ ကောင်မလေးက ညောင်လေးပင်မြို့ကတဲ့။

“ဦးစလင်း・・・ကူညီလိုက်စမ်းဦးဗျာ။ ခင်ဗျားတို့ တစ်မြို့တည်းသားတွေပဲ”

ငွေကြေးတစ်ပြားမှမရလည်း စွမ်းအားပြည့်သုံးတတ်သည့် ကိုတင်အုန်းကို ထပ်ဆင့်အကူအညီတောင်းရသည်။ အကျိုးဆောင်ပေးဖို့ပေါ့။

“သေနာ၊ မကောင်းကျောင်းပို့တော့လုပ်ပြီ”

“သူ့အပြင်ရောက်ရင် ခင်ဗျားအဆင်ပြေမှာပေါ့”

“တော်စမ်းပါ သာအေးရာ၊ ဘွာတေးမပါဘဲ・・ဟဲဟဲ”

ကိုတင်အုန်း အကျိုးဆောင်အဖြစ် လိုက်ပေးပါတယ်။ သက်သေစစ်တာလေး မှတ်မိသလောက် ဖောက်သည်ချပါမည်။

“ဖာသယ်・・・လိုက်・・・လိုက်ဆိုတဲ့ အသံကြားလို့ ထွက်ကြည့်တယ်ဆိုတော့ ထန်းခေါက်ဖာလား၊ နီးဖာလား၊ အသေအချာပြောနိုင်သလား”

ကိုတင်အုန်းက သက်သေကို မေးမြန်းခြင်းဖြစ်သည်။ သက်သေ အူကြောင်ကြောင်ဖြစ်သွားသည်။ စဉ်းစားနေသည်။

“တရားသူကြီးမင်းခင်ဗျာ・・・သက်သေချက်ချင်း မဖြေပါဘူး။ အဲဒါလေး မှတ်တမ်းတင်ပေးပါ” ကိုတင်အုန်း လျှောက်သည်။

“ဖြေလိုက်လေဗျာ” တရားသူကြီးက သတိပေးသည်။

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်မမြင်လိုက်လို့ အသေအချာ မပြောနိုင်ပါဘူး”

မှတ်မိနေတာကတော့ အဲဒီအမှုမှာ ကောင်မလေးကို အနိမ့်ဆုံးပြစ်ဒဏ် ချမှတ်ခြင်းပင် ဖြစ်သည်။ သက်သေစစ်ရတာ နယ်ကျယ်တယ်ဆိုတာ သိရုံမျှ တင်ပြခြင်း ဖြစ်ပါသည်။ ရာဇဝတ်မှုမှာ ဘဝအတွေ့အကြုံများဖို့ ဖြတ်ထိုးဉာဏ်ကွန့်မြူးဖို့ လိုအပ်ပါသည်။ အဲဒီနေရာမှာ ကိုတင်အုန်းတို့က ဦးစလင်းထက် သာတယ်ဆိုတာ ဝန်ခံပါတယ်။ အပြောလည်း သန့်ပါတယ်။ တရားရုံးနဲ့ ဆက်နွယ်တဲ့ ဝန်းကျင်ကလည်း ကိုတင်အုန်း ဖြတ်ထိုးဉာဏ်ကွန့်မြူးတာ တော်တယ်လို့ ဩဘာပေးပါတယ်။ ကိုတင်အုန်းနှင့် ပတ်သက်တာပြောနေလျှင် ဆုံးတော့မည်မဟုတ်။ ရာဇဝတ်မှု စစ်ဆေးရာတွင် နယ်ပယ်ကျယ်ဝန်းသည်ကို နမူနာအဖြစ် တင်ပြခြင်းသာ ဖြစ်ပါသည်။

ရာဇဝတ်မှုများ စစ်ဆေးရာတွင် သက်သေခံပစ္စည်းများ တွဲဖက်ပါဝင်လာတတ်ပါသည်။ တရားရုံးက သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရပါသည်။ ခိုးရာပါပစ္စည်း၊ ဓားပြတိုက်ရာပါပစ္စည်း စီမံခန့်ခွဲရာတွင် အခက်အခဲများရှိတတ်ပါသည်။ ခိုးရာပါ ရွှေထည်ပစ္စည်းကို ရွှေဆိုင်တစ်ဆိုင်သို့ ရောင်းလိုက်မည်။ ထိုဆိုင်မှရွှေကို သိမ်းမည်။ မူလပစ္စည်းအတိုင်းဖြစ်ငြား မူလပစ္စည်းကို အရည်ကျို၍ အောခဲထားသည့် ရွှေတုံးကိုဖြစ်စေ သိမ်းဆည်းရာတွင် ပြဿနာမရှိလှပါ။ ခိုးရာပါ၊ သို့မဟုတ် တိုက်ရာပါရွှေကို ရွှေဆိုင်က ရောင်းချပြီးဖြစ်၍ ရွှေအစားပေးလိုက်လျှင် ထိုရွှေသည် ခိုးရာပါပစ္စည်း၊ တိုက်ရာပါပစ္စည်းဟု ပြော၍ ရတော့မည်မဟုတ်။

ရွှေဆိုင်က ပစ္စည်းလည်း သိမ်းမည်။ ခိုးရာပါပစ္စည်း၊ တိုက်ရာပါပစ္စည်း ရောင်းချရာမှ ရသည့်ငွေဖြင့် ဝယ်ယူထားသည့် ပစ္စည်းများကို တရားခံများထံမှ သိမ်းဆည်းမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ထပ်ကွမ်း သိမ်းဆည်းရာ ကျရောက်နေ၍ တရားခံထံမှ ပစ္စည်းထပ်မံသိမ်းဆည်း၍ မရပါ။

၂၀၀၇ ခုနှစ်၊ တရားစီရင်ထုံး၊ စာမျက်နှာ ၃၀ ပါ ဇော်ကိုကိုနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ-၂ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ်သိမ်းဆည်းမှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပါမည်။ အမရပူရမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်-၁၆၂/၂၀၀၆ အမှု ဖြစ်ပါသည်။

အမှုဖြစ်စဉ်လေးကို တင်ပြပါမည်။ ခင်စန္ဒာပြည့်သည် ရတနာပုံတက္ကသိုလ်ကျောင်း စာသင်ခန်းမှ ၁၄.၂.၂၀၀၆ နေ့ ၁၂း၀၀ နာရီ ထွက်လာရာ လမ်းမပေါ်အရောက် မျိုးမျိုးနှင့် ဇော်ကိုကိုတို့ ဆိုင်ကယ်ဖြင့်ရောက်လာပြီး ကျူရှင်ဆရာမနှင့် မိတ်ဆက်ပေးမည်ဆိုကာ သိပ္ပံလမ်းရှိ အိမ်တစ်အိမ်သို့ ခေါ်ဆောင်သွားသည်။ ဇော်ကိုကိုသည် ခင်စန္ဒာပြည့်နှင့် မျိုးမျိုးတို့အား ထားခဲ့ကာ ဆိုင်ကယ်ဖြင့် ပြန်ထွက်သွားသည်။ မျိုးမျိုးက ခင်စန္ဒာပြည့်ကို အခန်းထဲခေါ်ဆောင်သွားပြီး သားမယားအဖြစ် ပြုကျင့်သည်။ ခင်စန္ဒာပြည့်က အတင်းအဓမ္မ ခိုးယူပေါင်းသင်းသူ မျိုးမျိုးနှင့် အားပေးသူ ဇော်ကိုကိုတို့နှစ်ဦးအား အရေးယူပေးရန် အမရပူရ ရဲစခန်းတွင် အမှုဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မျိုးမျိုးတိမ်းရှောင်နေသဖြင့် တရားခံပြေးမှုဖွင့်ထားသည်။ ဇော်ကိုကိုအား ပြစ်မှုပုဒ်မ-၃၆၆ (မြားယောင်းသွေးဆောင်ခေါ်ယူမှု)၊ ပြစ်မှုပုဒ်မ-၃၇၆/၁၁၄ (မုဒိမ်းမှုကျူးလွန်သူကို အားပေးကူညီမှု)တို့အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန် ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေရန် မှလမြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ပါသည်။ သက်သေခံပစ္စည်း ဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် စီမံခန့်ခွဲပါသည်။

နှစ်ဖက်လုံးက မြို့နယ်ရုံး၏ အမိန့်ကို မကျေနပ်၍ မန္တလေးတိုင်းရုံးသို့ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရာ နှစ်မှုလုံးကို ပလပ်လိုက်သည်။ ဇော်ကိုကိုက တရားရုံးချုပ်(မန္တလေးရုံးထိုင်)သို့ ထပ်မံ၍ ပြင်ဆင်မှုတင်သွင်းသည်။ ဇော်ကိုကိုအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ကာ အောက်ရုံးများ၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ သက်သေခံဆိုင်ကယ်နှင့်ပတ်သက်၍မူ အောက်ရုံးများ၏ အမိန့်များကို စွက်ဖက်ရန် စောလွန်းသေးသည်ဟုဆိုကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားခြင်းကို အတည်ပြုခဲ့သည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ သက်သေခံပစ္စည်းအပေါ် ချမှတ်သည့်အမိန့်ကို မကျေနပ်၍ ဇော်ကိုကိုက အယူခံဝင်ခွင့် လျှောက်ထားရာ "တရားခံဇော်ကိုကိုအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော်လည်း ၎င်းထံမှ သိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှုတခြင်း ရှိမရှိ" အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန် ခွင့်ပြုခဲ့ပါသည်။

ဇော်ကိုကို၏ ရှေ့နေမှ အမှုမှ အပြီးအပြတ်လွှတ်သည့်အတွက် ဇော်ကိုကိုထံမှ သိမ်းဆည်းသည့် ဆိုင်ကယ်ကိုလည်း အပ်နှံသူ ဇော်ကိုကိုသို့ ပြန်ပေးရန်ဖြစ်ကြောင်း၊ ဇော်ကိုကို အမည်ပေါက် ဆိုင်ကယ်ဖြစ်ကြောင်း၊ အဓိကတရားခံ တရားခံပြေး မျိုးမျိုးနှင့်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်နှင့်လည်းကောင်း ပိုဆိုင်ခွင့်အငြင်းပွားသည်ဟု မပေါ်ပေါက်ကြောင်း၊ တရားရုံးအဆင့်ဆင့်၏ သက်သေခံဆိုင်ကယ်နှင့် ပတ်သက်သည့်အမိန့်ကို ပယ်ဖျက်၍ ဇော်ကိုကိုသို့ ပေးအပ်သည့် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် အယူခံတရားခံ(၂)အတွက် ရှေ့နေတို့က သက်သေခံပစ္စည်း စီမံခန့်ခွဲသည့် အမိန့်များသည် တရားမျှတမှန်ကန်မှုရှိကြောင်း၊ အဓိကတရားခံ မျိုးမျိုး တရားခံပြေးမှုဖွင့်ထားရာ အမှုမှာ မပြီးပြတ်သေးကြောင်း၊ အယူခံတရားလိုသို့ သက်သေခံပစ္စည်းထုတ်ပေးရန်မှာ စောလွန်းနေကြောင်း လျှောက်ထားကြသည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်)က သုံးသပ်ရာတွင် ဇော်ကိုကိုသည် မျိုးမျိုး၊ ခင်စန္ဒာပြည့်တို့အား မျိုးမျိုးတို့အဆောင်သို့ ပို့ပေးခဲ့ကြောင်း၊ ခင်စန္ဒာပြည့်ကို ပြန်ပို့ရန် မျိုးမျိုးက ဇော်ကိုကို၏ ဆိုင်ကယ်ငှားခဲ့ကြောင်း၊ ဆိုင်ကယ်လာယူရန် ဖုန်းဖြင့်အကြောင်းကြား၍ ဇော်ဂျီအင်းတည်းခိုခန်းသို့ တာကိုကိုက ယူပြီး ဇော်ကိုကိုသို့ ပေးခဲ့ကြောင်း၊ ဇော်ကိုကိုနှင့် ပတ်သက်သော တရားလိုသက်သေ တင်ပြချက်များ၊ သက်သေခံချက်များ ခိုင်မာမှုမရှိကြောင်း၊ ထို့ကြောင့် အပြီးအပြတ်လွှတ်ကြောင်း ဆုံးဖြတ်ခြင်းဖြစ်သည်။

ဇော်ကိုကို ဆိုင်ကယ်ဖြင့် လိုက်ပို့ခြင်းသည် ပြစ်မှုကျူးလွန်ရန်အတွက် လိုက်ပါပို့ဆောင်ခြင်းမဟုတ်။ အချင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဆိုင်ကယ်သည် ဖြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့် ပစ္စည်းဖြစ်သည်ဟု မယူဆနိုင်။ ထို့ကြောင့် သက်သေခံ ဆိုင်ကယ်အား မူလအပ်နှံသူ ဇော်ကိုကိုသို့ ပေးအပ်ရန် အထူး အယူခံရုံးက ဆုံးဖြတ်ခဲ့ပါသည်။

အမှုမှ အပြီးအပြတ် လွှတ်ခြင်းခံရသူထံမှ သက်သေ ခံပစ္စည်းကို သိမ်းဆည်းခဲ့သဖြင့် ၎င်းသက်သေခံပစ္စည်းကို လက်ဝယ်ရထိုက်သူဖြစ်သည့် အားလျော်စွာ ၎င်းလက်ဝယ် သို့ ပေးအပ်ရမည်ဖြစ်ကြောင်း၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၃၂၅ ပါ စောရွှေညွှန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်(ဦးမြိုင်)အမှုတွင် လမ်းညွှန်ခဲ့ သည့် စီရင်ထုံးကို ကိုးကားဆုံးဖြတ်ခဲ့သည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်)က တရားခံကို အမှုမှ အပြီးအပြတ်လွှတ်ပြီး ၎င်းထံမှ သိမ်းဆည်းသည့် သက်သေခံ ဆိုင်ကယ်အား အပ်ပေးသူထံ ပြန်မပေးဘဲ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေသည့် အမိန့်သည် ဥပဒေနှင့် ညီညွတ် မှန်ကန်မှု မရှိပေ။

ဆက်လက်၍ ယခုတလော အများသူငါ အပြော များနေသော မြေကိစ္စတင်ပြလိုပါသည်။ လိုင်သာယာတွင် လယ်ယာသမားများထံမှ သိမ်းယူထားသောမြေများ ကုမ္ပဏီ ပိုင်မြေအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပိုင်မြေအဖြစ်လည်း ကောင်း ရှိနေပါသည်။ ဒေသခံများအပြော ဖြစ်ပါသည်။ နိုင်ငံ တော်မှ မြို့သစ်တိုးချဲ့ရာတွင် လယ်မြေသိမ်းမှုများ ရှိနိုင်ပါသည်။ လယ်ပိုင်ရှင်များကို နစ်နာကြေးသဘော ပေးတာရှိပါသည်။ ပေ ၄၀ × ပေ ၆၀ အကွက်များ၊ ပေ ၆၀ × ပေ ၆၀ အကွက်များ၊ ပေ ၈၀ × ပေ ၈၀ အကွက်များ ဖော်သကဲ့ သို့ မြို့တော်အိမ်ရာအတွက် ဧရိယာကျယ်သော မြေကွက် များလည်း ဖော်ထုတ်ပါသည်။ သိမ်းထားသည်က နှစ်ပေါင်း ကြာပြီ။ ထိုစဉ်က ကာလတန်ကြေးနှင့် ပေးခဲ့သော နစ်နာ ကြေးသည် မျှမျှတတ ရှိကောင်းရှိနိုင်ပါသည်။ ယခုလို မြေဈေး များ အဆမတန် မြင့်လာသောအခါ လူ့သဘာဝအတိုင်း လောဘသားပီပီ ထပ်မံလိုချင်လာသည်မှာ အပြစ်ဟုတော့ မဆိုသာပါ။ သို့သော် မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုဖွဲ့ ကျူးကျော် ဝင်ရောက် နေအိမ်ဆောက်လုပ်၍ သူထက်ငါ အပြိုင်အဆိုင် နေရာဝင်ယူသည့်အဖြစ်မျိုးတော့ မလုပ်သင့်ဟု ယူဆပါသည်။ မိမိ၏ အခွင့်အရေးအတွက် အောက်ခြေမှ စတင်အရေးဆို သင့်ပြီး၊ မအောင်မြင်လျှင် အထက်အဖွဲ့အစည်းအဆင့်ဆင့် သို့ တင်ပြအရေးဆိုသင့်ပါသည်။ လွှတ်လပ်သည်၊ ခွင့်ပြုချက် တောင်း၍ လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်နိုင်သည်ဆိုသော် လည်း ထစ်ခနဲရှိ ဆန္ဒဖော်ထုတ်၊ ထစ်ခနဲရှိ ဆန္ဒဖော်ထုတ် လုပ်နေလျှင် "ပေါင်လွန်းသည့်ခွေး လူမလေး" [ ] သွားနိုင် ပေသည်။ ဆိုရေးရှိက ဆိုတတ်စွ ဆိုသကဲ့သို့ မဖြစ်တော့ သည့်အဆုံးတွင်မှသာ ဆန္ဒဖော်ထုတ်သည့်အလုပ်ကို နောက် ဆုံးကျည်ဆန်သဘောမျိုးသာ အသုံးပြုသင့်သည်ဟု ယူဆပါ သည်။ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာန၊ ပြည်သူ့ရဲတို့ ပူးပေါင်း၍ အုပ်စုဖွဲ့ကျော်နင်းသူများကို ဖြေရှင်း ဆောင်ရွက်ပေးရကြောင်း သတင်းများတွင် ဖတ်ရပေသည်။

စာရေးသူနယ်မှာနေစဉ် ကျောက်တံခါးမြို့နယ်၊ ကျောင်းစိုးရွာက လယ်သမား ဒေါ်ကျင်သောင်း အမှုလိုက်ပါ ပေးခဲ့ရဖူးပါသည်။ ရ·ဝ·တ (ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့)က ဒေါ်ကျင်သောင်းမိသားစုကို အကြောင်း အမျိုးမျိုးရှာ၍ ဖိနှိပ်သည်။ ဒေါ်ကျင်သောင်း စီးပွားရေးမပြေ လည်တော့ လယ်တွေ၊ ကိုင်းတွေ ပေါင်သည်။ ဒေါ်ကျင် သောင်းအတွေးက ယူသည့်ငွေနှင့် ငွေရှင်လယ်တွေ၊ ကိုင်းတွေ လုပ်စားခွင့်ရနေတာ သုံးနှစ်တန်သည်၊ လေးနှစ်တန်သည်ဆို လျှင် တော်သင့်ပြီ၊ ကျေနပ်သင့်ပြီ။ ဆင်းရဲဒုက္ခခံနေရတာ ကြာတော့ သည်းမခံနိုင်၊ လယ်ထဲ၊ ကိုင်းထဲဝင် ထွန်ယက် စိုက်ပျိုးသည်။ နှစ်ဖက်အငြင်းပွားတော့ ရ·ဝ·တရုံးရောက် သည်။ ဒေါ်ကျင်သောင်းရှုံးသည်၊ အမိန့်မနာခံတော့ တရား စွဲသည်။ သီးစားဥပဒေ၊ ကျော်နင်းမှုတွေနဲ့ စွဲသည်။

အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သည့်အမိန့် မနာခံတိုင်း အာဏာဖီဆန်မှုဖြစ်သလား။ အမိန့်ထုတ်တိုင်း နာခံရမှာလား ဆိုသည့် ပြဿနာများ၊ သက်သေခံပစ္စည်း စီမံခန့်ခွဲမှုတွင် သိသင့်သော အချက်အလက်များကို နောက် ဆောင်းပါးများတွင် ဆက်လက်တင်ပြသွားမည်ဖြစ်ရာ စောင့် မျှော်ဖတ်ရှုကြစေလိုကြောင်း ကြိုတင်အမှာပါးလိုက်ရပေ သတည်း။

ကျန်းမာပျော်ရွှင်၊ စိတ်ကောင်းဝင်နိုင်ကြပါစေ။

**စလင်းဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com


သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ် ၏ နည်းစနစ်အတိုင်း ဟောသည်

ဒေါက်တာစောယုနွယ်

တကယ်သိုတော့…

ပုဗ္ဗိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို ပိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ ဘာစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

အမှတ် ၂၀၅/က)၊
ဝိဇ္ဇတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၅




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အောင်မြင်မယ့်အချိန် ဖြစ်ပါတယ်။ ဆန္ဒအတိုင်း အောင်မြင်ချင်သော ကိစ္စမှန်သမျှ ဉာဏ်၊ ဝီရိယ၊ လုံ့လ စိုက်ထုတ်ပြီး လက်တွေ့ ဆောင်ရွက်လျှင် လိုချင်သောကိစ္စအားလုံး အောင်မြင်မှာဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အိမ်ထောင်ပြုရင် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ မိမိပတ်ဝန်းကျင်မှာလည်း မိမိပြောဆိုသမျှ အရာရောက်နေမယ်။ အမွေဆိုင်ပစ္စည်း၊ မြေ ရောင်းဖို့ကြံရွယ်ထားရင် ခဏစောင့်လိုက်ပါ။ ငွေစုရ လွယ်နေမယ်။ အိမ်သစ်ဆောက်နိုင်၊ အိမ်ဝယ်နိုင်တဲ့ ကာလဖြစ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း၊ လတ်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဝန်ထမ်းများအဖို့ ရာထူးတစ်ဆင့်တိုးခြင်း၊ ရပိုင်ခွင့်တစ်ဆင့်တိုးတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ သွားရပါလိမ့်မယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ သူခိုးမျက်စိအကျခံရတတ်သော ကာလဖြစ်၍ သူခိုး,ခိုးခံရတတ်သောကြောင့် သတိထားပါ။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်ပုံ၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်မယ်။ မိသားစု အကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေးညံ့တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်တယ်။ ဆေးမှား အစာမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်း(၆)ညွှန့်၊ အုန်း(၆)ညွှန့်၊ ဖြူဟ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၃၊ ၆၄၊ ၄၁၊ ၄၆

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ၊ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်ပါတယ်။ ကိုယ်တိုင် ကားမောင်းခြင်း ဆင်ခြင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားအား ရွှေသက်န်း ဆက်ကပ်လှူဒါန်းပေးပါ။ လပြည့်နေ့တိုင်း ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်တယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ သားသမီးထဲမှာ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညှိုးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညှံ့သောရက်

အင်္ဂါ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၄၄၊ ၇၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကြံပန်းခိုင်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေလည်း ပျက်သွားတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှု ပေးတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီအချိန်မှာ သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ်ကြုံရပေမယ့် အောင်မြင်မှု ရပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးနှင့် ပတ်သက်၍ ကောင်းပါတယ်။ တယ်လီဖုန်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေလည်း ဆောင်ရွက်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထိကံကောင်းတဲ့ကာလဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လက်ရှိအလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်လာမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော် ကိုင်ဖက်မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ သူများ၏ အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ မိခင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ရေနှင့်နီးသောနေရာတွင် ချော်လဲ၍ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၃၅၊ ၃၉

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မလုပ်ပါနှင့်။ သူများကိုလည်း မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂယာနို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ကြုံရတတ်ပါတယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီး သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာ တတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာအသစ်တစ်ခု ရတတ်တယ်။ လုပ်ငန်းများ အောင်မြင် တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်ဘယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူ ပေါလိမ့်မယ်။ မိမိ ထက် မြင့်သူ နိမ့်သူ နှစ်ဦးစလုံးက ဒုက္ခပေးတတ်သောအချိန်ဖြစ်တယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျို့ရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၄၊ ၃၇၊ ၇၅၊ ၇၆

### အထူးသတိပြုရန်

အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။ ဖြစ်လျှင် မပြီးနိုင်ဘဲ ဖြစ်နေတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် ယောင်လည်လည် ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ စိတ်လေနေခြင်း၊ အရှုပ်အထွေး အသေးအမွှား အမှုအခင်းလေးတွေ ကြုံတွေ့ရတတ်ပါတယ်။ အမွေကိစ္စ၊ ခြံမြေ၊ အိမ်ငှား၊ မြေငှား၊ တရားမှုခင်းများ ကြုံနေရင်တော့ အနည်းငယ် နောက်ဆုတ်လိုက်ပါ။ စက်ပစ္စည်းတစ်ခု ဝင်လိမ့်မယ်။ စက်ရုံဆောက်ဖို့ကိစ္စလည်း မမျှော်လင့်ဘဲ စပ်တူလုပ်ရလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အဆက်အသွယ်ကောင်းတွေ ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတွေက အကူအညီ ပေးတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စတွေ ပေါ်လာတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးများလည်း မကြာခဏ သွားနေရတတ်ပါတယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်ရှိလာတတ်ပြီး ငွေလိမ်ခံရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့လည်း မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက် မျက်ခြင်း၊ ခါးနာခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကုက္ကား(၁၉)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၁၊ ၃၂၊ ၁၃၊ ၁၇

### အထူးသတိပြုရန်

ကားပွတ်တိုက်မိနိုင်သောကြောင့် တနင်္လာသားသမီး၊ ကြာသပတေးသားသမီးများနှင့် ပူးတွဲ၍ ကားနံပါတ်(၂၅)ပါသော ကားစီးမိပါက အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညနေ နေဝင်ရီတရောအချိန်တွင် လမ်းပေါ်ကခွေးများကို ငါးမြစ်ချင်းဟင်းနှင့် ထမင်းနယ်ပြီး ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အညံ့ထဲကနေ အကောင်းလေးတွေ ခံစားရမယ့် ကာလဖြစ်ပါတယ်။ ခရီးသွားဖို့ကိစ္စတွေလည်း ပေါ်လာတတ်တယ်။ ထိုခရီးစဉ်တွေကလည်း စိတ်ချမ်းသာစရာ ခရီးများ ဖြစ်နေတတ်တယ်။ ပြည်တွင်း ပြည်ပ ခရီးများ သွားရတတ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သလို လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းများ ရမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ ရင်းနှီးသူ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရခြင်း၊ စကားများ ဖြေရှင်းရခြင်းမျိုး ဖြစ်တတ်တယ်။ ဆွေမျိုးသားချင်း ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးအားနည်းခြင်း၊ ဒူးနာခြင်း၊ လက်ထုံခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၂၊ ၂၅

### အထူးသတိပြုရန်

ယခုကာလတွင် မည်သည့်နာရေးမှ မသွားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း(၈)ပန်းကန်(အုန်းသီးမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အညံ့ဆုံးကာလလို့ ပြောရမလို ဖြစ်နေပါတယ်။ လက်ရှိအလုပ်မှ တခြားကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ မပြောင်းပါနဲ့။ လက်ရှိအလုပ်က တော်သေးတယ်။ နောက်ပြောင်းမယ့်အလုပ်က သင့်ကို အကျိုးမပေးပါဘူး။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရခြင်း၊ ပြင်ဆင်ရခြင်းများ ပြုလုပ်ရတတ်တယ်။ ခရီးကောင်းတွေလည်း သွားနေရတတ်တယ်။ လူမျိုးခြားနဲ့ ပြောဆိုဆက်ဆံရာတွင် ဂရုစိုက်ပါ။ မအောင်မြင်တာ ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ပျက်တတ်တယ်။ ကိုယ်ကိုယ်တိုင်လည်း ဘာကိုမှ စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ ဝန်ထမ်းတွေအဖို့ ပစ်စာ၊ တိုင်စာတွေ လုပ်ခံရတတ်တယ်။ အမှုကိစ္စ ရင်ဆိုင်ရလျှင်လည်း ဒီကာလမှာ ရှောင်လိုက်ပါ။ ခရီးသွားတာကောင်းပေမယ့် ရေကြောင်းနဲ့ ကူးသန်းသွားလာ အရောင်းအဝယ်လုပ်ခြင်းကို ရှောင်ပါ။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လပါရင်တော့ ကျန်းမာရေးမှာ ဆေးရုံတက်ရလောက်တဲ့အထိ ဖြစ်တတ်တယ်။ ဆွေမျိုးသားချင်း အကြီးအကဲထဲမှ အင်္ဂါနံ၊ စနေနံ ပါတဲ့လူတွေ ဆေးလာကုရင် လက်မခံပါနှင့်။ ကျန်းမာရေး ပိုညံ့သွားတတ်တယ်။ သင့်ကျန်းမာရေးအနေဖြင့် နာတာရှည် ကူးစက်ရောဂါ ဖြစ်တတ်တယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းကို ရေခွေးပူလောင်ခြင်း၊ မီးဟပ်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက် တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင်သော်လည်းကောင်း၊ မျက်နှာချင်းဆိုင်တွင်သော်လည်းကောင်း ငါးကျည်းစူးမိလျှင်သော်လည်းကောင်း၊ ရေမြွေကို တွေ့လျှင်သော်လည်းကောင်း မကောင်းသော အတတ်ပညာဖြင့် ပြုစားခြင်း ခံရတတ်ပါတယ်။

ယခုကာလတွင် စပ်တူလုပ်ခြင်း၊ စာမေးပွဲ ဖြေဆိုခြင်းများကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်ပါတယ်။ အများနဲ့ ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူလုပ်ငန်းတွေ အောင်မြင်တဲ့ကာလ ဖြစ်ပါတယ်။ ဒီကာလဟာ အပျော်များရတဲ့ကာလ ဖြစ်ပါတယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ပူချစ်လူခင် ပေါများပါလိမ့်မယ်။ ဘုရား ဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ငွေရှာရ လွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် လက်ထဲမှာ ဒီအတိုင်းမထားပါနှင့်။ ရွှေဝယ်ထားလိုက်ပါ။ သင်သည် ယခုကာလတွင် ပျော်ရွှင်မှုများ၊ စန်းပွင့်မှုများ၊ စီးပွားရေး ကောင်းမွန်မှု များကြောင့် တင့်တယ်လှပပြီး အခြေအရံများတဲ့ ကာလဖြစ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှု ဖြစ်လာတတ်တယ်။ အစွပ်အစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ အပျို လူပျိုတွေ အဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြေ ထွက်တတ်တယ်။ ပြည်ပသင်္ဘောသားများအဖို့ ယခုကာလတွင် သင်္ဘောလိုက်နေခြင်းထက် သင်တန်းတက်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းမျိုး ပြုလုပ်ပါက ပို၍ကောင်းပါတယ်။ အနောက်မြောက် အရပ်နှင့် အရှေ့တောင်အရပ်များသို့ ခရီးမသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေအနှစ်ကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားခြင်း၊ အစားမှားခြင်း ဖြစ်တတ်တယ်။ သွေးထွက်သံယို ဖြစ်ခြင်း၊ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ ထန်းညွှန့်(၇)ညွှန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေ ရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၁၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဘောဂုဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com